
http://www.linhtet.com

www.linhtet.com



http://www.linhtet.com

စာအုပ်အမှတ် (၅၇)

QUALITY PUBLISHING HOUSE
အမှတ် ၅၆၊ ၅(ခ)လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်း
ဖုန်း – ၇၀၆၄၁၄

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး . . . . . . . . . .ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး . . .ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး . . . .ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

http://www.linhtet.com

# ပိယဒဿီ

## ပါရဂူ

http://www.linhtet.com

စာမူခွင့်ပြုချက်အမှတ် – ၂၂၀/၂၀၀၀(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၁၈/၂၀၀၁(၈)

❐

စီစဉ်သူ
**ကိုမြင့်ထွန်း**

❐

ပုံနှိပ်ခြင်း
တတိယအကြိမ် – (စက်တင်ဘာလ၊ ၂၀၀၁)
အုပ်ရေ – (၁၀၀၀)

❐

မျက်နှာဖုံးပန်းချီ – မောင်မောင်သိုက်
ကာလာခွဲ – ***Alpha***
အတွင်းဖလင် – ဇမ္ဗူအေး

❐

ပုံနှိပ်သူ
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈ လမ်း၊ ဗိုလ်တထောင်။

❐

ထုတ်ဝေသူ
ဦးသန်းဆွေ(၁၅၄၀၄)၊ စစ်သည်တော်စာပေ
၁၁၃၁/က ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း
ရန်ကုန်မြို့။

❐

တန်ဖိုး
**၈၀၀** ကျပ်

http://www.linhtet.com

# မာတိကာ


| | | |
|---|---|---|
| ၁ ။ | သားတော်အသောက | ၁ |
| ၂ ။ | အမှောင်နှင့်အလင်း | ၇ |
| ၃ ။ | မီးလျှံထဲကကြာ | ၁၆ |
| ၄ ။ | စစ်နှင့်ငြိမ်းချမ်းရေး | ၂၅ |
| ၅ ။ | အချစ်နှင့် ဇာတိမာန် | ၅၆ |
| ၆ ။ | ဘုရင်အသောကသည် သူဆင်းရဲလား | ၆၈ |
| ၇ ။ | ဘုရင်အသောကနှင့် ရှင်ဥပဂုတ္တ | ၇၅ |
| ၈ ။ | လုမ္ဗိနီ | ၈၃ |
| ၉ ။ | ကပိလဝတ် | ၉၀ |
| ၁၀ ။ | ဗောဓိမဏ္ဍိုင် | ၉၉ |
| ၁၁ ။ | မိဂဒါဝုန် | ၁၀၅ |
| ၁၂ ။ | ရာဇဂြိုဟ် | ၁၁၂ |
| ၁၃ ။ | သာဝတ္ထိ | ၁၂၅ |
| ၁၄ ။ | ဝေသာလီ | ၁၃၂ |
| ၁၅ ။ | ကောသမ္ဗီ | ၁၃၉ |
| ၁၆ ။ | နာလန္ဒာ | ၁၄၆ |
| ၁၇ ။ | သင်္ကဿနဂိုရ် | ၁၅၃ |
| ၁၈ ။ | ကုသိနာရုံ | ၁၅၈ |
| ၁၉ ။ | မောဂ္ဂလိ၏သားတော် | ၁၆၆ |
| ၂၀ ။ | သာသနာသန့်စင်ပွဲ | ၁၇၃ |
| ၂၁ ။ | လူ့ဦးခေါင်း | ၁၈၀ |
| ၂၂ ။ | ဗောဓိပင်ကို ငြိုးသူ | ၁၈၆ |
| ၂၃ ။ | မျက်လုံးအလှပိုင်ရှင် | ၁၉၂ |
| ၂၄ ။ | ညီတော်ချွတ်ခန်း | ၂၀၉ |
| ၂၅ ။ | တတိယသင်္ဂါယနာ၏ အသီးအပွင့် | ၂၂၀ |

http://www.linhtet.com


| | | |
|---|---|---|
| ၂၆။ | အသောက၏ စိတ်ကြိုက်သုတ္တန်များ | ၂၃၀ |
| ၂၇။ | အသောက၏အတ္တကထာ | ၂၄၇ |
| ၂၈။ | နေနှင့်လ မကွယ်သရွေ့ | ၂၅၄ |
| ၂၉။ | အသောက၏ဓမ္မ | ၂၆၀ |
| ၃၀။ | ဓမ္မဝိဇယ | ၂၆၈ |
| ၃၁။ | ဓမ္မအမတ် | ၂၇၅ |
| ၃၂။ | ရှင်မဟိန္ဒနှင့် လင်္ကာဒီပ | ၂၈၀ |
| ၃၃။ | ထေရီနှင့် ဒက္ခိဏာသာခါ | ၂၉၀ |
| ၃၄။ | ဒေဝီ | ၂၉၇ |
| ၃၅။ | ဆီးဖြူတစ်ခြမ်း | ၃၀၄ |

http://www.linhtet.com



## အမှာစာ

*"သမိုင်းစာမျက်နှာများတွင် နေရာအပြည့်ယူထားသည့် ဘုရင်ဧကရာဇ်ထောင်သောင်းများစွာထဲတွင် ဘုရင်အသောက၏အမည်နာမသည် တစ်လုံးတည်း ထွန်းတောက်နေသည့် ကြယ်တာရာနှင့် ပမာတူသည်"* ဟူ၍ အိပ်–ဂျီ–ဝဲလ်က ရေးသားထားသည်။ ဗုဒ္ဓစာပေပညာရှင် ရစ်ဒေးဗစ်ကလည်း *"ဗုဒ္ဓ တရားတော်ထွန်းကားပြန့်ပွားရာဒေသမှန်သမျှ၌ အသောက၏အမည်နာမသည် ထင်ရှားကျော်ကြားနေသည်။ ဗော်လဂါမှ ဂျပန်အထိ လည်းကောင်း၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံမှ မွန်ဂိုလီးယားနှင့် ဆိုက်ဗေရီးယားနယ်စပ်အထိ လည်းကောင်း၊ အသောကသည် လူအများ၏ကြည်ညိုလေးစားခြင်းကို ခံရသည်"* ဟူ၍ ဖော်ပြထားသည်။

မှန်သည်။ ရာဇဝင်သမိုင်းတွင် ထွန်းကားခဲ့သည့် ဘုရင်ဧကရာဇ်များအနက် ဘုရင်အသောကကို မသိသူ ရှိမည်မဟုတ်။ သို့သော်လည်း ဘုရင်အသောက၏ခေတ်မှာ နှစ်ပေါင်းနှစ်ထောင်ကျော်လာခဲ့ပြီဖြစ်၍ အသောက၏ ဇာစ်မြစ် အမှန်ကို ဧကန်ဧက သိဖို့ရန်မှာ မလွယ်တော့ပေ။ အသောကအကြောင်း ရေးသားပါရှိသည့် မဟာဝံသ၊ ဒီပဝံသ၊ ဒိဗျာဝဒါန၊ အသောကဝဒါန၊ ရာဇတရံ ဂိဏ္ဍိစသော ပါဠိသက္ကတကျမ်းစာများ ရှိကြသော်လည်း ယင်းကျမ်းများသည် တစ်ခုနှင့်တစ်ခု အဆိုအမိန့် ကွဲပြားခြားနားနေကြသည်ဖြစ်၍ အသောကအကြောင်း လေ့လာသောသမိုင်းသုတေသီအတွက် မျက်စိလည်စရာဖြစ်နေပေသည်။ မျက်စိလည်နေသော အသောကသမိုင်း သုတေသီကို ဖေးဖေးမမ လုပ်ပေးသောအရာများမှာကား အသောကကိုယ်တိုင် ရေးထိုးထား

http://www.linhtet.com



ခဲ့သည့် အသောက ကျောက်စာများဖြစ်ပေသည်။

အသောကအကြောင်း ရေးသားပါရှိသည့် ကျမ်းစာများကို တောင်ပိုင်းနှင့်မြောက်ပိုင်းဟူ၍ ခွဲခြားထားသည်။ ပါဠိဘာသာဖြင့် ရေးထားသည့် မဟာဝံသစသော သီဟိုဠ်ကျမ်းဂန်များကို တောင်ပိုင်းကျမ်းစာများဟုခေါ်၍ သက္ကတဘာသာဖြင့် ရေးသားထားသော ဒိဗျာဝဒါနစသောကျမ်းစာများကို မြောက်ပိုင်းကျမ်းစာများဟု ခေါ်သည်။ တောင်ပိုင်းကျမ်းစာများဖြစ်သော ဒီပဝံသနှင့်မဟာဝံသတို့၏ အဆိုအရ အသောက၏ခမည်းတော် ဗိန္ဒုသာရမင်းကြီး၌ မိဖုရား ၁၆ ယောက်၊ သားတော် ၁၀၁ ယောက် ရှိသည်။ သားတော် ၁၀၁ ယောက်အနက် သားတော်အကြီး သုမန (မြောက်ပိုင်းကျမ်းစာများအဆိုအရ သုသီမ)၊ အသောက၊ တိဿ (အသောက၏ မိတူ ဖတူညီ) သုံးယောက်ကိုသာ ဖော်ပြထားသည်။ မြောက်ပိုင်းကျမ်းစာများ၏အဆိုအရ အသောက၏မယ်တော်သည် စမ္ပာမှဗြာဟ္မဏတစ်ဦး၏အမီးအလှ သုဘဒြင်္ဂီဖြစ်သည်။ ဗိန္ဒုသာရမင်းကြီးသည် ယင်းမိဖုရားနှင့် ဝိဂတာသောက သို့မဟုတ် ဝီတာသောက အမည်ရှိ သားတော်တစ်ပါး ဖွားမြင်သေးသည်။ (ဝီတာသောကကို မဟာဝံသစသော တောင်ပိုင်းကျမ်းစာများ၌ တိဿဟုခေါ်သည်။) မဟာဝံသဋီကာ စသော တောင်ပိုင်းကျမ်းစာများအဆိုအရ အသောက၏မယ်တော်သည် အဂ္ဂမဟေသီမိဖုရားကြီး ဓမ္မာဖြစ်သည်။

ဘုရင်အသောက ထီးနန်းသိမ်းပိုက်ပုံနှင့် ပတ်သက်၍လည်း တောင်ပိုင်းနှင့်မြောက်ပိုင်းအယူအဆမတူကြပေ။ မဟာဝံသစသော တောင်ပိုင်းကျမ်းစာများက အသောကကို ညီနောင် ၉၉ ယောက်ကိုသတ်ပြီး နန်းတက်သည်ဟု ဆိုထားပြီး ယင်းရက်စက်မှုကြောင့် အသောကအား 'စဏ္ဍာသောက' ဟူ၍ပင် ခေါ်ဝေါ်သမုတ်ထားသည်။ မြောက်ပိုင်းကျမ်းစာတစ်ခုဖြစ်သော ဒိဗျာဝဒါန၌ကား ဘုရင်အသောကသည် ထီးနန်းရရေးအတွက် နောင်တော် သုသီမ သို့မဟုတ် သုမနတစ်ယောက်တည်းကိုသာ ရှင်းလင်းပစ်ရသည်ဟု ဆိုသည်။

အသောက၏ညီတော်ကို ပါဠိစာပေကျမ်းဂန်များ၌ တိဿဟုခေါ်ပြီး ဒိဗျာဝဒါန၌မူ ဝီတာသောကဟုခေါ်သည်။ တချို့ တရုတ်စာပေများ၌ သုဒတ္တဟူ၍လည်းကောင်း၊ သုဂါတရ ဟူ၍လည်းကောင်း ခေါ်သည်ဟု သိရှိရသည်။ ရှင်ဓမ္မပါလ၏ ထေရဂါထာ အဋ္ဌကထာ၌ကား တိဿနှင့် ဝီတာ သောကကို အသောက၏ညီတော်နှစ်ဦးအနေဖြင့် ပြဆိုထားသည်။ တရုတ် ခရီးသည် ရွှင်ကျန်တို့ကမူ မဟိန္ဒကို အသောက၏ညီတော်ဟူ၍ တစ်မျိုး ဆိုထားသည်။

http://www.linhtet.com

(ဂ)

ဘုရင်အသောကဏ်မိဖုရားများနှင့် ပတ်သက်၍လည်း ကျမ်းစာအဆိုအမိန့်များသည် တစ်ခုနှင့်တစ်ခု မတူကြပေ။ မဟာဝံသစသော ကျမ်းစာများအရ အသောကဏ်ပထမမိဖုရားမှာ ဝေဒိသဂိရိရှိ သူကြွယ်သမီး ဒေဝီ ဖြစ်သည်။ အသောကသည် ဥဇ္ဇေနီ၌ ဘုရင်ခံအဖြစ် တာဝန်ထမ်းနေစဉ် ဒေဝီနှင့် လက်ထပ် ထိမ်းမြားသည်။ မဟာဗောဓိဝံသကျမ်း၌ အသောကဏ်ပထမမိဖုရားကို ဒေဒိသမဟာဒေဝီ ဟူ၍လည်းကောင်း၊ သကျာနီ သို့မဟုတ် သကျကုမာရီ ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်ထားသည်။ ထိုမိဖုရားမှာ ဝိဋူဋျပဘေးရန်ကြောင့် တိမ်းရှောင်ထွက်ပြေးသွားကြသော သကျအမျိုးအနွယ်မှ မွေးဖွားသူဖြစ်ဏ်ဟူ၍ ထိုကျမ်းစာ၌ ဆိုထားသည်။ ဒေဝီမိဖုရားမှ သားတော်မဟိန္ဒနှင့်သမီးတော် သင်္ဃမိတ္တာ ဖွားမြင်သည်။ အသောကကျောက်စာအရ အသောကတွင် ကာရုဝါကီ အမည်ရှိ ဒုတိယမိဖုရားတစ်ပါးရှိကြောင်း သိရှိရသည်။ ယင်းမိဖုရားမှ တိဝရ အမည်ရှိ သားတော်တစ်ပါးဖွားမြင်သည်။

မဟာဝံသဏ်အဆိုအရ ဒေဝီသည် ဘုရင်အသောကနောက် ပါဋလိပုတ်သို့ လိုက်မသွားပေ။ ပါဋလိပုတ်တွင် မိဖုရားကြီး အသန္ဓိမိတ္တာရှိနေသောကြောင့် ဖြစ်သည်။ အသောကဏ် အခြားမိဖုရားတစ်ပါးဖြစ်သော ပဒမာဝတီဏ်အမည်နာမကိုမူ ဒိဗျာဝဒါန၌ တွေ့ရသည်။ ပဒမာဝတီသည် သားတော်ဓမ္မဝဒ္ဓနဏ်မယ်တော်ဖြစ်သည်။ ဓမ္မဝဒ္ဓနသည် နောက်ပိုင်း၌ကုနာလဟူ၍ အမည်တွင်လာသည်။ အသောကမင်းကြီးဏ်နောက်ဆုံး မိဖုရားဖြစ်သော တိဿရက္ခိတာကို ဖော်ပြရာ၌မူ မဟာဝံသနှင့် ဒိဗျာဝဒါနတို့ တူညီမှုရှိကြသည်။ သမ္ပတိ သည် ကုနာလဏ်သားတော် ဖြစ်ဏ်ဟူ၍ ဒိဗျာဝဒါန၌ ဆိုထားသည်။

ကသ္မီရသမိုင်းဖြစ်သော ရာဇတရံဂိဏီကျမ်းဏ်အဆိုအရ အသောကတွင် အခြားသားတော်တစ်ပါးရှိသေးကြောင်း သိရှိရသည်။ ယင်းသားတော်ဏ်အမည်မှာ ဇာလောကဖြစ်သည်။ ကျမ်းစာများနှင့် ကျောက်စာများ၌ပါသည့် အသောကဏ်ဆွေတော် မျိုးတော်စာရင်းကို ခြုံကြည့်လိုက်လျှင် အောက်ပါအတိုင်း သိရှိရသည်။

| | | |
|---|---|---|
| ခမည်းတော် | – | ဗိန္ဒုသာရ |
| မယ်တော် | – | သုဘဒြင်္ဂီ(မြောက်ပိုင်းကျမ်းစာများအရ)၊ ဓမ္မာ(တောင်ပိုင်း ကျမ်းစာများအရ) |
| နောင်တော် | – | သုမန သို့မဟုတ် သုသီမ(ဖတူမိကွဲနောင်တော်) |
| ညီတော် | – | တိဿ၊ တအူတုံဆင်း ညီအရင်း(မြောက်ပိုင်းကျမ်းစာ |

http://www.linhtet.com

(ဃ)

| | | |
|---|---|---|
| | | များအရ ဝီတာသောက)၊ မဟိန္ဒ (ရှင်ကျန်၏အလို အရ)၊ သုဒတ္တနှင့်သုဂါတရ(တရုတ်ကျမ်းစာအချို့၏ အဆိုအရ)၊ ဝီတာသောက(ထေရဂါထာအဋ္ဌကထာ အဆိုအရ) |
| မိဖုရား | – | ဒေဝီ(ဝေဒိသာ မဟာဒေဝီ သကျကုမာရီ)၊ ကာရုဝါကီ (ကျောက်စာအရ တိဝရ၏မယ်တော်၊ဒုတိယမိဖုရား)၊ အသန္ဓိမိတ္တာ(အဂ္ဂမဟေသီ)၊ ပဒမာဝတီ၊ တိဿ ရက္ခိတာ။ |
| သားတော် | – | မဟိန္ဒ(ဒေဝီ၏သားတော်)၊ တိဝရ(ကာရုဝါကီ၏သား တော်)၊ ကုနာလ(ပဒမာဝတီ၏သားတော်၊ ဒိဗျာဝဒါန နှင့်ဖာဟိယန်တို့ အဆိုအရ ဓမ္မဝဒ္ဒန ဟူ၍လည်းခေါ် သည်)၊ ဇာလောက(ရာဇတရံဂိဏီအဆိုအရ)။ |
| သမီးတော် | – | သဃ်မိတ္တာ(ဒေဝီ၏သမီးတော်)၊ စာရုမတီ။ |
| သားမက်တော် | – | အဂ္ဂိဗြဟ္မာ(သဃ်မိတ္တာ၏ကြင်ယာတော်)၊ ဒေဝပါလ ခတ္တိယ(စာရုမတီ၏ကြင်ယာတော်)။ |
| မြေးတော် | – | ဒသရထ (ဘုရင်ဖြစ်လာသူ)၊ သမ္ပတိ (ကုနာလ၏ သားတော်၊ သုမန (သဃ်မိတ္တာ၏သားတော်)။ |

အသောကအကြောင်း ရေးသားထားသည့် ကျမ်းစာများအရ အသောက၏ ဘဝတွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များ၏ ခုနှစ်ကိုလည်း အကျမ်းဖျင်းအားဖြင့် အောက်ပါအတိုင်း သိရှိရသည်။

| | | |
|---|---|---|
| ၃၀၄ ဘီစီ | – | အသောက မွေးဖွားသည်။ |
| ၂၈၆ ဘီစီ | – | ခမည်းတော် ဗိန္ဒုသာရက အသောကအား ဥဇ္ဇေနီသို့ ဘုရင်ခံအဖြစ် တာဝန်ထမ်းဆောင်ရန်စေလွှတ်သည်။ |
| ၂၈၆ ဘီစီ | – | ဝေဒိသာမှ ဒေဝီနှင့် လက်ထပ်သည်။ |
| ၂၈၄ ဘီစီ | – | သားတော်အကြီး မဟိန္ဒ မွေးဖွားသည်။ |
| ၂၈၂ ဘီစီ | – | သမီးတော်အကြီး သဃ်မိတ္တာ မွေးဖွားသည်။ |
| ၂၇၄ ဘီစီ | – | ၁။ ထီးနန်းလုပွဲ<br>၂။ နောင်တော် သုမန ကွယ်လွန်သည်။<br>၃။ ထီးနန်း သိမ်းပိုက်သည်။<br>၄။ နောင်တော် သုမန ၏ သားတော် နိဂြောဓ |

http://www.linhtet.com



မွေးဖွားသည်။

၂၇၀ ဘီစီ – အဘိသိက်ခံသည်။

၂၇၀–၂၆၆ ဘီစီ – ညီတော်တိဿ အိမ်ရှေ့စံဥပရာဇာ ဖြစ်လာသည်။

၂၇၀–၂၄၀ ဘီစီ – အသောကဧ၏အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်လာသော အသန္ဓိမိတ္တာနှင့် လက်ထပ်။

၂၆၈ ဘီစီ – သင်္ဃမိတ္တာနှင့် အဂ္ဂိဗြဟ္မာ လက်ထပ်သည်။

၂၆၇ ဘီစီ – သင်္ဃမိတ္တာ၏သားတော် သုမနဖွားမြင်သည်။

၂၆၆ ဘီစီ – ၁။ ခုနစ်နှစ်မျှသာရှိသေးသော နိဂြောဓသာမဏေက အသောကအား ချွတ်သည်။

၂။ ညီတော်တိဿအား အသောကက ချွတ်သည်။

၃။ မဟာဓမ္မရက္ခိတမထေရ်က တိဿအား ရဟန်းပြု ပေးသည်။

၄။ တူတော်လည်းဖြစ်၊ သားမက်တော်လည်းဖြစ်သော အဂ္ဂိဗြဟ္မာ ရဟန်းပြုသည်။

၅။ တိဿ၏နေရာ၌ မဟိန္ဒအား အိမ်ရှေ့အရာ အပ် နှင်းသည်။

၂၆၆–၂၆၂ ဘီစီ – ကျောင်းတိုက်များနှင့် စေတီပုထိုးများကို ဆောက်လုပ် တည်ထားသည်။

၂၆၄ ဘီစီ – ၁။ မဟိန္ဒ ရဟန်းပြုသည်။

၂။ သင်္ဃမိတ္တာ ရဟန်းပြုသည်။

၃။ အသောကသည် ပစ္စယ ဒါယကာ အဆင့်မှ သာသနဒါယဇ္ဇအဆင့်သို့ ရောက်ရှိသည်။

၂၆၃ ဘီစီ – ပဒမာဝတီမိဖုရားမှ ကုနာလသားတော်ကို မွေးဖွား သည်။

၂၆၂ ဘီစီ – တိဿရဟန်းနှင့်သုမိတ္တရဟန်း ပျံလွန်တော်မူသည်၊ သံဃာအတွင်း အရေးခြုံများအရေအတွက် များလာ သည်။ မောဂ္ဂလိပုတ္တတိဿ ရှောင်ထွက်သွားသည်။

၂၆၂–၂၅၄ ဘီစီ – မဟိန္ဒမထေရ်၏ ဦးဆောင်မှုအောက်၌ သံဃာများ စုစည်းမိကြသည်။ အသောကက မောဂ္ဂလိပုတ္တ တိဿမထေရ်ကို ပြန်ပင့်သည်။ အရေးခြုံများကို

http://www.linhtet.com



သံဃာတွင်းမှ ရှင်းပစ်သည်။

၂၆၀–၂၅၀ ဘီစီ – ဗုဒ္ဓဌာနများသို့ အသောက ဘုရားဖူးကြွရောက်သည်။ ဒိဗျာဝဒါန၏အဆိုအရ ရှင်ဥပဂုတ္တသည် အသောကကို ပထမဦးစွာ လုမ္ဗိနီသို့လည်းကောင်း၊ ထို့နောက် မဟာဗောဓိသို့လည်းကောင်း ခေါ်ဆောင်သွားသည်။

၂၅၃ ဘီစီ – မောဂ္ဂလိပုတ္တတိဿမထေရ်၏ဦးဆောင်မှုဖြင့်
တတိယ သင်္ဂါယနာ တင်သည်။ ကိုးတိုင်းကိုးဌာနသို့သာသနာပြု ရဟန်းတော်များကို စေလွှတ်သည်။

၂၅၂ ဘီစီ – မဟိန္ဒထေရ်သည် လင်္ကာဒီပသို့ သာသနာပြုအကြွတွင် ဝေဒိသာရှိ မယ်တော်ဒေဝီထံ ဝင်သည်။

၂၄၀ ဘီစီ – အဂ္ဂမဟေသီမိဖုရားကြီး အသန္ဓိမိတ္တာ ကံကုန်သည်။

၂၃၆ ဘီစီ – တိဿရက္ခိတာ မိဖုရားကြီး ဖြစ်လာသည်။

၂၃၅ ဘီစီ – တိဿရက္ခိတာသည် ဗောဓိပင်ကို အငြိုးကြီးငြိုးပြီး ပျက်စီးရာ ပျက်စီးကြောင်းကြံသည်။

၂၃၂ ဘီစီ – နန်းစံနှစ် သုံးဆယ့်ရှစ်နှစ်တွင် အသောက ကံတော်ကုန်သည်။

ဤစာအုပ်တွင် ဖော်ပြထားသည့်စာများမှာ အသောကအကြောင်း ရေးသားထားသည့် အထက်ပါသမိုင်းကျမ်းစာများနှင့် ကျောက်စာများကို အခြေခံ၍ ဝတ္ထုဆန်ဆန်ရေးသားဖော်ပြထားသည့်စာများ ဖြစ်ပေသည်။ အသောကအကြောင်းကို သမိုင်းဆန်ဆန်ရေးထားသည့် စာများမဟုတ်ပေ။ အထောက်အထား အကိုးအကား ကျမ်းစာများကို ဝတ္ထုအဆုံးတွင် ဖော်ပြထားပေသည်။

အသောက ကျောက်စာများပါဩပါသော *'ဒေဝါနံပိယောပိယဒဿီ'* မှ 'ပိယဒဿီ' ကိုယူလျက် ဤစာအုပ်၏အမည်ကို **'ပိယဒဿီ'** ဟူ၍မှည့်ခေါ်ထားသည်။

**ပါရဂူ**

၂၄–၃–၈၄

http://www.linhtet.com

www.linhtet.com

## သားတော် အသောက

အင်္ဂတိုင်းသည် တိုင်းကြီးဆယ့်ခြောက်တိုင်းထဲက တိုင်းတစ်တိုင်းဖြစ်သည်။ စမ္ပာမြို့၊ ဘဒ္ဒိယမြို့၊ အဿပုရမြို့၊ အာပဏမြို့တို့သည် အင်္ဂတိုင်းအတွင်းရှိ ထင်ရှားသော မြို့ကြီးများ ဖြစ်သည်။ စမ္ပာမြို့ကား အင်္ဂတိုင်း၏ မြို့တော်ဖြစ်သည်။ ဂင်္ဂါမြစ်၏တောင်ဘက် စမ္ပာမြစ်ကမ်း၌ တည်ရှိသည်။ ဗုဒ္ဓလက်ထက်တော်အခါက စမ္ပာမြို့အနီးရှိ ဂဂ္ဂရာ ရေကန်ကြီးသည် အလွန်တရာ မွှေးလျော်ကြည်နူးဖွယ်ကောင်းသဖြင့် ထင်ရှားကျော်ကြားလှပေသည်။ ဂဂ္ဂရာရေကန်ကြီး၏ ကန်ဘောင်ဘေး၌ စံကားဥယျာဉ်ကြီးတစ်ခုရှိသည်။ ယင်းဥယျာဉ်မှ ပန်းရနံ့များသည် ပတ်ဝန်းကျင်တစ်ခုလုံးတွင် ပျံ့နှံ့ကြိုင်သင်းနေသည်။ စံကားဥယျာဉ်ကြီး၌ စံကားပန်းငါးမျိုးရှိသည်။ ယင်းငါးမျိုးထဲက စံကားအဖြူမှာ ပို၍ထင်ပေါ်သည်။ စံကားပန်း(စမ္ပာ)ဥယျာဉ်ကြီးကို အစွဲပြု၍ ဥယျာဉ်အနီးရှိ မြို့သည်လည်း စမ္ပာမြို့ဟု အမည်တွင်နေခြင်းဖြစ်သည်။

မဂဓတိုင်း ပါဋလိပုတ်နေပြည်တော်၌ ဗိန္ဒုသာရဘုရင် ထီးနန်းစံနေသည့် အချိန်ကာလဖြစ်သည်။ ထိုအချိန်က အင်္ဂတိုင်းမှာ မဂဓတိုင်း၏ လက်အောက်ခံနိုင်ငံ ဖြစ်သည်။ အင်္ဂတိုင်း စမ္ပာမြို့၌ ဗြာဟ္မဏတစ်ဦးရှိသည်။ ထိုဗြာဟ္မဏ၌ ရုပ်ဆင်းသွင်ပြင် ကြန်အင်လက္ခဏာ အလွန်တရာ လှပသည့် သုဘဒြ်ဂီ အမည်ရှိ သမီးတစ်ယောက်ရှိသည်။ ထိုသမီး၏ ဇာတာကို ကြည့်ပြီး နက္ခတ်ဗေဒင်ဆရာများက ဗေဒင်ဟောကိန်းထုတ်ကြ၏။

Quality Publishing House

http://www.linhtet.com



"ဤမိန်းကလေးသည် တစ်နေ့သော အချိန်ကာလ၌ ဘုန်းလက်ရုံးနှင့် ပြည့်စုံသည့် ဘုရင်တစ်ပါး၏ ကြင်ယာမိဖုရားဖြစ်လိမ့်မည်။ ထိုမျှသာမက မိန်းကလေးတွင် သားရတနာနှစ်ပါးလည်း ထွန်းကားလိမ့်မည်။ ထိုသားတော်နှစ်ပါးအနက် တစ်ပါးမှာ ဘုရင်ဧကရာဇ်ဖြစ်လာလိမ့်မည်။ ကျန်တစ်ပါးမှာမူ သာသနာ့ဝန်ထမ်း ရှင်ရဟန်း ဖြစ်လာလိမ့်မည်"

ဗေဒင်ဆရာတို့၏ ဗေဒင်ဟောကိန်းကြောင့် ဖခင်ဗြာဟ္မဏကြီး အကျေနပ်ကြီး ကျေနပ်နေ၏။ မိမိ၏သမီး မိဖုရားဖြစ်မည်ဆိုသည်ကို အဘယ်မည်သော ဖခင်မကျေနပ်ဘဲ နေမည်နည်း။ မိမိ၏မြေး ဘုရင်ဧကရာဇ် ဖြစ်မည်ဆိုသည်ကို အဘယ်မည်သောအဘိုးသည် လက်ခမောင်းမခတ်ဘဲ ရှိချေမည်နည်း။ သို့သော် ဗေဒင်ဆရာဟောကိန်းရှိလင့်ကစား ကိုယ်တိုင်ထကြွလှုပ်ရှားမှု မရှိက ဖုတ်သွင်းရထားက အလိုလိုဆိုက်ရောက်လာလိမ့်မည် မဟုတ်ပေ။ ဗြာဟ္မဏကြီးသည် သူ့သမီး မိဖုရားဖြစ်ရေးလမ်းစကို ရှာရလေသည်။ သူ့သမီးကို ဝတ်စားတန်ဆာဆင်သပြီး မင်းနေပြည်တော် ပါဋလိပုတ်သို့ ခေါ်သွားလေသည်။ နန်းတော်တွင်းသို့ တနည်းနည်းနှင့်ရောက်အောင်ဝင်ပြီး သူ့သမီးကို ဗိန္ဒုသာရမင်းကြီးအား ဆက်လိုက်လေသည်။ သို့သော် ဘုရင့်နန်းတွင်းဆောင်၌ မိဖုရားများ၊ ကိုယ်လုပ်တော်များ၊ မောင်းမမိဿံများမှာ မှိုလိုပေါက်နေကြသည်။ ဗြာဟ္မဏကြီး၏သမီးမှာ မှိုပွင့်အရာအထောင်ထဲက တစ်ခုသော မှိုပွင့်မျှသာ ဖြစ်နေလေရာ ဗေဒင်ဆရာများ၏ဟောကိန်းမှာ အပြည့်အဝ မှန်ကန်သည့် အဆင့်သို့ ရောက်ရှိမလာသေးပေ။ သို့သော် ဗြာဟ္မဏကြီး၏ သမီးသည် မှိုပွင့်အရာအထောင်ထဲက မှိုပွင့်တစ်ပွင့်ဖြစ်သော်ငြားလည်း တခြားမှိုပွင့်များနှင့်တော့ မတူပေ။ ကားကားစွင့်စွင့်ပွင့်နေသည့် မှိုဖြစ်သည်။ သူ့ရုပ်ရည်သည် တခြားမောင်းမမိဿံများတွင် လွှမ်းနေ၏။ သူသည် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသည့် ကြယ်များထဲတွင် ဝင်းလက်တောက်ပနေသည့် ကြယ်တစ်ပွင့်ဖြစ်နေသည်။ ယင်းအချက်ကို တခြားမိဖုရား မောင်းမမိဿံများက အကဲခတ်မိကြသည်။

'မတော်လို့များ ဘုရင်မင်းကြီးက ဒီသူငယ်မကို တော်ကောက်လိုက်ပါက ဒီသူငယ်မ ရုပ်ရည်နဲ့ ဘုရင်မင်းတရားကြီး ငါတို့ဘက် လှည့်ကြည့်တော့မည်မဟုတ်'

ယင်းသို့ အတွေးပေါ်ပြီး မိဖုရားမောင်းမမိဿံများသည် အရုံအတားလုပ်ကြသည်။ နန်းတွင်း၌ သူတို့က ဝါရင့်နေသူများ ဖြစ်သည်။ ဝါရင့်သူသည်

http://www.linhtet.com



ဝါနသူကို အပေါ်စီးက ဖိတတ်ကြသည်။ ဗြာဟ္မဏသမီး မအူမလည်ကို သူတို့ နားလည့်ပါးလည့်နှင့် ဆတ္တာသည် အလုပ်သင်ပေးကြ၏။ ဆတ္တာသည် အလုပ်, လုပ်တတ်သောအခါ ဗြာဟ္မဏသမီးအား ဘုရင်မင်းတရားကြီး၏မုတ် ဆိတ်နှင့် ဆံပယ်သည့် အလုပ်ကို လုပ်စေကြ၏။ ဗြာဟ္မဏသမီးသည် ဘုရင် မင်းတရားကြီး၏ဆံပင်နှင့် မုတ်ဆိတ်ကို ရိတ်ပေးရ၏။ တစ်နေ့တွင် ဘုရင်မင်း ကြီးသည် ဗြာဟ္မဏသမီး၏ အပြုအမူကို သဘောကျသွားပြီး "လိုတာတောင်း စေ" ဟု အမိန့်ပေးလိုက်လေသည်။

"အရှင်မင်းကြီး၊ အကျွန်ုပ်တခြားအရာကို အလိုမရှိပါဘူး၊ အရှင်မင်း ကြီးရဲ့ ကြင်ဖက်မိဖုရားအဖြစ်ကိုသာ အလိုရှိပါတယ်"

ဘုရင်မင်းကြီး အကျပ်ရိုက်သွား၏။ သူ့အတတ်နှင့်သူ စူးနေပြီ။ ဗြာဟ္မဏသမီးအား သူလိုချင်သည့်အရာကို တောင်းစေဟု အမိန့်ပေးထား သည် မဟုတ်လား။ သို့သော် ဆင်ဝှေ့ရန်ရှောင် လုပ်နေသေးသည်။

"သင်က ဆတ္တာသည် အမျိုးအနွယ် မဟုတ်လား။ ငါက ခတ္တိယမျိုး မဟာသွေးမဟာနွယ်ဖြစ်တယ်။ ဘယ်လိုလုပ်သင့်ကို ငါကြင်ဖက် မိဖုရားတစ် ပါးအဖြစ် ရွေးချယ်လို့ ဖြစ်ပါ့မလဲ"

ဤတွင် အခွင့်သင့်သည်နှင့် ဗြာဟ္မဏသမီးသည် တခြားမိန်းမချင်း များ၏ အကောက်ဉာဏ်ကို ဖွင့်ဟလိုက်သည်။

"အကျွန်ုပ် ဆတ္တာသည် အမျိုးအနွယ် မဟုတ်ပါ။ ဗြာဟ္မဏတစ်ဦး ရဲ့သမီးဖြစ်ပါတယ်၊ အကျွန်ုပ်ရဲ့ဖခင် ဗြာဟ္မဏဟာ အကျွန်ုပ်ကို အရှင်မင်းကြီး ထံလာပြီး ဆက်ထားခြင်းဖြစ်ပါတယ်။ ဒါပေမယ့် တခြားမောင်းမမိဿံများက အကျွန်ုပ်ကို နှိမ်လိုတဲ့အတွက် ဆတ္တာသည် အလုပ်သင်ပေးပြီး ဆတ္တာသည် အလုပ်ခိုင်းထားခြင်း ဖြစ်ပါတယ်"

ဘုရင်မင်းကြီးသည် ဗြာဟ္မဏသမီးအား ကြင်နာသနားသွား လေ၏။ ဗြာဟ္မဏသမီး၏ အမျိုးအနွယ် သန့်စင်ခြင်းနှင့် ရုပ်ဆင်းအင်္ဂါပြေပြစ်ချော မောခြင်းတို့သည် ဘုရင်မင်းကြီး၏အကြင်နာစိတ်ကို ချစ်မေတ္တာအဖြစ် ပြောင်း လဲ ပေးလိုက်သည်။ ဗြာဟ္မဏသမီးသည် ဗိန္ဒုသာရမင်းကြီး၏မိဖုရားဖြစ်လာ လေသည်။ မိဖုရားတွင် ပထမ သားရတနာတစ်ဦး ဖွားမြင်လာသည်။ မွေးဖွား ချိန်၌ နာကျင်မှု စိုးရိမ်မှု ကင်းသဖြင့် သားတော်၏အမည်ကို 'အသောက'ဟု အမည်မှည့်ကြသည်။ ဒုတိယအကြိမ်တွင်လည်း သားရတနာကိုပင် ဖွားမြင် သည်။ ထိုသားရတနာ မွေးဖွားချိန်၌လည်း ပထမသားဦးကဲ့သို့ပင် နာကျင်မှု

http://www.linhtet.com



စိုးရိမ်မှု အလျှင်းမရှိပေ။ သို့ဖြစ်၍ ဒုတိယသားတော်၏ အမည်ကိုလည်း 'ဝီတာသောက' ဟု အမည်မှည့်ကြလေသည်။

ဗိန္ဒုသာရမင်းကြီးတွင် အသောက ညီအစ်ကိုနှစ်ဦးအပြင် သုသီမနှင့် အခြားသားတော်များလည်း ရှိသေးသည်။ မင်းကြီးသည် သားတော်ထဲက သားကြီးဖြစ်သူ သုသီမကို လိုလားသည်။ အသောကကိုမူ စိတ်ကြမ်း ကိုယ်ကြမ်း ရှိသည်ဖြစ်၍ မျက်နှာသာမပေးချင်လှ။ တစ်နေ့တွင် ဘုရင်မင်းကြီးသည် သူမျက်နှာလွှဲသွားသည့်အခါ သားတော်များထဲက ဘယ်သူ သူ့အရိုက်အရာကို ဆက်ခံမည်နည်းဟု သမားဟူးရားများအား စုံစမ်းမေးမြန်းကြည့်သည်။ သမားဟူးရားများက "အကောင်းဆုံးအစာအာဟာရကို စားပြီး၊ အကောင်းဆုံး အဝတ်ကို ဝတ်လျက် အကောင်းဆုံးနေရာတွင် ထိုင်သည့် သားသည် ဘုရင်ဖြစ်လိမ့်မည်" ဟု ဟောကိန်းထုတ်ကြသည်။ အမတ်ကြီးများက သမားဟူးရားများအား "အကောင်းဆုံးအစာအာဟာရ၊ အကောင်းဆုံးအဝတ်၊ အကောင်းဆုံးနေရာဟူသည်မှာ မည်သည့်အရာများ ဖြစ်သနည်း" ဟု တီးတိုးမေးကြည့်ကြ၏။ သမားဟူးရားများကလည်း တိုးတိုးတိတ်တိတ်ပင် ပြန်လည် ဖြေကြားသည်။

"အကောင်းဆုံး အစာအာဟာရ ဆိုသည်မှာ ထမင်းဖြစ်သည်။ အကောင်းဆုံး အဝတ်ဆိုသည်မှာ အဝတ်ကြမ်း အထည်ကြမ်း ဖြစ်သည်။ အကောင်းဆုံးနေရာဆိုသည်မှာ မြေကြီးကိုဆိုလိုသည်"

ယင်းဗေဒင်ကိန်းအရဆိုလျှင် သားတော် အသောကနှင့်ကိုက်ညီနေသည်။ အကြောင်းမူကား အသောကသည် ရိုးရိုးအစားအစာကို စားတတ်ပြီး ရိုးရိုးအဝတ်ကိုသာ ဝတ်တတ်သည်။ အခြားသားတော်များမှာမူ မင်းညီမင်းသားပီပီ ပွဲတော်အမျိုးမျိုးကိုတည်ပြီး ဝတ်လဲတော်ကို ထည်လဲနှင့်ဝတ်နေကြသူများဖြစ်ကြသည်။

ဘုရင်မင်းတရား၏ အရိုက်အရာခံနှင့်ပတ်သက်၍ ဘုရင်မင်းကြီးနှင့် အမတ်များသည် အယူအဆမတူကြပေ။ ဘုရင်မင်းကြီးက သားတော်အကြီး သုသီမကို သူမျက်နှာလွှဲသွားသည့်အခါ ထီးနန်းလွှဲအပ်လိုသည်။ ဘုရင်မင်းကြီး၏အယူအဆကို အမတ်ကြီးများက သဘောမကျကြပေ။ သားတော် သုသီမသည် ယခု သားတော်ဘဝကပင် သူတို့ကို မောက်မောက်မာမာ ဆက်ဆံသည်။ အကယ်၍ ထီးနန်းလက်ဝယ်ရှိပါက သူတို့ကို မျက်နှာသာပေးမည် မဟုတ်ဟု အမတ်ကြီးများက တွက်လေသည်။

http://www.linhtet.com



တစ်ချိန်တွင် မဂဓနိုင်ငံလက်အောက်ခံ တက္ကသီလာတိုင်းပြည်တွင် မဂဓဘုရင်ကို ပုန်ကန်ခြားနားမှုကြီး ဖြစ်ပွားပေါ်ပေါက်လာလေသည်။ ဘုရင်ဗိန္ဒုသာရသည် သူ့သားကြီး သုသီမအား သူပုန်သူကန်များကို နှိမ်နင်းရန် တက္ကသီလာတိုင်းပြည်သို့ စေလွှတ်လိုက်လေသည်။ ထိုအတွင်း ဗိန္ဒုသာရဘုရင်ကြီးသည် ရောင်တခင် နာမကျန်းဖြစ်လာလေ၏။ ဘုရင်မင်းကြီးသည် သူမကွယ်လွန်မီ သားတော်ကြီး သုသီမကို ထီးနန်းလွှဲအပ်သွားလိုသည်။

"အမတ်ကြီးများ . . . သားတော်သုသီမကို တက္ကသီလာက ပြန်ခေါ်ကြပါ။ သူ့ကို ကျုပ်မကွယ်လွန်မီ ထီးနန်းလွှဲအပ်သွားချင်တယ်။ တက္ကသီလာကို နှိမ်နင်းတိုက်ခိုက်ဖို့အတွက် သားတော်သုသီမ အစား သားတော်အသောကကို စေလွှတ်ကြပါ"

အမတ်ကြီးများက သားတော်အသောကကို ဘုရင်မင်းကြီး နာမကျန်းဖြစ်နေခိုက် ပါဋလိပုတ်ပြည်တော်၌သာ နေစေလိုကြသည်။ သို့ဖြစ်၍ ဘုရင်မင်းကြီးအား သားတော်အသောက မမာမကျန်းဖြစ်နေသည်ဟု လီဆယ်ပြီး လျှောက်ထားလိုက်ကြသည်။ ဘုရင်မင်းကြီး၏ရောဂါ အခြေအနေသည် တစ်စထက်တစ်စ ဆိုးလာသည်။ ဤတောင်ကကျော်နိုင်ဖို့ လမ်းမရှိတော့။ ဤတွင် အမတ်ကြီးများသည် သားတော်အသောကအား မင်းမြောက်တန်ဆာငါးပါးဆင်ပေးပြီး ဘုရင်မင်းကြီးထံမှောက် ခေါ်လာကြသည်။

"အရှင်မင်းကြီး၊ သားတော်အသောကကို ထီးနန်းယာယီလွှဲအပ်တော်မူပါ။ သားတော်သုသီမ တက္ကသီလာကပြန်လာတာနဲ့ တစ်ပြိုင်နက် သားတော်သုသီမကို ထီးနန်းလွှဲအပ်ဖို့ ကျွန်ုပ်တို့စီစဉ်ပါမယ်"

ဘုရင်မင်းကြီး စိတ်မသက်မသာ ဖြစ်သွားလေသည်။ အမတ်ကြီးများ၏ အကောက်ဉာဏ်ကို သိရှိရိပ်မိသွားသည်ဖြစ်၍ ရာဇမာန်ပွားတော်မူလေသည်။ သို့သော် ဘုရင်မင်းကြီးသည် မည်သို့မျှ မတတ်နိုင်တော့သည့်အခြေအနေတွင် ရောက်ရှိနေပြီ။ ရောဂါအခြေအနေ ဖောက်လာသဖြင့် မကြာမီကွယ်လွန်သွားလေသည်။

ပါဋလိပုတ်နေပြည်တော် ထီးနန်းသည် သားတော်အသောက လက်တွင်းရောက်ရှိနေပြီ။ အဝေးတွင်ရောက်နေသည့် သားတော်သုသီမသည် လက်မဲ့ဖြစ်သွားပြီ။ သုသီမသည် အခြေအနေအရပ်ရပ်ကို တက္ကသီလာမှ ကြားရလျှင်ကြားရချင်း ပါဋလိပုတ်သို့ အလျင်အမြန်ပြန်လာသည်။ သို့သော် လက်ရှိနှင့်လက်မဲ့ တူနိုင်ပါမည်လော။ လက်ရှိက တပန်းသာနေသည်။ အသောကနှင့်

http://www.linhtet.com



သူ့ဘက်သား အမတ်ကြီးများသည် နေပြည်တော်သို့ သုသီမ ရောက်လာသောအခါ သုသီမအား လက်ဦးအောင် သုတ်သင်ပစ်လိုက်ကြလေသည်။ အသောကသည် ခမည်းတော် ဗိန္ဒုသာရမင်းကြီးနောက်တွင် ပါဋလိပုတ်နေပြည်တော်ကို စိုးမိုးပိုင်သသည့် ရေမြေ နင်းပြည့်ရှင်မင်း ဖြစ်လာလေသည်။

[ *ဒိဗျာဝဒါနန္ဒ်ပါသော အသောကနှင့် သူငယ်ဘဝနှင့် နန်းရသည့်အထိ ဇာတ်ကွက်တစ်ခုကို အခြေခံသည်။ အသောက ကျောက်စာများမှ တစ်ပါး အသောက အကြောင်းရေးသားပါရှိသည့် စာများကား သမန္တပါဒိကာ၊ မဟာဝံသ၊ ဒီပဝံသ စသော ပါဠိစာပေများနှင့် ဒိဗျာဝဒါန၊ အသောကဝဒါန၊ ရာဇတရံ ဂိဏီစသော သက္ကတစာပေများ ဖြစ်သည်။ ဤဝတ္ထုကား သက္ကတစာပေ၌ ပါသောဇာတ်လမ်းကို အခြေခံသည့် ဝတ္ထုဖြစ်သည်။ မဟာဝံသ စသော ပါဠိစာပေ၌ အသောကသည် မိဖုရားဓမ္မာ၏သား ဖြစ်သည်။ မိဖုရား ဓမ္မာတွင် တိဿအမည်ရှိ အခြားသားတော် တစ်ပါးရှိသည်။ သက္ကတစာပေ၌ အသောက၏ညီတော်မှာ ဝီတာသောက ဖြစ်ပြီး ပါဠိစာပေ၌ တိဿဖြစ်သည်။ ဤဝတ္ထု၌ အသောကသည် နန်းရရေးအတွက် နောင်တော် သုသီမကိုသတ်သည်။ ပါဠိစာပေ၌ အသောကသည် နောင်တော်သုမနနှင့် ညီနောင် ကိုးကျိပ်ရှစ်ယောက်ကို သတ်သည်။ သက္ကတစာပေ၌ သုသီမသည် ပါဠိစာပေ၌ သုမနဖြစ်သည်။ တာနာထ၏ 'ဣန္ဒိယ ဗုဒ္ဓဘာသာ သမိုင်း'၌ အသောကသည် ညီတော်နောင်တော် ခြောက်ယောက်ကို သတ်သည်ဟု ဆိုသည်။ အသောကသည် ထီးနန်းရရေးအတွက် ညီတော် နောင်တော်ဘယ်နှစ် ယောက်ကို သတ်သနည်း ဟူသည်နှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး အယူအဆ မတူကြပေ။ အချို့က အသောက ညီနောင်အမြောက်အမြားကို သတ်သည်ဟူသော အယူအဆကို လက်မခံပေ။ အသောက ဘဝကို ပေါ်လွင်စေရန် ရှေ့ပိုင်းဘဝကို ရက်စက်သူ အသောကအဖြစ် ဖန်တီးပြခြင်းမျှသာဖြစ်၏ ဟုဆိုသည်။ အသောက ကျောက်စာများအရလည်း ညီတော် နောင်တော်များအပေါ် အသောက၏ငဲ့ညှာ ထောက်ထားမှုသာလျှင် ပေါ်လွင်နေသည်။* ]

❑

http://www.linhtet.com

## အမှောင်နှင့်အလင်း

ညဥ့်၏အဆုံး၌ နေ့ရောက်လာရသည်။ အပူချည်းလည်း ရှိမနေပေ။ အပူ၏တွဲဖက်အနေဖြင့် အအေးရှိနေသည်။ သုခ၏နောက်ခံအဖြည့် ဒုက္ခရှိနေသည်။ အဆိုးနောက်ခံမရှိက အကောင်းသည်ကြွမလာနိုင်ပေ။ အတိုရှိမှအရှည်၏ တိုင်းတာမှုဖြစ်နိုင်သည်။ အဝေး၏အကွာအဝေးကို အနီးဖြင့်သာ မှန်းဆနိုင်သည်။ အမှောင်မရှိပဲ အလင်းဖြစ်မလာနိုင်ပေ။ အနိမ့်ကို ထောက်၍ အမြင့်ဖြစ်လာသည်။

လူ့ဘဝ၌လည်း အကောင်းအဆိုးအတက်အကျ အလင်းအမှောင်ဟူ၍ ဆန့်ကျင်ဘက်သဘောတရားနှစ်ခု ဒွန်တွဲနေသည်။ မွေးကတည်းကစပြီး မြေပေါ်ခေါင်းချသည့်အထိ သူတော်ကောင်းစိတ် မွေးသွားသည့် ပုဂ္ဂိုလ်မျိုးမရှိမဟုတ်ပေ။ ယင်းကဲ့သို့သော ပုဂ္ဂိုလ်များအတွက်မူ အထူးပြောဖွယ်မလိုပေ။ သို့ရာတွင် ဘဝ၏တစ်စုံတစ်ခုသော ကာလအတွင်း၌ အဆိုးဖြင့်စာရင်းပိတ်ပြီး ယင်းအဆိုး၏နောက်ပိုင်း၌ အကောင်းပေါ်လာလျှင် ထိုသူ၏ဘဝသည်လည်း တန်ဖိုးရှိသည့်ဘဝဟုပင် ဆိုထိုက်သည်။ တစ်လျှောက်လုံးဆိုးလာသော်လည်း တစ်စုံတစ်ခုသောအချိန်ကာလ၌ သတိသံဝေဂရပြီး စိတ်ကောင်းမွေးမြူလျှင် ထိုသူ၏ဘဝ၌အမှောင်၏နောက်တွင် အလင်းရောင်ပေါ်လာသည်ဟုပင် ဆိုရမည်။

*

http://www.linhtet.com



"ဆူးပင်ကိုချန်ပြီး အပွင့်ပွင့်တဲ့အပင်၊ အသီးသီးတဲ့အပင်တွေကိုခုတ်လှဲပစ်စေ"

အသောကသည် ထီးနန်းလက်ဝယ် သိမ်းပိုက်ရရှိသည့်အချိန်မှစ၍ စိတ်ကြမ်းလူကြမ်းဖြစ်လာသည်။ ထစ်ခနဲရှိလျှင် ဓါးဆွဲတတ်သည်။ အမိန့်မနာခံသူများအားလည်း သေမင်းခံတွင်းထဲပို့ပစ်သည်။ သူ၏အသားအရေမှာလည်း ပျော့ပျော့ပျောင်းပျောင်းမရှိ၊ ထိလိုက်လျှင် သံတုံး သံခဲကဲ့သို့ မာကျောသည်။ သူ၏စိတ်နှင့်သူ၏ရုပ်သည် လိုက်ဖက်လှသည်။ နှစ်ခုစလုံးပင် တင်းမာခက်တရော်ရှိလှသည်။ အမိန့်ဥပဒေများကိုလည်း ဆန်းဆန်းကြယ်ကြယ် ထုတ်တတ်သည်။ ယခုလည်းကြည့်။ ဆန်းကြယ်သည့် အမိန့်ဥပဒေတစ်ခုကို ထုတ်ပြန်ပြီ။ ဖြစ်သင့်ဖြစ်ထိုက်သည်မှာ ဆူးပင်များကိုခုတ်ထွင်ရှင်းလင်းပြီး ပန်းပင် သီးစားပင်များကို ချန်ထားရပေမည်။ အခုတော့ သူ့အမိန့်ကတစ်မျိုး၊ ပန်းပင် သီးစားပင်များကိုခုတ်လှဲပြီး ဆူးပင်များကို ချန်ထားရမည်တဲ့။

"အရှင်မင်းကြီး၊ ခုတ်ထွင်ရှင်းလင်းပစ်ရမယ့်အရာမှာ ဆူးပင်များသာ ဖြစ်ပါတယ်။ ပန်းပင် သီးစားပင်များကိုတော့ မြေတောင်မြှောက်ပေးသင့်ပါတယ် ဘုရား"

ဘုရင့်အမတ်ကြီးများက အကျိုးသင့်အကြောင်းသင့် ပြန်လျှောက်ထားကြသည်။ အသောကဘုရင်သည် အမိန့်ကို ပြန်မရုပ်သိမ်းပေ။ ထပ်ပြီး အမိန့်ပေးသည်။ သုံးကြိမ်းသုံးခါတိတိ အမိန့်ပေးသည်။ အမတ်ကြီးများလည်း သုံးကြိမ်သုံးခါပင် စောဒကပြန်တက်ပြီး ဘုရင့်အမိန့်ကို မနာခံဘဲနေကြသည်။ ဤတွင် ဘုရင်အသောကသည် အမျက်မာန်ပွားပြီး အမတ်ကြီးများအား သူ့အမိန့်ကို မနာခံရကောင်းလားဟု သူကိုယ်တိုင်ပင် အဆုံးစီရင်ပစ်လိုက်သည်။

နွေဦးကာလ၏ တစ်နေ့သောအချိန်သမယဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခွင်၌ သစ်ပင်ပန်းပင်များ ဝေဆာနေသည်။ အချို့ သစ်ပင်များတွင် အပွင့်များ ကားကားစွင့်စွင့် ပွင့်နေကြပြီး အချို့သစ်ပင်များ၌ ရာသီအလိုက်သီးသည့် အသီးများဖြင့် ကိုင်းလုံးညွတ် ဖြစ်နေကြသည်။ ဘုရင်အသောကသည် နန်းတွင်းသူ မောင်းမမိသံများခြံရံလျက် နေပြည်တော်၏ရှေ့ခြမ်းရှိ ဥယျာဉ်တော်သို့ထွက်တော်မူသည်။ ဥယျာဉ်တွင်းရောက်သောအခါ ပင်လုံးကျွတ်အပွင့်များ ပွင့်နေသည့် အသောက(သော်က)ပင်ကို တွေ့မြင်ရလေ၏။ ဤတွင် သူစိတ်တစ်မျိုးပြောင်းသွားသည်။ ယခင်ထုတ်ထားသည့်အမိန့်ကို သူသတိမရတော့။

'ကြည့်စမ်း၊ ငါနှင့်အမည်တူဖြစ်သည့် ပန်းပင်တစ်ပင်လုံး ပွင့်လန်းဝေ

http://www.linhtet.com



ဆာနေသည်မှာ ကြည်နူးဖွယ်ကောင်းလေစွတကား"

ယင်းသို့စိတ်ကူးရပြီး အသောကပင်ကို ဦးညွှတ်လိုက်လေသည်။ ထို့နောက် ဘုရင်အသောကသည် ဥယျာဉ်ဆောင်အတွင်း၌ စည်းစိမ်ခံနေသည်။ သလွန်တစ်ခုပေါ်၌ လဲလျောင်းနေသည်။ မောင်းမမိဿံများက သူ့ကိုနှိပ်နယ်နေကြရသည်။ အသောကမင်းကြီး၏ ကိုယ်ကာယမှာ ကြမ်းတမ်းမာကျောလှသဖြင့် မောင်းမမိဿံများသည် စိတ်မပါ့တပါဖြင့်ပင် နှိပ်နယ်ပေးနေကြသည်။ အသောကမင်းကြီး မှေးစက်သွားသောအခါ မောင်းမမိဿံများသည် မင်းကြီး၏အပါးမှခွာခဲ့ပြီး ဥယျာဉ်တွင်းထွက်လာကြလေ၏။ ဥယျာဉ်တွင်း၌ ပင်လုံးကျွတ် ပွင့်လန်းဝေဆာနေသော အသောကပင်ကို တွေ့ရသည့်အခါ မောင်းမမိဿံများသည် အပင်ကိုခုတ်လှဲပြီး အပွင့်များကိုဖြန့်ကျဲထားလိုက်ကြလေ၏။ ဘုရင်အသောက စက်တော်ခေါ်ရာမှနိုးလာသည်။ ဥယျာဉ်တွင်း လှမ်းကြည့်လိုက်သောအခါ အသောကပင်လဲနေပြီး ပန်းပွင့်များမြေကြီးပေါ်ပြန့်ကျဲနေသည်ကို တွေ့ရသည်ဖြစ်၍ ထောင်းခနဲဒေါသထွက်သွားလေ၏။

"ဒီပန်းပင်ကို ဘယ်သူ ခုတ်ပစ်တာလဲ"

သူ့နန်းတွင်းသူ မောင်းမမိဿံများခုတ်လှဲ ပစ်ကြောင်း သိရသည့်အခါ အသောကဘုရင်သည် ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ တရားခံမောင်းမမိဿံများကို မီးလောင်တိုက်သွင်းပစ်လိုက်လေသည်။ ဘုရင်မင်းကြီး၏ ရက်စက်ကြမ်းကြုတ်သည့်အမူအရာများကို တစ်ခုပြီးတစ်ခုတွေ့ရသည့်အခါ ပြည်သူများက ဘုရင်အသောကအား 'စဏ္ဍာသောက' (ရက်စက်ကြမ်းကြုတ်သော အသောက) ဟု အမည်ပေးထားလိုက်ကြလေသည်။

အသောကမင်းကြီးအား လျှောက်ရဲတင်ရဲသော၊ အသောကမင်းကြီးကလည်း အထိုက်အလျောက် မျက်နှာသာပေးထားသော အမတ်ကြီးတစ်ဦးရှိသည်။ ထိုအမတ်ကြီးကား သူ့ကို နန်းတင်ရာ၌ပါဝင်သည့် ရာဓာဂုတ္တအမတ်ကြီးဖြစ်သည်။ ရာဓာဂုတ္တအမတ်ကြီးသည် ဘုရင်မင်းကြီး၏ရက်စက်ကြမ်းကြုတ်သော အပြုအမူများကို တွေ့ရဖန်များသောအခါ မနေသာတော့ဘဲ ဘုရင်မင်းကြီးအား အရဲစွန့်ပြီး လျှောက်တင်လေ၏။

"အရှင်မင်းကြီး၊ တရားခံများကို အရှင်မင်းကြီးကိုယ်တိုင် အဆုံးစီရင်နေသည်မှာ မသင့်လျော်လှပါ။ သေဒဏ်အပြစ်ပေးခံရတဲ့ တရားခံများကို ကွပ်မျက်ရန်အတွက် ပါးကွက်အာဏာသားများကို ခန့်ထားသင့်ပါတယ်။ သေဒဏ်အပြစ်ပေးခံရသူများကို ပါးကွက်အာဏာသားများမှတစ်ဆင့် အပြစ်ပေးသင့်ပါ

http://www.linhtet.com



တယ် ဘုရား"

အမတ်ကြီး၏လျှောက်တင်ချက်ကို ဘုရင်မင်းကြီးက သဘောတူပြီး တရားခံများကို ကွပ်မျက်သုတ်သင်သည့်တာဝန်ကို ထမ်းဆောင်ရမည့် ပါး ကွက်အာဏာသားတစ်ဦးရှာဖွေရန် အမတ်ကြီးအား တာဝန်ပေးလိုက်လေ သည်။

*

ပါဋလိပုတ်နေပြည်တော်နှင့် မနီးမဝေး၌ တောင်တစ်တောင်ရှိသည်။ ထိုတောင်ခြေ၌ ယက္ကန်းသည် လင်မယားရှိသည်။ ယက္ကန်းသည် လင်မယား တွင် ဂိရိကအမည်ရှိသော သားတစ်ယောက်ရှိသည်။ ဂိရိကသည် ဒေါသကြီး သည်။ ရက်စက်ကြမ်းကြုတ်သည်။ မိဘများကိုပင် ပြန်ရန်မူတတ်သည်။ လူ လူချင်း ရန်မဖြစ်ရသည့်အခါ မသတ်ပုတ် မရိုက်နှက်ရသည့်အခါ ဂိရိကသည် တိရစ္ဆာန်များကို ရိုက်နှက် သတ်ဖြတ်နေတတ်သည်။ သက်ရှိ တစ်စုံတစ်ဦးကို ရိုက်နှက်သတ်ဖြတ်နေရမှ သူနေသာ ထိုင်သာရှိသည်။ ပါးကွက်အာဏာသား အရှာထွက်လာကြသည့် မင်းချင်းများသည် ဂိရိက၏သတင်းကို ကြားရသည် ဖြစ်၍ ဂိရိကရှိရာသို့ လာကြသည်။ ဂိရိကတွင် ပါးကွက်အာဏာသား အရည် အချင်းအပြည့်ရှိသည်ကို တွေ့ရ၍ ဂိရိကအား ဘုရင်မင်းကြီးထံ ခေါ်ငင်သွား ကြသည်။

ဘုရင်မင်းကြီးထံရောက်သောအခါ ဘုရင်မင်းကြီးကလည်း ကျေနပ် သဘောကျပြီး ဂိရိကအား ပါးကွက်အာဏာသားအဖြစ် ခန့်ထားလိုက်လေ သည်။ ဂိရိကက ဘုရင်မင်းကြီးအား သူ့အတွက် အိမ်ဂေဟာတစ်ဆောင် ဆောက်လုပ်ပေးရန်၊ ထိုအိမ်ဂေဟာကို အကျဉ်းစခန်းအဖြစ် အသုံးပြုပြီး အိမ် တွင်းဝင်ရောက်လာသူမှန်သမျှအား တစ်ယောက်မကျန် ကွပ်မျက်သုတ်သင် ပစ်နိုင်သည့် အခွင့်အာဏာ သူ့ကိုပေးရန် တောင်းဆိုလေ၏။ ဘုရင်မင်းကြီး သည် ဂိရိက တောင်းဆိုသည့်အတိုင်း လိုက်လျောပြီး ဂိရိကအတွက် အိမ် ဂေဟာ တစ်ဆောင် ဆောက်လုပ်ပေးထား၏။ ယင်းအိမ်ဂေဟာကို 'လှပသော အကျဉ်းဂေဟာ'ဟု ခေါ်ကြသည်။ ဂိရိကသည် ထိုအကျဉ်းစခန်းတွင်းသို့ ရောက်လာသည့် တရားခံမှန်သမျှအား နည်းအမျိုးမျိုးဖြင့် ကွပ်မျက်သုတ်သင် ပစ်လေသည်။

http://www.linhtet.com



တစ်နေ့တွင် သမုဒ္ဒရာအမည်ရှိ သာမဏေတစ်ပါးသည် ဆွမ်းခံကြွလာယင်း အကျဉ်းစခန်းသို့ ရောက်လာသည်။ ထိုသာမဏေ၏ မိဘများမှာ သာဝတ္ထိသားများဖြစ်ကြသည်။ ကူးသန်းရောင်းဝယ်ရေးကိစ္စဖြင့် ပင်လယ်တွင်း သင်္ဘောဖြင့်သွားခိုက် မွေးဖွားသောကြောင့် သမုဒ္ဒရာဟု အမည်တွင်နေခြင်းဖြစ်သည်။ ဆွမ်းအလို့ငှာ အကျဉ်းစခန်းတွင်းဝင်မိသည်နှင့် တစ်ပြိုင်နက် အကျဉ်းစခန်း၏ အနိဋ္ဌာရုံများကို တွေ့ရသည့်အခါ သာမဏေသည် အပြင်ပြန်ထွက်သည်။ သို့သော် နောက်ကျသွားပြီ။ ဂိရိကက သာမဏေကို ဖမ်းချုပ်ထားလိုက်လေသည်။

"ဒါ အကျဉ်းစခန်းဆိုတာ မသိဘူးလား၊ ဒီအကျဉ်းစခန်းထဲရောက်လာတဲ့လူမှန်သမျှ အကွပ်မျက်ခံရတယ်၊ သင့်ကိုလဲ သတ်ရလိမ့်မယ်"

သာမဏေက ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

"ဘာဖြစ်လို့ ကလေးတစ်ယောက်လို ငိုနေရတာလဲ"

"ကျုပ်သေရမှာကြောက်လို့ ငိုနေတာမဟုတ်ဘူး၊ ကျုပ်နိဗ္ဗာန်မဂ်ဖိုလ်မရသေးခင် သေရမှာမို့ ငိုနေတာ။ ကျုပ် ရှင်ရဟန်းအဖြစ်ကို ရရှိနေတဲ့အတွက် အင်မတန် ပီတိဖြစ်နေရပါတယ်။ အခု ဒီပီတိကို လက်လွှတ်လိုက်ရတော့မယ်။ အသင့်ကို ကျုပ်တစ်ခုတောင်းပန်ပါရစေ။ ကျုပ်ကို တစ်လခွင့်ပေးပါ။ တစ်လစေ့တဲ့အခါကျမှ ကျုပ်ကိုသတ်ပါ"

ဂိရိကက သာမဏေ တောင်းပန်သည့်အတိုင်း တစ်လခွင့်မပေးဘဲ ရက်သတ္တတစ်ပတ်သာ ခွင့်ပေးလိုက်လေ၏။ သို့သော်လည်း သာမဏေသည် တစ်ပတ်ပြည့်လျှင် ငါသေရတော့မည်ဟု တွေးပြီးစိတ်ဂနာမငြိမ် ဖြစ်နေလေသည်။ ခုနစ်ရက်မြောက်သောအခါ အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။ နန်းတွင်းသူတစ်ဦးသည် သူ့ချစ်သူနန်းတွင်းသားတစ်ဦးနှင့် ဆိတ်ငြိမ်ရာ တစ်နေရာ၌ တိတ်တဆိတ် ချိန်းတွေ့ပြီး ချစ်တင်းနှီးနှောကြသည်။ ကံဆိုးချင်တော့ သူတို့နှစ်ဦးကို ဘုရင်မင်းကြီး တွေ့မြင်သွားသည်။ ဘုရင်မင်းကြီးက သူတို့နှစ်ဦးကို ပါးကွက်အာဏာသား ဂိရိကလက် အပ်လိုက်လေသည်။ ဂိရိကသည် ချစ်သူမောင်မယ်နှစ်ဦးအား သံဆုံထဲထည့်ပြီး သံကျည်ပွေ့ဖြင့်ထောင်းလိုက်ရာ အရိုးမှတစ်ပါး တခြား ဘာအစအနမှ မကျန်တော့ပေ။ သာမဏေသည် ယင်းမြင်ကွင်းကို မကြည့်ချင်မြင်လျက်သားဖြစ်နေသည်။ ယင်းမြင်ကွင်းသည် သာမဏေအား သတိသံဝေဂရစေလေသည်။

'လူ့ကိုယ်ခန္ဓာသည် မှော်ပင် ရေညှိပင်ပမာ ဘာအနှစ်သာရမှ မရှိပါ

http://www.linhtet.com



ကလား၊ မျက်နှာ၏အလှဆိုသည်မှာ ဘယ်မှာနည်း။ ကိုယ်ကာယ၏စွဲမက်စရာဟူသည်မှာ ဘယ်ဆီရောက်သွားပြီနည်း။ အန္ဓဗာလတို့ အကြည်ဆိုက်အပျော်ကြူးနေကြသည့် ဤကမ္ဘာလောကသည် ဆင်းရဲဒုက္ခအပြည့်ပါကလား။ သံသရာခရီးသည်တစ်ဦးဖြစ်သည့် ငါ့အား ယနေ့ ဤအကျဉ်းစခန်းက အသိဉာဏ်ဖွင့်ပေးလိုက်ပါကလား"

ယင်းသို့တွေပြီး တစ်ညဥ့်လုံး တရားရှုလေရာ သာမဏေသည် အရဟတ္တမဂ် အရဟတ္တဖိုလ် ရရှိသွားလေသည်။ သာမဏေ၏အတွင်းသန္တာန်၌လည်း အလင်းရောင်ပေါ်လာသည်။ အပြင်အပ၌လည်း အလင်းရောင် ထွက်ပြူလာသည်။ ဂိရိကက သာမဏေကို ပြောသည်။

"ညဥ့်ကုန်ဆုံးပြီး နံနက်ရောက်လာပြီ၊ နေလဲထွက်ပြူလာပြီ၊ သင်အသတ်ခံရမယ့် အချိန်ရောက်လာပြီ"

"ဟုတ်တယ်၊ ကျုပ်အတွက် အချိန်ကာလကြာမြင့်စွာ အမှောင်လွှမ်းနေတဲ့ညဥ့်ဟာ ကုန်ဆုံးသွားပြီ၊ ကျုပ်အတွက် အလွန်တရာတန်ဖိုးရှိလှတဲ့ အလင်းရောင်ကို ပေးတဲ့နေလဲ ပြူထွက်လာပြီ"

သာမဏေ၏စကားကို ဂိရိက နားမရှင်းပေ။

"သင်ပြောတာ ကျုပ်နားမလည်းဘူး၊ ထပ်ပြောပြပါ"

"ကျုပ်အပေါ်မှာ လွှမ်းနေတဲ့အကုသိုလ်အမိုက်မှောင် ပျောက်ကွယ်သွားပြီ။ ကျုပ်နှလုံးထဲမှာ အသိဉာဏ် အလင်းရောင်ပေါ်လာပြီ။ ကျုပ်သေရမှာ မကြောက်တော့။ သင်သတ်လိုက သတ်တော့ . . ."

ဂိရိကသည် သာမဏေအား ဆီပူအိုးထဲထည့်ပြီး သတ်ရန်အတွက် ဆီထည့်ထားသည့် သံဒယ်အိုးကြီးထဲ ထည့်လိုက်သည်။ ထင်းများကို မီးတို့သည်။ သို့သော် အကြိမ်ကြိမ် မီးတို့သော်လည်း ထင်းများ မီးမစွဲပေ။ ဂိရိကက တအံ့တသြဖြစ်ပြီး သံဒယ်အိုးကြီးထဲ လှမ်းကြည့်လိုက်သည်။ သာမဏေသည် သံဒယ်အိုးကြီးထဲတွင် တင်ပျဉ်ခွေထိုင်ပြီး တရားဘာဝနာရှုနေသည်။ ဂိရိကသည် အထိတ်တလန့်ဖြစ်ပြီး ထိုအကြောင်းခြင်းရာကို ဘုရင်မင်းကြီးထံ အမြန်သံတော်ဦးတင်လေ၏။ ဘုရင် အသောကသည် အကျဉ်းစခန်းဂေဟာသို့ လိုက်လာသည်။ အကျဉ်းစခန်း၏အံ့သြဖွယ်မြင်ကွင်းကို မြင်ရသည့်အသောက ဘုရင်မင်းကြီးလည်း အထိတ်တလန့် ဖြစ်သွားသည်။

"အသင် မည်သူနည်း။ အသင့်ကို ကျွန်ုပ်၏ပါးကွက်အာဏာသားက ယခုလို ပြစ်မှားသည့်အတွက် ကျွန်ုပ် တောင်းပန်ပါသည်။ ကျွန်ုပ်သည်

http://www.linhtet.com



အသင့်ကို မြင်လျှင်မြင်ချင်း လေးစားကြည်ညိုခြင်း ဖြစ်ရပါသည်"

"ကျွန်ုပ်သည် ဗုဒ္ဓသားတော်တစ်ဦး ဖြစ်သည်။ ကျွန်ုပ်သည် ငြိမ်းချမ်းမှုကို ပေးသနားတော်မူသည့် ဗုဒ္ဓရှင်တော်ဘုရားထံမှ ငြိမ်းချမ်းမှုကို ရရှိထားသူ ဖြစ်သည်။ ကျွန်ုပ်သည် သံသရာအနှောင်အဖွဲ့ကို ဖြတ်တောက်ပစ်သူ ဗုဒ္ဓရှင်တော်ဘုရား၏ ညွှန်ကြားချက်ကို လိုက်နာကျင့်ကြံသည်ဖြစ်၍ သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်လာသူ ဖြစ်သည်"

ပဒုမ္မာကြာပန်းသည် နေအရဏ်နှင့်တွေ့သဖြင့် ဖူးငုံနေရာမှ ပွင့်အာလာတော့မည်။ စိတ်ကြမ်းကိုယ်ကြမ်း အသောကဘုရင်သည် တရားအသံကြားရသဖြင့် အကျွတ်တရား ရတော့မည်။ ယင်းအချက်ကို သာမဏေသိသည်။ သို့ဖြစ်၍ ဆက်လက်အမိန့်ရှိသည်။

"အရှင်မင်းကြီး၊ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် 'ငါပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်းတစ်ရာ ကြာပြီးတဲ့အခါမှာ ပါဋလိပုတ်နေပြည်တော်၌ အသောကအမည်ရှိသည့် ဘုရင်ဇကရာဇ် မင်းပြုမည်။ ထိုမင်းသည် ငါ၏ဓာတ်တော်များကို ဌာပနာပြီး စေတီပုထိုးပေါင်းရှစ်သောင်းလေးထောင် တည်ထားကိုးကွယ်လိမ့်မည်' ဟု ဗျာဒိတ်တော် ပေးထားတော်မူခဲ့ သည်။ ယခု အသင်မင်းကြီး၏အပြုအမူမှာ ဗုဒ္ဓရှင်တော်ဘုရား၏ မိန့်မှာတော်မူ ချက်နှင့် ဖီလာဖြစ်နေသည်။ အရှင်မင်းကြီးသည် ငရဲခန်းနှင့်တူသည့် ဤအကျဉ်းစခန်းကို ဆောက်လုပ်ပြီး လူပေါင်းများစွာကို သတ်ဖြတ်နေသည်။ ယင်းအပြုအမူမှာ အမဲဖျက်သူများ၏အပြုအမူမျိုး ဖြစ်ပါသည်။ အရှင်မင်းကြီးနှင့် လားလားမှ မလျော်ပါ။ ဤအကျဉ်းစခန်းကို ဖြိုဖျက်ပစ်ပြီး တိုင်းသူပြည်သားများကို ရင်ဝယ်သားကဲ့သို့ ကာကွယ်စောင့်ရှောက်ပါ။ ဗုဒ္ဓ၏တရားအဆုံးအမကို နာယူပြီး သရဏဂုံ သုံးပါးကိုဆောက်တည်ပါ။ အရှင်မင်းကြီး၏ဘဝသည် သာယာဖြောင့်ဖြူးသောဘဝ ဖြစ်လာပါလိမ့်မည်"

အသောက ဘုရင်မင်းကြီးသည် ရုတ်ခြည်းပင် စိတ်ပြောင်းသွားလေသည်။ သူ၏ရက်စက်ကြမ်းတမ်းသောစိတ်သည် တဟုတ်ချင်းပင် သိမ်မွေ့ပျော့ပျောင်းလာလေသည်။ နေအရဏ် သင့်သဖြင့် ပဒုမ္မာကြာပွင့်သည် ကားကားစွင့်စွင့် ပွင့်သွားလေပြီ။ ဘုရင်မင်းကြီးသည် သာမဏေအား လက်အုပ်ချီ ရှိခိုးလိုက်လေ၏။

"အရှင်သူမြတ်ဘုရား၊ တပည့်တော်သည် ဘုရားကို ကိုးကွယ်ပါ၏။ တရားတော်မြတ်ကို ကိုးကွယ်ပါ၏။ သံဃာတော်မြတ်ကို ကိုးကွယ်ပါ၏။

http://www.linhtet.com



တပည့်တော်သည် ရတနာသုံးပါးကိုကိုးကွယ်ဆည်းကပ်သည့်အနေဖြင့် ဇမ္ဗူဒိပ်ကျွန်းအလုံးရှိ ပထဝီမြေအပြင်ကို စေတီပုထိုးများဖြင့် တန်ဆာဆင်ပါအံ့။ စေတီပုထိုးများသည် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်၌ ဟသ်ာင်္ဂုက်၏ တောင်ပံကဲ့သို့လည်းကောင်း၊ ပင်လယ်ခရုခွံကဲ့သို့လည်းကောင်း၊ သော်တာလမင်း၏အရောင်ကဲ့သို့လည်းကောင်း၊ တဝင်းဝင်းတလက်လက် တောက်ပြောင်ပေလိမ့်လတ္တံ့"

အသောကမင်းကြီးသည် သမုဒ္ဒရ ရှင်သာမဏေအားပင့်ပြီး အကျဉ်းစခန်းထဲမှ ထွက်မည်ပြုစဉ် ပါးကွက်အာဏာသား ဂိရိကသည် ဘုရင်မင်းကြီးနား ကပ်လာလေ၏။

"ဘာလျှောက်တင်ချင်လို့လဲ ဂိရိက"

ဘုရင်မင်းကြီးက ဂိရိက၏အမူအရာကိုကြည့်ပြီး မေးလိုက်လေသည်။

"အကျွန်ုပ်ကို အရှင်မင်းကြီး အမိန့်ပေးထားတယ် မဟုတ်လား။ ဒီအကျဉ်းစခန်းထဲ ရောက်လာသူမှန်သမျှ ဘယ်သူကိုမဆို သတ်စေဆိုတဲ့ အမိန့်လေ"

"ဘာလဲ . . . မင်းက ငါ့ကိုလဲ သတ်မလို့လား"

"မှန်ပါတယ် အရှင်မင်းကြီး"

အသောကဘုရင်သည် တစ်ချက်ရယ်ပြီး သူ့မင်းချင်းယောကျ်ားများအား လှည့်ကြည့်လိုက်လေသည်။ မင်းချင်းယောကျ်ားများသည် ဂိရိကအား ဖမ်းဆီးချုပ်နှောင် ခေါ်ငင်သွားကြသည်။ အသောကမင်းကြီးသည် ရှင်သာမဏေအား နန်းတော်သို့ပင့်သွားပြီး ပူဇော်ကန်တော့လေသည်။ မကြာမီ အချိန်အတွင်းမှာပင် ***လှပသော အကျဉ်းဂေဟာ*** အမည်ရှိ အကျဉ်းစခန်းကို ဖျက်ဆီးပစ်လိုက်လေသည်။

*

အသောကမင်းကြီး၏ 'စဏ္ဍာသောက' (ကြမ်းကြုတ်ရက်စက်သော အသောက) ဟူသော အမည်နာမသည် တစ်စတစ်စ မှေးမှိန်ပျောက်ကွယ်သွားသည်။ ယင်း၏နေရာတွင် 'ဓမ္မာသောက' (တရားသော အသောက) ဟူသော အမည်နာမသည် လည်းကောင်း၊ 'ပိယဒဿီ အသောက' (နတ်လူတို့ ကြည်ညိုမြတ်နိုးသော အသောက) ဟူသော အမည်နာမသည်လည်းကောင်း ရောက်လာသည်။

http://www.linhtet.com



ဘဝတစ်လျှောက်လုံး အလင်းချည်းဖြစ်နေဖို့ မလွယ်သော်လည်း အမှောင်ချည်းလည်း ဖြစ်မနေသင့်ပေ။ အခိုက်အတန့်အားဖြင့် အမှောင်တွင်း ရောက်နေစေကာမူ အလင်းရှိရာသို့ ရုန်းထွက်သင့်လေသည်။

အကယ်၍သာ အသောကမင်းကြီးသည် အမှောင်တွင်းမှ ရုန်းမထွက်လျှင် သမိုင်းက သူ့ကို 'စဏ္ဍာသောက' ဟူသော ဘွဲ့အမည်ထက်ကျော်လွန်ပြီး 'ဓမ္မာသောက' သို့မဟုတ် 'ပိယဒဿီ အသောက' ဟူသော ဘွဲ့အမည် ချီးမြှင့်လိမ့်မည် မဟုတ်ပေ။ ။

*[ ဒိဗျာဝဒါနန္ဒ်ပါသည့် ဇာတ်လမ်းတစ်ခုကို အခြေခံသည်။ ဤ၌လည်း အကြောင်းမလုံလောက်ဘဲနှင့် စိတ်လိုက်မာန်ပါ လူများစွာကို အသောကမင်းသတ်ပစ်သည်ဟု ဆိုထားသည်။ ယင်းမှာလည်း အသောက၏နောက်ပိုင်းဘဝ ဓမ္မာသောကအဖြစ် ပေါ်လွင်စေရန် ဖန်တီးထားသည့် ဇာတ်လမ်းမျှသာဖြစ်သည်ဟု ယူဆကြသည်။ အသောက ကျောက်စာပါ အချက်အလက်များနှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်သည်ဟု ထောက်ပြကြသည်။ ဤဝတ္ထု၌ အသောကမင်း အကျွတ်တရားရသည်မှာ သမုဒ္ဒရ ရှင်သာမဏေကြောင့်ဟု ဆိုထားသည်။ ပါဠိစာပေ၌ပါသည့် အကြောင်း အရာနှင့်မူကွဲလွဲနေသည်။ မဟာဝံသစသော ပါဠိစာပေများ၌ကား နောင်တော်သုမနနှင့် မိဖုရား သုမနဒေဝီတို့မှ ဖွားမြင်သော တူတော်ဖြစ်သူ နိဂြောဓသာမဏေ၏ တရားကို နာရသောကြောင့် အသောကမင်းကြီး အကျွတ်တရားရသွားသည်ဟု ဆိုထားသည်။ ယင်းအဆိုပြုချက်ကို အခြေခံထားသည့် ဝတ္ထုတစ်ပုဒ် ဤစာအုပ်တစ် နေရာ၌ ပါရှိသည်။]*

❑

http://www.linhtet.com

# မီးလျှံထဲကကြာ

( ၁ )

ဤအချိန် ဤနာရီကို ရင်တမမနှင့် စောင့်နေခဲ့ကြသည်။ ရင်တမမနှင့် သည်းထိတ်ရင်ဖို စောင့်နေခဲ့ရသည့် အချိန်နာရီရောက်လာပြီ။

ဗိန္ဒုသာရမင်းကြီး နာမကျန်းဖြစ်နေသည်မှာ ရက်လ အတန်ကြာ ကာလကပင် ဖြစ်သည်။ မောရိယနိုင်ငံတော်ကို ထူထောင်သည့် စန္ဒဂုတ်ဘုရင် မျက်နှာလွှဲသွားပြီးသည့်နောက်၌ မဂဓထီးနန်းကို သားတော် ဗိန္ဒုသာရက ဆက်ခံစိုးစံသည်။ ယခု ဗိန္ဒုသာရဘုရင်အတွက် မဂဓထီးနန်းကို စွန့်ခွာသွားရမည့် အချိန်ရောက်လာပြန်ပြီ။ မမာမကျန်းဖြစ်နေသည့် ဘုရင်မင်းကြီးသည် သည်တောင်က ကျော်နိုင်ဖို့ လမ်းမရှိတော့။

နန်းတော်တစ်ခုလုံး သောကမအေးဖြစ်နေကြသည်။ မှူးမတ်ကြီးများလည်း ပူပန်သောကရောက်နေကြသည်။ ဘုရင်မင်းကြီး အသည်းအသန်ဖြစ်နေသည်ဆိုသည့်သတင်းကို ပြည်သူ့နား ပေါက်ကြားမသွားစေရန် ပိတ်ဆို့ဖုံးဖိထားကြသည်။ သို့ရာတွင် သတင်းစကားဟူသည်မှာ ဖုံးလေ၊ ဖိလေ ပိတ်လေ ဆို့လေ အပေါက်ရှာထွက်တတ်လေဖြစ်သည်။ ပါဋလိပုတ် မြို့သူမြို့သားများနှင့် မဂဓတိုင်းသူပြည်သားများထဲတွင်လည်း ဘုရင်ကြီး နေ့လား ညလား ဆိုသည့် သတင်းသည်ပျံ့နေပြီ။ ယင်းသတင်းကြားရသူမှန်သမျှ မည်သူမှ ရတက်မအေးကြ။

ယင်းသို့ ရင်မ, နေကြသည့်အကြောင်းမှာ ဘုရင်ဗိန္ဒုသာရမင်းကြီးကို

http://www.linhtet.com



ကြည်ညိုလေးစားကြသည့်အကြောင်းတစ်ခုတည်းအတွက် သက်သက်မျှသာ မကပေ။ ဗိန္ဒုသာရမင်းကြီး မျက်နှာလွှဲသွားခဲ့သော် ထီးနန်းကို မည်သူဆက်ခံမည်နည်း။ ဗိန္ဒုသာရမင်းကြီးတွင် လောက်လောက်လားလား သားတော်ကြီးများရှိနေသည်။ ယင်းသားတော်များထဲက ထိုက်သူတစ်ဦးဦးကို အားလုံးသဘောတူ ရွေးကောက်ပြီး ဘုရင်မြှောက်ခဲ့သော် မထောင်းတာ။ သို့သော် ယင်းသို့ ဖြူးဖြူးဖြောင့်ဖြောင့် ဖြစ်လာဖို့ရန်မှာ မလွယ်ပေ။

ထီးနန်းကို သားတော်တိုင်းက မက်မောကြမည်။ သားတော်များကလည်း အားချင်းပြိုင်နေကြသည်။ ယင်းအခြေအနေတွင် ခမည်းတော် ဘုရင်မင်းကြီး မျက်နှာတိမ်းသွားခဲ့သော် သားတော်များ ထီးနန်းပြဿနာကို လက်နက်ဖြင့် ဖြေရှင်းပါက မဂဓနိုင်ငံတွင် သွေးချောင်းစီးမသွားနိုင်ပေဘူးလား။ မိမိတို့ပြဿနာကို မိမိတို့ချင်းရှင်းပါက တော်သေးသည်။ ထိုသို့မဟုတ်ဘဲ မြေဇာပင်ပါ ပါလာလျှင်ကား တိုင်းနိုင်ငံနာတော့မည်။ ယင်းသို့ နိုင်ငံအရေးကို လှမ်းမျှော်တွေးကြသည့်အတွက်ကြောင့်လည်း ဘုရင်ဗိန္ဒုသာရ နတ်ရွာစံမည့်အရေးအတွက် ရတက်မအေးဖြစ်နေကြခြင်း ဖြစ်လေသည်။

သို့သော် ပါဋလိပုတ် နန်းတော်တစ်ခုလုံးနှင့် မဂဓတစ်တိုင်းတစ်ပြည်လုံး ကြိမ်မီးအုံးကဲ့သို့ ပူပန်စိုးရိမ်နေရသည့် အချိန်နာရီမှာ ရှောင်လွှဲ၍ရသည့်အချိန်နာရီ မဟုတ်ပေ။ အပြီးသတ်၌မူ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည်သာဖြစ်သည်။ ဗိန္ဒုသာရဘုရင် ကံတော်ကုန်သွားပြီ။ ပါဋလိပုတ်ထီးနန်းအရှင်မဲ့သခင်မဲ့ ဖြစ်သွားပြီ။ နန်းတော်တစ်ခုလုံးနှင့်မဂဓတစ်နိုင်ငံလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြပြီ။ ထီးနန်းကို ကံသူများလည်း အလျှိုအလျှို ပေါ်လာကြသည်။

ဤတွင် သားတော် အသောကက အပေါ်စီးရသွားသည်။ အမှန်စင်စစ် သားတော် အသောကသည် ပါဋလိပုတ်နှင့် ဝေးနေသည်မှာ ကြာပြီ။ သူ့ကို ခမည်းတော် ဗိန္ဒုသာရမင်းကြီးက အဝန္တိတိုင်း၊ ဥဇ္ဇေနီမြို့ကို အပိုင်စားပေးထားသည်ဖြစ်၍ ဥဇ္ဇေနီတွင် သွားနေသည်မှာ နှစ်နှင့်ချီရှိနေပြီ။ ယခုမှ ခမည်းတော် ဘုရင်မင်းကြီး နာမကျန်းဖြစ်နေသည်ဆိုသည့် သတင်းစကားရရှိ၍ နေပြည်တော်သို့လာပြီး ခမည်းတော်ဘုရင်မင်းကြီးကို ပြုစုနေခြင်းဖြစ်သည်။

ခမည်းတော် ကွယ်လွန်ချိန်၌ အနီးကပ်ရောက်နေသူမှာ သားတော် အသောက ဖြစ်လေသည်။ သားတော် အသောကသည် အကြံကြီးသူဖြစ်သည်။ ခမည်းတော် ကွယ်လွန်သွားသောအခါ မိမိမှာ အခွင့်အသာဆုံးဖြစ်နေ

http://www.linhtet.com



သဖြင့် လက်ဝယ်ရောက်နေသည့်အခွင့်ကို ကျင်လည်စွာသုံးပြီး မဂဓထီးနန်းကို သိမ်းပိုက်ထားလိုက်လေသည်။

အမှန်မှာ ဗိန္ဒုသာရမင်းကြီးတွင် အသောကထက်ကြီးသည့် သားတော်များရှိသေးသည်။ ထီးနန်းရိုးရာအစဉ်အလာအရ ခမည်းတော် ဘုရင်မင်းကြီး နတ်ရွာစံ ကံကုန်သွားပါက ထိုဘုရင်မင်းကြီး၏ သားကြီးသြရသက ထီးနန်းအရိုက်အရာ ဆက်ဆံရလေသည်။ ယခု ဗိန္ဒုသာရဘုရင်မင်းကြီး ကွယ်လွန်သည့်အခါ မဂဓ ထီးနန်းကိုဆက်ခံရမည့် သားတော်အကြီးများရှိနေသည်။ သို့သော် အသောကသည် ထိုအစဉ်အလာကို ဖျက်ဆီးပစ်လိုက်သည်။ မိမိ၏ နောင်တော်များကို ထီးနန်းဆက်ခံခွင့်မပေးဘဲ မိမိက အလျင်ဦးအောင် ထီးနန်းကို သိမ်းပိုက်ထားလိုက်လေသည်။

အခြားညီတော် နောင်တော်များမှာ အဝေးရောက်နေကြ၍ လက်မဲ့ဖြစ်သွားကြသည်။ သို့ရာတွင် သူတို့လည်း မဂဓထီးနန်း အသောက လက်ထဲ ရောက်နေသည်ကို အသာတကြည် ကြည့်နေနိုင်ကြသူများ မဟုတ်ကြ။ သူတို့ထဲက ဓားထက်သူ နောင်တော်သုမနသည် တပ်နှင့်ချီတက်လာပြီး ပါဋလိပုတ်ကို ဝိုင်းရံတိုက်ခိုက်သည်။ အသောကက ဗိုလ်ပါအလုံးအရင်းနှင့် မြို့တွင်းက ခံသည်။ တိုက်ပွဲတွင် နောင်တော်သုမနနှင့် အခြားညီတော်များ ကျကုန်ကြသည်။ ယင်းသို့အားဖြင့် အသောက၏ထီးနန်းတွင် ညီတော် နောင်တော်များ၏ သွေးများစွန်းပေသွားလေသည်။

စစ်ပွဲတွင် အရေးနိမ့်သည့်ဘက်က ပုဂ္ဂိုလ်များမှာ အဖမ်းခံလျှင်ခံ၊ မခံလျှင် လွတ်ရာကျွတ်ရာ တိမ်းရှောင်ထွက်ပြေးသွားရလေသည်။ နောင်တော်သုမန၏ မိဖုရားသုမနဒေဝီသည် သူ၏မောင်တော် သုမနမင်းသား လုပ်ကြံခံရကြောင်း ကြားသိရသောအခါ ပါဋလိပုတ်တွင် မနေရဲတော့ပေ။ သာမန်သူဆင်းရဲ မိန်းမတစ်ယောက်အသွင်ဆောင်လျက် ပါဋလိပုတ်မှထွက်၍ လွတ်ရာကျွတ်ရာသို့ လာခဲ့လေသည်။

သုမနဒေဝီသည် ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်နေ၍ ခရီးဝေးဝေးသို့လည်း မသွားနိုင်ပေ။ ပါဋလိပုတ်နှင့် မနီးမဝေး စဏ္ဍာလရွာတစ်ရွာသို့ ရောက်သောအခါ ထိုရွာအနီးရှိ ပညောင်ပင်အောက်ရှိ ဇရပ်တစ်ဆောင်တွင် နားနေခိုက် ကမ္ဗဇလေလှုပ်ပြီး သားယောကျ်ားလေးကို ဖွားမြင်လေသည်။ ပညောင်ပင်အောက်၌ မွေးသည်ဖြစ်၍ သား၏အမည်ကို နိဂြောဓ(ပညောင်ပင်)ဟု မှည့်ထားလေသည်။ စဏ္ဍာလရွာသူကြီးက သုမနဒေဝီသားအမိကို ကြည့်ရှုစောင့်

http://www.linhtet.com



ရောက်ထားသည်။ သုမနဒေဝီသည် စဏ္ဍာလရွာ၌ ခုနစ်နှစ်ကြာသွားသည်။ နိဂြောဓ သူငယ်လည်း အသက်ခုနစ်နှစ်အရွယ် ရောက်လာသည်။ မဟာဝရုဏ မည်သော ရဟန္တာမထေရ် တစ်ပါးက နိဂြောဓသူငယ်ကို ခုနစ်နှစ်သားအရွယ် တွင် ရှင်သာမဏေပြုပေးလိုက်သည်။ နိဂြောဓသည် တစပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းရင်း သင်တုန်းဓား ဆံပင်ထိစဉ်မှာပင် ရဟန္တာဖြစ်သွား သည်။

( ၂ )

တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်သည့် ဘုရင်ဧကရာဇ်တို့သည် တိုင်းသူပြည်သားများကို ကျေးသားရင်သား မခွဲခြားဘဲ အုပ်ချုပ်ရသည်။ မိမိတိုင်းပြည်တွင်း၌ ထင်ရှားရှိနေသည့် ဘာသာတရား အယူဝါဒများကိုလည်း မည်သည့်ဘာသာတရားအယူဝါဒက သာစေ၊ မည်သည့်ဘာသာတရား အယူဝါဒက နာစေဟု သဘောမထားရပေ။ ဘာသာတရား အယူဝါဒအားလုံး အပေါ်၌ သမာသမတ်ကျကျ ဆက်ဆံမှုရှိရသည်။ ခမည်းတော်ဗိန္ဒုသာရမင်းကြီး လက်ထက်ကစပြီး စွဲကိုင်လာခဲ့သည့် ယင်းသဘောတရားကို အသောက မင်းကြီးလက်ထက် ရောက်သောအခါလည်း ဆက်လက် ထိန်းသိမ်းထားလေသည်။

တိုင်းပြည်အတွင်း၌ ဗြာဟ္မဏလူမျိုးတို့ ကိုးကွယ်ဆည်းကပ်သော ဗြာဟ္မဏအယူဝါဒလည်းရှိသည်။ သင်္ကန်းရောင် ပုဆိုးဝတ်သည့် ပဏ္ဍုရင်္ဂတိတ္ထိတို့လည်းရှိသည်။ ဒုစရိုက်ဆယ်ပါးကိုသာ ရှောင်ပြီး ရဟန်းယောင်ပြုနေသည့် ပရိဗ္ဗာဇကတိတ္ထိတို့လည်းရှိသည်။ အဝတ်မဆီးအချည်းနှီးနေသော အစေလက တိတ္ထိတို့လည်းရှိသည်။ ကိလေသာအနှောင်အဖွဲ့ မရှိတော့ပြီဖြစ်၍ ငါတို့သည် ရဟန္တာဖြစ်ပြီဟု ကြွေးကြော်နေသည့် နိဂဏ္ဌတို့လည်းရှိသည်။ ငါတို့ ကျူးလွန်ပြုလုပ်သည့် မကောင်းမှုဟူသမျှကို ငါတို့ကိုးကွယ်သည့် ကုသရဘုရားသခင်က ငါတို့ကိုယ်စားခံသည်ဟူသော အယူဝါဒရှိသည့် နတ္ထိကဝါဒီတို့လည်းရှိသည်။

အသောကမင်းကြီးသည် မိမိတိုင်းပြည်အတွင်း၌ ရှိသည့်ဘာသာ အယူဝါဒအားလုံးကို ရာဇဓမ္မမင်းကျင့်တရားနှင့်အညီ တစ်ဘက်စောင်းနင်းမရှိစေဘဲ ထောက်ပံ့မှု၊ ပေးကမ်းလှူဒါန်းမှု ပြုသော်လည်း မိမိအတွင်းစိတ်၌မူ ရေသာများပြီး ငါးမတွေ့ဖြစ်နေသည်။ လျှပ်ပေါ်လော်လည်ပြီး ရသေ့ရဟန်း

http://www.linhtet.com



မပီသသူ များအား ကြည်ညိုစိတ် ကုန်ခန်းနေလေသည်။ ထိုအတွင်း တစ်နေ့သ၌ ခြင်္သေ့ခံ လေသာနန်းတံခါးကိုလှပ်၍ အပြင်ဘက်လှမ်းမျှော်ကြည့်စဉ် နန်းရင်ပြင်ကို ဖြတ်လျှောက်သွားသော သာမဏေတစ်ပါးကို လှမ်းမြင်လိုက်သည်။

သုမနဒေဝီ၏သားတော် နိဂြောဓသာမဏေသည် သူ့မယ်တော်၏အိမ်သို့ နေ့စဉ်ဆွမ်းခံကြွလေ့ရှိသည်။ နံနက်မိုးလင်းသည့်အခါ ဆရာသမားအား ဝတ်ကြီးဝတ်ငယ်ပြုပြီး သပိတ်သင်္ကန်းပြင်လျက် မယ်တော့်အိမ်ဆွမ်းခံကြွသည်။ မယ်တော်၏အိမ်မှာ မြို့အရှေ့ဘက်ခြမ်း၌ရှိသည်။ နိဂြောဓသာမဏေသည် မြို့တောင်ဘက်မှလာပြီးလျှင် မင်းရင်ပြင်မှဖြတ်လျက် မြို့အရှေ့ဘက်ခြမ်းသို့သွားသည်။ မင်းရင်ပြင်ဖြတ်နေစဉ် နိဂြောဓသာမဏေကို အသောကမင်းကြီး လှမ်းမြင်လိုက်သည်။ အချိုရှာနေသော ဘုရင်ကြီးသည် သကာကိုတွေ့သွားသည်။ မိမိပတ်ဝန်းကျင်၌ နေစဉ်နှင့်အမျှတွေ့နေရသည့် ရဟန်းတု၊ ရဟန်းယောင်၊ ရသေ့တု၊ ရသေ့ယောင်များ၏ မဖွယ်ရာသော အပြုအမူတို့ကြောင့် စိတ်ပျက်နေစဉ် သမဏသာရုပ္ပ အလွန်ကြန်ရသည့် သာမဏေကို မြင်လိုက်ရသည့်အခါ မင်းကြီးသည် အလွန်တရာ ပီတိဖြစ်သွားလေသည်။

ငါတွေ့နေကျ၊ မြင်နေကျ ရှင်ယောင်ရဟန်းယောင်တို့ကား ကြန်သိက္ခာမရှိ၊ လျှပ်ပေါ်လော်လည်ကြ၏။ ကျော့ကွင်းမိနေသော သမင်ကဲ့သို့လည်းကောင်း၊ အစာစားနေသောကျီးကဲ့သို့လည်းကောင်း၊ ဂနာမငြိမ်ကြ။ သပိတ်သင်္ကန်းဆောင်ထားသည့် ဤသူငယ်မူကား တည်ငြိမ်ကြန်ရ၏။ ရှေ့တိုး နောက်ဆုတ်မလုပ်။ တူရူကြည့်ခြင်း၊ တစ်စောင်းကြည့်ခြင်းမရှိ၊ ရှေ့နှစ်တောင့်ထွာအတွင်း၌သာ စက္ခုန္ဒြေချနေသည်။ လက်ခြေတို့၏ကွေးခြင်း ဆန့်ခြင်းစသော အမူအရာလည်း အလွန်တရာသိမ်မွေ့နူးညံ့၏။ ဤသူငယ်သည် ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ရမည်။ သူ၏အတွင်းသန္တာန်၌ တရားမြတ် တရားထူးတစ်ခုရှိနေမည်မှာ အမှန်မုချဖြစ်သည်။

ယင်းသို့ အကြံရပြီးလျှင် အသောကမင်းကြီးသည် သာမဏေငယ်ကို လိုက်ပင့်ချေဟု အမတ်တစ်ဦးအား စေလိုက်သည်။ မင်းကြီးစေခိုင်းလိုက်သည့် အမတ်က သာမဏေကိုလိုက်ပင့်နေစဉ် မင်းကြီးသည် သည်းခံစောင့်ဆိုင်းပြီး မနေနိုင်၊ ကြာသည်အထင်ရှိနေသည်။ ဘုရင်မင်းကြီးသည် စိတ်လိုက်မာန်ပါ လုပ်တတ်သည်။ တစ်ခါတစ်ရံ အကျိုးသင့်အကြောင်းသင့် စဉ်းစားဖို့ သတိမရပေ။ ယခုလည်း အမတ်တစ်ယောက်ကို စေလွှတ်လိုက်ပြီး မကြာခင် ကြာသည်ဆိုပြီး နောက်ထပ်အမတ်တစ်ယောက်ကို စေလွှတ်ပြန်သည်။ အမတ်နှစ်

http://www.linhtet.com



ယောက်ကို စေလွှတ်ပြီးပြီဖြစ်သော်လည်း မင်းကြီးသည် မရိုးမရွဖြစ်နေတုန်းပင် ရှိသည်။ မှူးမတ်များကို တစ်ယောက်ပြီးတစ်ယောက် ထပ်ထပ်စေလွှတ်နေပြန်သည်။

ယင်းသို့ အမတ်တပ်ကြီး ချီတက်လာပြီး ပင့်နေသော်လည်း သာမဏေကား ဣန္ဒြေမပျက်၊ ပုံမှန်လှမ်းကြွနေသော ခြေလှမ်းဖြင့်သာလျှင် အမတ်ကြီး ပင့်ဖိတ်ရာ နန်းတော်ဆောင်ပေါ်သို့ တက်လိုက်လာလေသည်။ နန်းတော်တွင်းရောက်သောအခါ သာမဏေသည် ဘေးဗန်းကိုကြည့်ရှု အကဲခတ်လိုက်သည်။ မိမိထက်သိက္ခာဝါကြီးသော ရဟန်းသံဃာတစ်စုံတစ်ဦးကို မတွေ့ရသောအခါ သာမဏေသည် သပိတ်ကို မင်းကြီးအားကမ်းပေးပြီး ထီးဖြူအုပ်မိုးထားသည့် ရာဇပလ္လင်ထက်တွင် တက်ထိုင်နေလိုက်လေသည်။ မင်းကြီးက သဘောကျနေ၏။ သာမန်ပုဂ္ဂိုလ်တစ်ဦးကသာ ဤသို့ပြုပါမူကား ဓားထက်သောမင်းကြီးသည် ဓားကိုလှမ်းဆွဲမည်မှာ ဧကန်မုချဖြစ်သည်။

မဂဓနိုင်ငံတော်တစ်ခုလုံးကို စိုးမိုးသည့်ရာဇပလ္လင်ထက်တွင် မိမိမှတစ် ပါး အခြားတစ်စုံတစ်ဦး တက်ထိုင်ခြင်းသည် မင်းကြီးအနေဖြင့် ခွင့်ပြုနိုင်စရာ အကြောင်းမရှိပေ။ သို့သော် နိဂြောဓသာမဏေကိုမူ အသောကမင်းကြီးက တစ်မျိုးမြင်ထားသည်။ သာမဏေသည် မိမိ၏အာဏာကို ထိပါးမည့်သူ မ ဟုတ်ပေ။ လောကုတ္တရာနယ်ထဲက ပုဂ္ဂိုလ်ဖြစ်၍ မိမိဦးခိုက်ရမည့် ပုဂ္ဂိုလ်သာဖြစ် သည်။ ဤပုဂ္ဂိုလ်မျိုး ရာဇပလ္လင်ထက်တွင် တက်ထိုင်ခြင်းကြောင့် မိမိအာဏာ ကို ထိပါးလာမည့် အန္တရာယ်မရှိရုံမျှမက မိမိ၏အာဏာတန်ခိုးသည်ပင် ပို၍ အရောင်တောက်လာဖို့ ရှိလေသည်။

အသောကမင်းကြီးသည် သပိတ်ထဲတွင် ဆွမ်းဘောဇဉ်ထည့်၍ ရာဇပလ္လင်တွင် ဣန္ဒြေရစွာ သီတင်းသုံးနေသည့် နိဂြောဓသာမဏေအား ကပ်လှူသည်။ မင်းကြီး ကပ်လှူသော ဆွမ်းဘောဇဉ်ကို သာမဏေဘုဉ်းပေးသုံးဆောင်သည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ သာမဏေအား မင်းကြီးက လျှောက်ထားလေ၏။

"သာမဏေ–သင်၏ အမျိုးအနွယ်သည် မည်သည့်အမျိုးအနွယ် ဖြစ်သနည်း"

"ကျွန်ုပ်၏အမျိုးအနွယ်သည် ဗုဒ္ဓအမျိုးအနွယ်သည် ဖြစ်၏"

"သင် မည်သူ့ အဆုံးအမကို ခံယူသနည်း"

"ကျွန်ုပ် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမကို ခံယူ၏"

http://www.linhtet.com



"သင် မည်သည့် အယူဝါဒကို ယုံကြည်လက်ခံသနည်း"

"ကျွန်ုပ် နိဗ္ဗာန်ကိုသာ အာရုံပြု၏"

"သာမဏေ– သင်တို့ဆရာ ဟောကြားသည့် တရားဒေသနာကို သင်သိလျှင် ကျွန်ုပ်ကို ဟောမပြနိုင်ဘူးလား"

"ကျွန်ုပ် အနည်းအကျဉ်းသိသည်၊ သင်မင်းကြီး နာကြားလိုပါမူ ကျွန်ုပ် ဟောပြပါမည်"

သာမဏေသည် မင်းကြီးအား "အပ္ပမာဒေါအမတံပဒံ၊ ပမာဒေါမစ္စုနော ပဒံ" အစရှိသည့် ဓမ္မပဒ အပ္ပမာဒဝဂ္ဂကို ဟောပြလေသည်။ အသောက မင်းကြီးသည် နိဂြောဓသာမဏေအား လေးစားကြည်ညိုသွားပြီးလျှင် နောက်နေ့များတွင်လည်း နိဂြောဓသာမဏေနှင့် အတူတကွ ရဟန်းတော်များအား မိမိ၏နန်းတော်တွင်း၌ ဆွမ်းလုပ်ကျွေးလေသည်။ နိဂြောဓသာမဏေက အသောက မင်းကြီးအား သရဏဂုံသုံးပါးနှင့် ငါးပါးသီလပေးသည်။ နိဂြောဓ သာမဏေကို အကြောင်းပြုလျက် အသောကမင်းကြီးသည် ဗုဒ္ဓသာသနာကို ကြည်ညိုလေး စားသည့် သာသနာ့ဒါယကာဘုရင်တစ်ဦး ဖြစ်လာလေသည်။

( ၃ )

အသောကဘုရင်သည် ပါဋလိပုတ် နေပြည်တော်တွင် ရဟန်းသံဃာများ သီတင်းသုံးရန်အတွက် အသောကာရုံကျောင်းတိုက် ဆောက်လုပ်နေသည်။ နိဂြောဓသာမဏေနှင့်တကွ တခြားရဟန်းများလည်း အသောကမင်းကြီး၏နန်းတော်တွင်း၌ မကြာခဏ အဝင်အထွက် ရှိနေသည်။ ယင်းသို့ အသောကမင်းကြီး ဗုဒ္ဓသာသနာတော်ဘက် ထူးထူးခြားခြား အာရုံညွှတ်လာသည်ကို တချို့ဘာသာခြားများက မနှစ်မြို့ကြပေ။ အသောကမင်းကြီး၏ မှူးမတ်များထဲတွင်လည်း တခြားဘာသာတရားကို ယုံကြည်လေးစားသူများ ရှိနေသည်။ ယင်းမှူးမတ်များထဲက အမတ်ကြီးတစ်ဦးသည် တစ်နေ့တွင် အသောကမင်းကြီးအား အတုန်းကတိုက် လုပ်လေသည်။

"အရှင်မင်းကြီး၊ အရှင်မင်းကြီး ကြည်ညိုအားထားနေတဲ့ နိဂြောဓ သာမဏေရဲ့ ဇာစ်မြစ်ကို အရှင်မင်းကြီး သိပါသလား ဘုရား"

"နိဂြောဓသာမဏေရဲ့ဇာစ်မြစ်ကို ကျွန်ုပ် ဘာဖြစ်လို့မသိရမှာလဲ။ သူ့ အနွယ်ကဗုဒ္ဓအနွယ်ဖြစ်တယ်လို့ သူကိုယ်တိုင် ပြောပြထားတယ် မဟုတ်လား"

http://www.linhtet.com



“ဒါကို အကျွန်ုပ် လျှောက်တင်နေခြင်း မဟုတ်ပါ။ သူလျှိုအထောက်တော်များရဲ့ စုံစမ်းထောက်လှမ်းချက်အရ နိဂြောဓသာမဏေဟာ အရှင်မင်းကြီးရဲ့ ရန်သူတော် နောင်တော်သုမနရဲ့သားတော်ဆိုတာ သိရပါတယ်။ နောင်တော်သုမနမင်းကြီး အရေးနိမ့်ပြီး အကွပ်မျက်ခံရတဲ့အခါမှာ နောင်တော်သုမနရဲ့ ကြင်ယာမိဖုရား သုမနဒေဝီက ကိုယ်ဝန်အရင့်အမာနဲ့ တိမ်းရှောင်ထွက်ပြေးသွားပြီး တောအရပ်မှာ မထင်မရှားသားတစ်ယောက် ဖွားမြင်ပါတယ်။ အရှင်မင်းကြီး အခု ကိုးကွယ်ဆည်းကပ်နေတဲ့ နိဂြောဓသာမဏေဟာ တခြားမဟုတ်ပါဘူး။ အဲဒီကလေးသူငယ်ပဲ ဖြစ်ပါတယ်။ မြွေပေါက်ကလေးကို သေးငယ်တယ်ဆိုပြီး ကျီစားလို့မဖြစ်ဘူး အရှင်မင်းကြီး။ ရန်သူသားသမီး အဆက်အနွယ်ဟာ ဘယ်လိုငယ်ငယ်၊ ဘယ်လိုသေးသေး ရန်သူပဲဖြစ်ပါတယ်။ ဒီနိဂြောဓသာမဏေဟာ သူ့ခမည်းတော်သွေးအပြည့်ပါနေပါတယ်။ တစ်နေ့ကျယင် အရှင်မင်းကြီးရဲ့ ထီးနန်းကိုပါ ထိပါးလာနိုင်ပါတယ်၊ ကျူပင်ကိုခုတ်ယင် ကျူငုတ်ကို ချန်မထားသင့်ပါဘူး အရှင်မင်းကြီး”

အသောကမင်းကြီးသည် အတန်ကြာမျှ တွေဝေငေးမောသွားသည်။ ထို့နောက် သူ၏မျက်နှာတွင် တစ်စုံတစ်ခု ဆုံးဖြတ်ချက် ကျသွားသည့်အသွင် ပေါ်လာသည်။

“အမတ်ကြီး၊ အမတ်ကြီးဟာ အစိုးရိမ်လွန်နေပါတယ်၊ နိဂြောဓသာမဏေဟာ လောကီနယ်ထဲက မဟုတ်တော့ဘူး၊ သာသနာ့ဘောင်ထဲက ရှင်ရဟန်းတစ်ပါး ဖြစ်နေပြီ။ ရှင်ရဟန်းတောင်မှ သာမန်ရှင်ရဟန်း မဟုတ်ဘူး။ အာသဝေါ ကုန်ခန်းနေတဲ့ ရဟန္တာတစ်ပါး ဖြစ်တယ်။ လောကီနယ်ထဲမှာ ဖြစ်ပျက်လေ့ရှိတဲ့ အဖြစ်အပျက်တွေကို လောကုတ္တရာနယ်ထဲက တကယ့် သူတော်သူမြတ်ဖြစ်တဲ့ ရှင်ရဟန်းတွေနဲ့ သွားဟပ်ကြည့်လို့ မဖြစ်ဘူး။ ဒီရှင်ရဟန်းတွေဟာ လောကီနယ်ထဲမှာ ဖြစ်တတ်ပျက်တတ် တွေ့ကြုံရတတ်တဲ့ သဘောသဘာဝတွေနဲ့ ဘာမှမဆက်စပ်တော့ဘူး။ ပုထုဇဉ်တွေလို လောဘ၊ ဒေါသ၊ မာန်မာနတရားတွေ သူတို့မှာ မရှိတော့ဘူး။ ပုထုဇဉ်လောကီသားတွေဟာ နေ့စဉ်နှင့်အမျှ လောဘ၊ ဒေါသ၊ မာန်မာန မကင်းတဲ့အလုပ်တွေကို လုပ်နေကြတယ်။ ပစ္စည်းဥစ္စာ လာဘ်လာဘ တိုးပွားများပြားဖို့ ကြိုးပမ်းနေကြတယ်။ တစ်ဦးနဲ့တစ်ဦးနင်းပြီး အမြင့်ကိုလှမ်းတက်နေကြတယ်။ ဘာမှမပြောပလောက်တဲ့ ဥစ္စာနဲ့အာဏာကို အကြောင်းပြုပြီးတော့လဲ တစ်ယောက်နဲ့တစ်ယောက် ဓားတစ်ပြက် တုတ်တစ်ပြက် ဖြစ်နေကြတယ်။ တစ်ဦးနဲ့တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်

http://www.linhtet.com



လုပ်ကြတယ်။ တစ်ယောက်သာရင် တစ်ယောက်က မနာလိုဝန်တို ဖြစ်ကြတယ်။ လောကီနယ်ထဲက ပုထုဇဉ်တွေရဲ့ အလေ့အထဖြစ်တဲ့ အဲဒီသဘောသဘာဝတွေကို သူတော်မြတ် ရှင်ရဟန်းတွေဟာ ကျော်ခိုင်းထားလိုက်ပြီ အမတ်ကြီး။ နိဂြောဓသာမဏေကို ဘာမှစိုးရိမ်စရာမလိုဘူး။ နိဂြောဓသာမဏေဟာ ရန်သူ့သားသမီး အဆက်အနွယ်ဖြစ်ပေမယ့် ကျွန်ုပ်ကို အန္တရာယ်မပြုတဲ့အပြင် ကျွန်ုပ်ကို ချောက်ကမ်းပါးထဲမကျအောင် ကယ်တင်ခဲ့တယ်ဆိုတာ အမတ်ကြီးတို့ သတိပြုစေချင်တယ်။ မိမိတို့အရှင်သခင်ဘုရင် လမ်းကောင်းလမ်းမှန်ပေါ် လျှောက်နေတာကို မသမာတဲ့ စိတ်ထားနဲ့ နောက်ပြန်တုတ်မဆွဲထားချင်ကြပါနဲ့။ နိဂြောဓသာမဏေဟာ ရန်သူ့ရဲ့သားသမီး အဆက်အနွယ်ဖြစ်ပေမယ့် ကျုပ်ရဲ့ကယ်တင်ရှင် ဖြစ်ပေတယ်။ မီးလျှံထဲမှာပေါက်နေတဲ့ ကြာပန်းကြာပွင့်လို့ဆိုရင် မမှားပေဘူး အမတ်ကြီး"

အမတ်ကြီးသည် မည်သို့မျှ စောဒကမတက်နိုင်တော့ဘဲ အသောကမင်းကြီးအပါးမှ ခပ်ယို့ယို့ ခပ်ကျို့ကျို့ ဖယ်ခွာရှောင်ထွက်သွားလေသည်။

[ *သမန္တပါသာဒိက အဋ္ဌကထာ၊ မဟာဝံသကျမ်းတို့ကို အခြေခံသည်* ]

❑

http://www.linhtet.com

# စစ်နှင့်ငြိမ်းချမ်းရေး

( ၁ )

အရှေ့ဘက်နယ်စပ်ကို ပင်လယ်သမုဒ္ဒရာ ကာဆီးထားသည်။ မြောက်ဘက်နယ်စပ်၌ ဝေတရဏီမြစ်ရှိနေသည်။ အနောက်ဘက်၌ အမရကန္တကတောင်က ကာရံထားသည်။ တောင်ဘက်၌မဟိန္ဒရတောင်ကြီး ထီးထီးမားမား ရှိနေသည်။ ယင်းသို့ လေးဘက်လေးရပ်မှ သဘာဝအတား အဆီးများ ပိတ်ဆို့ကာရံထားသော အလွန်တရာ လုံခြုံစိတ်ချရသည့် ကလိင်္ဂ တိုင်းကို အသောကဘုရင်မင်းတရားကြီး၏ မဂဓစစ်တပ်ကြီးသည် လေးဘက် လေးတန်မှ ဝိုင်းရံပိတ်ဆို့ထားလိုက်လေပြီ။ အသောကဘုရင်မင်းတရားကြီး ကိုယ်တိုင် မဂဓစစ်တပ်ကြီးကို ဦးဆောင်လာလေသည်။ ဘုရင်မင်းကြီးနှင့် အတူတကွ သားတော်နှစ်ပါးသည် စစ်တပ်ကြီးကို ကွပ်ကဲလိုက်ပါလာကြ သည်။

တပ်စခန်းတစ်နေရာရှိ ယာယီတဲနန်းအတွင်း၌ အသောကမင်းကြီး သည် သုန်မှုန်သောမျက်နှာထားဖြင့် မတ်တပ်ရပ်နေသည်။ အပါး၌ သားတော် နှစ်ပါးနှင့် တပ်မှူးများ ရှိနေကြသည်။ အသောကမင်းကြီးသည် သားတော် အကြီး ဇာလောကကို လှမ်းကြည့်လျက် . . .

"သားတော် ဇာလောက . . ."

"အမိန့်ရှိပါ ခမည်းတော် အရှင်မင်းကြီး"

"ကလိင်္ဂဘုရင်ထံ သဝဏ်လွှာ ပို့ပြီးပြီလား"

"ပို့ပြီးပါပြီ ခမည်းတော်"

"အကြောင်းပြန်လွှာ ရောက်လာပြီလား"

"ကလိင်္ဂဘုရင့်တမန်တော် ရောက်လာပါပြီ"

"ခမည်းတော်တို့ အကြံပြုတာကို သူတို့ လက်ခံသတဲ့လား"

"လက်မခံပါဘူး၊ ကလိင်္ဂဘုရင့်သဝဏ်လွှာ ပါလာပါတယ်"

"သဝဏ်လွှာကို ဖတ်ပြစမ်း"

သားတော်အငယ် တိဝရက ကလိင်္ဂဘုရင်ထံမှ ပို့လိုက်သည့် သဝဏ်လွှာကို ဖတ်ပြသည်။

"အသောက ဘုရင်မင်းကြီးထံ အကြောင်းပြန်ကြားလိုက်ပါသည်။ ရှေးယခင်တစ်ချိန်တုန်းကလည်း အရှင်မင်းကြီး၏ဘိုးတော်စန္ဒဂုတ္တဘုရင်သည် ကျွန်ုပ်တို့၏တိုင်းပြည်ကို ချေမှုန်းခဲ့ဖူးပြီ။ ယခုလည်း ဘိုးတော်၏ခြေရာကို မြေးတော်ကနင်းပြန်ပြီ။ ကျွန်ုပ်တို့သည် မည်သည့်နိုင်ငံ မည်သည့်နယ်မြေကိုမှလည်း ကျူးကျော်တိုက်ခိုက်ခြင်း မပြုလုပ်ပါ။ မိမိနိုင်ငံ မိမိနယ်မြေအတွင်း ဝင်ရောက်ကျူးကျော်လာပါကလည်း နိုင်ငံချဲ့ထွင်သူ မည်သူ့ရှေ့မှောက်တွင်မှ ဦးညွှတ်လိမ့်မည် မဟုတ်ပါ။ ကလိင်္ဂသည် အစဉ်အလာရှိသော တိုင်းပြည်တစ်ပြည် ဖြစ်ပါသည်။ ကလိင်္ဂသည် မည်သူ့ကိုမျှ လက်နက်ချအရှုံးပေးလိမ့်မည် မဟုတ်ပါ . . ."

"တော်တော့ . . . ရှေ့ဆက်မဖတ်နဲ့တော့ . . ."

သားတော်တိဝရသည် ကလိင်္ဂဘုရင်၏သဝဏ်လွှာကို ဆက်မဖတ်တော့ဘဲ သဝဏ်လွှာ ရေးထားသည့် ပိုးသားလွှာကို ခေါက်လိပ်ထားလိုက်လေသည်။ ဘုရင်အသောကသည် သေနာပတိ မိဂမန္ဒဘက်လှည့်လျက် . . .

"သေနာပတိ၊ ရန်သူ့တပ်မှာ စစ်အင်အား ဘယ်လောက်ရှိသလဲ"

"အထောက်တော်များ သတင်းပေးချက်အရ ကလိင်္ဂဘုရင့်စစ်တပ်မှာ ခြေလျင်တပ်သား ခုနစ်သောင်း၊ မြင်းတပ်သား ထောင့်ငါးရာ၊ စစ်ဆင်တစ်ထောင်ရှိတယ်လို့ သိရပါတယ်"

"ခါချဉ်ကောင်မာန်ကြီးပြီး တောင်ကြီးကိုဖြိုမယ်ကြံတယ် ထင် တယ်။ ဘယ်နေရာ ဘယ်ဒေသမှာဖြစ်ဖြစ် ရန်သူဟူသရွေ့ကို ဖိမ့်ဖိမ့်တုန်သွားစေ တဲ့ မဂဓစစ်တပ်ကြီးကို မလောက်လေးမလောက်စား ဒါလောက်အင်အားလေး နဲ့ အန်တုမယ်ကြံတာဟာ မျက်စိကန်းတစ္ဆေ မကြောက်တာကလွဲပြီး ဘာ အဓိပ္ပာယ်မှ မရှိဘူး။ ဘယ်လိုနည်းနဲ့မှ ယှဉ်ပြိုင်လို့ မရတဲ့ မဂဓစစ်တပ်ကြီး အကြောင်းကို သင်းတို့ မကြားဖူးဘူးထင်တယ်။ အင်း . . . နေဦး ကလိင်္ဂဘုရင့်

http://www.linhtet.com



တမန်တော် ရောက်နေတယ် မဟုတ်လား ရှေ့တော်သွင်းစေ . . .”

ယာယီတဲနန်းအပြင်ဘက်၌ စောင့်နေသည့် ကလိင်္ဂဘုရင့်တမန်တော်ကို ဘုရင်မင်းကြီး ရှေ့တော်မှောက် ခေါ်လာခဲ့သည်။

“အသင် ကလိင်္ဂဘုရင့်တမန်တော်လား”

“မှန်ပါတယ် အရှင်မင်းကြီး၊ ဇမ္ဗူဒိပ်ကျွန်းလုံးရဲ့ အရှင်သခင် ဘုရင်မင်းကြီးကို ကျွန်ုပ် တမန်တော် ဦးညွတ်လိုက်ပါတယ်”

တမန်တော် ဦးခေါင်းငုံ့ထားသည်။ ဘုရင်မင်းကြီး၏မျက်နှာတွင် ကျေနပ်အားရသွားသည့် အမူအရာ ပေါ်လာသည်။

“တမန်တော်၊ ငါတို့စစ်တပ်ကြီး အခု သင်တို့ကလိင်္ဂကို ဝိုင်းမိထားပြီ။ တကယ်လို့ ကလိင်္ဂက လက်နက်ချ အညံ့ခံမယ်ဆိုရင် ကလိင်္ဂဘုရင်ကိုလည်း အသက်ချမ်းသာပေးမယ်၊ ကလိင်္ဂတိုင်းပြည်လည်း အချေမှုန်းမခံရဘဲ ရှိမြဲအတိုင်း ရှိနေလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘဲ ငါတို့ကို ခုခံမယ်ကြံရင်တော့ ကလိင်္ဂဘုရင်ဟာ အသက်မသေတောင် အဖျင်းဆုံး သုံ့ပန်းအဖြစ်နဲ့တော့ အဖမ်းခံရလိမ့်မယ်။ ကလိင်္ဂတိုင်းပြည်လည်း မှုန့်မှုန့်ညက်ညက် ကြေသွားလိမ့်မယ် . . .”

ကလိင်္ဂတမန်က ဦးခေါင်းမော့ လျှောက်ထားလိုက်လေသည်။

“အရှင်မင်းကြီး၊ ကလိင်္ဂသဘောထားဟာ ကလိင်္ဂဘုရင်ရဲ့သဝဏ်လွှာမှာပါတဲ့ အတိုင်းပါပဲ၊ ကလိင်္ဂဟာ ကျူးကျော်သူ ဘယ်သူ့ရှေ့မှောက်မှာမှ ဦးညွတ်အညံ့ခံလိမ့်မယ် မဟုတ်ပါ။ ကလိင်္ဂ ဘုရင်ကလည်း အရှင်မင်းကြီးကို ခုအတိုင်းလျှောက်ထား သံတော်ဦးတင်ဖို့ မှာကြားလိုက်ပါတယ်”

“ဒါဖြင့် ကောင်းပြီ၊ စစ်နဲ့ဖြေရှင်းဖို့ပဲ ရှိတယ်၊ ကဲ . . . အသင် သွားနိုင်ပြီ”

*

စစ်စည်တော်ရွှမ်းသံကို အဆက်မပြတ် ကြားနေရသည်။ စစ်စည်ရွှမ်းသံသည် စစ်သည်တော်များအား အားသစ်အင်သစ်ဖြည့်ပေးလျက်ရှိနေသည်။ ရဲသွေးရဲမာန် ကြွနေကြသော မြင်းစစ်သည်တော်များသည် စစ်မြင်းများ၏ ဇက်ကြိုးကိုဆွဲထားကြပြီး မြင်းများသည် ခွာတပြင်ပြင်နှင့်ဟည်နေကြသည်။ မုန်ယစ်နေသည့် ဆင်ကြီးများသည် နှာမောင်းကြီးများကို အပေါ်ထောင်လျက်

http://www.linhtet.com



အော်နေကြသည်။ မဂဓစစ်တပ်ကြီးအတွင်းမှ ထွက်ပေါ်လာသည့် အသံများသည် ဝေဟင်တစ်ခွင်၌ ပဲ့တင်ညံနေသည်။ စစ်တပ်အင်အားမည်မျှ ကြီးမားသနည်းဟူမူ တပ်အစနှင့်အဆုံးကို မျှော်ကြည့်၍ပင် မရပေ။ စစ်သွေးကြွနေသည့် ခြေလျင်တပ်သားများသည် ဓား၊ လှံ၊ ဒိုင်း၊ လေး၊ မြား ကိုယ်စီကိုင်စွဲလျက် စီတန်းချီတက်နေကြသည်။ ဘုရင်အသောက၏ သားတော်အငယ်တိဝရသည် တပ်ဦးက ချီတက်နေသည်။ သားတော်သည် ဆင်စီးစစ်သည်တော်ဖြစ်သည်။ သားတော် တိဝရ စီးလာသည့် ဆင်ပေါ်က ရွှေကုန်းနှီးသည် နံနက်နေရောင်ခြည်တွင် တလက်လက်တောက်ပနေ၏။ ဆင်ကြီးသည် တပ်ဦးမှ တရွေ့ရွေ့ ချီတက်နေသည်။ ပတ်ဝန်းကျင် တစ်ခွင်၌ စစ်ချီစစ်တက်သံမှတစ်ပါး အခြားဘာကိုမှ မကြားရပေ။

ရန်သူဘက်ကို ကြည့်လိုက်ပါဦး။ ကလိင်္ဂဘုရင် သားတော်လည်း ကလိင်္ဂတပ်ဦးမှာပင် ဆင်စီးပြီး ချီတက်လာသည်။ မဂဓ စစ်တပ်ဘက်မှ သားတော်တိဝရက မြားတစ်စင်း လွှတ်လိုက်၏။ ကလိင်္ဂဘုရင့် သားတော်သည် မိမိထံ ရှေးရှုလာသည့် တိဝရ၏မြားကို မြားနှင့်ပင်ပစ်ပြီး ဖယ်ထုတ်လိုက်လေသည်။ တစ်ဘက်နှင့်တစ်ဘက် စတင်တိုက်ခိုက်ကြလေပြီ။

သားတော် တိဝရက အော်ပြောလိုက်လေ၏။

"ကလိင်္ဂသားတော် လက်နက်ပစ်ချလိုက်ပါ။ မဂဓ စစ်တပ်ကြီးမှာ စစ်သည်တပ်သားတွေ မရေမတွက်နိုင်လောက်အောင် ပါလာတယ်။ လက်တစ်ဆုပ်စာကလေးလောက်ရှိတဲ့ စစ်သည်အင်အားနဲ့ မဂဓနိုင်ငံတော် စစ်တပ်ကြီးကို ခုခံမယ်ကြံသလား။ သင်တို့ ကလိင်္ဂစစ်တပ် မှုန့်မှုန့်ညက်ညက် ကြေသွားလိမ့်မယ်။ လူတွေရဲ့အသက်ကို အချည်းနှီးအလဟဿပြုန်းတီး ပျက်စီးသွားအောင် မလုပ်ချင်ပါနဲ့"

ကလိင်္ဂသားတော်က ဟားတိုက်ရယ်လိုက်သည်။

"ရယ်စရာကောင်းလိုက်ပါဘိ၊ မုဆိုးက မေတ္တာတရား ဟောနေသလား၊ ဟယ် . . . ဓားပြသား၊ ဓားပြမြေး၊ ကလိင်္ဂ ပျောက်ချင်ပျောက်သွားမယ်။ ဒါပေမယ့် သူတစ်ပါးကျွန်တော့ ဘယ်တော့မှ အဖြစ်မခံဘူး မှတ်ထား"

စစ်ပွဲစပြီ။ တစ်ဘက်နှင့်တစ်ဘက် အပြင်းအထန် တိုက်ခိုက်နေကြသည်။ ထိုအတွင်း မဂဓတပ်သား အတော်များများသည် မြို့တွင်းသို့ ချင်းနင်းထိုးဖောက် ဝင်ရောက်သွားကြသည်။ မြို့အတွင်း၌ မြို့သူမြို့သားများကို ခုတ်ထစ်သတ်ဖြတ်ကြသည်။ လူနေအိမ်ခြေများကို မီးတင်ရှို့ကြသည်။ မြို့ပြင်မှ

http://www.linhtet.com



လူသတ်ပွဲကြီးသည် မြို့တွင်းရောက်သွားပြီ။ မြင်းများသည် ဒဏ်ရာ အပြင်း အထန် ရကုန်ကြသည်ဖြစ်၍ ခြေဦးတည့်ရာ ထွက်ပြေးကြသည်။ ဆင်များ သည် နာမောင်းပြတ်ကုန်ကြသဖြင့် မခံမရပ်နိုင်အောင် ဝေဒနာခံစားရပြီး စစ် သည်တပ်သားများကို နင်းခြေလျက် လွတ်ရာကျွတ်ရာ ပြေးထွက်သွားကြ သည်။ စစ်မြေပြင်၏ အခြေအနေမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာသည်။ ရန်သူ၊ မိတ်ဆွေ၊ သူ့လူကိုယ့်လူ၊ သူ့ဘက်သား ကိုယ့်ဘက်သားခွဲခြားမရသည့် အခြေအနေ ရောက်ရှိလာသည်။ ကလိင်္ဂမြို့တော်တွင်းမှ ကြွေးကြော်သံ ပေါ်လာလေ၏။

"ကလိင်္ဂ ပြည်သူပြည်သားတို့၊ သွေးစည်းကြလော့၊ ညီညွတ်ကြ လော့။ ရန်သူ အရိုင်းတွေကို သုတ်သင်ပစ်ကြလော့ . . ."

မဂဓစစ်သားများကလည်း ဟစ်အော် ကြွေးကြော်ကြလေသည်။

"ကလိင်္ဂတစ်ပြည်လုံးကို ချေမှုန်းပစ်ကြလော့။ ကျူပင်ခုတ် ကျူငုတ် မကျန်ကြစေနှင့်။ အသောကဘုရင် မင်းတရားကြီး သက်တော်ရာကျော်ရှည်ပါ စေ"

နှစ်ဘက်မှ ကြွေးကြော်သံသည် တစ်သံနှင့်တစ်သံ ထိမိတိုးမိကြ သည်။ နှစ်ဘက်မှ ဓားလှံများသည် တစ်ခုနှင့်တစ်ခု လက်ခနဲ ပြက်ခနဲ ထိကြ ခိုက်ကြသည်။ မြေပြင်၌ကား နှစ်ဘက်သော စစ်တပ်မှ စီးကျလာသည့် သွေး များသည် တစ်ပြင်တည်း ဖြစ်သွားသည်။ တောင်ပေါ်မှ စမ်းရေအလျဉ် စီးကျ နေသကဲ့သို့ သွေးများသည် မြေပြင်ပေါ် တရဟော စီးကျနေသည်။

မဂဓစစ်တပ်သည် ကလိင်္ဂဘက်မှ ဤမျှကြံ့ကြံ့ခံနေလိမ့်မည်ဟု ယောင်၍ပင် မတွေးမိခဲ့ပေ။ ဘယ်နိုင်ငံ ဘယ်နယ်မြေသို့ ချီတက် ချီတက် အလျင်အမြန် အောင်ပွဲခံခဲ့ရသည်ချည်းသာလျှင် ဖြစ်ခဲ့သည်။ ဤကလိင်္ဂစစ်မြေ ပြင်၌မူ မဂဓစစ်တပ်သည် မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်နေသည်။ အိမ် တိုင်းလိုလို၏ အထက်ထပ်မှ ကလေးသူငယ်များကအစ အုတ်ခဲမိုး၊ ကျောက်ခဲ မိုးရွာချနေကြသည်။ သက်ကျားအိုများလည်း အလကားမနေကြပေ။ မီးရှို့ ထားသည့် အဝတ်များကို မဂဓစစ်သားများဘက် ပစ်ပစ်ချနေကြသည်။

ခရုသင်းမှုတ်သံ ပေါ်လာသည်။

ခရုသင်းမှုတ်သံ ကြားရသည်နှင့်တစ်ပြိုင်နက် အရပ်သားများသည် ရရာလက်နက်စွဲကိုင်လျက် ထွက်လာကြသည်။ မိန်းမများကလည်း ညာသံပေး ကြသည်။ တပ်ဦးတွင် ဘုရင့်သမီးတော်သည် မြင်းစီးချီတက်နေသည်။ လက်

http://www.linhtet.com



ထဲတွင် ကလိင်္ဂအလံတော်ကိုင်ထားသည်။ တပ်ဦးက ချီတက်လာသော ဘုရင့်သမီးတော်ကို တွေ့ရသောအခါ အရပ်သူအရပ်သားများသည် စိတ်ဓာတ်တက်ကြွလာကြပြီး တစ်ခဲနက် ကြွေးကြော်ကြလေသည်။ ခြသေ့်သားရဲများပမာ မဂဓစစ်သားများကို ထိုးဖောက်တိုက်ခိုက်ကြလေသည်။ မဂဓစစ်သားများ သည် ရုတ်တရက် အံ့အားသင့်သွားကြသည်။ လက်နက်ကိုင် အရပ်သူအရပ်သားများကို ဘုရင့်သမီးတော်က ကွပ်ကဲနေသည်။ ဘုရင့်သမီးတော်၏နဖူးမှ သွေးယိုစီးကျလာသည်ကို တွေ့ရသောအခါ ပြည်သူတို့သည် နှစ်ဆတိုး၍ တွန်းလှန်တိုက်ခိုက်ကြသည်။ တိုက်ပွဲသည် အလွန်တရာ ပြင်းထန်နေသည်။

သားတော် ဇာလောကသည် ကလိင်္ဂဘုရင့်သမီးတော်အား ချိန်ရွယ်လျက် မြားလွှတ်လိုက်သည်။ ဘုရင့်သမီးတော်သည် မြားသင့်ပြီး မြင်းပေါ်လိမ့်ကျသွားသည်။ ထိုအခိုက် မည်သူမှန်း မသိရသည့် မိန်းမပျိုတစ်ဦးသည် ဘုရင့်သမီးတော်၏လက်ထဲက ကလိင်္ဂအလံတော်ကို ဖမ်းကိုင်လျက် မြင်းပေါ်လွှားခနဲ ခုန်တက်လိုက်သည်။ ထို့နောက် သမီးတော်၏တာဝန်ကို ဆက်ယူလျက် လက်နက်ကိုင် ပြည်သူများကို ဦးဆောင်နေလေသည်။ မြို့သူမြို့သားများသည် အရှိန်အဟုန်မြှင့်လျက် တစ်ဖန် ဝင်ရောက်တိုက်ခိုက်ကြပြန်သည်။ “ကလိင်္ဂအောင်ရမည်” ဟူသော ကြွေးကြော်သံသည် ကလိင်္ဂပြည်သူအတွင်းမှ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ကလိင်္ဂတိုင်းအတွင်း မဂဓစစ်တပ်ချီတက်သွားရာ နေရာမှန်သမျှ၌ ကျောက်ခဲ အုတ်ခဲများဖြင့်လည်းကောင်း၊ ဆူးငြောင့်ခလုတ်များဖြင့်လည်းကောင်း လမ်းများပိတ်ဆို့ထားကြသည်။ ပြည်သူတို့သည် အိမ်တကာမှထွက်၍ မဂဓစစ်တပ်ကို ခုခံတိုက်ခိုက်ကြသည်။ အိမ်အပေါ်ထပ်များမှ ရေနွေးများ၊ ဆီပူများဖြင့် မဂဓစစ်သားများအပေါ် လောင်းချကြသည်။ မိန်းမများကလည်း မီးလောင်နေသည့် မီးတုတ်ကြီးများဖြင့် မဂဓစစ်သားများအား ပစ်ပေါက်ကြသည်။ စစ်သားများ ပြေးထွက်သွားသည့်အခါ ကလိင်္ဂစစ်တပ်နှင့် အရပ်သားများသည် မဂဓစစ်သားများနောက် အတင်းလိုက်ကြသည်။ ကလိင်္ဂနယ်မြေ၌ အလောင်းချင်း ထပ်နေပြီ။ သို့ရာတွင် တိုက်ပွဲကား အေးငြိမ်းမသွားသေးပေ။

*

ယာယီတဲနန်းအတွင်း၌ကား အသောကမင်းကြီးသည် ရုတက် မအေး ဖြစ်နေသည်။ ဘုရင်မင်းကြီးအပါးသို့ သေနာပတိ မိဂမန္ဒ ရောက်လာသည်။

http://www.linhtet.com



"အရှင်မင်းကြီး"

"ဘာလဲ သေနာပတိ၊ ကလိင်္ဂလက်နက်မချသေးဘူးလား"

"လက်နက်မချသေးပါဘူး အရှင်မင်းကြီး။ ပြန်လှန်ခုခံနေကြတုန်းပဲ ရှိသေးတယ်"

"သားတော် တိဝရ အသံမကြားပါလား။ ဘယ်ရောက်နေသလဲ သေနာပတိ"

"အရှင်မင်းကြီး"

သေနာပတိဦးခေါင်းငိုက်စိုက်ကျသွားသည်။ ဘုရင်အသောက အံ့သြသည့် အမူအရာဖြင့် . . .

"လက်တစ်ဆုပ်စာလောက်ရှိတဲ့ ကလိင်္ဂစစ်တပ်က ဒါလောက် တောင် ခေါင်းမာနေနိုင်သလား"

ဘုရင်မင်းကြီးသည် ယမ်းပုံမီးကျ ဒေါသဖြစ်လာသည်။ မိမိ၏ရင်နှစ် သည်းချာ သားတော်ငယ် ပျောက်ဆုံးနေသည့် အတွက်ကြောင့်လည်း ပို၍မခံ မရပ်နိုင်အောင် ဖြစ်နေသည်။

"အရှင်မင်းကြီး ကလိင်္ဂပြည်သူတွေ ကလိင်္ဂစစ်တပ်နဲ့ ပေါင်းမိသွား ကြပါပြီ။ ကလေးသူငယ်ကအစ စစ်မြေပြင်ထွက်ပြီး ခုခံတိုက်ခိုက်နေကြတယ်။ မိန်းမသားများကလည်း ရရာလက်နက်စွဲပြီး တိုက်ပွဲဝင်နေကြတယ်။ အထောက်တော်များဆီက ရတဲ့သတင်းအရ မြို့ပြင်မှာရှိတဲ့ကျေးရွာတွေက တောင်သူလယ်သမားတွေ လက်နက်ကိုယ်စီနဲ့ မဂဓစစ်တပ်ကို ခုခံတိုက်ခိုက်ဖို့ ချီတက်လာနေပြီလို့ သိရပါတယ်။ ကလိင်္ဂတစ်တိုင်းလုံး တစ်ပေါင်းတည်း၊ တစ်စည်းတည်း ဖြစ်သွားကြပါပြီ အရှင်မင်းကြီး"

အသောကမင်းကြီးသည် လက်သီးဆုပ်လိုက်သည်။ အံကြိတ်လိုက် သည်။

"ဒီဘာမှမမှုလောက်တဲ့ လက်တစ်ဆုပ်စာ ကလိင်္ဂစစ်တပ်ကို နိုင်အောင်မတိုက်နိုင်တာ သင်သေနာပတိ ကြီးမှူးကွပ်ကဲတဲ့ မဂဓစစ်တပ် အတွက် ရှက်ဖွယ်မကောင်းဘူးလား သေနာပတိ"

အသောကမင်းကြီးက ဒေါသဖြင့် ဘယ်လိုပြောပြော သေနာပတိ မိဂမန္ဒကမှု တစ်စုံတစ်ရာ ထူးခြားမှုဖြစ်မလာပေ။

"အရှင်မင်းကြီး မကြာခင်မှာပဲ မဂဓစစ်တပ် ပြန်ဆုတ်ရဖို့ရှိနေပါ တယ်"

http://www.linhtet.com



"သေနာပတိ၊ သင် ကွပ်ကဲနိုင်စွမ်းမရှိလျှင် ကျုပ်ကိုယ်တိုင် မဂဓစစ်တပ်ကို ကွပ်ကဲမယ်။ ပွဲတိုင်းအောင် မဂဓစစ်တပ်ကြီး ပြန်ဆုတ်ခွာရမယ်ဆိုရင် ရာဇဝင်ရိုင်းလိမ့်မယ်။ ကလိင်္ဂ ဘယ်လောက်ခေါင်းမာနိုင်သလဲဆိုတာ စောင့်ကြည့် သေနာပတိ"

ဘုရင်အသောကကိုယ်တိုင် ဆင်ပေါ်တက်လိုက်သည်။ ဆင်ဦးစီး၏ လက်ထဲက ချွန်းသည် မုန်ယစ်နေသည့် ဆင်ကြီး၏ဦးခေါင်းတွင် စိုက်ဝင်သွားသည်။ ဆင်ကြီးသည် အရှိန်အဟုန်ဖြင့် ရှေ့ချီတက်သွားသည်။ တပ်သားများအတွင်း ထွင်းဖောက်ချီတက်သွားသော ဆင်ကြီးသည် လှိုင်းလုံးကြီးများ တလိမ့်လိမ့်တက်နေသည့် ပင်လယ်သမုဒ္ဒရာအတွင်း ဧရာမသင်္ဘောကြီး ခုတ်မောင်းသွားသည်နှင့် တူနေသည်။ ဘုရင်မင်းကြီးကိုယ်တော်တိုင်ကို တွေ့မြင်ကြရသဖြင့် မဂဓစစ်သည် တပ်သားများသည် အားသစ်ဝင်လာကြသည်။

ထိုအချိန်တွင် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်နေသော ကလိင်္ဂဘုရင့်သားတော်သည် သွေးရဲရဲ သံရဲရဲနှင့် ကိုယ်ခန္ဓာတစ်ခုလုံး ဒဏ်ရာအပြည့်ဖြစ်နေပြီ။ သို့သော် အားမလျှော့၊ မိမိစီးထားသည့် ဆင်ကိုရှေ့တက်စေပြီး အော်ပြောလိုက်လေသည်။

"ဟယ် . . . မဂဓဘုရင်၊ လာ . . . ရှေ့တက်ခဲ့။ သင် မဂဓဘုရင် ဇာတ်သိမ်းရတော့မယ့်အချိန် ရောက်လာပြီ"

ဘုရင်မင်းကြီးသည် လေးတွင် မြားတပ်လျက် 'ဟယ် . . . ကလိင်္ဂဘုရင်သားတော်။ ဇမ္ဗူဒိပ်မှာရှိတဲ့ ထီးဆောင်းမင်းမှန်သမျှကို ငါ့ရှေ့မှာပြားပြားဝပ်အောင် ငါလုပ်ခဲ့ပြီးပြီ။ သင်က အခုမှ နို့သက်ကုန်ခါစရှိသေးတယ်။ ငါ့ကို အန်တုမယ် ကြံသလား။ သင့်ကို ဆုံးမပြလိုက်မယ်။ လာ ရှေ့တက်ခဲ့"

အသောက မြားတစ်စင်းလွှတ်လိုက်သည်။ ကလိင်္ဂဘုရင့်သားတော်က ဘုရင်အသောက ပစ်လိုက်သည့်မြားကို ဒိုင်းဖြင့် ခံလိုက်လေ၏။ မြားသည် ဒိုင်းကို ဒေါက်ခနဲ ထိမှန်လျက် လွင့်စင်ကျသွားသည်။ ဒုတိယအကြိမ်ဘုရင်အသောကက တစ်ပြိုင်တည်း မြားနှစ်စင်းကို လွှတ်လိုက်ပြန်သည်။ ကလိင်္ဂဘုရင့်သားတော်သည် အသောက၏မြားနှစ်စင်းကို မြားဖြင့်ပစ်ပြီး တခြားဖယ်ထုတ်ပစ်လိုက်ပြန်သည်။ ဘုရင်အသောက အကြီးအကျယ်ဒေါသ ထွက်လာသည်။ ဆင်ဦးစီးကို ချွန်းအဖွင့်ခိုင်းလိုက်သည်။ ဆင်ကြီးရှေ့တိုးသွားသည်။ ဘုရင်အသောကကို တွေ့ရသောအခါ မဂဓစစ်တပ်သည် ညာသံပေးလိုက်ကြ၏။ သေရည်တဝသောက်ထားသဖြင့် မူးယစ်နေသည့် ဆင်ကြီးသည် လူသေ

http://www.linhtet.com



အလောင်းများကို နင်းလျက် တောင်တစ်ခြမ်းပြိုပြီး လိမ့်သွားသည့်ပမာ ရှေ့သို့ အဟုန်ဖြင့် တိုးသွားလေသည်။ ဘုရင်အသောကသည် ရှည်လျားတုတ်ခိုင် သော အဲမောင်းကြီးဖြင့် ကလိင်္ဂဘုရင့်သားတော်၏လည်မျိုကို လှမ်းပြီးထိုး စိုက်လိုက်လေသည်။ ကလိင်္ဂစစ်သားများသည် ဟင်ခနဲ . .ဟာခနဲ ဖြစ်သွားကြ သည်။ ကလိင်္ဂသားတော်သည် လျှပ်တစ်ပြက်အတွင်း၌ပင် ဘုရင်အသောက ၏လုံချက်ကို ဒိုင်းဖြင့် ကာကွယ်လိုက်သည်။ ကလိင်္ဂသားတော်သည် အရှိန် လွန်ပြီး ဆင်ပေါ်မှလိမ့်ကျသွားသည်။ မူးမေ့နေသည့် အခြေအနေ၌ သားတော် သည် မဂဓစစ်သားတချို့၏ လက်ထဲရောက်သွားသည်။ အသောကသည် နဖူးမှ စီးကျလာသည့် ချွေးကိုသုတ်လိုက်သည်။

ကလိင်္ဂစစ်သားများ နောက်ဆုတ်သွားကြ၏။ ဆုတ်သွားသော ကလိင်္ဂစစ်သားများနောက်သို့ မဂဓစစ်တပ်က ညာသံပေးပြီး လိုက်ကြသည်။

ထိုခဏ၌ ရန်သူဘက်မှ ဆင်ကြီးတစ်ကောင်သည် တပ်ဦးသို့ ချီ တက်လာသည်။ ဆင်ကြီးပေါ်တွင် ကလိင်္ဂဘုရင်ပါလာသည်။ ဆုတ်သွား သော ကလိင်္ဂစစ်တပ်သည် မိမိတို့၏ဘုရင်ကို တွေ့မြင်ရသည့်အခါ တအား တက်သွားပြီး ပြန်တက်လာကြပြန်သည်။ နှစ်ဘက်သောစစ်တပ်မှ ထွက်ပေါ် လာသည့် ဓားဓားချင်း ခုတ်သံ၊ လှံလှံချင်း ထိသံတို့သည် ကောင်းကင်ယံ၌ ပဲ့တင်ညံနေသည်။ တိုက်ပွဲတစ်ချီ အပြင်းအထန် ဖြစ်ပွားပြန်လေသည်။ စစ် သည်တပ်သားများသည် တစ်ယောက်ပြီးတစ်ယောက် ကျကုန်ကြသည်။ ဘုရင်နှစ်ပါးသည် အကြိတ်အနယ် စီးချင်းတိုက်နေကြသည်။ ထိုအခိုက် ကလိင်္ဂမိဖုရားကြီးသည် မြင်းစီးလျက် တခြားမိန်းမပေါင်းများစွာနှင့်အတူ စစ်မြေပြင်သို့ရောက်လာသည်။ မိဖုရားဦးစီးသည့် မိန်းမတပ်က ထိုးဖောက် ဝင်ရောက်တိုက်ခိုက်လိုက်သည့်အတွက် မဂဓတပ်သားများရှဲသွားကြသည်။ သေနာပတိ မိဂမန္ဒအမှူးပြုသော တပ်သားများစွာတို့သည် မိန်းမတပ်ကို နောက်ဘက်မှ အတင်းဝင်ပြီး ခုတ်ထစ်သတ်ဖြတ်ကြလေသည်။ မိန်းမများ သည် ငှက်ပျောပင်ကို ဓားဖြင့်ပိုင်းချလိုက်သကဲ့သို့ တစ်ယောက်ပြီးတစ်ယောက် အတုံးအရုံးဖြစ်ကုန်ကြသည်။ ထိုအခိုက် ဘုရင်အသောက ပစ်လွှတ်လိုက်သည့် လှံသည် ကလိင်္ဂဘုရင် ရင်ညွန့်တည့်တည့် စိုက်ဝင်သွားလေသည်။ အရွယ် ထောင့်နေပြီဖြစ်သည့် ကလိင်္ဂဘုရင်သည် ရှေ့ကုန်းနှီးပေါ် လဲကျသွားလေ သည်။ ကလိင်္ဂတပ်သားများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ထိုအခိုက် နောက်ဘက်ဆီမှ အသံတစ်သံ ပေါ်လာသည်။

http://www.linhtet.com



"ကလိင်္ဂသူရဲကောင်းတို့ သတိရှိကြ၊ နောက်ပြန်မဆုတ်နဲ့၊ ရှေ့ချီတက်"

မည်သူ့အသံဖြစ်သည်ကို အသောကမင်းကြီး မသိပေ။ ကလိင်္ဂစစ်တပ်သည် နောက်ပြန်မဆုတ်ဘဲ ကြွံကြွံခံနေသည်။ ကြည့်ရင်း ကြည့်ရင်း ဆည်းဆာချိန်ရောက်လာသည်။ သေနာပတိ မိဂမန္ဒသည် မြင်းကို နှင်လျက် ဘုရင်အသောကအနီး ကပ်လာ၏။

"အရှင်မင်းကြီး"

ဘုရင်အသောက လှည့်ကြည့်သည်။

"ဆည်းဆာချိန်တောင် ရောက်လာပြီ၊ အရှင်မင်းကြီး နားဖို့တော်ပါပြီ"

ဘုရင်အသောကသည် နီရောင်သမ်းနေသည့် ကောင်းကင်ပြင်ကို မော့ကြည့်လျက် . . .

"ကလိင်္ဂဘုရင်ကျဆုံးပြီး ကလိင်္ဂဘုရင့်သားတော် လက်ရဖမ်းမိပြီးတဲ့နောက် ကလိင်္ဂစစ်တပ်ကို ဘယ်သူဦးဆောင်နေသလဲ"

"အရှင်မင်းကြီး၊ ကလိင်္ဂစစ်တပ်ဟာ သူ့ဘာသာသူပဲ ဦးဆောင်နေပါတယ်"

"မိဖုရားကြီး ဦးဆောင်နေတာများလား"

"မဟုတ်ပါ အရှင်မင်းကြီး၊ ကလိင်္ဂနန်းတွင်းသူတွေ အားလုံးတိုက်ပွဲမှာ ကျဆုံးကုန်ကြပါပြီ"

"ကလိင်္ဂဘုရင်တစ်မျိုးလုံး မျိုးပြုတ်သွားပြီးတဲ့နောက် လက်နက်မချကြသေးဘူးလား၊ ခုခံတိုက်ခိုက်နေကြတာ ဘယ်သူတွေလဲ"

"ကလိင်္ဂတစ်တိုင်းလုံးပါ အရှင်မင်းကြီး၊ ဒါပေမယ့် အရှင်မင်းကြီး စစ်မြေပြင်မှာ ရှိနေဖို့ မလိုတော့ပါဘူး။ ကျန်တဲ့အလုပ်ကို မဂဓစစ်တပ်က ဆက်တာဝန်ယူသွားပါလိမ့်မယ်။ အခု စစ်တိုက်ဖို့လည်း မလိုတော့ပါဘူး။ တော်လှန်အံ့ကြွချင်တဲ့ လူတွေကို နှိမ်နင်းဖို့လောက်ပဲ ကျန်ပါတော့တယ်"

ဘုရင်အသောကစီးသည့် ဆင်ကြီးသည် ယာယီတဲနန်းရှိရာသို့ ပြန်သွားလေသည်။

*

http://www.linhtet.com



( ၂ )

တစ်ညဥ့်လုံး တချွင်ချွင်မြည်နေသည့် ဓားဓားချင်းထိသံများကိုသာ ကြားယောင်နေသည်။ ယနေ့ညလို အိပ်မပျော်သည့်ညဟူ၍ တစ်ခါမှမရှိဘူးခဲ့။

ဘုရင်ကွယ်လွန်သွားပြီ။ ဘုရင်အနွယ်လည်း မျိုးပြုတ်သွားပြီ။ သို့သော် ကလိင်္ဂပြည်သူပြည်သားတို့သည် စစ်တိုက်မရပ်ကြသေးပေ။ ဤစစ်သည် ဘုရင့်အတွက် မဟုတ်ပေ။ ကလိင်္ဂတိုင်းပြည်အတွက်သာ ဖြစ်သည်။ နို့စို့ကလေးများသည် ငိုကြွေးနေကြသည်။ သို့သော် ယနေ့ သူတို့၏မိခင်များသည် သူတို့ကို နို့တိုက်ချိန်မရ။ ရန်သူရှိရာသို့ အိမ်အပေါ်ထပ်မှ ရေနွေးပူလောင်းချနေကြရသည်။ မီးတုတ်ပစ်နေကြရသည်။ နေရာအနှံ့အပြား၌ မီးဟုန်းဟုန်းတောက်နေသည်။ မဂဓစစ်တပ်သည် မြို့ကို လုယက်ဖျက်ဆီးနေသည်။ လူသေအလောင်းများရှိရာသို့ ပျံကျလာရန် ကောင်းကင်တစ်ခွင်၌ လင်းတများ ပျံဝဲနေကြသည်။ ပြန်လှန်ခုခံသည့် ပြည်သူပြည်သား မြို့သူမြို့သားတို့သည် မဂဓစစ်သားများ၏ လက်ချက်ဖြင့် အတုံးအရုံးဖြစ်ကုန်ကြပြီ။ နေရာအနှံ့အပြား၌ အလောင်းချင်းထပ်နေသည်။

ဘုရင်အသောကသည် တစ်ညလုံး မျက်လုံးကြောင်နေသည်။ မိုးသာ စင်စင်လင်းသွားသည်၊ တစ်ရေးမှ အိပ်မပျော်။ ယာယီတဲနန်းအတွင်းသို့ စစ်သေနာပတိ မိဂမန္ဒဝင်လာသည်။ တစ်ကိုယ်လုံး ဒဏ်ရာအပြည့်နှင့်။

"အရှင်မင်းကြီး"

သေနာပတိ၏အသံသည် တိမ်ဝင်နေသည်။ ဘုရင်အသောကက သေနာပတိကို ကြောင်ကြည့်နေမိသည်။

"ဘာလဲ သေနာပတိ"

"ကလိင်္ဂ လက်နက်ချလိုက်ပါပြီ အရှင်မင်းကြီး"

ယင်းသို့ပြောပြီးလျှင် သေနာပတိသည် ဒယိမ်းဒယိုင်ဖြစ်နေသည့်အတွက် ယာယီတဲနန်းတိုင်ကို လှမ်းကိုင်ထားလိုက်ရသည်။ ဘုရင်မင်းကြီးက သေနာပတိကို ဖမ်းထိန်းထားလိုက်၏။ အတန်ငယ်ကြာသောအခါ ဘုရင်အသောကသည် တဲနန်းအပြင်ဘက် ထွက်လာသည်။ တဲနန်းအပြင်ဘက်၌ သားတော်ဇာလောကက သူ့ခမည်းတော်ကို ဦးညွှတ်လိုက်သည်။ ခမည်းတော်နှင့် သားတော်နှစ်ဦးလုံး ညကအိပ်မပျော်သဖြင့် မျက်လုံးနီရဲနေ၏။ ဘုရင်မင်းကြီးက မေးလိုက်သည်။

http://www.linhtet.com



"ကလိင်္ဂ ခေါင်းထောင်နိုင်သေးလား သားတော်"

"ကလိင်္ဂ တစ်တိုင်းလုံး ဦးကျိုးသွားပါပြီ ခမည်းတော်အရှင်မင်းကြီး"

သားတော်ဇာလောကသည် ယင်းသို့ပြောလျက် ပြန်ထွက်သွားသည်။ ဘုရင်မင်းကြီး တဲနန်းတွင်း ပြန်ဝင်လာသည်။ စားတော်ကဲက ဘုရင်မင်းကြီးပွဲတော်တည်ရန် ပွဲတော်အုပ်ယူလာသည်။ ပွဲတော်အုပ်ပြန်ယူသွားရန် ဘုရင်မင်းကြီးက စားတော်ကဲကို လက်ပြလိုက်သည်။ စားတော်ကဲသည် ဘာမျှပြန်မလျှောက်တင်ရဲပေ။ ပွဲတော်အုပ်ကို ပြန်ယူသွားသည်။ ဘုရင်မင်းကြီးသည် ယာယီတဲနန်းတွင်း၌ ကျားကြီးတစ်ကောင်ပမာ လှည့်ပတ်လျှောက်နေသည်။ ယနေ့ ဘယ်သို့ဘယ်ပုံ ဖြစ်နေသည်မသိ။ သူ၏ရက်စက်ကြမ်းတမ်းမှုသည် သူ့ကို ဂနာမငြိမ်အောင် ပြုမူဖန်တီးနေသည်။

မဂဓစစ်သားများသည် အပြစ်မဲ့သည့် ကလိင်္ဂပြည်သူများကို ရက်ရက်စက်စက် သတ်ဖြတ်နေကြသည်။ အလောင်းများ တောင်ပုံယာပုံဖြစ်နေသည်။ ခေါင်းပြတ်များ မြေပြင်ပေါ် ပြန့်ကျဲနေကြသည်။ လည်ပင်းပြတ်များမှ သွေးများပန်းထွက်နေသည်။ ခပ်စောစောက အသတ်ခံရသူများ၏ သွေးများမှာမူ သွေးစေးခဲ ဖြစ်ကုန်ကြပြီ။ ငယ်သံပါအောင် အော်ဟစ်နေသည့် အချို့ ကလိင်္ဂ အရပ်သားတို့၏အသံသည် မဂဓစစ်သားများ၏ဒေါသကို နှိုးဆွပေးနေ သကဲ့သို့ရှိသည်။

တောခွေးနှင့် တောတိရစ္ဆာန်များရောက်လာကြပြီ။ လင်းတငှက်ကြီးများလည်း အလောင်းများဘေး၌ အစုလိုက်အပြုံလိုက်ရောက်နေကြပြီ။ အလွန်တရာ တုန်လှုပ်ချောက်ချားဖွယ်ကောင်းသည့် မြင်ကွင်းပါကလား။

ဘုရင်မင်းကြီး၏ ယာယီတဲနန်း တင်းတိမ်ဟသွားသည်။

"ဘယ်သူလဲ"

"သားတော်ပါ ခမည်းတော်"

သားတော်ဇာလောက ယာယီတဲနန်းတွင်း ဝင်လာသည်။

ထိုအချိန်၌ ကလိင်္ဂနန်းတော်သည် မီးဟုန်းဟုန်းတောက်နေသည်။ မဂဓစစ်သားများသည် ကလိင်္ဂမင်းမျိုးမင်းနွယ်ကို ကျူပင်ခုတ်ကျူငုတ်မကျန်အောင် သုတ်သင်ရှင်းလင်းပစ်လိုက်ကြသည်။ ဘုရင့်ဘဏ္ဍာများကိုလည်း လုယူသိမ်းပိုက် လိုက်ကြသည်။ မီးတောက်မီးလျှံကြီးသည် ခေတ်အဆက်ဆက်က ခမ်းနားထည်ဝါစွာ တည်ရှိလာခဲ့သည့် ကလိင်္ဂထီးနန်းကြီးကို ဝါးမျိုနေလေပြီ။ လူနေရပ်ကွက်များ၌လည်း မီးတောက်မီးလျှံများ ဝေဟင်သို့ ထိုး

တက်နေကြသည်။ မြို့တွင်းနေရာအနှံ့အပြားၰကား မြင်းစီးတပ်သားများ သည် သွားစရာလမ်းကွက်လပ်မရှိသဖြင့် လူသေအလောင်းများအပေါ်ကပင် မြင်းနှင့်လမ်းသလားနေကြသည်။

ဘုရင်အသောကက သားတော်ဇာလောကအား မေးလိုက်သည်။

"သားတော် တိဝရအလောင်းကို ရှာလို့တွေ့ပြီလား"

"မတွေ့သေးပါဘူး ခမည်းတော်၊ တပ်သားတွေ ရှာဖွေနေကြတုန်း ပါပဲ"

"ငါ့သားတော် အလောင်းကို ငါကိုယ်တိုင်ရှာမယ်"

*

"ဒီမှာရှာကြည့်ကြစမ်း"

သားတော်ဇာလောကသည် လူသေအလောင်း ပုံတစ်ပုံအနီးၰရပ်လျက် တပ်သားများအား အမိန့်ပေးလိုက်သည်။ သားတော်၏နောက်တွင် အသောကမင်းကြီးနှင့် တပ်မှူးများရပ်နေကြသည်။ လူသေအလောင်းများကို တစ်လောင်းပြီးတစ်လောင်းဖယ်လျက် သားတော်တိဝရ၏အလောင်းကို ရှာကြသည်။ သို့သော် ဤမျှတောင်ပုံရာပုံဖြစ်နေသည့် အလောင်းများကြားထဲတွင် အလောင်းတစ်လောင်းကို ရှာရသည်မှာ အပ်ပျောက်ရှာနေရသည်နှင့်တူနေသည်။ တွေ့ရန်ခက်ခဲလှပါဘိ။

"အရှင်မင်းကြီး ဒီမြို့စွန်မှာတော့ ရှာတာနဲ့နေပါပြီ"

သေနာပတိ မိဂမန္ဒက ပြောလိုက်သည်။

အသောကအမှူးရှိသော သေနာပတိများ၊ တပ်မှူးများသည် မြို့အတွင်းဘက်လာကြသည်။ လမ်းပေါ်ၰအလောင်းချင်းထပ်နေသည်။ ဘုရင်မင်းကြီးလည်း ဆင်ပေါ်မှဆင်းပြီးလျှောက်လာသည်။ သူ့ရင်ဘတ်တွင် သံချပ်မိန်ညိုဝတ်ထားသည်။ ဦးခေါင်းတွင် ရွှေမကိုဋ်ဆောင်းထားသည်။ ရွှေမကိုဋ်တွင် စီခြယ်ထားသည့် စိန်များသည် အရောင်တဖိတ်ဖိတ်တောက်နေကြသည်။

ကောင်းကင်ၰ ငှက်များပျံဝဲနေကြသည်။

အချို့ကအနက်၊ အချို့က အဖြူ လင်းတငှက်များလည်းပါသည်။ ငှက်များသည် လူသေအလောင်းများ ကို တဝစားပြီးသွားကြပြီဖြစ်၍ ကောင်းကင်တွင် ပျံဝဲနေကြသည်။ ငှက်များနှင့် တိရစ္ဆာန်များအတွက်

http://www.linhtet.com



လူသေအလောင်းများမှာ စားမကုန် သောက်မကုန် ဖြစ် နေသည်။

ဘုရင်အသောကသည် ပတ်ဝန်းကျင်မြင်ကွင်းကို တွေ့ရသဖြင့် ချောက်ချားလာသည်။ ကလိင်္ဂတိုင်းသားများသည် အားလုံးပင် ရှုံးသွပ်နေသလော။ ဘာကြောင့် ယခုလိုအသက်စွန့်ပြီးခုခံ တိုက်ခိုက်ကြသနည်း။ စိတ်ထဲတွင် ဝေခွဲမရဖြစ်နေသည်။ ဘုရင်မင်းကြီးသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ အိမ်ပျက်အဆောက်အအုံပျက်များထဲက မီးခိုးတလူလူထွက်နေသည်။ သားတော်တိဝရအလောင်းကို ပိုက်စိပ်တိုက်ရှာနေသည့် တပ်မှူးများ၊ တပ်သားများ၏ ခြေသံမှတစ်ပါး အခြားဘာသံကိုမှ မကြားရ။ တပ်သားများ၏ ခြေသံသည်သာလျှင် ပတ်ဝန်းကျင်၌ ပဲ့တင်ထပ်နေသည်။ ထိုအခိုက် ထူးခြားသည့် အသံတစ်သံ ထွက်ပေါ်လာသည်။ အသောက လန့်သွားသည်။ တပ်မှူးတစ်ယောက်က ခဲနှင့်လှမ်းပေါက်လိုက်သည်။ ဇီးကွက်ကြီးတစ်ကောင်သည် အသောကတို့ရှိရာဘက် တစ်ချက်လှမ်းကြည့်ပြီး ထပျံသွားလေသည်။

ထိုအတွင်း အဆောက်အအုံပျက်ထဲက ငိုသံတစ်သံ ထွက်ပေါ်လာပြန်သည်။ ငိုသံမှာ သဲ့သဲ့မျှသာဖြစ်သည်။ အသောကအံ့အားသင့်သွားသည်။ တိတ်ဆိတ်ငြိမ်သက်နေသည့် ဤပတ်ဝန်းကျင်၌ ယင်းငိုသံမှာ သဲ့သဲ့မျှသာဖြစ်သော်လည်း ထူးခြားနေသည်။ လူသူကင်းမဲ့သည့်နေရာ၌ လူတစ်ယောက်၏ အသံဖြစ်နေသည် မဟုတ်လော။ သက်ရှိတစ်ဦး၏အမှတ်လက္ခဏာ ဖြစ်နေသည် မဟုတ်လော။ အသောက ကျေနပ်အားရသလိုလိုဖြစ်သွားသည်။ မိမိ၏ အနိုင်ရမှုကို သတိရလာသည်။ မိမိ၏အောင်မြင်မှုကို သဘောပေါက်လာသည်။ စစ်နိုင်သူတို့သည် အောင်ပွဲခံကြသည်။ ယင်းသို့အောင်ပွဲခံနိုင်ရန်အတွက် တစ်ဘက်ကစစ်ရှုံးသူ ရှိနေရမည်။ လူသေအလောင်းများအပေါ် အောင်ပွဲခံနေ၍ ဘာအရသာတွေ့မည်နည်း။ မိမိ၏စည်းစိမ် မိမိ၏အာဏာကို အားကျသူ မနာလို မရှုစိမ့်သူမရှိပါက ဘယ်သူ့အပေါ်သွားပြီး ကြွားဝါမည်နည်း။ ဘယ်သူ့အပေါ်သွားပြီး အာဏာပြမည်နည်း။ ယခုအသောကအတွက် အောင်ပွဲခံနိုင်ရန် ရှုံးသူ၏ကိုယ်စား သက်ရှိအမှတ်လက္ခဏာတစ်ခုကို တွေ့နေရပြီ။

အသောကရှေ့တိုးသွားသည်။ စစ်သားများက ကျောက်ခဲ၊ အုတ်ခဲများကိုဖယ်ပြီး လမ်းရှင်းပေးသည်။ လူသွားလမ်းဖြစ်သွားသည်။ သေနာပတိဓားကိုင်ပြီးရှေ့မှသွားသည်။ သေနာပတိနောက်က ဘုရင်မင်းကြီး၊ ဘုရင်မင်းကြီးနောက်မှ သားတော်ဇာလောကနှင့်တပ်မှူးများ၊ တပ်သားများ။

အသံလာရာ အဆောက်အအုံပျက်အတွင်း ဝင်ကြည့်သောအခါ

http://www.linhtet.com



ကလေးငယ်တစ်ယောက် ငိုနေသည်ကိုတွေ့ရသည်။ ကလေးငယ်သည် သူ့ထံ လာသောသူများကိုတွေ့ရသည့်အခါ ပိုပြီးငိုသည်။ ကလေးငယ်သည် အဖေ အမေရှေ့၌ခွဲတတ်နွဲ့တတ်သည်။ ထိုလူမမယ်ကလေးငယ်သည် တခဏ အလွန်က တစ်ကိုယ်တည်း အားကိုးရာမဲ့ဖြစ်ပြီး ငိုနေသည်။ သို့သော် သူယခု ငိုနေသည်မှာ မကြာမီက ငိုနည်းမျိုး မဟုတ်ပေ။ သားသားကိုပစ်ပြီး ဘယ်သွား နေကြတာလဲဟု အဖေထင်နေသူများအား အပြစ်တင်သည့်ပုံဖြင့် ငိုနေခြင်းဖြစ် သည်။ ဤကမ္ဘာပျက်ထဲတွင် ဤကလေးငယ်တစ်ယောက် အသက်မသေဘဲ ကျန်နေခဲ့ပါကလား။

အသောကသည် ကလေးငယ်ကို မမိုတ်မသုန် ကြည့်နေသည်။ ကလေးငယ်သည် လူသတ်ဘုရင်ကြီးအသောကရှေ့မှောက် ရောက်နေသော် လည်း အကြောက်အရွံ့လုံးဝမရှိပေ။ ကလေးငယ်သည် ရန်သူမိတ်ဆွေ ခွဲခြား မသိတတ်သေးပေ။ သူသိသည်မှာ လူကိုသာ။ ရန်သူဖြစ်ဖြစ်၊ မိတ်ဆွေဖြစ်ဖြစ် သူ့ရှေ့တွင် ဘာမှမထူးခြား။ အားလုံးလူသာလျှင်ဖြစ်သည်။

ထိုအချိန်၌ စစ်သားတစ်ယောက်သည် ဓားကိုင်လျက် ရှေ့တိုးသွား သည်။

နောက်ဘက်မှ သေနာပတိက "အဆိပ်မျိုးစေ့လေး ကျန်နေသေး တယ်" ဟု ပြောလိုက်လေသည်။

အချို့က ရယ်ကြသည်။ သို့သော် အသောကမရယ်၊ မျက်နှာတည် နေသည်။

"ကံဆိုးလှတဲ့ ကလေးငယ်ကလေးရဲ့အမေက ကလိင်္ဂအတွက် ကလေးကို ပစ်ထားခဲ့တယ်မဟုတ်လား။ ဒါပေမယ့် ကလိင်္ဂနယ်မြေဟာ အခု ကလေးရဲ့ အောင်ခွန်းအောင်သံ ပွဲတင်ညံနေတယ်"

ဘုရင်အသောက၏ နှုတ်ကထွက်လာသည့် စကားကို မည်သူမှ အဓိပ္ပာယ်နားမလည်ကြ။ စစ်သားက ကလေးကိုရှင်းပစ်ရန် ဓားမိုးလိုက်သည်။

"ကလေးကို မသတ်နဲ့" အသောကအချိန်မီ ဟန့်တားလိုက်သည်။

"ကလေးပေမယ့်ရန်သူပဲ အရှင်မင်းကြီး" သေနာပတိက သတိပေး သည်။

ထိုအခိုက် ကလေးငယ်သည် ရှိုက်ရှိုက် ငိုလေသည်။ ဘုရင် အသောကသည် ရှေ့တိုးသွားပြီး ကလေးကို ကောက်ချီလိုက်သည်။ လူ၏ အသားအရေကို ထိတွေ့ရသဖြင့် ကလေးငယ်သည် အသိဝင်လာသည်။

http://www.linhtet.com



အသောကဧ၏လည်ပင်းကို ဖက်တွယ်လျက် ရှိုက်ကြီးတငင် ငိုလေတော့သည်။ အသောကက ကလေးကိုချော့သည်။

ကလေးကိုသတ်ပစ်ရန် ရှေ့တိုးသွားသောစစ်သားသည် နောက်ပြန်ဆုတ်လိုက်သည်။ ဘုရင်မင်းကြီးကို အကဲမခတ်တတ်အောင် ဖြစ်နေသည်။ ထိုစစ်သားမျှသာမက ဘယ်သူမှဘုရင်မင်းကြီးကို အကဲမခတ်တတ်ကြ၊ အသောကသည် ကလေးကိုချီပြီး အဆောက်အအုံပျက်ထဲက ထွက်လာခဲ့ သည်။

"နို့ရှာယူလာခဲ့ကြစမ်း"

ဘုရင်မင်းကြီး၏အမိန့်ကို ကြားရသည်ဖြစ်၍ စစ်သားအချို့ပြေးထွက်သွားကြသည်။ မကြာမီ နို့ဆောင်ကြဦးလာကြသည်။ ဘုရင်မင်းကြီးသည် နို့ခွက်ကို ကိုယ်တိုင်ကိုင်လျက် ကလေးငယ်အား တိုက်သည်။ ကလေးငယ်သည် အသောကတိုက်သည့်နို့ကို မသောက်။ မျက်နှာတစ်ဘက်လှည့်ထားသည်။ သားသားကိုပစ်ထားခဲ့ပြီး ဘယ်သွားနေတာလဲဟု စိတ်ကောက်နေဟန်တူသည်။ အသောကသည် စိတ်ကောက်နေသူ ကလေးငယ်၏ ထော်လော်ကန့်လန့်လုပ်မှုကို ချစ်စဖွယ် ထင်မှတ်လျက် ကလေးငယ်၏ပါးကို တစ်ချက်နမ်းလိုက်သည်။ ထို့နောက် နို့ခွက်ကို ကလေး၏ပါးစပ်တွင် တော့ပေးလိုက်ပြန်သည်။ ထိုအခါကျမှ ကလေးက နို့ကို သောက်လေသည်။

ထိုအချိန်၌ ခပ်လှမ်းလှမ်းဆီမှ လေးနက်တည်ငြိမ်သော အသံများထွက်ပေါ်လာလေသည်။

***"နဟိ ဝေရေန ဝေရာနိ၊***
***သမ္မန္တီဓ ကုဒါစနံ၊***
***အဝေရေနစ သမ္မန္တိ၊***
***သေဓမ္မော သနန္တနော"***

သေနာပတိသည် သားတော်ဇာလောကကို ကြည့်လိုက်သည်။ သားတော်ဇာလောကက ခမည်းတော်ဘုရင်မင်းကြီးကို လှမ်းကြည့်သည်။ ဘုရင်မင်းကြီးကမူ နို့သောက်နေသည့် ကလေးငယ်၏ကြည်လင်သန့်စင်သည့် မျက်ဝန်းတွင် ပေါ်နေသည့်အပြုံးရိပ်ကို စိုက်ကြည့်နေသည်။ ဘုရင်မင်းကြီးတွင်လည်း သားတော်များရှိသည်။ သားတော်များကို ချစ်လည်းချစ်သည်။ သို့

http://www.linhtet.com



သော် ယခုကဲ့သို့ ဖခင်မေတ္တာအသိကို သိရှိခံစားချိန် ဘယ်တုန်းက ရရှိခဲ့ဖူး သနည်း။

သားတော်ဇာလောကသည် သေနာပတိဘက် မျက်နှာလှည့်သွား သည်။ ခပ်လှမ်းလှမ်းမှအသံများ တစ်စထက်တစ်စ နီးကပ်လာသည်။ ဘုရင် မင်းကြီးက ခေါင်းမော့ပြီး မေးလိုက်လေ၏။

"ဘာသံတွေလဲ"

သားတော်ဇာလောက အဖြေပြန်မပေးတတ်အောင် ဖြစ်နေသည်။ ဘုရင်မင်းကြီး၏မျက်နှာတွင်ကား ကျေနပ်သည့် အရိပ်အရောင် သမ်းနေသည်။

ပါးစပ်နှင့်နို့ခွက် အတန်ငယ်ကွာသွားသည်နှင့် ကလေးငယ်က ဝါးခနဲ ငိုပြန်လေသည်။

"အလို ဘာဖြစ်လို့ငိုရပြန်တာလဲ၊ ဩော် . . . မေ့သွားလို့၊ မေ့သွားလို့၊ ကဲ . . . ရော့ သောက်"

ဘုရင်မင်းကြီးသည် နို့ခွက်ကို ကလေးပါးစပ်တွင် တေ့ပေးလိုက်ပြန် သည်။ ကလေးငယ်သည် ဘုရင်မင်းကြီး၏လက်ကို သူ၏နူးညံ့သည့်လက် ကလေးနှင့်ဆုပ်ကိုင်ပြီး နို့ကိုသောက်နေသည်။

ခပ်လှမ်းလှမ်းမှအသံများ တစ်ဖန် ဝေ့လာပြန်သည်။

***"နဟိ ဝေရေန ဝေရာနိ***

***သမ္မန္တီဓ ကုဒါစနံ"***

ဤတစ်ကြိမ်၌မူ ဘုရင်မင်းကြီးသည် သေနာပတိကို လှမ်းကြည့် လိုက်သည်။ သေနာပတိသည် ဘုရင်မင်းကြီး၏အမူအရာကို ရိပ်မိသည်ဖြစ်၍ အသံကြားရာဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ တရားဂါထာကို ရွတ်ဆိုသူ များ နီးကပ်လာသည်။

"အရှင်မင်းကြီး ရဟန်းတွေပါ"

"ရဟန်းတွေ ဟုတ်လား။ ရဟန်းတွေက ဒီစစ်မြေပြင် ဘာလာလုပ် နေကြတာလဲ"

"ဒဏ်ရာရတဲ့လူနာတွေကို ပြုစုကုသပေးနေကြတယ်။ လူနာကိုပြုစု ယင်းနဲ့ တရားဓမ္မ ရွတ်ဆိုနေကြခြင်း ဖြစ်ပါတယ်"

ဘုရင်မင်းကြီး တွေသွားသည်။

ကလေးငယ် နို့သောက်ပြီးသွားပြီ။ နို့ဝသွားသော ကလေးငယ်သည် ဘုရင်မင်းကြီး၏ရင်ခွင်၌ပင် ရှိနေသည်။ ဘုရင်မင်းကြီးသည် ယာယီတဲနန်းသို့

http://www.linhtet.com



ပြန်လာခဲ့သည်။ ယာယီတဲနန်းရောက်သောအခါ ဘုရင်မင်းကြီး၏အမိန့်ဖြင့် စားတော်ကဲသည် စစ်တပ်ကချေသည်များနှင့်အတူ ပါလာသည့်အထိန်း မိန်းမကြီးတစ်ဦးကို ရှာပေးသည်။ ထိုမိန်းမကြီးသည် ကလေးကြည့်သည့်တာဝန်ယူရသည်။ ဘုရင်မင်းကြီးက အမိန့်ပေးလိုက်သည်။

"အထိန်းတော်ကြီး၊ ဒီကလေးကို ကောင်းကောင်းကြည့်ထားပါ။ ဒီကလေးဟာ အောင်ပွဲရ ကလိင်္ဂသားလေး ဖြစ်တယ်။ ဘုရင်ဇကေရာဇ် အသောကအပေါ် ဒီကလေးက အနိုင်ယူလိုက်ပြီ"

အထိန်းမိန်းမကြီးက ဘုရင်မင်းကြီးကို ကြောင်ကြည့်နေသည်။

( ၃ )

ညဥ့်အမှောင်ရောက်လာပြီ။ ခါတိုင်းညနှင့်မတူဘဲ ယနေ့ည ပိုမှောင်မိုက်နေသည်။ ကောင်းကင်တစ်ခွင်၌ သိပ်သည်းထူထပ်သော တိမ်မည်းများ ဖုံးအုပ်နေသောကြောင့် ဖြစ်သည်။ တစ်ချက်တစ်ချက် လက်ခနဲ လက်ခနဲ လျှပ်စီးပြက်နေသည်။ တစ်ကိုယ်လုံး မှောင်မည်းနေသည့် တစ္ဆေသရဲကြီးတစ်ကောင် ဖြူးဖွေးသောသွားကို ဖြဲဖြဲပြနေသည်နှင့်တူနေသည်။ လေအေးကလည်း တဝှီးဝှီးတိုက်ခတ်နေသည်။ ဘုရင်အသောကသည် သလွန်ထက်တွင် စက်တော်ခေါ်နေသော်လည်း အိပ်မပျော်။ သလွန်ထက်မှထလာသည်။ ယာယီတဲနန်းပြတင်းမှ အပြင်ဘက်လှမ်းမျှော်ကြည့်လိုက်သည်။ လျှပ်စီးအပြက်တွင် အဝေး၌ရှိသော ကလိင်္ဂမြို့ပျက်ကြီးကို လှမ်းမြင်ရသည်။

ကလိင်္ဂတစ်မြို့လုံး ငိုကြွေးနေသည်။ မြို့စွန်မြို့ဖျား အချို့ရပ်ကွက်များ၌ အသက်မသေဘဲ ကျန်ရှိနေသူများသည် အတိဒုက္ခရောက်နေကြသည်။ ခိုကိုးရာမဲ့နေကြသည်။ စားစရာလည်း ဆန်မရှိတော့ပေ။ ဝတ်စရာလည်း အဝတ်မရှိတော့ပေ။ မဂဓစစ်သားများ အားလုံး လုယူသွားကြပြီ။ စစ်စခန်းအတွင်းရှိ ယာယီတဲစခန်းများ၌ကား မဂဓစစ်သားများသည် ကျယ်လောင်စူးရှသော အသံဖြင့် သီချင်းတကြော်ကြော် ဟစ်အော်သီဆိုနေကြသည်။ အချို့ယာယီတဲများ၌မူ ကနေသော ကချေသည်တို့၏ ခြေသံချူသံနှင့်ရောပြီး သံသေးသံကြောင်ဖြင့် တဝါးဝါးတဟားဟားအော်နေသည့် စစ်သားများ၏အသံများ အဝီစိ ပွက်နေသည်။ အောင်ပွဲရ စစ်သားများသည် သေရည်အလဲအကွဲ သောက်ထားကြသည်။

http://www.linhtet.com



ရဟန်းတော်တစ်ပါးသည် ယာယီတဲနန်းရှိရာသို့ တရွေ့ရွေ့ လျှောက်လာသည်။ ယာယီတဲနန်းဝ ရောက်လာသောအခါ ရဟန်းတော်က အစောင့်စစ်သားအား ပြောလိုက်သည်။

"စစ်သည်တော်၊ ကျုပ်ဘုရင်မင်းကြီးကို တွေ့ချင်တယ်"

"ဒီအချိန်ကြီးမှာ"

"ဟုတ်တယ် . . . ကိုယ်ကျိုးကိုယ့်စီးပွားအတွက် သွားလာနေသူများသာ အချိန်ကိုကြည့်တယ်။ ကျုပ်အချိန်အခါကို မကြည့်နိုင်ဘူး စစ်သည်တော်"

"ဘုရင်မင်းကြီး စက်တော်ခေါ်နေပါတယ်"

"ကျုပ်လာတဲ့အကြောင်း သွားအကြောင်းကြားပေးစေချင်တယ်"

"ကျွန်ုပ်ကို အမိန့်ပေးမထားဘူး"

"စစ်သည်တော်၊ သင်တစ်ချက်ငြင်းလိုက်ရုံနဲ့ ဒီတစ်ညလူတွေ ဘယ်လောက်ဒုက္ခခံစားရမယ်ဆိုတာ သင်မသိဘူး။ ဘုရင်မင်းကြီးရဲ့ ပြည်သူအတော်များများ ညက ထမင်းငတ်ပြီး သေမတတ် ဖြစ်နေကြရတယ်ဆိုတဲ့အကြောင်း နက်ဖြန် အချိန်လွန်မှကြားတော့ ဘုရင်မင်းကြီး စိတ်ကောင်းနိုင်ပါ့မလား"

"သူတို့ကရန်သူတွေပဲ"

"ဓားရေးပြတ်ခဲ့သူသာ ရန်သူဖြစ်တယ် စစ်သည်တော်။ ဓားရေး၊ လှံရေး စခန်းသိမ်းသွားပြီးတဲ့နောက်တော့ ဘယ်သူက ဘယ်သူ့ရန်သူ ဖြစ်နိုင်ဦးမှာလဲ။ ရဟန်းတော်တစ်ပါး ဘုရင်မင်းကြီးကို အရေးတကြီးတွေ့ချင်နေတယ်လို့ ဘုရင်မင်းကြီးကို သွားအကြောင်းကြားပေးပါ။ တကယ်လို့ ညကြီးမင်းကြီး အချိန်အခါမဟုတ် လာအနှောင့်အယှက်ပေးရမလားဆိုပြီး ဘုရင်မင်းကြီးက အမျက်တော်ရှပြီး ကျုပ်ခေါင်းကို ဖြတ်ရင်လဲ ကျုပ်လည်စင်းခံဖို့ အသင့်ပါပဲ"

ယာယီတဲနန်းတွင်းမှ ဘုရင်အသောကသည် တဲနန်းအပြင်ဘက်က စစ်သားနှင့်ရဟန်း အချီအချ ပြောနေကြသည့် စကားကို တစ်လုံးမကျန်ကြားနေရသည်ဖြစ်၍ ရှေ့တိုးပြီးအပြင်ဘက် လှမ်းကြည့်လိုက်သည်။ ရဟန်းတော်၏မျက်နှာဝန်းသည် မီးရှူးတိုင်၏မီးရောင်အောက်၌ တောက်ပနေသည်။ ဘုရင်ကြီးသည် တင်းတိမ်ကိုလှစ်လျက် . . .

"ရဲမက်၊ ရဟန်းတော်ကို အထဲဝင်ခွင့်ပြုလိုက်"

စစ်သား အံ့အားသင့်သွားသည်။ ရဟန်းဘက်လှည့်၍ ပြောလိုက်သည်။

http://www.linhtet.com



"အထဲကြွနိုင်ပါပြီ"

"စစ်သည်တော်၊ ကျုပ်မပြောဘူးလား။ အပြီးသတ်ကျတော့ ဘုရင်မင်းကြီးလည်းပဲ လူသားတစ်ယောက်သာဖြစ်တယ်။ သင်စစ်သည်တော် စိတ်မကောင်း မဖြစ်ပါနဲ့။ သင့်တာဝန်ဝတ္တရားက ပိတ်ဆို့ရမယ့် တာဝန်ဝတ္တရားဖြစ်တယ်။ ကျုပ်တာဝန်ဝတ္တရားက လမ်းရှင်းရမယ့်တာဝန် ဝတ္တရား ဖြစ်တယ်"

ရဟန်းတော်သည် ပြောပြောဆိုဆို ယာယီတဲနန်းထဲ ဝင်သွားသည်။ ဖန်ရည်သင်္ကန်း ဝတ်ရုံထားသည့် ပိန်ပိန်ပါးပါးရဟန်းတစ်ပါးသည် အသောက ဘုရင်မင်းကြီး၏ ယာယီတဲနန်းအတွင်း ရောက်နေ၏။ ရဟန်းသည် ဘုရင်မင်းကြီးအား ဦးညွှတ် အရိုအသေမပြုပေ။ အကြောင်းမူကား ရဟန်းတို့မည်သည် ဘုရင်ဧကရာဇ်တို့၏ အထက်ကဖြစ်သည်။ ဘုရင်ဧကရာဇ်တို့၏ အပူဇော်ခံ သာဖြစ်သည်။ ဘုရင်အသောကသည် ရဟန်းမျက်နှာတွင် ပေါ်လွင်နေသည့် ငြိမ်းချမ်းတည်ငြိမ်မှုကို ကြည့်ပြီးအံ့သြငေးမောနေသည်။

"အရှင်မင်းကြီး"

ရဟန်းတော်က တည်ငြိမ်ကြွေရွှစွာ အသံပြုလိုက်သည်။ ဘုရင်အသောကသည် ငေးမောနေရာမှ ပြန်လည်သတိရလာ၏။

"ညကြီးအချိန်မတော် ဘယ်လိုအကြောင်းကိစ္စထူးလို့ ကြွလာပါသလဲ ရဟန်းတော်"

"အရှင်မင်းကြီးကို ပင့်ဖိတ်မလို့ လာခဲ့တာပါ"

"ဘာပြောတယ် ရဟန်းတော်"

"အရှင်မင်းကြီး အိပ်လို့မပျော်ဘူးဆိုတာ ကျုပ်သိတယ်။ အစာငတ်ရေပြတ်နေကြတဲ့ လူနာများရဲ့ ညည်းညူသံတွေဟာ လေထဲဝှေ့ပါလာပြီး အရှင်မင်းကြီး အိပ်လို့မရအောင် အနှောင့်အယှက် ပေးနေကြတယ်ထင်ပါတယ်။ အမှန်စင်စစ်ကတော့ သူတို့ခမျာ အရှင်မင်းကြီးကို အနှောင့်အယှက် ဖြစ်စေလိုတဲ့ သဘောနဲ့ ညည်းညူနေကြတာ မဟုတ်ပါဘူး။ သူတို့အခြေအနေကို ကျုပ်အရှင်မင်းကြီးကို ပြချင်ပါတယ်။ သူတို့တစ်တွေဟာ စားရမဲ့သောက်ရမဲ့ ဖြစ်နေကြပါတယ်။ ကျုပ် သူတို့အတွက် ဆွမ်းလာရပ်တာပါ အရှင်မင်းကြီး။ အရှင်မင်းကြီး ကျုပ်နဲ့အတူ လိုက်ခဲ့စေချင်ပါတယ်"

"ဘယ်ကိုလဲ ရဟန်းတော်"

"ကလိင်္ဂမြို့တော် အချို့ရပ်ကွက်တွေမှာ အသက်မသေဘဲ ကျန်နေတဲ့ လူတွေရှိပါသေးတယ်။ သူတို့အခု အရှင်မင်းကြီးကို ရန်တုံ့ပြန်လိုတဲ့ဆန္ဒ

http://www.linhtet.com



မရှိကြတော့ပါဘူး။ မာန်မာနတစ်ခုက မာန်မာနတစ်ခုကို နင်းချေဖျက်ဆီးလိုက်ပါပြီ။ ကိုယ်အနိုင်ရတဲ့ နယ်မြေဒေသကို ကိုယ့်လက်အောက် ရောက်လာတဲ့လူတွေကို အရှင်မင်းကြီး တစ်ကြိမ်တစ်ခါမျှ မရှုသေးပါဘူး။ အနိုင်တိုက်ယူထားတဲ့ နယ်မြေဒေသနဲ့ အရှင်မင်းကြီး လက်အောက်ခံဘဝ ရောက်လာတဲ့ ပြည်သူတွေရဲ့ အခြေအနေကို အရှင်မင်းကြီး တစ်ကြိမ်လောက် ရှုစားစေချင်ပါတယ်"

ဘုရင်အသောကသည် အဆောက်အအုံပျက်ထဲက တွေ့လာခဲ့သည့် ကလေးငယ်ကို ရုတ်တရက် သတိရသွားသည်။

"အသင်ရဟန်းတော်နဲ့ ဘယ်သူပါလာသေးသလဲ"

"ဘယ်သူမှ ပါမလာပါဘူး၊ ကျုပ်တစ်ဦးတည်းလာခဲ့တာပါ"

"ညကြီးအချိန်မတော် စစ်စခန်းက ယာယီတဲနန်းကိုလာတာ သင်ရဟန်းတော် မကြောက်ဘူးလား"

"ဘာလို့ ကြောက်ရမှာလဲ၊ ကရုဏာတရားတောင်းခံလာတဲ့လူဟာ ဓားမသင့်နိုင်ဘူးဆိုတာ ကျုပ်ယုံကြည်စိတ်ချတယ် အရှင်မင်းကြီး"

ဘုရင်မင်းကြီးသည် တစ်စုံတစ်ရာ ဆက်မပြောတော့ဘဲ ရဟန်းတော်နှင့် အပြင်ထွက်လိုက်လာသည်။ အစောင့်စစ်သားလည်း ဘုရင်မင်းကြီးနှင့် ရဟန်းတော်နောက်က ပါလာသည်။ သူ့လက်ထဲက မီးရှူးတိုင်၏အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ဝိုက်၌ လင်းနေသည်။ ထူးခြားသော အခြေအနေကို တွေ့ရသဖြင့် စစ်သားများစုရုံးလာကြသည်။ သားတော်ဇာလောကနှင့် အတူတကွ သေနာပတိနှင့် တပ်မှူးများလည်း ရောက်လာကြသည်။ အားလုံးပင် ဘုရင်မင်းကြီးနောက်က လိုက်ပါသွားကြသည်။

သားတော်ဇာလောက မနေနိုင်တော့ပေ။ သေနာပတိ မိဂမန္ဒကို မေးလိုက်လေ၏။

"သေနာပတိကြီး၊ ခမည်းတော် အရှင်မင်းကြီးက ဘယ်ကိုကြွမြန်းတာလဲ"

"ကျုပ်လဲ မသိဘူး"

"ဟိုရဟန်းက ဘယ်သူလဲ"

"အဲဒါလည်း မသိဘူး"

မြို့တွင်း ဝင်ရောက်လာသောအခါ ရဟန်းတော်က ဘုရင်မင်းကြီး ဘက်လှည့်လျက် . . .

"အရှင်မင်းကြီး စိတ်တော့နိုင်နိုင်ထားရပါလိမ့်မယ်"

http://www.linhtet.com



သေနာပတိက ရဟန်းတော်ပြောလိုက်သည့်စကားကို ကြားရသည့်အခါ ယုန်ထင်ကြောင်ထင်ဖြစ်သွားသည်။ သားတော်ဇာလောက ဘက်လှည့်လျက် . . .

"သားတော်၊ ဒါ . . . လုပ်ကြံမှုတော့ မဖြစ်နိုင်ပါဘူးနော်"

"ဖြစ်ပါစေ၊ အရေးမကြီးပါဘူး၊ သားတော်တို့က အများပဲ"

ရဟန်းတော်သည် အသောကမင်းကြီးကို ကလိင်္ဂမြို့တော်အတွင်း အချို့ရပ်ကွက်များရှိရာသို့ ဦးဆောင်ခေါ်လာသည်။ ထိုရပ်ကွက်များ၌ တိုက်ပွဲဖြစ်စဉ်က ဒဏ်ရာအနာတရ ရခဲ့ကြသည့်လူနာများသည် ဝေဒနာ ခံစားနေရသည်ကတစ်ကြောင်း၊ အစာရေစာ ပြတ်နေသည်ကတစ်ကြောင်း၊ တညည်းညည်း တညူညူ ဖြစ်နေကြသည်။ အားလုံးလိုလိုပင် ဒဏ်ရာကိုယ်စီနှင့် ဖြစ်နေကြသောကြောင့် သားသမီးကလည်း မိဘကို မကြည့်နိုင်၊ မိဘကလည်း သားသမီးကို မကယ်နိုင်။ လင်ကလည်း မယားကို မကူညီနိုင်၊ မယားကလည်း လင်သားကို မပြုစုနိုင်။ အချို့ကလေးငယ်များမှာ ဆာလောင်မွတ်သိပ်လှသည်ဖြစ်၍ တငိုငို တရယ်ရယ်ဖြစ်နေကြသော်လည်း မိဘလုပ်သူများမှာ ဘာမှ မတတ်နိုင်ဘဲ ကြောင်ကြည့်နေကြရသည်။

ယင်းမြင်ကွင်းကို ရဟန်းတော်က အသောကမင်းကြီးအား ပြသည်။ ဘုရင်အသောကသည် မျက်နှာမသာမယာဖြစ်သွားသည်။ ရဟန်းတော်သည် တစ်ဖန် ဘုရင်မင်းကြီးအား တစ်နေရာသို့ ခေါ်သွားပြန်သည်။

"ကဲ . . . အရှင်မင်းကြီး ရှုစားတော်မူပါဦး"

တောခွေးများနှင့် အခြားတိရစ္ဆာန်များသည် လူသေအလောင်းများကို အငမ်းမရ စားနေကြသည်။ လူသေအလောင်းများသည် ခေါင်းတခြား ကိုယ်တခြား ဖြစ်နေကြသည်။ တိရစ္ဆာန်များ ကိုက်ဖဲ့စားထားသည့် လူသေအလောင်းများမှ အသားတစ်များမှာ ဖရိုဖရဲပြန့်ကျဲနေကြသည်။

ယင်းမြင်ကွင်းကို မြင်ရသဖြင့် ဘုရင်အသောကသည် ကြက်သီးမွေးညင်း ထသွားသည်။ ရဟန်းက ပြောလိုက်သည်။

"ကလိင်္ဂတိုင်းဟာ မနေ့က သာယာဝပြောတဲ့ ဒေသတစ်ခုဖြစ်ခဲ့တယ်။ ဆည်းလည်းသံလို သာယာကြည်နူးဖွယ်ကောင်းတဲ့ ကလေးသူငယ်များရဲ့အသံဟာ နယ်မြေတော်ခွင်လုံးမှာ ပဲ့တင်ညံနေခဲ့တယ်။ ဒီကနေ့ ကြေကွဲဖွယ်ကောင်းတဲ့ ညည်းညူသံတွေ ညံနေတဲ့နေရာတွေမှာ အရင်က ဂီတသံတွေ လွှမ်းနေခဲ့တယ်။ ဒီကနေ့ တောခွေးတွေ အပြေးအလွှား ကျက်စားနေတဲ့ နေရာ

http://www.linhtet.com



တွေဟာ တစ်ချိန်တုန်း ရဟန်းသမဏတွေရဲ့ ဂေါစရဂါမ်ဖြစ်ခဲ့တယ်။ အခုလို အခြေအနေမျိုးရောက်အောင် လုပ်တဲ့တရားခံဟာ ဘယ်သူလဲလို့ သမိုင်းက မေးလိမ့်မယ်။ ကျုပ်ဘယ်လိုဖြေရမလဲ အရှင်မင်းကြီး"

ဘုရင်မင်းကြီး ခေါင်းမဖော်ရဲတော့၊ ရဟန်းက ဆက်ပြောသည်။

"ကျုပ် အဖြေပေးစရာမလိုဘူး အရှင်မင်းကြီး၊ ဒီဒဏ်ရာအနာတရ ဖြစ်နေတဲ့ ကလိင်္ဂနယ်မြေ ခုအတိုင်း သမိုင်းစာမျက်နှာချပ်ထဲရောက်သွားတဲ့ အခါ နောင်လာနောက်သားတွေက အခုလိုအခြေအနေမျိုး ရောက်သွားအောင် လုပ်တဲ့တရားခံဟာ ဘယ်သူလဲလို့ မေးလိမ့်မယ်။ အဲဒီအခါမှာ တရားခံဟာ အခြားမဟုတ်ဘူး၊ ပြည်ပကျူးကျော်မှုများကို ခုခံကာကွယ်သွားတဲ့ ဘုရင် ဧကရာဇ် စန္ဒဂုတ္တမောရိယ ဘုရင်မင်းတရားကြီးရဲ့ မြေးတော် အသောက ဘုရင် ပေါ့လို့ လူတွေက အဖြေပေးကြလိမ့်မယ်"

သေနာပတိ မိဂမန္တ သည်းမခံနေနိုင်တော့ပေ။

"ရဟန်း၊ စကားကြွယ်တိုင်း လျှောက်ပြောမနေနဲ့။ သင် ရဟန်းဘယ်သူနဲ့ စကားပြောနေတယ်ဆိုတာ သိရဲ့လား၊ မင်းတကာ့မင်း ဘုရင်တကာ့ဘုရင် ဖြစ်တဲ့ မဟာဧကရာဇ် ဘုရင်အသောက သင့်မျက်မှောက်မှာ ရှိနေတယ်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာသာမကဘဲ အလှမ်းဝေးလှတဲ့ ဟို . . . ယောနကတိုင်းနိုင်ငံ အထိ အရှင်မင်းကြီးရဲ့ ဘုန်းလက်ရုံးကို ဦးညွတ်ရတယ်ဆိုတာ သင်ရဟန်း နားလည်ရဲ့လား"

"ကျုပ် ဘာဖြစ်လို့ နားမလည်ရမှာလဲ"

သေနာပတိ၏လက်သည် သူ့ဓားဆီသို့ ရောက်သွားသည်။ ရဟန်းတော်က ရယ်လျက် . . .

"သွေးအငတ်မပြေသေးဘူးလား၊ သေနာပတိ . . ."

သေနာပတိသည် ဒေါသမချုပ်တည်းနိုင်ဖြစ်ပြီး ရဟန်းနားတိုးသွားသည်။

"သေနာပတိ"

ဘုရင်မင်းကြီးက အော်ငေါက်လိုက်လေ၏။

သေနာပတိ တန့်သွားသည်။

"နောက်ဆုတ်" ဘုရင်မင်းက ထပ်ဆင့်အမိန့်ပေးလိုက်လေ၏။

ဘုရင်အသောကသည် စိတ်လက်မကြည်မသာနှင့် ယာယီတဲနန်း ပြန်လာခဲ့သည်။ ရဟန်းတော်သည် ဘုရင်မင်းကြီးနှင့်ပါလာသည်။ ယာယီတဲ

http://www.linhtet.com



နန်း ရောက်သောအခါ ဘုရင်မင်းကြီးသည် ရဟန်းတော်၏တောင်းပန် တိုက်တွန်းချက်အရ လူနာများအား ဆန်ဝေငှရန် အမိန့်ချမှတ်လိုက်လေသည်။ ရဟန်းတော်သည် သူ့လာရင်းကိစ္စအဝဝ ပြီးမြောက်အောင်မြင်သဖြင့် အားရကျေနပ်သွားပြီး ပြန်ကြွရန် ဟန်ပြင်သည်။

"နက်ဖြန်ခါ တစ်ခါကြွလာပါဦး ရဟန်းတော်"

ရဟန်းတော်သည် မည်သို့မျှ ပြန်မပြောဘဲ ယာယီတဲနန်းတွင်းမှ ထွက်ခွာသွားလေသည်။ ရဟန်းတော် အဝေးသို့ ရောက်သွားပြီ ဖြစ်သော် လည်း ဘုရင်အသောကသည် အချိန်ကြာမြင့်စွာ ယာယီတဲနန်းအပြင်ဘက် ငေးမျှော်ကြည့်ရှုနေသည်။

( ၄ )

ဘုရင်အသောကသည် ယာယီတဲနန်းအတွင်း၌ တစ်ကိုယ်တည်းရှိနေသည်။ သူ့အပါးသို့ မည်သူ့ကိုမှ လာခွင့်မပြုရန် အမိန့်ထုတ်ထားသည်။ သူ့ရှေ့တွင် ဆီမီးထွန်းထားသည်။ ပိုးဖလံတစ်ကောင်သည် ဆီမီးဘေးပတ်လည်၌ လှည့်ပတ်နေသည်။ ထို့နောက် မီးထဲဝင်တိုးသည်။ ပိုးဖလံသည် မီးလောင်ကျွမ်းပြီး အောက်သို့ကျသွားသည်။ ဘုရင်မင်းကြီးသည် ဆီမီးကို စိုက်ကြည့်နေသည်။ ဆီကုန်ခန်းသွားသဖြင့် ဆီမီးငြိမ်းသွားသည်။

"ရဲမက်"

ဘုရင်မင်းကြီးသည် အစောင့်စစ်သားကို လှမ်းခေါ်လိုက်သည်။ အစောင့်စစ်သား ပြေးဝင်လာသည်။

"အမိန့်နာခံလျက်ပါ အရှင်မင်းကြီး"

"ဘာမှမဟုတ်ပါဘူး၊ ဘာကိစ္စမှ မရှိဘူး သွား . . . သွား . . . ထွက်သွား"

ဘုရင်မင်းကြီး၏ ထူးခြားသောအမူအရာကို တွေ့ရသဖြင့် အစောင့်စစ်သားသည် ပထမသော် ကြောင်ကြည့်နေမိသည်။ နောက်မှ တဲနန်းအပြင်သို့ အလျင်အမြန် ထွက်သွားသည်။ ဘုရင်မင်းကြီး ချွေးပြန်လာသည်။

သမိုင်း၏အမှောင်ဆုံး ညတစ်ညဖြစ်သည့် ထိုညသည် ကုန်ဆုံးကျော်လွန်လေပြီ။ ကောင်းကင်၌ နေရောင်ခြည်ပြူလာပြီး မိုးကာလတိမ်တို့သည် ကောင်းကင်တစ်ခွင်၌ ဟိုတစ်စ သည်တစ်စ ရှိနေကြသည်။ မိုးသောက်

http://www.linhtet.com



နေရောင်ခြည်သည် တိမ်တိုက်များကို ရောင်မျိုးစုံ ခြယ်ပေးထားသည်။ ထိုနေ့ နံနက်ခင်းသည် ကမ္ဘာလောကသစ်၏ပထမဦးဆုံး နံနက်ခင်းလေလားဟု ယိုးမှားနေရသည်။

ဘုရင်အသောကသည် တဲနန်း၏တင်းတိမ်ကို လှစ်လိုက်သည်။

"ရဲမက်"

အစောင့်စစ်သားသည် တဲနန်းတွင်းသို့ အပြေးကလေး ဝင်လာပြီး ဦးညွှတ်အရိုအသေ ပြုလိုက်သည်။ ပြီးမှ ဘုရင်မင်းကြီး၏မျက်နှာကို လှမ်းကြည့်၏။ ဘုရင်မင်းကြီး အိပ်မပျော်သည်မှာ နှစ်ညရှိပြီ။ မျက်လုံးကြောင်နေသည်။ ပထမညက ဒေါသကြောင့် အိပ်မပျော်ခဲ့။ ဒုတိယညကမူ သောကကြောင့်။

"ဟို . . . ရဟန်းတော်ကို သွားပင့်ချေစမ်း ရဲမက်"

"ဘယ်သူ့ကို လွှတ်ရမလဲ အရှင်မင်းကြီး"

"သင်ကိုယ်တိုင်သွား"

"ဒီမှာ အစောင့်တစ်ယောက်မှ မရှိရင်"

"ကိစ္စမရှိဘူး၊ သွားမှာသာသွား"

အစောင့်စစ်သား ထွက်သွားသည်။ ယာယီတဲနန်းတွင်း၌ ဘုရင်အသောကတစ်ဦးတည်း ကျန်ခဲ့သည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် တစ်ကိုယ်တည်း နေရခြင်းဖြစ်သည်။ မောင်းမမိဿံ ခြွေရံသင်းပင်းတို့၏အလယ်၌ တစ်သက်လုံး နေလာခဲ့သည့် ဘုရင်အသောကသည် ယခုတစ်ကိုယ်တည်းဖြစ်နေသည်။ သူ့အပါးတွင် တစ်ယောက်မှမရှိ။ အထက်တွင် အဆုံးမရှိသော အနန္တကောင်းကင်ပြင်။ အောက်၌ အပိုင်းအခြားမရှိသော မဟာ ပထဝီမြေကြီး။ အလယ်၌ လူသားတစ်ဦးဖြစ်သော ဘုရင်မင်းကြီး တစ်ကိုယ်တည်း။

အချိန်အတန်ကြာသောအခါ စစ်သားပြန်လာသည်။

"ဘယ့်နှယ့်လဲ ရဟန်းတော်ပါမလာဘူးလား"

"ရဟန်းက အရှင်မင်းကြီးကို သူ့ဆီလာဖို့ပဲပြောနေတယ်။ ဒီရဟန်းတော်တော် မာနကြီးပုံရတယ် အရှင်မင်းကြီး"

"အဲဒီလိုမပြောရဘူး ရဲမက်။ ဇမ္ဗူဒိပ်ရဲ့ အစဉ်အလာအရ ရသေ့ရဟန်းများဟာ ပူဇော်ထိုက် ပူဇော်အပ်တဲ့ ပုဂ္ဂိုလ်များဖြစ်တယ်"

ဘုရင်မင်းကြီးသည် ယင်းသို့ပြောပြီး ရှေ့ဆက်၍–

"ရော့ . . . ငါ့ဓားယူထားစမ်း၊ ငါရဟန်းတော်ဆီ သွားမယ်"

http://www.linhtet.com



"အရှင်မင်းကြီး တစ်ကိုယ်တော်တည်း"

ဘုရင်အသောကသည် အဖြေပြန်မပေးတော့ဘဲ၊ ယာယီတဲနန်းတွင်းမှ ထွက်သွားသည်။ အစောင့်စစ်သားသည် ဘာလုပ်ရမှန်း၊ ဘာကိုင်ရမှန်း မသိဘဲ ပထမသော် ကြောင်တိကြောင်တောင် ဖြစ်နေသည်။ နောက်မှ သေနာပတိရှိရာ ယာယီတဲစခန်းသို့ ပြေးသွားလျက် အကျိုးကြောင်းပြောပြလေသည်။ သေနာပတိက စစ်သားကို ကြိမ်းလေ၏။

"သင် အရှင်မင်းကြီးကို ဘာလို့ မတားသလဲ"

"ကျွန်ုပ် ဘယ်လိုလုပ် တားလို့ဖြစ်ပါမလဲ သေနာပတိ"

"ဒါရန်သူ့နယ်မြေဆိုတာ မသိဘူးလား၊ သွား . . . သားတော်ကို အကြောင်းကြားလိုက်"

စစ်သားပြေးရပြန်လေသည်။ တပ်စခန်းအတွင်း လှုပ်လှုပ်ရွရွဖြစ်သွားသည်။ သားတော်စက်ရာမှ လူးလဲထ၏။ မကြာမီ တပ်သားများ၊ တပ်မှူးများလည်း စုရုံးလာကြသည်။ သားတော်နှင့် သေနာပတိသည် ဘုရင်မင်းကြီး ထွက်သွားရာ မြို့ဘက်သို့ အလျင်အမြန် လိုက်ကြသည်။ သူတို့နောက်တွင် တပ်မှူးအချို့နှင့် တပ်သားအချို့လည်းပါလာကြသည်။ မြို့အတွင်း ရောက်လာသောအခါ လမ်းတစ်လမ်းပေါ်၌ ဘုရင်မင်းကြီး ရပ်နေသည်ကို တွေ့ကြရသည်။ ဘုရင်မင်းကြီးရှေ့၌ အရှူးမကြီးတစ်ယောက် ဟောင်ဖွာ ဟောင်ဖွာနှင့် အော်ပြောနေသည်။

"သင်မင်းကြီးလောက် ရိုင်းစိုင်းတာ ရက်စက်တာ ကမ္ဘာလောကမှာ ရှိမှာမဟုတ်ဘူး။ သင့်အဘိုး ကလိင်္ဂကို တိုက်တုန်းက စစ်သားစစ်သားချင်း တိုက်ခဲ့တယ်။ ကျုပ်တို့ဇမ္ဗူဒိပ်မှာ လယ်သမားက လယ်ထဲမှာ စိတ်အေးလက်အေး လယ်ထွန်တယ်။ ဘုရင်တွေက စစ်တပ်စစ်တပ်ချင်းဖြစ်ဖြစ်၊ စီးချင်းစီးချင်း ဖြစ်ဖြစ် တိုက်ပြီး ကိုယ့်ဘုန်းလက်ရုံးကို သတ်မှတ်ဆုံးဖြတ်ကြတယ်။ အဲဒါ ဇမ္ဗူဒိပ်ရဲ့ ထုံးတမ်းစဉ်လာပဲ။ သင်မင်းကြီး အဲဒီထုံးတမ်းစဉ်လာကို ချိုးဖောက်ဖျက်ဆီးပစ်တယ်"

ဘုရင်အသောကသည် ခပ်မဆိတ်ဖြစ်နေသည်။ စကားတစ်လုံးမှ ထွက်မလာ။ အရူးမကြီး၏ထူးခြားသော ရဲရင့်မှုက ဘုရင်မင်းကြီးအပေါ် အနိုင်ရထားသည့်နှယ် ဖြစ်နေသည်။ အသောကသည် ဇမ္ဗူဒိပ်၏တစ်ဦးတည်းသော အရှင်သခင် ဧကရာဇ်ဘုရင်ဖြစ်သည်။ သူမျက်မှောင်တစ်ချက်ကြုတ်လိုက်ရုံမျှဖြင့် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမျှသာမက ရေခြား မြေခြား နိုင်ငံရပ်ခြားဒေသများပါ

http://www.linhtet.com



မကျန် ဖိမ့်ဖိမ့်တုန်သွားကြသည်။ ယင်းကဲ့သို့သော အာဏာပြိုင်ဖက် မရှိသည့် ဘုရင်မင်းကြီးသည် ငြိမ်ပြီးရပ်နေသည်။ အရှူးမကြီးက ဘုရင်မင်းကြီးအား လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့နေသည်။

"သင်မင်းကြီးဟာ အပြစ်မဲ့တဲ့ ပြည်သူတွေကို သွေးချောင်းစီးအောင် လုပ်တယ်။ နယ်မြေကို ဒါလောက် ချဲ့ထွင်ပြီး စည်းစိမ်နဲ့အာဏာကို ဒါလောက် မက်မောရင် သင်မင်းကြီး တစ်နေ့ကျ ဒုက္ခလှလှကြီး တွေ့ရလိမ့်မယ်"

သေနာပတိသည် ဒေါသကို မချုပ်တည်းနိုင်သဖြင့် တဆတ်ဆတ် တုန်နေသည်။ သားတော်ဇာလောကလည်း ဓားကိုမြဲမြဲ ဆုပ်ကိုင်လိုက်သည်။ သားတော်သည် အမယ်ကြီးကို အော်ငေါက်လိုက်သည်။

"အရူးမကြီး ဘယ်သူနဲ့စကားပြောနေတယ်ဆိုတာ သိရဲ့လား"

သေနာပတိ ရှေ့တိုးသွားသည်။ လက်ထဲတွင် ဓားကိုင်ထားသည်။

"အမယ်ကြီး . . . ထီးဆောင်းမင်းမှန်သမျှ ဦးတိုက်ရတဲ့ ဧကရာဇ် မင်းတရားကြီးရှေ့မှာ အမယ်ကြီး ခေါင်းထောင်နေတယ်၊ အရူးမမို့လို့ ဘာမှ မလုပ်သေးဘဲ အသာကြည့်နေတာ။ ခေါင်းပြတ်သွားချင်သလား။ ကလိင် တစ်မျိုးလုံး မျိုးပြုတ်သွားပြီဆိုတာ မြင်ရဲ့မဟုတ်လား"

အသောကက တားမြစ်လိုက်၏။

"အသာနေ မိဂမန္ဒ၊ သူ့ခမျာ ပင်ကိုစိတ်မရှိရှာတော့ဘူး၊ အားလုံးကို မေ့နေပြီ။ ဒီအရူးမကို ခြိမ်းခြောက်နေလို့ ဘာအကျိုးထူးမှာလဲ။ ဒါလောက် မသေးသိမ် မယုတ်ညံ့ချင်ပါနဲ့။ ဒီအားမဲ့တဲ့ အရူးမကြီးအပေါ် အစွမ်းမပြချင်ပါ နဲ့။ ကျုပ်လည်းပဲ မနေ့က မျက်ကန်းဖြစ်နေတာနဲ့ သင့်လိုပဲမှားခဲ့ပြီ"

သေနာပတိ တန့်သွားသည်။ အသောကက ဆက်ပြောသည်။

"သူ ပြောချင်တာ ပြောပါစေ။ သူပြောနေတာ ကြားရတော့ ကမ္ဘာ လောကမှာ အသက်ရှင်နေတဲ့ လူသားရှိနေသေးပါကလား။ လက်နက်အင်အား နဲ့ လူသားကို မျိုးဖြုတ်ပစ်လို့ မရပါကလားဆိုတဲ့ အသိဝင်လာတယ်"

အရူးမကြီးသည် သူ့အနားတိုးလာသည့် သေနာပတိ မိဂမန္ဒကို ကြည့်လျက် . . .

"ကျုပ်ကို ကြောက်မလားလို့ ဓားနဲ့ခြောက်ကြည့်တယ်ထင်တယ်။ မနေ့က ကျုပ်သားအသက်မသေဘဲ ရှိနေစဉ်ကတော့ သင်အနားမသီရဲဘူး။ အခုတော့ ကျုပ်သား မရှိတော့ဘူး။ သင်တို့မဂဓစစ်သားတွေရဲ့ ဓားချက်နဲ့ အသက်ထွက်သွားရပြီ။ ဟောဟိုမှာကြည့် . . . အဲဒါကျုပ်သားရဲ့အလောင်း"

http://www.linhtet.com



အရှုးမကြီးသည် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ကြောက်မက်ဖွယ် ထိတ်လန့်ဖွယ်ကောင်းသည့် သူ၏ရယ်သံကြီးသည် ပတ်ဝန်းကျင်၌ ပဲ့တင်ညံသွားသည်။ ထို့နောက် အရှုးမကြီးသည် ဘာမပြော ညာမပြော အုတ်ခဲ တစ်ခဲ ကောက်ယူပြီး သေနာပတိ မိဂမန္ဒကို လှမ်းပေါက်လိုက်သည်။ သေနာပတိက ရုတ်တရက် တိမ်းလိုက်၏။ သေနာပတိကို ပေါက်သောအုတ်ခဲသည် သေနာပတိကို မမှန်ဘဲ ဘုရင်မင်းကြီး၏ဦးခေါင်းကိုသွားထိသည်။

သားတော်က လှမ်းအော်သည်။

"ခမည်းတော်"

အရှုးမကြီး၏ စကားသံ ပေါ်လာပြန်သည်။

"လူတွေကို သိန်းချီပြီး သတ်ပစ်တဲ့ လူသတ်သမားဟာ ကံကြမ္မာက ခတ်တဲ့ ဒဏ်ကို ရှောင်လို့မရဘူး။ အခုကြည့်၊ ကျုပ်ပေါက်လိုက်တာက တစ်ယောက်၊ ဒါပေမယ့် အုတ်ခဲကတရားခံအစစ်ကို ရှာပြီးသွားမှန်တယ်။ ကံကြမ္မာကို ဘယ်လိုမှ ရှောင်ဖယ်လို့ မရဘူးမှတ်ပါ"

အရှုးမကြီးသည် ကိုယ်ကို ယိမ်းထိုး၍ ဟားတိုက်ရယ်လိုက်ပြန်သည်။ သူ၏ရယ်သံကြီးမှာ တုန်လှုပ်ဖွယ်ကောင်းလှသည်။

ဘုရင်မင်းကြီး၏ဦးခေါင်းမှ သွေးစီးကျလာသည်။ ဘုရင်မင်းကြီး သွေးစွန်းသွားသည်ကို မြင်ရသောအခါ အနီး၌ရပ်နေကြသည့် တပ်မှူးများ တပ်သားများသည် ထောင်းခနဲ ဒေါသထွက်လာကြလေ၏။ ဓားအိမ်မှ ဓားဆွဲထုတ်ကြလေ၏။ အရှုးမကြီးကမူ ဂရုမထားဘဲ တဟားဟားနှင့် ကျယ်လောင်စွာ ရယ်နေသည်။ စစ်သားများရှေ့တိုးသွားကြသည်။ ဓားဖြင့် ရွယ်ကြသည်။

"လာပါ၊ ကျုပ်ကို သတ်လိုက်ပါ၊ ဘာဖြစ်လို့ တုံ့ဆိုင်းတုံ့ဆိုင်း လုပ်နေရတာလဲ။ ဘုရင် အသောက၊ သင့်တပ်သားတွေကို ကျုပ်ခေါင်းဖြတ်ဖို့ ဘာဖြစ်လို့ အမိန့်မပေးသေးတာလဲ။ ဟား . . . ဟား . . . ဟား"

အရှုးမကြီး၏နှလုံးမနှစ်မြို့ဖွယ် ရယ်သံသည်သာ ပတ်ဝန်းကျင်တွင် လွှမ်းနေသည်။

ဘုရင်အသောကသည် ခက်ထန်ကြမ်းကြုတ်သော အသံဖြင့် သူ့တပ်သားများအား အမိန့်ပေးလိုက်သည်။

"တစ်ယောက်မှ ရှေ့မတိုးနဲ့"

ရွယ်ထားသည့် ဓားများသည် လေထဲတွင် ရွယ်လျက်သား တန်းလန်းပင် ဖြစ်နေကြသည်။ တပ်သားများသည် သူတို့၏ အရှင်သခင် ဘုရင်မင်း

http://www.linhtet.com



ကြီးအား နားမလည်သည့် အကြည့်ဖြင့် ကြည့်နေကြသည်။ အသောကဆက် ပြောသည်။

"နောက်ဆုတ်နေကြ။ သူပြောချင်တာ ပြောပေစေ"

တပ်သားများ ရှဲသွားကြသည်။

ဘုရင်မင်းကြီးသည် ဦးခေါင်းက သွေးကိုလက်ဖြင့် စမ်းကြည့်လျက်

"သွေး . . . သွေး . . . ဒါလောက်လေး ထွက်ရုံနဲ့ ဒါလောက်ခံရတယ်။ ဦးခေါင်းတစ်ခုလုံး ပြတ်သွားတဲ့အခါ ဘယ်လောက်များ ဝေဒနာခံရမယ် မသိဘူး မိဂမန္ဒ"

သေနာပတိ မိဂမန္ဒ ဦးခေါင်းငုံ့သွားသည်။ ဘုရင်မင်းကြီး၏ဦးခေါင်းမှ သွေးစက်များ မြေပေါ်ကျလာသည်။ ဘုရင်မင်းကြီးသည် မြေကြီးပေါ် ထိုင်ချလိုက်သည်။

"ပထဝီမြေကြီးပေါ် ကျသွားတဲ့အခါကျတော့ ငါ့သွေးလည်း အခြားလူတွေရဲ့ သွေးနဲ့ရောသွားပါကလား။ ငါ့သွေးဟာ ဘုရင်ဇကရာဇ်သွေးဖြစ်ပေမယ့် တခြားလူတွေသွေးနဲ့ ဘာမှ မခြားနားဘူး"

ဘုရင်မင်းကြီးသည် သွေးကျသွားသည့်နေရာမှ သွေးရောင်ထနေသည့် မြေကြီးကို ကောက်ယူလျက် လက်ဝါးပေါ်တင်ကာ မမှိတ်မသုန်စိုက်ကြည့်နေသည်။ အားလုံးပင် အံ့အားသင့်နေကြ၏။ အရှူးမကြီးပင် ပါးစပ်က ဗလစ်ဗလစ် ထွက်မလာတော့ဘဲ ဘုရင်အသောကကို လှမ်းကြည့်နေသည်။ ဘုရင်မင်းကြီးသည် မြေကြီးကို အတန်ငယ်စိုက်ကြည့်နေသည်။ သူ့အမူအရာကို ကြည့်ရသည်မှာ အတွင်းသန္တာန်၌ အလင်းရောင်တစ်စုံတစ်ရာ ပေါ်လာသည်ဟု ထင်နေရသည်။

ဘုရင်မင်းကြီးသည် ပါးစပ်ဟလာသည်။ နှုတ်ခမ်းလှုပ်လာသည်။ တစ်စုံတစ်ခု ပြောချင်လာပုံရသည်။ မကြာမီပင် ဖြည်းညင်းလေးတွဲ့သော အသံကို ကြားရသည်။

"ဒီပထဝီမြေကြီးပေါ်မှာ မိခင်ပေါင်း ဘယ်လောက် ငါ့ကိုကျိန်ဆဲနေကြမယ် မသိဘူး။ မုဆိုးမပေါင်း ဘယ်လောက်ငါ့ကို သူတို့ချစ်လင် ပြန်တောင်းနေကြမယ် မသိဘူး။ ကလေးသူငယ်ပေါင်း ဘယ်လောက် ငိုကြွေးပြီး ငါ့ဆီက သူတို့မိဘတွေ ပြန်ရဖို့ပူဆာနေကြမယ် မသိဘူး။ ပြောစမ်းပါ ပထဝီမြေကြီး။ ကျွန်ုပ်သင့်ကို သွေးနဲ့ရေချိုးပေးခဲ့တယ် မဟုတ်လား။ ကျွန်ုပ်ရဲ့အပြစ်ကိုဖုံးဖိဖို့အတွက် အသင်ဘာကြောင့် သွေးတွေကို သောက်ပစ်လိုက်တာလဲ"

http://www.linhtet.com



ဘုရင်မင်းကြီးသည် လက်ဖဝါးပေါ်က မြေကြီးကို တစ်လှည့်၊ အောက်ဘက်က ကလိင်္ဂမြေကိုတစ်လှည့် ကြည့်လျက်ပြောပြန်သည်။

"ပထဝီမြေကြီး၊ ဘုရင်ဧကရာဇ်တွေ ဘယ်နှစ်ဦး သင်ပထဝီမြေကြီး ပေါ် ဖြတ်သန်းသွားကြပြီးပြီလဲ။ ဘုရင်ဧကရာဇ်တွေရဲ့ ရက်စက်မှု၊ ကြမ်းတမ်းမှု၊ လူမဆန်မှုများကို သင်ဘယ်လောက်တွေ့မြင်ခဲ့ပြီးပြီလဲ။ ကျွန်ုပ်အပါအဝင် ဘုရင်ဧကရာဇ်တွေဟာ သူတော်သူမြတ်ရသေ့ရဟန်းတွေရဲ့ စင်ကြယ်မြင့်မြတ်တဲ့ တရားအဆုံးအမကို နင်းချေဖျက်ဆီးပစ်ခဲ့ကြတယ်။ အိုမိခင်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ကျွန်ုပ်ဟာ အောင်ပွဲရသူ မဟုတ်ပါ။ အောင်ပွဲရသူက အသင်သာ ဖြစ်ပါတယ် အိုမိခင်"

ဘုရင်အသောကသည် လက်ထဲက မြေကြီးကို ခါချလိုက်သည်။ အရှုံးမကြီးသည် မျက်လုံးအကြောင်သားနှင့် ဘုရင်မင်းကြီးနား ကပ်သွား သည်။ သူ့မျက်လုံးသည် ရုတ်ခြည်းအသွင်ပြောင်းသွားသည်။ ငြိမ်လာသည်။ ကြွေရလာသည်။ အရှုံးမဟုတ်တော့သလို ထင်လာရသည်။ ထို့နောက် အသောက၏ဦးခေါင်းပေါ် လက်တင်လျက် "သား" ဟု ခေါ်လိုက်သည်။

"သား ဟုတ်လား၊ အမေ့သားကို သတ်တဲ့သူကို အမေက သားလို့ ခေါ်သလား" အသောကက အမယ်ကြီးကို မော့ကြည့်ပြီး ပြောလေ၏။

"သားက အမေ့ကို အမေလို့ ခေါ်တယ်မဟုတ်လား၊ အမေက သား ကို ဘာဖြစ်လို့ 'သား' လို့ မခေါ်ရမှာလဲ"

ဘုရင်မင်းကြီး မျက်ရည်လည်လာသည်။ အမယ်ကြီးကလည်း ငိုလေတော့သည်။

"ထတော့လေသား၊ အတိတ်ကို အတိတ်မှာပဲ ထားလိုက်တော့။ စိတ်သစ်မွေးပြီး လူသစ်ဖြစ်လာဖို့ပဲ ကြိုးစားပါတော့"

ဘုရင်အသောက မတ်တပ်ရပ်လိုက်သည်။ သူ၏မျက်ဝန်း၌ သီနေသည့် မျက်ရည်ပေါက်ကလေးများသည် ပုလဲလုံးလေးများပမာ တင့်တယ်လှပ နေသည်။ အမယ်ကြီးက ပြောလိုက်ပြန်သည်။

"သားရဲ့မျက်ရည်ပေါက်ကလေးတွေ တွေ့ရတော့ စစ်ဆိုတဲ့အနိဋ္ဌာရုံ ကြီး ဒီဇမ္ဗူဒိပ်မှာ နောက်ရှိတော့မယ် မဟုတ်ဘူးလို့ အမေတွေးနေမိတယ်။ သားဟာ ဘုရင်ဧကရာဇ်တစ်ပါးဖြစ်တယ်။ ကုဋေကုဋာ အသင်္ချေ အနန္တဖြစ်တဲ့ ပြည်သူတွေဟာ သားအပေါ်မှာ မှီခိုနေရပါတယ်။ ပြည်သူပြည်သား အပေါ်မှာ ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်မှ ပြည်သူတွေကလည်း သားအပေါ်

http://www.linhtet.com



မေတ္တာ တုံ့ပြန်ပါလိမ့်မယ်"

ပတ်ဝန်းကျင် အခြေအနေသည် လုံးဝပြောင်းလဲသွားသည်။ မကြာခင်က ရက်စက်မှု၊ သတ်ဖြတ်မှု၊ ကလဲ့စားချေမှု၊ အမျက်ထွက်မှုတို့ဖြင့် ပွမ်းနေသည့် ပတ်ဝန်းကျင်သည် ယခုငြိမ်းချမ်းလာသည်။ အေးငြိမ်းလာသည်။ ကရုဏာ ဖက်လာသည်။ မေတ္တာယှက်လာသည်။

ထိုအခိုက် ထိုနေရာသို့ ရဟန်းတော်ကြွရောက်လာလေသည်။ ဘုရင်အသောကသည် ရဟန်းတော်ကို ဖူးတွေ့ရသည့်အခါ ရွှင်လန်းချမ်းမြေ့သွားပြီး လက်အုပ်ချီလိုက်သည်။

"ကျွန်ုပ်၏အကုသိုလ် အညစ်အကြေးတွေကို ဆေးကြောပေးပါ အရှင်ဘုရား"

"အရှင်မင်းကြီး အမှန်တရားကို သိမြင်သဘောပေါက်သွားပြီ မဟုတ်လား။ ဒီကနေ့စပြီး အရှင်မင်းကြီးရဲ့တိုင်းနိုင်ငံတော်မှာ ငြိမ်းချမ်းရေး ရောင်ခြည်သမ်းလာပါပြီ။ ဒီကနေ့ထွက်ပြူလာတဲ့ ငြိမ်းချမ်းရေးရောင်ခြည်ဟာ အင်မတန်မှ တန်ဖိုးကြီးမားလှပါတယ်။ သွေးပွက်အိုင်ထဲက ပြက်လိုက်တဲ့ ရောင်ခြည်ပါ။ ဒီရောင်ခြည်ကို အရှင်မင်းကြီး ထာဝစဉ် ထိန်းသိမ်းထားရပါလိမ့်မယ်။ ဒီရောင်ခြည်ထာဝစဉ် ထွန်းတောက်နေဖို့ အရှင်မင်းကြီး တရားဓမ္မကို ရင်ဝယ်ပိုက်ရလိမ့်မယ်။ ဘုရား၊ တရား၊ သံဃာရတနာ သုံးပါးကို ဦးထိပ်ထားရလိမ့်မယ်။ သရဏဂုံသုံးပါးကို ဆောက်တည်ရလိမ့်မယ်"

*

ကလိင်္ဂစစ်ပွဲကြီး ပြီးဆုံးသွားပြီ။ စစ်ပွဲအပြီး၌ ငြိမ်းချမ်းရေး ကပ်ပါလာလေသည်။ နောက်ပိုင်း၌ကား ဘုရင်အသောကသည် 'ဒေဝါနံပိယ ပိယဒဿီအသောက' ဟူသည့် ဘွဲ့တော်နှင့်လိုက်လျောညီစွာ နတ်လူတို့ကြည်ညိုလေးစားအပ်သည့် ဘုရင်မင်းဧကရာဇ်ကြီး ဖြစ်လာလေသည်။

[ *ကလိင်္ဂ စစ်ပွဲ၏အနိဋ္ဌာရုံများနှင့် ယင်းစစ်ပွဲအပြီး အသောကမင်းကြီး တရားဓမ္မဘက် အာရုံညွတ်လာပုံကို ဖော်ပြထားသည့် ဓေရသမ အသောက ကျောက်စာကို အခြေခံသည်။* ]

❑

http://www.linhtet.com

# အချစ်နှင့်အတိမာန်

( ၁ )

ပါဋလိပုတ် နေပြည်တော်ကြီး စိုစိုပြည်ပြည် မရှိသည်မှာ အချိန်ကာလ အတန်ကြာမြင့်သွားပြီ။

မိမိပိုင်နက် နယ်မြေအတွင်း လက်အောက်ခံပြည်နယ် တစ်နယ်အဖြစ် ပါဝင်ရန် ကလိင်္ဂတိုင်းကို အကြိမ်ကြိမ် သိမ်းသွင်းခဲ့သော်လည်း ကလိင်္ဂတိုင်းက ငြင်းဆန်နေသည်ဖြစ်၍ နောက်ဆုံးအဆင့်၌ အသောကဘုရင်သည် ကိုယ်တော်တိုင် မဂဓစစ်တပ်ကြီးကို ကွပ်ကဲပြီး ကလိင်္ဂတိုင်းကို သိမ်းပိုက်ရန် စစ်ချီသွားလေသည်။ ထိုအချိန်မှစ၍ ပါဋလိပုတ်နန်းတော်သည် ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်နေသည်။

ပါဋလိပုတ် မြို့သူမြို့သားတို့လည်း ကလိင်္ဂဘုရင်နှင့် ကလိင်္ဂတိုင်းသူတိုင်းသားတို့၏ ရဲစွမ်းသတ္တိအကြောင်း တစ်ဆင့်စကားတစ်ဆင့်ကြားဖူးထားကြ၍ မဂဓစစ်တပ်ကြီး အရှုံးနှင့်များ နောက်ကြောင်းပြန်ဆုတ်လာရမည်လားဟု စိတ်တထင့်ထင့်နှင့် ကလိင်္ဂ စစ်ပွဲသတင်းကို နားစွင့်နေကြလေသည်။

ထိုအတွင်း စစ်မြေပြင်မှ သတင်းရောက်လာသည်။

မဂဓစစ်တပ်ကြီးသည် ခေါင်းမာနေသည့် ကလိင်္ဂတိုင်းကို နာလံမထူနိုင်အောင် နင်းချေပစ်လိုက်ပြီ။ အသောက ဘုရင်မင်းတရားကြီးသည် ကလိင်္ဂစစ်ပွဲတွင် အောင်ပွဲရသွားပြီ။

http://www.linhtet.com



ကလိင်္ဂတိုင်းဘက်က ခံကြသည့် စစ်သည်များနှင့် အရပ်သူအရပ်သား ထောင်နှင့်သောင်းနှင့်ချီပြီး ကျဆုံးကုန်ကြသည်။ ထောင်နှင့်သောင်းနှင့်ချီပြီး သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသည်။ ကလိင်္ဂဘုရင်နှင့် အနွယ်တော် အားလုံးလည်း အသက်စတေးပြီး ကိုယ့်နိုင်ငံနှင့် ကိုယ့်ထီးနန်းကို ကာကွယ်သွားကြသည်။ ကလိင်္ဂဘုရင့်သားတော်ကိုလည်း သုံ့ပန်းအဖြစ် လက်ရဖမ်းမိသည်။ အောင်ပွဲရ မဂဓစစ်တပ်ကြီး မကြာမီ နေပြည်တော်သို့ ပြန်လည်ချီတက်လာတော့မည်။

ပါဋလိပုတ်နေပြည်တော်သည် အောင်ပွဲရ မဂဓ စစ်တပ်ကြီးကို ကြိုဆိုရန် အသင့်ဖြစ်နေပြီ။ မြို့တော်အဝင်တံခါးမုစ၍ နန်းတော်တပ်စခန်းများသို့အထိ လမ်းတိုင်းလမ်းတိုင်း၌ ပြာသာဒ်များ မုခ်များဆောက်လုပ်ထားကြသည်။ လမ်းဘေးနှစ်ဖက်၌ ရာဇမတ် ကာပြီး ငှက်ပျောပင်များ စိုက်ထူထားကြသည်။

မဂဓစစ်တပ်ကြီး ချီလာမည့်လမ်းတစ်လျှောက်၌ တံခွန်ကုက္ကားနှင့် အလံကလေးများသည် လေအလာတွင် တဖျပ်ဖျပ်လွင့်နေကြသည်။ လမ်းဆုံလမ်းခွတို့၌ စရည်းအိုးများကိုလည်း အသင့်ချထားသည်။ မြို့သူမြို့သားတို့သည် သပြေပန်းကိုင်ပြီး မဂဓစစ်တပ်ကြီး မြို့တံခါးမုခ်ဦးမှ မြို့တွင်းဝင်အလာကို စောင့်ကြိုနေကြသည်။ မဂဓစစ်တပ်ကြီးကို ကြိုဆိုနေသူများမှာ မြို့တံခါးအဝင် မုခ်ဦးမုစ၍ တစ်မြို့လုံးရှိ လမ်းတိုင်းလမ်းတိုင်း၌ ပြည့်ကျပ်နေသည်။

တာဝန်ရှိသူအချို့မှာမူ ယာဉ်ရထားများဖြင့် လည်းကောင်း၊ မြင်းစီး၍လည်းကောင်း၊ မြို့ပြင်ခရီး အတော်လှမ်းလှမ်းသို့အထိ မဂဓစစ်တပ်ကြီးချီလာသည်ကို အကြိုအထောက် သွားကြသည်။ မဂဓစစ်တပ်ကြီး စစ်ထွက်သွားသည့်အချိန်မှစ၍ ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေသည့် ပါဋလိပုတ်သည် စိုစိုပြည်ပြည် ဖြစ်လာသည်။ လှုပ်လှုပ်ရှရှ ဖြစ်လာသည်။

မဂဓစစ်တပ်ကြီး မြို့တော်အတွင်းဝင်လာပြီ။ ရှေ့ဆုံးမှ အသောကမင်းတရားကြီး စီးနင်းလိုက်ပါလာသည့် ယာဉ်ရထား၊ ထို့နောက် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်။ စစ်တပ်ကြီးသည် ရှုမဆုံးမြင်မဆုံး တမျှော်တခေါ်ကြီး ဖြစ်နေသည်။ မြို့သူမြို့သားများက တံခွန်ကုက္ကားများကို ဝှေ့ယမ်းပြီး သောင်းသောင်းဖြဖြ ဩဘာပေးကြသည်။ တပ်သားများအား သပြေပန်းဆက်ကြသည်။ သို့သော် မဂဓစစ်တပ်ကြီးကို ဝမ်းသာအားရ ကြိုနေသည့်ကြားထဲက အချို့မြို့သူမြို့သားများ၏မျက်နှာသည် သာတုန်းသာဆဲ ရုတ်တရက် တိမ်မည်းလွှမ်းသွားသကဲ့သို့ ဖြစ်သွားကြသည်။ အကြောင်းမှာ စစ်တပ်ကြီး၏

http://www.linhtet.com



နောက်တွင် ကလိင်္ဂတိုင်းသား စစ်သုံ့ပန်းများ ထောင်နှင့်သောင်းနှင့်ချီ၍ ပါလာသည်ကို မြင်ရသောကြောင့်ဖြစ်သည်။

စစ်သုံ့ပန်းများကို မဂဓစစ်သားများက ရံပြီးခေါ်လာကြသည်။ သုံ့ပန်းများထဲတွင် မိန်းမ၊ ယောကျာ်း၊ ကလေးလူကြီး အားလုံးပါသည်။ အချို့သုံ့ပန်းများကို ကြိုးဖြင့် တုပ်နှောင်ခေါ်လာသည်။ ယင်းအနိဋ္ဌာရုံ မြင်ကွင်းကို မြို့သူမြို့သား အတော်များများက မနှစ်မြို့ကြပေ။ သုံ့ပန်းများထဲတွင် ကလိင်္ဂတပ်သား မဟုတ်သည့် ကလိင်္ဂမြို့သား အတော်များများပါလာသည်။ ပါဋလိပုတ် မြို့သူမြို့သားတို့သည် လက်နက်မဲ့ ကလိင်္ဂ ပြည်သူများကို သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်လာကြခြင်းကို မနှစ်မြို့ကြပေ။ ပြည်သူပြည်သားချင်း ကိုယ်ချင်းစာနာကြသည်။

စစ်တပ်ကြီးသည် မြို့တော်အတွင်းရှိ လမ်းမများကို ဖြတ်လျက်နန်းတော်ရှေ့ဘက်မှ မင်းလမ်းမအတိုင်း တပ်စခန်းများရှိရာသို့ ချီတက်သွားသည်။ သုံ့ပန်းများကိုလည်း ထိုလမ်းမမှပင် အကျဉ်းစခန်းများရှိရာသို့ ခေါ်သွားကြသည်။ သုံ့ပန်းများ၏ရှေ့ဆုံးမှ ကလိင်္ဂသားတော်ကုမာရ ပါလာသည်။ ကလိင်္ဂဘုရင့်သားတော် ကုမာရသည် အသောကမင်းတရားကြီးကို ခုခံတိုက်ခိုက်ယင်း ဆင်ပေါ်မှလိမ့်ကျလာပြီး သတိမေ့သွားသည့်အချိန် သုံ့ပန်းအဖြစ် ဖမ်းမိခြင်းဖြစ်သည်။

သားတော်ကုမာရကို ယာဉ်ရထားတစ်စီးဖြင့် ခေါ်လာသည်။ လက်နှင့်ခြေကို တုပ်နှောင်ထားသည်။ သားတော်၏ ကိုယ်ခန္ဓာကို တုပ်နှောင်ထားသော်လည်း သားတော်၏စိတ်ဓာတ်ကိုမူ တုပ်နှောင်၍မရပေ။ သားတော်သည် မျက်နှာတင်းနေသည်။ အံကြိတ်ထားသည်။ လက်သီးဆုပ်ထားသည်။ အောင်ပွဲရ မဂဓစစ်တပ်ကြီးကို သောင်းသောင်းဖြဖြ သံပြိုင်ဟစ်ကြွေး ဩဘာပေးကြသည့် ပါဋလိပုတ် မြို့သူမြို့သားများသည်ပင် သားတော်ကိုတွေ့သောအခါ သူတို့၏ဩဘာသံသည် အဆုံးမသတ်ဘဲ တစ်ပိုင်းတစ်ပျက်နှင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

ကလိင်္ဂသုံ့ပန်းများကို တွေ့မြင်ရသည်ဖြစ်၍ စိတ်မကောင်းဖြစ်သွားသူများထဲတွင် ဘုရင့်သမီးတော်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ဘုရင့်သမီးတော် သင်္ဃမိတ္တာသည် စစ်မြေပြင်မှပြန်လာသည့် သူ့ခမည်းတော် ဘုရင်မင်းတရားကြီးကို ကြိုဆိုယင်းက ကလိင်္ဂသုံ့ပန်းများကို လှမ်းကြည့်လိုက်သည်။ သုံ့ပန်းများမှာ မျက်နှာညှိုးနွမ်းနေသည်။ အဝတ်အစားစုတ်ပြဲနေသည်။

အစာရေစာ ဝဝလင်လင် စားရပုံမပေါ်ပေ။ ချည့်နဲ့အားယုတ်နေကြသည်ဖြစ်၍ မလှမ်းချင်လှမ်းချင်ခြေလှမ်း လှမ်းနေကြသည်။ သမီးတော်သည် သုံ့ပန်းများ၏ အခြေအနေကို တွေ့မြင်ရသောအခါ စိတ်မကောင်းဖြစ်သွားသည်။ ခမည်းတော် အရှင်မင်းကြီးကို အပြစ်တင်လိုသည့် စိတ်ပေါ်လာလေသည်။

ညှာတာသနားသော အကြည့်ဖြင့် သုံ့ပန်းများကို ကြည့်နေယင်း သမီးတော်သည် သုံ့ပန်းများ၏ရှေ့ဆုံးကယာဉ်ရထားပေါ် မျက်စိရောက်သွားသည်။ ယာဉ်ရထားပေါ်၌ လက်နက်ကိုင် မဂဓစစ်သား နှစ်ဦး၏ကြားထဲတွင် ကြိုးဖြင့် တုပ်နှောင်ထားသည့် သုံ့ပန်းတစ်ဦးကို သွားတွေ့သည်။ ထိုသုံ့ပန်းမှာ သုံ့ပန်းအားလုံးထဲက တမူထူးခြားနေသည့် သုံ့ပန်းဖြစ်သည်။ ပုံပန်းလက္ခဏာမှာလည်း တခြားသုံ့ပန်းများနှင့်မတူပေ။ တခြားသုံ့ပန်းများကို ကြည့်ရသည်မှာ စိတ်ဓာတ်ကျနေသည့် လက္ခဏာ၊ တုန်လှုပ်နေသည့် လက္ခဏာ တွေ့ရသော်လည်း ထိုသုံ့ပန်းမှာမူ အားမာန်အပြည့် ရှိနေသည်။ ကိုယ်ခန္ဓာ အတုပ်အနှောင် ခံနေရသော်လည်း လက်နက်အင်အားသုံးပြီး ဦးအညွတ်ခိုင်းလျှင် ဘယ်သူ့ကိုမှ ဦးညွတ်မည်မဟုတ်သည့်အသွင် ပေါ်နေသည်။

သမီးတော်၏မျက်လုံးတွင် ထိုသုံ့ပန်းကို တွေ့လျှင်တွေ့ချင်း ကြင်နာထောက်ထားသည့် အသွင်အပြင်မျှသာမက စိုးရိမ်တုန်လှုပ်သွားသည့် အသွင်အပြင်ပါ ပေါ်လာလေသည်။ သမီးတော်သည် ထိုသုံ့ပန်း၏မျက်နှာကို ခပ်လှမ်းလှမ်းမှ စူးစိုက်ကြည့်နေသည်။ သုံ့ပန်းကမူ သမီးတော်ကို မမြင်ရပေ။ သုံ့ပန်းနှင့် သမီးတော်သည် လွန်လေပြီးသော တစ်ခါတုန်းက ဇာတ်လမ်းတစ်ပုဒ်ရှိခဲ့ဖူးသည်။ သမီးတော် မျက်ရည်လည်လာသည်။ ရီဝေလာသည့် မျက်ရည်ကြောင့် ရှေ့ကမြင်ကွင်းသည် ဝါးတားတားဖြစ်သွားသည်။ ရှေ့ကမြင်ကွင်း ဝိုးတဝါးဖြစ်နေစဉ် အတိတ်ကဇာတ်လမ်းသည် ရုတ်ခြည်း သမီးတော်၏အာရုံတွင်း ဝင်ရောက်လာလေသည်။

*

ကလိင်္ဂစစ်ပွဲမဖြစ်ပွားမီ သုံးလေးနှစ်ကျော်ခန့်က ဖြစ်သည်။ ပါဋလိပုတ်နှင့် ကလိင်္ဂသည် ရွှေလမ်းငွေလမ်း ပေါက်နေကြသည်။ ကလိင်္ဂဘုရင်သည် ဘုရင်အသောကထံ လက်ဆောင်ပဏ္ဏာများပေးပို့ပြီး ပြည်ထောင်အချင်းချင်း တရင်းတနှီး ဆက်ဆံနေသည်။ တစ်နေ့တွင် ကလိင်္ဂဘုရင့်သားတော် ကုမာရ

http://www.linhtet.com



သည် ပါဋလိပုတ်နေပြည်တော်သို့ အလည်အပတ် ရောက်ရှိလာသည်။ သားတော်သည် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည်။ ရုပ်ရည်ရူပကာယ လှပခန့်ညားသည်။ ပါဋလိပုတ်နန်းတော်ရောက်နေခိုက် ကလိင်္ဂသားတော် ကုမာရသည် သက်တူရွယ်တူ အသောကဘုရင့်သမီးတော် သင်္ဃမိတ္တာနှင့် ခင်မင်ရင်းနှီးသွားသည်။ သမီးတော်သင်္ဃမိတ္တာသည် ကလိင်္ဂသားတော်ကုမာရကို တွေ့တွေ့ချင်း မေတ္တာသက်ဝင်သွားသည်။ သားတော်ကလည်း သမီးတော်အား ကြင်လျာအဖြစ်ရွေးချယ်ရန် ပိုင်းဖြတ်ထားလိုက်လေသည်။

သားတော်နှင့်သမီးတော်တို့သည် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်နှီးသွားကြသည်ဖြစ်၍ တစ်နေ့တွင် ပါဋလိပုတ်မြို့နှင့် မလှမ်းမကမ်းရှိ တောအုပ်တစ်ခုတွင်းသို့ တောကစားထွက်သွားကြသည်။ နောက်လိုက်အဖော်မပါဘဲ သားတော်နှင့်သမီးတော်တို့နှစ်ဦးတည်း မြင်းကိုယ်စီနှင့် ထွက်လာခဲ့ကြခြင်းဖြစ်သည်။

သမီးတော်သည် ရှေ့က သမင်တစ်ကောင်ဖြတ်ပြေးသည်ကို မြင်ရသဖြင့် ထိုသမင်နောက်သို့ အတင်းလိုက်လေသည်။ ရှေ့က သားကောင်ကိုသာ မဲနေသဖြင့် သမီးတော်သည် ဘေးဗန်းကို အာရုံမပြုမိပေ။ သမီးတော် သားကောင်နောက် လိုက်နေစဉ် ဘေးတောင်ကမူစာပေါ်က ချုံဖုတ်တစ်ခုအတွင်းမှ ကျားတစ်ကောင်က သမီးတော်ကို ခုန်အုပ်လိုက်လေသည်။ သို့သော် သမီးတော်၏နောက်က ပါလာသည့်သားတော်က မျက်စိလည်းရှင်သည်။ သတ္တိလည်း ရှိသည်။ သမီးတော်အပေါ် ခုန်အုပ်သည့် ကျားသတ္တဝါကို အချိန်မီ လှံနှင့်ထိုးစိုက်လိုက်လေသည်။ သမီးတော် ရင်တုန်သွားသည်။ ထိတ်လန့်တုန်လှုပ်နေသည့် သမီးတော်၏လက်ကို သားတော်က ကိုင်ထားလိုက်လေသည်။

"မောင်တော်၊ နှမတော်အသက်ကို ကယ်တဲ့အတွက် မောင်တော့်ကို ဘယ်လိုကျေးဇူးတုံ့ပြန်ရမယ်ဆိုတာတောင် မသိတော့ဘူး"

"တခြား ဘယ်လိုကျေးဇူးတုံ့ပြန်မှုမျိုးကိုမှ မောင်တော်မလိုချင်ပါဘူး။ မောင်တော်ကယ်တဲ့ နှမတော်ရဲ့အသက် မောင်တော့်ဆီမှာပဲ အပ်နှင်းထားရင် တော်ပါပြီ"

ကလိင်္ဂသားတော်၏ဆိုလိုချက်ကို သိသွားသည်ဖြစ်၍ သမီးတော်က ပြုံးလိုက်လေသည်။ သားတော်နှင့် သမီးတော်တို့သည် ဆက်လက်တောမကစားကြတော့ဘဲ နန်းတော်သို့ ပြန်လာခဲ့ကြလေသည်။

http://www.linhtet.com



( ၂ )

"ဘယ်လိုလဲ သမီးတော်၊ မျက်နှာလဲ မကောင်းပါလား"

အသောကမင်းတရားကြီးသည် သူ့အနီးသို့ ချဉ်းကပ်လာသော သမီးတော် သဃ်မိတ္တာကို မေးလိုက်သည်။ သမီးတော်သည် ကလိင်္ဂသုံ့ပန်းများကို မြင်တွေ့သည့်အချိန်မှစ၍ ပျော်ပျော်ရွှင်ရွှင် မရှိတော့ပေ။ သဃ်မိတ္တာသည် ခမည်းတော်မင်းကြီးက အလိုလိုက်ထားသည့် သမီးတော်ဖြစ်သည်။ အခြားနန်းတွင်းသူ နန်းတွင်းသားတို့သည် အသောကမင်းတရားကြီးကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြသော်လည်း သမီးတော်သဃ်မိတ္တာကမူ ခမည်းတော်အရှင်မင်းကြီး မျက်နှာသာအပေးခံရသည့် သမီးတော်ဖြစ်၍ ခမည်းတော် အသောကမင်းတရားကြီးကို လျှောက်ရဲ တင်ရဲ ပြောရဲဆိုရဲသည်။ ယခုလည်း မိမိရင်ထဲတွင် မတင်မကျဖြစ်နေသည့် ကိစ္စကို ခမည်းတော် အရှင်မင်းကြီးအား ဖွင့်ဟလျှောက်တင်ရန် ဘုရင်မင်းကြီးအနီး ချဉ်းကပ်လာခြင်းဖြစ်သည်။

"ခမည်းတော် အရှင်မင်းကြီးဘုရား။ သမီးတော် တစ်ခုလျှောက်တင်လိုပါတယ်။ စစ်ပွဲကြီးလဲ ပြီးပါပြီ။ သေတဲ့လူတွေလဲ သေကုန်ကြပါပြီ။ အခု အသက်ရှင်ကျန်နေတဲ့ ကလိင်္ဂတိုင်းသားတွေကို သုံ့ပန်းအဖြစ်နဲ့ ချုပ်နှောင်ထားတာတော့ မသင့်တော်ပါဘူး ဘုရား။ သူတို့လဲ အစွယ်ကျိုးတဲ့မြွေလို ခေါင်းမထောင်နိုင်ကြတော့ပါဘူး။ ကလိင်္ဂနိုင်ငံလဲပဲ ခမည်းတော် အရှင်မင်းကြီးရဲ့ လက်အောက်ခံနိုင်ငံဖြစ်သွားပါပြီ။ သုံ့ပန်းအဖြစ်နဲ့ ဖမ်းဆီးခေါ်လာတဲ့ ကလိင်္ဂတိုင်းသားများကို အချုပ်အနှောင်က လွှတ်ပေးပါလို့ သမီးတော် တောင်းပန်လျှောက်ထားပါတယ် ခမည်းတော်"

အသောကမင်းတရားကြီးက သမီးတော် သဃ်မိတ္တာကို ကြည့်ပြီး ပြုံးလိုက်သည်။

"သမီးတော်က ကလိင်္ဂတိုင်းသား သုံ့ပန်းတွေအားလုံးကို လွှတ်ပေးစေလိုတာလား။ ဒါမှမဟုတ် တစ်ဦးတစ်ယောက်ကို လွှတ်ပေးစေလိုတာလား။ သမီးတော် စိတ်ဆန္ဒရှိတာက တစ်ယောက်တည်းကို မဟုတ်လား။ သုံ့ပန်းတွေအားလုံးကို ပြောတာက တစ်ယောက်တည်း ကွက်ပြောရမှာ မကောင်းတတ်လို့ မဟုတ်လား"

သဃ်မိတ္တာ၏မျက်နှာတွင် ရှက်သွေးဖြန်းသွားသည်။

http://www.linhtet.com



"ဒီလိုမဟုတ်ပါဘူး ခမည်းတော်။ သုံ့ပန်းတွေအားလုံးအပေါ်မှာ စေတနာရှိပါတယ်။ ဒါပေမယ့် တစ်ယောက်သော ပုဂ္ဂိုလ်အပေါ်မှာ စေတနာပိုတယ်ဆိုတာတော့ သမီးတော် မငြင်းပါဘူး။ ခမည်းတော်သိတဲ့အတိုင်းပဲ ကလိင်္ဂသားတော်ဟာ သမီးတော်နဲ့ခင်မင်ရင်းနှီးသူများ ဖြစ်ခဲ့ဖူးကြပါတယ်။ ဒါတင်မကသေးပါဘူး။ သူ ပါဋ္ဌလိပုတ်ကို အလည်အပတ် ရောက်လာတဲ့အခါ တုန်းက တောကစားသွားတုန်း သူသမီးတော်ရဲ့အသက်ကို ကယ်ခဲ့ဖူးပါတယ်။ ကလိင်္ဂသားတော်ဟာ သမီးတော်ရဲ့ အသက်သခင်ပါ။ သူ့အသက်ချမ်းသာဖို့ အရေးဟာ သမီးတော်ရဲ့တာဝန်ဝတ္တရား ဖြစ်ပါတယ်။ ပထမဦးဆုံး ကလိင်္ဂသားတော်ကို အကျဉ်းကလွှတ်ပေးတော်မူပါ။ နောက်တခြား ကလိင်္ဂသုံ့ပန်းများကိုလည်း အချိန်အခါ ကြည့်ပြီးသူတို့နိုင်ငံ ပြန်လွှတ်ပါလို့ ခမည်းတော်ကို သမီးတော် အသနားခံပါတယ်"

အသောကမင်းတရားကြီး၏ မျက်နှာသည် တည်ငြိမ်ကျေနပ်ရသွားသည်။

"သမီးတော်ကလဲ ခမည်းတော်ကို ဟိုရဟန်းတော် တိဿလိုပဲ ဖျောင်းဖျနားချနေတယ်။ ခမည်းတော်လဲ စစ်ကို ငြီးငွေ့သွားပါပြီ။ ကလိင်္ဂသုံ့ပန်းတွေကို ဦးကျိုးသွားအောင်တော့ တစ်လတန်သည် နှစ်လတန်သည် ချုပ်နှောင်ထားရလိမ့်ဦးမယ်။ ကလိင်္ဂတိုင်းသားတွေဟာ တခြားတိုင်းသားတွေလို မဟုတ်ဘူး။ ခမည်းတော်တို့ရဲ့ လက်အောက်မှာ မနေချင်ကြဘူး။ အခွင့်သာတာနဲ့ ခမည်းတော်တို့ကို ပြန်လှန်ခုခံမှာ သေချာတယ်။ ကလိင်္ဂ သားတော်အတွက်ကတော့ ခမည်းတော်လဲ စဉ်းစားလျက်ပါ။ ခက်တာက သူကနည်းနည်းကလေးမှ ဦးမညွှတ်ချင်ဘူး။ ခမည်းတော်ကို အခုဦးညွှတ်၊ အခုသူ့ကိုလွှတ်ပစ်ဖို့ အမိန့်ပေးမယ်။ သူကအင်မတန် ခေါင်းမာတယ်။ သူ့မာန်မာနကိုတော့ ချိုးပစ်ရလိမ့်မယ်။ သူဟာ ခမည်းတော်ရှေ့မှာ ဦးနှိမ်မယ်ဆိုရင် သူ့ကို အကျဉ်းက လွှတ်ပစ်ရုံမျှသာ မကဘူး။ သူ့ကို သမီးတော်နဲ့ လက်ဆက်ပေးပြီး ကလိင်္ဂတိုင်းရှင်ဘုရင်အဖြစ် အဘိသိက်တောင် သွန်းပေးလိုက်ဦးမယ်"

"သမီးတော် ကလိင်္ဂသားတော်ကို ဆွေးနွေးကြည့်ပါရစေဦး ခမည်းတော်"

*

http://www.linhtet.com



( ၃ )

ညဥ့်သည်တစ်စခန်းရပ်တော့မည့် အချိန်ကာလဆီသို့ နီးကပ်လာပြီ။ ယုန်နှင့်အပြေးပြိုင်သည့် လိပ်ပမာ ရွေ့ရုံမျှသာရွေ့နေသည့် ည၏အမှတ်သင်္ကေတသည်ပင် အာကာသခရီး၌ ခရီးသုံးပုံကျိုးသွားပြီ။ ပါဋ္ဌလိပုတ်တစ်မြို့လုံး အိပ်မောကျနေသည်။ သို့သော် အားလုံးအိပ်မောကျနေသည့်အချိန်၌ မအိပ်သူနှစ်ဦးရှိနေသည်။ တစ်ဦးမှာ အကျဉ်းတိုက်တွင်းမှ အကျဉ်းသားဖြစ်ပြီး ကျန်တစ်ဦးမှာ အကျဉ်းတိုက်ဝ၌ တာဝန်အရ အစောင့်ကျနေသည့် အစောင့်စစ်သားဖြစ်သည်။ လရောင်မှုန်မွှားမွှားအောက်တွင် အကျဉ်းတိုက်သည် ငုတ်တုတ်ထိုင်နေသည့် တစ္ဆေသရဲတစ်ကောင်နှင့် တူနေသည်။ အကျဉ်းတိုက်ဝတွင် ထလိုက်ထိုင်လိုက် လမ်းလျှောက်လိုက် လုပ်နေသည့် အစောင့်စစ်သား၏လက်ထဲက ဓားသွားသည် လရောင်တွင် ဝင်းခနဲ လက်ခနဲ ဖြစ်နေသည်။

ထိုအခိုက် အကျဉ်းတိုက်ရှိရာသို့ လူရိပ်သဏ္ဍာန်တစ်ခု ခပ်သုတ်သုတ် ချဉ်းကပ်လာသည်။ ညဥ့်နက်သန်းခေါင်ကျော် တစ်လောကလုံး အိပ်မောကျနေစဉ် မျက်လုံးပွင့်နေသူ နှစ်ဦးသာရှိနေသည့်ကြားထဲက တတိယပုဂ္ဂိုလ်တစ်ဦးပေါ်လာပြန်ပါပကော။ အလွန်တရာ အရေးပါသည့် အကျဉ်းသားတစ်ဦးချုပ်နှောင်ထားသည့် အကျဉ်းတိုက်သို့ ညအချိန်မတော်မည်သူများ လာနေသနည်း။ အစောင့်စစ်သားသည် အရိပ်ဆီသို့ လှမ်းကြည့်လိုက်သည်။ လူရိပ်သဏ္ဍာန်မှာ တစ်ကိုယ်လုံး အဝတ်နက်ဝတ်ရုံထားသည်။ အစောင့်စစ်သား သည် ဓားကို မြဲမြဲဆုပ်ကိုင်လိုက်သည်။ စစ်သားအနီးသို့ အရိပ်ကပ်လာသည်။ အရိပ်ကို စစ်သားက ကြည့်လိုက်သည်။ မိုးသားတိမ်မည်းကြားထဲက ကွက်လပ်တွင် ထွက်ပြူနေသည့် လမင်းပါကလား။ ဝတ်ရုံအနက်တွင်းမှ ထွက်ပြူသည့် မျက်နှာဝန်းကို တွေ့လိုက်ရသည်နှင့် စစ်သားသည် တွန့်သွားသည်။ ကိုယ်ကို ရုပ်လိုက်သည်။ ဓားကို ချလိုက်သည်။ ဦးခေါင်းကို ညွတ်လိုက်သည်။

"စစ်သည်တော်၊ ကျုပ်အကျဉ်းသားနဲ့ ခဏတွေ့လိုတယ်"

"အကျဉ်းသားနဲ့ ဘယ်သူမှ မတွေ့ရဘူးလို့ မင်းတရားကြီးက အမိန့်ထုတ်ထားပါတယ် သမီးတော်"

"ကျုပ်သိတယ်။ ကလိင်္ဂသားတော်ကိုယ်တိုင်က တိုးလျှိုးတောင်းပန်ရင် ကလိင်္ဂသားတော်ကို အကျဉ်းက လွှတ်ပစ်ဖို့ ခမည်းတော်မင်းတရားကြီး အဆင့်သင့် ဖြစ်နေပါပြီ။ ကျုပ် ကလိင်္ဂသားတော်နဲ့တွေ့ပြီး အဲဒီသတင်း"

http://www.linhtet.com



"ဒါပေမယ့် ကျွန်ုပ်တာဝန် ဝတ္တရားက ဒီအကျဉ်းတိုက်ထဲကို ဘယ်သူမှ . . . "

"သင်စစ်သည်တော်ရဲ့ တာဝန်ဝတ္တရားကို ကျုပ်လေးစားပါတယ်။ ဒါပေမယ့် တာဝန်ဝတ္တရားဆိုတာ အလျော့အတင်းရှိရတယ်။ တာဝန်ဝတ္တရားကို ချွင်းချက်မရှိ တရားသေဆုပ်ကိုင်ထားယင် တစ်ခါတစ်ရံမှာ မမျှော်လင့်တဲ့ ဆုံးရှုံးနစ်နာမှုမျိုး ဖြစ်ပေါ်လာတတ်တယ်။ သင်စစ်သည်တော် မင်းပြစ်မင်းဒဏ် မသင့်စေရဘူးဆိုတာ ကျုပ်အာမခံပါတယ်။ ကျုပ်ကလိင်္ဂသားတော်နဲ့ မတွေ့လို့ မဖြစ်ဘူး။ မတွေ့ရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်။ သိပ်မကြာပါဘူး။ စကားနှစ်ခွန်းသုံးခွန်းလောက် ပြောပြီးရင် ကျုပ်အကျဉ်းတိုက်ထဲက ပြန်ထွက်ပါမယ်"

"ဒီလိုဆိုရင် ကောင်းပါပြီ သမီးတော်။ အရဏ်မတက်မီ အကျဉ်းတိုက်ထဲက ပြန်ထွက်မယ်ဆိုတဲ့ ကတိတော့ပေးပါ သမီးတော်"

"ကောင်းပါပြီ စစ်သည်တော်"

အစောင့်စစ်သားသည် အကျဉ်းတိုက်တံခါးကို ဂျောင်းခနဲ ဖွင့်လိုက်သည်။ အပြင်ဘက်က လရောင်သည် ပွင့်သွားသည့် တံခါးအတွင်းမှ အခန်းတွင်းသို့ တိုးဝင်သွားသည်။ ဆီမီးရောင်သည် အကျဉ်းတိုက်ခန်းတွင်း၌ သူ့ရှိသမျှ အင်အားကလေးနှင့် မင်းမူကြီးစိုးနေသည်။ လရောင်သည် အပြင်ဘက်၌ သာချင်တိုင်းသာနေသော်လည်း ထုထည်ကြီးမားသည့် အုတ်နံရံကာဆီးထားသဖြင့် အကျဉ်းတိုက်ခန်းတွင်းသို့ မထိုးဖောက်မဝင်ရောက်နိုင်ခဲ့ပေ။ ယခုလမ်းပွင့်သွားလျှင် သွားချင်းအတွင်းဘက်ဝင်လာရာ နဂိုကရှိနေသည့် တိုက်ခန်းတွင်းက ဆီမီးရောင်နှင့် ပဋိပက္ခဖြစ်ကြတော့သည်။ သို့သော် ဆီမီးရောင်သည် မိမိပိုင်နက်အတွင်းဖြစ်၍ လရောင်ကို အလျော့မပေးဘဲ အစွမ်းကုန်လင်းပြနေသည်။

အိပ်၍မရသဖြင့် တောင်တွေးမြောက်တွေးဖြစ်နေသည့် ကလိင်္ဂသားတော် ကုမာရသည် တံခါးဖွင့်သံ ဂျောက်ခနဲ ကြားလိုက်ရသည့်အတွက် လန့်သွားလေ၏။

"ဘယ်သူလဲ စစ်သည်လား၊ ကျုပ်ကို ကွပ်မျက်ဖို့ အချိန်ကျပြီလား"

ကလိင်္ဂသားတော်သည် ပြောပြောဆိုဆို အပေါက်ဝမှ ဝင်လာသူအား လှမ်းကြည့်လိုက်သည်။ အခန်းတွင်းသို့ ဝင်လာသူမှာ စစ်သားမဟုတ်ဘဲ မိန်းမပျို ပုံသဏ္ဍာန်ဖြစ်နေသည်ကို တွေ့ရသည်။ ကလိင်္ဂသားတော်သည် အံ့သြငေး

http://www.linhtet.com



မော သွားသည်။ သမီးတော်သဃ်မိတ္တာသည် ဦးခေါင်းကို ဖုံးလွှမ်းဝတ်ရုံထားသည့် ဝတ်ရုံနက်၏အစကို ဦးခေါင်းပေါ်က ပုခုံးအထိဆွဲချလိုက်လေ သည်။

"အလို . . . ထူးထူးဆန်းဆန်း သမီးတော်ပါလား။ ဘယ်လိုအရေး ကိစ္စထူးလို့ ညကြီးအချိန်မတော် လာရတာလဲ"

"သားတော် . . . နမတော်ကို မှတ်မိသေးတယ်နော်"

"ကလိင်္ဂဘုရင့် သားတော်ဟာ ရန်သူတစ်ယောက်လုံးကို မမှတ်မိလောက်အောင် မှတ်ဉာဏ်မကောင်းတဲ့ လူတစ်ယောက်မဟုတ်သေးပါဘူး သမီးတော်"

"ရန်သူဟုတ်လား၊ နမတော်ဟာ သားတော်ကုမာရရဲ့ ရန်သူ"

"ကလိင်္ဂတစ်ပြည်လုံးကို သွေးခြင်းခြင်းနီသွားအောင်လုပ်ပြီး ကလိင်္ဂတစ်မျိုးသားလုံးနဲ့ ကလိင်္ဂဘုရင့်အနွယ်တော်တစ်ခုလုံးကို ကျူပြင်ခုတ် ကျူငုတ် မကျန်အောင် လုပ်ပစ်တဲ့ လူသတ်သမား အသောကရဲ့ သမီးတော်ဟာ ကျုပ်ရန်သူမဟုတ်လို့ တခြားဘာဟုတ်နိုင်ဦးမှာလဲ"

"ပြောတော့ သားတော်။ မပြေးသော်ကန်ရာ ရှိနေတဲ့အတွက် သားတော်ပြောတာကို နမတော် ခေါင်းငုံ့ခံပါမယ်။ ဒါပေမယ့် လူချင်းတူပေမယ့် အသက်ရှူချင်း ကွဲပါသေးတယ်။ နမတော်ဟာ ခမည်းတော်ကလိင်္ဂတိုင်းကို နှိမ်နင်းတိုက်ခိုက်တာ လုံးဝမကြိုက်ပါဘူး။ အခုလဲ သားတော် လွတ်မြောက်ရေးအတွက် လာခဲ့ရတာပါ"

ကလိင်္ဂသားတော်သည် ဆက်စကားမပြောသေးဘဲ မိုတ်တုတ်မိုတ်တုတ် တောက်နေသည့် ဆီးမီးတိုင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ နောက်မှ သမီးတော်ကို ပြန်ပြောလေ၏။

"ဘာလဲ . . . သမီးတော်က ကိုယ့်ခမည်းတော်ရဲ့အောင်သွယ်တော် အဖြစ်နဲ့ ရောက်လာတာလား။ သမီးတော်ရဲ့ ခမည်းတော်ကို ကျုပ်ကဦးညွှတ်ဖို့ လာပြောတာလား။ ကျုပ်တိုင်းပြည်ကိုလုယူပြီး ကျုပ်တစ်ဆွေလုံးတစ်မျိုးလုံးကို သေမင်းခံတွင်းထဲ ပို့ပစ်တဲ့ လူတစ်ယောက်ရှေ့မှာ ကျုပ်ဘယ်တော့မှ ဦးမညွှတ်ဘူး မှတ်ပါ။ အမှန်က ကျုပ်တိုက်ပွဲမှာ ကိုယ့်မိဘဆွေမျိုးသားချင်းတွေနဲ့အတူ ရန်သူကိုခုခံယင်း အသက်စွန့်လိုက်ရမှာဖြစ်တယ်။ ဒါပေမယ့် ကံမကောင်း အကြောင်းမသင့်တဲ့အတွက် သုံ့ပန်းအဖြစ် အဖမ်းခံရတယ်။ အဲဒါကိုက အမည်းကွက်တစ်ခုဖြစ်နေပြီ။ အခုတစ်ဖန် ရန်သူရှေ့မှာ ဒူးထောက်အညံ့ခံရဦးမယ်ဆိုရင်တော့ တစ်သက်လုံး ခေါင်းဖော်ဖို့တောင် မကောင်းတော့ဘူး။ ကျုပ်

http://www.linhtet.com



ကို မျက်ရည်ခံ လာထိုးမနေပါနဲ့ သမီးတော်"

သမီးတော် သဃ်မိတ္တာသည် မျက်နှာအတန်ငယ် ပျက်သွားသည်။

"ဦးညွှတ်ဖို့ ပြောနေတာ မဟုတ်ပါဘူး။ တကယ်လို့ ခမည်းတော် ဘုရင်မင်းကြီးက သားတော်ကို အကျဉ်းကလွတ်ပစ်ဖို့ အမိန့်ပေးရင် သားတော် အနေနဲ့ လက်ခံဖို့ လာတောင်းပန်တာပါ"

"ကလိင်္ဂတစ်မျိုးသားလုံးအပေါ်မှာ အခဲမကျေသေးတဲ့ လူရမ်းကား ကြီး အသောကက ကျုပ်ကို အကျဉ်းက လွှတ်ပစ်ဖို့ အမိန့်ပေးမှာတဲ့လား"

"ဘာဖြစ်လို့မပေးရမှာလဲ သားတော်။ လူ့သဘောသဘာဝဆိုတာ တစ်သမတ်တည်း ရှိနေတာမျိုးမှ မဟုတ်တာ။ မနေ့က လူဆိုးသူခိုး ဖြစ်နေပေ မယ့် ဒီနေ့ စိတ်ကောင်းဝင်ချင် ဝင်လာနိုင်တယ်။ ခမည်းတော် အရှင်မင်းကြီးလဲ စိတ်ပြောင်းသွားပါပြီ။ ရဟန်းတော် တိဿမထေရ်ရဲ့ သြဇာလဲ ခမည်းတော် အပေါ်မှာ အတော်လွှမ်းမိုးနေတယ်။ သားတော်ကို အကျဉ်းက လွှတ်ပစ်ဖို့ နှမတော် ခမည်းတော်အရှင်မင်းကြီးကို တောင်းပန်ထားပါတယ်"

"သမီးတော်က ကျုပ်ကို ဘာဖြစ်လို့ ဒါလောက်တောင် အကျဉ်းက လွှတ်စေချင်ရတာလဲ"

"ရက်စက်လှချည့်လား သားတော်၊ ဟိုတစ်ခါ သားတော်နဲ့နှမတော် တောကစားထွက်ကြတုန်းက 'နှမတော်ရဲ့အသက် မောင့်တော်ဆီမှာ အပ်နှင်း ထားပါ' လို့ ပြောတဲ့ သားတော်စကားကို မေ့သွားပြီလား သားတော်။ အဲဒီ အချိန်တုန်းကစခဲ့တဲ့ အချစ်ဗီဇမျိုးစေ့ဟာ အခုထက်ထိ နှမတော်ရဲ့ရင်ထဲမှာ"

"တော်တော့ သမီးတော်၊ ကျုပ်ကို ပျားရည်နဲ့ဝမ်းလာချမနေပါနဲ့။ ကျုပ်အတိတ်ကို အတိတ်မှာပဲထားခဲ့ပြီ။ ကျုပ်နိုင်ငံသူ နိုင်ငံသားတွေနဲ့ ကျုပ် မိဘဆွေမျိုးများရဲ့ ဝိညာဉ်တွေဟာ ကလိင်္ဂမြေပြင်မှာ တဝဲလည်လည် ဖြစ်နေကြ တုန်းရှိသေးတယ်။ ကျုပ်ရဲ့ဇာတိသွေး ဇာတိမာန်ကို အချစ်နဲ့ရောင်းစားပစ်လိုက် မယ်ဆိုရင် ကလိင်္ဂနိုင်ငံသမိုင်းမှာ နောင်လာနောက်သားတွေ ကျုပ်ကို လက် ညှိုးငေါက်ငေါက် ထိုးလို့ဆုံးတော့မှာ မဟုတ်ဘူး"

ကလိင်္ဂသားတော်နှင့် သမီးတော်သဃ်မိတ္တာတို့ စကားမပြတ်ခင် အစောင့်စစ်သားသည် အကျဉ်းတိုက်ခန်းတွင်း ဝင်လာသည်။

"သမီးတော် အရဏ်ပျို့လာပါပြီ၊ ပြန်ဖို့ တော်ပါပြီ"

အစောင့်စစ်သားက သမီးတော် သဃ်မိတ္တာအား ဦးညွှတ်အရိုအသေ ပြုပြီး ပြောလိုက်သောအခါ သမီးတော်က စစ်သားဘက်လှည့်ပြီး . . .

http://www.linhtet.com



"အင်း . . . အင်း . . . ပြန်ပါတော့မယ်" ဟု ပြောလိုက်လေသည်။ ထို့နောက်တစ်ဖန် မျက်ရည်စို့နေသောမျက်လုံးဖြင့် ကလိင်္ဂသားတော်ကုမာရကို ကြည့်လျက် . . .

"ကဲ . . . သားတော် နမတော် ပြန်ပါတော့မယ်။ သားတော်ဆီက နောက်ဆုံးအဖြေ လိုချင်ပါတယ်။ သားတော်ဆီက မင်္ဂလာရှိတဲ့ နောက်ဆုံးပီတိ အဖြေကို ရင်မှာပိုက်ပြီး ထွက်ပြူလာတော့မယ့် နေအရုဏ်ကို နမတော် ကြိုဆိုပါရစေ"

"နောက်ဆုံးအဖြေဟုတ်လား . . . ရပါတယ်၊ အခုပဲ ပေးလိုက်မယ်"

ပြောပြောဆိုဆို ကလိင်္ဂသားတော်သည် ရုတ်တရက် စစ်သားလက်ထဲကဓားကို ဆတ်ခနဲယူပြီး သူ့ရင်ဘတ်တွင် တအား ထိုးစိုက်လိုက်လေသည်။ ရုတ်တရက် ဖြစ်သွားသဖြင့် စစ်သားလည်း ကြက်သေသေနေသည်။ ကလိင်္ဂသားတော်သည် သွေးတရဟောစီးကျလာသည့် ဗိုက်ကို လက်နှင့်ဖိပြီး လဲကျသွားလေသည်။

အကျဉ်းတိုက်ခန်းထဲက ဆီမီးသည်ဆီကုန်ခန်းသွားသဖြင့် ဟုတ်ခနဲ ငြိမ်းသွားလေသည်။ သမီးတော် သဃမိတ္တာလည်း သားတော်အပေါ် ပစ်လှဲချလိုက်လေသည်။

နေအရုဏ် ထွက်ပြူလာပြီ။ အကျဉ်းတိုက်အပေါ်က ကောင်းကင်တစ်ခွင်၌လည်း သွေးခြင်းခြင်းနီနေသည်။ အကျဉ်းတိုက်ခန်းတွင်း၌လည်း သွေးခြင်းခြင်းနီနေသည်။

❑

## ဘုရင်အသောကသည် သူဆင်းရဲလား

ဤခရီး ဤလမ်းတွင် ဤသို့ ချီတက်ခဲ့သည့် အကြိမ်ပေါင်းမှာ များလှပြီ။ သို့သော် ယခုချီတက်နေသည်မှာ ယခင်က ချီတက်ခြင်းများနှင့် လုံးဝမတူ။ ယခင်က ဤလမ်း ဤခရီး၌ ဤဘုရင် ဤဧကရာဇ်သည် ဤသို့ ချီတက်ပါက တခြားကိစ္စ တခြားအကြောင်းခြင်းတ မဟုတ်ဘဲ ရန်သူနိုင်ငံကို တွန်းလှန် ဖြိုဖျက်ရန်နှင့် နိုင်ငံနယ်ပယ်ကို ချဲ့ထွင်သိမ်းပိုက်ရန်အတွက်သာ ဖြစ်ခဲ့သည်။ ဤဘုရင်နှင့်ပါလာသည့် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ ယာဉ်ရထားတပ်ကြီးများသည် ပုရွက်ဆိတ်တွင်းကြီးအတွင်းမှထွက်ပြီး စီတန်းသွားလာနေသည့် ပုရွက်ဆိတ်တန်းကြီးသဖွယ် ဦးရေကို ရေတွက်ဖို့ရန်ပင်မလွယ်။ စစ်သည်တော်တို့ ဟစ်ကြွေးလိုက်သည့် အောင်ခွန်းအောင်သံများနှင့် အောင်စည်အောင် မောင်းသံများသည်လည်း ဘဝဂ်အထိ ပဲ့တင်ထပ်ခဲ့သည်။ စစ်သည်တော်တို့၏ လက်ထဲတွင် ကိုင်ဆောင်ထားသည့် ဓားလှံ၊ အဲမောင်းစသည်တို့သည်လည်း ရန်သူ့သွေးကိုသောက်ရန် လျှာတပြင်ပြင် ဖြစ်နေကြသည်။ စစ်သည်တော်တို့ ကိုင်ဆောင်လာသည့် အောင်လံတော်မှာလည်း လေထဲတွင် တလူလူ တဖျပ်ဖျပ်နှင့် ဝင့်ကြွားနေခဲ့သည်။

ယခုကား ထိုသို့မဟုတ်။ ဘုရင်မင်းကြီး စီးနင်းလိုက်ပါလာသည့် ယာဉ်ရထားတစ်စီးနှင့် အခြားနောက်လိုက် ဗိုလ်ပါမှူးမတ်များစီးသည့် ယာဉ်ရထားလေးငါးခြောက်စီးလောက်သာပါသည်။ လုံခြုံရေးအတွက် စစ်သည်တပ်သားများ ပါတော့ပါလာသည်။ သို့ရာတွင် ယခုပါလာသည့် စစ်သည်တပ်

http://www.linhtet.com



သားများတွင် ယခင် စစ်ထွက်စဉ်က တွေ့ရသော စစ်သားများ၏အမူအရာမျိုး လုံးဝမတွေ့ရ။ ဘုရင်မင်းကြီးနှင့် နောက်လိုက်ဗိုလ်ပါအားလုံး၏ အမူအရာမှာ ငြိမ်သက်နေသည်။ ယခင်က စစ်သွေးစစ်မာန်ဖြင့် တင်းမာခက်တရော်ရှိနေသော သူတို့၏မျက်နှာတွင် ယခု တည်ငြိမ်ကြန့်ရမှု လွှမ်းနေသည်။

အသောကဘုရင်သည် ဗိုလ်ပါအလုံးအရင်းနှင့်အတူ ပါဋလိပုတ်နေပြည်တော်မှ တောင်ဘက်စူးစူးသို့ ချီတက်လာလေသည်။

*

စားရက်ကြုံတော့ မုတ်ဆိတ်ပျားလာစွဲသည်။ သက်တော်ထင်ရှားရှိစဉ်တော်မူစဉ်က တစ်နေရာတည်းတွင် သတ်သတ်မှတ်မှတ် ကြာရှည်လေးမြင့်စွာ သီတင်းသုံးတော်မမူဘဲ ဒေသအနှံ့အပြား ဒေသစာရီကြွချီနေတော်မူခဲ့သော်လည်း ရှင်တော်ဗုဒ္ဓသည် ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းခါနီးရောက်လာသောအခါ မလ္လမင်းတို့၏ ကုသိနာရုံသို့ကြွရောက်တော်မူလာရသည်။ သူတို့ပိုင်နက် နယ်မြေတွင် ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းသွားသည်ဖြစ်၍ ကြွင်းကျန်နေခဲ့သည့် ဗုဒ္ဓရှင်တော်ဘုရား၏ဓာတ်တော်တို့မှာ သူတို့ပိုင်လိုလို ဖြစ်လာလေသည်။ မလ္လမင်းတို့သည် ရှင်တော်ဗုဒ္ဓ၏ဓာတ်တော်ကို အကြောင်းပြုပြီး အလွန်တရာ အရေးပါအရောက်သူများဖြစ်လာကြသည်။ ဗုဒ္ဓရှင်တော်ဘုရားကို အကြည်ညိုပွားသည့် တိုင်းပြည်အသီးသီးတို့သည် မလ္လမင်းတို့ထံ ချဉ်းကပ်လာရသည်။

"အကြည်တော် မလ္လမင်းတို့၊ ကျွန်ုပ်တို့သည် ဗုဒ္ဓရှင်တော်ဘုရား၏ တပည့်ဒကာများဖြစ်၍ ဓာတ်တော်ကို ကိုးကွယ်ပူဇော်ထိုက်သူများ ဖြစ်ကြပါသည်။ ရှင်တော်ဗုဒ္ဓ၏ဓာတ်တော်ကို ကျွန်ုပ်တို့အားလည်း ခွဲဝေပေးပါ"

မဂဓပြည်ရှင် ဘုရင်အဇာတသတ်က မလ္လမင်းတို့ထံ တမန်တော်စေလွှတ်ပြီး အကြောင်းကြားသည်။ ရှင်တော်ဗုဒ္ဓ၏ ဓာတ်တော်ဝေစုရလိုကြောင်း တောင်းခံလာသူများမှာ ဘုရင်အဇာတသတ် တစ်ဦးမျှသာမက ဝေသာလီမှ လိစ္ဆဝီမင်းတို့သည် လည်းကောင်း၊ ကပိလဝတ်မှ သကျသာကီဝင်မင်းတို့သည် လည်းကောင်း၊ အလ္လကပ္ပမှ ဗုလိမင်းတို့သည် လည်းကောင်း၊ ရာမဂါမမှ ကောလိယမင်းတို့သည် လည်းကောင်း၊ ပါဝါမှ မလ္လမင်းတို့သည် လည်းကောင်း၊ ဝေဋ္ဌဒီပမှ ဗြာဟ္မဏတို့သည် လည်းကောင်း၊ ပိပ္ပလိဝနမှ

http://www.linhtet.com



မောရိယမင်းတို့သည် လည်းကောင်း ရှင်တော်ဗုဒ္ဓ၏ဓာတ်တော်ကို ကုသိနာရုံ မလ္လမင်းများထံတောင်းခံလာကြသည်။ ထူးခြားသည်မှာ ဗုဒ္ဓဓာတ်တော်ကို တောင်းခံလာကြသည့် နိုင်ငံများထဲတွင် အများဆန္ဒအရ အုပ်ချုပ်သည့် ဂဏ နိုင်ငံများသာဖြစ်ပြီး ဘုရင်အုပ်ချုပ်သည့် ပဒေသရာဇ်နိုင်ငံမှ တောင်းခံလာသူမှာ အဇာတသတ် ဘုရင်တစ်ပါးသာလျှင် ရှိလေသည်။

ဓာတ်တော်များကို အပိုင်စီးထားသည့် ကုသိနာရုံမလ္လမင်းတို့သည် ဘယ်သူ့ကိုမှ ဓာတ်တော်ခွဲဝေမပေးချင်ကြ။ ကိုယ့်ခြံတွင်းမှာ ပေါ်လာသည့် ရွှေအိုးကို တစ်ဘက်ခြံက လူက သူလည်းပိုင်သည်ဟု ပြောလာပါက တရားရာ ကျပါမည်လော။ မိမိတို့ ဘုန်းကံနှင့် မိမိတို့အပိုင်ရထားသည့် ဓာတ်တော်ကို ဘာကြောင့် သူတစ်ပါးကိုခွဲပေးရမှာနည်း။ ဓာတ်တော်ကို ခွဲဝေပေးရန် တောင်းခံ လာသည့် ခုနစ်ပြည်ထောင်မင်းများထံ ရာဇသံပို့လိုက်သည်။

"သင်တို့ ပိုင်နက်နယ်မြေတွင် ရွှေငွေရတနာများ ဖြစ်ထွန်းလာသော် သင်တို့က ငါတို့ကို ပေးမည်လော၊ လောကမှာ ဗုဒ္ဓရှင်တော်ဘုရားနှင့်တူသည့် ရတနာမည်သည်မရှိ။ ထိုရတနာကို သင်တို့အား အဘယ်ကြောင့် ပေးရမှာ နည်း။ သင်တို့ကြိုက်သလို လုပ်နိုင်သည်"

ဓာတ်တော် လက်ဝယ်ရှိသူနှင့် ဓာတ်တော် တောင်းခံသူတို့သည် မပြေမပြစ် ဖြစ်နေကြသည်။ ဓာတ်တော်ကို အကြောင်းပြုပြီး နှစ်ပြည်ထောင် စပ်ကြား စစ်မက်ဖြစ်ပွားမည့် အရိပ်အယောင်ပင် ပေါ်လာသည်။ ဤတွင် ဒေါဏဗြာဟ္မဏက ကြားဝင်စေ့စပ်ကာ ဓာတ်တော်ကို ရှစ်ပုံရှစ်ဖို့ခွဲပြီး ဝေပေး လိုက်လေသည်။ အဇာတသတ်မင်းသည် မိမိအတွက် ရရှိသောဓာတ်တော်ကို ရာဇဂြိုဟ်၌ မြေတိုက်စေတီတည်ပြီး စေတီတွင်း၌ ဌာပနာလျက် ကိုးကွယ်ထား လိုက်လေသည်။

*

နှစ်ပေါင်းသုံးရာကျော်လာခဲ့ပြီ။ နှစ်ပေါင်း သုံးရာကျော်ကာလ အတွင်း အခြေအနေ တစ်မျိုးပြီးတစ်မျိုး ပြောင်းလာခဲ့သည်။ နှစ်ပေါင်းသုံးရာ ကျော် မတိုင်မီက ကျေးရွာနိဂုံးမျှသာ ဖြစ်ခဲ့သော ပါဋလိဂါမသည် ယခု နတ်ဘုံ နတ်နန်းတမျှ ကြီးကျယ်ခမ်းနားသော ထီးနန်းအဆောင်အယောင်ရှိသည့် ပါဋလိပုတ်မင်းနေပြည်တော် ဖြစ်လာသည်။ ယခင်က ဘုရင်ဗိမ္ဗိသာရနှင့် ဘုရင်

http://www.linhtet.com



အဇာတသတ်တို့ ထီးနန်းစိုးစံသည့် ကြက်ပျံမကျ စည်ကားခဲ့သော ရာဇဂြိုဟ်သည် ယခု ကျီးနှင့် ဖုတ်ဖုတ် ဖြစ်နေသည်။

ပါဋ္ဌလိပုတ် နေပြည်တော်မှ နောက်လိုက်ဗိုလ်ပါ အလုံးအရင်းနှင့် ချီလာသော အသောကဘုရင်သည် ရာဇဂြိုဟ်နယ်နိမိတ်အတွင်း ဝင်ရောက်လာသည်။ ဘုရင်သည် နိဂြောဓသာမဏေ၏ ဩဝါဒစကားကို ကြားရပြီးသည့်နောက်တွင် ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်လျက် ကုသိုလ်ကောင်းမှုများကိုသာ အဆက်မပြတ် ပြုလုပ်နေသည်။ ယခုလည်း ဇမ္ဗူဒိပ်ကျွန်းနေရာ အနှံ့အပြား၌ စေတီတော်များ တည်ထားကိုးကွယ်ရန် ကြံရွယ်ထားသည်။ ယင်းစေတီများတွင် ဗုဒ္ဓဓာတ်တော်ကို ဌာပနာလိုသည်။ ရာဇဂြိုဟ်တွင် အဇာတသတ်ဘုရင် တည်ထားကိုးကွယ်ခဲ့သည့် ဓာတ်တော် စေတီတစ်ဆူရှိသည်ဟု သိရသည်။ သို့ဖြစ်၍ ဘုရင်အသောကသည် ဗိုလ်ပါအလုံးအရင်းနှင့် ရာဇဂြိုဟ်တွင် ဓာတ်တော်ရှာပုံတော် ထွက်လာခဲ့ခြင်းဖြစ်သည်။

ရာဇဂြိုဟ် ရောက်သောအခါ အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ မည်သည့်နေရာတွင် ဓာတ်တော်စေတီရှိသနည်း။ ယခင်က နန်းတော်သည် ယခု အပျက်အစီးအယိုအယွင်းဘဝ ရောက်နေပြီ။ ယခင်က ဘုံဗိမာန်များနေရာတွင် ယခု ချုံဖုတ်များပေါက်နေသည်။ ဓာတ်တော်စေတီကို မည်သို့ရှာမည်နည်း။ တွေ့သမျှလူများကို မေးကြည့်သည်။ သက်ကြီး ရွယ်အိုများကို စုံစမ်းကြည့်သည်။ မည်သူမျှ အတပ်မပြောနိုင်ကြ။ နောက်မှ ကံအားလျော်စွာ ဘိက္ခုနီမ တစ်ဦးက နတ်လမ်းညွှန်လိုက်သည်။

"မြို့အနောက်တံခါးကနေ အလှမ်းသုံးရာ အဝေးမှာရှိတယ်"

ဘုရင်အသောကနှင့် နောက်လိုက်ဗိုလ်ပါများသည် အားရဝမ်းသာ ဓာတ်တော်စေတီတည်ရှိရာကိုလာပြီး တူးဖော်ကြည့်ကြသည်။ လူသုံးရပ်စာလောက် အနက်တူးမိသောအခါ ဆက်၍တူးဖို့ မဖြစ်နိုင်လောက်သည့် အခက်အခဲနှင့် ရင်ဆိုင်တိုးကြရတော့သည်။ လူသုံးရပ်စာလောက်နက်သည့် မြေအောက်တွင် မီးတောက်နေသော သံစက်ယန္တရားကြီးတစ်ခု အဆက်မပြတ်လည်နေသည်ဖြစ်၍ ဆက်တူးဖို့ နေနေသာသာ အနားသို့ပင် မသီနိုင်အောင် ဖြစ်နေကြသည်။ ဘုရင်အသောကနှင့် ဗိုလ်ပါအလုံးအရင်းတို့သည် ဘယ်လိုမှ မတတ်နိုင်ကြတော့ဘဲ လက်မှိုင်ချနေကြရသည်။

ထိုအတွင်း ထိုနေရာသို့ အဘွားအိုကြီးတစ်ယောက် တောင်ဝှေး တတောက်တောက် ထောက်ပြီး ရောက်လာသည်။ အဘွားအိုကြီးသည် အနီး

http://www.linhtet.com



အနားၖ နေသူဖြစ်သည်။ အဘွားအိုကြီး၏ ကိုင်းနေသောခါး၊ ချိုင့်ခွက်နေသည့် မျက်လုံး၊ ရှုံ့တွနေသည့် အရေးအစင်းများသည် သူ၏ရှည်ကြာ ရင့်ကျက်နေပြီဖြစ်သည့် အတွေ့အကြုံကို ဖော်ပြနေကြသည်။ အဘွားအိုကြီးက ပြဿနာကို ဖြေရှင်းပေးလိုက်သည်။

"အနောက်ဘက် သုံးယူဇနာအဝေးမှာ တောင်ကျချောင်းတစ်ခု ရှိတယ်။ အဲဒီတောင်ကျချောင်းရဲ့ ရေစီးအဟုန်နဲ့ ဒီသံစက်ယန္တရားကြီးလည်နေတာ။ ရေစီးကြောင်းကို လွှဲပေးလိုက်ရင် သံစက်ယန္တရားကြီး သူ့အလိုလို ရပ်သွားလိမ့်မယ်"

အဘွားအိုကြီး ပြောသည့်အတိုင်း လုပ်ကြည့်ကြသည့်အခါ သံစက်ယန္တရားကြီးလည်း အလည်ရပ်သွားသည်။ ရဲရဲညီးညီး တောက်လောင်နေသည့် မီးမှာလည်း ငြိမ်းအေးသွားသည်။ မြေအောက်ကို နက်သည်ထက်နက်အောင် ဆက်တူးကြည့်ကြသည်။ နက်သည်ထက်နက်သွားသည့်အခါ မြေကြီးထဲတွင် ကြေးနီပြားကြီးတစ်ချပ်ကို တွေ့ရလေ၏။ ကြေးနီပြားပေါ်တွင် . . .

"ဤနေရာၖ ဗုဒ္ဓမြတ်စွာဘုရား၏တစ်စိတ်မျှသော ဓာတ်တော်များ ကိန်းဝပ်နေသည်။ အနာဂတ်ကာလတွင် ဤဓာတ်တော်များကို ဘုရင်သူဆင်းရဲ တစ်ဦး တူးဖော်လိမ့်မည်" ဟူသော စာကို ကမ္ပည်းထိုးထားလေ၏။ ယင်းစာကို ဖတ်မိသောအခါ ဘုရင်အသောကသည် ရုတ်တရက် အမူအရာ ပြောင်းသွားသည်။ ဤစာအရ ဘုရင်သူဆင်းရဲတစ်ဦးဆိုသည်မှာ ငါလုံးဝ မဖြစ်နိုင်၊ လောကမှာ ငါလိုကြွယ်ဝချမ်းသာသူ အခြားမည်သူရှိနိုင်ဦးမည်နည်း။ ငါသည် ဇမ္ဗူဒိပ်ကျွန်းအလုံးကို စိုးမိုးပိုင်သသူဖြစ်သည်။ စည်းစိမ်ဥစ္စာအရဖြစ်ဖြစ်၊ အာဏာတန်ခိုးအရဖြစ်ဖြစ် ငါနှင့်ယှဉ်ပြိုင်နိုင်သူ တခြားရှိသေးသလား။ အသောကမင်းကြီးသည် စည်းစိမ်မာန်၊ အာဏာမာန်ဖြင့် ချက်ချင်း အမိန့်ပေးလိုက်လေသည်။

"ဆက်မတူးကြနှင့်တော့။ ဘုရင်သူဆင်းရဲတစ်ဦး တူးဖော်လိမ့်မည်လို့ စာထဲမှာ ဆိုထားတယ်။ စာပါအရ ဘုရင်သူဆင်းရဲတစ်ဦးဆိုတာ ငါမဖြစ်နိုင်ဘူး။ တခြားအညတြ ဘုရင်တစ်ဦးသာ ဖြစ်လိမ့်မယ်"

မြေတူးဖော်သူများ ရပ်သွားကြသည်။ အသောကဘုရင်လည်း နောက်လိုက်ဗိုလ်ပါများနှင့်အတူ ပါဋလိပုတ်နေပြည်တော်သို့ ပြန်ရန်ပြင်ဆင်လေသည်။ ဤတွင် ရဟန်းတစ်ပါးက အသောကမင်းကြီးအား ဆက်တူးရန် တောင်းပန်လေ၏။ ထိုအခါတွင်မှ အသောကမင်းကြီးသည် ရဟန်းတော်၏

http://www.linhtet.com



တောင်းပန်ချက်ကို အလေးထားပြီး မြေကြီးကိုဆက်တူးစေသည်။ နောက်ထပ် လူခုနစ်ရပ်စာလောက် နက်နက်တူးမိသည့်အခါတွင်ကား ဓာတ်တော်များကို သွားတွေ့လေ၏။ ဓာတ်တော်များမှာ မူလက တစ်စိတ်ပမာဏမျှသာရှိသော်လည်း ထိုအချိန်၌ရှိရင်းထက်တိုးပွားနေလေသည်။ ဓာတ်တော်များကို ကြုတ်ထဲတွင်ထည့်ထားသည်။ ကြုတ်မှာ ခုနစ်ထပ်ဖြစ်သည်။ အပေါ်ဆုံးလေးထောင့်၌ သူ့အလိုလို ဝင်းလက် တောက်ပနေသည့် ရတနာလုံးများတပ်ဆင်ထားသည်။ ယင်းရတနာများ၏အရောင်သည် တစ်ယူဇနာခရီးအဝေးအထိ ထွန်းလင်းတောက်ပနေသည်။ ရတနာတစ်လုံးတစ်လုံးသည် အသောကဘုရင် စိုးမိုးပိုင်သသည့် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ စုစုပေါင်းပစ္စည်း ဥစ္စာရတနာတွေထက်ပင် တန်ဖိုးကြီးမားသည်။ ယင်းအခြေအနေကို သိရှိရသည့်အခါ ဘုရင်အသောက၏ ရာဇမာန်လည်း ငုပ်လျှိုးပျောက်ကွယ်သွားလေသည်။ ကြေးနီပြားတွင် ကမ္ပည်းထိုးထားသည့် စာ၏အဓိပ္ပာယ်ကိုလည်း နားလည်သဘောပေါက်သွားသည်။

အသောကမင်းကြီးသည် တစ်စိတ်မျှသော ဓာတ်တော်ကိုယူပြီး ကျန်ဓာတ်တော်များကို ယခင်အတိုင်းပင် နေရာတကျပြန်ထားလိုက်လေသည်။ တောင်ကျချောင်း၏ လျှို့ဝှက်ရေစီးကြောင်းကိုလည်း ယခင်အတိုင်း ပြန်အတည့်ခိုင်းလိုက်သည်။ ထိုအခါ သံစက်ယန္တရားကြီးသည် ယခင်အတိုင်း ပြန်လည်လာပြီး မီးလည်း ယခင်အတိုင်း ခြစ်ခြစ်တောက်ပြန်ပူလာသည်။ မြေတွင်းကို မြေကြီးများဖြင့် ပြန်ဖို့ထားလိုက်၏။

*

စစ်နှင့်ငြိမ်းချမ်းရေး . . .

ဤနယ်မြေ ဤဒေသသည် နိုင်ငံနယ်ပယ် ချဲ့ထွင်လိုသည့် ဘုရင့်စစ်သည်တော်များ ခြေချသွားခဲ့သည့် နယ်မြေဒေသလည်း ဖြစ်ခဲ့သည်။ ဝေသာလီကို ကျူးကျော်တိုက်ခိုက်သည့် အဇာတသတ်၏ တပ်သားများသည် ဤနေရာ ဤဒေသ၌ သွေးချောင်းစီးစေခဲ့သည့်။ ငြိမ်းချမ်းရေးဘုရင်ဖြစ်တော်မူသည့် ဗုဒ္ဓရှင်တော်ဘုရားလည်း ဤနယ်မြေဒေသလမ်းခရီး၌ အကြိမ်ကြိမ် ခြေချတော်မူခဲ့သည်။ ယခုလည်း ဗုဒ္ဓ၏ဓာတ်တော်များသည် ဤလမ်းဤခရီးမှပင် ကြွမြန်းတော်မူလာသည်။ ဓာတ်တော်ကို ပင့်ဆောင်လာခဲ့သည့်

http://www.linhtet.com



ဤဘုရင့်စစ်တပ်များသည်ပင် မကြာသေးမီ နှစ်ကာလများအတွင်းက ဤလမ်းဤခရီးကပင် ညာသံပေး၍ စစ်ချီတက်ခဲ့သည်။ ဤနယ်မြေ ဤဒေသ ဤလမ်းခရီးကား စစ်နှင့် ငြိမ်းချမ်းရေး ထွေးရောယှက်တင်ဖြစ်နေသည့် နယ်မြေဒေသလမ်းပန်းခရီးများပင် ဖြစ်နေပါကလား။

ဘုရင်အသောကသည် ဇမ္ဗူဒိပ်ကျွန်းအနှံ့အပြား၌ ဓာတ်တော်များကို ဌာပနာပြီး စေတီပုထိုးပေါင်း ရှစ်သောင်းလေးထောင်ကို တည်ထားလိုက်လေသည်။ ။

[ *မဟာဝံသ၊ ဖိနတ္တပကာသနီ၊ တာရာနာထ၏ အိန္ဒိယဗုဒ္ဓဘာသာသမိုင်း,တို့ကို အခြေခံသည်။* ]

❑

# ဘုရင်အသောကနှင့် ရှင်ဥပဂုတ္တ

( ၁ )

ယသမဟာထေရ်သည် ဘုရင်အသောက ကိုးကွယ်ဆည်းကပ်သော ရဟန်းတော်တစ်ပါးဖြစ်သည်။ ထိုရဟန်းတော်သည် သက်တော် ဝါတော် အိုမင်း ရင့်ရော်နေပြီဖြစ်သည့် ရှေ့မီနောက်မီ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်လေသည်။ ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်မှု ဖြစ်ပေါ်လာပြီးသည့် နောက်ပိုင်းတွင် ဘုရင်အသောကသည် တရားဓမ္မနှင့် ပတ်သက်၍ အကြောင်းကိစ္စတစ်စုံတစ်ရာ ရှိလာသည့်အခါများ၌ မိမိ၏ဆရာအရှင်မြတ်တစ်ဦးဖြစ်သော ထိုယသမဟာထေရ်ကိုသာလျှင် လျှောက်ထားတိုင်ပင်ကြည့်လေ့ရှိသည်။ ယနေ့လည်း ဘုရင်အသောကသည် ယသမဟာထေရ် သီတင်းသုံးနေထိုင်တော်မူသည့် ပါဋလိပုတ်နေပြည်တော်ရှိ ကုက္ကုဋာရုံကျောင်းတိုက်သို့ ရောက်နေသည်။ အသောကမင်းကြီးသည် ယသမထေရ်ရှေ့၌ ဝပ်တွားနေလေသည်။

ရဟန်းတော် ယသမဟာထေရ်က အသောကဘုရင်ကြီး၏ အတိတ်အကြောင်းကို ပြန်ပြောင်းပြောပြနေတော်မူသည်။

"ဒကာတော်အရှင်မင်းကြီး။ ဒကာတော်အရှင်မင်းကြီးဟာ ယခုဇမ္ဗူဒိပ်ကျွန်းမှာ ရန်သူအပေါင်းကို နှိမ်နင်းအောင်မြင်ပြီး သာသနာပြုဘုရင်ဧကရာဇ်တစ်ပါးဖြစ်လာခဲ့ပြီ။ အခုလိုလူ့လောကမှာ အကြီးကျယ်ဆုံးအဆင့်ကို ရောက်လာခဲ့တာဟာ ရှေးအကြောင်းကံကြောင့်ဆိုတာကို အရှင်မင်းကြီးနားလည်

http://www.linhtet.com



သဘောပေါက်ရမယ်။ အရှင်မင်းကြီး အခုလိုမဂဓတိုင်း ပါဋလိပုတ် နေပြည်တော်၌ ပြင်ဖက်ကင်းတဲ့ ဘုရင်ဇကရာဇ်တစ်ပါးအဖြစ်နဲ့ ဘုရားရှင်ရဲ့ သာသနာတော်ကို ပြုစုပျိုးထောင်ရမယ် ဆိုတဲ့အကြောင်းကို ဘုရားရှင်ကိုယ်တော်တိုင် ဗျာဒိတ်စကားမိန့်ကြားတော်မူဖူးတယ် အရှင်မင်းကြီး"

ဘုရင်အသောကသည် ဘုရားရှင်၏တရားတော်ကို သက်ဝင်ယုံကြည်သူတစ်ဦးဖြစ်နေပြီ။ ထိုအချိန်ထိုအခါမျိုး၌ ဘုရားရှင်ကိုယ်တော်တိုင် သူ့အတွက် ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့ဖူးသည် ဆိုသည့်အကြောင်းကို ကြားသိရသည့်အခါ အလွန်တရာ စိတ်ပါဝင်စားသွားလေသည်။

"အရှင်ဘုရား . . . အတိတ်ဘဝက တပည့်တော် ဘယ်လိုကုသိုလ်ကောင်းမှုမျိုးကို ပြုလုပ်ခဲ့ဖူးတဲ့အတွက် ဘုရားရှင်ကိုယ်တော်တိုင် ယခုလို ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့ပါသလဲ ဘုရား"

ယသမဟာထေရ်က ရှေ့ဆက်မိန့်တော်မူလေ၏။

"ဘုရားရှင် ရှေ့လက်ထက်တော်အခါက ဘုရားရှင်ကိုယ်တော်မြတ်ဟာ တစ်နေ့သောအခါမှာ ရာဇဂြိုဟ်မြို့တွင်းကို ဆွမ်းခံကြွတော်မူတယ်။ အဲဒီအခါမှာ သူငယ်တစ်စုဟာ လမ်းပေါ်မှာမြေမှုန့်များနဲ့ ဆော့ကစားနေကြတယ်။ ဘုရားရှင်ကိုယ်တော်မြတ် ဆွမ်းခံကြွလာတာမြင်ရတော့ ကလေးသူငယ်တွေထဲက ခုနစ်နှစ်သားအရွယ်ရှိတဲ့ ကလေးသူငယ်တစ်ယောက်က ဘုရားရှင်အပေါ် ကြည်ညိုတဲ့ စိတ်ဖြစ်ပေါ်လာပြီး သူ့လက်ထဲမှာရှိတဲ့ မြေမှုန့်ကို ဘုရားရှင်သပိတ်ထဲ ထည့်လှူလိုက်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီသူငယ်ကို တွေ့တဲ့အခါ အပါးမှာရှိတဲ့ အာနန္ဒာမထေရ်ကို 'ချစ်သား အနန္ဒာ၊ ဤသူငယ်သည် မြေမှုန့်လှူသော အကျိုးအာနိသင်ကြောင့် နောင်သောအခါ ပါဋလိပုတ်နေပြည်တော်၌ ဘုရင်အသောကဟူသော အမည်နာမဖြင့် ငါ၏သာသနာကို ချီးမြှောက်ထောက်ပံ့လိမ့်လတ္တံ့' လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့တယ် ဒကာတော် အရှင်မင်းကြီး"

ယသမဟာထေရ်၏ မိန့်ကြားချက်ကို ကြားရသည့်အခါ မင်းကြီးသည် အတိုင်းမသိ ပီတိသောမနဿဖြစ်သွားလေသည်။ အသောကဘုရင်သည် သူသိလိုသည်ကို ယသမဟာထေရ်အား လျှောက်ထားကြည့်ပြန်သည်။

"အရှင်ဘုရား၊ တပည့်တော်အတွက် ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ကြောင်း ကြားသိရတဲ့အတွက် တပည့်တော် လွန်စွာ နှစ်ထောင်းအားရဖြစ်မိပါတယ်ဘုရား။ တပည့်တော်

http://www.linhtet.com



နည်းတူ ရှင်တော်မြတ်ဘုရား ဗျာဒိတ်စကား ထားတော်မူခဲ့တဲ့ အခြားပုဂ္ဂိုလ်များ ကော ရှိပါသေးသလား ဘုရား"

"ရှိပါသော်ကော ဒကာတော်၊ ရှင်တော်မြတ်ဘုရားဟာ ပရိနိဗ္ဗာန်မဝင်စံ မချုပ်ငြိမ်းမီ မထုရာကိုကြွသွားတော်မူခဲ့တယ်။ မထုရာရောက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က 'ငါဘုရား ပရိနိဗ္ဗာန်စံဝင် ချုပ်ငြိမ်းသွားပြီးသည့်နောက် နှစ်ပေါင်းအတန်ကြာကာလတွင် ဤမထုရာပြည်တွင် ဥပဂုတ္တဟူသော အမည်နာမဖြင့် ငါဘုရား၏သာသနာတော် ကြီးပွားတိုးတက်အောင် ကြိုးပမ်းအားထုတ်မည့် ရဟန်းတော်တစ်ပါး ပေါ်ထွန်းလိမ့်လတ္တံ့" လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ဖူးတယ် ဒကာတော်"

"ဘုရားရှင်ကိုယ်တော်မြတ် ဗျာဒိတ်စကား ပေးတော်မူခဲ့တဲ့ အဲဒီ ဥပဂုတ္တရဟန်းဆိုတာ အခု မထုရာမှာ ရှိပါသလားဘုရား"

"ရှိပါတယ် ဒကာတော်၊ မထုရာမြို့အနီးမှာရှိတဲ့ ဥရုမုဏ္ဍတောင် လိုဏ်ဂူထဲမှာ ရဟန်းသံဃာပေါင်းများစွာနဲ့ သီတင်းသုံးနေထိုင်လျက် ရှိပါတယ်"

အသောကဘုရင်သည် ထိုခဏ၌ပင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်လေသည်။ ယသမဟာထေရ်အား ရှိခိုးဦးတိုက်ပြီး နန်းတော်သို့ ပြန်လာခဲ့လေသည်။

( ၂ )

သူရသေနတိုင်း မထုရာမြို့သည် ရှင်တော်ဗုဒ္ဓလက်ထက်တော်အခါကပင် ထင်ရှားကျော်ကြားသည့် မြို့တစ်မြို့ဖြစ်သည်။ ရှင်တော်ဗုဒ္ဓကိုယ်တော်တိုင် မထုရာမြို့သို့ ကြွတော်မူခဲ့ဖူးသည်။ သို့သော် ရှင်တော်ဗုဒ္ဓသည် မထုရာမြို့တွင် ပျော်ပိုက်တော်မူပုံမရပေ။ 'သာယာကြည်နူးဖွယ် ရာဇဂြိုဟ်' ၊ 'သာယာကြည်နူးဖွယ် ဝေသာလီ' စသည်ဖြင့် အခြားမြို့ရွာဇနပုဒ်အချို့ကို ချီးကျူးတော်မူခဲ့သော်လည်း ဗုဒ္ဓသည် မထုရာကို မချီးကျူးရုံမျှမက အပြစ်ပင်မြင်တော်မူခဲ့လေသည်။ 'ရဟန်းတို့၊ မထုရာ၌ အပြစ်ငါးမျိုးရှိသည်၊ ယင်းအပြစ်ငါးမျိုးကား လမ်းကြမ်းခြင်း၊ ဖုန်ထူခြင်း၊ ခွေးဆိုးပေါခြင်း၊ ဘီလူးဆိုးပေါခြင်း၊ ဆွမ်းကွမ်းခက်ခဲခြင်းများ ဖြစ်ကြ၏' ဟု ဗုဒ္ဓသည် မထုရာ၏အပြစ်ငါးမျိုးကို ထောက်ပြတော်မူခဲ့ဖူးသည်။ သို့ရာတွင် မထုရာသည် ဗုဒ္ဓသာသနာတော်နှင့်မူ

http://www.linhtet.com



ရင်းနှီးဆက်စပ်မှုရှိလေသည်။ အခါတစ်ပါး၌ ဗုဒ္ဓသည် သာဝတ္ထိမှ မထုရာသို့ ကြွတော်မူလျက် သေလုသေခင်ဖြစ်နေသည့် မိန်းမတစ်ဦး၏ဆွမ်းကို အလှူခံတော်မူခဲ့ဖူးသည်။ ဘုရားရှင်၏ မဟာသာဝကတစ်ပါး ဖြစ်တော်မူသည့် ရှင်မဟာကစ္စာယန မထေရ်သည်လည်း မထုရာ၌ သီတင်းသုံးတော်မူခဲ့ဖူး သည်။ ယခုလည်း မထုရာရှိ ဥရုမုဏ္ဍတောင်လိုဏ်ဂူကြီးထဲ၌ ရှင်ဥပဂုတ္တ အမှူးရှိ သောရဟန်းသံဃာများသီတင်းသုံး နေထိုင်လျက်ရှိသည်။

*

ဘုရင်အသောကသည် နန်းတော်သို့ ပြန်ရောက်လျှင် ရောက်ချင်း မှူးမတ်များအား အမိန့်ပေးလိုက်သည်။ "မင်္ဂလာဆင်တော်ကို အသင့်ပြင်ကြ၊ အမတ်ကြီးများ ကျုပ်မထုရာကို ကြွမြန်းမယ်။ မထုရာမြို့ ဥရုမုဏ္ဍတောင်မှာ ဥပဂုတ္တမထေရ် သီတင်းသုံးနေတယ်လို့ ကြားသိရတယ်၊ ကျုပ်အဲဒီ အရှင်မြတ်ကိုသွားဖူးပြီး ပါဠိလိပုတ် နေပြည်တော်ကို ပင့်လာခဲ့မယ်"

မှူးမတ်များသည် သူတို့ဘုရင်မင်း၏စိတ်သဘောကို သိပြီးဖြစ်နေကြသည်။ ဘုရင်မင်းကြီးသည် ဟောဟောဒိုင်းဒိုင်း ဖြစ်သည်။ စိတ်မြန်ကိုယ်မြန်ဖြစ်သည်။ တစ်စုံတစ်ရာ စိတ်ထဲအကြံပေါ်လာသည်နှင့် ထလုပ်တတ်သည်။ ယခုလည်းကြည့် ကုက္ကုဋာရာမကျောင်းတိုက်မှ နန်းတော်ပြန်ရောက်ရုံရှိသေး၊ မထုရာသို့ ကိုယ်တော်တိုင်ကြွမည်ဟု ချက်ချင်း အစီအစဉ် လုပ်ခိုင်းသည်။ မှူးမတ်များသည် ဘုရင်မင်းကြီး၏အစီအမံကို ဘဝင်မကျဖြစ်နေကြသည်။ ဘုရင်မင်းကြီးအား အကျိုးသင့်အကြောင်းသင့် လျှောက်ထားပြောပြရန်မှာ သူတို့၏တာဝန် ဝတ္တရားဖြစ်သည်။ အမတ်ကြီးတစ်ဦးက အရဲစွန့် လျှောက်ထားလိုက်လေသည်။

"အရှင်မင်းကြီး၊ အရှင်မင်းကြီး ကိုယ်တော်တိုင် ကြွမြန်းတော်မူခြင်းထက် တမန်တော်တစ်ဦးကို စေလွှတ်ပြီးရဟန်းတော် အရှင်မြတ်ကို အပင့်ခိုင်းလျှင် ပိုပြီး သင့်လျော်လိမ့်မည် ထင်ကြောင်းပါဘုရား"

အမတ်ကြီး၏ လျှောက်ထားပြောပြချက်ကို ဘုရင်မင်းကြီး မနှစ်မြို့ပေ။

"မဟုတ်သေးဘူး အမတ်ကြီး၊ ကျုပ်ကိုယ်တိုင်သွားမှဖြစ်မယ်။ ဒီလို အရှင်မြတ်မျိုးဟာ ဘုရင့်အာဏာကို မြက်သစ်ရွက်လောက်ပဲ သဘောထားမှာ

သေချာတယ်။ ကျုပ်အပင့်ခိုင်းပေမယ့် ကြွလာချင်မှ လာမှာ။ ကျုပ်ဒီအရှင်မြတ်ကို ဖူးတွေ့လိုတဲ့ဆန္ဒ အလွန်အမင်းဖြစ်နေတယ်"

မှူးမတ်များကလည်း ဘုရင်မင်းမြတ် ကိုယ်တော်တိုင် မကြွရန် ထပ်မံအကြောင်းပြ လျှောက်ထားနေကြပြန်သည်။ ဤတွင် ကြားအစီအမံတစ်ခုကို နှစ်ဘက်သဘောတူ စီမံ ပြုလုပ်လိုက်ကြလေသည်။ ဘုရင့်တမန်တော်တစ်ယောက် စေလွှတ်လျက် ရှင်ဥပဂုတ္တထံ ဘုရင်မင်းကြီး ကိုယ်တော်တိုင် အဖူးအမြော်ကြွရောက်လာမည် ဆိုသည့်အကြောင်းကို ဦးစွာသတင်း ပို့ခိုင်းလိုက်လေသည်။

*

မထုရာမြို့ ဥရုမုဏ္ဍတောင်တွင် သီတင်းသုံးနေတော်မူသည့် ရှင်ဥပဂုတ္တသည် ဘုရင့်တမန်တော်ထံမှ အသောကဘုရင်မင်းကြီးကိုယ်တိုင် သူ့ထံကြွလာမည်ဆိုသည့် သတင်းကို ရရှိလေသည်။ ဇမ္ဗူဒိပ်ကျွန်း ဧကရာဇ်ဘုရင် အသောကမင်းကြီးကိုယ်တိုင် မိမိထံ ကြွလာမည်ဆိုသည်မှာ မိမိအတွက်အလွန်တရာ ဂုဏ်တက်ဖွယ်ပင် ဖြစ်သည်။ ဧကရာဇ်တစ်ဆူဖြစ်သည့် ဘုရင်မင်းကြီးကိုယ်တိုင်အဖူးမြော်အကန်တော့လာရသည့် ပုဂ္ဂိုလ်လောက် ကြီးကျယ်သူ ဘယ်သူရှိနိုင်ဦးမည်နည်း။ သို့သော် ရှင်ဥပဂုတ္တသည် ဂုဏ်ပကာသနကို စိုးစဉ်းမျှ ဂရုထားသူမဟုတ်၊ သူဂရုထားသည်မှာ ပြည်သူပြည်သား ဒကာဒကာမများသာဖြစ်သည်။ အကယ်၍ အသောက ဘုရင်မင်းကြီး သူ့ထံလာလျှင် သူသီတင်းသုံးနေသည့် ဒေသက လူအများ တာဝန်ပိကြတော့မည်။ ဒုက္ခရောက်ကြတော့မည်။ မိမိတစ်ဦးတည်း၏ အရေးကိစ္စအတွက် ပြည်သူအများ ဒုက္ခရောက် မည်ကို သူအလွန်စိုးရိမ်ပူပန်တော်မူသည်။ သို့ဖြစ်၍ ဘုရင်မင်းကြီးသူ့ထံမလာစေတော့ဘဲ သူကိုယ်တိုင်ပင် ပါဋလိပုတ် သို့ကြွလာမည်ဟူ၍ တမန်တော်အား မှာကြားတော်မူလိုက်လေသည်။

ပါဋလိပုတ် နေပြည်တော်သို့ ရှင်ဥပဂုတ္တ ကြွလာမည့်နေ့ ရောက်လာသည်။ တစ်မြို့လုံးတက်ကြွ လှုပ်ရှားနေကြသည်။ ရှင်ဥပဂုတ္တ ကြွလာမည့်လမ်းတွင် မုခ်များ၊ တံခွန်ကုက္ကားများ၊ ပန်းဆိုင်းပန်းခွေများ မွှမ်းမံတန်ဆာဆင်ထားသည့်အပြင် အမွှေးနံ့သာများကိုလည်း ပက်ဖျန်းထားလေသည်။ ကြွရောက်လာမည့်ထေရ်အရှင်အား ပူဇော်ကန်တော့သည့် အနေဖြင့် စောင်းငြင်းပသာ

http://www.linhtet.com



တူရိယာ အမျိုးမျိုးကိုလည်း တီးမှုတ်နေကြသည်။

ဘုရင်အသောကသည် မှူးမတ်များ အပါအဝင်နောက်လိုက် ဗိုလ်ပါများနှင့် နှစ်ယူဇနာခွဲခရီးသို့သွား၍ ရှင်ဥပဂုတ္တကြွအလာကို ကြိုဆိုနေလေသည်။ ရှင်ဥပဂုတ္တ စီးလာသည့် လှေနာဝါကမ်းကပ်လာသည်ကို ခပ်လှမ်းလှမ်းမှ မြင်ရသည့်အခါ ဘုရင်မင်းကြီးသည် မင်္ဂလာဆင်တော်ပေါ်မှ ဆင်းလိုက်လေသည်။ ရှင်ဥပဂုတ္တအား သူ၏တပည့်ရဟန်းသံဃာများက ဘေးနှစ်ဖက်မှရံနေကြသည်။ ကြည့်ရသည်မှာ ဆန်းစသော်တာနှစ်ခု ဝန်းရံနေသည့် လပြည့်ဝန်းတစ်ခုနှင့်တူနေသည်။ ဘုရင်မင်းကြီးသည် ခြေတစ်ဘက်ကမ်းပေါ်ထောက်လျက် ကျန်တစ်ဘက် လှေပေါ်နင်းပြီးလျှင် ရှင်ဥပဂုတ္တမထေရ်၏လက်ကိုဆွဲ၍ ဖေးဖေးမမ ကမ်းပေါ်ပင့်လာလေသည်။ ရှင်ဥပဂုတ္တမထေရ် ကမ်းပေါ်ခြေချမိသည့်အခါ ဘုရင်မင်းကြီးသည် အရပ်ကြိုးပြတ်သွားသကဲ့သို့ လည်းကောင်း၊ အမြစ်ဖြတ်လိုက်သည့် သစ်ပင်ကဲ့သို့လည်းကောင်း၊ ထေရ်အရှင်၏ ခြေတော်ရင်း၌တုပ်ပျပ်ဝပ်လျှိုးလျက် ရှိခိုးကန်တော့လိုက်လေသည်။ ထို့နောက် မထေရ်၏မျက်နှာကို ကြည့်လျက် . . .

"အရှင်ဘုရား တပည့်တော်ဟာ ရန်သူအလုံးကို ဖြိုခွင်းပြီး၊ ဇမ္ဗူဒိပ်ကျွန်းရဲ့ အရှင်သခင် ဘုရင်ဧကရာဇ်ဖြစ်တဲ့ အချိန်တုန်းကတောင်မှ ယခုအရှင်ဘုရားကို ဖူးတွေ့ရတဲ့အချိန်အခါလောက် ဝမ်းမြောက်ကြည်နူးခြင်း မဖြစ်ခဲ့ပါဘုရား။ အရှင်ဘုရားကို ဖူးတွေ့ရတဲ့အတွက် တပည့်တော်ရဲ့ တရားဓမ္မကို ချစ်မြတ်နိုးတဲ့စိတ် နှစ်ဆတိုးလာပါတယ်။ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်ပြုပြီးသွားပြီဖြစ်တဲ့ ကမ္ဘာလောကမှာ တရားအလင်းရောင်ဖြန့်ဖြူးတော်မူပါရန် အရှင်ဘုရားအား တပည့်တော် လျှောက်ထားတောင်းပန်ပါတယ် အရှင်ဘုရား" ဟူ၍ လျှောက်ထားလိုက်လေသည်။

တည်ငြိမ်ကြန့်ရှေ့ရသောအသံဖြင့် ရှင်ဥပဂုတ္တမထေရ်က မိန့်တော်မူလေ သည်။

"ဒကာတော် အရှင်မင်းကြီး။ အရှင်မင်းကြီးနဲ့ ကျွန်ုပ်ဟာ တရားဓမ္မကို ကာကွယ်စောင့်ရှောက်ရန်အတွက် ရှင်တော်မြတ်ဘုရား တာဝန်လွှဲအပ်ပေးသွားခြင်းခံရတဲ့ ပုဂ္ဂိုလ်နှစ်ဦးဖြစ်ပေတယ်။ ကျွန်ုပ်တို့နှစ်ဦးပူးပေါင်းပြီး ရှင်တော်မြတ်ဘုရား သာသနာအဓွန့်ရှည်ရေးအတွက် ကြိုးစားအားထုတ်ကြပါစို့"

ဘုရင်အသောက မျက်နှာကြည်လင်ရွှင်လန်းသွားသည်။

"အရှင်ဘုရား၊ ရှင်တော်မြတ်ဘုရား၏ တရားအဆုံးအမအတိုင်း

http://www.linhtet.com



တပည့်တော် လိုက်နာကျင့်သုံးနေပါတယ်။ ဒီပထဝီမြေအပြင်ကို ကြည်ညိုဖွယ်ကောင်းတဲ့ စေတီပုထိုးများနဲ့ တပည့်တော်တန်ဆာ ဆင်ပြီးပါပြီ"

"သာဓု . . .သာဓု . . . ဒကာတော် အရှင်မင်းကြီး၊ မိမိရဲ့ကိုယ်ခန္ဓာကို သတ္တဝါအားလုံးအတွက် အသုံးချတဲ့ ပုဂ္ဂိုလ်ဟာ မိမိပစ္စည်းဥစ္စာကို လူသားတွေရဲ့ ချမ်းသာသုခအတွက် စွန့်လွှတ်တဲ့ပုဂ္ဂိုလ်ဟာ ဘဝကူးကောင်းပြီလို့သာ မှတ်ပေတော့ ဒကာတော်။ အဲဒီပုဂ္ဂိုလ်အတွက် ဘဝနိဂုံးချုပ်ချိန် ရောက်လာပေမယ့် ဘာမှစိုးရိမ်ကြောင့်ကြစရာ မလိုတော့ဘူး"

ဘုရင်အသောကသည် ဝမ်းသာအားရ ဖြစ်လွန်းမက ဖြစ်ပြီးလျှင် ဥပဂုတ္တမထေရ်အား နန်းတော်သို့ ပင့်ဆောင်လာသည်။ နန်းတော်ရောက်သောအခါ ဘုရင်မင်းကြီးသည် မထေရ်အား ကိုယ်တိုင်လက်နှင့်ထိကိုင်ပြီး အထူးပြင်ဆင်ခင်းကျင်းထားသည့် နေရာတွင်သီတင်းသုံးတော်မူစေသည်။ ဥပဂုတ္တမထေရ်၏အသားအရေမှာ ဝါဂွမ်းစိုင်ကဲ့သို့ အလွန်တရာ နူးညံ့လှပေသည်။ ဘုရင်မင်းကြီးသည် တအံ့တသြ ဖြစ်သွားလေ၏။

"အရှင်ဘုရား၊ အရှင်ဘုရား၏ အသားအရေမှာ ဝါဂွမ်းစိုင်ကဲ့သို့လည်းကောင်း၊ ပိုးချည်မျှင်ကဲ့သို့လည်းကောင်း၊ အလွန်တရာ နူးညံ့ပျော့ပျောင်းလှပါကလားဘုရား။ တပည့်တော်ရဲ့ အသားအရေကတော့ အဲဒီလို မဟုတ်ပါ။ သံခဲကို ကိုင်ရသလို မာကျောလှပါတယ်။ ကြမ်းတမ်းလှပါတယ်"

"အဲဒါ ဘာကြောင့်လဲဆိုတာ သိရဲ့လား ဒကာတော်မင်းကြီး။ ကျုပ်က အရှင်မင်းကြီးလို ဘုရားရှင်ကို မြေမှုန့်လှူခဲ့တာ မဟုတ်ဘူး။ အဖိုးတန်တဲ့ ပစ္စည်းကိုသာ ပေးလှူခဲ့တယ်"

"တပည့်တော်ဟာ အဲဒီအချိန်တုန်းက မသိနားမလည်တဲ့ ကလေးသူငယ်တစ်ဦးမျှသာ ဖြစ်ခဲ့တယ်။ လက်ထဲရှိတဲ့ မြေကြီးကိုပဲ လှူလိုက်မိတယ် အရှင်ဘုရား"

"ဒါပေမယ့် အရှင်မင်းကြီး ပေးလှူခဲ့တဲ့ အလှူဒါနရဲ့အကျိုးအာနိသင် မသေးဘူးဆိုတာ အရှင်မင်းကြီး တွေ့ရပြီ မဟုတ်လား။ ဒီအာဏာနဲ့ စည်းစိမ်ဟာ အဲဒီအကျိုးအာနိသင်ပဲ ဖြစ်ပေတယ် အရှင်မင်းကြီး"

ဘုရင်အသောကသည် သူ့မှူးမတ်များအား ခေါ်လိုက်သည်။ အမတ်ကြီးများ ဝိုင်းရံရောက်ရှိကြသည်။ ဘုရင်မင်းကြီးက အမိန့်ရှိ၏။

"မြေမှုန့်လက်တစ်ဆုပ်လှူရုံမျှနှင့် ဒါလောက်ကြီးကျယ်တဲ့ နိုင်ငံတော်ရဲ့ပိုင်ရှင် ဘုရင်ဧကရာဇ် ဖြစ်လာတယ်။ ဘုရားရှင်ကို အလှူဒါနပြုခဲ့တဲ့ အကျိုး

http://www.linhtet.com



ကြောင့် ရရှိတဲ့အာဏာနဲ့စည်းစိမ်ကို ကျုပ်ယစ်မူးမနေတော့ဘူး။ ကျုပ်ရဲ့အာဏာနဲ့ စည်းစိမ်ကို ဗုဒ္ဓတရားပြန့်ပွားထွန်းကားရေးအတွက်ပဲ အသုံးချတော့မယ်"

သူ့မှူးမတ်များအား မိန့်ကြားပြီးနောက် ဥပဂုတ္တမထေရ်ဘက် လှည့်လျက် လက်အုပ်ချီပြီးလျှင် . . .

"အရှင်ဘုရား . . . ရှင်တော်မြတ်ဘုရား သီတင်းသုံးတော်မူသွားခဲ့တဲ့ နေရာမြတ်များရှိရာကို တပည့်တော် အရောက်သွားပြီး ဖူးမြော်မယ်။ အဲဒီနေရာဌာနတွေမှာ ကမ္ဘာချဉ်းအောင် တည်တံ့သွားမယ့်အမှတ်အသားတွေကို တပည့်တော် စိုက်ထူထားမယ်"

ဟူ၍ လျှောက်ထားလိုက်လေသည်။

"သာဓု . . . သာဓု . . . မင်းကြီး"

[ *ဒိဗျာဝဒါနကို အခြေခံသည်။ မဟာဝံသ စသော ပါဠိစာပေ၌လည်း ရှင်ဥပဂုတ္တအကြောင်းပါသည်။ ပါဠိစာပေ၌ပါသော ရှင်ဥပဂုတ္တကား မာရ်နတ်ကို နှိမ်နင်းခြင်းစသော တန်ခိုးဣဒ္ဓိပါဒ် အရာတို့နှင့်သာ ပတ်သက်ဆက်နွယ်နေသည်။ သက္ကတစာပေ၌ပါသော ရှင်ဥပဂုတ္တမှာမူ ပါဠိစာပေ၌ပါသော ရှင်မဟာမောဂ္ဂလိပုတ္တတိဿနှင့်အလားတူ မထေရ်ဖြစ်သည်။ ပါဠိစာပေ၌ပါသော ရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ အခန်းကဏ္ဍနှင့် သက္ကတစာပေ၌ ပါသောရှင်ဥပဂုတ္တ၏ အခန်းကဏ္ဍသည် တသဘောတည်းဖြစ်သည်။*]

❑

# လုမ္ဗိနီ

ဤခရီးလမ်းသည် သူအဖို့ အသစ်အဆန်းဖြစ်နေသည်။ သူသည် ပါဋလိပုတ်နေပြည်တော်မှ အကြိမ်များစွာ ခရီးထွက်ခဲ့ဖူးပြီ။ ယခင့် ယခင်ခရီးများ၌မူ သူ့နောက်တွင် ဓားလှံလက်နက် ကိုယ်စီကိုင်ဆောင်လာကြသည့် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များသည် အရေအတွက် သိန်းနှင့်သောင်းနှင့် ချီပါလာခဲ့ကြသည်။ ခရီးတစ်လျှောက်လုံး၌လည်း ပတ်ဝန်းကျင်တွင် စစ်သည် စစ်မောင်းသံများနှင့် ပွဲတင်မြည်ဟည်းခဲ့သည်။ ယခုခရီးတွင်ကား နောက်လိုက်နောက်ပါ ဗိုလ်ပါပရိသတ်များ အရေအတွက်များစွာ ပါလာသော်လည်း ခရီးတစ်လျှောက်လုံးတွင် ငြိမ်သက်တိတ်ဆိတ်နေသည်။ ယခင့်ယခင်ခရီးများ၌ သူနှင့်သူ့တပ်သားများ၏ သဏ္ဌာန်၌ ဒေါသမီးတောင် ပေါက်ကွဲနေသည်ဆိုလျှင် ယခုခရီး၌ကား သူနှင့်သူ့နောက်လိုက်ဗိုလ်ပါ စစ်သည်တပ်သားတို့၏ သဏ္ဌာန်၌ မေတ္တာနှင့် သဒ္ဓါသီတာရေစင် စိမ့်ထုံဖျန်းပက်ထားသည်ဟု ဆိုရမည်ဖြစ်လေသည်။ ယခင့်ယခင်ခရီးများ၌ တပ်ဦးတွင် စစ်အောင်လံ တဖျပ်ဖျပ်လွင့်နေသော်လည်း ယခုခရီး၌ကား တပ်ဦးတွင်ပါလာသည့် ရှင်ဥပဂုတ္တ၏ အဝါရောင်သင်္ကန်းသည် လေအလာတွင် တဖျပ်ဖျပ်လွင့်နေသည်။

ရှင်ဥပဂုတ္တမထေရ်သည် အသောကမင်းကြီးနှင့် နောက်လိုက်နောက်ပါများကို ဗုဒ္ဓရှင်တော်ဘုရား မီးရှူးသန့်စင်ဖွားမြင်တော်မူရာ လုမ္ဗိနီသို့ ဦးဆောင်ခေါ်ငင်လာလေသည်။

အသောကမင်းကြီးသည် ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်လာပြီး

http://www.linhtet.com



သည့်အချိန်မှစ၍ ဗမ္ဗုဒိပ်တစ်ကျွန်းလုံးရှိ မြေမျက်နှာပြင်ကို စေတီပုထိုးများဖြင့် တန်ဆာဆင်ထားလိုက်လေသည်။ နေရာအနှံ့အပြား၌ စေတီပုထိုးများကို ကိုးကွယ်တည်ထားပြီးသောအခါ မင်းကြီး၏သဏ္ဍာန်၌ ပြင်းထန်သောစိတ်ဆန္ဒတစ်ခု ပေါ်လာသည်။ မင်းကြီးသည် ဗမ္ဗုဒိပ်ကျွန်းရှိ ရှင်တော်မြတ်ဘုရားနှင့် ပတ်သက်ဆက်နွယ်နေသည့် မြင့်မြတ်သောနေရာဌာနများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်လိုသည့် စိတ်ဆန္ဒဖြစ်လာလေသည်။ ယင်းသို့ ရှင်တော်ဗုဒ္ဓနှင့် ပတ်သက်ဆက်နွယ်သည့်ဌာနများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်လိုသည့် စိတ်ဆန္ဒဖြစ်ပေါ်လာခြင်းမှာ ဘုရင်အသောကအဖို့ အဆန်းမဟုတ်ပေ။

ဘာသာတရားအရ အမြတ်တနိုးထားအပ်သည့် 'တိတ္ထဌာန' ခေါ် နေရာဌာနများသို့ အပူဇော်သွားခြင်းသည် ဗမ္ဗုဒိပ်ကျွန်း၏အစဉ်အလာတစ်ခု ဖြစ်လေသည်။ ဟိန္ဒူဘာသာဝင်တို့သည် မိမိတို့ဘာသာတရား၏ အထွတ်အမြတ်ဌာနများဖြစ်ကြသည့် ကာသိ၊ ဂယာ၊ ပယာဂ စသောဌာနများသို့ ရှေးယခင်ကလည်း အပူဇော် အဖူးမြော်သွားခဲ့ကြပြီ။ ယခုလည်း ယင်းဌာနများ၌ ဟိန္ဒူဘာသာဝင်ဘုရားဖူးများ စည်ကားနေတုန်းပင်ဖြစ်သည်။ ယင်းကဲ့သို့ အစဉ်အလာတစ်ခု ရှိလာခဲ့သည့်အပြင် ဗုဒ္ဓမြတ်စွာအား အကြည်ညိုပွားလာသောအခါ ဗုဒ္ဓမြတ်စွာနှင့် ပတ်သက်ဆက်နွယ်နေသော အထွတ်အမြတ်ဌာနများသို့ သွားရောက်ဖူးမြော်လိုသည့် စိတ်ဆန္ဒဖြစ် ပေါ်လာသည်မှာ အသောကဘုရင်အဖို့ ဖြစ်ရိုးဖြစ်စဉ်ထက် ပိုမည်မဟုတ်ပေ။

ပါဋ္ဌလိပုတ်မှ လုမ္ဗိနီအထိ ကုန်းလမ်းခရီး ယူဇနာငါးဆယ်ကျော်ကွာဝေးသည်။

ဤခရီးလမ်းသည် ဗုဒ္ဓကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်က အကြိမ်ကြိမ် ဒေသစာရီကြွမြန်းတော်မူခဲ့သည့် ခရီးလမ်းပင်ဖြစ်သည်။ သားတော် ရာဟုလာမွေးဖွားပြီးနောက် ရက်သတ္တတစ်ပတ်အကြာ ဝါဆိုလပြည့်နေ့ ညဥ့်သန်းခေါင်ယံအချိန်အခါ ကပိလဝတ်ထီးနန်းကို စွန့်ခွာလျက် တောထွက်လာသော သိဒ္ဓတ္ထမင်းသား၏ခရီးမှာ ဤခရီးပင်ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် ကဏ္ဍကမြင်းကို နင်လျက် တစ်ညဥ့်တည်းနှင့် သကျ၊ ကောလိယ၊ မလ္လတိုင်းပြည်သုံးပြည်ကို ကျော်ဖြတ်ပြီးလျှင် ယူဇနာသုံးဆယ် ခရီးပေါက်သွားသည်။ နောက်တစ်နေ့နံနက်တွင် အနော်မာမြစ်ကို ဖြတ်လျက် အနော်မာမြစ်၏အရှေ့ဘက် အနုပိယာသို့ ရောက်သည်။ အနုပိယာမှ တစ်ဖန်

http://www.linhtet.com



ရာဇဂြိုဟ်သို့ ခရီးဆက်သည်။

ဘုရားဖြစ်တော်မူပြီးနောက် ဖွားဘက်တော် ကာဠုဒါယီ လာပင့်သည်ဖြစ်၍ မိမိ၏ ဖခမည်းတော်နှင့်ဆွေတော်မျိုးတော်များကို ချီးမြှောက်လိုသည့်အတွက် တပေါင်းလပြည့်နေ့ တစ်နေ့၌ ရာဇဂြိုဟ်မှ ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူစဉ်ကလည်း ဤလမ်းခရီးပင်ဖြစ်လေသည်။ ထိုမှတစ်ပါးလည်း ဗုဒ္ဓသည် ဤလမ်းခရီး၌ အကြိမ်ကြိမ်အခါခါ ဒေသစာရီဖြတ်သန်းကြွချီတော်မူခဲ့လေသည်။

ရှင်တော်ဗုဒ္ဓ အကြိမ်ကြိမ် ဒေသစာရီကြွချီတော်မူခဲ့သည့် ဤလမ်းဤခရီးမှပင် ရှင်တော်ဗုဒ္ဓကို ကြည်ညိုလေးစားသော နောင်သောအခါ အတုမရှိသာသနာ့ဒါယကာအဖြစ် သမိုင်းတွင်မည့် အသောကဘုရင်သည် ရှင်တော်ဗုဒ္ဓ မီးရှူးသန့်စင်ဖွားမြင်ရာ လုမ္ဗိနီသို့ ဦးတည်သွားနေပေသည်။

*

ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား၌ လုမ္ဗိနီအမည်ရှိ ဇနပုဒ်တစ်ခုရှိသည်။ ထိုဇနပုဒ်၌ အင်ကြင်းဥယျာဉ်ကြီး တစ်ခုရှိသည်။ ဥယျာဉ်ကြီးမှာ နှစ်နိုင်ငံ၏ နယ်စပ်တွင် တည်ရှိပြီး နှစ်နိုင်ငံစလုံးကပင် ထိုဥယျာဉ်ကြီးကို ပိုင်ဆိုင်ကြသည်။ နှစ်နိုင်ငံလုံးက လူများသည် ထိုဥယျာဉ်ကြီးသို့ အပျော်အပါး လာရောက်လည်ပတ်လေ့ရှိကြသည်။ ဥယျာဉ်ကြီးထဲတွင် ပေါက်နေသည့် သစ်ပင်အများစုမှာ အင်ကြင်းပင်များဖြစ်သော်လည်း စကားပင်၊ သော်ကပင်များလည်း ရှိကြသည်။ အင်ကြင်းပွင့်၊ စကားပွင့်၊ သော်ကပွင့်များ၏ ပန်းရနံ့များသည် ဥယျာဉ်တစ်ခုလုံးတွင် ပျံ့နှံ့ကြိုင်သင်းနေသည်။

အင်ကြင်းဥယျာဉ်ကြီး၏ အခြေအနေသည် ယနေ့ထူးခြားနေသည်။ ယခင်က အပျော်အပါးလာရောက်သူရှိပါမှ ဥယျာဉ်ပတ်ဝန်းကျင်၌ လူသူဟူ၍ မြင်ရတွေ့ရသော်လည်း ယနေ့ကား ဥယျာဉ်ကြီးထဲ၌ လူတွေလှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ဥယျာဉ်ပတ်ဝန်းကျင်၌ ဆင်များ၊ မြင်းများနှင့် ယာဉ်ရထားများကိုလည်း တွေ့ရသည်။ ဥယျာဉ်ကြီးထဲရောက်နေသူများမှာလည်း ယခင်လာနေကျ သွားနေကျ သာမန်လူမျိုးလိုမဟုတ်ဘဲ အရောင်အသွေး တောက်ပပြောင်လက်နေသည်ကိုတွေ့ရသည်။ သူတို့၏ပိုးဖဲကတ္တီပါ အဝတ်အစားများသည် ဥယျာဉ်ကြီးအတွင်း ပွင့်ဖူးနေကြသည့် ပန်းမျိုးစုံတို့နှင့် အရောင်အသွေးချင်း ယှဉ်ပြိုင်

http://www.linhtet.com



နေကြသည်။ သူတို့အထဲတွင် ထူးခြားသော ပုဂ္ဂိုလ်နှစ်ဦးပါလာသည်။ တစ်ဦးမှာ အသောကဘုရင်မင်းတရားကြီးဖြစ်ပြီး တစ်ဦးမှာ ရှင်ဥပဂုတ္တမထေရ် ဖြစ်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် အင်ကြင်းပင်ကြီးတစ်ပင် အနီးသို့ ချဉ်းကပ်လာကြသည်။ ရှင်ဥပဂုတ္တသည် အင်ကြင်းပင်ရှိရာသို့ လက်ညှိုးညွှန်လိုက်သည်။

"သိဒ္ဓတ္ထမင်းသား ဖွားမြင်ခဲ့တာ အဲဒီနေရာမှာပဲ အရှင်မင်းကြီး"

ဘုရင်အသောကသည် ရှင်ဥပဂုတ္တ ညွှန်ပြရာသို့ တအံ့တသြ လှမ်းကြည့်လိုက်သည်။ ထို့နောက် လက်အုပ်ချီထားလိုက်သည်။ ရှင်ဥပဂုတ္တက ဆက်ပြောသည်။

"အရှင်မင်းကြီး၊ အဲဒီနေရာဟာ လောကမှာ အမြင့်မြတ်ဆုံးနေရာဌာန တစ်ခုဖြစ်ပေတယ်။ မြတ်စွာဘုရား ဖွားမြင်တော်မူတဲ့နေရာ၊ သစ္စာလေးပါး မြတ်တရားကို သိမြင်တော်မူပြီး ဗုဒ္ဓအဖြစ် ရောက်တော်မူတဲ့နေရာ၊ ဓမ္မစကြာတရားဦးကို ဟောတော်မူတဲ့နေရာ၊ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းသွားတဲ့နေရာ၊ အဲဒီနေရာလေးပါးဟာ လောကမှာ အမြင့်မြတ်ဆုံးနေရာ လေးပါးဖြစ်ကြတယ်။ ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်တဲ့ ပုဂ္ဂိုလ်တစ်ဦးအနေနှင့် အပူဇော်အဖူးမြော် သွားသင့်သွားအပ်တဲ့ နေရာများလဲ ဖြစ်ပေတယ်။ အရှင်မင်းကြီး ယခုဗုဒ္ဓရှင်တော်ဘုရား ဖွားမြင်တော်မူခဲ့တဲ့ လုမ္ဗိနီကို ရောက်လာပြီ။ အရှင်မင်းကြီးဟာ ကုသိုလ်ကံထူးတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်သွားပြီ"

အသောကမင်းကြီး၏မျက်နှာသည် ကြည်လင်ရွှင်ပျလာသည်။ အတွင်းသန္တာန်၌ ပေါ်ပေါက်လာသည့် ထူးခြားသော သဒ္ဓါတရားအမှတ်လက္ခဏာမျက်နှာတွင် ပေါ်နေခြင်းဖြစ်သည်။ ထူထပ်သိပ်သည်းသော အင်ကြင်းကိုင်းများကြားထဲက ထိုးဖောက်ကျလာသော နေရောင်ခြည်ကြောင့် အသောကမင်းကြီး၏ ဝတ်လဲတော်နှင့် အဆင်တန်ဆာများ ပြိုးပြိုးပြက်ပြက် တလက်လက်ဖြစ်နေသကဲ့သို့ပင် ရှင်ဥပဂုတ္တ ဝတ်ရုံထားသည့် သင်္ကန်းတွင်လည်း အဝါရောင် ဝိုဝိုသသပေါ်နေသည်။ အသောကမင်းကြီးနှင့်အတူ ထိုနေရာတွင် စုရုံးနေသည့် မင်းပရိသတ်များသည် ရှင်ဥပဂုတ္တ၏မျက်နှာကိုတစ်လှည့် အသောကမင်းကြီးမျက်နှာကိုတစ်လှည့် ကြည့်နေကြသည်။ ရှင်ဥပဂုတ္တ၏ စကားသည် အတိတ်ကာလဆီသို့ ရောက်သွားသည်။

"ဒီနေရာက အရှေ့မြောက်ဘက် ဆယ်ယူဇနာကျော် အကွာအဝေးလောက်မှာ ကပိလဝတ်ပြည်ရှိတယ်။ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနနဲ့ တိုင်းသူပြည်သားတွေဟာ ကာလကြာမြင့်စွာ ထီးမွေနန်းမွေဆက်ခံမယ့်

http://www.linhtet.com



နန်းညွန့်နန်းလျာ မွေးဖွားမလာတဲ့အတွက် စိုးရိမ်မကင်းဖြစ်နေကြရတယ်။ အဲဒီအတောအတွင်း ဝါဆိုလပြည့်နေ့တစ်နေ့မှာ သုဒ္ဓေါဒနမင်းကြီးရဲ့ တောင်ညာစံဒေဝီ မိဖုရားကြီးမဟာမာယာရဲ့ ဝမ်းတိုက်တွင်းမှာ ဘုရားအလောင်းဟာ သန္ဓေစွဲကပ်လာတယ်၊ ကိုးလလွယ် ဆယ်လစေ့တဲ့အခါကျတော့ မိဖုရားကြီးဟာ သူ့မိဘ ရပ်ဌာန်ဖြစ်တဲ့ ဒေဝဒဟပြည်ကို ပြန်လိုတဲ့ဆန္ဒဖြစ်ပေါ်လာတယ်။ အမှန်ကတော့ ဒီနိုင်ငံမှာ ဓလေ့ထုံးစံတစ်ခုရှိတယ်။ မိခင်များဟာ မီးဖွားချိန်ရောက်တဲ့အခါမှာ မိမိတို့ရဲ့ မိဘရပ်ဌာန်ပြန်ပြီး မီးဖွားလေ့ရှိကြတယ်။ အဲဒီဓလေ့ထုံးစံအတိုင်း မဟာမာယာ မိဖုရားကြီးဟာလဲ မီးဖွားချိန်ရောက်တဲ့အခါကျတော့ မိဘရပ်ထံ ပြန်ခြင်းဖြစ်ပေလိမ့်မယ်။

"သုဒ္ဓေါဒနမင်းကြီးကလဲ အနူးအညွတ်ခွင့်ပြုတယ်။ ကပိလဝတ်နဲ့ ဒေဝဒဟပြည်အကြား လမ်းခရီးမှာ မိဖုရားကြီးအတွက် အစစ အဆင်ပြေအောင် စီမံဖန်တီးပေးထားတယ်။ ခရီးလမ်းကို ညီညာပြေပြစ်နေအောင် ညှိထားတယ်။ လမ်းတစ်လျှောက်လုံးတံခွန်ကုက္ကားများနဲ့ တန်ဆာဆင်ထားပြီး ရေအိုးရေချမ်း ကွန်းထောက်စခန်းများကိုလဲ ဖန်တီးပေးထားတယ်။ မိဖုရားကြီးဟာ စစ်သည်ဗိုလ်ပါခြံရံပြီး ရွှေဝေါတော်နဲ့ ကပိလဝတ်က ထွက်လာတယ်။ ဒီဥယျာဉ်ရောက်တဲ့အခါကျတော့ ပင်လုံးကျွတ်ပွင့်လန်းဝေဆာနေတဲ့ အင်ကြင်းပန်းများကို တွေ့ရတဲ့အတွက် မိဖုရားကြီးဟာ ရွှေစိတ်တော်ကြည်နူးပြီး အင်ကြင်းပင်အောက်မှာ ခရီးတစ်ထောက်နားလိုတဲ့ စိတ်ဆန္ဒဖြစ်ပေါ်လာတယ်။ ရွှေဝေါတော်ပေါ်ကဆင်းပြီး အင်ကြင်းပင်အောက်ရောက်အလာ နိမ့်ကျနေတဲ့ အင်ကြင်းပန်းအခက်ကို လှမ်းအဆွဲလိုက်မှာ ဝမ်းပိုက်တွင်းက ကမ္ဗဇလေလှုပ်လာတယ်။ အဲဒီအခါမှာ အထိန်းအယမောင်းမကိုယ်လုပ်များက ပျာပျာသလဲ ဖြစ်ပြီး တင်းတိမ်ကာရံပေးလိုက်တယ်။ အဲဒီအခါမှာပဲ အလောင်းတော်မင်းသားဖွားမြင်လာတယ်။ အလောင်းတော်မင်းသား အမိဝမ်းတိုက်တွင်းမှ အပြင်ရောက်လာတဲ့အခါကျတော့ ကောင်းကင်ယံက ရေအလျဉ်နှစ်သွယ်ကျလာပြီး မယ်တော်နဲ့အလောင်းတော်မင်းသားကို သန့်စင်ပေးတယ်။ ဟိုမှာကြည့်စမ်း မင်းကြီး၊ ကြာမျိုးငါးသွယ်နဲ့ တင့်တယ်လှပနေတဲ့ ပေါက္ခရဏီ ရေကန်ကိုတွေ့တယ် မဟုတ်လား"

ရှင်ဥပဂုတ္တသည် အင်ကြင်းပင်အနီးက ကြာပွင့်ကြာဖူးများနှင့် ကြည်လင်သန့်ရှင်းသော ရေရှိသည့် ပေါက္ခရဏီရေကန်ကြီးကို ညွှန်ပြလိုက်သည်။ အသောကမင်းကြီးနှင့် မင်းပရိသတ်သည် ရှင်ဥပဂုတ္တ ညွှန်ပြသည့်

http://www.linhtet.com



ရေကန်ကို လှမ်းကြည့်လိုက်ကြသည်။

"အဲဒီရေကန်ဟာ မယ်တော်မာယာဒေဝီမိဖုရားနဲ့ အလောင်းတော်မင်းသားကိုသန့်စင်ပြီး စီးကျသွားတဲ့ရေများနဲ့ ကန်ဖြစ်နေတဲ့ ရေကန်ဖြစ်ဖို့ရှိတယ် မင်းကြီး"

အသောကမင်းကြီးနှင့် မင်းပရိသတ်တို့သည် အံ့သြငေးမောနေကြသည်။ ရှင်ဥပဂုတ္တက သူ့စကားကို ဆက်ပြန်သည်။

"အလောင်းတော် မင်းသား မွေးဖွားလာတဲ့အခါမှာ မဖြစ်ဖူးမြဲထူးကဲတဲ့ အံ့သြဖွယ် အဖြစ်အပျက်များ ဖြစ်ပေါ်လာတယ်။ ပထဝီမြေကြီး သွက်သွက်ခါတုန်လှုပ်သွားတယ်။ လောကဓာတ်တစ်ခုလုံး သောင်းသောင်းဖြဖြ ဝမ်းသာအားရ ဖြစ်ကုန်ကြတယ်။ ဗြဟ္မာမင်းကြီးများနဲ့ စတုမဟာရာဇ် နတ်မင်းကြီးများ ကိုယ်တိုင်လာပြီး အလောင်းတော်မင်းသားကို သစ်နက်ရေဖြင့် ခံကြတယ်။ ဒါတွေထက် အံ့သြဖွယ်ကောင်းတာကတော့ အလောင်းတော်မင်းသားကလေးဟာ မွေးဖွားပြီးနောက် ချက်ချင်းပဲ အရှေ့ဘက်ကနေမြောက်ဘက်လှည့်ပြီး မြေကြီးထဲက အလိုလိုပေါ်လာတဲ့ ကြာပွင့်တွေပေါ်မှာ နင်းလျက်ခုနစ်ဖဝါးလှမ်းကြွတော်မူတယ်။ ခုနစ်ဖဝါးလှမ်းပြီးမှ ရပ်တန့်တော်မူပြီး 'အဂ္ဂေါဟ မသ္မိ လောကဿ၊ ဇေဋ္ဌောဟ မသ္မိ လောကဿ၊ သေဋ္ဌောဟ မသ္မိ လောကဿ'လို့ ကျူးရင့်တော်မူတယ် . . .။

အလောင်းတော်မင်းသား ဖွားမြင်တော်မူတဲ့ သတင်းကြားရတဲ့အခါကျတော့ ကပိလဝတ်နဲ့ဒေဝဒဟ နှစ်ပြည်ထောင်က ဆွေတော်မျိုးတော်တွေ လုမ္ဗိနီဥယျာဉ်ကို စုရုံးရောက်ရှိလာကြတယ်။ မယ်တော် မာယာဒေဝီမိဖုရားကြီးလဲ သူ့မိဘရပ်ဌာန် ဒေဝဒဟပြည်ကို ဆက်မသွားတော့ဘဲ အလောင်းတော်သားတော် မင်းသားလေးနဲ့အတူ ကပိလဝတ်ပြည်ကို ပြန်လာတယ်"

ဘုရင်အသောကသည် ရှင်ဥပဂုတ္တ မိန့်တော်မူသည်ကို နားစိုက်ထောင်နေရာမှ ရှင်ဥပဂုတ္တ၏စကားရပ်သွားသည်နှင့် တစ်ပြိုင်နက် သူ့အမတ်ကြီးများဘက် လှည့်ကြည့်လိုက်သည်။

"မင်းကြီးများ၊ ဒီအထွတ်ဆုံး အမြတ်ဆုံးဌာနတစ်ခုဖြစ်တဲ့ လုမ္ဗိနီကို အဖူးမြော် အပူဇော် လာရောက်ရတဲ့အတွက် ကျွန်ုပ်အလွန်တရာ ပီတိ သောမနဿ ဖြစ်မိတယ်။ ရှင်တော်မြတ်ဘုရားကို ကြည်ညိုမြတ်နိုးတဲ့ သဒ္ဓါတရားလဲ တိုးပွားကြီးမားလာတယ်။ ဒီလုမ္ဗိနီကို ကျွန်ုပ်အဖူးမြော် အကန်တော့လာရောက်တဲ့ အထိမ်းအမှတ်နဲ့ ရှင်တော်မြတ်ဘုရားဖွားမြင်တဲ့ နေရာတည့်တည့်မှာ

http://www.linhtet.com



ကျောက်တိုင်စိုက်ထူပြီး ကမ္ပည်းကျောက်စာများ ရေးထိုးထားရမယ်။ ပြီးတော့ မယ်တော် မဟာမာယာဒေဝီ သားတော်ဖွားခန်း ကျောက်ရုပ်တုတစ်ခုကိုလဲ ဒီနေရာမှာ ထုထားရမယ် သိလား မင်းကြီးများ"

*

***မင်းတကာတို့ ကြည်ညိုလေးစားအပ်သော ဒေဝါနံပိယဒဿီ အသောကမင်းကြီးသည် နန်းစံနှစ် အနှစ်နှစ်ဆယ်၌ သကျမုနိ ဗုဒ္ဓ ဖွားမြင်တော်မူရာ နေရာသို့ လာရောက်ပူဇော်သည်။ ကျောက်ရုပ်တုတစ်ခုကိုလည်း ထုလုပ်စေသည်။ ဤနေရာ၌ ဗုဒ္ဓဖွားမြင်တော်မူသည်ဟူ၍ သိသာထင်ရှားစေရန် ကျောက်တိုင်တစ်တိုင်ကိုလည်း စိုက်ထူသည်။ လုမ္ဗိနီရွာမှ ရှစ်ဖို့တစ်ဖို့ အခွန် အကောက်ယူခြင်းကိုလည်း လွတ်ငြိမ်းခွင့်ပြုလိုက်သည်။***

အထက်ပါကမ္ပည်းကျောက်စာထွင်းထုထားသည့် ကျောက်တိုင်သည် အိန္ဒိယပြည်၌ အသောကမင်းကြီး စိုက်ထူထားသည့် ကျောက်စာတိုင်များအနက် တစ်ခုသောကျောက်စာတိုင်ဖြစ်သည်။ ယင်းကျောက်စာတိုင်သည် နှစ်ပေါင်းနှစ်ထောင်ကျော်လာခဲ့ပြီ ဖြစ်သော်လည်း ယနေ့ထက်တိုင်ပင် ဗုဒ္ဓရှင်တော်ဘုရား ဖွားတော်မူရာ လုမ္ဗိနီ၌ ထီးထီးမားမား တည်ရှိနေတုန်းပင်ဖြစ်သည်။ ကျောက်စာတိုင်အနီး မာယာဒေဝီ ဘုရားကျောင်းအတွင်းရှိ ယနေ့တိုင်တွေ့မြင်နေရသေးသည့် မယ်တော်မာယာသားဖွားခန်းကျောက်ရုပ်တုမှာလည်း အသောကမင်းကြီး ထွင်းထုထားသည့် ရုပ်တုအစစ်မဟုတ်သည့်တိုင် ယင်းရုပ်တု အစစ်၏ ပုံတူရုပ်တုပင် ဖြစ်ဖို့ရှိလေသည်။ ။

[ *ရှင်ဥပဂုတ္တနှင့် အသောကမင်းတရားကြီး ဗုဒ္ဓဋ္ဌာနများသို့ အဖူးမြော်ကြွရောက်ကြောင်းရေးသားဖော်ပြထားသော ဒိဗျာဝဒါနကို လည်းကောင်း၊ ဗုဒ္ဓကျမ်းစာများနှင့် အသောကကျောက်စာတို့ကို လည်းကောင်း အခြေခံသည်။*]

❑

http://www.linhtet.com

## ကပိလဝတ်

သကျသာကီဝင်တို့၏ အစဦးဆုံးဘုရင်မှာ မဟာသမ္မတဖြစ်သည်။ မဟာသမ္မတမင်းနောက် သားတော် ရောဇထီးနန်းဆက်ခံသည်။ ထို့နောက် ဝရောဇ၊ ကလျာဏ၊ ဝရကလျာဏ။ မန္ဓတာ၊ ဝရမန္ဓာတာ၊ ဥပေါသထ၊ စရ၊ ဥပစရ၊ မဟာဒေဝ စသော မင်းအဆက်ဆက်တို့သည် မဟာသမ္မတမင်း၏ထီးနန်းကို ဆက်ခံစိုးစံကြသည်။ ယင်းမင်းဆက်၏ ဘုရင်တစ်ဦးမှာ ဩက္ကာကဖြစ်သည်။ ဩက္ကာကဘုရင်၌ မိဖုရားငါးပါးရှိသည်။ မိဖုရားငါးပါးအနက် အကြီးဆုံး မိဖုရားကြီးတွင် သားတော်လေးပါးနှင့် သမီးတော်ငါးပါးဖွားမြင်သည်။ သားတော်လေးပါးမှာ ဩက္ကာမုခ၊ ကရကဏ္ဍ (ကရဏ္ဍု)၊ ဟတ္ထိနိတ၊ သိနိပုရတို့ ဖြစ်ကြသည်။ သားတော်လေးပါးနှင့်သမီးတော်ငါးပါး ဖွားမြင်ပြီးသောအခါ သူတို့၏မယ်တော်မိဖုရားကြီး ကွယ်လွန်သွားသည်။ ဩက္ကာကမင်းကြီးတွင် တခြားမိဖုရားတစ်ဦးနှင့် သားတော်တစ်ပါး ဖွားမြင်သည်။ မင်းကြီးသည် ထိုမိဖုရားကို အလွန်ချစ်မြတ်နိုးသည်။ သို့ဖြစ်၍ ထိုမိဖုရားနှင့်ရသည့် သားတော်ဇန္တုကို မိမိကွယ်လွန်သွားသည့်အခါ ထီးနန်းဆက်ခံနိုင်စေရန် မိဖုရားကြီးနှင့် ရသည့်သားတော်သမီးတော်များကို နိုင်ငံမှ နှင်ထုတ်လိုက်လေသည်။

သားတော်နှင့် သမီးတော်များသည် ဟိမဝန္တာသို့ ထွက်ခွာလာကြသည်။ ဟိမဝန္တာအနီး၌ သူတို့သည် ကပိလရှင်ရသေ့နှင့် တွေ့ကြသည်။ ရှင်ရသေ့၏ညွှန်ကြားချက်ဖြင့် သင်္ခမ်းကျောင်းအနီး၌ မြို့တည်ကြသည်။ ရှင်ရသေ့၏အမည်နာမကို အစွဲပြုလျက် မြို့၏အမည်ကို ကပိလဝတ္ထုဟု မှည့်ခေါ်ကြသည်။ မြို့တည်တည့် နေရာဝန်းကျင်၌ အင်ကြင်း (သာက) တောရှိသည်။ ထို့ကြောင့် သားတော်၊ သမီးတော်နှင့် ယင်းတို့မှပေါက်ဖွားလာသည့် အဆက်

http://www.linhtet.com



အနွယ်များကို သကျသာကီဝင်များဟု ခေါ်ကြသည်။ သားတော်နှင့်သမီးတော်တို့သည် ကိုယ့်အမျိုးဇာတ်ကို သူတစ်ပါးနှင့်မရောယှက်လိုသည့်အတွက် မောင်နှမချင်းလက်ထပ်ကြသည်။ သားတော်လေးပါးသည် သမီးတော်လေးပါးနှင့် ပေါင်းသင်းကြသည်။ အကြီးဆုံးအစ်မကြီးကိုမူ အမိအရာ၌ ထားကြသည်။ သို့သော်အကြီးဆုံး အစ်မကြီးသည် ကုဋ္ဌနူနာ စွဲကပ်လာသည်ဖြစ်၍ မောင်တော် ညီမတော်များသည် ရောဂါကူးစက်မည် စိုးသောကြောင့် မလှမ်းမကမ်းတွင် သူတို့၏အစ်မကြီးနေရန် မြေအောက်နေရာတစ်ခု ဖန်တီးပေးထားသည်။ စားဖွယ်သောက်ဖွယ်များလည်း ဖန်တီးပေးထားသည်။

ထိုအချိန်၌ ဗာရာဏသီပြည်တွင် ထီးနန်းစိုးစံသည့် ဘုရင်ရာမသည် ကုဋ္ဌနူနာ စွဲကပ်လာသည်ဖြစ်၍ သားတော်အကြီးအား ထီးနန်းလွှဲအပ်ပြီး ကပိလဝတ်နှင့် မနီးမဝေးသို့လာ၍ 'ကောလ' အမည်ရှိ သစ်ပင်ကြီးတစ်ပင်ပေါ်၌ နေစရာနေရာ ဖန်တီးလျက် နေထိုင်လေသည်။ ဘုရင်ရာမသည် တစ်နေ့တွင် တောအတွင်း၌ ဆေးမြစ်တစ်ခု မှီဝဲရသည်ဖြစ်၍ ရောဂါဝေဒနာ ပျောက်ကင်းသွားသည်။

ဘုရင်ရာမသည် ကုဋ္ဌနူနာရှင် သမီးတော်၏အကြောင်းကြားသိရသောအခါ သူမှီဝဲသည့် ဆေးမြစ်ကို သမီးတော်အား ကျွေးသည်။ သမီးတော်လည်း ဝေဒနာပျောက်ကင်းသွားသည်။ သူတို့နှစ်ဦး လက်ထပ်လိုက်ကြသည်။ သူတို့တွင် သားတော် သုံးဆယ့်နှစ်ပါး ထွန်းကားလာသည်။

ဗာရာဏသီတွင် ထီးနန်းစိုးစံ ကျန်ခဲ့သည့် သားတော်ဘုရင်က သူ့ဖခမည်းတော်အကြောင်း ကြားရသောအခါ သူ့ဖခမည်းတော်ကို လာခေါ်သည်။ သို့သော် ဘုရင်ရာမသည် ကောလသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းလျက် မြို့တည်နေလေသည်။ ကောလသစ်ပင်များ နေရာ၌ တည်သည်ဖြစ်၍ ထိုမြို့၏အမည်ကို ကောလမြို့၊ သို့မဟုတ် ကောလိယမြို့ဟူ၍ တွင်နေလေသည်။ ကောလိယမှ အစ်မအကြီးဆုံး သားများသည် ကပိလဝတ်မှ ညီမတော်မောင်တော်တို့၏သမီးများနှင့် လက်ထပ်ကြသည်။ သကျသာကီဝင်များသည် အမျိုးမာန်ရှိကြသည်ဖြစ်၍ တခြားအမျိုးဇာတ်နှင့် အိမ်ထောင်မဖက်ကြပေ၊ မိမိတို့သကျမျိုးနွယ်ချင်းသော်လည်းကောင်း၊ သို့မဟုတ် မိမိတို့နှင့်သွေး စပ်သော မိမိတို့အမျိုးနွယ်၏အကိုင်းအခက်ဖြစ်သော ကောလိယတို့နှင့် သော်လည်းကောင်း လက်ဆက်ကြသည်။ ယင်းအစဉ်အလာသည် ခရစ်မပေါ်မီနှစ်ပေါင်းလေးရာကျော် ငါးရာနီးပါးတွင် ကပိလဝတ်၌ ထီးနန်းစိုးစံသည့် ဘုရင်

http://www.linhtet.com



သုဒ္ဓေါဒန အထိဆင်းသက်တည်ရှိလာခဲ့သည်။ သုဒ္ဓေါဒနမင်းကြီး၏ယောက္ခမသည် သကျသာကီဝင် အဉ္ဇနဖြစ်သည်။ သိဒ္ဓတ္ထ မင်းသားသည် အဉ္ဇနမင်းကြီး၏မြေးတော် သုပ္ပဗုဒ္ဓ၏သမီးတော် ဘဒ္ဒကစ္စာယနီ ယသောဓရာနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားသည်။

ကပိလဝတ်၏ အနောက်ဘက်၌ ကောသလတိုင်း သာဝတ္ထိမြို့ရှိသည်။ အရှေ့ဘက်တွင် ကောလိယနှင့် နယ်ခြားထားသည့် ရောဟိဏီမြစ်ရှိသည်။ မြောက်ဘက်၌ ဟိမဝန္တာတောင်တန်းရှိသည်။ တောင်ဘက် သို့မဟုတ် အရှေ့တောင်ဘက်၌ မလ္လမင်းတို့၏တိုင်းပြည်ရှိသည်။ ကပိလဝတ်သည် ရာဇဂြိုဟ်နှင့် ယူဇနာခြောက်ဆယ်ကွာဝေးသည်။ သာကေတနှင့် ခြောက်ယူဇနာကွာဝေးသည်။ သာဝတ္ထိမှ ရာဇဂြိုဟ်အသွားခရီးလမ်းကြား၌ ကပိလဝတ်သည် အချက်အချာစခန်းမြို့တစ်မြို့ ဖြစ်သည်။ အထူးသဖြင့် ကပိလဝတ်သည် သာဝတ္ထိနှင့် ကူးသန်းရောင်းဝယ်မှု အဆက်အသွယ် ရှိလေသည်။

အသောကမင်းကြီးသည် ရှင်တော်ဗုဒ္ဓနှင့် ဆက်စပ်သည့် မြင့်မြတ်သောနေရာဌာနများသို့ အဖူးမြော်အကန်တော့သွားမည်ဟူ၍ ပိုင်းဖြတ်ထားသည့်အတိုင်း ဘုရားမဖြစ်ခင် သိဒ္ဓတ္ထမင်းသား နှစ်ဆယ့်ကိုးနှစ်တိုင်တိုင် နေထိုင်ခဲ့သော၊ ဘုရားဖြစ်ပြီးနောက်လည်း အကြိမ်ကြိမ် ဒေသစာရီကြွချီခဲ့သော ကပိလဝတ်သို့ ရောက်လာလေသည်။ ဘုရင်နှင့်အတူ ရှင်ဥပဂုတ္တ လည်းပါလာသည်။

အသောကမင်းကြီး ကပိလဝတ်သို့ ရောက်သွားချိန်မှာ ဘုရင်သုဒ္ဓေါဒန ထီးနန်းစိုးစံပြီးနောက် နှစ်ပေါင်းနှစ်ရာကျော် သုံးရာနီးပါး အကြာတွင်ဖြစ်သည်။ ထိုအချိန်၌ တစ်ချိန်က စည်ကားခဲ့သော ကပိလဝတ်သည် မြို့ပျက်ဘဝရောက်နေပြီ။ ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီးသည် ကပိလဝတ်တောင်ဘက်၌ရှိသော ကျောင်းပျက်တစ်ခုသို့ ရောက်လာကြသည်။ သူတို့၏နောက်တော်ပါးမှလည်း အမတ်ကြီးများနှင့် ဗိုလ်ပရိသတ်များ လိုက်ပါလာကြသည်။ ရှင်ဥပဂုတ္တသည် ကျောင်းပျက်ရှိရာသို့ လက်ညှိုးညွှန်ပြလျက် အမိန့်ရှိလေသည်။

"အရှင်မင်းကြီး ကျောင်းပျက်ကြီးကို တွေ့တယ်မဟုတ်လား။ အဲဒီကျောင်းကြီးဟာ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာများအတွက် ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းတိုက်ကြီးဖြစ်တယ်။ အဲဒီကျောင်းတိုက်ကို လှူဒါန်းထားတဲ့ ဒါယကာက နိဂြောဓသကျသာကီဝင် ဖြစ်တယ်။ ဒါကြောင့် ကျောင်းတိုက်ရဲ့ အမည်လဲပဲ နိဂြောဓာရုံကျောင်းလို့ တွင်နေတယ်။ ရှင်တော်ဘုရား

http://www.linhtet.com



ကပိလဝတ်ကြွလာတဲ့အခါ အဲဒီကျောင်းတိုက်မှာ သီတင်းသုံးတော်မူတယ်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနဲ့ ရှင်တော်မြတ်ဘုရား ပထမဆုံး ဆုံတွေ့တဲ့ နေရာဟာ အဲဒီနေရာမှာပဲ မင်းကြီး . . .။

သုဒ္ဓေါဒနမင်းကြီးက ကာဠုဒါယီအမတ်ကြီးကို စေလွှတ်ပြီးပင့်တဲ့အတွက် တပေါင်းလပြည့်နေ့တစ်နေ့မှာ ရှင်တော်ဘုရားဟာ ရာဇဂြိုဟ်ကနေပြီး ပထမဆုံးအကြိမ် ကလိလဝတ်ကို ကြွလာတယ်။ အဲဒီခရီးဟာ ဗုဒ္ဓရဲ့ဖြစ်တော်စဉ် ဗုဒ္ဓဝင်မှာ အလွန်တရာအရေးပါတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်တယ်လို့ ဆိုရပေလိမ့်မယ်။ အဲဒီအချိန်မှာ သုဒ္ဓေါဒနမင်းကြီးနဲ့ ဆွေတော်မျိုးတော်အပေါင်းဟာ သိဒ္ဓတ္ထမင်းသားကို သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ် ပထမဆုံး ဖူးတွေ့ကြရတယ်။ မိမိရဲ့ မောင်တော်ဘုရားနဲ့ လပေါင်းများစွာ ခွဲခွာနေရပြီးတဲ့နောက် ယသောဓရာမိဖုရား မိမိမောင်တော်ဘုရားကို ပထမဆုံးအကြိမ် ပြန်တွေ့ရတာလဲ အဲဒီအခါမှာပဲ . . .။

အဲဒီအချိန်အတောအတွင်းမှာ ထူးခြားတဲ့ အဖြစ်အပျက်တွေများစွာ ဖြစ်ပေါ်ခဲ့တယ်။ ရှင်တော်ဘုရားဟာ မိမိစွန့်ခွာလာခဲ့တဲ့ ထီးနန်းမှာ နန်းညွှန့်နန်းလျာအဖြစ် ကျန်ခဲ့တဲ့ ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးလိုက်တယ်။ ဒါတင်မကသေးဘူး၊ မိမိရဲ့ရင်သွေး ရာဟုလာကလေးကိုလဲ မိခင်ရင်အုပ်တွင်းက ဆွဲခေါ်ခဲ့ပြီး ရှင်သာမဏေပြုပေးလိုက်တယ်။ မိထွေးတော် ပဇာပတိဂေါတမီဟာ သူကိုယ်တိုင်ရက်လုပ်တဲ့ သင်္ကန်းကို ဘုရားရှင်ကို ကပ်လှူတယ်။ ဒါပေမယ့် ဘုရားရှင်က လက်မခံဘူး၊ ပုဂ္ဂိုလ်ကို ပေးလှူမယ့်အစား သံဃာကို ပေးလှူရမယ်လို့ မိန့်တော်မူတယ်။ ကပိလဝတ်မှာ အချိန်ကာလအတန်ကြာနေထိုင် သီတင်းသုံးတော်မူပြီးနောက် ဘုရားရှင်ဟာ ရာဇဂြိုဟ်ပြန်ကြွသွားပြီး ဒုတိယ ဝါကပ်တော်မူတယ်။ ရာဇာဂြိုဟ်ကြွအသွား လမ်းခရီးမှာရှိတဲ့ အနုပိယသရက်ဥယျာဉ်မှာ သာကီဝင်မင်းသားများဖြစ်ကြတဲ့ ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တနဲ့ ဥပါလိတို့ကို လဲ ရဟန်းပြုပေးတော်မူတယ်"

အသောမင်းကြီးသည် ရှင်ဥပဂုတ္တ မိန့်တော်မူသည်ကို နားစိုက်ထောင်နေသည်။ ထို့နောက် သူ့အပါး၌ရံနေသည့် မှူးမတ်များဘက်လှည့်လျက် အမိန့်ပေးလိုက်သည်။

"အမတ်မင်းများ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနဲ့ ရှင်တော်မြတ်ဘုရား တွေ့ဆုံတော်မူတဲ့ ဒီနေရာမှာ ကျောက်စာတိုင်တစ်တိုင် စိုက်ထူထားရမယ်"

http://www.linhtet.com



ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီးသည် ကပိလဝတ်အရှေ့ဘက် ထွက်လာကြရာ ရောဟိဏီမြစ်သို့ရောက်လာကြသည်။ ရှင်ဥပဂုတ္တသည် မြစ်ပြင်ကို လှမ်းကြည့်လိုက်သည်။ ကြည်လင်သန့်ရှင်းသောရေသည် တသွင်သွင်စီးဆင်းနေသည်။ လှိုင်းကလေးများမှာ နေရောင်ခြည်အောက်တွင် ဖွေးခနဲဖွေးခနဲ ဖြစ်နေကြသည်။ အသောကမင်းကြီးလည်း ရှင်ဥပဂုတ္တနည်းတူ မြစ်ပြင်ကို ငေးကြည့်နေသည်။ ရှင်ဥပဂုတ္တက စကားစ, လေ၏။

"အရှင်မင်းကြီး၊ ဒီရောဟိဏီမြစ်ဟာ အခုစီးဆင်းနေသလို၊ ရှင်တော်ဘုရား လက်ထက်တော်ကလဲ စီးဆင်းနေခဲ့တာပဲ။ ဒါပေမယ့် ဒီရောဟဏီမြစ်ကို အကြောင်းပြုပြီး နှစ်ပြည်ထောင်စပ်ကြား စစ်မက်ဖြစ်ပွားမယ့် အခြေအနေ ရောက်ခဲ့ရတယ်။ ရှင်တော်ဘုရား ကြားဝင်ဖျန်ဖြေတော်မူတဲ့အတွက်ကြောင့် စစ်ဘေးနဲ့ သီသီကလေး ဝေးသွားခဲ့ရတယ်။ နို့မဟုတ်ရင် ဒီစိမ်းလန်းကြည်လင်တဲ့မြစ်ရေဟာ သွေးခြင်းခြင်းနီသွားဖို့ရှိတယ်"

အသောကမင်းကြီးသည် မြစ်ဘက်ကို ငေးမျှော်ကြည့်ရှုနေရာမှ ရှင်ဥပဂုတ္တ၏ မျက်နှာတော်ကို လှမ်းကြည့်လိုက်သည်။ ရှင်ဥပဂုတ္တက အတိတ်ဆောင်တော်မူပြန်သည်။

"သိဒ္ဓတ္ထမင်းသား သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ် ရောက်တော်မူပြီးနောက်ငါးနှစ်မြောက်အကြာမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကံတော်ကုန်သွားရတယ်။ အဲဒီအချိန်မှာ ဘုရားရှင်ဟာ ဝေသာလီမဟာဝုန်တောမှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီနှစ်ထဲမှာပဲ ဝေသာလီကနေပြီး ရှင်တော်ဘုရား ဒုတိယအကြိမ် ကပိလဝတ်ကို ကြွလာတော်မူတယ်။ ကပိလဝတ်ရောက်တော့ နိဂြောဓာရုံကျောင်းတော်မှာပဲ သီတင်းသုံးတော်မူတယ်။

"အဲဒီအချိန်မှာ သကျနဲ့ကောလိယတို့ဟာ ရောဟိဏီမြစ်ကို အကြောင်းပြုပြီး ပဋိပက္ခဖြစ်ကြတယ်။ ရောဟိဏီမြစ်ဟာ ကပိလဝတ်နဲ့ကောလိယနယ်စပ်မှာရှိတယ်။ ရောဟိဏီမြစ်ကို ဆည်ပြီး နှစ်နိုင်ငံလုံးက မိမိတို့လယ်ယာထဲ ရေသွင်းယူကြတယ်။ နွေကာလ ရေခန်းချိန်ရောက်တော့ မြစ်ရေကို သူယူမယ် ငါယူမယ်ဆိုပြီး နှစ်နိုင်ငံက လယ်သမားတွေအချင်းများကြတယ်။ နောက်ပိုင်းကျတော့ အမျိုးကစပြဿနာ မီးလောင်ပြီး နှစ်နိုင်ငံက လက်နက်ကိုင်တပ်သားတွေဟာ တစ်ဘက်နဲ့တစ်ဘက် ခုတ်မယ် ထစ်မယ်အထိ ဖြစ်လာကြတယ်။ အဲဒီလို ရန်စောင်နေတဲ့အခိုက်မှာ အချင်းဖြစ်ပွားရာကို ရှင်တော်ဘုရား ရောက်လာတော်မူတယ်။ မြစ်ရေကိုအကြောင်းပြုပြီး ခုတ်မယ်

http://www.linhtet.com



ထစ်မယ် သတ်မယ်ဖြစ်နေကြတဲ့အကြောင်း ကြားသိတော်မူတဲ့အခါ ရှင်တော်ဗုဒ္ဓက 'တန်ဖိုးမရှိတဲ့ရေကို အကြောင်းပြုပြီး တန်ဖိုးရှိတဲ့ မိမိတို့သွေးကို ဘာဖြစ်လို့ ချောင်းစီးစေချင်ရသနည်း' လို့ မိန့်တော်မူပြီး တရားပြတဲ့အတွက် ဓားကိုင်ထားကြတဲ့ နှစ်နိုင်ငံက လက်နက်ကိုင်များဟာ ဓားအိမ်ထဲ ဓားပြန်သွင်းလိုက်ကြတယ်။ နှစ်နိုင်ငံအကြားမှာ စစ်မက်ဖြစ်ပွားမယ့်အစား ငြိမ်းချမ်းရေးရရှိသွားတယ်။ ရှင်တော်ဗုဒ္ဓဟာ အဇ္ဈတ္တငြိမ်းချမ်းရေးကိုမျှသာမကဘဲ ဗဟိဒ္ဓငြိမ်းချမ်းရေးကိုပါ ဆောင်ရွက်တော်မူတယ်ဆိုတဲ့အချက်ရဲ့ သက်သေသာဓကတစ်ခုပဲ အရှင် မင်းကြီး"

အသောကမင်းကြီးသည် ဦးခေါင်းတညိတ်ညိတ်ဖြင့် ရှင်တော်မြတ်ဘုရား ငြိမ်းချမ်းရေးဆောင်ရွက်တော်မူပုံကို ပီတိဖြစ်နေလေသည်။ မိမိ၏နိုင်ငံတော်အတွင်း၌ ငြိမ်းချမ်းရေးရောင်ခြည် ယှက်သန်းနေသည်မှာလည်း ဗုဒ္ဓ၏ တရားဒေသနာတော်ကြောင့်ပင် မဟုတ်လော။ ရှင်ဥပဂုတ္တက ဆက်လက်အမိန့်ရှိပြန်လေ၏။

"ရှင်တော်ဗုဒ္ဓ ဒုတိယအကြိမ် ကပိလဝတ်ကြွတော်မူချိန်မှာ ပြုပြင်ပြောင်းလဲမှုကြီး တစ်ရပ်ရဲ့လမ်းစလဲ ပေါ်ပေါက်လာခဲ့တယ်။ အဲဒီအချိန်အတောအတွင်းမှာ မိထွေးတော် ပဇာပတိဂေါတမီက သူ့ကို ဘိက္ခုနီပြုခွင့်ပေးဖို့ ရှင်တော်မြတ်ဘုရားကို လျှောက်ထားတောင်းပန်တယ်။ သို့သော်လဲ အဲဒီအချိန်ကတော့ ရှင်တော်မြတ်ဘုရားက ခွင့်ပြုတော်မမူဘူး။ ဝေသာလီ ပြန်ကြွသွားပြီး ပဥ္စမဝါကပ်တော်မူတယ်။ ပဇာပတိဂေါတမီက ဇွဲမလျော့ဘူး။ ဝေသာလီလိုက်သွားပြီး ရှင်အာနန္ဒရဲ့အကူအညီနဲ့ ရှင်တော်မြတ်ဘုရားကို ထပ်မံလျှောက်ထားတယ်။ ရှင်တော်မြတ်ဘုရားက ခွင့်ပြုတော်မူလိုက်တယ်။ အဲဒီအခါမှာ ဘိက္ခုနီသာသနာပေါ်ပေါက်လာပြီး ပဇာပတိဂေါတမီ၊ တိဿာ၊ မိတ္တာ၊ နန္ဒာ စတဲ့ သကျသာကီဝင်အမျိုးကောင်းသမီးများ ဘိက္ခုနီလုပ်လိုက်ကြတယ်။ အဲဒါဟာ ဇမ္ဗူဒိပ်ကျွန်းမှာ ထူးခြားတဲ့ပြုပြင်ပြောင်းလဲမှုကြီးတစ်ရပ်ပေပဲ ဒကာတော် အရှင်မင်းကြီး။ ခေတ်အဆက်ဆက်က တည်ရှိလာခဲ့တဲ့ မိန်းမများရဲ့ အခွင့်အရေးကို စတင်အသိအမှတ်ပြုတော်မူတဲ့ ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူတယ်လို့ ဆိုရင် မမှားပေဘူး"

အသောကမင်းကြီးသည် သူ့သမီးတော်သင်္ဃမိတ္တာကို မျက်စိထဲမြင်ယောင်လာသည်။ သမီးတော်သည် တရားသံဝေဂရရှိသွားပြီးဖြစ်၍ ဘိက္ခုနီလုပ်ဖို့ ရှေ့ရှုနေပြီ။ ရှင်ဥပဂုတ္တက ဆက်လက်မိန့်တော်မူပြန်သည်။

http://www.linhtet.com



"အဲဒီနောက် ရှင်တော်မြတ်ဘုရားက ကပိလဝတ်ပြည်ကို တော်တော်နှင့် ကြွမလာဖြစ်ဘူး။ ဆယ်နှစ်ဆယ်မိုး ကြာသွားတယ်။ ဆယ်နှစ်ကြာမှ တတိယအကြိမ် ကပိလဝတ်ကို ကြွလာတော်မူတယ်။ အဲဒီနှစ် ကပိလဝတ်မှာပဲ ဝါဆိုတော်မူတယ်။ အဲဒီတတိယအကြိမ် ကြွလာတော်မူတုန်းက မဖွယ်မရာ အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပွားခဲ့တယ်။ အဲဒီအချိန်မှာ ယသောဓရာရဲ့ ခမည်းတော် သုပ္ပဗုဒ္ဓဟာ ရှင်တော်ဘုရားကို အကြီးအကျယ် ဆန့်ကျင်ဘက် လုပ်ခဲ့တယ်။ သူ့သမီးကို ဂေါတမက ဒုက္ခရောက်အောင်လုပ်တယ်လို့ ယူဆပြီး သုပ္ပဗုဒ္ဓဟာ ရှင်တော်ဘုရားကို ရန်ငြိုးထားတယ်။ အဲဒါကြောင့် အရက်မူး အောင်သောက်ပြီး ဘုရားရှင်ကြွလာမယ့်လမ်းမှာ ထိုင်နေတယ်။ ဘုရားရှင်ကို ရှေ့ဆက်မကြွနိုင်အောင် တားထားတယ်။ ဘုရားရှင်လဲ ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ပြန်ဆုတ်တော်မူရတယ်။ သုပ္ပဗုဒ္ဓဟာ အဲဒီနှစ်မှာပဲ ကွယ်လွန်သွားတယ်"

*

ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီးသည် ကပိလဝတ်အရှေ့မြောက်ဘက် ရောက်လာကြသည်။ ထိုနေရာတစ်ဝိုက်၌ ပြိုပျက်ယိုယွင်းနေသည့် စေတီ လိုလို ပုထိုးလိုလို အထိမ်းအမှတ်များ ရာနှင့်ချီ၍ ရှိနေသည်ကို တွေ့ကြရသည်။ ရှင်ဥပဂုတ္တက ပုထိုးပျက်များရှိရာသို့ လက်ညှိုးညွှန်လျက် မိန့်တော်မူပြန်သည်။

"အရှင်မင်းကြီး၊ အဲဒီပုထိုးများဟာ ဝိဋူဍဘလက်ချက်နဲ့ အသက်ထွက်သွားကြတဲ့ သကျသာကီဝင် ထောင်ပေါင်းများစွာရဲ့ အထိမ်းအမှတ်တွေ ဖြစ်တယ်။ သကျသာကီဝင်တွေကို ဝိဋူဍဘ ရန်ငြိုးထားတဲ့အချိန်မှာ ရှင်တော်ဘုရားကို ကပိလဝတ်နယ်မြေပေါ်မှာ တစ်ဖန် မြင်တွေ့ရပြန်တယ်။

"ကောသလဘုရင် ပသေနဒီက သကျသာကီဝင် မင်းသမီးတစ်ဦးကို သိမ်းပိုက်လိုတဲ့အတွက် တောင်းဆိုတဲ့အခါ သကျမဟာနာမက သူ့ကျွန်မက မွေးတဲ့ ဝါသဘခတ္တိယာကို သကျသာကီဝင် မင်းသမီးအဖြစ် လိမ်လည်ပြီး ပသေနဒီမင်းကြီးကို ဆက်လိုက်တယ်။ ပသေနဒီမင်းကြီးနဲ့ ဝါသဘခတ္တိယာတို့မှာ သားတော်ဝိဋူဍဘ မွေးဖွားလာတယ်။ တစ်နေ့ကျတော့ ဝိဋူဍဘဟာ သူ့မိဘရပ်ဌာန်ဖြစ်တဲ့ ကပိလဝတ်ကို အလည်သွားတယ်။ ကပိလဝတ်က သာကီ

http://www.linhtet.com



ဝင်တွေက ဝိဋူဍူပကို ခရီးဦးကြိုတော့ ပြုကြပါရဲ့။ ဒါပေမယ့် သူပြန်သွား တော့ သူထိုင်သွားတဲ့နေရာကို ဆေးကြောပစ်တယ်။ ကျွန်မရဲ့သား ထိုင်သွားတဲ့ နေရာဖြစ်လို့တဲ့။ အဲဒီအကြောင်းကို ဝိဋူဍူပ သိသွားတယ်။ သူဘုရင်ဖြစ်တဲ့ အခါကျတော့ သကျသာကီဝင်တွေကို လက်စားချေတော့တာပဲ။ လက်စားချေ တာကလည်း အင်မတန် ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းတယ်။ သကျ သာကီဝင် တစ်မျိုးလုံးကို ကျူပင်ခုတ်ကျူငုတ်မကျန်အောင် မျိုးဖြုတ်ပစ်လိုက် တယ်။

"သကျသာကီဝင်တွေကို သုတ်သင်ပစ်ဖို့အတွက် စစ်တပ်နဲ့ချီတက် လာတဲ့အခါ ဝိဋူဍူပဟာ နယ်စပ်မှာ သကျတို့ရဲ့နယ်မြေထဲက အရိပ်ကျိုးတိုးကျဲ တဲ သစ်ပင်တစ်ပင်အောက်မှာ ဘုရားရှင် ထိုင်နေတော်မူတာကို တွေ့မြင်ရ တယ်။ ဘုရင်က 'နယ်စပ်ကအရိပ်ကောင်းတဲ့ ပညောင်ပင်အောက်မှာ ထိုင်တော် မူပါလားဘုရား' လို့ လျှောက်သောအခါ ဘုရားရှင်က ဆွေမျိုးညာတကာရဲ့ အရိပ်အာဝါသဟာ အင်မတန် အေးမြလှပေတယ်လို့ ပြန်ဖြေတော်မူလိုက် တယ်။ အဲဒီတော့ ဝိဋူဍူပဘုရင်က နားလည်သဘောပေါက်ပြီး ပြန်ဆုတ်သွား တယ်။ အဲဒီနည်းအတိုင်း ဝိဋူဍူပဘုရင်ဟာ သုံးကြိမ်သုံးခါလာတယ်။ သုံးကြိမ် သုံးခါလုံးပဲ ဘုရားရှင်ကို တွေ့ရတဲ့အတွက် ပြန်လှည့်သွားတယ်။ စတုတ္ထ အကြိမ်ကျတော့ သကျသာကီဝင်တွေရဲ့ ကံကြမ္မာကို ဖယ်ရှားပစ်လို့ ရတော့မှာ မဟုတ်ဘူးလို့ သိမြင်တော်မူတာနဲ့ ရှင်တော်ဘုရားလဲ အဲဒီနေရာ ကြွလာတော် မမူတော့ဘူး။ ဝိဋူဍူပဟာ ကလေးပါမကျန် သကျသာကီဝင်တွေကို အားလုံး လိုလို သုတ်သင်ပစ်လိုက်တယ်။

'ကပိလဝတ်နယ်မြေကို ဘုရားရှင်ကြွလာတော်မူတာ အဲဒီအကြိမ် ဟာ နောက်ဆုံးအကြိမ်ပဲ။ အဲဒီအချိန်မှာ ဘုရားရှင်ရဲ့ သက်တော်ဟာ ခုနစ်ဆယ့် ရှစ်နှစ်ရှိနေပြီ။ နောက်နှစ်နှစ်အကြာမှာပဲ ပရိနိဗ္ဗာန်ပြုသွားတော်မူတယ်"

အသောကမင်းကြီးသည် ကြက်သီးမွေးညင်းထသွားသည်။ သူ ကိုယ်တိုင်လည်း လူပေါင်းအသိန်းအသောင်းကို သွေးချောင်းစီးစေခဲ့သည် မဟုတ်လော။ ဒေါသနှင့် မာန်မာနတရားသည် လူအား လူစိတ်ကင်းမဲ့စေ သည်။ ဘီလူးသဘက်စိတ် တိရစ္ဆာန်စိတ်ပေါက်စေသည်။ အကယ်၍ ဒေါသနှင့် မာန်မာနတရားများကြောင့် ချောင်းစီးခဲ့ရသောသွေးများသာ ခန်းခြောက်မသွား ဘူးဆိုပါက ကမ္ဘာမြေပြင်တွင် လူ့အသွေးသည် ပင်လယ်ဝေနေမည်မှာ အမှန် ပင်။ မင်းကြီးသည် သွေးချောင်းစီးခဲ့ရသော သကျသာကီဝင်တို့၏ အထိမ်း

http://www.linhtet.com



အမှတ် ပုထိုးများကို မရွှင်သောနှလုံးဖြင့် ငေးမျှော်ကြည့်ရှုနေသည်။ သို့သော် မသာမယာဖြစ်နေသည့် သူ၏မျက်နှာသည် ရုတ်ခြည်း ပြောင်းလဲသွားလေသည်။ ပုထိုးများကို ကျော်လွန်၍ မျက်စိတဆုံး ကြည့်လိုက်သည့်အခါ နှင်းများဖုံးအုပ်ထားသည့် လှပသောဟိမဝန္တာ တောင်တန်းကို လှမ်းမြင်ရလေသည်။ ယင်းလှပသာယာသည့် ရှုခင်းသည် အသောကမင်းကြီးကို ညှို့ယူဖမ်းစားထားလိုက်လေသည်။

*[ ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီး ဗုဒ္ဓဌာနများသို့ အဖူးမြော်ကြွရောက်ကြောင်း ရေးသားဖော်ပြထားသော ဒိဗျာဝဒါနကိုလည်းကောင်း၊ ဖာဟီယန်၏ခရီးသွားမှတ်တမ်းနှင့် ပါဠိကျမ်းစာများကိုလည်းကောင်း အခြေခံသည်။ ]*

❑

http://www.linhtet.com

## ဗောဓိမဏ္ဍိုင်

ပြာလဲ့လဲ့ ကောင်းကင်ပြင်အောက်၌ ညို့ညို့မှိုင်းမှိုင်း တောတန်းကြီးကို မျက်စိတစ်ဆုံးလှမ်းမြင်နေရသည်။ တောအုပ်အနီးရှိ စိမ်းလဲ့ကြည်လင်သော ရေအလျဉ် တသွင်သွင်စီးဆင်းနေသည့် မြစ်သည် ညို့ညို့မှိုင်းမှိုင်း တောတန်းကြီးနှင့် ပနံရလှသည်။ အစိမ်းရောင် ကတ္တီပါကော်ဇောကြီးကို ရွှေခြည်ငွေခြည် အနားကွပ်ထားသည်နှင့် တူနေသည်။ သူတော်သူမြတ်များ မွေ့လျော်ရာ ဤအရပ်ဒေသသို့ ဘုရင်အသောက ရောက်ရှိလာသည်။ သူ့ကိုဦးဆောင်ခေါ်လာသူမှာ သူ၏ဓမ္မဂုရု ရှင်ဥပဂုတ္တဖြစ်သည်။ ဘုရင်အသောကသည် ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်မှုရှိလာပြီးသည့် နောက်ပိုင်း၌ ရှင်တော်မြတ်ဘုရားနှင့် ပတ်သက်ဆက်နွယ်သည့် နေရာများသို့ အဖူးမြော်အကန်တော့ လှည့်လည်သွားလာရေး အစီအစဉ်တစ်ခု ချမှတ်လေသည်။ ယင်းအစီအစဉ်အရ ယနေ့ ဤနေရာ ဤဌာနသို့ ရောက်လာခြင်းဖြစ်သည်။

ပါဋလိပုတ် နေပြည်တော်ရှိ ရွှေအိမ်နန်းပေါ်၌ သူ့ပတ်ဝန်းကျင်တွင် မောင်းမမိဿံ ခြွေရံသင်းပင်းများစုံနေကြသည်။ သူ့စံနန်းတော်မှာ နတ်ဗိမာန်အလား ရွှေငွေရတနာ ကျောက်သံပတ္တမြားများ တလက်လက်တောက်ပနေသည်။ သူ့ဦးနှောက်ထဲတွင်မူ တိုင်းရေးပြည်ရေး ရာဇရေးများ အပြည့်ရှိနေသည်။ သို့သော် ပြင်ပ ဗဟိဒ္ဓအဆောင်အယောင်များသည် လူတစ်ယောက်ကို ချမ်းသာမှု အပြည့်အဝ မပေးစွမ်းနိုင်ပေ။ သို့ဖြစ်၍ နန်းရင်ပြင် ဝန်းကျင်သည် ဘုရင်အသောက၏ စိတ်နှလုံးကို အေးချမ်းမှုမပေးနိုင်ခဲ့။ ဤဒေသ ဤဌာနသို့ ရောက်လာသောအခါ ဘုရင်မင်းကြီးသည် ငြိမ်သက်အေးငြိမ်းသည့် ပတ်ဝန်း

http://www.linhtet.com



ကျင်၌ သူ၏ဇေရာဇ်ဘဝကို တဒင်္ဂမေ့သွားလေသည်။ စိတ်ရွှင်လန်း ချမ်းမြေ့လာလေသည်။

ဤညို့ညို့မှိုင်းမှိုင်း တောတန်းဒေသကား ဥရုဝေလ ဖြစ်သည်။

ဤလှပသာယာသော မြစ်ကား နေရဥ္စရာဖြစ်သည်။

"ဒကာတော်အရှင်မင်းကြီး။ ဒီဒေသတစ်ဝိုက်ဟာ ရှင်တော်ဘုရားရဲ့ ဘဝဖြစ်တော်စဉ်မှာ အလွန်တရာ အရေးပါအရာရောက်လှတဲ့ နေရာဌာနဖြစ်ပေတယ်။ ဒီဥရုဝေလမှာ ရှင်တော်ဘုရားဟာ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကျင့်ခဲ့တယ်။ ဒီဒေသမှာပဲ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူတယ်။ ဘုရားဖြစ်တော်မူပြီးတဲ့နောက်လဲ ဒီဒေသကို တစ်ကြိမ်မက ကြွလာတော်မူတယ်"

ရှင်ဥပဂုတ္တသည် ရှင်တော်မြတ်ဘုရား၏ဘဝဖြစ်စဉ်နှင့် ဥရုဝေလ အရပ်ဒေသ၏အခန်းကဏ္ဍကို ဘုရင်အသောကအား ရှင်းလင်းပြောပြနေသည်။

"သိဒ္ဓတ္ထဘုရားအလောင်းဟာ ကပိလဝတ်က ထွက်တော်မူလာပြီး ရာဇဂြိုဟ်ရောက်လာတဲ့အခါ 'ဘုရားဖြစ်တဲ့အခါ ကျုပ်နိုင်ငံကို အလျင်ကြွခဲ့ပါ' ဆိုတဲ့ ဗိမ္ဗိသာရဘုရင်ရဲ့ လျှောက်ထားတောင်းပန်ချက်ကို လက်ခံပြီး ခရီးဆက်တော်မူတယ်။ အဲဒီအခါမှာ ရာဇဂြိုဟ်နဲ့ ဥရုဝေလအကြားမှာ ရှိနေကြတဲ့ အာဠာရကာလာမနဲ့ ဥဒကရာမပုတ္တ ရသေ့နှစ်ပါး ထံရောက်လာတယ်။ ရသေ့နှစ်ပါးထံက ဈာန်သမာပတ်အားထုတ်နည်း ရရှိသော်လည်း ကျေနပ်မှု မရှိသေးတဲ့အတွက် ဆက်လက် ခရီးထွက်လာတဲ့အခါ ဒီဥရုဝေလကို ရောက်လာတယ်။ အသင်မင်းကြီး အခုတွေ့မြင်ရတဲ့အတိုင်း ဒီအရပ်ဒေသရဲ့ တိတ်ဆိတ်ငြိမ်သက်ပြီး သာယာကြည်နူးဖွယ်ကောင်းတဲ့ ပတ်ဝန်းကျင်ကို တွေ့ရတဲ့အခါကျတော့ ဘုရားအလောင်းဟာ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းဖို့ အတွက် အလွန်တရာသင့်လျော်တဲ့ နေရာပါကလားလို့ နှစ်ခြိုက်သဘောကျသွားပြီး ဒီနေရာမှာပဲ ဒုက္ကရစရိယာ ခြောက်နှစ်တိုင်ကျင့်ခဲ့တယ်။ အဲဒီအချိန်က ဘုရားအလောင်းအပါးမှာ ပဥ္စဝဂ္ဂီငါးဦးရှိနေကြတယ်။ ခြောက်နှစ်သာ ကုန်သွားတယ်၊ ပဥ္စဝဂ္ဂီငါးဦးဟာ သူတို့မျှော်မှန်းထားတဲ့အတိုင်း အကျိုးသက်ရောက်မှုရှိလာတာ မမြင်တဲ့အတွက် ဘုရားအလောင်းကိုထားခဲ့ပြီး မိဂဒါဝုန်ဘက်ထွက်သွားကြတယ်"

ရှင်ဥပဂုတ္တသည် အသောကမင်းကြီးအား ဘုရားအလောင်း ဒုက္ကရစရိယာကျင့်ပုံကို ပြောပြသည်။ ထိုနောက် ဘုရားအလောင်း ဒုက္ကရစရိယာ

ကျင့်ပြီး အချိန်ကာလနှင့် ပတ်သက်ဆက်နွယ်သော နေရာတစ်နေရာသို့ ဘုရင်မင်းကြီးအား ခေါ်ဆောင်သွားသည်။ ထိုနေရာမှာကား နေရဉ္ဇရာ မြစ်ကမ်းရှိ သေနာနိရွာဟောင်းဖြစ်လေသည်။ ထိုနေရာ၌ တစ်ခါတုန်းက လူနေအိမ်ခြေများ ရှိခဲ့သည်ဆိုသည့် အမှတ်လက္ခဏာ ကျန်နေတုန်းပင် ရှိသေးသည်။

"အရှင်မင်းကြီး၊ ဒီနေရာမှာ သေနာနိအမည်ရှိတဲ့ ရွာတစ်ရွာရှိခဲ့ဖူးတယ်။ ဒီရွာမှာနေတဲ့ သုဇာတာအမည်ရှိ သူကြွယ်သမီးတစ်ဦးဟာ ဘုရားအလောင်းကို နို့ဆွမ်းကပ်လှူခဲ့တယ်။ အဲဒီအချိန်မှာ ဘုရားအလောင်းဟာ အတ္တကိလမထာနုယောဂ အကျင့်ရဲ့အကျိုးမရှိပုံကို သိမြင်တော်မူပြီး ဒုက္ကရစရိယာ အကျင့်ကို စွန့်ပယ်လိုက်ပြီးနောက် ညောင်ပင်ရင်းမှာ ထိုင်နေတော်မူတယ်။ ရွှေခွက်ထဲထည့်ပြီး ကပ်လှူတဲ့ နို့ဆွမ်းကို လက်ခံတော်မူပြီး ဘုရားအလောင်းဟာ နေရဉ္ဇရာမြစ်ဆိပ်ကြွသွားတယ်။ နေရဉ္ဇရာမြစ်ဆိပ်ရောက်တော့ မြစ်ထဲမှာ ရေသနံ့စင်တော်မူပြီး နို့ဆွမ်းကိုဘုဉ်းပေးတော်မူတယ်။ ပြီးတော့ နို့ဆွမ်းထည့်တဲ့ ရွှေခွက်ကို မြစ်ထဲမျှောပစ်လိုက်တယ်"

အသောကမင်းကြီးသည် နေရဉ္ဇရာမြစ်ကို လှမ်းမျှော်ကြည့်လိုက်သည်။ နေရဉ္ဇရာမြစ်ရေသည် အမည်နာမနှင့် လိုက်လျောညီစွာပင် ကြည်လင်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကမ်းပါးမှ သစ်ပင်ကြီးများ၏အရိပ်သည် တသွင်သွင်စီးဆင်းနေသည့် လှိုင်းကလေးများ အပေါ်ဖြာကျနေသည်။ အသောကမင်းကြီးသည် နေရဉ္ဇရာမြစ်၏ သဘာဝ အလှအပထဲတွင် နစ်မျောနေသည်။ ရှင်ဥပဂုတ္တသည် အသောကမင်းကြီးကို အကဲခတ်မိသည်ဖြစ်၍ မိန့်တော်မူလိုက်လေသည်။

"အရှင်မင်းကြီး၊ နေရဉ္ဇရာမြစ်ရဲ့အလှကို စိတ်ဝင်စားနေသလား၊ အရှင်မင်းကြီးသာ မဟုတ်၊ ဘုရားရှင်ကိုယ်တော်မြတ်လဲပဲ ဒီပတ်ဝန်းကျင်အလှကို စိတ်ဝင်စားတော်မူခဲ့တယ် မင်းကြီး။ ရှင်တော်မြတ်ဘုရား ဘဂ္ဂတိုင်းမှာ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သောအခါမှာ ဘုရားရှင်ဟာ ဗောဓိရာဇကုမာရမင်းသားကို တရားဟောတော်မူတယ်။ အဲဒီတရားဒေသနာဟာ 'ဗောဓိရာဇ ကုမာရသုတ္တ'လို့ အမည်နာမတွင်ခဲ့တယ်။ အဲဒီသုတ္တန်ဒေသနာတော်ထဲမှာ မိမိရဲ့ဖြစ်တော်စဉ်ကို ပြန်လည်သုံးသပ်တော်မူယင်း ဘုရားရှင်က 'ဘုရင့်သားတော်၊ အမှန်တရားကို ရှာမှီးနေသည့် ငါသည်အမြတ်ဆုံးအမြင့်ဆုံး ငြိမ်းချမ်းမှုကို တွေ့လိုတွေ့ငြား မဂဓတိုင်း၌လှည့်လည်သွားလာယင်း ဥရုဝေလသေနာနိရွာသို့ရောက်ခဲ့သည်။ ငါသည်နှစ်လိုဖွယ်ကောင်းသောနေရာ၊ လှပသော

http://www.linhtet.com



တောမြိုင်၊ တသွင်သွင်စီးဆင်းနေသည့်မြစ်၊ ဖြူစင်သန့်ရှင်းသောရေဆိပ်၊ သာယာကြည်နူးဖွယ် ဂေါစရဂါမ်ကို တွေ့ရသည်။ ထိုအခါ ငါသည် ဤနေရာကား တရားဘာဝနာပွားများရန်အတွက် သင့်လျော်ကောင်းမြတ်သော နေရာဌာနဖြစ်သည်ဟု ဆင်ခြင်မိသည်' လို့ မိန့်တော်မူခဲ့ဖူးတယ် မင်းကြီး"

ယင်းသို့ ပြောပြပြီးလျှင် ရှင်ဥပဂုတ္တသည် အသောကမင်းကြီးအား နေရဉ္ဇရာမြစ်၏အနောက်ဘက် ဗောဓိပင်ရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။ ရှင်တော်ဘုရား သစ္စာလေးပါးတရားကို သိမြင်တော်မူပြီး သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ် ရောက်တော်မူရာ ဗောဓိမဏ္ဍိုင်သို့ ရောက်လာသည့်အခါ ရှင်ဥပဂုတ္တက မိန့်တော်မူပြန်လေ၏။

"အရှင်မင်းကြီး၊ သုဇာတာလှူတဲ့နို့ဆွမ်းကို ဘုဉ်းပေးပြီးတဲ့နောက် ဘုရားအလောင်းဟာ နေရဉ္ဇရာမြစ်ကမ်းဘေးက အင်ကြင်းတောမှာ ရေသန့်စင်တော်မူတယ်။ ညနေချမ်းရောက်တဲ့အခါကျတော့ ဒီဗောဓိပင်ရှိရာကို ကြွတော်မူတယ်။ ဗောဓိပင်ရင်းမှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး ဘုရားမဖြစ်သမျှ ဤနေရာကမထဆိုတဲ့ အဓိဋ္ဌာန်နဲ့ ဝိပဿနာပွားများတဲ့အခါ ဘုရားအလောင်းဟာ ကဆုန်လပြည့်နေ့အကုန် အရုဏ်တက်ချိန်မှာ သစ္စာလေးပါးကို သိမြင်တော်မူပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူတယ် မင်းကြီး"

မဟာဗောဓိပင်ထက်မှ ဗောဓိပင်ညောင်ရွက်များသည် လေအလာတွင် တဖျပ်ဖျပ်ယိမ်းထိုး လှုပ်ရှားနေကြသည်။ အသောကဘုရင်သည် ဗောဓိပင်မြတ်အား ရှိခိုးဦးခိုက်လိုက်လေသည်။ ထို့နောက် ရှင်ဥပဂုတ္တသည် ရှင်တော်မြတ်ဘုရား ဘုရားဖြစ်တော်မူပြီးနောက် ခုနစ်ရက်ခုနစ်လီ သီတင်းသုံးရာဖြစ်သည့် ပလ္လင်္ကသတ္တာဟ၊ အနိမိသသတ္တာဟ၊ ရတနစင်္ကမသတ္တာဟ၊ ရတနာဃရသတ္တာဟ၊ အဇပါလသတ္တာဟ၊ မုစ္စလိန္ဒသတ္တာဟ၊ ရာဇာယတနသတ္တာဟ တို့ကို အသောကမင်းကြီးအား ပြသည်။ အသောက မင်းကြီးကလည်း ရှင်ဥပဂုတ္တပြသည့် နေရာများကို သဒ္ဓါတရားထက်သန်စွာဖြင့် ဖူးမြော် ကန်တော့လေသည်။

အသောကဘုရင်က ရှင်ဥပဂုတ္တအား မေးလိုက်လေသည်။

"အရှင်ဘုရား၊ ရှင်တော်မြတ်ဘုရားဟာ ဘုရားဖြစ်ပြီး အခြားဒေသများကို ကြွသွားတော်မူပြီးတဲ့နောက် ဒီဥရုဝေလအရပ်ကို တစ်ဖန်ပြန်ကြွလာတော်မူပါသေးသလား ဘုရား"

ဒကာ၏အမေးကို ဆရာက ပြန်လည် ဖြေကြားသည်။

http://www.linhtet.com



"ရှင်တော်မြတ်ဘုရားဟာ ဘုရားဖြစ်ပြီးတဲ့နောက် မိဂဒါဝုန်ကို ကြွသွားတော်မူတယ်။ အဲဒီနှစ် မိဂဒါဝုန်မှာပဲ ပထမဝါကပ်တော်မူတယ်။ သီတင်းဝါလကျွတ်တဲ့အခါကျတော့ ရဟန်းအပါးခြောက်ဆယ်ကို တရားဒေသနာဟောကြားဖြန့်ဖြူးရန်အတွက် ဒေသအသီးသီးကို စေလွှတ်တော်မူလိုက်တယ်။ မိမိကိုယ်တော်တိုင်ကတော့ ဥရုဝေလကိုပဲ ပြန်ကြွတော်မူလာတယ်။ ဥရုဝေလမှာ သုံးလသီတင်းသုံးတော်မူတယ်။ အဲဒီအချိန်ကာလအတော အတွင်းမှာ ဥရုဝေလမှာရှိတဲ့ နာမည်ကျော် ဆံကျစ်ရသေ့ညီနောင်သုံးပါးဖြစ်တဲ့ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပတို့ကို သူတို့ရဲ့တပည့်တပန်း ငါးရာစီနဲ့အတူတကွ တရားဓမ္မဟောပြပြီး ရဟန်းပြုပေးတော်မူလိုက်တယ်။ အဲဒီရဟန်းများနဲ့အတူ ဂယာသီသတောင်ကိုကြွပြီး ဂယာသီသတောင်မှာ အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူတယ်။ သေနာနိဂုံကိုလဲ ကြွတော်မူတယ်။ နေရဉ္ဇရာမြစ်ကမ်းကိုတော့ ရှင်တော်ဘုရားဟာ အကြိမ်ကြိမ်ကြွတော်မူတယ်။ တပေါကမ္မသုတ်၊ နာဂသုတ်၊ သတ္တဝဿာနိသုတ်၊ အာစာယနသုတ်၊ ဝါရဝသုတ်၊ မဂ္ဂသုတ်၊ ဗြဟ္မသုတ်များဟာ နေရဉ္ဇရာမြစ်ကမ်းမှာ ဟောကြားတဲ့ သုတ်များ ဖြစ်ပေတယ်။ သို့သော်လဲ ထူးခြားတာတစ်ခုက ရှင်တော်မြတ်ဘုရားဟာ အဲဒီလိုဥရုဝေလတစ်ဝိုက်မှာ လှည့်လည်ကြွနေတော်မူပေမယ့် မိမိသစ္စာလေးပါးတရားသိမြင်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူရာဖြစ်တဲ့ ဗောဓိပင်ရင်းကို တစ်ကြိမ်တစ်ခါ ထပ်မံကြွတော်မူတယ်ဆိုတဲ့ အထောက်အထားကိုတော့ မတွေ့ရဘူး မင်းကြီး"

*

ဥရုဝေလနှင့် ဗောဓိမဏ္ဍိုင်သို့ အသောကမင်းကြီးရောက်လာပြီးနောက် မကြာမီအချိန်ကာလအတွင်း၌ပင် ထိုအရပ်ဒေသများသို့ မင်းကြီးလာရောက်သည်ဆိုသည့် အထိမ်းအမှတ်များကို ထိုအရပ်ဒေသတစ်ဝိုက်၌ တွေ့မြင်ကြရသည်။ ဂယာ၏အနောက်တောင်ဘက်ရှိ ဂယာသီသတောင်၌ အသောကမင်းကြီးသည် ကျောက်ပုထိုးတော်တစ်ဆူ တည်ထားလေသည်။ ဂယာသီသတောင်၏ အရှေ့တောင်ဘက်၌ ပုထိုးတစ်ဆူ၊ တောင်ဘက်၌ပုထိုးနှစ်ဆူ တွေ့မြင်လာကြရသည်။ ဂယာသီသတောင် အရှေ့ဘက်က ပုထိုးမှာ ဥရုဝေလကဿပ၏နေရာ၌ တည်ထားသည့် ပုထိုးဖြစ်ပြီး ဂယာသီသတောင်

http://www.linhtet.com



ဘက်က ပုထိုးနှစ်ဆူကား ဂယာကဿပနှင့် နဒီကဿပတို့၏ သင်္ချိုင်းကျောင်း နေရာတို့၌ တည်ထားသည့်ပုထိုးများဖြစ်သည်။ ယင်းပုထိုးသုံးဆူသည် ဘုရား ရှင်ထံတော်၌ ရသေ့ညီနောင်သုံးပါး အကျွတ်တရားရပုံကို ဖော်ပြနေကြသည်။

အသောကဘုရင်သည် ဗောဓိပင်အနီး၌လည်း ကျောက်စာတိုင်တစ် တိုင် စိုက်ထူခဲ့သည်။ သို့ရာတွင် နောက်ပိုင်းခေတ်၌ ယင်းကျောက်စာတိုင်၏ အပျက်အယွင်းများမျှပင် မကျန်တော့ပေ။ ဗောဓိပင်၏အရှေ့ဘက်ကပ်၍လည်း စေတီတစ်ဆူ တည်လေသည်။ ယခုဖူးတွေ့ရသည့် ဥဘဏ်တော် ပေတစ်ရာ အမြင့်ရှိသော မဟာဗောဓိစေတီမှာ အသောကမင်းကြီး တည်ထားခဲ့သည့် စေတီကို ခေတ်အဆက်ဆက် ထပ်ကာထပ်ကာ မွမ်းမံတည်ထားသည့် စေတီ ဖြစ်လေသည်။

ဘုရင်အသောကသည် မဟာဗောဓိသို့ ယခုအကြိမ်မျှသာမက နောက်ပိုင်းတွင်လည်း အကြိမ်ကြိမ်အခါခါ ကြွရောက်ဖူးမြော်ကန်တော့လေ သည်။ ။

[ *ရှင်ဥပဂုတ္တနှင့် အသောကမင်းတရားကြီး ဗုဒ္ဓဌာနများသို့ အဖူးမြော်ကြွ ရောက်ကြောင်း ရေးသားဖော်ပြထားသော ဒိဗျာဝဒါနကို လည်းကောင်း၊ ရှွင်ကျန်၏ ခရီးသွားမှတ်တမ်းနှင့် ပါဠိကျမ်းဂန်များကိုလည်းကောင်း အခြေခံသည်။* ]

❑

## မိဂဒါဝုန်

ဣသိပတနမိဂဒါယအမည်ရှိ မိဂဒါဝုန်သည် ဗာရာဏသီအနီးရှိ ထင်ရှားကျော်ကြားသော နေရာဌာနတစ်ခု ဖြစ်သည်။ ပါဠိစာပေကျမ်းဂန်များ၌ မိဂဒါဝုန်ကို ဗာရာဏသီ၏တစ်စိတ်တစ်ဒေသအဖြစ်သာလျှင် သတ်မှတ်သည်။ မိဂဒါဝုန်၌ ဗုဒ္ဓ သီတင်းသုံးတော်မူပုံကို ဖွင့်ဆိုသည့်အခါ၌ . . . 'တစ်နေ့သ၌ ဘုရားရှင်သည် ဗာရာဏသီရှိ မိဂဒါဝုန်၌ သီတင်းသုံးတော်မူ၏' (ဧကံသမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ) ဟု ဖွင့်ဆိုလေ့ရှိသည်။

အဘယ်ကြောင့် ဣသိပတနမိဂဒါယဟု အမည်တွင်သနည်း။ ဟိမဝန္တာမှ ကောင်းကင်ခရီးဖြင့် ပျံသန်းကြွလာကြသည့် ရသေ့သူတော်စင်တို့သည် ဤနေရာ ဤဌာနတွင် ဆင်းသက်ကြသည်။ ထို့ကြောင့် 'ဣသိပတန'ဟု အမည်တွင်သည်။ 'မိဂဒါယ'ဟူသော အမည်နာမရခြင်း၏ အကြောင်းမှာမူ ထိုနေရာ ထိုအရပ်၌ သာယာကြည်နူးဖွယ် ဥယျာဉ်တစ်ခုရှိသည်။ ထိုဥယျာဉ်တွင်း၌ သားသမင်တို့ကို သတ်ဖြတ်ခွင့်မရှိပေ။ ဘေးမဲ့ပေးထားသည်။ အစာရေစာ ကျွေးမွေးထားသည်။ ထိုနေရာဌာန၌ သားသမင်တို့သည် အနှောင့်အယှက် အဟန့်အတားမရှိ လွတ်လွတ်လပ်လပ် သွားလာနေကြသည်။ ထို့ကြောင့် ထိုနေရာဌာန၏အမည်မှာ 'မိဂဒါယ' တွင်နေခြင်းဖြစ်သည်။

'နိဂြောဓမိဂ' ဇာတ်တော်၌ ပါရှိသည့်ဇာတ်လမ်းအရ ဘုရားအလောင်း သားသမင်ဘုရင်ဖြစ်သည့်အခါတုန်းက မိဂဒါဝုန်သည် တောကစားရာ တောအုပ်တစ်ခု ဖြစ်ခဲ့သည်။ ကာသိတိုင်းဘုရင်သည် ထိုတောအုပ်၌ တော

http://www.linhtet.com



ကစားထွက်လေ့ရှိသည်။ ဘုရားအလောင်းသမင်မင်းသည် အချိန်အနည်းငယ် အတောအတွင်း၌ သားသမင်များ ပြုန်းကုန်မည်စိုးသဖြင့် ဘုရင့်ပွဲတော်အတွက် တစ်နေ့ သမင်တစ်ကောင်ကျ ဘုရင့်ထံပို့ပေးသည်။ တစ်နေ့သ၌ ကိုယ်ဝန်ဆောင်သမင်မ အလှည့်ကျသဖြင့် ဘုရားအလောင်းသမင်သည် သမင်မကို မလွှတ်ဘဲ သမင်မကိုယ်စား ကိုယ်တိုင်ဘုရင်မင်းကြီးထံ သွားသည်။ ဘုရားအလောင်းသမင်ကို တွေ့ရသည့်အခါ ကာသိဘုရင်သည် စိတ်ပြောင်းသွားပြီး ထိုတောအရပ်၌ မည်သည့်သမင်ကိုမျှ မသတ်ရဟူ၍ အမိန့်ထုတ်ပြီးလျှင် သားသမင်တို့ကို ဘေးမဲ့ပေးလိုက်လေသည်။ ထိုအချိန်မှစ၍ ထိုနေရာဌာန၏ အမည်မှာ 'မိဂဒါယ' ဟုတွင်လေသည်။

မဟာပရိနိဗ္ဗာနသုတ်၌ ဗုဒ္ဓသည် 'စတ္တာရိ သံဝေဇနိယာနိ ဌာနာနိ' ဟူ၍ 'သံဝေဇနိယ' ဌာနလေးပါးကို ဟောပြတော်မူသည်။ မိဂဒါဝုန်သည် ဘုရားရှင် ဓမ္မစကြာတရား ဟောတော်မူရာဌာနဖြစ်သဖြင့် 'သံဝေဇနိယ' ဌာနလေးပါးတို့တွင် တစ်ပါးအပါအဝင် ဖြစ်သည်။

*

ဗုဒ္ဓနှင့်ပတ်သက် ဆက်နွယ်သည့် နေရာဌာနများသို့ အဖူးမြော်အကန်တော့ သွားလာရေးခရီးစဉ်အရ အသောကဘုရင်သည် နောက်လိုက်ဗိုလ်ပါနှင့်တကွ မိဂဒါဝုန်သို့ ချီလာခဲ့သည်။ ဘုရင်မင်းကြီးကို ဦးဆောင်ခေါ်ငင်လာသူမှာ ဘုရင်မင်းကြီး၏ဓမ္မဂုရု ရှင်ဥပဂုတ္တမထေရ်ဖြစ်သည်။ ဗာရာဏသီ၏ မြောက်ဘက် ခရီးအတော်ပေါက်လာသည်နှင့် တစ်ပြိုင်နက် မိဂဒါဝုန်နယ်မြေတွင်းသို့ ဝင်ရောက်လာကြသည်။ သရက်ပင်၊ မန်ကျည်းပင်၊ ညောင်ပင်စသော တောစိုးသစ်ပင်ကြီးများ၏ အေးမြသောအရိပ်အာဝါသသည် ဘုရင်အသောကနှင့် နောက်လိုက်နောက်ပါများအား ဆီးကြိုနေလေသည်။ ဘုရင်အသောကသည် မိဂဒါဝုန်နယ်မြေတွင်းရောက်သည်နှင့် တစ်ပြိုင်နက် စိတ်နှလုံးချမ်းမြေ့သွားလေသည်။ ရှင်ဥပဂုတ္တမထေရ်သည် မိဂဒါဝုန်နယ်မြေ အဝင်နေရာတစ်နေရာ ရောက်သောအခါ ရပ်တန့်တော်မူလိုက်သည်။

"အရှင်မင်းကြီး၊ မိဂဒါဝုန်နယ်မြေဟာ ဒီကစတာပဲ။ အရှင်မင်းကြီးသိပြီးဖြစ်သည့်အတိုင်း ဒီနေရာဌာနဟာ ရှင်တော်မြတ်ဘုရား ဓမ္မစက္ကပဝတ္တနသုတ္တန် ဒေသနာကိုဟောကြားတော်မူရာ ဌာနဖြစ်တဲ့အတွက် 'သံဝေဇနိယ'

http://www.linhtet.com



ဥာနလေးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တယ်။ ရှင်တော်မြတ်ဘုရား ဘုရားမဖြစ်ခင် ဥရုဝေလတောမှာ ဒုက္ကရစရိယာ ကျင့်နေတဲ့အခါ သိဒ္ဓတ္ထမင်းသားတရားထူးရရှိတော့မည်အထင်နဲ့ စောင့်နေကြတဲ့ ပဥ္စဝဂ္ဂီငါးဦးဟာ ဘုရားအလောင်း ဒုက္ကရစရိယာအကျင့်ကို ရပ်လိုက်တာနဲ့ စိတ်ပျက်သွားကြပြီး ဥရုဝေလကနေ ဒီမိဂဒါဝုန်ဘက် ထွက်လာကြတယ်။ အရှင်မင်းကြီး အခုမြင်တဲ့အတိုင်းပဲ မိဂဒါဝုန်ဟာ ဥရုဝေလလိုပဲ သူတော်သူမြတ်များ မွေ့လျော်တဲ့ဌာနဖြစ်တယ်။ ဥရုဝေလက မိဂဒါဝုန်အထိဆယ့်ရှစ်ယူဇနာဝေးတယ်။ ပဥ္စဝဂ္ဂီငါးဦးဟာ မိဂဒါဝုန်မှာ တရားအကျင့် ကျင့်ကြံအားထုတ်နေကြတယ်။

"အဲဒီအချိန်အတောအတွင်းမှာ သိဒ္ဓတ္ထမင်းသားဟာ ဗောဓိပင်ရင်းမှာ သစ္စာလေးပါးကို သိမြင်ပြီး ဘုရားရှင်အဖြစ် ရောက်တော်မူတယ်။ ဘုရားဖြစ်ပြီးနောက် မိမိသိမြင်တော်မူတဲ့တရားကို အခြားတစ်စုံတစ်ဦးအား ဟောပြမည်ကြံတော့ ပထမမိမိကို လောကီစျာန် နည်းနာညွှန်ပြတဲ့အာဠာရနဲ့ ဥဒကရသေ့နှစ်ပါးကို သွားသတိရတော်မူတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ရသေ့နှစ်ပါးဟာ လူပြည့်မှာ မရှိကြတော့ဘူး။ ဒါကြောင့် မိမိဒုက္ကရစရိယာကျင့်တဲ့အချိန်မှာ မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်စားနေကြတဲ့ ပဥ္စဝဂ္ဂီငါးဦးတို့ရှိရာ မိဂဒါဝုန်ကို ကြွလာတော်မူတယ်"

ရှင်ဥပဂုတ္တမထေရ်သည် သူ့ရှေ့ကနေရာကို လက်ညှိုးညွှန်ပြလိုက်လေသည်။

"အရှင်မင်းကြီး၊ ဒီနေရာဟာ ပဥ္စဝဂ္ဂီငါးဦး ရှင်တော်ဗုဒ္ဓလာပြီး ခရီးဦးကြိုပြုတဲ့နေရာ ဖြစ်တယ်"

ဘုရင်အသောကသည် ရှင်ဥပဂုတ္တမထေရ် လက်ညှိုးညွှန်ပြရာသို့ လက်အုပ်ချီကန်တော့လိုက်လေသည်။ ထို့နောက် ရှင်ဥပဂုတ္တမထေရ်သည် ဘုရင်အသောကအား ရှေ့ဆက်ခေါ်သွားရာ မကြာမီနေရာတစ်နေရာသို့ ရောက်လာကြသည်။ ထိုနေရာကား မိဂဒါဝုန်နယ်မြေတစ်ခုလုံး၌ အရေးအပါဆုံးနေရာဖြစ်သည်။ ရှင်ဥပဂုတ္တမထေရ်သည် ထိုနေရာကိုညွှန်ပြလျက် အသောကမင်းကြီးအား မိန့်တော်မူလိုက်လေသည်။

"အရှင်မင်းကြီး၊ ဒီနေရာဟာ ကမ္ဘာပေါ်မှာ အထွတ်ဆုံးအမြတ်ဆုံးနေရာတစ်ခုဖြစ်ပေတယ်။ ဒီနေရာမှာရှင်တော်ဗုဒ္ဓဟာ ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဒေသနာ ဟောကြားတော်မူတယ်။ ဓမ္မစကြာဒေသနာတော်ဟာ မိမိခေတ်သမယမှာ ခေတ်စားနေတဲ့ အစွန်းနှစ်ဖက်ကို ရှောင်ရှားဖို့ ဟော

တော်မူတဲ့တရား ဖြစ်တယ်။ တစ်ဘက်သောအစွန်းက ကာမသုခလ္လိကာ နုယောဂဆိုတဲ့ ကာမဂုဏ် အာရုံခံစားမှုဖြစ်တယ်။ နောက်တစ်ဘက်စွန်းက အတ္တကိလမထာ နုယောဂဆိုတဲ့ မိမိကိုယ်ကိုညှဉ်းပန်းပြီး ကျင့်တဲ့အကျင့် ဖြစ်တယ်။ အဲဒီအစွန်း နှစ်ဖက်စလုံးကို ဘုရားရှင်ဟာ ကိုယ်တော်တိုင် တွေ့ကြုံပြီးတဲ့နောက် မိမိအတွေ့အကြုံကို အခြေခံတော်မူပြီး လမ်းမှန်တစ်ခုကို ထုတ်တော်မူလိုက်တယ်။ အဲဒီလမ်းကတော့ အစွန်းနှစ်ဖက်ကို မရောက်တဲ့ မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ဖြစ်တယ်။

"ဘုရားရှင်လက်ထက်က အတွေးအခေါ်ပိုင်းမှာလဲ အစွန်းနှစ်ဘက်ရှိနေတယ်။ တစ်ဘက်သောအစွန်းက လောကာယတလို့ခေါ်တဲ့ သေရင်ပြတ်တယ်၊ ယခုဘဝမှာပဲ အစွမ်းကုန် စည်းစိမ်ခံဆိုတဲ့ အယူအဆဖြစ်တယ်။ နောက်တစ်ဘက်စွန်းက ကိုယ်ကိုညှဉ်းပန်းပြီးကျင့်ရင် အပြစ်အားလုံးကင်းစင်တယ်ဆိုတဲ့ အယူအဆဖြစ်တယ်။ ရှင်တော်ဘုရားရဲ့ မဇ္ဈိမပဋိပဒါ လမ်းစဉ်ဟာ အဲဒီအစွန်းနှစ်ဘက်ကို ရှောင်ရှားထားတဲ့လမ်းစဉ်ဖြစ်တယ်။ လူသားတွေကို တကယ့်ငြိမ်းချမ်းမှုပေးတဲ့ တကယ့် ချမ်းသာသုခပေးတဲ့ သစ္စာလေးပါးတရားမြတ် ဖြစ်တယ်။ အဲဒီတရားကို ရှင်တော်ဘုရားဟာ ဓမ္မစကြာသုတ္တန် ဒေသနာတော်အဖြစ်နဲ့ မိဂဒါဝုန်မှာ ပဉ္စဝဂ္ဂီငါးဦးကို ဟောကြားတော်မူတယ် အရှင်မင်းကြီး"

ဘုရင်အသောကက ရှင်ဥပဂုတ္တမထေရ်အား လျှောက်ထားလိုက်လေသည်။

"အရှင်ဘုရား၊ ရှင်တော်မြတ်ဘုရားဟာ မိဂဒါဝုန်မှာ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးနောက် ချက်ချင်းပြန်ကြွသွားတော်မူပါသလား ဘုရား။ မိဂဒါဝုန်မှာ နောက်ထပ် ဘယ်လောက်ကြာကြာ သီတင်းသုံးတော်မူပါသေးသလဲ"

ရှင်ဥပဂုတ္တမထေရ်က အမိန့်ရှိတော်မူလေသည်။

"ရှင်တော်မြတ်ဘုရားဟာ ဝါဆိုလပြည့်နေ့မှာ ဓမ္မစကြာဒေသနာတော် ဟောကြားတော်မူပြီး မိဂဒါဝုန်မှာပဲ ဝါကပ်တော်မူတယ်။ အဲဒီဝါဟာ ဘုရားဖြစ်ပြီးနောက် ပထမဆုံးဝါပဲ အရှင်မင်းကြီး။ အဲဒီအချိန်အတွင်းမှာ ဗာရာဏသီမြို့က သဌေးသား ယသနဲ့အဖော် ငါးဆယ့်လေးဦးတို့ဟာ ရှင်တော်ဘုရားရဲ့ တရားနာကြားရတဲ့အတွက် အကျွတ်တရားရပြီး ရဟန်းပြုလိုက်ကြတယ်။ ပဉ္စဝဂ္ဂီရဟန်းငါးပါးနဲ့ပေါင်းပြီး အဲဒီအချိန်အတွင်းမှာ ဘုရားရှင်ရဲ့

http://www.linhtet.com



တပည့်သားသံဃာ ခြောက်ကျိပ်တိတိရှိသွားတယ် . . .”

“သီတင်းဝါလကျွတ်တဲ့အခါကျတော့ ဘုရားရှင်ဟာ သူ့တပည့်သံဃာခြောက်ကျိပ်ကို တာဝန်ကိုယ်စီပေးပြီး သူ့တရားဒေသနာကို ဖြန့်ဖြူးဖို့အတွက် လူ့လောကထဲ စေလွှတ်တော်မူလိုက်တယ်။ အဲဒီအချိန်မှာ တပည့်သံဃာခြောက်ကျိပ်ကို ညွှန်ကြားတော်မူတဲ့ဘုရားရှင်ရဲ့ အဆုံးအမဟာ ရဟန်းသံဃာတိုင်းအတွက် အလွန်တရာ မမေ့ထိုက်တဲ့ တရားအဆုံးအမဖြစ်ပေတယ်”

“ရှင်တော်မြတ်ဘုရားက တပည့်သံဃာခြောက်ကျိပ်ကို ဘယ်လိုညွှန်ကြားတော်မူပါသလဲ ဘုရား”

“ရှင်တော်မြတ်ဘုရားက လူ့ဘောင်လောကထဲ ခရီးဖြန့်ချီမယ့် တပည့် သံဃာခြောက်ကျိပ်ကို အခုလို ညွှန်ကြားဆုံးမတော်မူတယ်။ ‘ရဟန်းတို့ . . လူများစွာတို့၏ အကျိုးအတွက်၊ လူများစွာတို့၏ချမ်းသာမှုအတွက်၊ ကမ္ဘာလောကကို ကြင်နာထောက်ထားရန်အတွက်၊ နတ်လူတို့အကျိုးစီးပွားနှင့် ချမ်းသာမှုအတွက် လှည့်လည်သွားလာကြလော့။ ရဟန်းတို့ . . . အစ၏ ကောင်းခြင်းရှိသော၊ အဆုံး၏ကောင်းခြင်းရှိသော၊ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသော၊ ပြီးပြည့်စုံမှုရှိသော တရားဓမ္မကို ဖြန့်ဖြူးဟောကြားကြလော့’ အဲဒီဒေသနာတော်ဟာ ရဟန်းသံဃာတော်များရဲ့ တာဝန်ဝတ္တရားကို ဖော်ပြနေတယ်။ ရဟန်းသံဃာတိုင်းရဲ့ မဟာတာဝန်ဝတ္တရားဟာ လူအများရဲ့အကျိုးကို ထောက်ထားငဲ့ညှာခြင်းနဲ့ ဗုဒ္ဓရဲ့တရားဒေသနာတော်ကို ကိုယ်ကျိုးမငဲ့ဘဲ နေရာအနှံ့လှည့်လည်ဟောကြားဖြန့်ဖြူးနေရခြင်းပဲ ဖြစ်ပေတယ် အရှင်မင်းကြီး။ ကနဦးတပည့် သံဃာ ခြောက်ကျိပ်ဟာ ဘုရားရှင်ရဲ့ ညွှန်ကြားဆုံးမချက်ကို စွဲမြဲစွာမှတ်ယူလက်ခံပြီး သူတို့ရဲ့ဆရာ ဘုရားရှင်ရဲ့တရား ဒေသနာတော်ကို ဖြန့်ဖြူးရန်အတွက် နေရာဌာန အသီးသီးကို ကြွသွားကြတယ်။ ဘုရားရှင်ကိုယ်တိုင်လဲပဲ ရသေ့ညီနောင်သုံးဦးကို ချွတ်ဖို့အတွက် ဥရုဝေလကို ကြွသွားတော်မူတယ်”

အသောကဘုရင်က လျှောက်ထားလိုက်ပြန်သည်။

“ရှင်တော်မြတ်ဘုရားဟာ မိဂဒါဝုန်ကို နောက်ထပ်ကြွလာပါသေးသလားဘုရား၊ မိဂဒါဝုန်မှာ ဓမ္မစကြာသုတ္တန်ဒေသနာအပြင် တခြားတရားဒေသနာများကိုကော ဟောကြားတော်မူပါသေးသလား ဘုရား”

“ရှင်တော်မြတ်ဘုရားဟာ မိဂဒါဝုန်ကို နောက်ထပ်တစ်ကြိမ်မက

http://www.linhtet.com



ကြွလာတော်မူတယ်။ ဗုဒ္ဓအဘိဓမ္မာရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ အနတ္တလက္ခဏာသုတ်ကိုလဲ မိဂဒါဝုန်မှာပဲ ဟောကြားတော်မူတယ်။ ဓမ္မစကြာသုတ်နဲ့ အနတ္တလက္ခဏာသုတ် အပြင် ဃဋိကာရသုတ်၊ သစ္စဝိဘင်္ဂသုတ်၊ ပါသသုတ်၊ ပဉ္စဝဂ္ဂိယသုတ်၊ ဓမ္မဒိန္နသုတ်များကိုလဲ မိဂဒါဝုန်မှာပဲ ဟောကြားတော်မူတယ်။ နလကလာပသုတ်၊ သီလသုတ်၊ ကောဋ္ဌိတသုတ်၊ သာရိပုတ္တ ကောဋ္ဌိတသုတ်များအရ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာကောဋ္ဌိတမထေရ်တို့ မိဂဒါဝုန်မှာ သီတင်းသုံးတော်မူဖူးတယ် ဆိုတဲ့အကြောင်းသိရတယ်။ ရှင်မဟာကဿပနဲ့ အတူ ရှင်သာရိပုတ္တရာမထေရ် မိဂဒါဝုန်မှာ သီတင်းသုံးတော်မူခဲ့တယ် ဆိုတဲ့ အကြောင်းကိုလဲ သန္တုဋ္ဌသုတ်နဲ့ ပရမ္မရဏသုတ်အရ သိရတယ်။ ဆန္နသုတ်ကို ထောက်ရင် အခြားမထေရ်တော်တော်များများလဲ မိဂဒါဝုန်မှာ သီတင်းသုံးတော်မူခဲ့ကြတယ် ဆိုတာသိရတယ်”

*

အသောကဘုရင်သည် မိဂဒါဝုန်၌ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဒေသနာ ဟောကြားရာနေရာ၌ ကျောက်စာတိုင်တစ်တိုင် စိုက်ထူထားလေသည်။ ထိုကျောက်စာတိုင်သည် ယခုအချိန်အထိပင် တည်ရှိနေသေးသည်။ သို့ရာတွင် ယခုအခါ၌ ကျောက်စာတိုင်၏ခုနစ်ပေ ကိုးလက်မမျှသာရှည်သော အောက်ပိုင်းအကျိုးအပဲ့မျှသာ ကျန်တော့သည်။ ယခင်အခါက ယင်းကျောက်စာတိုင်သည် ပေခုနစ်ဆယ်အမြင့်ရှိသည်ဟု သိရသည်။ တရားစက်လည်နေဟန် အမှတ်အသားနှင့် ခြင်္သေ့ရုပ် ပါသည့်ကျောက်စာတိုင်ထိပ်မှာမူ မိဂဒါဝုန်(ဆာရနတ်) ပြတိုက်ထဲတွင် ရောက်နေသည်။ ထူးခြားသည်မှာ ယင်းကျောက်စာတိုင်ပါ ကျောက်စာ၌ အသောကမင်းကြီး မိဂဒါဝုန်ရောက်ရှိကြောင်း ရေးထိုးထားသည်ကို မတွေ့ရခြင်းပင်ဖြစ်သည်။

ကျောက်တိုင်၏တောင်ဘက်၌ တည်ရှိသော ယခုအုတ်မြစ်မျှသာ ကျန်ရှိသည့်ဓမ္မရာဇိက ပုထိုးမှာလည်း အသောကမင်းကြီးလက်ထက်က ကိုးကွယ်တည်ထားသည့် ပုထိုးဖြစ်သည်ဟုသိရသည်။ ကျောက်စာတိုင်နှင့်ကပ်လျက်ရှိသည့် ဓမ္မေကပုထိုးကြီးမှာ အမြင့် ၁၀၄ပေ၊ အဝန်း ၉၃ပေရှိသည်။ ယင်းပုထိုး၏ မူလဒါယကာမှာလည်း ဘုရင်အသောကဖြစ်သည်ဟု သိရသည်။ ရှင်တော်မြတ်ဘုရားကို ပဉ္စဝဂ္ဂီငါးဦး ခရီးဦးကြိုသည့်နေရာ၌လည်း

http://www.linhtet.com



ပုထိုးတစ်ဆူ တည်ထားသည်။ ယင်းပုထိုး၏အမည်မှာ ကျောက်ခဏ္ဍီ ဖြစ်သည်။ ။

**[ ရှင်ဥပဂုတ္တနှင့်အသောကမင်းကြီး ဗုဒ္ဓဌာနများသို့ အဖူးအမြော်ကြွရောက်ကြောင်း ရေးသားဖော်ပြထားသော ဒိဗျာဝဒါနကို လည်းကောင်း၊ တရုတ်ရဟန်းတော်များ၏ ခရီးသွားမှတ်တမ်းများနှင့်ပါဠိကျမ်းဂန်များကိုလည်းကောင်း၊ အခြေခံသည်။ ]**

❑

http://www.linhtet.com

# ရာဇဂြိုဟ်

ရာဇဂြိုဟ်သည် မဂဓတိုင်းပြည်၏ နေပြည်တော်ဖြစ်သည်။ ရာဇဂြိုဟ်ကို ဂိရိဗ္ဗဇဟုလည်းခေါ်သည်။ ဂိရိဗ္ဗဇသည် ရာဇဂြိုဟ်၏ ရှေးအမည်ဖြစ်သည်။ ၅–ရာစုနှစ်၌ အိန္ဒိယသို့ရောက်လာသော တရုတ်ခရီးသည် ဖာဟီယန်သည် မြို့ဟောင်းနှင့် မြို့သစ်ဟူ၍ မြို့နှစ်မြို့ ညွှန်ပြထားသည်။ ယင်းနှစ်မြို့အနက် မြို့ဟောင်းမှာ ဂိရိဗ္ဗဇဖြစ်ဟန်ရှိပြီး၊ မြို့သစ်မှာရာဇဂြိုဟ်ကို ဆိုလိုဟန်ရှိသည်။ ဖာဟီယန်က ရာဇဂြိုဟ်ကို ဘုရင်အဇာတသတ် တည်သည်ဟုဆိုသည်။ ၇–ရာစုနှစ်တွင် အိန္ဒိယသို့ရောက်လာသော တရုတ်ခရီးသည် ရွှင်ကျန်ကမူ ရာဇဂြိုဟ်၏ ရှေးအမည်ကို ကုသာဂ္ဂပုရဟုပြောပြပြီး ရှေးဟောင်းမြို့ ကုသာဂ္ဂပုရ၌ မီးမကြာခဏလောင်သဖြင့် ဘုရင်ဗိမ္ဗိသာရသည် ဝေဠုဝနဝါးဥယျာဉ်၏ အရှေ့မြောက်ဘက် သုသာန်တစ်ခုအနီး၌ မြို့သစ်တည်သည်ဟူ၍လည်းကောင်း၊ ထိုမြို့၌ ဗိမ္ဗိသာရ ပထမဦးဆုံးနေထိုင်သောကြောင့် 'ရာဇဂဟ' အမည်တွင်သည်ဟူ၍လည်းကောင်း ဆိုထားသည်။ ရွှင်ကျန်၏ အဆိုအရ ရာဇဂြိုဟ်သည် ဘုရင်ဗိမ္ဗိသာရ တည်သည့်မြို့ဖြစ်သည်။

အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသ၏ အဆိုမှာ တစ်မျိုးဖြစ် သည်။ ရှေးယခင်ကာလက ဤမြို့သည် မန္ဓာတာနှင့် မဟာဂေါဝိန္ဒကဲ့သို့သော ဘုရင်များ၏ ဂေဟာ၊ သို့မဟုတ် နေရာဖြစ်ခဲ့သောကြောင့် ရာဇဂဟအမည်တွင်ခြင်းဖြစ်သည်ဟူ၍ ရှင်မဟာဗုဒ္ဓဃောသက ဆိုသည်။ ရာဇဂြိုဟ်သည် အတွင်းမြို့(အန္တောနဂရ) အပြင်မြို့ (ဗဟိနဂရ) အားဖြင့် အပိုင်းနှစ်ပိုင်း ပိုင်းထားသည်။ လူဦးရေ ၉ ကုဋေ့စီရှိသည်။ မြို့နှစ်မြို့ပေါင်းပြီး ရာဇဂြိုဟ်တစ်မြို့လုံး၌ လူဦးရေ

http://www.linhtet.com



၁၈ ကုဋေရှိသည်။ဓမ္မပဒအဋ္ဌကထာ အဆိုအရ ရာဇဂြိုဟ်၏လေးဘက်လေးတန်၌ မြို့တံတိုင်းကာရံထားသည်။ မြို့တံတိုင်းရှိ မြို့တံခါးကို ညဉ့်အချိန်၌ ပိတ်ထားသည်။ သတ်မှတ်ထားသည့်အချိန်ကကျော်လျှင် မည်သူမျှ မြို့တွင်းမဝင်ရပေ။ ဘုရင်ဖြစ်စေကာမူ ဝင်ခွင့်မပြုပေ။ ရာဇဂြိုဟ်မြို့တံတိုင်းများ၌ တံခါးကြီး ၃၂–ခုနှင့် တံခါးငယ် ၆၄–ခုရှိသည်ဟူ၍လည်း ဒီဃနိကာယ် အဋ္ဌကထာ၌ ဆိုထားသည်။

ဗုဒ္ဓလက်ထက်တော်အခါက ဇမ္ဗူဒိပ်ရှိ အဓိကအကျဆုံးလမ်းမကြီးတစ်ခုမှာ အရှေ့မှအနောက်သို့သွားသော လမ်းမကြီးဖြစ်သည်။ ယင်းလမ်းမကြီးသည် မဂဓတိုင်းနေပြည်တော် ရာဇဂြိုဟ်မှ အနောက်မြောက်ဘက်ရှိ ဂန္ဓာရတိုင်းနေပြည်တော် တက္ကသီလာအထိ ပေါက်သည်။ သာဝတ္ထိမှ သာကေတသို့ဖြတ်သွားသောလမ်းတစ်လမ်းသည် သင်္ကဿနဂိုရ်မြို့၌ ယင်းလမ်းမကြီးကို ကောသလတိုင်းမြို့တော် သာဝတ္ထိနှင့် ဆက်စပ်ပေးထားသည်။ ရာဇဂြိုဟ်မှ စလာသော ဥတ္တရာပထခေါ် ယင်းလမ်းမကြီးသည် ပထမနာလန္ဒာသို့ရောက်သည်။ တစ်ဖန် ပါဋလိပုတ်၊ ဗာရာဏသီ၊ ပယာဂ၊ ပတိဋ္ဌာန၊ ကဏ္ဏကုဇ္ဇ၊ သင်္ကဿ၊ သောရေယျ၊ ဝေရဉ္ဇာ တို့ကိုဖြတ်လျက် မထုရာသို့ရောက်သည်။ မထုရာမှ တစ်ဖန် ရှေ့ဆက်သွားပြီး ကုရုန္ဒပတ္တ၊ သာဂလတို့ကိုဖြတ်၍ ဂန္ဓာရတိုင်းနေပြည်တော်အထိ ရောက်သည်။ လမ်းခရီးအကြားတွင် ပါဋလိပုတ်၊ ဗာရာဏသီ၊ ပယောဂ၊ ပတိဋ္ဌာနတို့၌ ဂင်္ဂါမြစ်ကို ဖြတ်ရသည့်အပြင် အခြားမြစ်များစွာလည်း လမ်းခရီး၌ ရှိကြသည်။ ယင်းမြစ်ဆိပ်များ၌ လှေများအဆင့်သင့်ရှိသည်။

ရာဇဂြိုဟ်မှ သမားတော်ဇီဝကသည် ယင်းလမ်းအတိုင်း တက္ကသီလာသို့ ပညာသင်သွားသည်။ အပြန်တွင် သာကေတကိုဖြတ်လျက် ရာဇဂြိုဟ်သို့လာသည်။ အရှေ့မှအနောက်သို့ ကူးသန်းရောင်းဝယ်မှုအတွက် အသွားအလာလုပ်သော ကုန်သည်များသည် ထိုဥတ္တရာပထ လမ်းကသာလျှင် ခရီးသွားကြသည်။ ဝေရဉ္ဇာမှ သောရေယျ၊ သင်္ကဿ၊ ကဏ္ဏကုဇ္ဇ၊ ပယာဂ၊ ပတိဋ္ဌာနတို့ကို ဖြတ်လျက် ဗာရာဏသီအထိကြွချီသော ဗုဒ္ဓ၏ဒေသစာရီခရီးလမ်းသည် ယင်းဥတ္တရပထလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရာဇဂြိုဟ်မှ တက္ကသီလာသို့ အထိပေါက်သွားသော ယင်းလမ်းမကြီးသည် အမှန်စင်စစ် ဤမျှသာမကပေ။ ရာဇဂြိုဟ်သည် အရှေ့တွင် စမ္ပာနှင့် ကုန်းလမ်းခရီးအားဖြင့် ဆက်စပ်နေသည်။ စမ္ပာမှ ရေလမ်းခရီးဖြင့် တာမရလိပ္ပတိသို့

http://www.linhtet.com



အရောက်သွား၍ရသည်။ တာမရလိပ္ပတိဆိပ်ကမ်းမှ တစ်ဖန် ပင်လယ် ရေကြောင်းခရီးဖြင့် သုဝဏ္ဏဘုမ္မိ (မြန်မာပြည်) စသော တိုင်းနိုင်ငံများသို့အထိ ခရီးပေါက်သည်။ ယင်းဥတ္တရပထ လမ်းမကြီးသည် မြောက်ဘက်၌ တက္ကသီလာကိုကျော်သွားပြီး လျှင် အာရှအနောက်ပိုင်းနှင့် အလယ်ပိုင်းသို့ အထိရောက်သည်။ ယင်းသို့အား ဖြင့် ရာဇဂြိုဟ်မှ တက္ကသီလာသို့သွားသော ယင်းလမ်းမကြီးသည် အရှေ့နှင့် အနောက်မြောက်ဘက်၌ တခြားကမ္ဘာ့နိုင်ငံများနှင့် ဇမ္ဗူဒိပ်ကို ဆက်သွယ်ပေး ထားသည်။

ရာဇဂြိုဟ်မှ သာဝတ္ထိသို့သွားသောလမ်းသည် ဗုဒ္ဓလက်ထက်တော်အခါက အခြားထင်ရှားသော လမ်းမကြီးတစ်လမ်းဖြစ်သည်။ ယင်းလမ်းမ၌ ရှိသော မြို့ရွာများမှာ သာဝတ္ထိ၊ ကပိလဝတ်၊ ကုသိနာရုံ၊ ပါဝါ၊ ဘောဂနဂရ၊ ဇမ္ဗူဂါမ၊ အမ္ဗဂါမ၊ ဟတ္ထိဂါမ၊ ဘဏ္ဍဂါမ၊ ဝေသာလီ၊ နာဒိကာ၊ ကောဋိဂါမ၊ ပါဋလိပုတ်၊ နာလန္ဒာ၊ ရာဇဂြိုဟ်တို့ဖြစ်ကြသည်။ ရာဇဂြိုဟ်မှ ကုသိနာရုံသို့ ကြွတော်မူသော နောက်ဆုံးခရီး၌ ရှင်တော်မြတ်ဘုရားသည် ယင်းလမ်းမအတိုင်း ကြွတော်မူခြင်းဖြစ်သည်။ ရာဇဂြိုဟ်မှ တက္ကသီလာသို့ သွားသော ပထမလမ်းမကြီးသည် နာလန္ဒာနှင့် ပါဋလိပုတ်ကို ဖြတ်သွားသည်။ သို့ဖြစ်၍ ယင်းဒေသနှစ်ခုသည် ဒုတိယလမ်းမပေါ်၌ တည်ရှိနေကြသည့် ဝေသာလီ၊ ကပိလဝတ်၊ သာဝတ္ထိကဲ့သို့သော မြို့များနှင့်လည်း ပထမလမ်းမကြီးကို ဆက်စပ်ပေးထားသည်။ နာလန္ဒာမှ ဂယာကိုသွားသော လမ်းတစ်လမ်းရှိသည်။ ယင်းလမ်းသည် ကာမရလိပ္ပတိမှ ဂယာသို့ဖြတ်ပြီး ဗာရာဏသီအထိသွားသော လမ်းနှင့်ဆက်နေသည်။ ရာဇဂြိုဟ်သည် ကပိလဝတ်နှင့် ယူဇနာခြောက်ဆယ် ဝေးပြီး သာဝတ္ထိနှင့် လေးဆယ့်ငါးယူဇနာ ဝေးသည်။

*

ဘုရင်အသောကနှင့် ရှင်ဥပဂုတ္တတို့သည် ရာဇဂြိုဟ်သို့ ရောက်လာကြသည်။ ရှင်တော်မြတ်ဘုရားနှင့် ပတ်သက်ဆက်နွယ်နေသည့် နေရာဌာနများသို့ အဖူးအမြော်သွားရောက်သည့် ခရီးစဉ်အရ ရာဇဂြိုဟ်သို့ ရောက်လာကြခြင်း ဖြစ်သည်။ အသောကမင်းကြီး ရာဇဂြိုဟ်သို့ရောက်သည်မှာ ယခုတစ်ကြိမ်မျှသာ မကတော့ပေ။ စစ်ချီတက်စဉ် အချိန်ကလည်း ရာဇဂြိုဟ်မြို့ဟောင်းကို အကြိမ်ကြိမ် ဖြတ်ခဲ့ဖူးပြီ။ ဇမ္ဗူဒိပ်အနှံ့အပြား စေတီပုထိုး တည်စဉ်က ပုထိုးများ

http://www.linhtet.com



ထဲတွင် ရှင်တော်မြတ်ဘုရား၏ ဓာတ်တော်ဌာပနာရန် လိုလာသောအခါ ရာဇဂြိုဟ်၌ ဘုရင်အဇာတသတ် ကိုးကွယ်တည်ထားခဲ့သောစေတီမှ ရှင်တော်မြတ်ဘုရား၏ ဓာတ်တော်များကို ပင့်ဆောင်ရန်အတွက်လည်း ရာဇဂြိုဟ်သို့ အသောကမင်းကြီး တစ်ကြိမ်ရောက်ခဲ့ဖူးပြီ။ သို့သော် ယခုခရီးမှာ ယခင်ခရီးများနှင့် မတူပေ။ ယခုခရီး၌ သူ့ကိုဗုဒ္ဓရှင်တော်မြတ်ဘုရား သီတင်းသုံးသွားခဲ့သည့် နေရာဌာနများအကြောင်းနှင့် ရာဇဂြိုဟ်တွင် ရှင်တော်မြတ်ဘုရား သီတင်းသုံးသွားတော်မူစဉ်က အကြောင်းခြင်းတများကို ရှင်းလင်းပြောပြမည့် သူ့ဆရာ ရှင်ဥပဂုတ္တ ပါလာသည်။

ဘုရင်အသောကနှင့် နောက်လိုက်နောက်ပါတို့သည် ရာဇဂြိုဟ်မရောက်မီ ခပ်လှမ်းလှမ်းမှပင် ရာဇဂြိုဟ်ကို ဝိုင်းရံထားသည့် တောင်ကြီးငါးလုံးကို တွေ့မြင်ကြသည်။ တောင်ကြီးငါးလုံးမှာ ရာဇဂြိုဟ်ကို ပတ်ရံထားသဖြင့် မြို့တော်ကို ရန်သူများထွင်းဖောက် မဝင်ရောက်နိုင်အောင် ပိတ်ပင်ထားသည့် သဘာဝတံတိုင်းကြီးများသဖွယ် ဖြစ်နေကြသည်။ ဘုရင်အသောကနှင့် နောက်လိုက်နောက်ပါတို့သည် တောင်ငါးလုံးရှိသည့်အနက် ဦးစွာ ပဏ္ဍဝတောင်သို့ သွားကြသည်။ ယင်းတောင်မှာ ရာဇဂြိုဟ်တစ်ဝိုက်ရှိ နေရာဌာနများအနက် ရှင်တော်မြတ်ဘုရား၏ဘဝနှင့် ဦးစွာ ဆက်စပ်မှုရှိနေသည့် နေရာဌာနဖြစ်သည်။ ပဏ္ဍဝတောင်သည် ဝေပုလ္လတောင်၏ တောင်ဘက်၌ရှိသည်။ ပဏ္ဍဝတောင်၏ အနောက်ဘက်၌ ဝေဘာရတောင်ရှိသည်။ ရှင်ဥပဂုတ္တမထေရ်က ပဏ္ဍဝတောင်အကြောင်း ရှင်းပြတော်မူသည်။

"ဘုရားအလောင်းသိဒ္ဓတ္ထဟာ သားတော်ရာဟုလာ ဖွားမြင်ပြီးတစ်ပတ်အကြာ ဝါဆိုလပြည့် ညဉ့်သန်းခေါင်းယံအချိန်မှာ ကပိလဝတ်နန်းတော်က ထွက်ခွာတော်မူတယ်။ ကပိလဝတ်နဲ့ မလှမ်းမကမ်းရောက်တဲ့အခါ သိဒ္ဓတ္ထဟာ ကဏ္ဍကမြင်းကိုလှည့်ပြီး ကပိလဝတ်ကို နောက်ဆုံးအကြိမ် ပြန်ကြည့်တော်မူတယ်။ နောင်အခါကျတော့ အဲဒီနေရာမှာ 'ကဏ္ဍကနိဝတ္တနစေတီ' အမည်ရှိတဲ့ စေတီတစ်ဆူ တည်ထားတယ်။ အဲဒီညဉ့်မှာပဲ သိဒ္ဓတ္ထဟာ သကျ၊ ကောလိယ၊ မလ္လဆိုတဲ့ တိုင်းသုံးတိုင်းကိုဖြတ်ပြီး ယူဇနာသုံးဆယ် ခရီးပေါက်သွားခဲ့တယ်။ နံနက်မိုးလင်းလာတော့ အနောမာမြစ်ကမ်းရောက်လာတယ်။ အနောမာမြစ်ကို မြင်းနဲ့ခုန်ကူးပြီး မြစ်တစ်ဘက်ကမ်းရောက်တော့ မိမိဆံတော်ကို သန်လျက်နဲ့ဖြတ်ပစ်လိုက်တယ်။ နောင်အခါကျတော့ အဲဒီနေရာမှာလဲပဲ 'စူဠာမဏိ' စေတီရယ်လို့ စေတီတစ်ဆူ တည်ထားတယ်။ ရှေ့အတန်ငယ် ခရီးပေါက်သွားတဲ့

http://www.linhtet.com



အခါမှာ မိမိဘုရင့်ဝတ်လဲတော်ကို ချွတ်ပြီး ဖန်ရည်သင်္ကန်းကို ဝတ်ရုံတယ်။ အဲဒီနေရာမှာလဲ နောက်ပိုင်းကျတော့ 'ကာသာယဂဟဏ' စေတီတစ်ဆူ တည်ထားတယ်။ အနောမာမြစ် အရှေ့ဘက် ထွက်ခွာသွားတဲ့ သိဒ္ဓတ္ထဟာ အနုပိယ သရက်ဥယျာဉ် ရောက်သွားတယ်။ အနုပိယ သရက်ဥယျာဉ်မှာ ခုနစ်ရက် ဘာဝနာ ပွားနေတယ်။ အနုပိယ သရက်ဥယျာဉ်ဟာ မလ္လတို့အပိုင် ရွာနိဂုံးဖြစ်တယ်။ ရာဇဂြိုဟ်နဲ့ ယူဇနာသုံးဆယ် ဝေးတယ်။ ကပိလဝတ်နဲ့ ရာဇဂြိုဟ်ရဲ့ အလယ်လောက်မှာရှိတယ်။ ကပိလဝတ်ကနေပြီး ရာဇဂြိုဟ်အထိ ယူဇနာ ခြောက်ဆယ် ကွာဝေးတယ်။ အနုပိယကတစ်ဖန် အရှေ့ဘက်ကြွတဲ့အခါ ဝေသာလီကို ဖြတ်ကျော်ပြီး ရာဇဂြိုဟ်ကို ရောက်သွားတယ်။

"မဂဓဘုရင် ဗိမ္ဗိသာရဟာ ပဏ္ဍဝတောင်လာပြီး ဘုရားအလောင်း သိဒ္ဓတ္ထကိုတွေ့တယ်။ ဘုရင်ဗိမ္ဗိသာရက သိဒ္ဓတ္ထကို မင်းစည်းစိမ်ခံစားစံစားဖို့ နားချသေးတယ်။ ဒါပေမယ့် သိဒ္ဓတ္ထက ဗိမ္ဗိသာရရဲ့ တောင်းပန်ချက်ကို လက်ခံတော်မမူဘူး။ တောင်းပန်လို့မရတဲ့ အဆုံးကျတော့ ဗိမ္ဗိသာရမင်းကြီးက ဘုရားဖြစ်တော်မူတဲ့အခါမှာ ရာဇဂြိုဟ်ကို ဆက်ဆက်ကြွလာတော်မူပါလို့ လျှောက်ထားလိုက်တယ်။

"ဗိမ္ဗိသာရဘုရင်ဟာ သိဒ္ဓတ္ထထက် ငါးနှစ်ငယ်တယ်။ သိဒ္ဓတ္ထမင်းသား နှစ်ဆယ့်ကိုးနှစ်အရွယ်မှာ ကပိလဝတ်ကထွက်ခွာပြီး ရာဇဂြိုဟ် ရောက်လာတဲ့အခါကျတော့ ဗိမ္ဗိသာရဟာ အသက်နှစ်ဆယ့်လေးနှစ်ရှိနေပြီ။ နန်းစံသက် ကိုးနှစ်ရနေပြီ။ ဗိမ္ဗိသာရဟာ အသက်ဆယ့်ငါးနှစ်အရွယ်မှာ နန်းစံတယ်။

"သိဒ္ဓတ္ထဟာ ရာဇဂြိုဟ်ကနေ ဥရုဝေလကို သွားတယ်။ ရာဇဂြိုဟ်နဲ့ ဥရုဝေလအကြားမှာရှိတဲ့ အာဠာရကာလာမနဲ့ ဥဒကရာမပုတ္တ ရသေ့နှစ်ပါးထံမှာ နည်းနိသျရည်း ခံယူတယ်။ ပြီးတော့ ဥရုဝေလကြွပြီး ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်တယ်။ ဗောဓိပင်ရင်းမှာ သစ္စာလေးပါးတရား သိမြင်တော်မူပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တဲ့အခါ မိဂဒါဝုန်ကို ကြွတော်မူတယ်။ သီတင်း ဝါလကျွတ်တဲ့အခါကျတော့ မိဂဒါဝုန်က ဥရုဝေလကိုပဲ ပြန်ကြွလာပြီး ဥရုဝေလက တစ်ဆင့် ရာဇဂြိုဟ်ကို ကြွလာတော်မူတယ်။ ရာဇဂြိုဟ် လဋ္ဌိဝန ဥယျာဉ်မှာ သီတင်းသုံးနေချိန် ဘုရင်ဗိမ္ဗိသာရ ဘုရားရှင်ထံတော်မှောက် ရောက်လာတယ်။ နောက်တစ်နေ့မှာ ဘုရင်မင်းကြီးဟာ ဘုရားအမှူးပြုတဲ့ ရဟန်းသံဃာများကို ဆွမ်းလုပ်ကျွေးပြီး ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းလိုက်တယ်"

http://www.linhtet.com



ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် ရာဇဂြိုဟ်အရှေ့မြောက်ဘက်ရှိ ဂိဇ္ဈကုဋ်တောင်သို့ ရောက်လာကြသည်။ ဂိဇ္ဈကုဋ်တောင်သည် တောင်ငါးလုံးအနက် အဓိကအကျဆုံးတောင်ဖြစ်သည်။ ရာဇဂြိုဟ်တစ်ဝိုက်ရှိ အမြင့်ဆုံးတောင်တစ်တောင်လည်းဖြစ်သည်။ တောင်၏အထွတ်သည် လင်းတငှက်၏ နှုတ်သီးနှင့်တူသောကြောင့်လည်းကောင်း၊ သို့မဟုတ် တစ်နည်းအားဖြင့် တောင်ထိပ်ပေါ်၌ လင်းတငှက်များ နေကြသောကြောင့် လည်းကောင်း ဂိဇ္ဈကုဋ်တောင်ဟု အမည်ထွင်ခြင်းဖြစ်သည်။ တောင်၏ရှုခင်းမှာ အလွန်တရာလှပသာယာသည်။ 'ဂိဇ္ဈကုဋ်တောင်သည် အလွန်တရာ မွေ့လျော်ဖွယ်ကောင်း၏' ဟုပင် မဟာပရိနိဗ္ဗာနသုတ်၌ ဟောကြားထားသည်။ ရှင်ဥပဂုတ္တက ဂိဇ္ဈကုဋ်တောင်အကြောင်းကို ဘုရင်အသောကအား ဤသို့ရှင်းလင်း ပြောပြတော်မူသည်။

"အရှင်မင်းကြီး၊ ရှင်တော်ဘုရားဟာ ရာဇဂြိုဟ်ကိုကြွလာတဲ့အခါ ဒီတောင်မှာ သီတင်းသုံးတော်မူလေ့ရှိတဲ့အတွက် ဒီတောင်ဟာ ဗုဒ္ဓသာသနာတော်သမိုင်းမှာ အလွန်ထင်ပေါ်ကျော်ကြားတဲ့ နေရာဌာနတစ်ခုဖြစ်ပေတယ်။ ရှင်တော်ဘုရား ဟောကြားတဲ့ တရားဒေသနာတော်တွေထဲမှာလဲ ဂိဇ္ဈကုဋ်တောင်အကြောင်း မကြာခဏပါတယ်။ ဒီတောင်မှာ ရှင်တော်ဘုရားသာမကဘဲ ရှင်တော်ဘုရားရဲ့တပည့် သာဝကကြီးများဖြစ်ကြတဲ့ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာတို့၊ ရှင်မဟာကစ္စာယန တို့လဲ သီတင်းသုံးဖူးကြတယ်။

"ရှင်တော်မြတ်ဘုရားဟာ ဒီတောင်မှာ သီတင်းသုံးတော်မူခိုက်မှာပဲ မဟာဂေါဝိန္ဒသုတ်၊ ဥဒုမ္ဗရိကသီဟနာဒသုတ်၊ အာဋ္ဌာနာဋိယသုတ်၊ မာဃသုတ်၊ ဒေဝဒတ္တသုတ်၊ ယဇမာနသုတ်၊ ပုဂ္ဂလသုတ်၊ သက္ကသုတ်၊ ဝေပုလ္လပဗ္ဗတသုတ်၊ ပဏ္ဍသုတ်တို့ကို ဟောကြားတော်မူတယ်"

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်ကြသည်။ တောင်ပေါ်အတက်လမ်း၌ စေတီတစ်ဆူကို တွေ့ရသည်။ ရှင်ဥပဂုတ္တက စေတီအကြောင်းကို ရှင်းပြတော်မူသည်။

"တောင်ပေါ်တက်တဲ့ဒီလမ်းဟာ ဘုရင်ဗိမ္ဗိသာရ ဖောက်လုပ်ထားတဲ့ လမ်းဖြစ်တယ် မင်းကြီး။ ဗိမ္ဗိသာရမင်းကြီးဟာ ဂိဇ္ဈကုဋ်တောင်ပေါ်မှာ သီတင်းသုံးနေတော်မူတဲ့ ရှင်တော်မြတ်ဘုရားထံ ဒီလမ်းကပဲ အဖူးမြော်အကန်တော့သွားလေ့ရှိတယ်။ ဟောဟိုမှာ စေတီတစ်ဆူတွေ့တယ် မဟုတ်လား။ အဲဒီစေတီဟာ ဗိမ္ဗိသာရမင်းကြီး ရှင်တော်မြတ်ဘုရားကို အဖူးမြော်လာ

http://www.linhtet.com



တဲ့အခါမှာ သူစီးလာတဲ့ ယာဉ်ပေါ်ကဆင်းပြီး ခြေကျင်စလျှောက်တဲ့နေရာကို အမှတ်အသားပြုပြီး တည်ထားတဲ့စေတီဖြစ်တယ်"

အတန်ငယ်တက်မိသွားကြသောအခါ နောက်ထပ် စေတီတစ်ဆူကို တွေ့ကြပြန်သည်။ ရှင်ဥပဂုတ္တက ထိုစေတီအကြောင်းကိုလည်း စကားစပ်လေသည်။

"ရှင်တော်မြတ်ဘုရားကို ဖူးတွေ့ဖို့လာတဲ့ ဘုရင်ဗိမ္ဗိသာရဟာ ဒီနေရာမှာ သူ့နောက်ကပါလာတဲ့ နောက်လိုက်ဗိုလ်ပါတွေကို ထားခဲ့ပြီး တစ်ကိုယ်တည်း ရှေ့ဆက်သွားပါတယ်။ ဗိမ္ဗိသာရမင်းကြီး တစ်ကိုယ်တည်း ကြွသွားတဲ့နေရာကို အမှတ်သင်္ကေတပြုပြီး ဒီဒုတိယစေတီကို တည်ထားတာဖြစ်တယ် မင်းကြီး"

ဂိဇ္ဈကုဋ်တောင်အနောက်ဘက်ခြမ်း၌ အုတ်တိုက်တစ်တိုက်ရှိသည်။ ယင်းအုတ်တိုက်တွင်း၌ ပကတိလူအချိုးအစားနှင့် ပမာဏညီမျှသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိသည်။ ယင်းဗုဒ္ဓရုပ်ပွားတော်မှာ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးသည့်နောက်မှ ထုလုပ်ကိုးကွယ်သည့် ရုပ်ပွားတော်ဖြစ်ပုံရသည်။ ယင်းအုတ်တိုက်၏အရှေ့ဘက်၌ ဗုဒ္ဓစင်္ကြံကြွတော်မူသည့်နေရာရှိသည်။ ထိုနေရာ၏ဘေးဘက်၌ ဆယ့်လေးပေလောက်မြင့်သည့် ကျောက်ဆောင်တစ်ခုရှိသည်။ ထိုကျောက်ဆောင်ကို ညွှန်ပြလျက် ရှင်ဥပဂုတ္တက မိန့်တော်မူသည်။

"ရှင်တော်ဘုရားအပေါ် ဒေဝဒတ် ကျောက်တုံးတွန်းချတာ အဲဒီနေရာကပေါ့ မင်းကြီး။ တစ်ခါတုန်းက ရှင်တော်မြတ်ဘုရားဟာ ဂိဇ္ဈကုဋ်တောင်အောက်မှာ စင်္ကြံကြွနေတော်မူတယ်။ အဲဒီအချိန်မှာ ရှင်တော်မြတ်ဘုရားကို သေကြောင်းကြံနေတဲ့ ဒေဝဒတ်ဟာ အခွင့်ကောင်းပေါ်ပြီဆိုပြီး ဂိဇ္ဈကုဋ်တောင်ပေါ်က ကျောက်တုံးတစ်တုံး ရှင်တော်ဘုရားပေါ် တွန်းချလိုက်တယ်။ အဲဒီကျောက်တုံးကြီးဟာ တောင်ထွတ်နှစ်ခုနဲ့ခံပြီး အောက်ဆက်ကျမလာတော့ဘဲ ရပ်သွားတယ်။ ဒါပေမယ့် ကျောက်စကလေးတစ်ခုကျလာပြီး ဘုရားရှင်ခြေတော်ထိသွားတဲ့အတွက် ခြေတော်ကသွေး ပန်းထွက်လာတယ်"

အသောကမင်းကြီးသည် စုတ်တသပ်သပ်ဖြစ်နေသည်။

ဂိဇ္ဈကုဋ်တောင်ပေါ်၌ သူတော်သူမြတ်များ သီတင်းသုံးသည့်ဂူများအများအပြားရှိသည်။ ယင်းဂူများထဲက သူကရခတာအမည်ရှိဂူသို့ အသောကမင်းကြီး ရောက်လာသည်။ ထိုဂူအကြောင်းကို ရှင်ဥပဂုတ္တက ရှင်းပြတော်မူသည်။

http://www.linhtet.com



"အဲဒီဂူရဲ့ ရာဇဝင်သမိုင်းက အလွန်ရှေးကျတယ်မင်းကြီး။ ဒီဂူဟာ ကဿပဘုရားရှင် လက်ထက်တော်အခါကစပြီး ရှိလာခဲ့တဲ့ဂူဖြစ်တယ်။ ဒါပေမယ့် ကာလရွေ့လျားလာတဲ့အတွက် မြေကြီးထဲမြုပ်နေတယ်။ ဝက်တစ်ကောင် ဂူဘေးက မြေကြီးကို ထိုးဆွနေရင်းနဲ့ မိုးရွာချလိုက်တဲ့အခါကျတော့ ဂူပြန်ပေါ်လာတယ်။ မုဆိုးတစ်ယောက်က ဂူကိုသုတ်သင်ရှင်းလင်းပြီး တံခါးတွေဘာတွေ တပ်လိုက်တယ်။ ပြီးတော့ လေးဘက်လေးတန်မှာလဲ အကာအရံတွေ ကာရံထားလိုက်တယ်။ နောက်ပိုင်းကျတော့ အဲဒီဂူကိုမုဆိုးက ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်များကို လှူဒါန်းလိုက်တယ်။ ဝက်တစ်ကောင်တူးဖော်လို့ တွေ့ရှိတဲ့ဂူဖြစ်တဲ့အတွက် သူကရခတဂူလို့ အမည်နာမတွင်နေတယ်။ ဒီဃနခသုတ်ဟာ ဘုရားရှင် ဒီဂူမှာသီတင်းသုံးတော်မူခိုက် ဟောကြားတော်မူတဲ့ သုတ်ဖြစ်တယ်။ ဒီဂူမှာ ဘုရားရှင်ဟာ ဓမ္မသေနာပတိရှင်သာရိပုတ္တာရာနဲ့ အတူ သီတင်းသုံးပြီး တရားဓမ္မအကြောင်း ဆွေးနွေးတော်မူဖူးတယ် မင်းကြီး"

ရှင်ဥပဂုတ္တနှင့် အသောကတို့သည် ဂိဇ္ဈကုဋ္ဌတောင်ပေါ်မှဆင်းပြီး အနောက်ဘက်သို့လာကြသည်။ ဂိဇ္ဈကုဋ္ဌတောင်၏အနောက်ဘက် ခပ်လှမ်းလှမ်းရောက်သောအခါ ကျောက်သားဖြင့် ပြုလုပ်ထားသည့် အလျားအနံ ပေနှစ်ရာ လောက်ရှိမည့် လေးထောင့်အဆောက်အအုံတစ်ခုကို တွေ့ကြရသည်။ ယင်းအဆောက်အအုံအကြောင်းကို ရှင်ဥပဂုတ္တမထေရ်က ရှင်းပြတော်မူသည်။

"သူ့ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ဘုရင်အဇာတသတ် အကျဉ်းချထားတဲ့နေရာဟာ ဒီနေရာပဲ မင်းကြီး။ ဒီနေရာက ကြည့်လိုက်ရင် ဟိုဂိဇ္ဈကုဋ္ဌတောင်ကို လှမ်းမြင်ရတယ်မဟုတ်လား၊ ဗိမ္ဗိသာရမင်းကြီးဟာ ရှင်တော်မြတ်ဘုရားကို အလွန်ကြည်ညိုလေးစားတယ်။ ရှင်တော်မြတ်ဘုရားကို ဖူးတွေ့လိုက်ရရင် စိတ်နှလုံးချမ်းမြေ့သွားတယ်။ သူအကျဉ်းခံနေရတဲ့နေရာက ဘုရားရှင်သီတင်းသုံးတဲ့ ဂိဇ္ဈကုဋ္ဌတောင်ကို လှမ်းမြင်တဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ် ဂိဇ္ဈကုဋ္ဌတောင်အဆင်းအတက် လုပ်တော်မူတဲ့အခါ ဘုရားရှင်ရဲ့သကင်္န်းကို အကျဉ်းတိုက်ခန်းထဲကလှမ်းပြီး ဖူးမြော်ကြည့်ရှုနေလေ့ရှိတယ်။

"ဘုရားရှင်ကိုယ်တော်မြတ် သစ္စာလေးပါးတရားကို သိမြင်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်ပြီးတဲ့နောက် ရာဇဂြိုဟ် ကြွလာတဲ့အခါ ဘုရင်ဗိမ္ဗိသာရဟာ အလွန်တရာပီတိသောမနဿဖြစ်ပြီး ဘုရားရှင်ကိုကြိုဆိုတယ်။ အဲဒီအချိန်တုန်းက ဘုရားရှင်ရဲ့သက်တော်က သုံးဆယ့်ငါးနှစ်ရှိပြီး ဗိမ္ဗိသာရက အသက်သုံးဆယ်ရှိနေပြီ။ နန်းစံသက်ကတော့ ဆယ့်ငါးနှစ်။ ဗိမ္ဗိသာရမင်းကြီး

http://www.linhtet.com



ဟာ စုစုပေါင်း ငါးဆယ့်နှစ်နှစ် နန်းစံခဲ့တယ်။

"အသက်ခြောက်ဆယ့်ခုနစ်နှစ်အရွယ်မှာ သားတော်အဇာတသတ်က ဒေဝဒတ်နဲ့ပေါင်းပြီး ထီးနန်းကို ရလိုတဲ့ဆန္ဒနဲ့ သေကြောင်းကြံတဲ့အတွက် အကျဉ်းတိုက်ခန်းထဲမှာ ကွယ်လွန်သွားရှာတယ်။ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ ဘုရင်ဗိမ္ဗိသာရကွယ်လွန်ပြီးလို့ အဇာတသတ် ဘုရင်နန်းစံတာ ရှစ်နှစ်ရှိသွားပြီ။ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ဘုရင်အဇာတသတ်ဟာ နှစ်ဆယ့်လေးနှစ်တိတိ နန်းစံနေသေးတယ်။ နောက်ပိုင်းကျတော့ ဘုရင်အဇာတသတ်ဟာ သတိသံဝေဂရပြီး ဘုရားရှင်ထံပါးမှာ စိတ်နှလုံးငြိမ်းချမ်းမှုရှာမှီးသူ ဖြစ်လာတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတဲ့အခါကျတော့ ဘုရားရှင်ရဲ့ ဓာတ်တော် တစ်ဆူကိုယူပြီး ဘုရင်အဇာတသတ်ဟာ ရာဇဂြိုဟ်မှာ စေတီတစ်ဆူတည် တယ်။ အဲဒီအကြောင်းကိုတော့ သင်မင်းကြီးသိပြီးဖြစ်တယ်။ အဲဒီစေတီ တော်တွင်းက ဓာတ်တော်များကို ယူပြီး သင်မင်းကြီး ဇမ္ဗူဒိပ်အနှံ့တည်ထားတဲ့ စေတီပုထိုးတော်တွေထဲမှာ ဌာပနာပြီးပြီ မဟုတ်လား"

"မှန်ပါတယ် အရှင်ဘုရား"

အသောကက လက်အုပ်ချီလျှောက်ထားလိုက်လေသည်။

ထို့နောက် ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီးတို့သည် ဘုရားအမူးရှိသည့် သံဃာတော်များအား သမားတော်ဇီဝက လှူဒါန်းသည့် သရက်ဥယျာဉ်သို့ လာခဲ့ကြသည်။ ထိုသရက်ဥယျာဉ်မှာ ရာဇဂြိုဟ်မြို့နှင့် ဂိဇ္ဈကုဋ်တောင်ကြားတွင် ရှိသည်။ ရှင်ဥပဂုတ္တက ဇီဝက၏သရက်ဥယျာဉ် ဇီဝကအမ္ဗဝနအကြောင်းကို မိန့်တော်မူ၏။

"ပိတုဃာတကကံထိုက်ပြီးတဲ့နောက် နောင်တတရားရလာတဲ့ အဇာတသတ်ဘုရင်ဟာ ရှင်တော်ဘုရားကို ဖူးတွေ့လိုတဲ့အတွက် ဇီဝကကို ခေါ်ပြီး ဇီဝက လှူဒါန်းထားတဲ့ ဒီသရက်ဥယျာဉ်ကိုလာခဲ့တယ်။ အဲဒီတုန်းက ရှင်တော်ဘုရားက ဒီသရက်ဥယျာဉ်မှာ သီတင်းသုံးနေခိုက်ဖြစ်တဲ့အတွက် ဘုရားရှင်ရှေ့မှောက်မှာ အဇာတသတ်က ***'ပိတရံဃာတိံ မေ့ဓာရာနံ ကသရိယသကာရဏာ ဇီဝိတာ ဝေါရောပေသိံ ' (အာဏာကို မက်မောမိတဲ့အတွက် တရားရှင်ဖခမည်းတော်ကို သတ်မိပါတယ်)*** လို့ ကိုယ့်အပြစ်ကို ဝန်ခံတယ်။ ဘုရင်အဇာတသတ် ကို ရှင်တော်မြတ်ဘုရား သာမညဖလသုတ် ဟောကြားတာ ဒီဇီဝကသရက် ဥယျာဉ်မှာပဲ ဖြစ်တယ်။ ဇီဝကသုတ်ဟာလဲ ဒီနေရာမှာပဲ

http://www.linhtet.com



ဟောကြားတဲ့သုတ် ဖြစ်တယ်”

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် နောက်တောင်တစ်တောင်သို့ ရောက်လာကြသည်။ ထိုတောင်ကား ဝေဘာရတောင်ဖြစ်သည်။ ပထမသင်္ဂါယနာတင်သည့် သတ္တပဏ္ဏိလိုဏ်ဂူကို အကြောင်းပြုလျက် ထိုတောင်၏အမည်နာမသည်လည်း ဗုဒ္ဓသာသနာ့သမိုင်း၌ အလွန်ထင်ရှားကျော်ကြားသည်။ ဝေဘာရတောင်၏မြောက်ဘက်ခြမ်းရောက်သောအခါ ရှင်ဥပဂုတ္တမထေရ်က သတ္တပဏ္ဏိလိုဏ်ဂူကို ညွှန်ပြလျက်မိန့်တော်မူသည်။

“ဒီလိုဏ်ဂူမှာ ပထမသင်္ဂါယနာတင်တယ် မင်းကြီး။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီး မကြာခင်မှာပဲ ရှင်မဟာကဿပအမှူးရှိတဲ့ ရဟန္တာငါးရာဟာ ဒီလိုဏ်ဂူမှာ ပထမသင်္ဂါယနာတင်တော်မူကြတယ်။ အဇာတသတ်ဘုရင်က ဒီသတ္တပဏ္ဏိလိုဏ်ဂူမှာ မဏ္ဍပ်ဆောက်လုပ်လှူဒါန်းတယ်”

ရှင်ဥပဂုတ္တနှင့်ဘုရင်အသောကတို့သည် သတ္တပဏ္ဏိလိုဏ်ဂူကို ကြည့်ရှုပြီးသောအခါ ဝေဘာရတောင်အောက် ဆင်းလာကြသည်။ တောင်အောက်တွင် ရေပူစမ်းကို တွေ့ကြသည်။ ဘုရင်အသောကသည် စမ်းမှထွက်နေသည့်ရေကို သွားတို့ကြည့်သည်။ ပူခနဲဖြစ်သွားသည်။ ရှင်ဥပဂုတ္တက ရှင်းပြတော်မူသည်။

“တပေါဒါလို့ခေါ်တဲ့ ဒီရေပူစမ်းဟာ ဘုရားလက်ထက်တော်ကတည်းက ရှိခဲ့တဲ့ရေပူစမ်းဖြစ်တယ် မင်းကြီး။ မဟာကစ္စာယနဘဒ္ဒေကရတ္တသုတ်မှာ သမိဒ္ဓိမထေရ် ဒီရေပူစမ်းမှာ ရေချိုးတယ်ဆိုတဲ့အကြောင်းတွေ့ရတယ်။ ဒီတပေါဒါရေပူစမ်းအနီးမှာပဲ တပေါဒါရာမအမည်ရှိတဲ့ ကျောင်းတိုက်တစ်တိုက်ရှိတယ်။ အဲဒီကျောင်းတိုက်မှာ ရှင်တော်ဘုရား မကြာခဏ သီတင်းသုံးတော်မူတယ်။ မဟာကစ္စာယနဘဒ္ဒေကရတ္တသုတ်နဲ့ သမိဒ္ဓိသုတ်ဟာ အဲဒီကျောင်းတိုက်မှာ ဟောကြားတဲ့ သုတ်များဖြစ်တယ် မင်းကြီး”

ဝေဘာရတောင်အောက်ရှိ ယင်းရေပူစမ်းသည် ယနေ့ထက်တိုင်တည်ရှိနေပေသည်။ ယခုခေတ်တွင်လည်း ဆောင်းရာသီရောက်လျှင် အိန္ဒိယပြည်အနှံ့အပြားမှ ခရီးသည်များသည် ရာဇဂြိုဟ်သို့လာပြီး ယင်းရေပူစမ်းတွင် ရေချိုးလေ့ရှိကြသည်။

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် တစ်တောင်တက် တစ်တောင်ဆင်းနှင့် ဣသိဂိလိတောင်သို့ ရောက်လာကြသည်။ ရှင်ဥပဂုတ္တမထေရ်က ဣသိဂိလိတောင်အကြောင်း ပြောပြတော်မူသည်။

http://www.linhtet.com



"ဒီဣသိဂိလိတောင်အကြောင်းကို ဘုရားရှင်ကိုယ်တိုင် မိန့်တော်မူထားတာရှိတယ်။ ရှေးယခင်အခါက ဒီဣသိဂိလိတောင်မှာ ပစ္စေကဗုဒ္ဓငါးရာနေထိုင် သီတင်းသုံးကြတယ်တဲ့။ ပစ္စေကဗုဒ္ဓါတွေကို တောင်ပေါ်ကြွလာတာကိုသာ မြင်ရပြီး တောင်ပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် ပစ္စေကဗုဒ္ဓါတွေကို မမြင်ရတော့ဘူး။ ကွယ်ပျောက်နေတာကို တွေ့ရတယ်။ ဒါကြောင့် လူတွေက ဒီတောင်ကို ရသေ့ရဟန်းတွေကို မျိုတဲ့တောင်(ဣသိဂိလိ) လို့ အမည်နာမ မှည့်ထားကြတယ်။ ဒီဣသိဂိလိတောင်မှာ ရှင်တော်မြတ်ဘုရားဟာ ဣသိဂိလိသုတ်ကို ဟောကြားတော်မူတယ်"

ရှင်ဥပဂုတ္တသည် ဣသိဂိလိတောင်ကမ်းပါးယံတွင် ရှိနေသည့် အရောင်မည်းမည်း ကျောက်တောင်ကြီးကို ညွှန်ပြလျက် ဤသို့မိန့်တော်မူသည်။

"အရှင်မင်းကြီး၊ အဲဟိုတောင်ကမ်းပါးယံက ကျောက်ဆောင်ကြီးကို တွေ့တယ်မဟုတ်လား။ ကာလသိလာလို့ခေါ်တဲ့ အဲဒီကျောက်ဆောင်ပေါ်မှာ အနာရောဂါကင်းတဲ့နေရာမှာ ဧတဒဂ်ရတဲ့ ရှင်ဗာကုလမထေရ်ဟာ ရဟန်းသံဃာတွေကြားထဲမှာ ထိုင်နေရင်း ပရိနိဗ္ဗာန်ပြုသွားတယ်ဆိုတာ ဗာကုလ (ဗက္ကုလ)သုတ်အရ သိရှိရတယ်။ ဂိလာနဖြစ်နေတဲ့ ဝက္ကလိမထေရ်လဲပဲ အဲဒီကျောက်ဆောင်ပေါ်သွားပြီး ကိုယ့်ကိုယ်ကို သတ်သေတယ်။ ဂိလာနဖြစ်နေတဲ့ ဂေါဓိကမထေရ်လဲပဲ အဲဒီနည်းအတိုင်းပဲ ဒီကျောက်ဆောင်မှာပဲ ကိုယ့်ကိုယ်ကို သတ်သေသွားတယ်"

အသောကမင်းကြီးသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ကာလသိလာကျောက်ဆောင်ကို လှမ်းကြည့်နေသည်။ ထို့နောက် ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် ဝေပုလ္လတောင်သို့ လာကြသည်။ ဝေပုလ္လတောင်သည် ဂိဇ္ဈကုဋတောင်၏ မြောက်ဘက်၌ရှိသည်။ ဝေပုလ္လတောင်ပေါ်၌ စေတီတစ်ဆူရှိသည်။ ထိုစေတီမှာ ရှင်တော်မြတ်ဘုရား တရားဒေသနာတော် ဟောကြားသည့် နေရာ၌ တည်ထားသည့်စေတီဖြစ်သည်။

တောင်များကို လှည့်ပတ်ကြည့်ရှုပြီးသောအခါ ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် ဝေဠုဝန်ကျောင်းတော်သို့ရောက်လာကြသည်။ ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းသည် သာဝတ္ထိဇေတဝန်ကျောင်းကဲ့သို့ပင် ဗုဒ္ဓဘာသာလောက၌ ထင်ရှားကျော်ကြားသည်။ ဝေဠုဝန်ကျောင်းသည် ဂိရိဗ္ဗဇ သို့မဟုတ် ရာဇဂြိုဟ်မြို့ဟောင်း မြောက်ဘက်မြို့တံခါး၏အနောက်ဘက်၌ သို့မဟုတ် ရာဇ

http://www.linhtet.com



ဂြိုဟ်မြို့သစ်၏ အနောက်တောင်ဘက်၌ရှိသည်။ ဝေဠုဝန(ဝေဠုဝန်)ကို ကလန္ဒကနိဝါပနှင့်တွဲ၍ 'ဝေဠုဝနကလန္ဒကနိဝါပ' ဟူ၍ တိပိဋကနှင့် အဖွင့်အဋ္ဌကထာများ၌ မကြာခဏ အသုံးပြုထားသည်။ ယင်းသို့သုံးစွဲရာ၌ သမိုင်းနောက်ကြောင်းရှိသည်။

ရှေးသရောအခါကာလက မဂဓတိုင်းဘုရင်တစ်ပါးသည် ထိုဥယျာဉ်သို့ တောကစားထွက်လာသည်။ မောမောရှိသည်နှင့် ဘုရင်သည် ထိုဥယျာဉ်ထဲတွင် သေရည်ကိုသောက်ပြီး အိပ်ပျော်သွားသည်။ ဘုရင်၏ပါးစပ်မှ သေရည်နံ့ရ၍ မြွေတစ်ကောင်လာပြီး ဘုရင်ကို ကိုက်မည်လုပ်စဉ် တောစောင့်နတ်က ရှဉ့်ယောင်ဆောင်၍ သစ်ပင်ပေါ်က အသံကျယ်လောင်စွာ အော်မြည်လေသည်။ ဘုရင်လန့်နိုးသောအခါ သူ့အသက်ကို ရှဉ့်ကယ်ကြောင်း သိရှိသွားသည်။ ထိုအချိန်မှစ၍ ဘုရင်မင်းကြီးက ထိုနေရာ၌ ရှဉ့်(ကလန္ဒက)တို့ကို မပြတ် အစာ(နိဝါပ) ကျွေးရမည်ဟု အမိန့်ချမှတ်လိုက်လေသည်။ ထို့ကြောင့် ထိုနေရာ၏ အမည်မှာ 'ကလန္ဒကနိဝါပ'ဟူ၍ တွင်နေလေသည်။ ထိုနေရာသည် အခါခပ်သိမ်း ရှဉ့်တို့ကို အစာကျွေးရာ ဘေးမဲ့ပေးရာဌာန ဖြစ်နေလေသည်။ ယင်းအကြောင်း အတ္ထုပ္ပတ်သည် သမန္တပါသာဒိကာ(ဝိနည်းအဋ္ဌကထာ)နှင့် ပပဉ္စသူဒနီ(မဇ္ဈိမနိကာယ်အဋ္ဌကထာ) တို့၌ ပါရှိသည်။

ရှင်ဥပဂုတ္တမထေရ်က ဝေဠုဝန်ကျောင်းတော် အကြောင်းကို အသောကမင်းကြီးအား ရှင်းလင်းပြောပြတော်မူသည်။

"အရှင်မင်းကြီး၊ ဝေဠုဝန်ဥယျာဉ်ဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဗိမ္ဗိသာရမင်းကြီး လှူတဲ့ဥယျာဉ်ဖြစ်တယ်။ ရှင်တော်ဘုရားလက်ထက်တော်အခါက သာဝတ္ထိက ဇေတဝန်ကျောင်းလိုပဲ ဒီဝေဠုဝန်ကျောင်းတော်ဟာလဲ ဗုဒ္ဓတရားဒေသနာ ဖြန့်ဖြူးရာ အချက်အချာဌာန တစ်ခုဖြစ်ခဲ့တယ်။ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်တို့ဟာ ဒီဝေဠုန်မှာပဲ ရဟန်းပြုတော်မူကြတယ်။ သတိဝိနည်း စတဲ့ဝိနည်းခြောက်မျိုးကို ပညတ်တဲ့နေရာဟာ ဒီဝေဠုဝန်ပဲဖြစ်တယ်။ အခြားဝိနည်း အတော်များများကိုလဲ ဒီဝေဠုဝန်မှာပဲ ပညတ်တော်မူတယ်။ ဝေဠုဝန်ကျောင်းတော်မှာ ဘုရားရှင်ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ သီတင်းသုံးသလဲဆိုတာကတော့ ပြောပြဖို့တောင်မလွယ်ဘူး၊ ဝေဠုဝန်ဟာ 'ရမဏီယော ဝေဠုဝနေကလန္ဒကနိဝါပေါ' (ဝေဠုဝန်သည် မွေ့လျော်ဖွယ်ကောင်း၏)လို့ ဘုရားရှင်ကိုယ်တော်တိုင် ထုတ်ဖော်ချီးကျူးထားတဲ့ နေရာဌာနဖြစ်ပေတယ် မင်းကြီး"

http://www.linhtet.com



ဝေဠုဝန်ကျောင်းတိုက်၌ ဘုရားရှင်သည် သုတ္တန်ဒေသနာများကို အများအပြား ဟောကြားတော်မူခဲ့သည်။ နာမည်ကျော် သိင်္ဂါလောဝါဒသုတ် (ဒီဃနိကာယ်)သည် ဝေဠုဝန်၌ ဟောကြားသည့်သုတ် ဖြစ်သည်။ သုတ္တနိပါတ်မှ သဘိယသုတ်၊ မဇ္ဈိမနိကာယ်မှ ရထဝိနီတသုတ်၊ စူဠဝေဒလ္လသုတ်၊ အဘယရာဇကုမာရသုတ်၊ အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်၊ မဟာသကုလုဒါယိသုတ်၊ စူဠသကုလုဒါယိသုတ်၊ ဘူမိဇသုတ်၊ ဓာနံဇာနိသုတ်၊ ဒန္တဘူမိသုတ်၊ ဆန္နောဝါဒသုတ်၊ ပိဏ္ဍပါတပါရိသုဒ္ဓိသုတ်တို့လည်း ဝေဠုဝန်၌ ဟောကြားသည့်သုတ်များပင် ဖြစ်လေသည်။ ဝေဠုဝန်၌ ဟောကြားခဲ့သည့် သံယုတ္တနိကာယ်သုတ်များမှာမူ လေးဆယ်ကျော်ငါးဆယ်နီးပါးရှိသည်။

ရှင်ဥပဂုတ္တမထေရ်က ရာဇဂြိုဟ်အကြောင်းကို ဤသို့ပြောပြီး နိဂုံးချုပ်လိုက်လေသည်။

"အရှင်မင်းကြီး၊ ရာဇဂြိုဟ်နဲ့ရှင်တော်မြတ်ဘုရား ဘယ်ရွေ့ဘယ်မျှဆက်စပ်မှုရှိတယ်ဆိုတာ အရှင်မင်းကြီး သိလောက်ပေပြီ။ ရှင်တော်မြတ်ဘုရားဟာ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ် ရောက်တော်မူပြီးနောက် ရာဇဂြိုဟ်မှာ လေးကြိမ်တိတိ ဝါဆိုတော်မူတယ်။ တတိယဝါ၊ စတုတ္ထဝါ၊ ဆယ့်ခုနစ်ဝါမြောက်ဝါ၊ ဝါနှစ်ဆယ်မြောက်ဝါတို့ဟာ ရာဇဂြိုဟ်မှာ ကပ်တဲ့ဝါများဖြစ်ကြတယ် မင်းကြီး"

❑

http://www.linhtet.com

# သာဝတ္ထိ

သာဝတ္ထိသည် ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်အခါက ကောသလတိုင်း၏နေပြည်တော်ဖြစ်သည်။ ဇမ္ဗူဒိပ်ရှိကြီးကျယ်ထင်ရှားသော မဟာနဂရမြို့ကြီး ခြောက်မြို့ထဲတွင် တစ်မြို့အပါအဝင်လည်း ဖြစ်သည်။ စည်ပင်ဝပြောသည်။ ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသည်။ လူဦးရေထူထပ်ပေါများသည်။ အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသ၏အဆိုအရ အိမ်ထောင်မိသားစု ၅၇ သိန်း သာဝတ္ထိ၌နေသည်။ လူဦးရေ ၁၈ ကုဋေရှိသည်ဟု ဆိုသည်။ ပြည်သူလူထုအတွက် အစားအသောက်အသုံးအဆောင် ဘာမဆို လိုလေသေးမရှိ၊ လွယ်လင့်တကူ ရရှိနိုင်သောကြောင့် သာဝတ္ထိဟု အမည်တွင်သည်။ တစ်နည်းအားဖြင့် တရံရောအခါက ခရီးသည်တစ်စု ထိုနေရာသို့ရောက်လာပြီး "ဒီမှာ ဘာပစ္စည်းရှိသလဲ" ဟုမေးသည်တွင် "ဒီမှာဘာမဆို အကုန်ရှိတယ်" ဟူသောအဖြေကို ရရှိသည်။ ယင်းအဖြေစကားကို အကြောင်းပြု၍ 'သာဝတ္ထိ' တွင်သည်ဟုလည်း ဆိုသည်။ တတိယ ဆိုရိုးစကားတစ်ခုရှိသေးသည်။ ရှေးသရောအခါက 'သဝတ္ထ' အမည်ရှိရသေ့တစ်ပါးနေထိုင်သောကြောင့် သာဝတ္ထိအမည်တွင် သည်ဟူ၍။

သာဝတ္ထိမြို့သည် အစိရဝတီမြစ်ကမ်းပါး၌ တည်ရှိသည်။ ဘုရင့်နန်းတော်မှာလည်း မြစ်ကမ်းပါး၌ပင်ရှိသည်။ ကူးသန်းရောင်းဝယ်မှု အချက်အချာမြို့တစ်မြို့ဖြစ်သည့်အတွက် သာဝတ္ထိသည် တခြားမြို့ကြီးပြကြီးများနှင့် ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် လမ်းပန်းဆက်သွယ်မှုရှိသည်။ သာဝတ္ထိမှ ရာဇဂြိုဟ်သို့ သွားသောလမ်းသည် ဗုဒ္ဓလက်ထက်တော်အခါက အလွန်

http://www.linhtet.com



တရာ ထင်ရှားကျော်ကြားပြီး ခရီးသည်များ ကုန်သည်များ အသွားအလာ အလွန်များသော လမ်းဖြစ်သည်။ ထိုလမ်းတစ်လျှောက်ကမြို့များကား သာဝတ္ထိ၊ သာကေတ၊ ကပိလဝတ်၊ ကုသိနာရုံ၊ ပါဝါ၊ ဘောဂနဂရ၊ ဝေသာလီ၊ ရာဇဂြိုဟ်တို့ဖြစ်ကြသည်။ သာဝတ္ထိမှသွားသော အခြားလမ်းတစ်လမ်းမှာ တောင်ဘက်ပိုင်းလမ်းဖြစ်ပြီး ပတိဋ္ဌာနမြို့အထိရောက်သည်။ ထိုလမ်းတစ်လျှောက်က မြို့များကား သာဝတ္ထိ၊ သာကေတ၊ ကောသမ္ဗီ၊ ဝိဒိသာ၊ ဂေါနဒ္ဓ၊ ဥဇ္ဇေနီ၊ မဟိမတီ၊ ပတိဋ္ဌာနတို့ဖြစ်ကြသည်။ သာဝတ္ထိသည် ထိုမြို့အားလုံးနှင့် စီးပွားရေးဆက်သွယ်မှုရှိသည်။ သာဝတ္ထိမှ သောရေယျကိုဖြတ်လျက် တက္ကသီလာသို့အထိ ကုန်သည်လှည်းများ အဆက်မပြတ် အသွားအလာရှိသည်။ သာဝတ္ထိသည် ဗာရာဏသီနှင့်လည်း ကူးသန်းရောင်းဝယ်ရေး လမ်းပေါက်သည်။ ထိုမြို့နှစ်မြို့အကြား၌ ကီဋာဂိရိအမည်ရှိ အရပ်ဒေသရှိသည်။ သာဝတ္ထိမှ ရာဇဂြိုဟ်အထိ ၄၅ ယူဇနာ၊ တက္ကသီလာအထိ ၁၉၂ ယူဇနာ ဝေးသည်။ သာဝတ္ထိသို့ သာကေတမှ ၆ ယူဇနာ၊ သင်္ကဿမှ ၃၁ ယူဇနာ၊ သုပ္ပာရကမှ ၁၂၀ ယူဇနာ၊ အာဠဝီမှ ၃၈ ယူဇနာ၊ မစ္ဆိကာသဏ္ဍမှ ၃၀ ယူဇနာ၊ ကုက္ကုဋ္ဌဝတီမှ ၁၂၀ ယူဇနာ၊ ကုရရဃရမှ ၁၂၀ ယူဇနာ၊ အသီးသီး ခရီးအကွာအဝေးရှိသည်။

ဗုဒ္ဓတရားပြန့်ပွားထွန်းကားရေးအမြင်ဖြင့်ကြည့်လျှင် သာဝတ္ထိသည် ဗုဒ္ဓလက်ထက်တော်အခါက အလွန်တရာအရေးပါအရာရောက်သော နေရာဌာနဖြစ်သည်။ နိကာယ်ငါးရပ်ရှိသည့်အနက် နောက်ဆုံးနိကာယ်မှတစ်ပါး ကျန်နိကာယ်လေးရပ်၌ပါသည့် ၈၇၁ သုတ်ကို ဘုရားရှင်သည် သာဝတ္ထိ တစ်နေရာတည်း၌သာ ဟောကြားတော်မူသည်။ ယင်းသုတ်များအနက် ၈၈၄ သုတ်ကို ဇေတဝန်ကျောင်းတော်၌လည်းကောင်း၊ ၂၃ သုတ်ကို ပုဗ္ဗာရုံကျောင်းတော်၌လည်းကောင်း ဟောကြားတော်မူသည်။ ကျန် ၄ သုတ်ကိုမူ သာဝတ္ထိ အနီးအနားတစ်ဝိုက်ရှိ နေရာများတွင် ဟောကြားတော်မူသည်။ သာဝတ္ထိ၌ ရှင်တော်ဘုရား ဟောကြားတော်မူသော သုတ်ပေါင်း ၈၇၁ သုတ်အနက် ဒီဃနိကာယ်၌ ၆ သုတ်၊ မဇ္ဈိမနိကာယ်၌ ၇၅ သုတ်၊ သံယုတ္တနိကာယ်၌ ၇၃၆ သုတ်၊ အင်္ဂုတ္တရနိကာယ်၌ ၄၅ သုတ် အသီးသီးပါဝင်ကြသည်။ ထို့ပြင် ဇာတ်တော်ထဲက ၄၁၆ ဇာတ်ကိုလည်း သာဝတ္ထိ၌ပင် ဟောကြားတော်မူသည်။ ယင်းကို ထောက် ၍ သာဝတ္ထိသည် ဗုဒ္ဓတရားဒေသနာထွန်းကားပြန့်ပွားရာ အချက်အချာ အညာဒေသဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

http://www.linhtet.com



ရှင်တော်မြတ်ဘုရားနှင့် ပတ်သက်ဆက်နွယ်နေသည့် မြင့်မြတ်သော နေရာဌာနများသို့ အဖူးမြော်အကန်တော့ သွားရောက်ရေးခရီးစဉ်အရ ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် ရှင်တော်မြတ်ဘုရားနှင့်လည်းကောင်း၊ ရှင်တော်မြတ်ဘုရား၏ တရားဒေသနာတော်နှင့်လည်းကောင်း အဆက်စပ်ဆုံး နေရာဌာနတစ်ခုဖြစ်သည့် သာဝတ္ထိမြို့သို့ ရောက်လာကြသည်။ သာဝတ္ထိမြို့တွင်း ရောက်လာကြသောအခါ ယခင်က ကြက်ပျံမကျစည်ကားခဲ့သော်လည်း တိမ်ကောနေပြီဖြစ်သည့် မြို့ပျက်ကြီးကိုတွေ့မြင်ရသည်။ ရှင်ဥပဂုတ္တမထေရ်က ဤသို့စကားစလေသည်။

"ရှင်တော်မြတ်ဘုရားရဲ့ ဘဝနှင့်လည်းကောင်း၊ ရှင်တော်မြတ်ဘုရားရဲ့ ကြိုးပမ်းဆောင်ရွက်တော်မူချက်များနှင့်လည်းကောင်း၊ ဒီသာဝတ္ထိမြို့ ပတ်သက်ဆက်နွယ်နေတဲ့ အတိုင်းအတာလောက် တခြားဘယ်မြို့ဘယ်ရွာ ဘယ်ဌာနမှ ပတ်သက်ဆက်နွယ်မယ် မဟုတ်ဘူး အရှင်မင်းကြီး။ သာဝတ္ထိဟာ ရှင်တော်မြတ်ဘုရား ဝါကပ်တော်မူတဲ့ နှစ်အရေအတွက်အများဆုံးနေရာဖြစ်တဲ့အပြင် အနေအကြာဆုံး နေရာဌာနတစ်ခုလဲဖြစ်ပေတယ်။ ရှင်တော်မြတ်ဘုရားဟာ ၁၄ ဝါမြောက်မှာ သာဝတ္ထိမှာ တစ်ကြိမ်ဝါကပ်တော်မူတယ်။ ထို့နောက် ၂၁ ဝါမြောက်ကစပြီး ၄၃ ဝါမြောက်အထိ ၂၃ နှစ်လုံးလုံး သာဝတ္ထိမှာပဲ ဝါကပ်တော်မူတယ်။ ဒါကြောင့် ဘုရားရှင် ဟောကြားတော်မူတဲ့ တရားဒေသနာတွေထဲက အများစုဟာ သာဝတ္ထိမှာ ဟောကြားတော်မူတဲ့ တရားဒေသနာတော်တွေသာဖြစ်တယ်။ တစ်ခုတော့ရှိတယ်။ ဒီ ၂၄ နှစ်ပတ်လုံး သာဝတ္ထိမှာချည်း အဆက်မပြတ် သီတင်းသုံးတော်မူတာတော့ မဟုတ်ဘူး။ သာဝတ္ထိမှာ အနေများသော်လည်း ကြိုကြားကြိုကြား ကာလတွေမှာ ရှင်တော်မြတ်ဘုရားဟာ ခရီးအလှမ်းဝေးတဲ့ တခြားအရပ်ဒေသများကိုလဲ ဒေသစာရီဖြန့်ချီတော်မူတယ်။ မိုးတွင်းကာလမှာသာ သာဝတ္ထိပြန်ကြွပြီး ဝါကပ်တော်မူခြင်း ဖြစ်ပေတယ်"

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် သာဝတ္ထိတောင်ဘက်တံခါးအနီးက ဇေတဝန်ကျောင်းတော်ရှိရာသို့ ရောက်လာကြသည်။ ကျောင်းတော်ကြီးမှာ ဗုဒ္ဓလက်ထက်တော်အခါက အလွန်တရာ ခမ်းနားကြီးကျယ်သော်လည်း ယခုမူ ပျက်စီးယိုယွင်းနေပြီ။ အမိုးများ ပြိုကျနေပြီ။ နံရံများ ဖရိုဖရဲဖြစ်နေကြပြီ။ ရှင်ဥပဂုတ္တက ဇေတဝန်ကျောင်းအကြောင်းကို ရှင်းပြတော်မူသည်။

"သာဝတ္ထိမှာ အလွန်တရာ ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးတစ်ဦး

http://www.linhtet.com



သုဒတ္တ လို့ခေါ်တယ်။ အနာထပိဏ္ဍိကလို့လဲ ခေါ်တယ်။ ရှင်တော်ဘုရားနှင့် သူဌေးကြီး ပထမဆုံးစတွေ့တော့ ရှင်တော်မြတ်ဘုရား ဘုရားဖြစ်တာ မကြာသေးဘူး။ သူဌေးကြီးဟာ တစ်နေ့ ရာဇဂြိုဟ်ကို အလုပ်ကိစ္စနဲ့ ရောက်သွားတယ်။ ရာဇဂြိုဟ်သူဌေးကြီးရဲ့နှမက အနာထပိဏ်သူဌေးရဲ့ဇနီးဖြစ်တယ်။ ရာဇဂြိုဟ်မှာရှိနေခိုက် သူဌေးကြီးဟာ ရှင်တော်ဘုရားကို ဖူးတွေ့ရတဲ့အတွက် ရှင်တော်ဘုရားရဲ့ တပည့်ဒါယကာဖြစ်သွားတယ်။ သာဝတ္ထိမပြန်ခင် သူဌေးကြီးက ရှင်တော်ဘုရားကို သာဝတ္ထိကြွလာတော်မူပါလို့ ပင့်လျှောက်သွား တယ်။ သာဝတ္ထိပြန်ရောက်တော့ သာဝတ္ထိမှာ ဘုရားရှင်အတွက် ကျောင်းဆောက်လှူဒါန်းဖို့ နေရာလိုက်ရှာတဲ့အခါ မြို့အပြင်ဘက်မှာရှိတဲ့ ဇေတမင်းသားအပိုင် ဇေတဝန်ဥယျာဉ်ကိုသွားတွေ့တယ်။ အဲဒီနေရာကို အလွန်နှစ်ခြိုက် သဘောကျသွားတဲ့အတွက် သူ့ကိုရောင်းပါလို့ ဥယျာဉ်ပိုင်ရှင်ကို သူဌေးက ပြောတယ်။ ဥယျာဉ်ပိုင်ရှင်ကလဲ သူ့ဥယျာဉ်ကို နှစ်သက်တဲ့အတွက် မရောင်းလိုဘူး၊ ဒါပေမယ့် သူဌေးကြီးက မရမနေ နားပူနားဆာလုပ်နေတဲ့အတွက် ဥယျာဉ်ပိုင်ရှင်က မပေးနိုင်တဲ့ဈေးကိုခေါ်မယ်ဆိုပြီး ဥယျာဉ်မြေတစ်ခုလုံး ရွှေဒင်္ဂါးအပြည့်ခင်းပြီး အဖိုးပေးမယ်ဆိုရင် ရောင်းမယ်လို့ပြောလိုက်တယ်။ သူဌေးကြီးက ဇေတမင်းသားခေါ်တဲ့ ဈေးအတိုင်း ဥယျာဉ်တွင်းမှာ ရွှေဒင်္ဂါးပြားများကို ဖြန့်ခင်းလိုက်တယ်။ ကျောင်းဆောက်ဖို့အတွက် ဝယ်ကြောင်းသိရတဲ့အခါမှာ ဇေတမင်းသားက သူလဲအလှူပါဝင်မယ်ဆိုပြီး နေရာအနည်းငယ်ကို ရွှေဒင်္ဂါးပြား ခင်းခွင့်မပြုတော့ဘူး။ သူဌေးကြီးဟာ မြေနေရာအတွက် ရွှေဒင်္ဂါး ၁၈ ကုဋေပေး လိုက်ရတယ်။ ကျောင်းဆောက်တဲ့အခါနောက်ထပ် ရွှေဒင်္ဂါး ၁၈ ကုဋေ ကုန်ကျတယ်။ ရှင်တော်ဘုရား သာဝတ္ထိကြွလာတဲ့အခါမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဇေတဝန်ကျောင်းကြီး လှူဒါန်းလိုက်တယ်"

ဇေတဝန်ကျောင်းတိုက်အရှေ့ဘက် ဒွါရကောဋ္ဌက တံခါးရှေ့နား၌ ဗောဓိပင်တစ်ပင်ရှိသည်။ ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီးတို့သည် ဗောဓိပင်ရင်းသို့ ရောက်လာကြသည်။ အသောကမင်းကြီးက မေးလျှောက်လိုက်လေသည်။

"ဒီဗောဓိပင်ကို ဘယ်သူစိုက်ခဲ့တာလဲ ဘုရား။ ဗောဓိမဏ္ဍိုင်မှာ ရှိတဲ့ ဗောဓိပင်လိုပဲ ဒီဗောဓိပင်ဟာလဲ ရှင်တော်မြတ်ဘုရားနဲ့ ဆက်စပ်မှုရှိပါ သလားဘုရား"

http://www.linhtet.com



ရှင်ဥပဂုတ္တက ဇောခိပင်ကိုလှမ်းကြည့်ပြီး ပြန်လည်ဖြေကြားသည်။

"ဇေတဝန်ကျောင်းရှေ့မှာရှိနေတဲ့ ဇောခိပင်ဖြစ်နေတဲ့အတွက် ရှင်တော်မြတ်ဘုရားနဲ့ ဆက်စပ်မှုမရှိဘဲ ဘယ်နေပါ့မလဲ မင်းကြီး။ ရှင်အာနန္ဒာကိုယ်တိုင် လုံ့လပြုပြီးစိုက်တဲ့ ဇောခိပင်ဖြစ်တဲ့အတွက် ဒီဇောခိပင်ကို 'အာနန္ဒာဇောခိ' လို့ ခေါ်တယ်။ ရှင်တော်မြတ်ဘုရားကို ရည်မှန်းပြီး ပန်းနံ့သာပူဇော်သက္ကာ ပြုရတဲ့နေရာတစ်ခုခုကို ဖန်တီးပေးပါလို့ အနာထပိဏ်အမှူးရှိတဲ့ သာဝတ္ထိသားတွေက ရှင်အာနန္ဒာကို ဝိုင်းလျှောက်ထားကြတယ်။ အဲဒီအခါမှာ ရှင်အာနန္ဒာမထေရ်ဟာ ရှင်တော်မြတ်ဘုရားရဲ့ ခွင့်ပြုချက်ရယူပြီး ပင်မဖြစ်တဲ့ ဗုဒ္ဓဂယာမှာရှိတဲ့ ဇောခိပင်က အသီးတစ်လုံးဆောင်ကြဉ်းပြီးတော့ ဇေတဝန်ကျောင်းဝင်းတံခါးရှေ့မှာ ပသေနဒီကောသလမင်းကြီးနဲ့ ဝိသာခါတို့ အပါအဝင်များပြားလှတဲ့ မြို့သူမြို့သားတို့ရဲ့ ရှေ့မှောက်မှာ အနာထပိဏ်သူဌေးကြီးကို စိုက်ပျိုးစေခဲ့တယ်။ ရှင်အာနန္ဒာ တောင်းပန်လျှောက်ထားတဲ့အတွက် ရှင်တော်မြတ်ဘုရားဟာ ဒီဇောခိပင်ရင်းမှာ တစ်ညထိုင်ပြီး သမာပတ် ဝင်စားတော်မူတယ်။ ရှင်တော်မြတ်ဘုရားကို ဖူးမြော်ကန်တော့ဖို့ ဇေတဝန်ကျောင်းတော် ရောက်လာကြတဲ့ ဒကာ, ဒကာမများဟာ ဒီဇောခိပင်ကိုလဲ ရှိခိုးဦးတိုက်လေ့ရှိကြတယ်။ ပဒုမဇာတ်နဲ့ ကလိင်္ဂဇောခိဇာတ်ဟာ ဒီဇောခိပင်ကိုရည်ရွယ်ပြီး ဟောခဲ့တဲ့ဇာတ်တော်များ ဖြစ်ပေတယ်"

အသောကမင်းကြီးသည် ဇောခိပင်ရင်း၌ ရိုသေစွာထိုင်ပြီး ရှိခိုးဦးတိုက်လိုက်လေသည်။

ယနေ့ ဇေတဝန်ကျောင်းတိုက် မရှိတော့ပေ။ သို့သော် ကျောင်းတော်ရာ၏ရှေ့၌ ဇောခိပင်တစ်ပင် တွေ့ရသည်။ ထိုဇောခိပင်မှာ အာနန္ဒာဇောခိ၏ မျိုးဆက်ဖြစ်သည်ဟု အသိအမှတ်ပြုထားကြသည်။

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် သာဝတ္ထိအရှေ့ဘက် ပုဗ္ဗာရုံကျောင်းတိုက်ရှိရာသို့ ရောက်လာကြသည်။ ပုဗ္ဗာရုံကျောင်းတိုက်လည်း ဇေတဝန် ကျောင်းတိုက်ကဲ့သို့ပင် ပျက်စီးယိုယွင်းနေပြီ။ ရှင်ဥပဂုတ္တက ပုဗ္ဗာရုံကျောင်းတိုက်အကြောင်း ရှင်းလင်းပြောပြတော်မူသည်။

"ဒီကျောင်းတိုက်ကတော့ ဝိသာခါ ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းဖြစ်တယ်။ သူ့ယောက္ခမ မိဂါရက သူ့ကို မိခင်လို သဘောထားတဲ့အတွက် သူ့ကို မိဂါရမာတာလို့လဲ ခေါ်ကြတယ်။ ဝိသာခါဟာ တစ်နေ့ ဗုဒ္ဓတရားဒေသနာတော်ကို နာကြားနေတုန်း အဖိုးမဖြတ်နိုင်တဲ့ သူ့လက်ဝတ်

http://www.linhtet.com



တန်ဆာတစ်ခု ကျပျောက်သွားတယ်။ အိမ်ပြန်ရောက်မှ ပျောက်မှန်းသိရတယ်။ လိုက်ရှာတဲ့အခါကျတော့ ကျောင်းတိုက်တွင်းမှာ သွားတွေ့တယ်။ ဝိသာခါဟာ အဲဒီလက်ဝတ်တန်ဆာကို မဝတ်လိုတော့ဘဲ ထုခွဲရောင်းချပြီး ကျောင်းဆောက် လုပ်လှူဒါန်းဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် သူ့လက်ဝတ်တန်ဆာကို ထိုက်တန်တဲ့အဖိုးစားနားပေးပြီး ဘယ်သူမှ မဝယ်နိုင်ကြဘူး။ ဒါကြောင့် သူ့လက်ဝတ်တန်ဆာကို သူကိုယ်တိုင် အသပြာ ကိုးကုဋေနဲ့ ပြန်ဝယ်ပြီး အဲဒီ ငွေအသပြာနဲ့ ပုဗ္ဗာရုံကျောင်းတိုက်ကို ဆောက်လုပ် လှူဒါန်းလိုက်တယ်။ ပုဗ္ဗာ ရုံကျောင်းဟာ သာဝတ္ထိမှာ ဇေတဝန်ပြီးရင် အကြီးကျယ်အခမ်းနားဆုံး ကျောင်း တိုက်ဖြစ်တယ်။ အထပ်နှစ်ထပ်ရှိတယ်။ အောက်ထပ်မှာ အခန်းငါးရာရှိပြီး အပေါ်ထပ်မှာ အခန်းငါးရာရှိတယ်။

"ရှင်တော်မြတ်ဘုရားဟာ သာဝတ္ထိမှာ ရှိနေတော်မူတဲ့အခါ နေ့လယ် နေ့ခင်း ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးရင်း ညဥ့်အချိန်မှာ ဇေတဝန်ကျောင်း တိုက်မှာ အချိန်ကုန်လေ့ရှိတယ်။ တကယ်လို့ ညဥ့်အချိန် ပုဗ္ဗာရုံကျောင်းတိုက် မှာ ကျိန်းစက်တော်မူရင် နေ့လယ်နေ့ခင်း ဇေတဝန်ကျောင်းမှာ နေ့သန့်တော်မူ လေ့ရှိတယ်"

ရှင်ပဂ္ဂတ္တမထေရ်သည် သာဝတ္ထိနှင့် ပတ်သက်သည့် အခြား အကြောင်းများကို ဆက်လက် မိန့်တော်မူလေသည်။

"ရှင်တော်မြတ်ဘုရား လက်ထက်တော်အခါက သာဝတ္ထိမှာ ထီးနန်း စိုးစံတဲ့ ဘုရင်ကတော့ ပသေနဒီကောသလ ဖြစ်တယ်။ ပသေနဒီမင်းကြီးဟာ ရှင်တော်မြတ်ဘုရားကို အလွန်ကြည်ညို လေးစားတယ်။ ရှင်တော်မြတ်ဘုရား နဲ့ ပသေနဒီကောသလမင်းကြီးဟာ သက်တူရွယ်တူ လောက်ပဲရှိတယ်။ ဒါ ကြောင့် တရားစကား ဆွေးနွေးတဲ့အခါမှာ အင်မတန်မှ ပွင့်လင်းတယ်။ ရင်းရင်း နှီးနှီးလည်း ရှိတယ်။ တစ်ခါက ဘုရားရှင်က မင်းကြီးကို အစားအစာ လျှော့စား ဖို့ မိန့်တော်မူတယ်။

ဘုရားရှင်မိန့်တော်မူတဲ့အတိုင်း လိုက်နာတဲ့အတွက် ဘုရင်မင်းကြီး ကိုယ်ရေစစ်သွားတယ်။ လိုက်နာမှတ်သားစရာ သင်ခန်းစာအပြည့်ရှိတဲ့ ဇာတ် လမ်းနှစ်ဆယ့်ငါးပုဒ်ပါတဲ့ ကောသလသံယုတ် တစ်ခုလုံးဟာ ပသေနဒီ ကောသလမင်းကြီးကို ဟောကြားတဲ့ တရားဒေသနာတော်ဖြစ်တယ်။ ရှင်တော် ဗုဒ္ဓရဲ့ တပည့်သာဝကတွေထဲက တခြားသာဝတ္ထိသားတွေလဲ အများအပြားရှိ သေးတယ်။ ကင်္ခါရေဝတ၊ ဝက္ကလိ၊ သုဘူတိ၊ အဇိတ၊ ကုဏ္ဍမာန၊ ဝင်္ဂီသ၊

http://www.linhtet.com



သွာဂတ၊ မောဃရာဇ၊ သောဘိတစတဲ့ ရဟန်းတော်များဟာ သာဝတ္ထိနဲ့ တစ်နည်း မဟုတ် တစ်နည်း ဆက်စပ်မှုရှိနေကြတယ်။ မိန်းမတွေထဲကလဲ ဥပ္ပလဝဏ္ဏာ၊ သကုလာ၊ ကိသာဂေါတမီ၊ သောဏာ၊ ပဋာစာရာ စတဲ့ ဘိက္ခုနီ တွေဟာ သာဝတ္ထိနဲ့ပတ်သက် ဆက်နွယ်နေကြတာချည်းပဲ။ ဇာနုသောဏိ ဗြာဟ္မဏလဲ သာဝတ္ထိသားတစ်ဦးဖြစ်တယ်။ အနာထပိဏ်သူဌေးအပြင် မဟာ သုဝဏ္ဏာတို့လို အခြားသူဌေးတွေလဲ သာဝတ္ထိမှာရှိကြသေးတယ်။ အင်္ဂုလိမာလ အကျွတ်တရားရပြီး ရဟန်းဘဝရောက်သွားတာလဲ သာဝတ္ထိမှာပဲ မင်းကြီး"

ဘုရင်အသောကသည် အတိတ်တွင် အရိပ်သဖွယ်ကျန်ခဲ့သည့် သာဝတ္ထိအကြောင်းကို စဉ်းစားယင်း အရှေ့တောင်ဘက်သို့ လှမ်းမျှော်ကြည့် လိုက်သည်။ မလှမ်းမကမ်း၌ ပြာလဲ့သောရေပြင်ကို လှမ်းမြင်ရသည်။ သာဝတ္ထိ သည် တိမ်ကောသွားပြီ။ ပသေနဒီကောသလမင်းကြီး၏ နန်းတော်သည် အုတ် ပုံဘဝရောက်နေပြီ။ ဇေတဝန်နှင့် ပုဗ္ဗာရုံကျောင်းတိုက်များလည်း သင်္ခါရ သဘောကို သရုပ်ဆောင်နေကြပြီ။ သို့သော် သာဝတ္ထိအရှေ့တောင်ဘက်က အစီရဝတီမြစ်ကမူ စီးဆင်းနေဆဲ။ ။

*[ ရှင်ဥပဂုတ္တနှင့် အသောကမင်းတရားကြီး ဗုဒ္ဓဌာနများသို့ အဖူးမြော်ကြွ ရောက်ကြောင်း ရေးသားဖော်ပြထားသော ဒိဗျာဝဒါနကို လည်းကောင်း၊ ပါဠိကျမ်း ဂန်များကိုလည်းကောင်း အခြေခံသည်။ ]*

❑

http://www.linhtet.com

# ဝေသာလီ

ဝေသာလီသည် ဝဇ္ဇီဂဏနိုင်ငံ၏ မြို့တော်ဖြစ်သည်။ ဗုဒ္ဓလက်ထက်တော်အခါက ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံများ ရှိသကဲ့သို့အများဆန္ဒဖြင့် အုပ်ချုပ်သော ဂဏနိုင်ငံများလည်းရှိသည်။ ယင်းဂဏနိုင်ငံများအနက် ဝဇ္ဇီနိုင်ငံသည် အင်အားတောင့်တင်းကြီးမားပြီး ထင်ရှားကျော်ကြားသည့် နိုင်ငံဖြစ်သည်။ ဝဇ္ဇီပြည်ထောင်စု၌ ဂဏပြည်နယ်ရှစ်နယ်ပါဝင်သည်။ ယင်းတို့ကို 'အဋ္ဌကုလိက' ဟု ခေါ်သည်။ လူမျိုးစုရှစ်မျိုးဟု အဓိပ္ပါယ်ရသည်။ သို့သော် ဝဇ္ဇီသည် သီးသန့်လူမျိုးတစ်မျိုး ဖြစ်ရုံသာမက လိစ္ဆဝီစသော လူမျိုးစုအားစုပေါင်းပြီးခေါ်သည့် အမည်နာမလည်း ဖြစ်သည်။ သို့ဖြစ်၍ ဝေသာလီသည် ဝဇ္ဇီ၊ လိစ္ဆဝီတို့နှင့် အတူတကွ ပြည်ထောင်စုထဲတွင်ပါဝင်သည့် ပြည်နယ် သို့မဟုတ် လူမျိုးအားလုံး၏ မြို့တော်လည်း ဖြစ်သည်။

ဝဇ္ဇီဂဏနိုင်ငံ၏ အရှေ့ဘက်၌ ဗာဟုမတီ(ဗာဂမတီ)မြစ် ရှိသည်။ အနောက်ဘက်၌ မဟီ(ဂဏ္ဍက်)မြစ်ရှိသည်။ မလ္လနိုင်ငံနှင့် လည်းကောင်း၊ မဂဓနိုင်ငံနှင့်လည်းကောင်း၊ ဝဇ္ဇီနိုင်ငံသည်နယ်ချင်းစပ်နေသည်။ မလ္လနိုင်ငံ၏ အရှေ့ဘက် သို့မဟုတ် အရှေ့တောင်ဘက်၌ရှိပြီး မဂဓနိုင်ငံ၏ မြောက်ဘက်၌ရှိသည်။ ဂင်္ဂါမြစ်သည် မဂဓနိုင်ငံနှင့် ဝဇ္ဇီနိုင်ငံ၏နယ်စပ်၌ ရှိသည်။

ဝေသာလီမြို့တော်သည် အလွန်တရာကြီးကျယ် စည်ကားသည်။ လူနေအိမ်ခြေနှင့် လူဦးရေထူထပ်ပေါများသည်။ ဈေးဆိုင်ကနားစည်ကား သည်။ ပြာသာဒ်ဗိမာန် ၇၇၀၇-ခု ရှိသည်။ ဘုံအထွတ်ရှိသည့် အဆောက်အအုံ ၇၇၀၇-ရှိသည်။ ကျောင်းအရာမ် ၇၇၀၇-ခု ရှိသည်။ ရေကန် ၇၇၀၇-ရှိသည်။

http://www.linhtet.com



မြို့နေလူဦးရေ တိုးပွားများပြားလာသဖြင့် မြို့တံတိုင်းကို သုံးကြိမ်သုံးခါ ချဲ့ထွင်ဖောက်လုပ်ရသည်။ ထို့ကြောင့် ဝေသာလီ(ဝိသာလချဲ့ခြင်း) အမည်တွင်ခြင်းဖြစ်သည်။ ဝေသာလီမြို့ကို တံတိုင်းသုံးထပ် ကာရံထားသည်။ တံတိုင်းတစ်ခုနှင့်တစ်ခု သုံးဂါဝုတ်ဝေးသည်။

*

ရှင်တော်မြတ်ဘုရား သီတင်းသုံးတော်မူသွားခဲ့သည့် နေရာဒေသများသို့ လှည့်လည်သွားလာရေး ခရီးစဉ်အရ အသောကမင်းကြီးသည် ဝေသာလီမြို့ဟောင်းသို့ ခရီးဖြန့်ချီလာလေသည်။ မင်းကြီးနှင့်အတူ ရာဇဂုရု ရှင်ဥပဂုတ္တလည်း ပါလာသည်။ ဝေသာလီသို့ရောက်ရန် ဂင်္ဂါမြစ်ကို ကျော်ဖြတ်ကြရသည်။

"ဝဇ္ဇီနိုင်ငံနဲ့ မဂဓနိုင်ငံတို့ဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတည့်ကြဘူး။ ဒီနှစ်နိုင်ငံရဲ့ ပဋိပက္ခဟာ ဗုဒ္ဓလက်ထက်တော်က ပြည်ထောင်အချင်းချင်းဖြစ်ပွားကြတဲ့ ပဋိပက္ခတွေထဲမှာ ဖြေရှင်းလို့မရတဲ့ ပဋိပက္ခကြီးတစ်ခုဖြစ်တယ် မင်းကြီး"

ဂင်္ဂါမြစ်ကို ဖြတ်ကျော်ရုံရှိသေး ရှင်ဥပဂုတ္တက သူ၏ဝေသာလီသမိုင်းကို စတင်လေတော့သည်။

"အခု အရှင်မင်းကြီး ထီးနန်းစိုးစံနေတဲ့ ပါဋလိပုတ်နေပြည်တော်နေရာဟာ ဘုရင်ဗိမ္ဗိသာရလက်ထက်က ပါဋလိဂါမဆိုတဲ့ ရွာနိဂုမ်းမျှသာဖြစ်တယ်။ မဂဓနဲ့ဝဇ္ဇီနှစ်နိုင်ငံဟာ နယ်စပ်မှာ ကုန်ပစ္စည်း အခွန်အတုတ်စည်းကြပ်ရေးနဲ့ ပတ်သက်ပြီး အငြင်းပွားခဲ့ကြတယ်။ ဘုရင်အဇာတသတ်လက်ထက်မှာ အဇာတသတ်နဲ့ အမတ်ကြီး ဝဿကာရတို့က ဝဇ္ဇီနိုင်ငံဖြိုဖျက်ရေး စီမံကိန်းနဲ့ ပါဋလိပုတ်မြို့ကို တည်ဆောက်လိုက်ကြခြင်းဖြစ်တယ်။ ဝဇ္ဇီနဲ့မဂဓနိုင်ငံ ပဋိပက္ခမှာ ရှင်တော်ဘုရားဟာ ဘယ်ဘက်ကိုမှ မလိုက်ဘူး။ အမှန်ကတော့ ရှင်တော်ဘုရားဟာ အများဆန္ဒနဲ့ အုပ်ချုပ်တဲ့ ဂဏအုပ်ချုပ်ရေးစနစ်ကို လိုလားနှစ်သက်တော်မူတယ်။ ဒါကြောင့် တစ်ခါက ဝဇ္ဇီတို့ကို အပရိဟာနိယ တရား လိုက်နာစောင့်ရှောက်ဖို့ ဆုံးမဟောကြားတော်မူခြင်းဖြစ်တယ်။ အဲဒီတရားကိုပဲ ဝဿကာရ အမတ်ကြီးရှေ့မှာ တစ်ခါပြန်ဟောကြားပြီး ဝဇ္ဇီတို့ဟာ အပရိဟာနိယတရား ခုနစ်ပါးကို လိုက်နာနေသေးသရွေ့ ဘယ်တော့မှ ကျဆုံးမှာမဟုတ်ဘူးလို့ မိန့်တော်မူတယ်။ တစ်ခါတုန်းကလဲ ဘုရားရှင်ဟာ ဝဇ္ဇီတို့ရဲ့ စည်းကမ်းကြီး

http://www.linhtet.com



ပုံ၊ လုံ့လဥဿာဟနှင့် ပြည့်စုံပုံ၊ နိုးနိုးကြားကြားရှိပုံကို ညွှန်ပြတော်မူပြီး အဲဒီအတိုင်း သတိပေးတော်မူတယ်။ ဒါပေမယ့် လိစ္ဆဝီတို့ အပျော်ကြူးပုံကို တွေ့တော်မူပြန်တော့ လိစ္ဆဝီတို့ ကျဆုံးချိန်နီးကပ်လာပြီလို့ ထုတ်ဖော်ပြောပြတော်မူတယ်။ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့အတိုင်းပဲ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာ လိစ္ဆဝီတို့ပြိုကွဲပြီး ဘုရင်အဇာတသတ် လက်အောက်ရောက်သွားကြရတယ်"

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် ဝေသာလီမြို့တွင်းသို့ ရောက်လာကြသည်။ ရှေးဦးစွာ မြို့လယ်ရှိအဆောက်အအုံပျက်တစ်ခုရှိရာသို့ လာကြသည်။ ရှင်ဥပဂုတ္တက ထိုအဆောက်အအုံပျက်ကို ညွှန်ပြပြီးမိန့်တော်မူလေ၏။

"အဲဒီအဆောက်အအုံဟာ လိစ္ဆဝီတို့ရဲ့ သန္ထာဂါရ (လွှတ်တော်)ဖြစ်တယ်။ ရာဇာလို့ခေါ်တဲ့ လိစ္ဆဝီဂဏအဖွဲ့ဝင် ၇၇၀၇–ဦးရှိတယ်။ လိစ္ဆဝီဂဏအဖွဲ့ဝင်တွေဟာ ဒီသန္ထာဂါရမှာ စည်းဝေးဆုံးဖြတ်ပြီး လုပ်ငန်းဆောင်တာ အဝဝကို လုပ်ကိုင်ဆောင်ရွက်ကြတယ်။ ဒီသန္ထာဂါရမှာ စည်းဝေးဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်ကို လိစ္ဆဝီတိုင်း လိုက်နာကြရတယ် မင်းကြီး"

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် သန္ထာဂါရကို ကြည့်ပြီးသောအခါ မြို့တော်အနောက်ဘက် တံခါးအနီးသို့ ရောက်လာကြသည်။ ထိုနေရာ၌ ကြာမျိုးစုံ ပွင့်လန်းဝေဖြာနေသည့် ရေကန်ကြီးတစ်ကန်ကို တွေ့ကြရသည်။ ရှင်ဥပဂုတ္တက ရေကန်အကြောင်းကို ရှင်းပြတော်မူသည်။

"ဒီရေကန်ဟာ ဝေသာလီက အင်မတန်ကျော်ကြားတဲ့ မင်္ဂလာပေါက္ခရဏီရေကန်ကြီးဖြစ်တယ်။ လိစ္ဆဝီဂဏအဖွဲ့ဝင်တိုင်းဟာ ဒီကန်မှာရေချိုးပြီး အဘိသိက်သွန်းရတယ်။ ဒီကန်မှာ အဘိသိက်သွန်းပြီးမှ သန္ထာဂါရကို တက်ခွင့်ရတဲ့ ဂဏအဖွဲ့ဝင်ဖြစ်လာတယ်။ အဲဒီအချိန်တုန်းက ဒီရေကန်မှာ အစောင့်အကြပ်တွေ တင်းတင်းကျပ်ကျပ် ချထားတယ်။ ဒါပေမယ့် အဲဒီလို အစောင့်အကြပ်တွေ တင်းတင်းကျပ်ကျပ် ချထားတဲ့ကြားထဲက ထူးခြားတဲ့အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်ခဲ့တယ်။ ပသေနဒီမင်းကြီးထံမှာ သေနာပတိအဖြစ် အမှုထမ်းနေတဲ့ ဗန္ဓုလမလ္လရဲ့ဇနီး မလ္လိကာဟာ ကိုယ်ဝန်ဆောင်နေတုန်း ထူးထူးဆန်းဆန်း လိစ္ဆဝီဂဏအဖွဲ့ဝင်တွေ အဘိသိက်သွန်းတဲ့ မင်္ဂလာပေါက္ခရဏီရေကန်က ရေကိုမှ သောက်ချင်တယ်လို့ ချင်ခြင်းတပ်တယ်။ ဗန္ဓုလမလ္လဟာ အစောင့်အကြပ်တွေ ဓားမိုးစောင့်နေတဲ့ကြားထဲက သူ့ဇနီးမလ္လိကာကို ရေကန်

http://www.linhtet.com



အရောက်ခေါ်သွားပြီး ချင်ခြင်းဖြည့်ပေးခဲ့တယ် မင်းကြီး"

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် ဝေသာလီမြို့အပြင်ဘက် ထွက်လာကြသည်။ မြို့အပြင်ဘက် မြောက်စူးစူး လှမ်းမျှော်ကြည့်လိုက်သော အခါ စိမ်းစိမ်းညို့ညို့ တောတန်းကြီးကို တွေ့ရသည်။ ကပိလဝတ်ဆီမှ ဝေသာလီအထိ ပုံ့ပျူးတည်ရှိနေသည့် တောတန်းကြီးဖြစ်သည်။ ယင်းသို့ ရှုမဆုံး၊ ကြည့်မဆုံး ပုံ့ပျူးတည်ရှိနေသောကြောင့် ယင်းတောကို မဟာဝန မဟာဝုန်တောဟုခေါ်သည်။ ဝေသာလီအနီးရှိ ယင်းမဟာဝုန်တောအတွင်း၌ ကြီးမားသော အဆောက်အအုံပျက်ကြီးတစ်ခုကို တွေ့ရသည်။ ယင်း အဆောက်အအုံကြီးမှာ ရှင်တော်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က 'မဟာဝန ကုဋ္ဌာဂါရသာလာ' အမည်ဖြင့် ထင်ရှားခဲ့သော အဆောက်အအုံကြီးဖြစ်တယ်။ ယခုပြိုပျက်ယိုယွင်း နေပြီဖြစ်သော်လည်း ဗုဒ္ဓလက်ထက်တော်အခါက နတ်ဗိမာန်သဖွယ် ကြီးကျယ် ခမ်းနားလှသည်။ ကြီးမားခိုင်ခံ့သော တိုင်ကြီးများစိုက်ထူ၍ ပြာသာဒ်ဘုံဗိမာန် သဖွယ် ဆောက်လုပ်ထားသည်။ အပေါ်၌ ဘုံအထွတ်တင်ထားသည်။ ထို ကြောင့် 'ကုဋ္ဌာဂါရသာလာ' ဟု အမည်တွင်ခြင်းဖြစ်သည်။ ရှင်ဥပဂုတ္တက ယင်းအဆောက်အအုံကြီးအကြောင်းကို ဘုရင်အသောကအား ရှင်းပြတော်မူ သည်။

"အရှင်မင်းကြီး၊ မဟာဝန ကုဋ္ဌာဂါရသာလာလို့ခေါ်တဲ့ အဆောက်အအုံကြီးဟာ ရှင်တော်ဗုဒ္ဓနဲ့ ရှင်တော်ဗုဒ္ဓရဲ့တပည့်သာဝကများ တရားဓမ္မဖြန့်ဖြူး ဟောကြားရာ အချက်အချာဌာနတစ်ခု ဖြစ်ခဲ့တယ်။ စူဠသစ္စကသုတ်၊ မဟာသစ္စကသုတ်၊ သုနက္ခတ္တသုတ်၊ ပဇ္ဈန္နဓိကသုတ်၊ စူဠပဇ္ဈန္နဓိကသုတ်၊အာယတနသုတ်၊ တဘိယဝတသုတ်၊ ကလိင်္ဂရသုတ်၊ ဝိသာခသုတ်၊ မဟာလိသုတ်၊ အနုရာဓသုတ်၊ ပထမဂေလညသုတ်၊ ဒုတိယဂေလညသုတ်၊ စေတီသုတ်၊လိစ္ဆဝီသုတ်၊ ပထမဆိဂ္ဂလသုတ်များကို ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဒီမဟာဝန ကုဋ္ဌာဂါရသာလာမှာပဲ ဟောကြားတော်မူခဲ့တယ်။ တိတ္တိရဇာတ်ကိုလည်း ဒီမှာပဲ ဟောတော်မူတယ်။ ဒီကုဋ္ဌာဂါရသာလာမှာ သီတင်းသုံးတော်မူရင်း ရှင်တော်ဘုရားဟာ ရဟန်းတွေကို 'ရဟန်းတို့၊ ငါဘုရားရက်သတ္တာဟ နှစ်ပတ်တိတိ တစ်ကိုယ်တည်း သီတင်းသုံးလိုတော်မူတယ်။ ဆွမ်းလှူဒါန်းဆောင်ကြဉ်းလာသူမှ တစ်ပါး တခြားမည်သူကိုမျှ ငါဘုရား၏အပါး လာခွင့်မပြုနှင့်' လို့ မိန့်တော်မူဖူးတယ်။ ဘုရားရှင်ဟာ ကောသလတိုင်း ဣစ္ဆာနင်္ဂလဗြာဟ္မဏရွာမှာ သီတင်း သုံးတော်မူစဉ်ကလဲ အခုလိုပဲ သုံးလတိတိ ကိုယ်တော်တစ်ပါးတည်း

http://www.linhtet.com



သီတင်း သုံးတော်မူဖူးတယ်"

"ရှင်တော်မြတ်ဘုရားဟာ ဝေသာလီကို ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ကြွလာတော်မူပါသလဲ ဘုရား"

အသောကမင်းကြီး အမေးကို ရှင်ဥပဂုတ္တက ဤသို့ဖြေကြားတော်မူသည်။

"ရှင်တော်ဘုရား ဘုရားဖြစ်တော်မူပြီး ငါးနှစ်အကြာမှာ ခမည်း တော် သုဒ္ဓေါဒန နစ်ရှာစံတယ်။ အဲဒီအချိန်က ဘုရားရှင်ဟာ ဝေသာလီမဟာဝုန်တော ကူဋာဂါရသာလာမှာ သီတင်းသုံးနေတော်မူခိုက်ဖြစ်တယ်။ ဘုရားရှင်ဟာ ဝေသာလီက ကပိလဝတ်ကို ကြွတော်မူတယ်။ ကပိလဝတ်မှာ မိထွေးတော် ပဇာပတိ ဂေါတမီက သူ့ကို ဘိက္ခုနီလုပ်ခွင့်ပေးဖို့ ဘုရားရှင်ကို တောင်းပန် လျှောက်ထားတယ်။ ဘုရားရှင်က ခွင့်မပြုဘူး။ ဝေသာလီပြည်ကြွလာပြီး မဟာ ဝုန်တောမှာပဲ ပဥ္စမဝါကပ်တော်မူတယ်။ ပဇာပတိ ဂေါတမီက လက်မလျှော့ ဘူး၊ ဝေသာလီအထိ လိုက်လာပြီး ရှင်အာနန္ဒာရဲ့ အကူအညီနဲ့ ထပ်မံလျှောက် ထားပြန်တယ်။ အဲဒီအခါကျတော့မှ ဘုရားရှင်က ဘိက္ခုနီသံဃာ တည်ထောင် ခွင့်ပေးလိုက်တယ်။ အဖိနှိပ်ခံ မိန်းမသားများအတွက် ပိတ်ထားတဲ့ လမ်းမကြီး ပွင့်သွားတာ ဒီဝေသာလီမှာပဲ မင်းကြီး။

အဲဒီအရင်ကလဲ ဘုရားရှင်ဟာ ဝေသာလီကို ကြွလာတော်မူခဲ့ဖူး သေးတယ်။ ဒုတိယဝါမကပ်မီ ဘုရားရှင်ကိုယ်တော်မြတ်ဟာ လိစ္ဆဝီတွေရဲ့ ပင့်ဖိတ်ချက်အရ ရာဇဂြိုဟ်ကနေပြီး ဝေသာလီကို ကြွလာတော်မူတယ်။ အဲဒီ အချိန်က ဝေသာလီမှာ ကပ်ရောဂါ ဖြစ်ပွားနေတယ်။ ရှင်တော်ဘုရား ရတန သုတ် ဟောကြားတော်မူတဲ့အတွက် ဝေသာလီ တစ်မြို့လုံးရောဂါဘယ ကင်း ရှင်းသွားတယ် မင်းကြီး"

ရှင်ဥပဂုတ္တာသည် အသောကမင်းကြီးအား ဝေသာလီတောင်ဘက်ရှိ သရက်ဥယျာဉ်ကြီးတစ်ခုသို့ ခေါ်သွားသည်။ အရိပ်အာဝါသ ကောင်းလှသည့် သရက်ပင်များဖြင့် ဥယျာဉ်တစ်ခုလုံး ပြည့်နေသည်။ သရက်ဥယျာဉ်တွင်း ရောက်သွားသောအခါ အသောကမင်းကြီး ကြည့်နူးသွားလေ၏။

"အရှင်မင်းကြီး၊ ရှင်တော်ဘုရား နောက်ဆုံးအကြိမ် ဝေသာလီကြွ လာတဲ့အခါမှာ ဦးစွာ ဒီသရက်ဥယျာဉ်မှာ သီတင်းသုံးပြီး ဥယျာဉ်ပိုင်ရှင် ပြည့် တန်ဆာ အမ္ဗပါလီလှူဒါန်းတဲ့ဆွမ်းကို ဘုဉ်းပေးတော်မူတယ်။ ဒီဥယျာဉ်ရဲ့ အမည်နာမဟာ ပိုင်ရှင်ဖြစ်တဲ့ ပြည့်တန်ဆာရဲ့ အမည်ကိုအစွဲပြုပြီး အမ္ဗပါလီဝန

http://www.linhtet.com



လို့ တွင်နေတယ်။ အမ္ဗပါလီဟာ သူပိုင်ဥယျာဉ်ကို ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာများကို အပြီးအပိုင် လှူဒါန်းလိုက်တယ် မင်းကြီး။

ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီးတို့သည် သရက်ဥယျာဉ်တွင်း၌ တအောင့်တနား နားနေကြပြီးနောက် သရက်ဥယျာဉ်တွင်းမှ ထွက်လာကြပြီးလျှင် ဝေသာလီတွင်ရှိသော ကျောင်းတိုက်နှင့် စေတီများအနက် လိစ္ဆဝီတို့အား ဘုရင်ရှင် အပရိဟာနိယ တရားတော်ဟောကြားရာဖြစ်သည့် သာရန္ဒဒစေတီကိုလည်းကောင်း၊ သုံးလလွန်မြောက်သည့်အခါ ငါဘုရား ပရိနိဗ္ဗာန်စံမည်ဟု အာနန္ဒာအား ဘုရားရှင် ထုတ်ဖော်မိန့်ကြားရာဖြစ်သည့် စာပါလစေတီကိုလည်းကောင်း ဖူးမြော်ကြလေသည်။

ဝေသာလီမြို့နှင့်ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ရှင်တော်ဗုဒ္ဓနှင့်ပတ်သက်ဆက်နွယ်နေသည့် နေရာဌာနများကို ဖူးမြော်ကြည့်ရှု၍ ကုန်သလောက်ရှိသောအခါ အရှင်ဥပဂုတ္တက အသောကမင်းကြီးအား အမိန့်ရှိတော်မူလေသည်။

"အရှင်မင်းကြီး၊ ရှင်တော်ဘုရားဟာ ပရိနိဗ္ဗာန်ဝင်စံခါနီး ရာဇဂြိုဟ်ကနေ ကုသိနာရုံအထိ နောက်ဆုံး ဒေသစာရီခရီးကြွတော်မူတယ်။ အဲဒီခရီးမှာ ရှင်တော်ဘုရားဟာ ဝေသာလီမှာ အချိန်အတန်ကြာ နားနားနေနေ သီတင်းသုံးတော်မူခဲ့တယ်။ ဝေသာလီအနီးမှာရှိတဲ့ ဝေဠုကဂါမက ရွာငယ်မှာ နောက်ဆုံးဝါကို ကပ်တော်မူတယ်။ ဝေသာလီက ခရီးဆက်တဲ့အခါမှာ ရှင်တော်ဘုရားဟာ မြို့အနောက်တံခါးက ထွက်တော်မူပြီး ဝေသာလီကို ဆင်ပြောင်ကြီးကြည့်သလို တစ်ကိုယ်လုံး လှည့်ကြည့်ပြီးတော့ ရှင်အာနန္ဒာကို 'အာနန္ဒာ၊ ယခုတစ်ကြိမ် ကြည့်ခြင်းသည် ဝေသာလီကို ငါဘုရား နောက်ဆုံးအကြိမ် ကြည့်ခြင်းဖြစ်၏' လို့ မိန့်တော်မူတယ်။ ဘယ်လောက် ကြေကွဲဖွယ်ကောင်းသလဲ မင်းကြီး။ ဝေသာလီဟာ နယ်နယ်ရရမြို့ မဟုတ်ဘူး။ ဘုရားရှင်ကိုယ်တော်တိုင်က ယခုလို မိန့်တော်မူရတဲ့မြို့ဖြစ်ပေတယ်။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာ လိစ္ဆဝီတွေဟာ ဘုရားရှင်ရဲ့ ဓာတ်တော် တစ်ဖို့ကို ရရှိကြတယ်။ ဘုရားရှင်ဓာတ်တော်ကို ဌာပနာပြီး ဒီဝေသာလီမှာပဲ စေတီပုထိုး တည်ထားတယ်။ ဘုရားရှင်မရှိတော့တဲ့ နောက်မှာလဲ ဒီဝေသာလီဟာ ဗုဒ္ဓသာသနာတော်နဲ့ ကင်းကွာမနေခဲ့ဘူး။ ဒုတိယ သင်္ဂါယနာတင်တာ ဒီဝေသာလီမှာပဲ အရှင်မင်းကြီး။ ဝေသာလီသား ဝဇ္ဇီရဟန်းတချို့ ဝိနည်းကို ဖောက်လွဲဖောက်ပြန် ကျင့်ကြံတဲ့အတွက် ဝေသာလီမှာရှိတဲ့ ဝါဠုကာရုံကျောင်းတိုက်မှာ ဒုတိယ သင်္ဂါယနာကို တင်ခဲ့တယ်"

http://www.linhtet.com



နောင်သောအခါ ဝေသာလီအနီးရှိ မဟာဝုန်တော ကုဋာဂါရသာလာ အနီး၌ အသောက ကျောက်တိုင်ကြီးတစ်တိုင် မားမားမတ်မတ် စိုက်ထူထားသည်ကို တွေ့ရလေသည်။ ယင်းကျောက်စာတိုင်ကြီးမှာ ဘုရင်အသောက ဝေသာလီသို့ တိုင်းခန်းလှည့်လည်သည့် အထိမ်းအမှတ်သဖွယ် ဖြစ်နေလေသည်။

*[ ရှင်ဥပဂုတ္တနှင့် အသောကမင်းတရားကြီး ဗုဒ္ဓဌာနများသို့ အဖူးမြော်ကြွရောက်ကြောင်း ရေးသားဖော်ပြထားသော ဒိဗျာဝဒါနကို လည်းကောင်း၊ တရုတ်ရဟန်းများ၏ ခရီးသွားမှတ်တမ်းများနှင့် ပါဠိကျမ်းဂန်များကိုလည်းကောင်း အခြေခံသည်။ ]*

❑

# ကောသမ္ဗီ

ကောသမ္ဗီသည် သောဠသရဋ္ဌတိုင်းကြီး တစ်ဆယ့်ခြောက်တိုင်း အပါအဝင် ဝံသတိုင်း၏မြို့တော်ဖြစ်သည်။ ရှင်တော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ထင်ရှားကျော်ကြားသော မြို့ကြီးခြောက်မြို့ထဲတွင် တစ်မြို့အပါအဝင်ဖြစ်သည်။ မြို့တည်စကပင် ပတ်ဝန်းကျင်အနီးအနားရှိ 'ကောသမ္ဗီ'သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ မြို့တည်သောအကြောင့် 'ကောသမ္ဗီ' အမည်တွင်သည်ဟု ဆိုသည်။ ကုသုမ္ဗရသေ့၏ သင်္ခမ်းကျောင်းအနီး၌ တည်သောကြောင့် ကောသမ္ဗီအမည်ရသည်ဟုလည်း ဆိုကြသည်။ ကောသမ္ဗီမြို့သည် ယမုန်နာမြစ်ကမ်း၌ရှိသည်။ ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ်ကလည်းကောင်း၊ နောက်ပိုင်းရာစုနှစ်များစွာအထိ လည်းကောင်း၊ ကောသမ္ဗီ သည် ဗုဒ္ဓဘာသာ၏အချက်အချာ ဌာနတစ်ခုဖြစ်ခဲ့သည်။ သာဝတ္ထိမှ ပတိဋ္ဌာန သို့ သွားသောတောင်ဘက်လမ်း၌ ကောသမ္ဗီသည် အရေးပါအရာရောက်သော စခန်းတစ်ခုဖြစ်သည်။ ကောသမ္ဗီမှ မြောက်ပိုင်းသို့ သာကေတနှင့် သာဝတ္ထိအထိလည်းကောင်း၊ တောင်ပိုင်းသို့ ဝိဒိသာ၊ ဂေါနဒ္ဓ၊ ဥဇ္ဇေနီ၊ မဟိမတီ၊ ပတိဋ္ဌာန အထိလည်းကောင်း ကုန်းလမ်းခရီးပေါက်သည်။ ကောသမ္ဗီနှင့် ရာဇဂြိုဟ် အကြားတွင်လည်း ကုန်းလမ်းတစ်လမ်းရှိသည်။ ဗာရာဏသီမှ ဥဇ္ဇေနီသို့သွားသော လမ်းတစ်လမ်းမှာ ကောသမ္ဗီနှင့် စေတိကို ဖြတ်သွားသည်။ ကောသမ္ဗီမှ ပယာဂ၊ ပတိဋ္ဌာနသို့ ယမုန်နာမြစ်ကြောင်းမှ သွား၍ရသည်။ ထိုမှတစ်ဆင့် ရှေ့ဆက်၍ ဂင်္ဂါရေကြောင်းမှ ဗာရာဏသီ၊ ပါဋလိပုတ်၊ တာမရလိပ္ပတိမြို့များသို့အထိ သွား၍ရသည်။

http://www.linhtet.com



"အရှင်ဘုရား၊ ဗုဒ္ဓ၏ဘဝဖြစ်တော်စဉ်နဲ့ ပတ်သက်ဆက်နွယ်နေတဲ့ အခြားဌာနများအကြောင်း ရှင်းလင်းပြောပြသလို ဒီကောသမ္ဗီရဲ့ အကြောင်းလဲလဲ တပည့်တော်ကို ရှင်းလင်းပြောပြတော်မူပါဦး ဘုရား"

ကောသမ္ဗီသို့ ရောက်လာသော အသောကမင်းကြီးက သူ၏ဓမ္မဂုရု ရှင်ဉပဂုတ္တအား မေးလျှောက်လိုက်လေသည်။ ရှင်ဉပဂုတ္တနှင့် အသောကမင်းကြီးတို့သည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က သာသနာရောင်ဝါလင်းခဲ့သည့် ဌာနတစ်ခုဖြစ်သော ကောသမ္ဗီတွင် ရောက်ရှိနေကြသည်။ ဘုရားပွင့်ချိန်မှစ၍ နှစ်ပေါင်းသုံးရာလောက် ကျော်လာခဲ့ပြီဖြစ်၍ မြို့မှာ တိမ်ကောစပြုနေပြီ။ ယခင်က တစ်ထီးတစ်နန်းနှင့် ထည်ထည်ဝါဝါ ရှိခဲ့သော်လည်း ယခုမူ အသောကမင်းကြီး၏ပိုင်နက် နိုင်ငံတော်အတွင်းက ဒေသတစ်ခုမျှသာဖြစ်သည်။ ဘုရင့်နန်းပြာသာဒ်မှာ ပြိုလဲပျက်စီးနေပြီ။ ကျောင်းတိုက်ဟောင်းများတွင်မူ ရဟန်းသံဃာများ ဖြိုးဖြိုးဖြောက်ဖြောက် ဖူးတွေ့ရတုန်းပင်ရှိသေးသည်။ ရှင်ဉပဂုတ္တက ဘုရင်မင်းကြီး၏အမေးစကားကို ပြန်လည်ဖြေကြားသည်။

"ရှင်တော်မြတ်ဘုရား လက်ထက်တော်အခါက ဒီဝံသတိုင်း ကောသမ္ဗီမှာ ဘုရင်ဉတေန(ဉဒယန)ထီးနန်းစိုးစံတယ်။ ဝံသတိုင်းဟာ တစ်ဘက်မှာ မဂဓနဲ့ အဝန္တိကြားထဲရောက်နေပြီး အခြားတစ်ဘက်မှာတော့ ကောသလနဲ့ အဝန္တိကရံနေတယ်။ အင်းအားကြီးနိုင်ငံများဖြစ်တဲ့ မဂဓတို့၊ အဝန္တိတို့၊ ကောသလတို့ဟာ ဝံသတိုင်းကို အချိန်မရွေး သိမ်းယူလို့ရနိုင်တဲ့ အခြေအနေရှိနေတယ်။ ဒါကြောင့် ဉတေနဘုရင်ဟာ အင်အားဖြည့်တဲ့ နည်း တစ်နည်းကို ရှာကြံတယ်။ အဲဒီနည်းကတော့ အိမ်နီးချင်းနိုင်ငံနဲ့ သွေးချင်းသား ချင်းစပ်အောင်လုပ်တဲ့နည်းပဲ။ ဉတေနမင်းကြီးဟာ အဝန္တိဘုရင်စဏ္ဍပဇ္ဇောတ ဘုရင့်သမီးတော် ဝါသုလဒတ္တာနဲ့ လက်ထပ်လိုက်တယ်။

"သူတို့လက်ထပ်ပုံ လက်ထပ်နည်းကလဲ ခပ်ဆန်းဆန်းပဲ၊ ပြောပြရဦးမယ်။ ဉတေနဘုရင်ဟာ ထူးထူးခြားခြား ဆင်ရိုင်းတွေကိုဖမ်းတဲ့ မန္တန်တတ်တယ်။ အဲဒီသတင်းကြားတော့ စဏ္ဍပဇ္ဇောတဘုရင်က ဖြစ်တဲ့နည်းနဲ့ အဲဒီမန္တန်ကို ရအောင်ယူဖို့ ဆုံးဖြတ်လိုက်တယ်။ ပကတိဆင်နဲ့တူတဲ့ သစ်သားဆင်ကြီးကို လုပ်တယ်။ အဲဒီဆင်ဝမ်းခေါင်းထဲမှာ စစ်သားတွေထည့်ပြီး ဉတေနမင်းကြီးတောကစားထွက်လေ့ရှိတဲ့ တောထဲလွှတ်လိုက်တယ်။ ဉတေနမင်းကြီးက ဆင်ရုပ်ကြီးကို တကယ့်ဆင်မှတ်ပြီး ဖမ်းမလို့လုပ်တဲ့အခါမှာ ဆင်ဝမ်းခေါင်းထဲ ပုန်းအောင်းနေတဲ့ စစ်သားတွေ အပြင်ထွက်ပြီးတော့ ဉတေနမင်းကြီးကို ဖမ်းပြီး

http://www.linhtet.com



စဏ္ဍပဇ္ဇောတဘုရင်ထံ ခေါ်သွားကြတယ်။ စဏ္ဍပဇ္ဇောတဘုရင်က ဥတေန ဘုရင်ကို ဆင်ဖမ်းတဲ့ မန္တန်ပြောပြမှ လွှတ်မယ်ဆိုပြီး ချုပ်ထားတယ်။ ဥတေန မင်းကြီးလဲ မတတ်သာတော့ဘဲ ဆင်ဖမ်းမန္တန်ကို သင်ပေးပါမယ်လို့ ကတိပေး လိုက်ရတယ်။ စဏ္ဍပဇ္ဇောတဘုရင်က သူ့သမီးတော် ဝါသုလဒတ္တာကို ဆင် ဖမ်းမန္တန် အသင်ခိုင်းတယ်။ ဒါပေမယ့် ချောမောလှပတဲ့သမီးတော်ကို ဥတေန ဘုရင် တွေ့သွားမှာစိုးတဲ့အတွက် နှစ်ယောက်ကြားမှာ တင်းတိမ်ကာပေးထား တယ်။ ပြီးတော့ သူ့သမီးတော်ကို တင်းတိမ်တစ်ဘက်မှာရှိတဲ့ အနူ တစ်ယောက် သင်ပေးတဲ့မန္တန်ကို သင်ယူရမယ်လို့ပြောပြီး ဥတေနဘုရင်ကိုတော့ တင်းတိမ်တစ်ဘက်မှာရှိတဲ့ ခါးကုန်းမတစ်ယောက်က မန္တန်ကိုသင်ယူလိမ့်မယ် လို့ ပြောထားတယ်။

ဥတေနဘုရင်က မန္တန်သင်ပေးတယ်။ ဒါပေမယ့် သမီးတော်က တော်တော်နှင့် မမှတ်မိဘူး။ ကြာတော့ ဘုရင်က စိတ်မရှည်တော့ဘဲ 'ဟဲ့ဒါ လောက်တောင် ထိုင်းရသလား ခါးကုန်းမရဲ့' လို့ ငေါက်လိုက်တယ်။ အဲဒီတော့ သမီးတော်ကလည်း အားကျမခံ 'အောင်မယ် ပြေူးကပြဲရသေးတယ်။ အနူက များ ငါ့ကိုခါးကုန်းမတဲ့' လို့ ပြန်ပြောတယ်။ ဒါနဲ့ဥတေနက တင်းတိမ်ကို မ, ကြည့်လိုက်တယ်။ တင်းတိမ်တစ်ဘက်မှာ ရှိတဲ့အင်မတန် ချောမောလှပတဲ့ ဘုရင့်သမီးတော်ကို တွေ့သွားတော့တာပေါ့။ အဲဒီတင်ပဲ သူတို့နှစ်ဦး တစ်ဦးနှင့် တစ်ဦး မေတ္တာရှိသွားကြပြီး တစ်ဘက်လှည့်နဲ့ ကောသမ္ဗီဘက် ထွက်ပြေးလွတ် မြောက်သွားကြတယ်။ ဥတေနမှာ သာမာဝတီနဲ့ မာဂဏ္ဍီဆိုတဲ့ တခြားမိဖုရား နှစ်ပါးလဲရှိသေးတယ်"

ရှင်ဥပဂုတ္တက ဥတေနနှင့် ဝါသုလဒတ္တာတို့၏ ဇာတ်လမ်းကို စီကာ ပတ်ကုံးပြောပြသည်။ ယင်းဇာတ်လမ်းသည် ဓမ္မပဒအဋ္ဌကထာ၌လည်း ကောင်း၊ အခြားအိန္ဒိယစာပေကျမ်းဂန်များ၊ ဝတ္ထုပြဇာတ်များ၌လည်းကောင်း၊ စိတ်ပါဝင်စားဖွယ် ဇာတ်လမ်းတစ်ပုဒ်အဖြစ် နေရာရနေသည်။

"ဥတေနဘုရင်ဟာ ပသေနဒီတို့၊ ဗိမ္ဗိသာရတို့လို ဗုဒ္ဓရှင်တော်ဘုရား ရဲ့ တပည့်ဒါယကာကော ဟုတ်ပါသလား ဘုရား"

အသောကမင်းကြီး၏ အမေးစကားကြောင့် ရှင်ဥပဂုတ္တထံမှ အဖြေ စကားထွက်ပေါ်လာပြန်သည်။

"ဥတေနဘုရင်ဟာ ပထမက ရှင်တော်မြတ်ဘုရားနဲ့ တရားကို သက် ဝင်ယုံကြည်မှုမရှိဘူး။ ဆန့်ကျင်ဘက် လုပ်နေတယ်။ သူ့ကို ချွတ်တဲ့ ပိဏ္ဍောလ

http://www.linhtet.com



ဘာရဒွါဇမထေရ်ကိုတောင် မဖွယ်မရာလုပ်တယ်။ နောက်မှ ပိဏ္ဍောလဘာရဒွါဇမထေရ်ရဲ့တရားကိုနာရပြီး အကျွတ်တရားရသွားတယ်။ သူ့သားတော်ဗောဓိရာဇကုမာရကတော့ ရတနာသုံးပါးကို အင်မတန်ကြည်ညိုကိုင်းရှိုင်းတဲ့ ဥပါသကာတစ်ဦးဖြစ်တယ်။ ဗောဓိရာဇကုမာရကို ဘုရားရှင်ဟောတဲ့ တရားတော်ဟာ ဗောဓိရာဇကုမာရသုတ် အဖြစ်နဲ့ ထင်ရှားရှိနေတယ်"

ပါဠိကျမ်းဂန်များ၌ ဥတေနမင်းကြီး ဘုရားကြည်ညိုလေးစားပုံ ထူးထူး ခြားခြား မတွေ့ရသော်လည်း တရုတ်ရှေးဟောင်းကျမ်းဂန်များအရ သိရသည်ကား ဥတေနမင်းကြီးသည် ကိုယ်တိုင် ဗုဒ္ဓရွှေဆင်းတုတစ်ဆူကို ထုလုပ်ကိုးကွယ်သည်။ ဇမ္ဗူဒိပ်မှတရုတ်သို့အပြန် တရုတ်ခရီးသည် ရွှင်ကျန်သယ်ဆောင်သွားသည့် ပစ္စည်းဝတ္ထုများထဲတွင် စန္ဒကူးသား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူပါသည်။ ယင်းဗုဒ္ဓရုပ်ပွားသည် ဥတေနမင်းကြီး ထုလုပ်သည့် ဗုဒ္ဓရုပ်ပွား၏ပုံတူဖြစ်သည်။

*

ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီးသည် ရှင်တော်မြတ်ဘုရား သီတင်းသုံးတော်မူခဲ့သည့် ကျောင်းတိုက်သုံးတိုက်ကို လိုက်ကြည့်ကြသည်။ ကျောင်းတိုက်များမှာ အနိစ္စသဘောတရားကို မလွန်ဆန်နိုင်သဖြင့် ပျက်စီးချွတ်ယွင်းနေကြပြီ။ ဗုဒ္ဓဟောကြားသွားသည့် အနိစ္စသဘောတရားကို ဗုဒ္ဓသီတင်းသုံးတော်မူသွားခဲ့သည့် ကျောင်းတိုက်များက သက်သေထူနေကြပြီ။ ကျောင်းတိုက်သုံးတိုက်အနက် ဃောသိတာရုံကျောင်းသည် ကောသမ္ဗီမြို့ပြင် အရှေ့တောင်ဘက်၌ရှိပြီး ပါဝါရိကာရုံ (ပါဝါရိကာမ္ဗဝန) ကျောင်းကား ဃောသိတာရုံကျောင်း၏အရှေ့ဘက်တွင်ရှိသည်။ ရှင်ဥပဂုတ္တက အသောကမင်းကြီးအား ကျောင်းတိုက်များအကြောင်းကို ရှင်းလင်းပြောပြသည်။

"ရှင်တော်ဘုရား လက်ထက်တော်အခါက ကောသမ္ဗီမှာ ဃောသိက (ဃောသက)၊ ကုက္ကုဋ၊ ပါဝါရိကလို့ခေါ်တဲ့ သူဌေးကြီးသုံးဦးရှိတယ်။ သူဌေးကြီးသုံးဦးဟာ ဘုရားရှင် သီတင်းသုံးနေတော်မူတဲ့ သာဝတ္ထိကိုသွားပြီး ဘုရားရှင်ကို ကောသမ္ဗီကြွဖို့ လျှောက်ကြတယ်။ ဘုရားရှင်က သူဌေးကြီးသုံးဦးရဲ့ ပင့်လျှောက်ချက်ကို လက်ခံတော်မူလိုက်တယ်။ သူဌေးကြီးသုံးဦးဟာ ကျောင်းတစ်ဆောင်စီဆောက်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်များကို လှူကြ

http://www.linhtet.com



တယ်။ ကျောင်းတိုက်များဟာ ကျောင်းဒကာရဲ့အမည်နာမကိုအစွဲပြုပြီး ဃောသိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရိကာရုံ(ပါဝါရိကာမ္ဗဝန)လို့ အမည်နာမတွင်တယ်။

"ရှင်တော်မြတ်ဘုရားဟာ ကောသမ္ဗီမှာနဝမဝါကပ်တော်မူတယ်။ အဲဒီနှစ်မှာ ကောသမ္ဗီမှာရှိတဲ့ ရဟန်းသံဃာများအချင်းချင်း မညီမညွတ်ဖြစ်ကြတယ်။ နှစ်ဂိုဏ်းနှစ်သင်းကွဲသွားပြီး တစ်ဘက်နှင့်တစ်ဘက် ပဋိပက္ခဖြစ်ကြတယ်။ ဘုရားရှင်က ရဟန်းသံဃာများ သင့်တင့်ညီညွတ်လာအောင် ကောသမ္ဗိယသုတ်ကိုဟောပြီး ဆုံးမတော်မူတယ်။ သို့သော်လဲ အောင်မြင်မှုမရှိခဲ့ဘူး။ အဲဒါကြောင့် ဘုရားရှင်ဟာ ဃောသိတာရုံကျောင်းက ထွက်သွားတော်မူတယ်။ ကောသမ္ဗီကနေ ခုနစ်ယူဇနာလောက်ဝေးတဲ့ ပါလိလေယျတောအုပ်သွားပြီး ကိုယ်တော်မြတ်တစ်ပါးတည်း သီတင်းသုံးနေတော်မူတယ်။ ဒသမဝါ ပါလိလေယျ တောအုပ်မှာပဲ ကပ်တော်မူတယ်။ သီတင်းဝါလကျွတ်မှ သာဝတ္ထိကို ကြွတော်မူတယ်။ အဲဒီအခါကျမှ တစ်ဘက်နဲ့တစ်ဘက် မသင့်မတင့်ဖြစ်တဲ့ ရဟန်းသံဃာတွေလဲ အမြင်မှန်ရပြီး ဘုရားရှင်ထံတော်ကို လိုက်တောင်းပန်ကြတယ်"

"ရှင်တော်မြတ်ဘုရားဟာ နောက်ထပ် ကောသမ္ဗီကို ကြွပါသေးသလား ဘုရား"

အမေးရှိသဖြင့် အဖြေရှိလာရပြန်သည်။

"ရှင်တော်မြတ်ဘုရားဟာ ကောသမ္ဗီကို အကြိမ်ကြိမ်ကြွလာတော်မူပါတယ်။ ကောသမ္ဗီကြွလာတဲ့အခါ များသောအားဖြင့် ဃောသိတာရုံကျောင်းတိုက်မှာ သီတင်းသုံးတော်မူလေ့ရှိတယ်။ ဝိနည်းသိက္ခာပုဒ် အချို့ကို ဃောသိတာရုံကျောင်းမှာ သီတင်းသုံးတော်မူယင်း ပညတ်တော်မူတယ်။ ဇာလိယ သုတ်၊ ဥပက္ကိလေသသုတ်၊ ပိဏ္ဍောလသုတ်၊ သေခသုတ်စတဲ့ သုတ်တွေဟာလဲ ဃောသိတာရုံကျောင်းမှာ သီတင်းသုံးနေခိုက် ဟောကြားတော်မူတဲ့ သုတ်များဖြစ်ပေတယ်"

"ရှင်တော်ဘုရားရဲ့ တပည့်သာဝကတွေထဲက ထင်ရှားတဲ့တခြားပုဂ္ဂိုလ်တွေကော ကောသမ္ဗီမှာ သီတင်းသုံးဖူးကြပါသေးသလား ဘုရား"

"ရှင်တော်ဘုရားရဲ့ တပည့်သာဝကတွေထဲက ရှင်အာနန္ဒာ၊ ရှင်ဥဒါယီ၊ ရှင်သာရိပုတ္တရာ စတဲ့ မထေရ်မြတ် တော်တော်များများ ကောသမ္ဗီမှာ သတင်းသုံးဖူးကြတယ်။ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံသွားပြီးတဲ့နောက်မှာ ရှင်မဟာကစ္စည်းမထေရ် ရဟန်းဆယ့်နှစ်ပါးနဲ့အတူ ကောသမ္ဗီအနီးက တောအုပ်တစ်ခု

http://www.linhtet.com



ထဲမှာ သီတင်းသုံးတော်မူတယ် ဆိုတာကိုလဲသိရတယ်"

ရှင်ဥပဂုတ္တက ဆက်လက်မိန့်တော်မူသည်။

"ရှင်တော်မြတ်ဘုရားရဲ့ တပည့်သာဝကတွေထဲမှာ ကောသမ္ဗီသားတွေလဲ မနည်းဘူးမင်းကြီး။ ဧတဒဂ်ရတဲ့ဥပါသိကာမ ခုဇ္ဇုတ္တရာဟာ ကောသမ္ဗီက ဃောသိက(ဃောသက)သူဌေးရဲ့ အထိန်းတော်သမီးဖြစ်တယ်။ ဥတေနမင်းကြီးရဲ့ မိဖုရား သာမာဝတီမှာ သာမာဆိုတဲ့ အဆွေခင်ပွန်းတစ်ယောက်ရှိတယ်။ သာမာဟာ မိဖုရား သာမာဝတီ ကွယ်လွန်သွားတဲ့အတွက် ပူဆွေးသောကရောက်ပြီး ဘိက္ခုနီလုပ်လိုက်တယ်။ သာမာလဲပဲ ကောသမ္ဗီသူဖြစ်တယ်။ ရှင်တော်ဘုရားရဲ့ တပည့်သာဝကထဲမှာ အနာရောဂါကင်းတဲ့နေရာမှာ ဧတဒဂ်ရတဲ့ဗာကုလမထေရ်ဆိုတဲ့ ရဟန္တာတစ်ပါးရှိတယ်။ အဲဒီဗာကုလမထေရ်လဲ ကောသမ္ဗီမှာပဲ မွေးတယ်။ စကားစပ်လို့ ဗာကုလမထေရ်အကြောင်း ပြောရဦးမယ်။ ဗာကုလဟာ ကောသမ္ဗီက အမတ်ကြီးတစ်ဦးရဲ့သားဖြစ်တယ်။ ကလေးငယ်ကို ယမုန်နာမြစ်ထဲမှာ ရေချိုးပေးနေတုန်း အထိန်းလက်ထဲက ရုတ်တရက် လွတ်သွားလို့ ငါးကြီးတစ်ကောင်က ကလေးကို မျိုလိုက်တယ်။ ငါးကြီးကို တံငါတစ်ဦးက ဖမ်းမိတယ်။ ဗာရာဏသီက အမတ်ကတော်တစ်ဦးက ငါးကြီးကိုဝယ်တယ်။ ငါးကြီးကိုခွဲလိုက်တဲ့အခါကျတော့ ငါးဝမ်းဗိုက်ထဲက ကလေးထွက်လာတယ်။ ကလေးဘာမှမဖြစ်ဘူး။ အံ့ဩစရာပဲ။ အမတ်ကတော်က ကလေးကို သူ့သားအရင်းလို မွေးထားတယ်။ ဒါပေမယ့် နောက်ကျတော့ ကလေးမိဘတွေ သိသွားကြပြီး ကလေးကို သူယူမယ်၊ ငါယူမယ် ဖြစ်ကြတယ်။ ဘုရင်က ကလေးကို မိသားစုနှစ်စုလုံး ညီတူညီမျှပိုင်စေလို့ အဆုံးအဖြတ် ပေးလိုက်တယ်။ 'ဗာကုလ' ဆိုတာ မိသားစုနှစ်ခုလို့ အဓိပ္ပါယ်ရတယ်မင်းကြီး"

အသောကမင်းကြီးသည် ကောသမ္ဗီနှင့် စပ်လျဉ်း၍အကြောင်းစုံသိရသဖြင့် ကျေနပ်အားရသွားလေသည်။ နောက်တော်ပါးက ပါလာသည့်မှူးမတ်အရာရှိများအား ဃောသိတာရုံ ကျောင်းတိုက်အနီး၌ ကျောက်စာတိုင်စိုက်ထူရန် အမိန့်ပေးလိုက်လေသည်။

*

ကောသမ္ဗီတွင် စိုက်ထူထားသော အသောက ဘုရင်မင်းကြီး

http://www.linhtet.com



ကျောက်စာတိုင်ကြီးသည် ပေ ၂၀၀ မျှမြင့်သည်။ တရုတ်ခရီးသည် ရှင်ကျန်ရောက်စဉ်က ကျောက်စာတိုင်ကြီးရှိသေးသည်။ သို့သော် ယခုမရှိတော့။ အေလဟာဘတ်မြို့ ခံတပ်တွင်းမှ ကျောက်စာတိုင်သည် ကောသမ္ဗီက ကျောက်စာတိုင်ဖြစ်သည် ဟု သိရသည်။ ထိုကျောက်စာတိုင်၌ သံဃာသင်းကွဲအောင်လုပ်သည့် ရဟန်းများအား ကောသမ္ဗီက နှင်ထုတ်ရမည်ဟူသော အသောကမင်းကြီး၏အမိန့်ကို တွေ့ရလေသည်။ ယင်းကို ထောက်လျက် ဘုရားရှင်လက်ထက်ကစခဲ့သော သံဃာသင်းကွဲမှု မီးတောက်မီးစသည် လုံးဝချုပ်ငြိမ်းမသွားသေးကြောင်း သိရလေသည်။ ။

[ *ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီး ဗုဒ္ဓဌာနများသို့ အဖူးမြော်ကြွရောက်ကြောင်း ရေးသားဖော်ပြထားသော ဒိဗျာဝဒါနကိုလည်းကောင်း၊ အသောကကျောက်စာနှင့် ပါဠိကျမ်းဂန်များကိုလည်းကောင်း အခြေခံသည်။* ]

❑

Quality Publishing House

# နာလန္ဒာ

"ရှင်တော်ဘုရား လက်ထက်တော်အခါက နာလန္ဒာဟာ အလွန်တရာ ကြွယ်ဝချမ်းသာတဲ့ အရပ်ဒေသတစ်ခုဖြစ်တယ်။ ဒီအရပ်ဒသမှာ ဗုဒ္ဓရဲ့တရားဓမ္မကို သက်ဝင်ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေအမြောက်အမြားရှိတယ်"

နာလန္ဒာသို့ ရောက်ရှိနေသည့် အသောကမင်းတရားကြီးအား ရှင်ဥပဂုတ္တမထေရ်က နာလန္ဒာအကြောင်းကို ဤသို့စတင်ပြောပြလေသည်။ နာလန္ဒာသည် ဗုဒ္ဓဘာသာဝင်တို့၏အမြင်၌ လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံစသော နေရာဌာနများကဲ့သို့ မြင့်မြတ်သော နေရာဌာနတစ်ခုမူကား မဟုတ်ပေ။ သို့သော်လည်း ဗုဒ္ဓစာပေကျမ်းဂန်များ၌ မကြာခဏပါဝင်ခြင်း၊ ရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် ရာဇဂြိုဟ်သို့အလာနှင့် ရာဇဂြိုဟ်မှအပြန်ခရီး ဒေသစာရီများ၌ မကြာခဏဖြတ်သွားဖြတ်လာ ပြုတော်မူသော၊ ခရီးတစ်ထောက်အဖြစ်နားနေတော်မူသော နေရာဌာနဖြစ်ခြင်း၊ နောက်ပိုင်း ခေတ်တစ်ခေတ်၌ အလွန်တရာကြီးမားသည့် ဗုဒ္ဓစာပေနှင့် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်ထွန်းကားလာခြင်းတို့ကြောင့် ဗုဒ္ဓဘာသာလောက၌ နာလန္ဒာ၏ အခန်းကဏ္ဍသည် မသေးငယ်သည့် နေရာကိုရရှိနေပေသည်။ နာလန္ဒာသည် အသောကမင်းကြီး နန်းစံသည့် ပါဋလိပုတ်နှင့် ရာဇဂြိုဟ်အကြားတွင်ရှိသည်။ "ရာဇဂဟတောပန နာလန္ဒယောဇနမေဝ"ဟူ၍ သုမင်္ဂလာဝိလာသိနီ၌ ဆိုထားသည့်အတိုင်း နာလန္ဒာနှင့် ရာဇဂြိုဟ်သည် တစ်ယူဇနာဝေးသည်။ ယခုခေတ်တွင်လည်း နာလန္ဒာသည် ရာဇဂြိုဟ်၏အနောက်မြောက်ဘက် ရှစ်မိုင်လောက် အဝေးတွင် ရှိသည်။

http://www.linhtet.com



ရှင်ဥပဂုတ္တမထေရ်က ဆက်လက်မိန့်တော်မူသည်။

"ကေဝဋ္ဋမည်တဲ့ သူကြွယ်က ရှင်တော်ဘုရားကို 'အရှင်ဘုရား၊ ဒီနာလန္ဒာ ရပ်ရွာဟာ ကြွယ်ဝချမ်းသာတယ်၊ ဆန်ရေစပါးပေါများတယ်။ သူဌေးသူကြွယ်များ နေထိုင်ကြတယ်။ ဒီအရပ်ဒေသက လူတွေဟာ အရှင်ဘုရားကို အလွန်တရာ ကြည်ညိုကြတယ်' လို့ လျှောက်ထားပြောပြဖူးတယ်။ ပြီးတော့ ဥပါလိသုတ်မှာ ဟောကြားထားချက်အရလဲ နာလန္ဒာ ကြွယ်ဝချမ်းသာပုံကို သိရှိရတယ် မင်းကြီး၊ ရှင်တော်ဘုရားက ဥပါလိသူကြွယ်ကို 'ဥပါလိ၊ ဒီနာလန္ဒာဟာ ကြွယ်ဝချမ်းသာပြီး လူနေထူထပ်ပေါများတဲ့ အရပ်ဒေသ ဖြစ်ပါသလား' လို့ မေးမြန်းတဲ့အခါ ဥပါလိသူကြွယ်က 'မှန်ပါတယ် အရှင်ဘုရား' လို့ ပြန်လျှောက်ထားတယ်။

"ဒီနာလန္ဒာမှာ ဗုဒ္ဓလက်ထက်တော်အခါက ထူးခြားမှုရှိတဲ့နေရာ တစ်ခုကတော့ ပါဝါရိကအမ္ဗဝနဆိုတဲ့ သရက်ဥယျာဉ်ဖြစ်တယ်။ အဲဒီသရက်ဥယျာဉ်ကို နာလန္ဒာသား ပါဝါရိကသူဌေးက ဗုဒ္ဓအမှူးပြုတဲ့ သံဃာတော်အရှင်မြတ်များကို လှူဒါန်းခဲ့တယ်။ ကောသမ္ဗီမှာလဲ ပါဝါရိက သူဌေးလှူတဲ့ ပါဝါရိကအမ္ဗဝန(ပါဝါရိကာရုံ) ကျောင်းရှိတယ်။ ဒါပေမယ့် နာလန္ဒာက သူဌေးပါဝါရိကနဲ့ ကောသမ္ဗီကသူဌေးပါဝါရိကတို့ဟာ တစ်ယောက်တည်းမဟုတ်ဘူး။ တစ်ယောက်စီဖြစ်ကြတယ်။ နာလန္ဒာသားသူဌေး ပါဝါရိကကို ဒုဿပါဝါရိကလို့ ခေါ်ကြတယ်။ နာမည်အရ အထည်ကုန်သည် ဖြစ်ဖို့ရှိတယ်။

"နာလန္ဒာကို ရောက်လာတော်မူတဲ့အခါများမှာ ရှင်တော်မြတ် ဘုရားဟာ အဲဒီပါဝါရိက အမ္ဗဝနမှာပဲ သီတင်းသုံးတော်မူလေ့ရှိတယ်။ ကေဝဋ္ဋသုတ်၊ သမ္ပသာဒနိယသုတ်၊ မစ္ဆာဘူမသုတ်၊ ဒေသနာသုတ်၊ သင်္ခသုတ်များဟာ ပါဝါရိကအမ္ဗဝနမှာ ဟောကြားတဲ့သုတ်များဖြစ်ပေတယ်။ နာလန္ဒာသုတ် နှစ်သုတ်ကိုလဲ ပါဝါရိကအမ္ဗဝနမှာပဲ ဟောကြားတော်မူတယ်။

"ပရိနိဗ္ဗာန်ပြုခါနီး ရာဇဂြိုဟ်ကနေ ကုသိနာရုံကြွတော်မူတဲ့ လမ်းခရီးမှာ ရှင်တော်မြတ်ဘုရားဟာ အမ္ဗလဋ္ဌိကာမှာ ခရီးတစ်ထောက်နားတော်မူပြီး နာလန္ဒာကို ကြွတော်မူတယ်။ အဲဒီအချိန်တုန်းကလဲ ရှင်တော်ဘုရားဟာ ပါဝါရိကအမ္ဗဝနမှာ သီတင်းသုံးပြီး တရားဒေသနာဟောကြားတော်မူသေးတယ်။

"ဥပါလိသုတ်အရသိရတဲ့ အချက်တစ်ခုလဲ ရှိသေးတယ်။ တစ်ခါတုန်းက ရှင်တော်မြတ်ဘုရား ပါဝါရိကအမ္ဗဝနမှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီအချိန်မှာ နိဂဏ္ဌနာဋပုတ္တ(ဂိုဏ်းဘာသာဘုရားမဟာဝီရ)လဲ နာလန္ဒာမှာ

http://www.linhtet.com



သီတင်းသုံးနေတယ်လို့ဆိုတယ်။ အဲဒီအချက်ကိုထောက်ပြီး ရှင်တော်မြတ်ဘုရား လက်ထက်တော်အခါက နိဂဏ္ဌနာဋ္ဌပုတ္တရဲ့တပည့်ဒကာဒကာမများလဲ နာလန္ဒာမှာ အများအပြားရှိကြတယ်ဆိုတာ သိရတယ် မင်းကြီး"

ရှင်ဥပဂုတ္တမထေရ်သည် အသောကမင်းကြီးအား နာလန္ဒာအနီးရှိ နေရာတစ်နေရာသို့ ခေါ်သွားသည်။ ထိုနေရာသို့ ရောက်သောအခါ ရှင်ဥပဂုတ္တမထေရ်က ဤသို့ အမိန့်ရှိတော်မူလေသည်။

"အရှင်မင်းကြီး၊ ဒီရွာဟာ ဗုဒ္ဓမြတ်စွာဘုရားလက်ထက်တော်အခါက နာဠ သို့မဟုတ် နာဠကလို့ ခေါ်တဲ့ရွာဖြစ်တယ်။ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာရဲ့ ဇာတိရပ်ရွာဖြစ်ပေတယ်။ ရှင်သာရိပုတ္တရာရဲ့ ငယ်နာမည်က ဥပတိဿလို့ခေါ်တယ်။ ဒါကြောင့် ဒီရွာကိုလဲ အချို့ကဥပတိဿဂါမလို့ ခေါ်ကြတယ်။ ရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ ဒီရွာမှာမွေးဖွားပြီး ဒီရွာမှာပဲ ပရိနိဗ္ဗာန်ပြုတော်မူတယ်။ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုတော်မူတဲ့အချိန်မှာ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်ပြုတော်မမူသေးဘူး။ ရှင်တော်မြတ်ဘုရားပရိနိဗ္ဗာန်မပြုခင် လပိုင်းအလိုလောက်မှာပဲ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုတော်မူတယ်။ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုပြီးနောက် ရက်သတ္တနှစ်ပတ်လောက်အကြာမှာပဲ လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန်လဲ ပရိနိဗ္ဗာန်ပြုတော်မူတယ်။ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်နှစ်ပါးစလုံးပဲ ဘုရားရှင်ထက် အသက်ကြီးကြတယ်။ စကားစပ်မိလို့ ပြောရဦးမယ်။ ဝေဠုဝဂါမမှာ နောက်ဆုံးဝါကပ်ပြီးတဲ့နောက် ရှင်တော်မြတ်ဘုရားဟာ သာဝတ္ထိကို ကြွတော်မူတယ်။ အဲဒီအချိန်အခါမှာ ရှင်သာရိပုတ္တရာဟာ တစ်ပတ်အတွင်းမှာ မိမိပရိနိဗ္ဗာန်စံ ရတော့မယ်ဆိုတဲ့အကြောင်းကို သိမြင်တော်မူတာနဲ့ ရဟန္တာခုနစ်ပါးရဲ့မယ်တော် ဖြစ်နေသော်လည်း ရဟန်းသံဃာကို ယုံကြည်ကိုးကွယ်မှုမရှိသေးတဲ့ မိမိမယ်တော်ရှိရာ နာဠကရွာကို ကြွမယ်လို့ ဆုံးဖြတ်တော်မူပြီး သူ့ညီတော်စုန္ဒမထေရ်ကို ရဟန်းငါးရာနှင့်အတူ နာဠကရွာကြွဖို့ စီမံခိုင်းတယ်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ ရှင်တော်မြတ်ဘုရားကို နောက်ဆုံးဖူးမြော်ပြီး ရဟန်းငါးရာနှင့်အတူ သာဝတ္ထိကနာဠကရွာကို ကြွတော်မူတယ်။ ခုနစ်ရက်အတွင်းမှာ ဒီနာဠကကို ရောက်လာကြတယ်။ မယ်တော်ပုဏ္ဏေးမကြီးက ပထမတော့ သူ့သား လူထွက်မလို့ ပြန်လာတာဖြစ်မယ်ထင်ပြီး အားရဝမ်းသာနဲ့ ခရီးဦးကြိုဆိုတယ်။ ဒါပေမယ့် သူထင်သလို မဟုတ်မှန်းသိတဲ့အခါကျတော့ ခပ်တန်းတန်းဖြစ် တယ်။ ရှင်သာရိပုတ္တရာဟာ သူမီးဖွားသန့်စင်ဖွားမြင်တဲ့ အခန်းမှာပဲ သီတင်း သုံးနေတယ်။ အဲဒီလိုနေတုန်း

http://www.linhtet.com



သွေးအန်တဲ့ ဝေဒနာကိုခံစားပြီး ပရိနိဗ္ဗာန်ပြုသွားတော်မူတယ်။ ပရိနိဗ္ဗာန်မပြုမီ မယ်တော်ကို တရားဒေသနာဟောကြားတဲ့အတွက် မယ်တော်လဲ သောတာပန်ဖြစ်သွားတယ်။

"ရှင်သာရိပုတ္တရာရဲ့ ညီတော်ဖြစ်တဲ့ စုန္ဒမထေရ်က ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်နဲ့အတူ ရှင်သာရိပုတ္တရာမထေရ် ဆောင်တော်မူတဲ့ သပိတ်နဲ့သင်္ကန်း ယူဆောင်ပြီး ရှင်တော်မြတ်ဘုရားရှိရာ သာဝတ္ထိရောက်တော့ ပထမရှင်အာနန္ဒာကို ပြောပြတယ်။ ရှင်အာနန္ဒာလဲ အတော်ပဲ ပူဆွေးသောကရောက်သွားတယ်။ နောက်ဘုရားရှင်ကို အကျိုးအကြောင်း လျှောက်ထားတဲ့အခါကျတော့ ဘုရားရှင်က သင်္ခါရတရားမှန်သမျှရဲ့ အနိစ္စသဘောတရားကို ဟောပြတော်မူတယ်"

ရှင်ဥပဂုတ္တသည် ထိုနေရာရှိ စေတီတစ်ဆူကို ညွှန်ပြလျက် ဆက်လက်မိန့်တော်မူလေသည်။

"အရှင်မင်းကြီး၊ အရှင်မင်းကြီး အခုဖူးတွေ့နေရတဲ့ စေတီဟာ ရှင်သာရိပုတ္တရာမထေရ် အထိမ်းအမှတ်နဲ့ ကိုးကွယ်တည်ထားတဲ့ စေတီဖြစ်တယ်"

ဘုရင်အသောကသည် ရှင်ဥပဂုတ္တညွှန်ပြသည့် သာရိပုတ္တရာ စေတီကို ပန်းဆီမီးများဖြင့်လည်းကောင်း၊ အမွှေးနံ့သာများဖြင့်လည်းကောင်း ပူ ဇော်ပြီး တုပ်ပျပ်ဝပ်လျှိုး ရှိခိုးလိုက်လေသည်။ ရှင်ဥပဂုတ္တက ဆက်လက်မိန့်တော်မူပြန်လေသည်။

"ရှင်သာရိပုတ္တရာရဲ့ ငယ်သူငယ်ချင်းဖြစ်တဲ့ သုနာဂမထေရ်လဲ ဒီနာဠကရွာက ဗြာဟ္မဏတစ်ဦးရဲ့သားဖြစ်တယ်။ မဟာဂဝစ္ဆမထေရ်၊ ရေဝတခဒိရဝနိယမထေရ်၊ ဥပသေနဂ်န္တပုတ္တမထေရ်တို့လဲပဲ နာဠကရွာသားများဖြစ်ကြတယ်"

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် နာလန္ဒာတစ်ဝိုက်ကို လှည့်ပတ်ကြည့်ရှုပြီးသောအခါ နာလန္ဒာနှင့် ရာဇဂြိုဟ်အကြားရှိ ဗဟုပုတ္တ သို့မဟုတ် ဗဟုပုတ္တကစေတီသို့ ရောက်လာကြလေသည်။ ဗဟုပုတ္တစေတီသည် ရာဇဂြိုဟ်မှ သုံးဂါဝုတ်ဝေးပြီး နာလန္ဒာမှ တစ်ဂါဝုက်(နှစ်မိုင်ခန့်) ဝေးသည်။ စေတီ၌ရှိနေသည့် ပညောင်ပင်ကြီးကိုညွှန်ပြလျက် ရှင်ဥပဂုတ္တက မိန့်တော်မူလေသည်။

"တတိယ မဟာသာဝက ဖြစ်တော်မူတဲ့ ဓုတင်ဆောင် ဇေတဂ် ရှင်မဟာကဿပမထေရ် ရှင်တော်မြတ်ဘုရားကို ပထမဦးဆုံးတွေ့တဲ့နေရာဟာ ဒီညောင်ပင်ရင်း ဖြစ်ပေတယ်မင်းကြီး။ စကားစပ်မိလို့ ရှင်မဟာကဿပ

http://www.linhtet.com



အကြောင်းကို ပြောရဦးမယ်။ ရှင်မဟာကဿပရဲ့ ငယ်မည်က ပိပ္ပလိ လို့ခေါ်တယ်။ မဂဓတိုင်း မဟာတိဿရွာသားဖြစ်တယ်။ လူလားမြောက်လာတဲ့အခါကျတော့ မိဘများက အိမ်ထောင်ရက်သားပြုဖို့ နားချကြတယ်။ ဒါပေမယ့် ပိပ္ပလိက တရားသံဝေစိတ်ရှိနေတဲ့အတွက် မိဘများပြောတာကို လက်မခံဘူး။ ဒါပေမယ့် မိဘများက အတင်းနာပူနားဆာ လုပ်နေတဲ့အတွက် မဖြစ်နိုင်တဲ့ စည်းကမ်းချက်တစ်ခုကိုပြောပြီး အဲဒီစည်းကမ်းချက်နဲ့ညီရင် လက်ထပ်မယ်လို့ပြောလိုက်တယ်။ အဲဒီစည်းကမ်းချက်က ဘာလဲဆိုတော့ 'သူထုလုပ်တဲ့ ရွှေစင်ရုပ်နဲ့ တူတဲ့မိန်းကလေးမျိုးတွေ့ယင် လက်ထပ်မယ်' ဆိုတဲ့ စည်းကမ်းချက်ဖြစ်တယ်။ ပိပ္ပလိက မဖြစ်နိုင်တာကို ပြောလိုက်သော်လဲ သူထုလုပ်တဲ့ ရွှေစင်ရုပ်နဲ့တူတဲ့ မိန်းကလေးတစ်ယောက်ကို သာဂလမှာသွားတွေ့တယ်။ အဲဒီမိန်းကလေးရဲ့အမည်က ဘဒ္ဒာကပိလာနီ လို့ခေါ်တယ်။ အဲဒီမိန်းကလေးကလဲ အိမ်ထောင်သားမွေး မလုပ်လိုတဲ့မိန်းကလေးဖြစ်တယ်။ ဒါကြောင့် သူတို့နှစ်ဦးဟာ တခြားကြင်ဖက်ကိုရှာကြဖို့ တစ်ယောက်နဲ့တစ်ယောက် စာပေးအကြောင်းကြားကြတယ်။ ဒါပေမယ့် စာဆောင်ကြဉ်းသွားသူနှစ်ဦး လမ်းခုလတ်မှာ တွေ့ဆုံကြပြီး စာကိုပြင်ရေးလိုက်ကြတဲ့အတွက် ပိပ္ပလိနဲ့ဘဒ္ဒာတို့ဟာ လက်ထပ်လိုက်ကြရတယ်။

"ဒါပေမယ့် သူတို့နှစ်ဦးဟာ လက်ထပ်ထိမ်းမြားကြသော်လည်း အကြင်လင်မယားအဖြစ် ပေါင်းသင်းမနေကြဘူး။ ညတိုင်ကျရင် နှစ်ဦးကြားမှာ ပန်းကုံးခြားထားပြီး အိပ်ကြတယ်။ နောက်ဆုံးကျတော့ နှစ်ဦးသဘောတူ ဆံပင်ကိုပယ်ဖြတ်ကြပြီး မိမိတို့အိမ်ရာကို စွန့်ခွာထွက်သွားကြတယ်။ ပထမကတော့ နှစ်ဦးအတူတူထွက်သွားကြတယ်။ ဒါပေမယ့် လမ်းဆုံလမ်းခွတစ်ခု ရောက်တဲ့အခါကျတော့ နှစ်ဦးအတူတူဆက်သွားလို့ မတော်ဘူးဆိုပြီး တစ်လမ်းစီခွဲသွားကြတယ်။

"ဒီနေရာအနီးအနားတစ်ဝိုက်မှာပဲ ရှင်မဟာကဿပနဲ့ ရှင်တော်မြတ်ဘုရား သင်္ကန်းအလဲအလှယ်ပြုလုပ်တဲ့ အဖြစ်အပျက်လဲ ဖြစ်ခဲ့တယ် မင်းကြီး။ ရှင်တော်မြတ်ဘုရားနဲ့ ရဟန်းဖြစ်စ ရှင်မဟာကဿပတို့ ဗဟုပုတ္တပညောင်ပင်ကနေပြီး ရာဇဂြိုဟ်ကိုကြွသွားတယ်။ လမ်းခရီး သစ်ပင်တစ်ပင်အောက်ရောက်တော့ ရှင်တော်ဘုရားဟာ ခေတ္တ အပန်းဖြေတော်မူလိုတဲ့ ဆန္ဒဖြစ်တော်မူလာတယ်။ အဲဒီအခါမှာ ရှင်မဟာကဿပက သူဝတ်ရုံလာတဲ့ အပေါ်ရုံဒုကုဋ်ကို ရှင်တော်ဘုရားထိုင်တော်မူဖို့ ဖြန့်ခင်းပေးလိုက်တယ်။ ရှင်တော်ဘုရားက အဲဒီ

http://www.linhtet.com



အပေါ်ရုံဒုကုဋ်ကိုကိုင်ကြည့်ပြီး 'တယ်နူးညံ့ပါကလား' လို့ ချီးမွမ်းတော်မူလိုက်တယ်။ အဲဒီအခါမှာ ရှင်မဟာကဿပက နူးညံ့တဲ့ သူ့အပေါ်ရုံဒုကုဋ်ကို ရှင်တော်မြတ်ဘုရားကို လှူဒါန်းပြီး ရှင်တော်မြတ်ဘုရားဆီက ကြမ်းတမ်းတဲ့ သင်္ကန်းကို မြတ်မြတ်နိုးနိုးလက်ခံပြီး ဝတ်ရုံတော်မူတယ် မင်းကြီး"

ရှင်ဥပဂုတ္တမထေရ်သည် အသောကအား ရှင်တော်မြတ်ဘုရားနှင့်လည်းကောင်း၊ ရှင်တော်မြတ်ဘုရား၏ တပည့်အဂ္ဂသာဝက၊ မဟာသာဝကကြီးများနှင့်လည်းကောင်း အဆက်အစပ်ရှိသည့် နာလန္ဒာနှင့် နာလန္ဒာတစ်ဝိုက်က နေရာများအကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြောပြတော်မူလေသည်။ အသောကမင်းကြီးသည် ရှင်ဥပဂုတ္တ၏ရှင်းလင်းပြောပြချက်ကို ကြားသိရသောအခါ ကြည်ညိုသဒ္ဓါ ပွားများလာလေသည်။ အခြားဗုဒ္ဓဌာနများ၌ကဲ့သို့ပင် ဤနာလန္ဒာတွင်လည်း စေတီပုထိုးဖြစ်စေ၊ ကျောင်းတိုက်ဖြစ်စေ၊ ဆောက်လုပ်လှူဒါန်းရန် အကြံပြုလိုက်လေသည်။ နောက်ပိုင်းတွင်ကား နာလန္ဒာသို့ အသောကမင်းကြီး ကြွရောက်သည့် အထိမ်းအမှတ်ဖြင့် ဘုရင်အသောကကောင်းမှု ကျောင်းတိုက်ကြီးတစ်ဆောင် နာလန္ဒာ၌ ပေါ်ပေါက်လာပေသည်။

*

နာလန္ဒာသည် နောက်ပိုင်း၌ ပညာမျိုးစုံ သင်ကြားဆည်းပူးရာ တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာသဖြင့် ကမ္ဘာအနှံ့ပျံ့နှံ့ကျော်ကြားသွားလေသည်။ ကမ္ဘာအရပ်ရပ်မှ စာသင်သားများ ယင်းတက္ကသိုလ်တွင် ပညာသင်ကြား ဆည်းပူးကြလေ၏။ ကျောင်းသားဦးရေမှာ တစ်သောင်းထက်မနည်းရှိခဲ့သည်။ ကျောင်းသားများအတွက် အစစအရာရာ တက္ကသိုလ်က စရိတ်ငြိမ်းထောက်ပံ့သည်။ တက္ကသိုလ်ကြီး ကြီးပွားတိုးတက်ရန်အတွက် အိန္ဒိယနိုင်ငံရှိ ခေတ်အဆက်ဆက်ဘုရင်များ မင်းညီမင်းသားများက ထောက်ပံ့ကြသည်။ နာလန္ဒာတက္ကသိုလ်ကြီးမှ ထိပ်တန်းပညာရှင်များ ပေါ်ထွက်ခဲ့သည်။ ယင်းပညာရှင်များ ရေးသားပြုစုသည့် ကျမ်းဂန်များသည် ဂန္ထဝင်သမိုင်း၌ ယနေ့ထက်တိုင် တည်ရှိနေပေသည်။

သို့သော် သင်္ခါရစက်ကွင်းမှ မည်သည့်အရာမှ ရှောင်ကွင်း၍မရပေ။ ရှစ်ရာစုနှစ်လောက်တွင် နာလန္ဒာတက္ကသိုလ်ကြီးသည် တိမ်ကောစပြုလာပြီး နောက်ဆုံး၌ ဗုဒ္ဓဘာသာ ဆန့်ကျင်ဘက်များ၏လက်ချက်ဖြင့် ပြိုပျက်သွားရရှာ

http://www.linhtet.com



လေသည်။ အဆောက်အအုံအပြိုအပျက် အကျန်အကြွင်းများသာလျှင် . . . ဤနေရာ၌ တစ်ချိန်တုန်းက အလွန်တရာ ကြီးမားသည့် တက္ကသိုလ်ကြီးတစ်ခု ရှိခဲ့သည် ဆိုသည့်အချက်ကို သက်သေထူနေကြပေသည်။ ။

*[ ရှင်ဥပဂုတ္တနှင့် အသောကမင်းကြီး ဗုဒ္ဓဌာနများသို့ အဖူးမြော်ကြွ ရောက်ကြောင်း ရေးသားဖော်ပြထားသော ဒိဗျာဝဒါနကိုလည်းကောင်း၊ တရုတ် ရဟန်းတော်များ၏ ခရီးသွားမှတ်တမ်းများနှင့် ပါဠိကျမ်းဂန်များကိုလည်းကောင်း အခြေခံသည်။ ]*

❑

# သင်္ကဿနဂိုရ်

သင်္ကဿနဂိုရ်သည် ပဉ္စာလတိုင်းအတွင်းရှိ အဓိကကျသော မြို့တစ်မြို့ဖြစ်သည်။ ပဉ္စာလတိုင်းသည် သောဠသမဟာဇနပဒတိုင်းကြီး ဆယ့်ခြောက်တိုင်းအပါအဝင်ဖြစ်သည်။ သူရသေနတိုင်းနှင့် ကောသလတိုင်းနှစ်ခုကြားတွင် တည်ရှိသည်။ ပဉ္စာလတိုင်း၏အနောက်မြောက်ဘက်၌ ကုရုတိုင်းရှိသည်။ အရှေ့တောင်ဘက်တွင် ဝံသတိုင်းရှိသည်။ ပဉ္စာလတိုင်းသည် မြောက်ပိုင်း ပဉ္စာလ၊ တောင်ပိုင်း ပဉ္စာလဟူ၍ နှစ်ပိုင်းရှိသည်။ ဘာဂီရထီမြစ်သည် ယင်းအပိုင်းနှစ်ပိုင်းကို တစ်ပိုင်းနှင့်တစ်ပိုင်း ခြားပေးထားသည်။ ဗုဒ္ဓဓမ္မ၏အမြင်ဖြင့်ကြည့်လျှင် ပဉ္စာလတိုင်းသည် အရေးပါအရာရောက်သည့် တိုင်းတစ်တိုင်းဖြစ်သည်။ ဘုရားရှင်၏ထင်ရှားသော တပည့်ကြီးတစ်ဦးဖြစ်သည့် ဝိသာခပဉ္စာလပုတ္တာမထေရ်သည် ပဉ္စာလတိုင်းသားဖြစ်သည်။

ပဉ္စာလတိုင်းထဲတွင် ကမ္ပိလ္လ၊ အာလဝီ၊ ကဏ္ဏကုဇ္ဇ၊ သောရေယျစသော မြို့များရှိလေသည်။ ယင်းမြို့များထက် သင်္ကဿမြို့သည် ရှင်တော်မြတ်ဘုရား၏ ဘဝဖြစ်တော်စဉ်နှင့် အထူးပင် ဆက်စပ်မှုရှိနေသဖြင့် ဗုဒ္ဓဘာသာလောက၌ ရှေးယခင်ခေတ်ကစ၍ ထင်ပေါ်ကျော်ကြားလာခဲ့ရာ ယခုခေတ်အထိပင် ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားဖူးဌာနစာရင်းဝင်တစ်ခုအဖြစ် တည်ရှိနေပေသည်။

သင်္ကဿမြို့သည် ဇမ္ဗူဒိပ်၏ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ ထို့ကြောင့် ပါဠိစာပေ၌သာမက ရှေးသက္ကတ္ထစာပေများ၌ပင် သင်္ကဿမြို့အကြောင်း ပါဝင်နေသည်ကို တွေ့ရသည်။ ဝါလမိကိရှင်ရသေ့၏ ရာမာယဏကျမ်း၌

http://www.linhtet.com



သက်သမြို့အကြောင်း ဤသို့ရေးထားသည်။ သုဓနမင်းသည် သက်သမြို့၌ အုပ်ချုပ်နေသည်။ မင်းဆိုးမင်းညစ်ဖြစ်သဖြင့် သုဓနမင်းကို မိထိလာပြည့်ရှင် ဘုရင်ဇနကမင်းက သုတ်သင်ပြီး သူ့ညီအစ်ကိုတော် ကုသဒ္ဓါဇကို နန်းတင်လိုက်သည်။ ကုသဒ္ဓါဇဘုရင်သည် သက်သ၌ နှစ်ပေါင်းများစွာ စိုးမိုးအုပ်ချုပ်သည်။ရာမနှင့် လက္ခဏတို့တက်သော မိထိလာ၌ ကျင်းပသည့် သမီးတော်သီတာ၏ ပန်းကုံးစွပ်ပွဲတွင် ကုသဒ္ဓါဇဘုရင်လည်း မာဓဝီနှင့် သုကတ္တိအမည်ရှိသူ့သမီးတော်နှစ်ပါးနှင့်အတူ တက်ရောက်ပြီးလျှင် သမီးတော်နှစ်ပါးကို ဘရတနှင့်လည်းကောင်း၊ သတြုဃနနှင့်လည်းကောင်း လက်ထပ်ပေးလေသည်။ သက်သမြို့သည် ရေးခေတ်ဟောင်းက အလွန်တရာ ထင်ပေါ်ကျော်ကြား သည့် မြို့တစ်မြို့ဖြစ်သဖြင့် နာမည်ကျော် သက္ကဋသဒ္ဒါဆရာကြီး ပါဏိနိသည် သူ၏ 'အဋ္ဌအဇ္ဈာယ' အမည်ရှိ နာမည်ကျော် သဒ္ဒါကျမ်းကြီး၌ သက်သမြို့ အမည်ကို ထည့်သွင်းဖော်ပြထားသည်။ အလားတူပင် သိဒ္ဓန္တကောမုဒီအမည်ရှိ အခြားသက္ကဋသဒ္ဒါကျမ်းထဲတွင်လည်း သက်သမြို့အမည်ပါရှိသည်။

ဗုဒ္ဓလက်ထက်တော်အခါက သက်သမြို့၏အခြေအနေသည် ထိုခေတ်ကုန်သွယ်မှု ဆက်သွယ်ရေးအမြင်ဖြင့် ကြည့်လျှင် အလွန်တရာ အကွက်အကွင်းကျသော မြို့တစ်မြို့ဖြစ်လေသည်။ နာမည်ကြီး လမ်းမကြီးသုံးခု သက်သမြို့၌ ဆုံသည်။ ပထမလမ်းမကြီးမှာ ဥတ္တရာပထမြောက်ပိုင်း လမ်းမကြီးဖြစ်သည်။ သက်သမြို့သည် ယင်းလမ်းမကြီးပေါ်တွင် ရှိသည်။ တစ်ဘက်တွင် သောရေယျမြို့ရှိပြီး အခြားတစ်ဘက်၌ ကဏ္ဏကုဇ္ဇမြို့ရှိသည်။ သက်သမြို့သည် ယင်းမြို့နှစ်မြို့၏အလယ်၌ရှိသည်။ ဝေရဉ္ဇာ၌ ဒွါဒသမဝါကပ်တော်မူပြီးနောက် ရှင်တော်မြတ်ဘုရားသည် ဝေရဉ္ဇာမှ အစဉ်အတိုင်း သောရေယျ၊ သက်သ၊ ကဏ္ဏကုဇ္ဇမြို့များကို ဖြတ်တော်မူလျက် ယင်းလမ်းမကြီးအတိုင်း ပယာဂ၊ ပတိဋ္ဌာနသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ဗာရာဏသီသို့လည်းကောင်း ကြွတော်မူသည်။

လမ်းတစ်လမ်းမှာ သက်သမြို့မှသာကေတကို ဖြတ်လျက် သာဝတ္ထိအထိ သွားသောလမ်းဖြစ်သည်။ သက်သမှသာဝတ္ထိအထိ ယူဇနာသုံးဆယ်ရှိသည်။ တာဝတိံသာမှ သက်သမြို့ပေါ်သို့ ဆင်းသက်တော်မူလာပြီးနောက် ရှင်တော်မြတ်ဘုရားသည် ယင်းလမ်းအတိုင်း သာဝတ္ထိကိုကြွတော်မူသည်။ တတိယလမ်းမှာ သက်သမြို့ကို ဖြတ်သွားသည့် လမ်းဖြစ်သည်။ ယင်းလမ်းသည် သောရေယျမှလာပြီး အစဉ်အတိုင်း သက်သ၊ ကဏ္ဏ ကုဇ္ဇ၊

http://www.linhtet.com



ဥဒုမ္ဗရ၊ အင်္ဂလပူရမြို့များကိုဖြတ်လျက် သဟဇာတိအထိ ပေါက်လေသည်။

*

ရှင်ဥပဂုတ္တနှင့် ဘုရင်အသောကတို့သည် ဇမ္ဗူဒိပ်ကျွန်းရှိ ရှင်တော်မြတ်ဘုရားနှင့် ပတ်သက်ဆက်နွှယ်နေသည့် အထွတ်အမြတ်ဌာနများသို့လှည့်လည်ဖူးမြော်ကြရာ ဌာနအတော်နှံ့သွားလေပြီ။ သူတို့၏ယခုတစ်ကြိမ် ဘုရားဖူးဌာနကား သင်္ကဿနဂိုရ်ဖြစ်သည်။ မထေရ်မြတ်နှင့်မင်းကြီးတို့သည် သင်္ကဿနဂိုရ်သို့ ရောက်လာကြသည်။ အသောကမင်းကြီးသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ဘဝ ဖြစ်တော်စဉ်နှင့် ဆက်စပ်သည့် အခြားသောဌာနများကို ဖူးတွေ့ရသကဲ့သို့ပင် ယခု သင်္ကဿနဂိုရ် ရောက်လာသောအခါလည်း သဒ္ဓါတရားတဖွားဖွားပေါ်နေသည်။ ရှင်ဥပဂုတ္တမထေရ်က နေရာတစ်နေရာကို ညွှန်ပြလျက် မိန့်တော်မူလေသည်။

"ဒီနေရာဟာ ရှင်တော်မြတ်ဘုရား တာဝတိံသာက ဆင်းသက်ကြွလာတော်မူတဲ့နေရာဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေ အစဉ်အဆက် ယူဆလာခဲ့ကြတဲ့ အစဉ်အလာတစ်ခုရှိတယ်။ ရှင်တော်မြတ်ဘုရားဟာ တာဝတိံသာနတ်ပြည်တက်ပြီး မယ်တော်ဖြစ်ခဲ့တဲ့ နတ်သားကို အဘိဓမ္မာတရား ဟောကြားတယ်။ တာဝတိံသာမှာ အဘိဓမ္မာတရားဟောကြားပြီး သီတင်းဝါလကျွတ်တဲ့အခါကျတော့ လူ့ပြည်ပြန်ကြွလာတယ်။ အဲဒီအခါမှာ တာဝတိံသာက နေသင်္ကဿကို ပတ္တမြားစောင်းတန်းနဲ့ ဆင်းသက်ကြွလာတော်မူတယ်။ ဒီသင်္ကဿမြို့ရဲ့တောင်ဘက် မြို့တံခါးဝမှာ ခြေချတော်မူတယ်။ ဒါကြောင့် ဒီနေရာကလဲ ဘုရားရှင်များနဲ့မကင်းတဲ့ အဝိဇဟိတဌာနတစ်ခု ဖြစ်နေပြီး ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ရှိခိုးဦးတိုက်ရာ အထွတ်အမြတ်ဌာနတစ်ခု ဖြစ်နေတယ် မင်းကြီး"

ဘုရင်အသောကသည် စေတနာသဒ္ဓါတရား ဖြစ်ပေါ်လာပြီးလျှင် သင်္ကဿနဂိုရ်၌လည်း အခြားဗုဒ္ဓဌာနများမှာကဲ့သို့ ကျောက်တိုင်များနှင့် စေတီပုထိုးများ တည်ထားကိုးကွယ်ရန် သတ်မှတ်ဆုံးဖြတ်လိုက်လေသည်။

*

http://www.linhtet.com



ဓမ္မပဒအဋ္ဌကထာအဆိုအရ တာဝတိံသာမှ ဆင်းသက်တော်မူလာသည့် ရှင်တော်မြတ်ဘုရား ပထမဦးဆုံးလက်ယာခြေတော် ချတော်မူသောနေရာ၌ ခြေတော်ရာစေတီ ကိုးကွယ်တည်ထားသည်။ ထိုနေရာကား ယခုဗိဆာရီဒေဝီဘုရားကျောင်း တည်ရှိနေသည့် နေရာဖြစ်သည်ဆိုသည်။ ထိုဘုရားကျောင်း၌ နတ်သမီးရုပ်တုတစ်ခုရှိသည်။ ထိုနတ်ရုပ်တုနှင့် ပတ်သက်၍ အချို့က ဤသို့ ပြောကြသည်။ ထိုအရပ်ဒေသ၌ ဗိရှဟရီအမည်ရှိ ဘုရင်မတစ်ဦး စိုးမိုးခဲ့သည်။ ထိုဘုရင်မသည် တရားနှင့်အညီ စိုးမိုးအုပ်ချုပ်သည့်အတွက် ကွယ်လွန်သောအခါ ပြည်သူက သူ့ကိုနတ်ရုပ်တု ထုလုပ်ကိုးကွယ်ကြသည်။ သီတင်းကျွတ် လပြည့်နေ့၌ ထိုဘုရားကျောင်းတွင် မြတ်စွာဘုရား တာဝတိံသာမှ ဆင်းသက်တော်မူသည့် အထိမ်းအမှတ်ပွဲ ကျင်းပပြုလုပ်ကြသည်။

အသောကမင်းကြီးသည် သင်္ကဿနဂိုရ်၌ ကျောက်တိုင်များ စေတီပုထိုးများ ကျောင်းတိုက်များကို ကိုးကွယ်တည်ထားလေသည်။ ဘုရင်အသောက စိုက်ထူခဲ့သော ကျောက်တိုင်တစ်တိုင်၏ ကျောက်တိုင်ဦးခေါင်းဆင်ရုပ်တစ်ခု ယခုထက်တိုင် သင်္ကဿနဂိုရ်၌ရှိနေသည်။ ယင်းဆင်ရုပ်သည် ပေခုနစ်ဆယ် အမြင့်ရှိသည့် ကျောက်တိုင်ထိပ်က ဆင်ရုပ်ဖြစ်၏ . . . ဟူ၍ သမိုင်းပညာရှင်အချို့က ယူဆကြသည်။ ထိုကျောက်တိုင် မည်သို့မည်ပုံဖြစ်သွားသည်ကို မပြောနိုင်ကြသော်လည်း ကျန်ရှိနေသည့် ဆင်ရုပ်ကိုမူ အစိုးရက သံလက်ရန်းများဖြင့် ကာရံထားသည်။ ဆင်ရုပ်၏ကျော၌ 'ပိယဒဿီ အသောက' ဟူ၍ ဗြဟ္မီအက္ခရာစာလုံးဖြင့် ရေးထိုးထားသည်။

တရုတ်ခရီးသည် နှစ်ဦးစလုံးပင် သူတို့၏ ခရီးစဉ်မှတ်တမ်း၌ သင်္ကဿနဂိုရ်အကြောင်းကို ထည့်သွင်းရေးသားထားကြသည်။ ၇-ရာစုအတွင်း အိန္ဒိယသို့ လာသောတရုတ်ခရီးသည်ရွှင်ကျန်သည် သင်္ကဿနဂိုရ်သို့လည်း ရောက်လာသည်။ သူ၏မှတ်တမ်း၌ ဤသို့ရေးထားသည်။ ဘုရင်တစ်ပါးသည် မူရင်းစောင်းတန်းနေရာ၌ မူရင်းစောင်းတန်းပုံစံအတိုင်း အဖိုးတန်ပစ္စည်းများကို အသုံးပြုလျက် အုတ်နှင့်ကျောက်စောင်းတန်းတစ်ခု ဆောက်လုပ်ထားသည်။ ထိုစောင်းတန်းလှေကားသည် အမြင့်ပေ ခုနစ်ဆယ်ရှိပြီး စောင်းတန်းထိပ်၌ ဘုရားကျောင်းတစ်ကျောင်း ဆောက်လုပ်ထားသည်။ ထိုဘုရားကျောင်း၌ ဗုဒ္ဓ ကျောက်ဆင်းတုတစ်ဆူ ကိုးကွယ်ထားသည်။ စောင်းတန်း၏ယာဘက်နှင့် ဝဲဘက်တို့၌ ဗြဟ္မာရုပ်နှင့် သိကြားရုပ်အသီးသီး ရှိနေ

http://www.linhtet.com



ကြသည်။ ယင်းရုပ်တုများမှာ ရှင်တော်မြတ်ဘုရား တာဝတိံသာမှဆင်းသက်ကြွလာတော်မူပုံကို သရုပ် ဖော်ထားခြင်းဖြစ်ဟန်တူသည်။

ဆိုရိုးစကား ဤသို့ရှိခဲ့သည်။ မြတ်စွာဘုရား တာဝတိံသာမှ သင်္ကဿနဂိုရ်သို့ ဆင်းသက်ကြွလာတော်မူစဉ်က ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်ကြွလာတော်မူသည်။ ဗြဟ္မာမင်းနှင့်သိကြားမင်းတို့လည်း ရှင်တော်မြတ်ဘုရားနှင့်အတူ လူ့ပြည်ဆင်းသက်လာကြသည်။ သို့သော် ဗြဟ္မာမင်းနှင့် သိကြားမင်းတို့သည် ရှင်တော်မြတ်ဘုရား ဆင်းသက်သည့် ပတ္တမြားစောင်းတန်းက မဆင်းသက်ကြပေ။ သီးခြားစောင်းတန်းဖြစ်သည့် ရွှေစောင်းတန်းနှင့် ငွေစောင်းတန်းတို့မှ ဆင်းသက်လာကြသည်။ ဗြဟ္မာမင်းက လက်ယာဘက် ရွှေစောင်းတန်းမှဆင်းပြီး၊ သိကြားမင်းက လက်ဝဲဘက် ငွေစောင်းတန်းက ဆင်းသည်။ ယင်းစောင်းတန်းများသည် အချိန်အတန်ကြာမျှ တည်ရှိနေကြသော်လည်း နောက်ပိုင်းတွင် မြေကြီးထဲမြုပ်ပြီး ပျောက်ကွယ်သွားလေသည်။

❑

http://www.linhtet.com

# ကုသိနာရုံ

သောဠသရဋ္ဌတိုင်းကြီးဆယ့်ခြောက်တိုင်းထဲက တိုင်းတစ်တိုင်းဖြစ်သည့် မလ္လရဋ္ဌမလ္လတိုင်းသည် နှစ်ပိုင်းနှစ်ခြမ်းဖြစ်နေသည်။ ကုသိနာရုံနှင့် ပါဝါတို့သည်နှစ်ပိုင်းခြားထားသော မလ္လတိုင်း၏နေပြည်တော်များ ဖြစ်ကြသည်။ ထို့ကြောင့် 'မလ္လာကောသိနာရကာ' (ကုသိနာရုံမလ္လများ) ဟူ၍လည်းကောင်း၊ 'မလ္လာပါဝေယျကာ' (ပါဝါမလ္လများ) ဟူ၍လည်းကောင်း၊ မလ္လတစ်မျိုးတည်းကို နှစ်မျိုးခွဲခြားပြီး ခေါ်ဆိုကြခြင်းဖြစ်သည်။ ကုသိနာရုံနှင့် ပါဝါတို့သည် သုမင်္ဂလဝိလာသိနီ အမည်ရှိ ဒီဃနိကာယ် အဋ္ဌကထာ အဆိုအရ သုံးဂါဝုတ်(ဖမိုင်ခန့်) ဝေးသည်။ ထို့ကြောင့် ယင်းမြို့နှစ်မြို့သည် တစ်မြို့နှင့်တစ်မြို့ ခရီးမဝေးလှဟု သိရပေသည်။ ကကုတ္ထာ(ကကုဓာ)မြစ်သည် ယင်းဒေသနှစ်ခုကို ခြားထားသည့် နယ်ခြားဖြစ်သည်။

မလ္လတိုင်းသည် ဝဇ္ဇီဂဏနိုင်ငံနှင့် ကောသလဘုရင်နိုင်ငံ နှစ်နိုင်ငံတို့၏ အကြား ဟိမဝန္တာတောင်ခြေတွင်တည်ရှိသည်။ မလ္လလည်းဂဏနိုင်ငံ ဖြစ်သည်။ မလ္လ၏အရှေ့ သို့မဟုတ် အရှေ့တောင်တွင် ဝဇ္ဇီဂဏနိုင်ငံရှိသည်။ မလ္လနှင့် ဝဇ္ဇီတို့၏နယ်ခြား၌ မဟိ(ဂဏ္ဍာတ်)မြစ်ရှိသည်။ မလ္လ၏အနောက် မြောက်ဘက်၌ သကျနိုင်ငံရှိသည်။ အနောက်ဘက်၌ အစီရဝတီ(ရာပတီ)မြစ်သည် မလ္လနှင့် ကောသလနယ်ခြား၌စီးဆင်းသည်။ မလ္လတိုင်း၏တောင်ဘက်၌ မဂဓတိုင်းရှိသည်။ မလ္လတိုင်း၏အနောက်ဘက် ခပ်ယွန်းယွန်း၌ပင် မလ္လနှင့်သကျ ကြားထဲ၌ ကောလိယနိုင်ငံရှိသည်။ မလ္လနှင့်မဂဓအကြား၌ မောရိယတို့၏ နိုင်ငံငယ်ကလေးရှိသည်။ မဂဓ၊ ကောသလ၊ ဝဇ္ဇီနိုင်ငံတို့သည် မလ္လတိုင်း၏ အိမ်နီးချင်း

http://www.linhtet.com



နိုင်ငံများဖြစ်ကြသည်။ ရှင်တော်ဗုဒ္ဓလက်ထက်တော်က အများဆန္ဒဖြင့် အုပ်ချုပ်သည့် ဂဏနိုင်ငံများအနက် ဝဇ္ဇီနှင့်မလ္လတို့သည် အင်အားအတောင့်တင်းဆုံးဖြစ်သည်။ ကုသိနာရုံသည်သာဂလမှ ယူဇနာတစ်ရာ၊ ပါဝါမှ သုံးဂါဝုတ်၊ အနုပိယမှ ငါးယူဇနာ၊ ရာဇဂြိုဟ်မှ နှစ်ဆယ့်ငါးယူဇနာ၊ ကပိလဝတ်မှ သုံးဆယ့်ငါးယူနာ အသီးသီး ခရီးအကွာအဝေးရှိသည်။

*

ကုသိနာရုံသည် ရှင်တော်ဗုဒ္ဓပရိနိဗ္ဗာန်စံရာဌာန ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ဆုံးဌာနလေးပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ ရှင်တော်မြတ်ဘုရားနှင့် ပတ်သက်ဆက်နွယ်သည့် မြင့်မြတ်သောဌာနများသို့ ဖူးမြော်ကန်တော့ရန် တိုင်းခန်းလှည့်လည်ထွက်လာ သောအသောကဘုရင်မင်းတရားကြီးသည် ကုသိနာရုံသို့ ရောက်လာသည်။ ဘုရင်မင်းတရားကြီးကို ဦးဆောင်ခေါ်လာသူမှာ ဘုရင်မင်းတရားကြီး အမြတ်တနိုး ဆည်းကပ်ကိုးကွယ်နေသော ရှင်ဥပဂုတ္တမထေရ်ဖြစ်သည်။ ဆရာနှင့်ဒကာတို့သည် ကုသိနာရုံ၏အနောက်တောင်ဘက် မလှမ်းမကမ်းရှိ ဥပဝတ္တန ခေါ်သည့် အင်ကြင်းဥယျာဉ်သို့ ရောက်လာကြသည်။ ဥယျာဉ်ဘေးတစ်ဘက်၌ ဟိရညဝတီမြစ်ကို လှမ်းမြင်နေရသည်။ ရှင်ဥပဂုတ္တမထေရ်သည် ယခင်နည်းအတိုင်းပင် အသောကမင်းကြီးအား ကုသိနာရုံအကြောင်းကို ရှင်းလင်းပြောပြတော်မူသည်။

"အရှင်မင်းကြီး၊ သုံးလောကထွတ်ထားမြတ်စွာဘုရားဟာ လေးဆယ့်ငါးနှစ်တိတိ ဝေနေယျသတ္တဝါများရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူပြီးနောက် ဒီကုသိနာရုံအင်ကြင်းရုံမှာပဲ ပရိနိဗ္ဗာန်ဝင်စံပြောင်းကြွသွားတော်မူတယ်။ မိမိရဲ့နောက်ဆုံး ဒေသစာရီအဖြစ်နဲ့ ရှင်တော်ဘုရားဟာ ဝေသာလီကနေ ကုသိနာရုံကိုကြွလာတယ်။ လမ်းခရီးမှာ ဘဏ္ဍုဂါမ၊ ဟတ္ထိဂါမ၊ သမ္ဗဂါမ၊ ဇမ္ဗုဂါမ၊ ဘောဂနဂရတို့ကိုဖြတ်ပြီး မလ္လတိုင်းတစ်ခြမ်းရဲ့ နေပြည်တော်ဖြစ်တဲ့ ပါဝါကို ရောက်လာတယ်။ ပါဝါမှာ စုန္ဒလှူတဲ့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး ကုသိနာရုံ ဒီအင်ကြင်းရုံကို လာခဲ့တယ်။ ဝမ်းသွေးသွန်တဲ့ဝေဒနာ ခံစားနေရတဲ့အတွက် ရှင်တော်မြတ်ဘုရားဟာ ပါဝါကနေ ကုသိနာရုံအထိ အကြိမ်နှစ်ဆယ်လောက် နားနားနေနေလာခဲ့ရတယ်။ ဒီနေရာရောက်လာတဲ့အခါ

http://www.linhtet.com



ကျတော့ ရှင်တော်မြတ်ဘုရားဟာ ခရီးကလည်းပန်း၊ ဝေဒနာကလည်း ကျွမ်းနေပြီဖြစ်၍ အလွန်တရာပင်ပန်းနွမ်းနယ်နေတော်မူပြီး အင်ကြင်းပင်နှစ်ပင်အကြားမှာ ခင်းထားတဲ့ ညောင်စောင်းပေါ်မှာ လျောင်းစက်နားနေတော်မူတယ်။ ရှင်တော်မြတ်ဘုရားနဲ့ မကွေမကွာအရိပ်သဖွယ် ပါရှိလာခဲ့တဲ့ ရှင်အာနန္ဒာကတော့ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်ပြုတော့မယ်ဆိုတာကို သိနေတဲ့အတွက် အပူမီးတောက်နေရှာတယ်။ ရှင်တော်မြတ်ဘုရားက ရှင်အာနန္ဒာကို သတ္တဝါတွေအနေနဲ့ တစ်နေ့ မဟုတ် တစ်နေ့ ခွဲခွာကြရမယ်ဆိုတာ လောကတံထွာဓမ္မတာဖြစ်တယ်ဆိုတဲ့အကြောင်း နားချတော်မူတယ်။

"အဲဒီလို ပင်ပန်းနွမ်းနယ်ပြီး ပရိနိဗ္ဗာန်ပြုတော့မယ့် ဆဲဆဲမှာ ရှင်တော်မြတ်ဘုရားဟာ ရှင်အာနန္ဒာလျှောက်ထားတဲ့ မေးခွန်းတွေကို တစ်ခုပြီးတစ်ခု ဖြေရှင်းဟောပြတော်မူတယ်။ အဲဒါတင်မကသေးဘူး။ သန်းခေါင်ယံလောက်မှာ ရေးကြီးသုတ်ပျာရောက်လာတဲ့ သုဘဒ်ပရိဗိုဇ်ကိုလဲ ပင်ပန်းနွမ်းနယ်နေတဲ့ကြားထဲက မဟာကရုဏာတော်က စေ့ဆော်တဲ့အတွက် တရားဓမ္မဟောပြတော်မူလိုက်သေးတယ်။ သုဘဒ်ပရိဗိုဇ်ဟာ အဲဒီခဏမှာပဲ ရဟန္တာဘဝရောက်သွားတဲ့အတွက် ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိခိုက် ကျွတ်တမ်းဝင်တဲ့ နောက်ဆုံး ရဟန္တာသာဝကအဖြစ် သာသနာတော်မှာထင်ရှားသွားတယ်။ အဲဒီနောက် မိုးသောက်ယံမှာ စုဝေးရောက်ရှိနေတဲ့ ရဟန်းသံဃာများကို (ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ၊ ရဟန်းတို့၊ သင်တို့ကို ငါအချုပ်စကားမှာကြားခဲ့မည်။ သင်္ခါရတရားတို့သည် ပျက်စီးတတ်သောသဘောရှိ၏။ သင်တို့သည် မေ့မေ့လျော့လျော့ မနေကြကုန်လင့်) ဆိုတဲ့နောက်ဆုံးစကားကိုမှာထားတော်မူပြီး ကဆုန်လပြည့်နေ့ ကုန်ခါနီးလင်းအားကြီးအချိန်မှာပဲ ပရိနိဗ္ဗာန်ဝင်စံတော်မူတယ် မင်းကြီး"

ရှင်ဥပဂုတ္တမထေရ် စကားအဆုံးသတ်လိုက်သောအခါ ဘုရင်မင်းတရားကြီးသည် ဘဝင်ခိုက်သွားပြီးလျှင် ရုတ်တရက် မိုက်ခနဲဖြစ်ကာ သတိမေ့လဲကျသွားလေသည်။ နောက်တော်ပါးကပါလာသည့် မှူးမတ်များနှင့် ခြွေရံသင်းပင်းများက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြပြီးလျှင် နှာနှပ်သူကနှပ်၊ နှိပ်နယ်ပေးသူက နှိပ်နယ်ပေးကြသဖြင့် ဘုရင်မင်းတရားကြီး သတိပြန်ရလာလေသည်။ တအောင့်တနား နားနားနေနေ နေကြပြီးနောက် ဆရာနှင့်ဒကာတို့သည် ကုသိနာရုံအကြောင်းကို ပြန်ကောက်ကြပြန်လေသည်။ ဤတစ်ကြိမ်၌မူ ဘုရင်မင်းတရားကြီးက စပြောလေသည်။

http://www.linhtet.com



"ရှင်တော်မြတ်ဘုရားဟာ ရာဇဂြိုဟ်၊ သာဝတ္ထိပြည်တို့လို ကြီးကျယ်ထင်ရှားတဲ့ မြို့ကြီးတွေမှာ ပရိနိဗ္ဗာန်မပြုဘဲ ဒီမြို့သိမ်မြို့ငယ် ကုသိနာရုံကိုမှာ လာပြီး ဘာဖြစ်လို့ ပရိနိဗ္ဗာန်ပြုပါသလဲ ဘုရား"

"သင်မင်းကြီး အခုမေးတဲ့ မေးခွန်းမျိုးကိုပဲ ရှင်အာနန္ဒာကလဲ ဘုရားရှင်ကို လျှောက်ထားမေးမြန်းခဲ့တယ်။ အဲဒီအခါမှာ ရှင်တော်ဘုရားက ရှင်အာနန္ဒာအား ကုသိနာရုံကို မြို့သိမ်မြို့ငယ်ဟူ၍ မမှတ်သင့်ကြောင်း။ ရှေးအတိတ်က သုဒဿနစကြာမင်း နန်းစံခဲ့သည့် ကုသဝတီပြည်ကြီး ဖြစ်ခဲ့ဖူးကြောင်းပြောပြပြီး သုဒဿနစက္ကဝတ္တိသုတ်ကို ဟောကြားတော်မူတယ်။ တခြားမြို့ရွာတွေမှာ ပရိနိဗ္ဗာန်မပြုဘဲ ကုသိနာရုံကြွလာပြီး ပရိနိဗ္ဗာန်ပြုတာ အကြောင်းနစ်ခု သုံးခုကြောင့်လို့ ဆိုနိုင်တယ်။ တခြားနေရာဌာနတွေမှာ ပရိနိဗ္ဗာန်ပြုရင် မဟာသုဒဿနသုတ်ကိုဟောဖို့ အခွင့်ရမှာမဟုတ်ဘူး။ နောက်တစ်ကြောင်းက တခြားဒေသတွေမှာ ပရိနိဗ္ဗာန်ပြုရင် ဓာတ်တော် အဝေမတည့်ဖြစ်ပြီး အကြီးအကျယ်ရန်ဖြစ်လာနိုင်တယ်။ သွေးချောင်းစီးသွားနိုင်တယ်။ အဲဒီအကြောင်းသုံးခုကြောင့် ကုသိနာရုံ မရောက်အရောက်ကြွလာပြီး ပရိနိဗ္ဗာန်ပြုရခြင်းဖြစ်ပေတယ် မင်းကြီး"

ရှင်ဥပဂုတ္တနှင့်အသောကမင်းကြီးတို့သည် ကုသိနာရုံအရှေ့ဘက် ခပ်လှမ်းလှမ်း၌ရှိသော မကုဋဗန္ဓနစေတီသို့ လာခဲ့ကြသည်။

ကုသိနာရုံမြို့တော်၏ လေးလက်လေးတန်၌ မြို့တံတိုင်း ကာရံထားသည်။ အရပ်လေးမျက်နှာရှိ တံတိုင်းလေးခုတွင် မြို့တံခါး လေးပေါက်ရှိသည်။ မြောက်ဘက်မြို့တံခါးမှ ဥပဝတ္တနခေါ်သည့် အင်ကြင်းဥယျာဉ်အထိ အင်ကြင်းပင်များ အစီအရီပေါက်နေကြသည်။ အင်ကြင်းဥယျာဉ်မှ မြို့ပတ်ပြီး မြို့တောင်ဘက်တန်းသွားသည့် လမ်းတစ်လမ်းရှိသည်။ ယင်းလမ်းအတိုင်းသွားလျှင် မြို့တွင်းမဝင်ဘဲနှင့် မြို့တောင်ဘက်တံခါးသို့အထိ ရောက်သွားနိုင်သည်။ အရှေ့ဘက်တံခါးမှ ဟိရညဝတီ မြစ်ကမ်းအထိလည်း အင်ကြင်းပင်များပေါက်နေသည်။ အရှေ့ဘက် ဟိရညဝတီမြစ်ကမ်းဘေး၌ နတ်ဒေဝတာများကို ပူဇော်ပသကြသည်။ နောက်ပိုင်းတွင် ထိုနေရာများ၌ စေတီတည်ကြသည်။ ယင်းစေတီများသည် နတ်ဒေဝတာ ကိုးကွယ်ရာဌာနများ ပင်ဖြစ်သည်။

ဗုဒ္ဓလက်ထက်တော် အချိန်အခါက မကုဋဗန္ဓနစေတီသည် မလ္လမင်းညီမင်းသားများ အဘိသိက်သွန်းရာဌာနဖြစ်သည်။ အဘိသိက်အသွန်းခံရသော မလ္လသည် ဟိရညဝတီမြစ်ထဲတွင် ရေချိုးပြီး မကုဋဗန္ဓနစေတီကို ရှိခိုး

http://www.linhtet.com



ပူဇော်ရသည်။

မကုဋဗန္ဓနသို့ ရောက်သောအခါ ရှင်ဥပဂုတ္တက အမိန့်ရှိလေသည်။

"ဒီနေရာမှာ ရှင်တော်ဗုဒ္ဓရဲ့အလောင်းတော်ကို မီးသင်္ဂြိုဟ်တယ် မင်းကြီး။ ပရိနိဗ္ဗာန်ပြုသွားတဲ့ ရှင်တော်မြတ်ဘုရားရဲ့အလောင်းတော်ကို အင်ကြင်းဥယျာဉ်ကနေပြီး ကုသိနာရုံမြို့တွင်းကို မြောက်ဘက် မြို့တံခါးက ပင့်ဆောင်လာကြတယ်။ မြို့လယ်မှာအတန်ကြာထားပြီး ပူဇော်ကြတယ်။ ပြီးတော့မှ မြို့အရှေ့ဘက်တံခါးကထွက်ပြီး မြို့အရှေ့ဘက်မှာရှိတဲ့ ဒီမကုဋဗန္ဓနကို ပင့်ဆောင်လာကြခြင်းဖြစ်တယ်။ ဒီနေရာရောက်တော့ ရှင်တော်ဘုရားရဲ့အလောင်းတော်ကို စန္ဒကူးသားထင်းနဲ့ မီးသင်္ဂြိုဟ်လိုက်ကြတယ်။

"မီးသင်္ဂြိုဟ်ပြီးတဲ့အခါကျတော့ ဓာတ်တော်ကို မလ္လမင်းတို့က သူတို့တစ်ဦးတည်း သိမ်းပိုက်ထားလိုကြတယ်။ ဒါပေမယ့် သူကလဲ ရထိုက်တယ်၊ ငါကလဲရထိုက်တယ်နဲ့ ဝိုင်းပြီးအရေးဆိုကြတဲ့အတွက် ဓာတ်တော် အဝေမတည့်ဖြစ်ပြီး အချင်းများနေတဲ့အချိန်မှာ ဒေါဏအမည်ရှိတဲ့ ဗြာဟ္မဏက သမာသမတ် မျှတစွာ ဓာတ်တော်ကို ရှစ်ပုံရှစ်ဖို့ခွဲပြီး ဝေငှပေးလိုက်တယ်။ ဓာတ်တော် ရရှိသွားကြသူများကတော့ ကုသိနာရုံက မလ္လမင်း၊ ပါဝါက မလ္လမင်း၊ ဝေသာလီက လိစ္ဆဝီမင်း၊ ကပိလဝတ်က သကျသာကီဝင်မင်း၊ အလ္လကပ္ပက ဗူလီမင်း၊ ရာမဂါမက ကောလိယမင်း၊ ဝေဠဒီပက ဗြာဟ္မဏ၊ ပိပ္ပလိဝနက မောရိယမင်း တို့ဖြစ်ကြတယ် မင်းကြီး"

"ရှင်တော်မြတ်ဘုရားဟာ ကုသိနာရုံကို ဒီတစ်ကြိမ်သာ ကြွတော်မူဖူးသလား ဘုရား။ ပရိနိဗ္ဗာန်စံဖို့ ကြွလာတဲ့ခရီးမတိုင်ခင်ကကော ကုသိနာရုံကို ရှင်တော်ဘုရား ကြွလာတော်မူသေးသလား ဘုရား"

အသောကမင်းကြီး မေးမြန်းလျှောက်ထားသည့်အတွက် ရှင်ဥပဂုတ္တမထေရ်က ပြန်လည်ဖြေကြားသည်။

"ဒီအလျင်ကလဲ ရှင်တော်ဘုရားဟာ ကုသိနာရုံကို အကြိမ်ပေါင်းများစွာ ကြွလာတော်မူဖူးပါတယ်။ တစ်ခါတုန်းက ရှင်တော်မြတ်ဘုရားဟာ အာပဏကနေ ကုသိနာရုံကိုကြွလာတယ်။ ကုသိနာရုံကမှတစ်ဆင့် အာတုမာကို ကြွသွားတယ်။ ကုသိနာရုံ မလ္လမင်းတွေ သန္ထာဂါရမှာ စည်းဝေးပြီး 'ရှင်တော်မြတ်ဘုရားကို သွားမကြိုတဲ့လူ ငွေအသပြာငါးရာ ဒဏ်တပ်မယ်' လို့ ဆုံးဖြတ်တာ အဲဒီအခေါက်တုန်းကဖြစ်တယ် မင်းကြီး"

"ရှင်တော်မြတ်ဘုရားရဲ့ ဘဝဖြစ်တော်စဉ်နဲ့ပတ်သက် ဆက်နွယ်နေ

http://www.linhtet.com



တဲ့ ကုသိနာရုံသား ပုဂ္ဂိုလ်အချို့အကြောင်းကိုကော မသိရဘူးလား ဘုရား”

“သိရပါတယ် မင်းကြီး။ ဒဗ္ဗမထေရ်ဟာကုသိနာရုံ မလ္လမင်းမျိုးမှာ ဖွားမြင်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ သူ ပဋိသန္ဓေတည်နေချိန်မှာ သူ့မိခင် ကွယ်လွန်သွားတယ်။ အလောင်းကိုမီးသင်္ဂြိုဟ်တဲ့အခါ ရှေးကုသိုလ်ကံပါလာတဲ့အတွက် အမိဝမ်းတွင်းက ကလေးမသေဘူး။ ဝမ်းထဲက ထွက်ကျပြီး မီးပုံဘေးက မြက်ဖုတ်ပေါ်ရောက်သွားတယ်။ အဲဒီကလေးကြီးလာတဲ့အခါ ဒဗ္ဗအမည်နဲ့ ရှင်တော်မြတ်ဘုရားရဲ့ တပည့်သာဝကတစ်ဦး ဖြစ်လာတယ်။

ပသေနဒီ ကောသလမင်းကြီးရဲ့ ဗန္ဓုလ မလ္လသေနာပတိကို မင်းကြီးကြားဖူးပါလိမ့်မယ်။ ဗန္ဓုလ မလ္လလဲ ကုသိနာရုံသားပဲ။ ဗန္ဓုလ မလ္လဟာ တက္ကသိုလ်မှာ ပညာသင်နေတုန်း ကောသလဘုရင့်သားတော် ပသေနဒီနဲ့ မိတ်ဆွေဖြစ်လာခဲ့တယ်။ ကုသိနာရုံပြန်ရောက်တော့ မလ္လမင်းတွေက သူ့တန်ဖိုး မသိတဲ့အတွက် ကုသိနာရုံမှာ အမှုမထမ်းဘဲ သူ့မိတ်ဆွေ ပသေနဒီ ကောသလဘုရင်ထံမှာ သေနာပတိအဖြစ် အမှုသွားထမ်းတယ်။ သူ့ဇနီး မလ္လိကာက ကိုယ်ဝန်အရင့်အမာနဲ့ ချင်ခြင်းတပ်တဲ့အတွက် အစောင့်အကြပ်တွေ တင်းတင်းကျပ်ကျပ်ချထားတဲ့ ဝေသာလီက လိစ္ဆဝီတွေ အဘိသိက်သွန်းတဲ့ မင်္ဂလာ ပေါက္ခရဏီရေကန်ထဲသွားပြီး သူ့ဇနီးကို ရေကန်မှာ ရေလဲချိုးစေတယ်။ ရေကန်ကရေကိုလဲ သောက်စေတယ်။ ပြီးတော့ ထူထပ်လှတဲ့ အစောင့်အကြပ်တွေကြားထဲက ကောသလတိုင်းကို ပြန်လာတယ်။ အင်မတန်ထူးခြားတဲ့ စွန့်စားမှုကြီးဖြစ်ပေတယ်။

“ဒါပေမယ့် နောက်ပိုင်းကျတော့ ဘုရင်က အထင်မှားပြီး ဗန္ဓုလမလ္လနဲ့ သူ့သားတွေကို တစ်ဘက်လှည့်နဲ့ လုပ်ကြံသတ်ဖြတ်ပစ်လိုက်တယ်။ ဗန္ဓုလမလ္လရဲ့ဇနီး မလ္လိကာလဲ ကုသိနာရုံကပဲ။ အင်မတန် သူရသတ္တိနဲ့ပြည့်စုံတယ်။ သူ့လင်ယောကျ်ားနဲ့သားတွေ အသတ်ခံရတယ်ဆိုတဲ့ သတင်းကြားရတာတောင် ဣန္ဒြေမပျက်ဘူး၊ မလ္လိကာရဲ့ မိဘများအိမ်ဟာ ကုသိနာရုံက သန္ထာဂါရအနီးမှာရှိတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတဲ့အချိန်မှာ မုဆိုးမ မလ္လိကာဟာ ကုသိနာရုံ ပြန်ရောက်နေပြီ။ ဘုရားရှင်ရဲ့အလောင်းတော်ကို ပူဇော်ဖို့ ကုသိနာရုံမြို့တွင်း ဆောင်ကြဉ်းလာတဲ့အခါမှာ မလ္လိကာဟာ သူ့မဟာလ္လတာတန်ဆာနဲ့ ရှင်တော်ဘုရားရဲ့ အလောင်းတော်ကို လွှမ်းခြုံပေးပြီး ပူဇော်လိုက်တယ်။

“ဗန္ဓုလမလ္လရဲ့နေရာမှာ သေနာပတိအဖြစ် ခန့်အပ်ခြင်းခံရတဲ့ ဗန္ဓုလမလ္လရဲ့တူ ဒီဃကာရာယဏလဲ ကုသိနာရုံသားတစ်ယောက်ပဲ။ ဒီဃကာ

http://www.linhtet.com



ရာယဏာဟာ သေနာပတိဖြစ်နေပေမယ့် သူ့ဦးလေးကို လုပ်ကြံတဲ့ဘုရင်အပေါ် အခဲမကျေဘူး။ အခွင့်ကောင်းကို စောင့်နေလာခဲ့တာ တစ်နေ့ကျတော့ အခွင့်ကြုံလာတယ်။ တစ်နေ့ သကျတို့ရဲ့ ရွာနိဂုမ်းတစ်ခုမှာ ရှင်တော်ဘုရားသီတင်းသုံးနေတဲ့အခါ ပသေနဒီ ကောသလမင်းကြီးဟာ ဒီဃကာရာယဏာရဲ့လက်ထဲ မင်းမြောက် တန်ဆာတွေအပ်ပြီး ဘုရားရှင် သီတင်းသုံးနေတဲ့ ဂန္ဓကုဋီထဲသွားတယ်။ အကြံနဲ့နေတဲ့ ဒီဃကာရာယဏာက မင်းမြောက်တန်ဆာတွေကို ယူသွားပြီး ဝိဋ္ဋူဘကို ဘုရင်မြှောက်လိုက်တယ်။ ပသေနဒီကောသလမင်းကြီး ပြန်ထွက်လာတော့ အပြင်မှာ စစ်တပ်လဲ မရှိတော့ဘူး။ သေနာပတိလဲ မရှိတော့ဘူး။ မြင်းတစ်ကောင်နဲ့ အမှုထမ်းတစ်ယောက်ကိုသာ တွေ့တယ်။ အမှုထမ်းဆီက အကျိုးအကြောင်းသိရတဲ့အခါ ပသေနဒီကောသလဟာ သူ့တူအဇာတသတ်ကို အကူအညီတောင်းဖို့ ရာဇဂြိုဟ်ကိုထွက်လာတယ်။ ရာဇဂြိုဟ်ရောက်တော့ နေဝင်မိုးချုပ်နေပြီဖြစ်တဲ့အတွက် မြို့တံခါးပိတ်သွားပြီ။ မြို့အပြင်ဘက်က ဇရပ်တစ်ခုမှာပဲ အိပ်ရရှာတယ်။ ခရီးကြမ်းကိုလာရတဲ့အတွက် လူကလည်းနွမ်း၊ စိတ်ကလည်း ပန်းနေတဲ့အပြင် ကြမ်းတမ်းတဲ့ရာသီဥတုဒဏ်ကို ခံရတဲ့အတွက် ပသေနဒီကောသလဟာ အဲဒီညမှာပဲ ကွယ်လွန်သွားရှာတယ်။

"အဲဒီပုဂ္ဂိုဟ်တွေအပြင် သီဟမထေရ်၊ ယသဒတ္တမထေရ်၊ ရောဇမလ္လမထေရ်တို့လဲပဲ ကုသိနာရုံသားတွေ ဖြစ်ကြတယ် မင်းကြီး"

အသောကမင်းတရားကြီးသည် ကုသိနာရုံ၌ စေတီပုထိုးများကို ကိုးကွယ်တည်ထားသည့်အပြင် ကျောက်စာတိုင်ကြီးနှစ်တိုင်ကိုလည်း စိုက်ထူထားလေသည်။ သို့ရာတွင် ယခုခေတ်၌ အသောကမင်းတရားကြီး၏ ကောင်းမှုတော်များကို အစအနပင် မတွေ့ကြရပေ။ မှတ်တမ်းများအရ အမှန်တကယ်ရှိခဲ့သည်ဟု သိရသော်လည်း ယခုအချိန်၌ မတွေ့ရခြင်းမှာ ပျက်စီးယိုယွင်းသွား၍သော်လည်းကောင်း ဖြစ်လိမ့်မည်။ သို့မဟုတ်ကလည်း မြေအောက်တွင် ကွယ်ပျောက်နေသောကြောင့် လည်းကောင်း ဖြစ်ပေလိမ့်မည်။ ၇-ရာစုတွင် အိန္ဒိယရောက်သော တရုတ်ခရီးသည် ရှွင်ကျန်၏မှတ်တမ်း၌ ". . . မြို့၏ အရှေ့မြောက်ထောင့်၌ အသောကမင်းကြီး တည်သည့် ပုထိုးတစ်ဆူရှိသည်။ ပျက်စီးယိုယွင်းနေပြီဖြစ်သော်လည်း ပေ ၂၀၀ လောက် အမြင့်ရှိနေတုန်းပင် ဖြစ်သည်" ဟူ၍လည်း မှတ်တမ်းတင်ထားသည်။

ယခုအခါတွင်ကား ၅-ရာစုနှစ်လောက်က တည်ထားကိုးကွယ်သည်ဟု ယူဆရသည့် ပရိနိဗ္ဗာန်ပုထိုးတော်တစ်ဆူနှင့် ပရိနိဗ္ဗာန်ရုပ်ပွားတော်

http://www.linhtet.com



တစ်ဆူကိုသာလျှင် တွေ့ရှိရပေသည်။ ပရိနိဗ္ဗာန်စံတော်မူပုံ လျောင်းတော်မူရုပ်ပွားသည် ပေ ၂၀ အလျားရှိသည်။ အနောက်သို့ မျက်နှာမူလျက် လက်ယာဘက် စောင်းနေတော်မူပုံဖြစ်သည်။ ယင်းရုပ်ပွားတော်ကို ဖူးတွေ့ရသူမှန်သမျှ မျက်ရည်မဆည်နိုင်ဖြစ်ကြရသည်။ ။

[ *ပါဠိကျမ်းဂန်များနှင့် မှတ်တမ်းများကို အခြေခံသည်။* ]

❑

## မောဂ္ဂလိ၏ သားတော်

သိဂ္ဂဝမထေရ် ဤအိမ်တွင် ဆွမ်းရပ်သည်မှာ ခုနစ်နှစ်ရှိသွားပြီ။ နံနက်ဆွမ်းခံချိန်၌ မထေရ်သည် ဤနေရာ ဤအိမ်ဂေဟာသို့ နေ့စဉ်နေ့တိုင်း ဆွမ်းလာရပ်သည်။ သို့သော် မထေရ်၏သပိတ်ထဲတွင် ဤအိမ်မှအိမ်သူ အိမ်သားများသည် ဆွမ်းတစ်လုတ်စာ၊ သို့မဟုတ် ယာဂုတစ်ဇွန်းတစ်ယောက်မစာမျှပင် လောင်းမထည့်ကြပေ။ အိမ်ရှင်များမှာ ဗြာဟ္မဏမျိုးများ ဖြစ်ကြသည်။ သူတို့အိမ်ရှေ့တွင် ဗုဒ္ဓသားတော် ရဟန်းတော်သိဂ္ဂဝမထေရ် ဆွမ်းလာရပ်သည်ကို မနှစ်မြို့ကြ။ ရဟန်းတော် သိဂ္ဂဝကို ဆွမ်းတစ်လုတ်စာ၊ သို့မဟုတ် ယာဂုတစ်ဇွန်း တစ်ယောက်မစာ မပေးလှူရုံမျှမက စကားတစ်ခွန်းတစ်လေမျှပင် ပြောဆိုခြင်းမရှိဘဲ ဆွမ်းခံကြွလာသည့်အခါတိုင်း သိဂ္ဂဝမထေရ်ကို ကြောင်တောင်ငေးကြည့်နေကြသည်။ ယင်းသို့ မိမိအား ဆွမ်းမလှူဒါန်းရုံမျှမက ခါးခါးသီးသီး ဆက်ဆံနေသည့်အိမ်သို့ သိဂ္ဂဝမထေရ်သည် အဘယ်အကြောင်းကြောင့် ခုနစ်နှစ်တိတိ ဆွမ်းလာရပ်နေသနည်း။ ကြီးမားသော မျှော်မှန်းချက် တစ်စုံတစ်ရာမရှိဘဲ နှင့် မိမိကို လက်မခံသောအိမ်ဝသို့ ခုနစ်နှစ်တိတိ နေ့စဉ်ဆွမ်းလာရပ်မည် မဟုတ်ပေ။ ခုနစ်နှစ်၊ ခုနစ်မိုး နံနက်ဆွမ်းခံချိန်တွင် ဤဗြာဟ္မဏအိမ်သို့ ရဟန်း သိဂ္ဂဝ နေ့စဉ်ဆွမ်းလာရပ်နေခြင်း၌ ထက်သန်ကြီးမားသော အကြောင်းအရာ တစ်ခု အမှန်မုချ ရှိနေပေလိမ့်မည်။

*

http://www.linhtet.com



နံနက်ဆွမ်းခံဝင်ချိန် ဖြစ်သည်။ သိဂ္ဂဝမထေရ်သည် ဗြာဟ္မဏအိမ်ဘက်မှ ထွက်ခွာလာခဲ့သည်။ ကိစ္စနှင့် အပြင်ထွက်ပြီး ကိစ္စပြီးစီးသွားသည်ဖြစ်၍ အိမ်ပြန်လာသည့် အိမ်ရှင်ဗြာဟ္မဏကြီးနှင့် လမ်းတွင် ပက်ပင်းတိုးနေသည်။ ဗြာဟ္မဏကြီးသည် သိဂ္ဂဝမထေရ်ကို လှမ်းကြည့်လိုက်သည်။ ဒီကိုယ်တော်ဟာ ငါတို့အိမ် နေ့တိုင်း ဆွမ်းခံလာနေကျ ကိုယ်တော်ပါကလား။

ဗြာဟ္မဏကြီးသည် သိဂ္ဂဝမထေရ်အား စကားတစ်ခွန်း ပြောကြည့်မည်ကြံသည်။ သို့သော် သူ့စကားသည် စေတနာကောင်းနှင့် ပြောသည့်စကားမဟုတ်တန်ရာ။ မထေရ်အား သရော်သည့်စကားသာ ဖြစ်ဖို့ရှိသည်။

"ဘယ့်နှယ့်လဲ ကိုယ်တော်၊ အိမ်က ဆွမ်းခံလိုရခဲ့သလား"

"ရခဲ့ပါတယ် ဒကာကြီး"

ဗြာဟ္မဏကြီးက သိဂ္ဂဝမထေရ်အား မိမိအိမ်မှ ဘာမှမရဘဲ ပြန်လာခဲ့ရသည်ကို အတပ်သိသဖြင့် မထေရ်အား သရော်သည့်သဘောဖြင့် မေးမြန်းလိုက်ခြင်းဖြစ်သည်။ သို့သော် မထေရ်က ရခဲ့ပါတယ်ဟု ပြန်ဖြေသဖြင့် အတွေးရခက် သွားသည်။

ဘယ်လိုလဲ။ အိမ်က ဒီရဟန်း တကယ်ပဲ ဆွမ်းရခဲ့သလား။ မရဘဲနဲ့ ရတယ်လို့ ငါ့ကိုညာပြောတာလား။ အိမ်မှာ ငါမရှိခိုက် အိမ်ကလူတွေဒီရဟန်းကို ဆွမ်းများလောင်းလိုက်ကြသလား။ တကယ်လို့သာ ငါမရှိခိုက် အိမ်ကလူတွေ ဒီရဟန်းကို ဆွမ်းလောင်းလိုက်ယင်တော့ အိမ်ကလူတွေ ငါနဲ့တွေ့မယ်။

ဗြာဟ္မဏကြီး ဂမူးရှူးထိုးနှင့် အိမ်ပြန်လာသည်။ အိမ်ရောက်သောအခါ သူ့ဇနီး မောဂ္ဂလိပုဏ္ဏေးမကြီးကို ရန်တွေ့လေ၏။

"ညည်းတို့ ဟိုရဟန်းကို ဆွမ်းလောင်းလိုက်ကြသလား"

"အလိုတော် . . . ဘယ်လိုဖြစ်လာတာလဲ။ ဘယ်သူကမှ သူ့ကို ဆွမ်းမလောင်းပါဘူး။ ခါတိုင်းလို အိမ်ဝကရပ်ပြီး ပြန်သွားတာပါတော်"

အိမ်သူအိမ်သားများ အလျှောက်ကောင်း၍ အထောင်းသက်သာသွားကြသည်။ အကယ်၍သာ ရဟန်းကိုဆွမ်းလောင်းလိုက်ကြပါက ဗြဟ္မဏကြီးသည် သူ့အိမ်သူအိမ်သားများကို အစိမ်းလိုက် ဝါးစားမည်လား မပြောတတ်ပေ။ သို့သော် ယခုမူကား ဗြဟ္မဏကြီး၏ဒေါသသည် သူ့အိမ်သားများထံမှ ဖဲကြဉ်ပြီး ရဟန်းဆီသို့ ရောက်သွားသည်။ ဆွမ်းမရဘဲနှင့်ရသည်ဟု ငါ့ကိုလိမ်သွားသည်။ လာပေစေဦး၊ နက်ဖြန်ခါကျမှ ရဟန်းတန်မဲ့နှင့် လိမ်ပြောရသလားဟု ပက်ပက်စက်စက် ပြောပစ်လိုက်ဦးမည်။

http://www.linhtet.com



နောက်တစ်နေ့ နံနက်အချိန်တန်သောအခါ ဗြာဟ္မဏကြီးသည် အိမ်တံခါးဝတွင် သိဂ္ဂဝမထေရ် ဆွမ်းလာရပ်လျှင်ရပ်ချင်း မထေရ်အနီးသို့ ချဉ်းကပ်လာသည်။

"ဘယ့်နှယ်လဲ ကိုယ်တော်၊ မနေ့က ဆွမ်းမရဘဲနဲ့ ရတယ်လို့ ဘာဖြစ်လို့ လိမ်ပြောသလဲ။ ရဟန်းဆိုတာ ဒီလိုမဟုတ်မဟတ် ပြောလို့ဖြစ်သလား"

သိဂ္ဂဝမထေရ်သည် ရှူးရှူးရှဲရှဲ ဖြစ်နေသည့် ဗြာဟ္မဏကြီးကို ချိုသာသောအကြည့်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် မျက်လွှာချလိုက်ပြီး ပြန်ပြောလေသည်။

"သင်တို့အိမ် ငါဆွမ်းရပ်သည်မှာ ခုနစ်နှစ် ခုနစ်မိုး ရှိသွားပြီ။ ဒါပေမယ့် ဆွမ်းတစ်လုတ်စာ၊ သို့မဟုတ် ယာဂုတစ်ဇွန်း တစ်ယောက်မစာလောက်မရရုံမျှမက 'ကန်တော့ပါ၏'ဆိုတဲ့ စကားလေးတစ်ခွန်းကိုတောင်မှ မရခဲ့ဘူး၊ ယမန်နေ့ကတော့ ထူးထူးခြားခြား 'ကန်တော့ပါ၏' ဆိုတဲ့စကားတစ်ခွန်း မရစဖူးရခဲ့တယ်။ ဒါကြောင့်မို့ 'ရခဲ့တယ်' လို့ သင့်ကို ငါပြောလိုက်ခြင်းဖြစ်တယ်"

ပါးပျဉ်းထောင်နေသည့် မြွေဟောက်သည် အလမ္ပာယ်ဆရာ လက်ပြလိုက်သည်နှင့် ငြိမ်ကျသွားလေသည်။ တရှူးရှူးတရှဲရှဲ ဖြစ်နေသော ဗြာဟ္မဏကြီးသည် ရဟန်း၏စကားကို ကြားလိုက်သည်နှင့် ဒေါသပြေပျောက်သွားလေသည်။ ရဟန်းကို ဆက်လက်ရန်တွေ့ပြီး ရစရာမရှိအောင် ပြောပစ်လိုက်ဦးမည်ဟူသော သူ၏အကြံအစည်လည်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီ။

ရဟန်းသံဃာတို့သည်ကား ခန္တီပါရမီနှင့် ပြည့်စုံသူများဖြစ်ကြသည်။ ကန်တော့ဆွမ်းရရုံမျှနှင့်ပင် အားရဝမ်းသာ ချီးမွမ်းစကားဆိုကြရာသည်။ အကယ်၍ တစ်ဇွန်းတစ်ယောက်မ ဆွမ်းရဘိမူကား မည်မျှအားရဝမ်းသာ ချီးမွမ်းစကား ဆိုရှာမည်နည်း။

ဗြာဟ္မဏကြီးသည် ကြည်ညိုသဒ္ဓါဖြစ်ပွားလာပြီးလျှင် မိမိအတွက်ထားသည့်ထမင်းထဲက တစ်ဇွန်းယူ၍ မထေရ်၏သပိတ်ထဲတွင် လောင်းထည့်လိုက်လေသည်။ နောက်နေ့များတွင်လည်း ဆွမ်းတစ်ဇွန်းစာမျှ မထေရ်အားနေ့စဉ် နေ့တိုင်းလှူဒါန်းလေသည်။

တစ်ရက်ပြီးတစ်ရက်နှင့် အချိန်ကုန်လွန်ကြာညောင်းလာခဲ့သည်။ ဗြာဟ္မဏ၏သဒ္ဓါတရားသည်လည်း တစ်ရက်ထက်တစ်ရက် ပိုမိုကြီးမားလာလေသည်။ နေ့ရက် အတန်ကြာလာသောအခါ မထေရ်သည် ဗြာဟ္မဏကြီး၏အိမ်ပေါ်ရောက်လာသည်။ ဗြာဟ္မဏကြီးသည် မထေရ်ကို အိမ်ပေါ်ပင့်ပြီး နေ့စဉ်

http://www.linhtet.com



နေ့တိုင်း ဆွမ်းကပ်လှူလေသည်။

မထေရ်သည် အိမ်ဝမှ အိမ်ပေါ်ရောက်လာသည်။ အိမ်ဝတွင် ဆွမ်းရပ်သည့်အဆင့်မှ အိမ်ပေါ်တက်၍ ဆွမ်းဘုဉ်းပေးသည့်အဆင့်ရောက်လာသည်။ စကားတစ်ခွန်းတလေမှ ပြောဆိုနှုတ်ဆက်ခြင်း မရှိခဲ့သည့် အိမ်ထောင်မိသားစုနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးလာလေသည်။

မထေရ်သည် ဤယုန်မြင်၍ ဤချုံထွင်ခြင်းဖြစ်သည်။ ဗြာဟ္မဏအိမ်သို့ ဆွမ်းတစ်ဇွန်း တစ်ယောက်မမျှ မရရှိဘဲနှင့် ခုနစ်နှစ် ခုနစ်မိုး နေ့စဉ်ရက်ဆက် ဆွမ်းလာရပ်နေခြင်းမှာ ဆွမ်းအတွက် သက်သက်မျှသာ မဟုတ်ပေ။ ဗြာဟ္မဏကြီးအိမ်၌ ဗြာဟ္မဏကြီးနှင့် မောဂ္ဂလိပုဏ္ဏေးမကြီးတွင် တိဿအမည်ရှိသော သားတစ်ယောက်ရှိသည်။ ထိုသားသည် တောက်မည့်မီးခဲဖြစ်၍ နဂိုကပင် ရဲနေသည်။ ထိုသူငယ် ပါရမီရှင်ဖြစ်သည်ကို မထေရ်သည် မဆွကပင် သိထားနှင့်သည်။ ထိုသူငယ် သာသနာတော်တွင်းရောက်လာပါက သာသနာတော်ကြီး ကြီးပွားတိုးတက်ရေးအတွက် ကြီးစွာသောအထောက်အပံ့ဖြစ်မည်ဆိုသည်ကို အနာဂတ်အရေးကို မျှော်တွေးသိရှိကြသည့် မထေရ်များက နားလည်ထားကြသည်။ သိဂ္ဂဝမထေရ်သည် ထိုတိဿသူငယ်ကို သာသနာတော် အတွင်း သွတ်သွင်းလိုသည့် ရည်ရွယ်ချက်ဖြင့် ဗြာဟ္မဏအိမ်သို့ ချဉ်းကပ်နေခြင်းဖြစ်သည်။ ယင်းရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် အချိန်ကျရောက်လာပေပြီ။

မထေရ်သည် ထုံးစံအတိုင်း နံနက်ခင်းအချိန်တွင် ဗြာဟ္မဏအိမ်သို့ ဆွမ်းခံကြွလာသည်။ ထိုနေ့တွင် အိမ်ကလူများသည် မထေရ်ထိုင်ရန် အခြားအခင်း ကြည့်မမြင်သဖြင့် အမှတ်တမဲ့ တိဿလုလင်၏ အိပ်ရာခင်းကို ခင်းပေးလိုက်လေသည်။ တိဿလုလင်မှာမူ သူ့ဆရာအိမ်သွားနေခိုက်ဖြစ်၍ အိမ်တွင် မရှိပေ။ မထေရ်သည် တိဿလုလင်၏အိပ်ရာခင်းပေါ်တွင် ထိုင်နေလေသည်။ ထိုအခိုက် တိဿလုလင် အိမ်ပြန်ရောက်လာလေသည်။ သူ့အိပ်ရာခင်းပေါ်တွင် သိဂ္ဂဝမထေရ်ထိုင်နေသည်ကို တွေ့ရသောအခါ "ဒီရဟန်းကို ငါ့အိပ်ရာခင်း ဘယ်သူခင်းပေးသလဲ" ဟု ဆူပူကြိမ်းမောင်းလေတော့သည်။ မထေရ်က တိဿလုလင် အမျက်ပြေချိန်ကို စောင့်ရင်း ဆွမ်းဘုဉ်းပေးနေလေသည်။ ဆွမ်းဘုဉ်းပေးပြီး သောအခါ တိဿလုလင် အမျက်ပြေသလောက် ပြေသွားပြီဖြစ်၍ မထေရ်က အမိန့်ရှိလိုက်လေသည်။

"အမောင်လုလင် သင် မန္တန်ကျမ်းသင်တာတတ်ပြီလား"

http://www.linhtet.com



တိဿလုလင်က မထေရ်၏စကားသည် သူ့ကိုစော်ကားသည့် စကားဖြစ်၏ဟု အထင်ရောက်သွားသည်။ သို့ဖြစ်၍ ဘုကျကျပင် ပြန်ပြော လိုက်လေသည်။

“မန္တန်ကို ကျုပ်မတတ်ရင် ဘယ်သူတတ်ဦးမှာလဲ”

တိဿလုလင်သည် အားကျမခံ မထေရ်ကို ပြန်မေးလိုက်လေသည်။

“သင် ရဟန်းကော မန္တန်တတ်ရဲ့လား”

“တတ်သလား မတတ်သလားဆိုတာ မေးစမ်းကြည့်လေ၊ မေးစမ်း ကြည့်ယင် သိပါလိမ့်မယ်”

တိဿလုလင်သည် မန္တန်များထဲက မိမိလည်း မသိ၊ မိမိဆရာသမား လည်း နားမလည်သည့် ခဲရာခဲဆစ်တို့ကို ရှာကြံရွေးထုတ်ပြီး မထေရ်အား မေးစမ်းကြည့်သည်။ သိဂ္ဂဝမထေရ်သည် မန္တန်သုံးကျမ်းကို ကျွမ်းကျင်တတ် မြောက်ထားသူဖြစ်သည်။ ဆန့်ကျင်ဘက်အယူဝါဒတစ်ခုခု၏ ထိုးနှက်ခြင်းခံရ သည့်အခါ ထိုအယူဝါဒကို အရေကျိုသောက်ထားပြီး မဟုတ်ပါက ထိုအယူဝါ ဒ၏ထိုးနှက်ချက်ကို မည်သို့ခုခံကာကွယ်မည်နည်း။ ဆန့်ကျင်ဘက်အယူဝါဒ အကြောင်း နကန်းတစ်လုံးမသိဘဲ မိမိအယူဝါဒကို ကျားကျားမီးယပ်လုပ်နေရုံ မျှသည် မိမိအယူဝါဒအတွက် အောင်ပွဲဆင်နိုင်စေမည့် တိုက်စစ်မဖြစ်နိုင်ပေ။ သိဂ္ဂဝမထေရ်မှာမူ မန္တန်ကျမ်းများကို ထုံးလိုချေ ရေလိုနှောက်ထားသည်ဖြစ်၍ တိဿလုလင်၏အမေးစကားများကို ဒိုးဒိုးဒေါက်ဒေါက် ပြန်ဖြေနိုင်ပြီး ဆန့် ကျင်ဘက်၏အပေါ်တွင် ဩဇာညောင်းသွားအောင် လုပ်နိုင်ခဲ့လေသည်။

တိဿလုလင် ဦးကျိုးသွားပြီ။ သိဂ္ဂဝမထေရ်ကို အကြီးအကျယ် အထင်ကြီးသွားသည်။ ဤတွင် သိဂ္ဂဝမထေရ်သည် လက်ထဲရောက်လာသည့် အခွင့်ကို လက်မလွှတ်တော့။ တိဿလုလင်အားပြန်လှန်မေးခွန်းထုတ်လိုက် လေသည်။

“လုလင်၊ သင်မေးတဲ့ မေးခွန်းတွေကို ငါအားလုံးဖြေပြီးပြီ။ ယခု ငါ့ အလှည့်ရောက်လာပြီ။ သင့်ကို ငါမေးခွန်းတစ်ခုမေးမယ်၊ သင်ဖြေနိုင်ပါ့ မလား”

“မေးကြည့်လေ၊ ဖြေနိုင်ယင် ဖြေပါ့မယ်”

“ကောင်းပြီ၊ ငါမေးမယ်၊ အကြင်ပုဂ္ဂိုလ်၏စိတ်သည် ဖြစ်ဆဲတော့ ဟုတ်သည်။ ချုပ်ဆဲမဟုတ်ပေ။ ထိုပုဂ္ဂိုလ်၏စိတ်သည် ချုပ်လတ္တံ့ မဖြစ်လတ္တံ့ လော။ အကြင်ပုဂ္ဂိုလ်၏စိတ်သည် ချုပ်လတ္တံ့ မဖြစ်လတ္တံ့။ ထိုပုဂ္ဂိုလ်၏စိတ်

http://www.linhtet.com



သည် ဖြစ်ဆဲပဟုတ်ပြီး ချုပ်ဆဲမဟုတ်လော"

မထေရ်သည် အဘိဓမ္မာခုနစ်ကျမ်းအနက် ဆဋ္ဌမကျမ်းဖြစ်သည့် ယမိုက်ကျမ်းထဲက စိတ္တယမိုက် ပြဿနာတစ်ခုကို မေးလိုက်ခြင်းဖြစ်သည်။ ရဟန္တာတို့၏ စုတိစိတ် ဥပါဒက္ခဏ–ဥပါဒ် အခိုက်အတန့်နှင့် ပတ်သက်သော ပြဿနာဖြစ်သည်။ တိဿလုလင် ခေါင်းရှုပ်သွားသည်။ သူတတ်ထားသည့် မန္တန်ကျမ်းဂန်များထဲတွင် အဖြေရှာကြည့်သည်။ မတွေ့။ ပန်းပေးလိုက်ရတော့သည်။

"ရဟန်း၊ သင့်မန္တန်ကား ဆန်းကြယ်လှချေကလား၊ ဘယ်လိုမန္တန်မျိုးနည်း"

"ဗုဒ္ဓ မန္တန်ဖြစ်တယ် လုလင်"

တိဿလုလင်သည် မထေရ်အမိန့်ရှိသည့် မန္တန်ကို စိတ်ဝင်စားသွားသည်။

"ကျုပ်ကို အဲဒီဗုဒ္ဓမန္တန်သင်ပေးမလား"

"ငါ့လို ရဟန်းပြုယင် သင်ပေးမယ်"

တိဿလုလင်သည် ဗုဒ္ဓမန္တန်ကို သင်ကြားဆည်းပူးလိုသည့် စိတ်ဆန္ဒပြင်းထန်သဖြင့် မိဘနှစ်ပါးထံ ရဟန်းပြုခွင့်ပေးရန် ခွင့်ပန်သည်။ မိဘများကား သူတို့၏သားဗုဒ္ဓမန္တန်သင်ကြားတတ်မြောက်ပြီးသည့်အခါ လူဘောင်ပြန်လာလိမ့်မည် အထင်ရှိသဖြင့် ရဟန်းပြုခွင့် ပေးလိုက်သည်။ သိဂ္ဂဝမထေရ်သည် တိဿလုလင်ကို ရှင်သာမဏေပြုပေးပြီး ကာယဂတာသတိကမ္မဋ္ဌာန်းကို သင်ကြားပြသပေးသောအခါ တိဿသည် သောတာပန် ဖြစ်သွားလေသည်။

*

သိဂ္ဂဝမထေရ် တာဝန်ကား အပြီးသတ်သွားပြီ။

သိဂ္ဂဝမထေရ်နှင့် စဏ္ဍဝဇ္ဇီမထေရ်တို့သည် တိဿနှင့် ပတ်သက်၍ တာဝန်ခွဲဝေယူထားကြသည်။ တစ်ပါးက တိဿကို သာသနာတော်တွင်း ရောက်အောင် ကြိုးစားရမည်။ ကျန်တစ်ပါးက သာသနာတော်တွင်း ဝင်ရောက်သည့် တိဿအား ပိဋကတ်သုံးပုံ သင်ကြားပေးရမည်။ သိဂ္ဂဝမထေရ်သည် သူ့တာဝန်ဝတ္တရား ကျေပွန်သွားပြီဖြစ်၍ တိဿသာမဏေကို စဏ္ဍဝဇ္ဇီမထေရ်

http://www.linhtet.com



ထံ စေလွှတ်လိုက်လေသည်။ စဏ္ဍာဝဇ္ဇီမထေရ်သည် တိဿသာမဏေအား တစ်ပတ်တိတိ အကဲစမ်းပြီးနောက် ကျေနပ်အားရမှုရှိသောအခါကျမှ ပိဋကတ်ကို သင်ကြားပေးသည်။ တိဿသည် သာမဏေအဖြစ်ဖြင့်ပင် သုတ္တန်ပိဋကတ်နှင့် အဘိဓမ္မာပိဋကတ်ကို အဖွင့်အဋ္ဌကထာများနှင့်အတူ နှုတ်တက်အာဂုံ အရအမိ ရှိလာခဲ့လေသည်။ ထို့နောက် ဥပသမ္ပဒပဉ္စင်းအဖြစ် ရောက်ရှိပြီး တစ်ဝါမပြည့်မီမှာပင် တိပိဋကဓရ ပိဋကတ်သုံးပုံဆောင် အရှင်သူမြတ် ဖြစ်လာလေသည်။

နောက်ပိုင်း၌ကား တိဿမထေရ်သည် ရှင်မောဂ္ဂလိပုတ္တတိဿ အမည်ဖြင့် သိရိဓမ္မာသောကမင်းကြီး၏ဆရာ တတိယသင်္ဂါယနာတင် အမှူး အချုပ် ဖြစ်လာလေသည်။ ။

*[ သမန္တပါသာဒိကာ၊ မဟာဝံသစသည်တို့ကို အခြေခံသည်။ ရှင်မဟာမောဂ္ဂလိ တိဿမထေရ်၏ အတ္ထုပ္ပတ္တိသည် ရှင်မဟာနာဂသေန၊ ရှင်မဟာ ဗုဒ္ဓဃောသတို့၏ အတ္ထုပ္ပတ္တိတို့နှင့် ဆင်တူနေသည်။]*

❑

http://www.linhtet.com



# သာသနာသန့်စင်ပွဲ

အချိန်ကား အသောကမင်းကြီး ရာဇဘိသိက်ခံယူပြီးနောက် ကိုးနှစ်မြောက်ဖြစ်သည်။ ဘုရင်မင်းကြီး ဆောက်လုပ်လှူဒါန်းထားသော အသောကာရုံ ကျောင်းတိုက်ကြီး၌ သံဃာတော်များစည်စည်ကားကားဖြစ်နေသည်။ ထိုအချိန်၌ဘုရင်မင်းကြီး၏သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့လည်း သံဃာဘောင်တွင်း ဝင်ရောက်အခြေချနေကြပြီ။ ရဟန်းတော် မဟိန္ဒထေရ်သည် သံဃာတော်အများအပြားထဲတွင် အရေးပါအရာရောက်သော မထေရ်တစ်ပါး ဖြစ်နေပြီ။

ထိုအချိန်၌ ဘုရင်ဧကရာဇ်၏ချီးမြှောက်ထောက်ပံ့မှုခံယူရရှိသော ဗုဒ္ဓသာသနာတော်အတွင်းသို့ တခြားဘာသာ အယူဝါဒဂိုဏ်းဂဏများမှ ပုဂ္ဂိုလ်များလည်း လာဘ်လာဘကို မျှော်ကိုးလျက် ရဟန်းသံဃာ အရေခြုံပြီး ဝင်ရောက်လာကြသည်။ ထိုပုဂ္ဂိုလ်များသည် ဥပဇ္ဈာယ်ဆရာထံမှောက်တွင် ဝိနည်းဒေသနာ တော်နှင့်လျော်ညီစွာ စည်းကမ်းတကျ ရှင်ရဟန်းပြုထားကြသူများမဟုတ်ပေ။ ကိုယ့်ဟာကိုယ် ခေါင်းတုံးတုံးပြီး ကိုယ့်ဟာကိုယ် သင်္ကန်းဝတ်ရုံထားကြသူများဖြစ်သည်။ သူတို့သည် သံဃာများကြားထဲတွင် ငြိမ်ငြိမ်ကုပ်ကုပ်လည်းမနေ ကြ။ ထိုအခါ အသောကာရုံကျောင်း၌ သီတင်းသုံးနေကြသည့် ရဟန်းစစ် ရဟန်းမှန်တို့သည် ရဟန်းတုရဟန်းယောင်တို့နှင့် အတူတကွ ဥပုသ်ပဝါရဏာစသော ကံကြီးကံငယ် မပြုကြတော့ပေ။ သို့ဖြစ်၍ အသောကာရုံကျောင်း၌ ခုနစ်နှစ်တိတိ ဝိနည်းကံဆိတ်သုဉ်း ပျောက်ကွယ်နေပေသည်။ သံဃာတော် အချင်းချင်းလည်း ဂိုဏ်းဂဏ ကွဲပြားနေကြသည်။ ပဋိပက္ခ ဖြစ်

http://www.linhtet.com



နေကြသည်။ ထိုသတင်းသည် မိမိကိုးကွယ်သည့် အသောကာရုံကျောင်း တိုက်မှ ရဟန်းသံဃာများ၏သတင်းကို နားစွင့်နေသည့် ဘုရင်မင်းတရားကြီး ၏နား ပေါက်ကြားသွားလေသည်။ ရဟန်းသံဃာများ၏ သတင်းကိုကြားသိ ရသည့်အခါ ဘုရင်မင်းတရားကြီးသည် စိတ်မချမ်းမသာ ဖြစ်သွားသည်။ အမတ်ကြီးတစ်ဦးကို ခေါ်ပြောလေသည်။

"အမတ်ကြီး၊ အသောကာရုံကျောင်းတိုက်မှာ ရဟန်းတွေအချင်းချင်း မသင့်မတင့်ဖြစ်နေကြတယ် ကြားတယ်။ အမတ်ကြီး အသောကာရုံကျောင်း တိုက်ကို သွားပြီး ရဟန်းသံဃာတော်များရဲ့ အဓိကရုဏ်းကို ငြိမ်းသွားအောင် လုပ်ချေ၊ ဥပုသ်ပဝါရဏာစတဲ့ ကံကြီးကံငယ်များကိုလည်း ညီညီညွတ်ညွတ် ပြုကြပေစေ"

ဘုရင်အသောက၏ မှူးမတ်များနှင့် မင်းမှုထမ်းများသည် ဘုရင် မင်းတရားကြီးကို အလွန်တရာ ကြောက်ရွံ့ကြသည်။ ဘုရင်မင်းတရားကြီး၏ မျက်နှာကို မော်မဖူးရဲကြ။ ဘုရင်မင်းတရားကြီး၏ အမိန့်ကိုလည်း မည်သူမှ ကလန်ကဆန် မလုပ်ရဲကြ။ ဘုရင်မင်းတရားကြီး၏အတွေးအခေါ် အယူအဆ မှားယွင်းချွတ်ချော်နေသည့်တိုင် အကျိုးသင့်အကြောင်းသင့် လျှောက်တင်ရဲသူ မှာ မှူးမတ်များထဲတွင် အလွန်တရာရှားလေသည်။ ယခုအမတ်ကြီးလည်း သည်ပုတ်ထဲကသည်ပဲပင်ဖြစ်သည်။ ဘုရင်မင်းတရားကြီး အမိန့်ချမှတ်လိုက် သည်ကို အမတ်ကြီးမရှင်းပေ။ မည်သို့လုပ်ကိုင် ဆောင်ရွက်ရမည်ဆိုသည်ကို ပြတ်ပြတ်သားသား မသိလိုက်ပေ။ သို့သော်လည်း မင်းတရားကြီးကို ပြန်မမေး ဝံ့သဖြင့် ဘူးလုံးနားမထွင်း အခြေအနေနှင့်ပင် အမတ်ကြီးသည် ဘုရင် မင်းတရားကြီးအပါးမှ ဖဲခွာလာခဲ့သည်။

အမတ်ကြီးသည် သူ့ရောင်းရင်း အခြားအမတ်ကြီးအား တိုင်ပင် နှီးနှောကြည့်သည်။

"အမတ်ကြီး၊ ဘုရင်မင်းတရားကြီးက ကျွန်ုပ်ကို ရဟန်းသံဃာတွေရဲ့ အဓိကရုဏ်းငြိမ်းအောင် လုပ်ရမယ်လို့ အမိန့်ချမှတ်လိုက်တယ်။ အဲဒီအမိန့်ကို ဘယ်လိုလိုက်နာဆောင်ရွက်ရမယ်ဆိုတာ ကျွန်ုပ် မရှင်းမလင်းဖြစ်နေတယ်။ အမတ်ကြီး အကြံဉာဏ်လေးများ ပေးစမ်းပါဦး"

ရောင်းရင်းအမတ်ကြီးက တကယ့်ပညာရှိ သုခမိန်ကြီး ဟန်ဖြင့် ဦး ခေါင်းမော့လိုက်သည်။ ဘုရင်မင်းတရားကြီး၏ မှူးမတ်တစ်ယောက်လုပ်နေပြီး သည်လောက်ကလေးမှ နားမလည်ရန်ကော ဟူသော အကြည့်ဖြင့် အကြံဉာဏ်

http://www.linhtet.com



တောင်းသည့် အမတ်ကြီးကို လှမ်းကြည့်လိုက်သည်။

"အမတ်ကြီးကလဲ ဒါလောက်လေးမှ နားမလည်ဘူးလား။ ဘုရင်မင်းကြီးရဲ့အမိန့်က အင်မတန်ရှင်းနေတဲ့ဟာပဲ။ အမတ်ကြီးကို တစ်ခုမေးမယ်။ ခိုးသားဒမြထကြွနေတဲ့ ပစ္စန္တရစ်အရပ်ဒေသ ငြိမ်းချမ်းသွားအောင် ဘယ်လိုလုပ်ရသလဲ"

"ခိုးသားဓားပြတွေကို သုတ်သင်နှိမ်နင်းပစ်ရပါတယ်"

"မှန်တယ်အမတ်ကြီး။ ဘုရင်အမိန့်အာဏာကို ဖီလာလုပ်တဲ့ လူတွေကို သုတ်သင်ပစ်ရတယ်။ အခုကိစ္စမှာလဲ အဲဒီအတိုင်းပါပဲ။ ဥပုသ်ပြုကြလို့ ပြောလျက်သားနဲ့ မပြုယင် ရဟန်းတွေကို သုတ်သင်ပစ်လိုက်ရုံပဲရှိတယ်။ အဲဒါ အမိကရဏ်ငြိမ်းသွားအောင် လုပ်တဲ့နည်းမဟုတ်ဘူးလား"

အမတ်ကြီးသည် ဘုရင့်အမိန့်ကို ဋီကာဖွင့်ပြသည့် မိမိရောင်းရင်းအမတ်၏ အဆိုအမိန့်ကို တကယ့်အမှန်တရားဟု ထင်မှတ်သွားသည်။ ကျိုးကြောင်းဆင်ခြင် စဉ်းစားဉာဏ်မဲ့သူသည် သူတစ်ပါးဆိုတိုင်း ဟုတ်နိုးနိုးအောက်မေ့သည်။ သူတစ်ပါးပြောသည်ကို မိမိစဉ်းစားဉာဏ် မှတ်ကျောက်ဖြင့် တင်မကြည့်တတ်သူများသည် အမှားပြုမိတတ်ကြသည်။ အမတ်ကြီးသည် သူ့ရောင်းရင်းအမတ်ပြောသည်ကို စိတ်ထဲတွင်စွဲမှတ်ပြီး အသောကာရုံကျောင်းတိုက်သို့ လာခဲ့သည်။ ကျောင်းရောက်သောအခါ ရဟန်းသံဃာများအား လျှောက်ထားသည်။

"အရှင်ဘုရားတို့ကို အညီအညွတ် ဥပုသ်ပြုအောင်လုပ်ရမယ်လို့ တပည့်တော်ကို ဘုရင်မင်းတရားကြီးက စေလွှတ်လိုက်ပါတယ်။ အရှင်ဘုရားများ ဥပုသ်ပြုကြပါ"

ရဟန်းစစ် ရဟန်းမှန်တို့သည် ဘုရင့်မျက်နှာထက် ဝိနည်းဒေသနာကို ထောက်သောသူများဖြစ်ကြသည်။ ရဟန်းတု ရဟန်းယောင်တို့နှင့်အတူ ဥပုသ်ပြုခြင်းသည် ဝိနည်းဓမ္မကံနှင့်မညီညွတ်ဟု ယူဆထားကြသည်။ သို့ဖြစ်၍ ဘုရင့်အာဏာနှင့် ခြိမ်းခြောက်ပြီး အမတ်ကြီးက လျှောက်ထားသော်လည်း လိုက်လျောခြင်းမရှိကြ။

"ကျုပ်တို့ရဟန်းတု ရဟန်းယောင်တွေနဲ့အတူ ဥပုသ်မပြုနိုင်ဘူး"

အမတ်ကြီး၏လျှောက်ထားချက်ကို ရဟန်းများက ငြင်းဆန်လိုက်ကြသည်။ ဤတွင် အမတ်ကြီးသည် ကျောင်းတိုက်ရှိ သံဃာတော်များကို ထေရ်ကြီးဝါကြီးမှစ၍ တစ်ပါးစီ သုတ်သင်သတ်ဖြတ်ပစ်လေသည်။ ရဟန်း

http://www.linhtet.com



သံဃာတော်များအား တစ်ပါးပြီးတစ်ပါး သတ်ဖြတ်နေသည်ကို တိဿမထေရ်က မြင်လေသည်။ တိဿမထေရ်သည် အသောကဘုရင်မင်းတရားကြီး၏ ညီတော်ဖြစ်သည်။ အချိန်အတန်ကြာကပင် အကျွတ်တရားရပြီး သာသနာ့ဘောင်တွင်း ဝင်ရောက် ရဟန်းပြုနေသူဖြစ်သည်။ တိဿမထေရ်က အမတ်ကြီး၏အပြုအမူကို တွေ့ရသည့်အခါ အမတ်မိုက်သည် ဘုရင့်အမိန့်ကို တလွဲတချော် လိုက်နာဆောင်ရွက်နေပြီဟု တွေးမိပြီး အမတ်ကြီး အနီးကပ်သွားသည်။ အမတ်ကြီး အခက်တွေ့နေပြီ။ ဘုရင်မင်းကြီး၏ ညီတော်ဖြစ်ရုံမျှသာမက တစ်ခါက အိမ်ရှေ့ဥပရာဇာဖြစ်ခဲ့ဖူးသည့် တိဿမထေရ်ကို တွေ့ရသည့်အခါ သတ်ရန်မဝံ့မရဲ ဖြစ်နေသည်။ သတ်ရမည်လော၊ မသတ်ရဘူးလောဟု ဝေခွဲမရ ဖြစ်နေသဖြင့် နန်းတော်သို့ပြန်လာပြီး ဘုရင်မင်းကြီးကို လျှောက်ထားလေ၏။

"အရှင်မင်းကြီး၊ ဥပုသ်ပြုဖို့ ငြင်းဆန်နေတဲ့ ရဟန်းတွေကိုသုတ်သင်ပြီးပါပြီ။ ညီတော်တိဿမထေရ်အလှည့် ရောက်လာပါပြီ။ ညီတော်ကိုလဲ အများနည်းတူ သတ်ပစ်ရပါမည်လား ဘုရား"

ဘုရင်မင်းတရားကြီး မျက်လုံးပြူးသွားသည်။ မိမိပေးသည့်အမိန့်ကို အမတ်မိုက် တလွဲတချော် အကောင်အထည်ဖော်နေပြီ။ မိမိပေးသည့်အမိန့်ကတစ်မျိုး။ အမတ်မိုက် လိုက်နာဆောင်ရွက်သည်က တခြား။ သာမန်ကိစ္စမျိုး၌ ယခုကဲ့သို့ တလွဲတချော် ဖြစ်ပါမူ မထောင်းတာသော်လည်း ယခုကိစ္စမှာမူ ရဟန်းသံဃာတော်များ ဘုမသိဘမသိဘဲနှင့် အသက်ဆုံးရှုံးကုန်ကြရသည့် အလွန်ကြီးလေးသော ပြစ်မှုကြီးပါကလား။ ဘုရင်မင်းကြီးသည် အလွန်တရာ ထိတ်လန့်ကြောက်ရွံ့သွားပြီး ကျောင်းသို့ အပြေးအလွှားသွားလေသည်။ ကျောင်းသို့ ရောက်သောအခါ မထေရ်အချို့ကို လျှောက်ကြည့်သည်။

"တပည့်တော် မစေခိုင်းပါဘဲနှင့် ဤအမတ်သည် ရဟန်းတော်တို့ကို သွေးမြေကျအောင်ပြုလုပ်ခဲ့သည်။ ဤမကောင်းမှု အကုသိုလ်အကျိုးကို မည်သူခံရပါမည်နည်း"

သံဃာတော်များထဲက အချို့က ဘုရင်မင်းတရားကြီး အပြစ်ခံရမည်ဟုပြောပြီး တချို့ကနှစ်ဦးလုံးပင် ခံရမည်ဟု ပြောကြသည်။ တချို့ကမူ သတ်စေလိုသည့် စေတနာနှင့် ခိုင်းစေခြင်းမဟုတ်လျှင် ဘုရင်မင်းတရားကြီး၌ အပြစ်မရှိဟု ဆုံးဖြတ်ကြသည်။ ရဟန်းတော်များ တစ်ယောက်တစ်ပေါက်ဖြစ်နေသဖြင့် မင်းတရားကြီးသည် ဘဝင်မကျဖြစ်သွားသည်။

"တပည့်တော်၏ ယုံမှားသံသယကိုဖယ်ရှားပစ်ပြီး သာသနာတော်ကို ထိန်းသိမ်းနိုင်မည့်ရဟန်းပုဂ္ဂိုလ် ရှိပါသလားဘုရား။ ရှိရင် ညွှန်ကြားတော်မူပါ"

ဘုရင်မင်းတရားကြီးက လျှောက်ထားသောအခါ ရဟန်းတော်များက ပြန်ပြောကြသည်။

"ဂင်္ဂါမြစ်ညာမှာ သီတင်းသုံးနေတဲ့ ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ဟာ အရှင်မင်းကြီးရဲ့ ယုံမှားသံသယကိုပယ်ဖျောက်ပြီး သာသနာတော်ကို ထိန်းသိမ်းနိုင်တဲ့ အရည်အချင်းရှိပါတယ်"

ဘုရင်မင်းကြီးသည် ရှင်မောဂ္ဂလိပုတ္တတိဿကို နှစ်ကြိမ်တိုင်တိုင် လူလွှတ်အပင့်ခိုင်း၏။ သို့သော်ကြွမလာပေ။ ကြွမလာကြောင်း အသောကာရုံကျောင်းက ရဟန်းများကိုလျှောက်ထားရာ ရဟန်းများကဤသို့ဘုရင်က ပင့်ခေါ်သည်ဆိုလျှင် ကြွလိမ့်မည်မဟုတ်ကြောင်း၊ သာသနာတွင်း ဘေးအန္တရာယ်ပေါ်နေသည်ဖြစ်၍ သာသနာ့အန္တရာယ်ကို ရှင်းလင်းပြီး သာသနာတော်ကို သုတ်သင်သန့်စင်ရန် ကြွလာတော်မူပါဟု ပင့်ခေါ်မှကြွလာလိမ့်မည်ဖြစ်ကြောင်း ပြောပြကြသည်။ ထိုအတိုင်း နောက်တစ်ကြိမ် ပင့်သောအခါ ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ပါဋလိပုတ် နေပြည်တော်သို့ ကြွလာလေသည်။

ဂင်္ဂါမြစ်ကြောင်းအတိုင်းလှေနာဝါဖြင့် ကြွလာသော ရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဘုရင်မင်းကြီးက မြစ်ရေထဲဆင်းပြီးကြိုသည်။ ဘုရင်မင်းကြီးသည် မထေရ်ရှိရာသို့ လက်ကမ်းပေးလိုက်သည်။ မထေရ်က မင်းကြီး၏ လက်ကိုလှမ်းဆွဲသည်။ မင်းကြီးကိုယ်ရံတော်သည် မင်းကြီး၏ လက်ကို ကိုင်ရပါမည်လားဆိုပြီး မထေရ်ကိုခုတ်ရန် ဓားမိုးလိုက်သည်။ နောက်တစ်ကြိမ် မှားပြန်တော့မလို့ သီသီကလေးဖြစ်သွားသည်။ ရေထဲတွင် ထင်နေသည့်ကိုယ်ရံတော်၏ အရိပ်ကိုတွေ့ရ၍ ဘုရင်မင်းကြီးက ချက်ချင်းဟန့်တားလိုက်သည်။ မထေရ်ကို မင်းဥယျာဉ်ထဲပင့်သွားသည်။ ဥယျာဉ်ထဲတွင် ဘုရင်မင်းကြီးကိုယ်တိုင် မထေရ်အားပြုစုပြီး သူ့ယုံမှားသံသယကို မေးလျှောက်ကြည့်လေ၏။ မထေရ်က သတ်စေလိုသည့်စေတနာဖြင့်စေခိုင်းခြင်းမဟုတ်လျှင် ဘုရင်မင်းကြီးတွင် အပြစ်မရှိဟုအဆုံးအဖြတ်ပေးလိုက်လေသည်။ ထိုအခါကျမှ ဘုရင်မင်းကြီးသည် တအုံနွေးနွေးဖြစ်နေသောသူ၏ ယုံမှားသံသယ ကင်းရှင်းပပျောက်သွားလေသည်။

ရှင်မောဂ္ဂလိပုတ္တတိဿထေရ် ပါဋလိပုတ်ရောက်လာသည်မှာ ရက်သတ္တတစ်ပတ်ရှိသွားပြီ။ အသောကာရုံ၌ ဘုရင်မင်းတရားကြီး ကြီးမှူးပြီး သာ

http://www.linhtet.com



သနာသန့်စင်ပွဲကြီး ကျင်းပပြုလုပ်သည်။ ရဟန်းများကို အယူဝါဒတူရာ တူရာ စုဝေးစေပြီးလျှင် သူ့နေရာနှင့်သူ တစ်ခန်းစီတစ်နေရာစီ နေရာချပေးထားသည်။ ထို့နောက်မှ တစ်စုစီကိုခေါ်ပြီးလျှင် "ရှင်တော်ဗုဒ္ဓ၏ဝါဒ သိပါသလား၊ ဘာဝါဒ နည်း" ဟုမေးသည်။ တချို့က သဿတဝါဒ(နိစ္စဝါဒ) ဟူ၍လည်းကောင်း၊ အချို့က ဧကစ္စသဿတဝါဒ ဟူ၍လည်းကောင်း၊ အချို့က အမရာဝိက္ခေပဝါဒ ဟူ၍လည်းကောင်း၊ အချို့က အဓိစ္စသမုပ္ပန္နဝါဒ ဟူ၍လည်းကောင်း၊ အချို့က သညီဝါဒ ဟူ၍လည်းကောင်း၊ အချို့က နေဝသညီနာသညီဝါဒ ဟူ၍လည်း ကောင်း၊ အ ချို့က ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ဟူ၍လည်းကောင်း အသီးသီး မိမိတို့ သန်ရာသန်ရာဝါဒ သဘောတရားများကို ဖွင့်ဟပြောပြကြသည်။ ဘုရင် မင်းတရားကြီးသည် တရားစစ်တရားမှန်ကို ကြိုတင်သိရှိနားလည်ထားသည် ဖြစ်၍ ထိုရဟန်းများ ရဟန်းစစ်ရဟန်းမှန် မဟုတ်ကြောင်း သိရှိနားလည်သွား သည်။ သို့ဖြစ်၍ ထိုရဟန်းများအား အားလုံးလူဝတ်လဲခိုင်းလိုက်သည်။

ထို့နောက် ကျန်ရဟန်းသံဃာများအား ပင့်ခေါ်ပြီးလျှင် "ရှင်တော် ဗုဒ္ဓ၏ဝါဒ သိပါသလား၊ ဘာဝါဒနည်း" ဟု မေးမြန်းပြန်သည်။ ထိုရဟန်းများ က "ရှင်တော်ဗုဒ္ဓ၏ဝါဒသည် ဝိဘဇ္ဇဝါဒဖြစ်သည်။ ရှင်တော်ဗုဒ္ဓသည် ဝိဘဇ္ဇဝါဒီ ဖြစ်တော်မူသည်" ဟူ၍ဖြေကြားသည်။ ဘုရင်မင်းတရားကြီးက ရှင်မောဂ္ဂလိ ပုတ္တတိဿမထေရ်အား မှန်မမှန်မေးလျှောက်ကြည့်ရာ မထေရ်က "ရှင်တော် ဗုဒ္ဓသည် ဝိဘဇ္ဇဝါဒီ အမှန်တကယ်ပင်ဖြစ်သည်" ဟု အမိန့်ရှိပေသည်။

"ကဲ . . . သာသနာတော် သန့်စင်သွားပါပြီ။ အရှင်ဘုရားများ ဥပုသ်ပြုတော်မူကြပါ"

ယင်းသို့ လျှောက်ထားပြီး အသောကမင်းကြီးသည် နန်းတော်သို့ ပြန်သွားလေ၏။ရဟန်းသံဃာများသည် စုဝေးပြီးလျှင် တညီတညွတ်တည်း ဥပုသ်ပြုကြသည်။ ထိုသံဃာစည်းဝေးသဘင်၌ ရှင်မောဂ္ဂလိပုတ္တတိဿမထေရ် က 'ကထာဝတ္ထုကျမ်း'ကို ဟောကြားတော်မူသည်။

ဘုရင်အသောက လက်ထက်ရောက်လာသောအခါ ဗုဒ္ဓသာသနာ သည် ဂိုဏ်း ၁၈ ဂိုဏ်းကွဲသွားသည်။ ယင်း ၁၈ ဂိုဏ်းအနက် ထေရဝါဒဂိုဏ်းကို သာလျှင် ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က မူရင်းဗုဒ္ဓဒေသနာတော်ဟု သတ် မှတ်သည်။ 'ကထာဝတ္ထု' ကျမ်း၌ ကျန် ၁၇ ဂိုဏ်း၏အဘိဓမ္မာ အယူဝါဒများ ကို ချေဖျက်ထားသည်။ 'ကထာဝတ္ထု' ကျမ်းသည် အဘိဓမ္မာ ခုနစ်ကျမ်းထဲ တွင် တစ်ကျမ်းအပါအဝင်ဖြစ်သည်။

http://www.linhtet.com

**ပိယဒဿီ ✵ ၁၇၉**

ရှင်မောဂ္ဂလိပုတ္တတိဿအမှူးရှိသော သံဃာတော်တို့သည် သာသနာ့အညစ်အကြေးကို သန့်စင်စေပြီးလျှင် ဓမ္မနှင့် ဝိနယကို တတိယအကြိမ် သင်္ဂါယနာတင်တော်မူကြသည်။ သင်္ဂါယနာတင်နှစ်မှာ ဘီ–စီ ၂၄၈ ဖြစ်သည်။ ကိုးနှစ်တိတိကြာသည်။ သာသနာ့ဒါယကာမှာ အသောကမင်းတရားကြီးဖြစ်သည်။

[ *သမန္တပါသာဒိကာ၊ မဟာဝံသတို့ကို အခြေခံသည်။* ]

❑

http://www.linhtet.com

## လူ့ဦးခေါင်း

အသောကဘုရင်သည် ကလိင်္ဂစစ်ပွဲအပြီးတွင် ဗုဒ္ဓ တရား ဓမ္မကို သက်ဝင်ယုံကြည်သွားသည်။ စိတ်ကြမ်းလူကြမ်းအသောကအဖြစ်မှ တရားဓမ္မကို ယုံကြည်ကိုးစားသူ အသောကဘာဝရောက်လာသည့် အချိန်မှစ၍ ဘုရင်အသောကသည် ရဟန်းသံဃာများကို မည်သည့်နေရာ၌တွေ့တွေ့ တွေ့သည့်နေရာတွင် ခြေအစုံကို ရှိခိုးဦးတိုက်လေ့ရှိလေသည်။

ဗုဒ္ဓသာသနာတော်သည် ပင်လယ်သမုဒ္ဒရာနှင့်တူသည်။ မည်သည့်ချောင်း၊ မည်သည့်မြောင်း၊ မည်သည့်မြစ်ကစီးဝင်လာသည့် ရေဖြစ်ဖြစ် ပင်လယ် သမုဒ္ဒရာအတွင်း ရောက်သွားပါက တစ်မျိုးတည်း တစ်သားတည်း တစ်သဘောတည်း ဖြစ်သွားသည်။ ဗုဒ္ဓသာသနာလည်း အလားတူပင်ဖြစ်သည်။

သူကြွယ်ဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ်၊ ဘုရင်ဖြစ်ဖြစ်၊ သူတောင်းစားဖြစ်ဖြစ်၊ တံမြက်လှည်းသမားဖြစ်ဖြစ်၊ ဇာတ်နိမ့်ဖြစ်ဖြစ်၊ ဇာတ်မြင့်ဖြစ်ဖြစ်၊ မည်သည့်အဆင့် မည်သည့်အလွှာက ပုဂ္ဂိုလ်ဖြစ်စေ၊ ဗုဒ္ဓသာသနာတွင်း ဝင်ရောက်လာပါက သာသနာ့ဘောင် အပြင်ဘက်တွင် မိမိတို့၏ဇာတ်၊ မိမိတို့၏ဂုဏ်၊ မိမိတို့၏အဆင့်၊ မိမိတို့၏ရာထူး ဌာနန္တရ၊ မိမိတို့၏ပကာသနကို ထားပစ်ခဲ့ရသည်။ မိမိတို့၏ အရေခွံဟောင်းကို ခွာချပြီးမှသာ ဗုဒ္ဓသာသနာတွင်း ဝင်ရောက်လာရသည်။ ဗုဒ္ဓသာသနာတွင်း ရောက်လာပါက တစ်တန်းတည်း တစ်စားတည်း ဖြစ်သွားရသည်။ လူမျိုးစုံတို့၏ အရောင်မျိုးစုံကို သစ်ခေါက်လျှော်တေရောင်က တစ်ရောင်တည်း ခြယ်ပစ်လိုက်လေသည်။

http://www.linhtet.com



သို့သော် . . . အသောကဘုရင်၏ မှူးမတ်အချို့က ယင်းအချက်ကို သဘောမပေါက်ကြ။ သူတို့သည် အမျိုးဇာတ် အစွဲသန်ကြသည်။ ဂုဏ်ပကာသနကို ဗန်းတင်ကြသည်။ လောကီနယ်ထဲက အပြင်ပန်း အပေါ်ယံဂုဏ်ပကာသနကို လောကုတ္တရာနယ်ထဲ ဆွဲသွင်းလိုကြသည်။ သူတို့၏အမြင်၌ သာသနာ့မြင်ကွင်းတွင်လည်း သစ်ခေါက်လျှော်တေရောင်ကွယ်နေပြီး ပိုးဖဲ ကတ္တီပါရောင်၊ စိန်ရောင်၊ မြရောင်၊ နီလာရောင်၊ ပတ္တမြားရောင်များသာ ပြိုးပြိုး ပြက်ပြက် ဖြစ်နေသည်။ သို့ဖြစ်၍ သူတို့၏ဘုရင်မင်းမြတ်အား ရဟန်းသံဃာ ၏ခြေအစုံကို ရှိခိုးဦးခိုက်သည်ကို တွေ့ရသည့်အခါ မှူးမတ်အချို့သည် ဘဝင်မကျဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦး လက်တို့ပြီး ဘုရင်မင်းကြီးအတင်းကို ဆိုကြသည်။

မှူးမတ်များထဲတွင် ယသအမည်ရှိ အမတ်ကြီးတစ်ဦးရှိ၏။ ယင်းအမတ်ကြီးသည် ဘုရင်မင်းကြီးအား လျှောက်ရဲတင်ရဲသူဖြစ်၍ အရေးကြုံလျှင် တခြားမှူးမတ်များက သူ့ကိုတွန်းပေးလေ့ရှိကြသည်။ တစ်နေ့တွင် ယသအမတ်ကြီးသည် အသောကဘုရင်ကြီးအား အရဲစွန့်ပြီး လျှောက်တင်လိုက်လေသည်။

"ဘုန်းတော်ကြီးလှသော အရှင်မင်းကြီးဘုရား၊ အရှင်မင်းကြီးဟာ ဇမ္ဗူဒိပ်ကျွန်းအလုံးကို စိုးမိုးပိုင်သတဲ့ ခတ္တိယနွယ်ဖွား ဧကရာဇ်ဘုရင်တစ်ပါး ဖြစ်ပါတယ်။ အရှင်မင်းကြီးလို မဟာဓမ္မရာဇ် မဟာဧကရာဇ် ပုဂ္ဂိုလ်မြတ်တစ်ဦးက ဇာတ်နိမ့် ဇာတ်မြင့်မရွေး တွေ့သမျှရဟန်းသံဃာကို မိမိရဲ့မြင့်မြတ်လှတဲ့ ဦးခေါင်းဖြင့် ရှိခိုးဦးတိုက်တာဟာ လုပ်မြင်လို့ မသင့်တော်လှပါဘုရား။ ခတ္တိယလို၊ ဗြာဟ္မဏလို ဇာတ်မြင့်ထဲကလာတဲ့ ရဟန်းသံဃာကို ရှိခိုးဦးတိုက်တာ မထောင်းတာလှသော်လည်း ဗုဒ္ဓသာသနာတွင်းက ရဟန်းများမှာ ဇာတ်မြင့်အထက်တန်းလွှာထဲကလာတဲ့ ပုဂ္ဂိုလ်ချည်းမဟုတ်ပါ။ အောက်တန်းလွှာဇာတ်နိမ့်ပုဂ္ဂိုလ်များလဲ ဗုဒ္ဓသာသနာတွင်း ဝင်ရောက် နေကြပါတယ်။ သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးလှသော အရှင်မင်းကြီးအနေနှင့် အမျိုးဇာတ်ကို မစစ်ဆေး၊ မမေးမြန်းဘဲ၊ ဂုဏ်အဆင့်အတန်းကို မခွဲခြားဘဲ တွေ့သမျှ ရဟန်းသံဃာကို ရှိခိုးဦးတိုက်ခြင်း မပြုပါရန် ကျွန်တော်မျိုး လျှောက်ထား တောင်းပန်ပါတယ်ဘုရား"

ဘုရင်အသောကသည် ယသအမတ်ကြီး လျှောက်ထားပြောပြသည်ကို နှစ်မြို့ခြင်းမရှိလှသော်လည်း ထိုခဏ၌ ဆိတ်ဆိတ်သာနေလိုက်လေသည်။

နေ့ရက်အတန်ကြာသွားသည်။

တစ်နေ့တွင် ဘုရင်အသောကသည် သူ၏မှူးမတ်များကို ရှေ့တော်

http://www.linhtet.com



သို့ ဆင့်ခေါ်လိုက်သည်။ ရှေ့တော်မှောက်တွင် မှူးမတ်ပေါင်း စုံစုံညီညီရောက်လာသောအခါ ဘုရင်အသောက,က ဤသို့ မိန့်တော်မူလိုက်လေ၏။

"အမတ်ကြီးများ၊ တိရစ္ဆာန်မျိုးစုံရဲ့ဦးခေါင်းနဲ့ လူဦးခေါင်းတစ်လုံး ကျွန်ုပ်အလိုရှိတယ်။ အမတ်ကြီးများ အလျင်အမြန်ရှာဖွေပြီး ဆက်သကြစေ"

ဘုရင်မင်းကြီး၏ထူးဆန်းသောအမိန့်ကို မှူးမတ်များသည် အထူးအဆန်း မမှတ်မထင်ကြတော့ပေ။ ဘုရင်မင်းကြီးသည် အပြောင်းအလဲမြန်သည်။ ခုအမိန့်တစ်မျိုးထုတ်ပြီး နောက်မကြာခင် ထိုအမိန့်ကိုပြင်၍ အခြားအမိန့်တစ်ခု ထုတ်ချင်ထုတ်သည်။ ခုစစ်တိုက်ဖို့ အမိန့်ပေးပြီး နောက်မကြာခင် မမျှော်လင့်ဘဲနှင့် စစ်ပြေငြိမ်းဖို့ အမိန့်ထွက်ချင်ထွက်လာသည်။ ဘုရင်မင်းကြီး၏ အမိန့်ဆန်းဆန်းများသည် မှူးမတ်များအဖို့ အရိုးခံဖြစ်နေပြီ။ သက်ဦးဆံပိုင်ဘုရင် ဖြစ်နေသဖြင့် သူ့အမိန့်ကို စောဒကလည်း မတက်ရဲကြ၊ သူ့အမိန့်သည် လှည်းနေလှေအောင်း မြင်းဖောင်းမကျန် တိုင်းသူပြည်သားအားလုံး လိုက်နာရမည့် တရားဥပဒေသာဖြစ်သည်။

မှူးမတ်များသည် ဘုရင်မင်းကြီးအလိုရှိသော တိရစ္ဆာန်အမျိုးမျိုးတို့၏ဦးခေါင်းများနှင့် လူ့ဦးခေါင်းကို အလျင်အမြန်ရှာဖွေပြီး ဘုရင့်ထံ မှောက်လာရောက်ဆက်သကြလေ၏။ တိရစ္ဆာန်ခေါင်းများထဲတွင် ကျွဲခေါင်း၊ ဆိတ်ခေါင်း၊ သိုးခေါင်း၊ သမင်ခေါင်း၊ မျောက်ခေါင်းမှစ၍ တိရစ္ဆာန်အမျိုးမျိုး၏ ဦးခေါင်းမျိုးစုံပါသည်။ ကြက်ခေါင်း၊ ငှက်ခေါင်းပင် ပါလိုက်သေးသည်။

ဘုရင်မင်းကြီးသည် ဦးခေါင်းများကို အမတ်ကြီးများအားပင် ခွဲဝေပေးလိုက်သည်။ ယသ အမတ်ကြီးကိုမူ လူ့ဦးခေါင်း ပေးလိုက်သည်။

"ကဲ . . . အမတ်ကြီးများ၊ ကျွန်ုပ်ပေးထားတဲ့ ဦးခေါင်းများကို ဈေးထဲမှာ သွားရောင်းကြချေ"

မှူးမတ်များသည် ကိုယ်စီကိုယ်င ဝေပုံကျရသည့် ဦးခေါင်းများကို ဘုရင့်အမိန့်အတိုင်း ဈေးထဲသွားရောင်းချကြလေ၏။ လူ့ဦးခေါင်းမှတစ်ပါး အခြားတိရစ္ဆာန်ဦးခေါင်းများမှာ ဝယ်သူရှိသဖြင့် အရောင်းအဝယ် ဖြစ်သွားကြ၏။ လူ့ဦးခေါင်းကို ရောင်းဖို့တာဝန်ကျသည့် ယသအမတ်ကြီးတစ်ယောက်သာ ယောင်လည်လည်ဖြစ်နေသည်။ သူ့ လူဦးခေါင်းကို မည်သူကမှ မဝယ်ကြ။ မိမိကုန်ပစ္စည်းရောင်းမထွက်သဖြင့် အမတ်ကြီး အခက်ကြုံနေ၏။ သူ့ပစ္စည်းဝယ်သူမရှိသဖြင့် ယသအမတ်ကြီးသည် လက်လျှော့ကာ မျက်နှာမကြည်မသာနှင့် ရောင်းမစွံသည့် သူ့ကုန်ပစ္စည်းကို ဘုရင်မင်းကြီးထံ ပြန်ယူ

http://www.linhtet.com



လာခဲ့လေသည်။

"အရှင်မင်းကြီး။ လူ့ဦးခေါင်းကို ရောင်း၍မရပါ၊ လူ့ဦးခေါင်းဝယ်သူ တစ်ယောက်မှမရှိပါ ဘုရား"

ဘုရင်အသောကသည် တခဏမျှ စဉ်းစားနေ၏။ ပြီးမှ . . .

"အမတ်ကြီး ဈေးထဲတစ်ခါ ပြန်သွားပါဦး။ လူ့ဦးခေါင်းကို အဖိုး စားနားပေးပြီး ဝယ်မည့်သူမရှိရင်လဲ အလကားပေးကြည့်စမ်းပါ"

ယသအမတ်ကြီးသည် လူ့ဦးခေါင်းကိုသယ်ဆောင်ပြီး ဈေးထဲတစ် ပတ်လှည့်ရပြန်လေသည်။ လူ့ဦးခေါင်းနှင့် ဈေးထဲ တလည်လည် ဖြစ်နေသည့် အမတ်ကြီးကို တွေ့ရသည့်လူများက "အမတ်ကြီးစိတ်မှန့်ရဲ့လား" ဟု အောက် မေ့ကြသည်။ အမတ်ကြီးသည် လူတစ်ယောက်အား သူ့ပစ္စည်းကိုထုတ်ပြ၏။

"လာပြန်ပြီလား၊ ဒီအမတ်ကြီး စိတ်မှကောင်းရဲ့လား"

"မဟုတ်ပါဘူး၊ ကျုပ် ဒီပစ္စည်းကို မရောင်းတော့ပါဘူး၊ အလကား ပေးမလို့ပါ"

"အလကားပေးလဲ မယူဘူး"

ထိုပုဂ္ဂိုလ်သည် 'ထွီ' ခနဲ တံတွေးတစ်ချက်ထွေးပြီး လှည့်ထွက်သွား သည်။ အမတ်ကြီးသည် အခြားပုဂ္ဂိုလ်တစ်ဦးထံ ချဉ်းကပ်ပြန်သည်။ ထိုပုဂ္ဂိုလ် လည်း ခပ်လှမ်းလှမ်းမှပင် အမတ်ကြီးကို ရှောင်ကွင်းထွက်သွားပြန်သည်။ အမတ်ကြီးသည် သူ့ပစ္စည်းကို အလကားပေးသည့်တိုင် ယူမည့်သူမရှိသဖြင့် စိတ်ညစ်ညစ်နှင့် ဘုရင်မင်းကြီးထံ ပြန်လာခဲ့လေ၏။

"အရှင်မင်းကြီး၊ တိရစ္ဆာန်ခေါင်းတွေကို လူတွေဈေးကြီးပေးပြီး ဝယ် ကြပါတယ်။ ကြက်ခေါင်း၊ ငှက်ခေါင်းကိုတောင် ဝယ်သူမရှားပါဘူး၊ ဒါပေမယ့် လူ့ဦးခေါင်းကိုတော့ အဖိုးစားနားပေးပြီး ဝယ်ဖို့နေနေသာသာ အလကားပေး တာတောင် နှာခေါင်းရှုံ့ရှုံ့သွားကြပါတယ်"

ဘုရင်မင်းကြီးက အံ့ဩသလိုအမူအရာဖြင့် . . .

"လူ့ဦးခေါင်းကို လူတွေဘာကြောင့်မယူချင်ကြတာလဲ အမတ်ကြီး"

"လူ့ဦးခေါင်းက မသတီစရာဖြစ်နေလို့ပါ အရှင်မင်းကြီး"

"ဒီဦးခေါင်းတစ်ခုတည်း မသတီစရာ ဖြစ်နေတာလား၊ ဒါမှမဟုတ် တခြားလူတွေအားလုံးရဲ့ ဦးခေါင်းတွေလဲ ဒီလိုပဲ မသတီစရာတွေပဲလား"

"လူ့ဦးခေါင်းဆိုရင် ဘယ်လူ့ဦးခေါင်းမှ နှစ်လိုဖွယ်မရှိပါဘူး။ အား လုံး မသတီစရာချည်းပါပဲ"

http://www.linhtet.com



ဘုရင်မင်းကြီးက ထပ်ဆင့်လိုက်ပြန်၏။

"ကျွန်ုပ်ဦးခေါင်းလဲ မသတီစရာပဲလား အမတ်ကြီး"

ယသအမတ်ကြီး ဘေးကျပ်နံကျပ်ဖြစ်သွားသည်။ သူ့စကားနှင့်သူ ပိတ်မိနေသည်ဖြစ်၍ အင်းမလှုပ်အဲမလှုပ် ဖြစ်နေသည်။ ဘုရင်မင်းကြီးက သူ့မေးခွန်းကို ဒုတိယမွှ မေးနေပြန်သဖြင့် အမတ်ကြီးသည် မနေသာတော့ဘဲ လက်အုပ်ချီပြီး လျှောက်တင်ရတော့သည်။

"အရှင်မင်းကြီးရဲ့မေးခွန်းကို ကျွန်တော်မျိုး မဖြေဝံ့ကြောင်းပါဘုရား"

"ကိစ္စမရှိပါဘူး အမတ်ကြီး၊ ကျွန်ုပ် အမတ်ကြီးကို ခွင့်လွှတ်တယ်။ အမတ်ကြီး အသက်ဘေးစိုးရိမ်စရာ မလိုဘူး၊ မှန်ရာကိုသာ သံတော်ဦး တင်စေ အမတ်ကြီး"

လက်အုပ်ချီထားသော အမတ်ကြီး၏လက်သည် တဆတ်ဆတ် တုန်နေတုန်းပင်။

"အရှင်မင်းကြီး သတ်ရင်လဲသေရမယ့် ထားရင်လဲရှင်ရမယ့် ကျွန်တော်မျိုးပါ။ အရှင်မင်းကြီးရဲ့အမေးကို ဖြေရမယ်ဆိုရင် ဘုရင်ဧကရာဇ်ရဲ့ ဦးခေါင်းလဲ အခြားလူတစ်ယောက်ရဲ့ ဦးခေါင်းလိုပဲ စက်ဆုပ်ရွံရှာဖွယ်အတိပင် ဖြစ်ကြောင်းပါဘုရား"

သူပို့လိုသည့်နေရာသို့ အမတ်ကြီး ရောက်လာပြီဖြစ်၍ ဘုရင် အသောက ကျေနပ်သွားရသည်။

"အမတ်ကြီး၊ လူ့ဦးခေါင်းဟာ အလကားပေးတာတောင်ယူမည့်သူ မရှိဘူး မဟုတ်လား၊ အဲဒီလိုတန်ဖိုးမဲ့တဲ့ ဦးခေါင်းနဲ့ရှိခိုးဦးတိုက်ပြီး တန်ဖိုး မဖြတ်နိုင်တဲ့ ကုသိုလ်ကောင်းမှုကို ပွားစေတဲ့ကိစ္စမှာ အမတ်ကြီး ဘာဖြစ်လို့ ကဖျက်ယဖျက် လုပ်ချင်ရတာလဲ။ သင်အမတ်ကြီးဟာ လူသားတွေရဲ့ ကယ်တင်ရှင်များဖြစ်ကြတဲ့ ရဟန်းသံဃာတော်တွေမှာ သူတို့ရဲ့ပစ္စုပ္ပန် အနှစ်သာရကို မကြည့်ဘဲ သူတို့ရဲ့အတိတ်နောက်ကြောင်းက အပေါယံ အပယိကဖြစ်တဲ့ အမျိုးဇာတ်တို့၊ ဂုဏ်ပကာသနတို့ကို ပြန်ကြည့်နေတယ်။ သူတို့အတိတ်က ဆောင်းခဲ့ တာဟာ သင်အမတ်ကြီးက ရွှေထီးလို့ထင်နေပေမယ့် ရွှေထီးအစစ် မဟုတ်ဘူး၊ အခု ဆောင်းနေတဲ့ဟာသာ တကယ့်ရွှေထီးအစစ်အမှန် ဖြစ်တယ်။

"လောကီလူ့ဘောင်နယ်ထဲမှာ အမျိုးဇာတ်တို့၊ ဂုဏ်ပကာသနတို့ကို နေရာပေးချင်ပေးနိုင်ပါတယ်။ ဒါတောင်မှ တကယ်က မလိုဘူး။ အမျိုးဇာတ်တို့၊ ဂုဏ်ပကာသနတို့ဟာ အမှန်တကယ်ကတော့ လူသားတွေကို တစ်ဦးနဲ့

http://www.linhtet.com



တစ်ဦး သွေးခွဲထားတဲ့ အဆီးအတားတွေသာဖြစ်တယ်။ ဗုဒ္ဓသာသနာအတွင်းမှာတော့ အဲဒီအဆီးအတားတွေဟာ အဓိပ္ပာယ်လုံးဝမရှိဘူး၊ ဗုဒ္ဓသာသနာတော်တွင်းမှာ ရဟန်းသံဃာအားလုံးဟာ တပြေးတညီတည်းသာဖြစ်တယ်။

"အမတ်ကြီးကို တစ်ခုသတိပေးချင်တယ်။ လမ်းကောင်းလမ်းမှန်ပေါ်လျှောက်သွားနေတဲ့ ဘုရင်တစ်ပါးကို မှူးမတ်တစ်ဦးက နောက်ကြောင်းပြန်တုပ်ဆွဲထားလို့ မရဘူးဆိုတာ အမတ်ကြီး အသေအချာမှတ်သားထားစေချင်တယ်"

ဘုရင်အသောကသည် သူဆင်သည့်ဇာတ်ကွက် လိပ်ပတ်လည်သွားပြီဖြစ်၍ ပီတိဖြစ်နေသည်။

ထိုအခါကျမှပင် ယသအမတ်ကြီးလည်း အမှန်တရားကို နားလည်သဘောပေါက်သွားသည်။ သူ့စိတ်နှလုံးထဲတွင် အမျိုးဇာတ်အစွဲ၊ ဂုဏ်ပကာသနအစွဲ မရှိတော့ပေ။ ရဟန်းသံဃာတော်များကို တွေ့သည့်အခါ၌လည်း မည်သည့် ရဟန်းသံဃာကိုမဆို သူတို့၏ဘဝဟောင်းက အမျိုးဇာတ်အကြောင်းကို မတွေးတောမစဉ်းစားတော့ဘဲ ဘုရင်မင်းကြီးနည်းတူ ရိုသေကိုင်းညွတ်စွာဖြင့် ရှိခိုးဦးတိုက်လေတော့သည်။ ။

[ *ဒိဗျာဝဒါန်၌ပါသော ဇာတ်လမ်းတစ်ခုကို အခြေခံသည်။* ]

❑

http://www.linhtet.com

## ဗောဓိပင်ကို ငြိုးသူ

*မြင်းမိုရ်တောင်ကြီး ပြိုလဲသွားပြီ။*
*ပထဝီမြေကြီး ကွဲအက်သွားပြီ။*
*ပဒေသာပင်ကြီး အမြစ်လန်သွားပြီ။*

မြင်ရသည့်မြင်ကွင်းမှာ ထိတ်လန့်တုန်လှုပ်ဖွယ် စိတ်မချမ်းမြေ့ဖွယ်ပါကလား။ ဓားဖြင့်အပိုင်းခံရသည့် သက်ရှိလူသားတစ်ဦးနှင့် တူသေးတော့ သည်။ မကြာခင်ကပင် ပင်စည်ပင်မ အကိုင်းအလက်များ စိမ်းစိမ်းစိုစိုနှင့် အရွက်အညွှန့်တွေ ဝေဝေဆာဆာ လန်းလန်းဆန်းဆန်း ရှိနေသေးသည်။ ယခု ဓားဒဏ်ရာဖြင့် ပင်စည်ပင်မနှင့်တကွ သစ်ခက်သစ်ရွက်တွေအားလုံး ညှိုးခြောက်နေကြပြီ။

အကယ်၍ လူသားတစ်ဦး ဓားဖြင့်အပိုင်းခံရလျှင် အသည်းနှလုံး တစ်ခုသာ အပိုင်းအဖြတ်ခံရမည်။ ယခုကား ဗုဒ္ဓဘာသာဝင်အားလုံး၏ မရေတွက်နိုင်သော အသည်းနှလုံးအားလုံး အစိတ်စိတ်အမြွာမြွာ အမွှမ်းခံရပြီ။

ဗုဒ္ဓတရား၏ အထိမ်းအမှတ်ကြီးညှိုးရော်သွားပြီ။
မဟာဗောဓိပင်ကြီး နွမ်းခြောက်သွားပြီ။

*

ဗုဒ္ဓ ဖွားမြင်တော်မူရာ လုမ္ဗိနီ၊
ဗုဒ္ဓ သစ္စာလေးပါးတရား သိမြင်တော်မူရာ ဗုဒ္ဓဂယာ၊

http://www.linhtet.com



ဗုဒ္ဓ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်၊

ဗုဒ္ဓ ပရိနိဗ္ဗာန်စံရာ ကုသိနာရုံ၊

ယင်းဌာနလေးဌာနကို ကျမ်းဂန်များ၌ 'အဝိဇဟိတဌာန'ဟူ၍ လည်းကောင်း၊ 'သံဝေဇနိယဌာန'ဟူ၍ လည်းကောင်း သမုတ်ထားသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်များ အလေးအမြတ်ပြုအပ်သော ဌာနဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။ ယင်းဌာနလေးခုထဲတွင်လည်း ဘုရားဖြစ်ရာဌာနဖြစ်သည့် မဟာဗောဓိမှာ ဗုဒ္ဓဘာသာဝင်များ ပိုပြီးအမြတ်တနိုးထားသော၊ အလေးအမြတ်ပူဇော်အပ်သော ဌာနဖြစ်သည်။

ပါဋလိပုတ်နေပြည်တော်တွင် ထီးနန်းစိုးစံသော သီရိဓမ္မာသောကမင်းတရားကြီးသည် ဗိန်းဖောင်းတိုက်ပြီး ထီးနန်းရလာသည့်ဘုရင်ဖြစ်သည်။ သူ၏ထီးနန်းတွင် သွေးစွန်းနေပေသည်။ သူ၏အင်ပိုင်ယာတွင် လူတွေအသိန်းအသောင်း အသက်အစတေးခံကြရသည်။ သို့သော် နေအရုဏ်သင့်သောအခါ ကြာပွင့်ရမြဲဖြစ်သည်။ ပတ်ဝန်းကျင်ကောင်းနှင့်ဆုံပြီး သပ္ပုရိသတို့နှင့် ပေါင်းဖက်မိသောအခါ အသောကမင်းတရားကြီး၏အမှောင်တွင်း၌ အလင်းရောင်ပြူလာလေသည်။ မင်းတရားကြီးသည် ဗုဒ္ဓ၏တရားတော်ကို သက်ဝင်ယုံကြည်လာသည်။ စောစောက ကျူးလွန်မိထားသည့် အပြစ်တို့ကို သတိသံဝေဂရပြီး နောင်တ တရား ပင်လယ်ထဲ၌ လက်ပစ်ကူးနေချိန် မင်းတရားကြီးသည် တွယ်ရာဖောင်ကုတို့ကို လက်လှမ်းမိလေသည်။ ဗုဒ္ဓတရားတော်သည် မင်းတရားကြီး အား ဖြေသိမ့်မှုပေးခဲ့လေသည်။

ထိုအချိန်မှစ၍ မင်းတရားကြီးသည် တိုင်းရေးပြည်ရေး၊ ရာဇရေးတို့မှ အားလပ်မှုရရှိသည့်အခါတိုင်း ဗုဒ္ဓဂယာသို့ ရောက်နေသည်သာများသည်။ ဗုဒ္ဓဂယာသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်ဆုံးအမြတ်ဆုံးဌာနဖြစ်သည့်အပြင် မိမိနေပြည်တော်နှင့်လည်း မဝေးလွန်းသည့်နေရာ၌ ရှိနေသည်ဖြစ်၍ ဘုရင်မင်းတရားကြီးသည် ဗောဓိပင်ရင်းသို့ မကြာခဏ ကြွလာပြီး တရားဓမ္မနှလုံးသွင်းသည်။ ကုသိုလ်ကောင်းမှုပြုသည်။ ဗောဓိပင် ပတ်ဝန်းကျင်၌ ကျောင်းကန်ဘုရား စေတီပုထိုး တည်ထားကိုးကွယ်သည်။

ယနေ့လည်း မအားလပ်သည့်ကြားက တိုင်းရေးပြည်ရေးနှင့် ရာဇရေးရာများကို ဘေးခဏဖယ်ထားပြီး နေပြည်တော်မှ ဗုဒ္ဓဂယာဘက်ထွက်လာခဲ့လေသည်။ ဗုဒ္ဓဂယာသို့ ရောက်လာသောအခါ မိမိအမြတ်တနိုးပူဇော် လေးစားမှုရှိသော မဟာဗောဓိပင်ကြီး ညှိုးခြောက်နေသည်ကို မမျှော်လင့်ဘဲတွေ့ရသည်။

http://www.linhtet.com



မင်းတရားကြီးသည် ဇောခိပင်မြတ် ညှိုးခြောက်နေသည်ကို မြင်လျှင်မြင်ချင်း အရုပ်ကြိုးပြတ် မူးမေ့လဲကျသွားလေသည်။ မူးမေ့လဲနေသော မင်းတရားကြီး သည် ဇောခိပင်ရင်းအား လက်အုပ်ချီလျက်သားလေး ဖြစ်နေသည်။ အကယ် ၍ မိမိပိုင်နက် ဇမ္ဗူဒိပ်နယ်မြေတစ်ခုလုံးလက်လွတ်ဆုံးရှုံးသွားခဲ့လျှင်သော် လည်းကောင်း၊ သို့မဟုတ် မိမိစံနန်းတော်ကြီးတစ်ခုလုံး ပြိုကျပျက်စီးသွားခဲ့ လျှင်သော်လည်းကောင်း၊ သို့မဟုတ် အာဏာလက်လွတ်ပြီး ဘုရင်ဧကရာဇ် ဘ၀က ဘုန်းတောင်းယာစကာဘ၀အထိ လျော့ကျသွားခဲ့လျှင်သော်လည်း ကောင်း၊ မင်းတရားကြီးသည် ယခုလောက် စိတ်ထိခိုက်မည် မဟုတ်ပေ။ ယခုကား မိမိအသည်းနှလုံးကို ဓားဖြင့် နုပ်နုပ်စဉ်းလိုက်ဘိသကဲ့သို့ အခံရခက် သွားလေသည်။ ဘုရင်မင်းတရားကြီး နောက်ကပါလာသည့် မင်းချင်းများ လည်း ဘာလုပ်ရမည် ဘာကိုင်ရမည် မသိဘဲ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြ သည်။

*

မိဖုရားခေါင်ကြီး နတ်ရွာစံသွားပြီးသည့်နောက်တွင် အသောက မင်းတရားကြီးသည် မိဖုရားခေါင်ကြီးထားခဲ့သည့် ကွက်လပ်ကို ဖြည့်ရန် အတွက် ကြင်ယာဒေဝီတစ်ယောက် ရွေးဖို့လိုလာသည်။ မင်းတရားကြီး၏ ကိုယ်လုပ်တော်များထဲတွင် တိဿရက္ခိတာသည် နတုန်းပျိုတုန်းလည်းဖြစ် သည်။ ရုပ်ဆင်းအင်္ဂါ ကြန်အင်လက္ခဏာနှင့်လည်း ပြည့်စုံသည်။ ဘုရင် မင်းတရားကြီး၏ အကြိုက်ကိုလည်း နားလည်သည်။ အပြုအစု အယုအယ လည်း ကောင်းသည်။ ဘုရင်မင်းတရားကြီးသည် တိဿရက္ခိတာကို မိဖုရား မြှောက်လိုက်လေသည်။

တိဿရက္ခိတာသည် သာမန်ကိုယ်လုပ်တော်ဘ၀မှ မိဖုရားဖြစ်လာ သည်။ အပျိုတော်ဆောင်မှ တောင်နန်းမတော်ရောက်လာသည်။ ဘ၀ပြောင်း သွားသည်နှင့် တစ်ပြိုင်နက် တိဿရက္ခိတာသည် ဘ၀ဟောင်းကို မေ့သွား သည်။ ဘုရင်မင်းတရားကြီးမှတစ်ပါး တခြားဘယ်သူ့ကိုမှလူမထင်တော့။ ဒေါသမာန်မာနကြီးသည်။ စည်းစိမ်ယစ်မူးသည်။ အာဏာမာန်တက်သည်။ ကာမဂုဏ်အာရုံမက်မောသည်။ ဘုရင်မင်းတရားကြီး ဘုရား တရား ဖက် သလောက် မိဖုရားက ဘုရား တရားနှင့်ဝေးသည်။

http://www.linhtet.com



နံ့တုန်းပျို့တုန်း အရွယ်ကောင်းတုန်းဖြစ်၍ မိဖုရားသည် မင်းတရားကြီးအနီး၌သာလျှင် ပွတ်သီးပွတ်သပ်နေချင်သည်။ သို့သော် မင်းတရားကြီးကမူ အရွယ်လည်း အတော်ထောင့်လာပြီဖြစ်သည့်အပြင် ဘုရားဘက်တရားဘက် အာရုံရောက်နေသည်ဖြစ်၍ မိဖုရားနားသိပ်မကပ်၊ အခွင့်သာသည်နှင့် တစ်ပြိုင်နက် ဗုဒ္ဓဂယာရှိ မဟာဗောဓိသို့သာလျှင် ရောက်နေသည်။ ယင်းအချက်ကို မိဖုရားကမနှစ်မြို့ပေ။ တစ်ကြိမ်နှစ်ကြိမ် သည်းခံနေသေးသည်။ အကြိမ်ပေါင်းများလာသောအခါ မိဖုရားဒေါသအိုး ပေါက်ကွဲလေတော့သည်။ ဒီဗောဓိပင်ရှိနေသရွေ့ မင်းတရားကြီးဟာ ဗုဒ္ဓဂယာကပြန်တော့မှာမဟုတ်။ ဗောဓိပင်ကို သေအောင်သတ်မှဖြစ်မည်။ မိဖုရားသည် မဆီမဆိုင် လက်ပံသားဓားနှင့်ချိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ သူ့လူယုံမင်းချင်းတစ်ယောက်ကို ခေါ်ပြောသည်။

"သင် ဗုဒ္ဓဂယာက မဟာဗောဓိပင်ကို ခုတ်ပစ်ဝံ့ပါ့မလား"

မင်းချင်းယောကျ်ား မျက်လုံးပြူးသွားသည်။ အဓိပ္ပာယ်လည်း နားမလည် ဖြစ်သွားသည်။ မိဖုရားက ဆက်ပြောသည်။

"အရှင်မင်းကြီးဟာ ဒီဗောဓိပင်ရှိနေသရွေ့ နန်းတော်ကပ်တော့မှာ မဟုတ်ဘူး၊ ကျုပ်ကလဲ ဘုရားတရား ကြည်ညိုကိုင်းရှိုင်းတဲ့လူ မဟုတ်တော့ အရှင်မင်းကြီးနဲ့အတူ ဗောဓိပင်သွားတိုင်း လိုက်မနေနိုင်ဘူး။ ဒီဗောဓိပင်ကို လှူရတန်းရတာနဲ့ ဘုရင့်ဘဏ္ဍာတိုက်လဲ ပြောင်တော့မယ်။ အဲဒါတွေရပ်စဲသွားအောင် တစ်ခုတည်းသောနည်းလမ်းဟာ ဗောဓိပင်သေသွားအောင် လုပ်လိုက်ဖို့ပဲ။ ဘုရင်မင်းတရားကြီး ဗုဒ္ဓဂယာမှာ မရှိတဲ့အချိန်တစ်ချိန်မှာ သင်နောက်ပါ တချို့ခေါ်ပြီး ဗောဓိပင်ကို သွားပြီး အဆိပ်လူးထားတဲ့ ဓားနဲ့ခုတ်ပါ"

မိဖုရားသည် လုပ်ရဲကိုင်ရဲ ဆတ်ဆတ်ကြဲဖြစ်သည်။ တစ်စုံတစ်ခုစိတ်ထဲ ပေါ်လာလျှင် တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်ပစ်လိုက်သည်သာများသည်။ ငယ်ရွယ်သူ မယားပျိုကို လင်အိုကအလိုလိုက်ရသည့် ဓမ္မတာအတိုင်း ဘုရင်မင်းတရားကြီးကလည်း မိဖုရာကျူးလွန်သည့် တော်တော်တန်တန် အပြစ်ကိုမူ မသိလိုက်မသိဘာသာနေလာခဲ့သည်သာများသည်။ ယင်းအခွင့်အရေးကိုယူလျက် မိဖုရားသည် ဗောဓိပင် ကိစ္စတုံးသွားအောင် လုပ်ဖို့ကြိုးစားနေသည်။ သို့သော် သူကျူးလွန်မည့် ယခုပြစ်မှုကား သာမန်ပြစ်မှုမဟုတ်ပေ။ တောင်ကြီးကိုဖြိုပစ်မည့် ပြစ်မှုကြီးဖြစ်သည်။ ပထဝီမြေကြီးကို ခွဲပစ်မည့် ပြစ်မှုကြီးဖြစ်သည်။ ဘုရင်မင်းတရားကြီး၏ အသည်းနှလုံးကို နုပ်နုပ်စဉ်းပစ်မည့် ပြစ်မှုကြီးဖြစ်သည်။

http://www.linhtet.com



"အရှင်မင်းတရားကြီးကိုယ်တိုင် ရှိခိုးပူဇော်နေတဲ့ အပင်မြတ်ဖြစ်တဲ့ အပြင် ဗုဒ္ဓဘာသာ တစ်လောကလုံးက ဦးတိုက်နေတဲ့ စေတီတစ်ဆူသဖွယ်ဖြစ်နေတဲ့အတွက် ဗောဓိပင်ကို ကျွန်တော်မျိုး မခုတ်ဝံ့ပါ။ ကျွန်တော်မျိုးကို သနားငဲ့ညှာသောအားဖြင့် ဒီအလုပ်ကိုတော့ ခိုင်းစေတော်မမူပါနဲ့ ဘုရား"

"မဟုတ်ဘူး၊ သင့်ကို ကျုပ်ယုံကြည်စိတ်ချတယ်။ အားလဲကိုးတယ်။ သင်ကျုပ်လူယုံတော်ဖြစ်တယ် မဟုတ်လား။ ဗောဓိပင် သေသွားအောင်လုပ်တဲ့အတွက် သင်ဘာမှမဖြစ်စေရဘူး၊ ကျုပ်ရဲရဲကြီးအာမခံတယ်။ ကျုပ်စေခိုင်းတဲ့ အလုပ်ကို လုပ်ပြီးတဲ့အခါ ရွှေငွေအသပြာတွေကိုလဲ ဆုတော်လာဘ်တော်အဖြစ်နဲ့ ပုံပေးဦးမယ်"

မင်းချင်းယောကျ်ား မနေသာတော့ပေ။ ဘုရင်မင်းတရားကြီး ဗုဒ္ဓဂယာသို့ မသွားသည့်နေ့တစ်နေ့တွင် နောက်ပါအဖော်တစ်စုခေါ်ခဲ့ပြီး မိဖုရားကြီး အမိန့်နှင့် မဟာဗောဓိပင်ကို ဆိပ်လူးဓားဖြင့် ခုတ်လိုက်လေသည်။

*

မင်းချင်းယောကျ်ားများဝိုင်းပြီး နှာနှပ်သူကနှပ်၊ သီတာရေစင်ပက်ဖျန်းသူက ပက်ဖျန်းသောကြောင့် အသောကဘုရင်မင်းတရားကြီး ပြန်လည်သတိရလေသည်။ အကျိုးအကြောင်းကို မေးမြန်းစစ်ဆေး ကြည့်သောအခါ မိဖုရားလက်ချက်ဖြစ်ကြောင်း ဘုရင်မင်းတရားကြီး သိသွားသည်။ ပထမသော် ထောင်းခနဲ အမျက်မာန်ရှပြီး မိဖုရားနှင့် အပေါင်းအပါအားလုံး မီးလောင်တိုက်သွင်းပစ်ဖို့ စိတ်ကူးလိုက်သေးသည်။ သို့သော်လည်း ဘုရင်မင်းတရားကြီး သည် ယခင်စိတ်ထားမျိုး မရှိတော့သည့်အပြင် ဆရာသမားသံဃာတော်အရှင်မြတ်များက ဝိုင်းနားချသည်ကတစ်ကြောင်း၊ ယခုကဲ့သို့ဖြစ်ရသည်မှာလည်း မိမိအားမျက်ကန်း သံယောဇဉ်တွယ်နေသောကြောင့်တစ်ကြောင်း မိဖုရားနှင့် အပေါင်းပါများအား လျစ်လျူရှုထားလိုက်လေသည်။

ဘုရင်မင်းတရားကြီးအတွက် အရေးကြီးသည်မှာ မဟာဗောဓိပင် ပြန်လည်ရှင်သန်လာဖို့ပင်ဖြစ်လေသည်။ မင်းတရားကြီးသည် ဆရာသမား မထေရ်မြတ်များနှင့်လည်းကောင်း၊ မှူးမတ်သုခမိန်ပညာရှိများနှင့်လည်းကောင်း တိုင်ပင်ဆွေးနွေးပြီးလျှင် သေစပြုနေပြီဖြစ်သည့် ဗောဓိပင်ကို နွားနို့အိုးအလုံး တစ်ရာ တစ်ရာ နေ့စဉ်သွန်းလောင်းပေးနေလေသည်။ ဗောဓိပင်သည် မကြာမီ

http://www.linhtet.com



အခက်အလက်ဝေဖြာစည်ပင်ပြီး ရှင်သန်လန်းဆန်းလာလေသည်။ ထိုအခါကျမှ ဘုရင်မင်းတရားကြီးသည် စိတ်အေးလက်အေးဖြစ်သွားလေသည်။ ဗောဓိပင်၏ အခက်အလက်နှင့်အရွက်များ စိမ်းစိုလန်းဆန်းနေသကဲ့သို့ပင် အသောကဘုရင်မင်းတရားကြီး၏ စိတ်နှလုံးသည်လည်း စိမ်းစိုလန်းဆန်းနေလေသည်။

*

ဗုဒ္ဓမြတ်စွာသစ္စာလေးပါးတရား သိမြင်ပြီး ဘုရားရှင်အဖြစ်ရောက်ရာနေရာ မဟာဗောဓိစေတီ၏ အနောက်ဘက်တွင် ယနေ့ဖူးတွေ့ရသည့် ဗောဓိပင်သည် အမြင့်ပေတစ်ရာနီးပါးရှိသည်။ ယင်းမဟာဗောဓိပင်မြတ်သည် ဘုရားပွင့်တော်မူစဉ်က ပင်မဗောဓိပင်မဟုတ်စေကာမူ ယင်းပင်မ၏မျိုးဆက်ပင်ဖြစ်သည်။ ပင်မဗောဓိပင်သည် ဘုရင်အသောကလက်ထက်တွင်လည်း တစ်ကြိမ်ခုတ်လှဲခံရသည်ဟု အဆိုရှိသည်။ အိန္ဒိယသမိုင်း၌ ရှရှံကအမည်ရှိ ဗုဒ္ဓဘာသာဆန့်ကျင်ဘက် ဘုရင်တစ်ပါးသည်လည်း ဗောဓိပင်ကို တစ်ကြိမ်ခုတ်လှဲပစ်သည်ဟု သိရသည်။ သို့ရာတွင် ပင်မဗောဓိပင်သည် သေမသွားပေ။ အမြစ်အရင်းမှ ဗောဓိပင်ပျိုတစ်ပင် ပေါက်လာသည်။ ၁၈၇၀ ပြည့်နှစ်က ကန်နင်ဂန်သည် ဗုဒ္ဓဂယာမဟာဗောဓိစေတီတော်ကို ပြုပြင်မွမ်းမံသောအခါ ဗောဓိပင်ဟောင်း လဲကျနေသည်ကို တွေ့ရသည်ဖြစ်၍ ယင်းအပင်ဟောင်းမှ မျိုးယူပြီး ထိုနေရာ၌ ဗောဓိပင်တစ်ပင် စိုက်ပျိုးထားရာ စည်ပင်ဖြစ်ထွန်းလာလေသည်။

[ *ဒီဗျာဝဒါနနှင့် မဟာဝံသတို့၌ပါသော ဇာတ်လမ်းကိုအခြေခံသည်။ အသောကမင်းတရားကြီး၏ မိဖုရားတိဿရက္ခိတာ ဗောဓိပင်ကိုအခုတ်ခိုင်းသည့်အကြောင်းသည် ဒီဗျာဝဒါန၌လည်းကောင်း၊ မဟာဝံသ(မဟာဝင်) အခန်း ၂၀၌လည်းကောင်း ပါရှိသည်။* ]

❑

http://www.linhtet.com

# မျက်လုံးအလှပိုင်ရှင်

တောင်ကုန်းပေါ်မှ စေတီတစ်ဆူကို ခပ်လှမ်းလှမ်းမှပင် လှမ်းမြင်နေရသည်။ ထိုစေတီ၏ဘွဲ့နာမံတော်မှာ 'ကုဏာလထူပ' ဟူ၍ခေါ်သည်။

မြို့စွန်မြို့ဖျားက စေတီတစ်ဆူဖြစ်၍ ဤနေရာ ဤဌာနသို့ လူသူအရောက်အပေါက်နည်းလှသည်။ တစ်ခါတစ်ရံမှသာ ဤစေတီကိုဖူးမြော်ကန်တော့ရန် တစ်ယောက်စနှစ်ယောက်စ ပေါက်လာတတ်သည်။

စေတီ၏ဝန်းကျင်၌ ပြုပြင်ရှင်းလင်းခြင်း မရှိသဖြင့် ချုံဖုတ်များထူထပ်စွာပေါက်နေသည်။ တချို့နေရာတွင် အုတ်များကျိုးပဲ့ပြိုကျနေသည်ကို တွေ့ရသဖြင့် စေတီတည်သည်မှာ နှစ်ပေါင်းတစ်ရာထက်မနည်းတော့ပြီဟု ခန့်မှန်းရသည်။

ယနေ့စေတီရှိရာ တောင်ကုန်းပေါ်သို့ လူနှစ်ယောက်တက်လာသည်။ တစ်ယောက်မှာ အသက်ခုနစ်ဆယ်ကျော်အရွယ် အဘိုးအိုဖြစ်ပြီး ကျန်တစ်ယောက်မှာ အသက်ဆယ့်ငါးနှစ်ရွယ် မိန်းကလေးဖြစ်သည်။ မိန်းကလေးသည် လက်တစ်ဘက်ဖြင့် ပန်းစည်းကလေးကိုကိုင်ပြီး ကျန်လက်တစ်ဘက်ဖြင့် အဘိုးအို၏လက်ကို ဆွဲကိုင်ထားသည်။

အဘိုးအိုမှာ မျက်စိနှစ်ကွင်းအလင်းမရတော့ပြီဖြစ်၍ မိန်းကလေးလမ်းပြရာသို့သာ နောက်မှတောင်ဝှေး တတောက်တောက်ထောက်၍ လိုက်လာရလေသည်။

"သမီး . . . ဘုရားမရောက်သေးဘူးလား"

"ရောက်တော့မယ် ဘိုးဘိုး၊ ဝါးတစ်ရိုက်လောက် နောက်ထပ်တက်

http://www.linhtet.com



လိုက်ရင် ရောက်ပြီ"

မြေးအဘိုးသည် စေတီရင်ပြင်သို့ ရောက်လာကြသည်။ အဘိုးအို သည် မြေး၏လက်ထဲက ပန်းစည်းကိုယူလျက် စေတီအုတ်ခုံပေါ်တင်လိုက် သည်။

ထို့နောက် စေတီကို ရှိခိုးလျက် "ဤသို့ရှိခိုးပူဇော်ရသော ကုသိုလ် ကံကြောင့် အကျွန်ုပ်၏စက္ခုနှစ်ကွင်း အလင်းပြန်ရပါစေသား" ဟု ဆုတောင်း လိုက်လေသည်။

"သမီးလဲရှိခိုးလေ။ ရှိခိုးပြီးပြီလား"

"ရှိခိုးပြီးပါပြီ ဘိုးဘိုး"

"အေး . . . အေး ငါမြေးက သိပ်လိမ်မာတာပဲ"

အဘိုးအိုသည် သူ၏ကိုယ်ရုံအဝတ်အနားစဖြင့် ချွေးပြန်နေသည့် မျက်နှာကိုသုတ်လိုက်သည်။ အဘိုးအိုကိုကြည့်ရသည်မှာ တောင်ကုန်းပေါ် ကြိုးစားပမ်းစား တက်လာရသဖြင့် မောနေပုံရသည်။ မြေးမကလေးကလည်း အဘိုးအိုအနီးတွင် ကပ်ထိုင်လိုက်သည်။

မိန်းကလေး၏ဆံစများမှာ လေအဝှေ့တွင် လွင့်ပျံနေကြသည်။ နွမ်း ပါးသည့် အဝတ်အစားကို ကြည့်ရခြင်းအားဖြင့် မြေအဘိုးသည် ချမ်းသာသည့် အိမ်ထောင်စုမှမဟုတ်ကြောင်း သိသာထင်ရှားသည်။ သူတို့သည် မြို့ဆင်ခြေ ဖုံးဆင်းရဲသားရပ်ကွက်ထဲက ဖြစ်ကြသည်။ တကူးတက ဤတောင်ကုန်းပေါ် က စေတီသို့ လာရောက်ဖူးမြော် ကန်တော့ခြင်းမှာအကြောင်းရှိသည်။

မျက်စိကွယ်နေသူသည် ဤကုဏ္ဍာလထူပစေတီကို ရှိခိုးပူဇော်ပါက မျက်စိပြန်မြင်လာတတ်သည်ဟူ၍ ဤဒေသတစ်ဝိုက်၌ သတင်းပျံ့နှံ့နေသည်မှာ ကြာပြီ။ လွန်ခဲ့သော တစ်နှစ်ခန့်ကစ၍ မျက်စိကွယ်သွားသော အဘိုးအိုသည် အရပ်ထဲတွင် ပြန့်နေသည့် သတင်းစကားအရ မျက်စိနှစ်ကွင်း အလင်းပြန်ရလို ပြန်ရငြား မြေးမလေးကို အဖော်ခေါ်ပြီး ဤစေတီသို့ လာခဲ့ခြင်းဖြစ်လေသည်။

မိန်းကလေးသည် စေတီကိုတစ်လှည့် သူ့အဘိုးအိုကို တစ်လှည့် ကြည့်လိုက်သည်။

"ဘိုးဘိုး . . . ဒီမြို့မှာ တခြားစေတီပုထိုးတွေလဲ အများကြီးရှိတာပဲ၊ ဒီစေတီကို ရှိခိုးမှမျက်စိအလင်း ပြန်ရမယ်တဲ့လား။ တခြားစေတီပုထိုးတွေကို ရှိခိုးတော့ကော မျက်စိပြန်မကောင်းလာနိုင်ဘူးလား"

အဘိုးအိုသည် သူ့မြေးကို လက်ဖြင့်အသာစမ်းကြည့်လိုက်သည်။

http://www.linhtet.com



"ငါ့မြေးမေးလဲ မေးစရာပဲ။ ဒီစေတီက သာမန်ရိုးရိုးစေတီ မဟုတ်ဘူး ကွယ့်။ ဒီစေတီရဲ့ နောက်ခံသမိုင်းမှာ မျက်လုံးနဲ့ပတ်သက်နေတဲ့ အဖြစ်အပျက် ရှိနေတယ်"

"ဘယ်လိုအဖြစ်အပျက်လဲ ဘိုးဘိုး။ သမီးကို ပြောပြပါလား"

"ငါ့မြေးသိချင်ယင် ဘိုးဘိုး ပြောပြရမှာပေါ့။ ဘိုးဘိုးလဲ တောင်အောက် ပြန်မဆင်းနိုင်သေးဘူး။ မောသေးတယ်။ ဒီမှာအမောဖြေနေယင်းနဲ့ သမီးကို ဒီစေတီရဲ့သမိုင်းပြောပြမယ်။ ဒီတက္ကသိုလာဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်လောက်က မဂဓဘုရင် အသောကမင်းတရားကြီးရဲ့ လက်အောက်ခံ နိုင်ငံဖြစ်ခဲ့တယ်။ အခုဘိုးဘိုးပြောမယ့် အကြောင်းအရာက အသောကမင်းတရားကြီးလက်ထက်မှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာဖြစ်တယ်။ နားထောင် သမီး"

အဘိုးအိုက အတိတ်ကို ဆောင်လေသည်။

*

ပါဋ္ဌလိပုတ်မြို့တော်ရှိ အသောကမင်းတရားကြီး၏ ထီးနန်းဘုံဗိမာန်အတွင်း တစ်ခုသော အဆောင်တော်တွင်းမှာ ဖြစ်သည်။ ဘုရင့်သားတော်ကုဏာလသည် ကုက္ကုဋာရုံကျောင်းတိုက်တွင် သံဃာတော်များဟောကြား သည့် တရားဓမ္မကိုနာကြားပြီး နန်းတော်သို့ ပြန်ရောက်လာသောအခါ သူ့ခန်းဆောင်တွင်း၌ စောင်းကြိုးညှိနေသည်။

သားတော်သည် တရားဓမ္မကို လေးစားမြတ်နိုးသကဲ့သို့ပင် ဂီတအနုပညာလည်း အထုံဝါသနာပါသည်။ ခမည်းတော် မင်းတရားကြီးက တိုင်းရေးပြည်ရေးကိစ္စများကို ခွဲဝေဆောင်ရွက်ရန်တာဝန်ပေးထားသည့်အတွက် အချို့တိုင်းရေးပြည်ရာများကို စိတ်မပါ့တပါ ဆောင်ရွက်ရသော်လည်း တာဝန်ကိစ္စမှ အနားရသည်နှင့်တစ်ပြိုင်နက် သားတော်သည် ကုက္ကုဋာရုံကျောင်းသို့ သွားလျှင်သွား၊ မသွားလျှင် မိမိခန်းဆောင်တွင်း၌ဂီတနှင့် အချိန်ဖြုန်းနေသည်က သာ များသည်။

သားတော်သည် တစ်ခါတစ်ရံ စောင်းကိုတီးသည်။ တစ်ခါတစ်ရံ၌ ကား ပုလွေကို မှုတ်လေသည်။ ယင်းတူရိယာ နှစ်မျိုးစလုံးကိုပင် သားတော်သည် ပိုင်ပိုင်နိုင်နိုင် တီးမှုတ်တတ်သည်။ ယနေ့လည်း ကုက္ကုဋာရုံကျောင်းမှ

အပြန် မိမိခန်းဆောင်တွင်း၌ တစ်ကိုယ်တည်း ဓမ္မဂီတတစ်ပုဒ် နူတ်ကညင်သာ စွာ ကျူးရင့်ရင်းနှင့် သီချင်းအလိုက် သူ့စောင်းကြီးကို တီးခတ်နေလေသည်။

သားတော်သည် မိမိစောင်းသံထဲတွင် အာရုံမျောနေသဖြင့် ပတ်ဝန်း ကျင်ကို မေ့နေသည်။ သူ့နောက်တော်ပါးမှ တစ်စုံတစ်ဦးရပ်၍ သူ့ကိုမမိုတ် မသုန်ကြည့်နေသည်ကို သူသတိမပြုမိပေ။ သားတော်၏ ဂီတသံကြားလျှင် နန်းတော်တွင်း၌ မည်သူမှနားစိုက်မထောင်ဘဲ မနေနိုင်ကြပေ။ ကြားရာနေရာက နားစွင့်နေတတ်ကြသည်။

သားတော်သည် ရုပ်ရည်ရူပကာယ တင့်တယ်လှပသည်။ စိတ် သဘောထားပြည့်ဝသည်။ ခမည်းတော်မင်းကြီး ခက်ထန်သလောက် သား တော်မှာ နူးညံ့သိမ်မွေ့လှသည်။ ခမည်းတော် အရှင်မင်းကြီးက သားတော်အား ကဥ္စနမာလာနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးထားသော်လည်း သား တော်သည် ကဥ္စနမာလာအား မယားမှတ်မှတ်သားမှတ်မှတ် ဆက်ဆံပေါင်း သင်းရုံမှတစ်ပါး တခြားမင်းညီမင်းသားများကဲ့သို့ အပျော်အပါးလည်း မဖက် ပေ။ တောကစားလည်း မထွက်ပေ။

သူစိတ်ဝင်စားသည်မှာ ကုက္ကုဋ္ဌာရုံကျောင်းတိုက်နှင့် သူ၏စိန်ကြောင် နီလာခြယ်ထားသည့် စောင်းကြီးပင်ဖြစ်သည်။ သားတော်၏အထူးခြားဆုံးမှာ ပုလဲလုံးရွဲလုံးကဲ့သို့ လှလည်းလှ၊ တောက်လည်းတောက်ပသော သူ၏ရွှဲနေ သော မျက်လုံးအစုံဖြစ်သည်။

သားတော်သည် ဘယ်ကုသိုလ်ကံကြောင့် ထူးခြားသော မျက်လုံး ပိုင်ရှင်ဖြစ်နေသည်မသိပေ။ သူ၏မျက်လုံးလှကြောင်း၊ ကျက်သရေရှိကြောင်း သတင်းသည် ပါဋလိပုတ်နန်းတော်တွင်း၌သာမက၊ ပါဋလိပုတ်မြို့တွင်း၌သာ မက တစ်နိုင်ငံလုံး၌ ဟိုးဟိုးကျော်နေသည်။

သူနန်းတော်တွင်းမှထွက်ပြီး ကုက္ကုဋ္ဌာရုံကျောင်းတိုက်သို့ ဖြစ်စေ၊ အခြားတစ်နေရာရာသို့ဖြစ်စေ သွားလျှင် ကိုယ်ရံတော်တပ်သားများ တားမြစ် ပိတ်ပင်နေသည့်ကြားက မြို့သူမြို့သားတို့သည် သားတော်အနီးသို့ အတင်း ကပ်လာသည်။

သားတော်၏မျက်လုံးကို တစ်ကြိမ်တစ်ခါလောက် ရှုမြင်ချင်လွန်းလှ သည်ဖြစ်၍ ကိုယ်ရံတော်တပ်သားများ၏ လှံနှင့်ဓားကြားက သားတော်အပါး သို့ အတင်းတိုးလာကြခြင်းဖြစ်သည်။

သီချင်းတစ်ပုဒ် ဆုံးသွားသည်ဖြစ်၍ သားတော်သည် စောင်းကို

http://www.linhtet.com



အသာချထားလိုက်လေ၏။

"ကုဏာလ"

နောက်မှခေါ်သံကြား၍ သားတော်လှည့်ကြည့်လိုက်သည်။ အလို မယ်တော်ပါလား . . .

"ဘာကိစ္စများရှိလို့ပါလဲ မယ်တော်"

သားတော်၏တူရူတွင်ရပ်နေသူမှာ မိဖုရားတိဿရက္ခိတာဖြစ်သည်။ သားတော်ကုဏာလ၏ မိခင်မိဖုရားကြီး ကံတော်ကုန်သွားသည်မှာ ကြာပြီ။ အသောကမင်းကြီးသည် အသက်အရွယ် အိုကြီးအိုမကျမှ မိန်းမပျိုတစ်ယောက်ကို တော်ကောက်ထားသည်။ မိဖုရားမှာ မောင်းမမိဿံများထဲက ရုပ်ရည်အင်မတန်လှပချောမောသည့် တိဿရက္ခိတာဖြစ်သည်။

တိဿရက္ခိတာသည် သာမန်မောင်းမမိဿံဘဝမှ မိဖုရားဖြစ်လာသူဖြစ်သည်။ ဖိနပ်ချွတ်မှ ဘုရားဆောင်ရောက်လာသူဖြစ်သည်။ သို့သော် သူသည် ဘဝကိုမေ့သည်။ မာန်မာနကြီးသည်။ ဘုရင်မင်းကြီးက အလိုလိုက်ထားသဖြင့် အမိုက်စော်ကားချင်သည်။ စိတ်ခက်ထန်သည်။ အလှမာန်ဖြင့် ဘုရင်မင်းကြီးကိုပင် လွှမ်းမိုးလိုသည်။ ပျိုရွယ်မှုဒီရေအရှိန်တက်ဆဲဖြစ်၍ ရမ္မက်လည်းကြီးသည်။

ယခုသားတော် ကုဏာလ၏ခန်းဆောင်တွင်း ကုဏာလ၏ကြင်ယာ ကဥ္စနမာလာမရှိခိုက် အလစ်ဝင်ရောက်လာခြင်းဖြစ်သည်။ နှုတ်မှတစ်စုံတစ်ရာမဟာဘဲ သားတော်ကိုသာ ရွှန်းရွှန်းစားစား စိုက်ကြည့်နေသည်။

"မယ်တော်"

သားတော်ကတစ်ဖန်ခေါ်လိုက်ပြန်လေ၏။

"ကုဏာလ၊ ကျုပ်ကို မယ်တော် . . . မယ်တော်လို့ မခေါ်ပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ။ ကျုပ်ကုဏာလရဲ့ မယ်တော်မဟုတ်ဘူး။ ချစ်သူ . . ချစ်သူ . . . သိပလား"

မိဖုရားတိဿရက္ခိတာသည် သားတော်ကုဏာလနှင့်မှ ရွယ်တူလောက်ရှိသည်။ ခမည်းတော် အသောကမင်းကြီး၏ကြင်ယာမိဖုရားဘဝရောက်နေသော်လည်း လူ့လောက၏စည်းမျဉ်းဘောင်ကို ကျော်လွှားလျက် သားတော်ကုဏာလ၏ ရုပ်ရည်ရူပကာကို တစ်ဘက်သတ်ချစ်ကြိုက်တပ်မက်နေသူဖြစ်သည်။ အထူးအားဖြင့် သားတော်၏မျက်လုံးရွဲရွဲကြီးကို မြင်ရသည့်အခါတိုင်း တိဿရက္ခိတာသည် ဘဝင်ခိုက်ခိုက်သွားလေသည်။

http://www.linhtet.com



သားတော်ကုဏာလသည် မျက်စိမျက်နှာပျက်သွားသည်။ စစ်မြေ ပြင်၌ ရန်သူစစ်တပ်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရစေကာမူ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိသည့်သားတော် ကုဏာလသည် ယခုထိတ်လန့်တုန်လှုပ်နေသည်။ တိဿရက္ခိတာကို လက်အုပ်ချီလိုက်ပြီး . . .

"ဒီလိုမပြောကောင်းပါဘူးမယ်တော်။ မယ်တော်က ခမည်းတော်ရဲ့ကာမပိုင် ကြင်ယာဒေဝီဖြစ်ပါတယ်။ သားတော်ရဲ့ မိထွေးတော်ပါ။ မိထွေးဆိုတာလဲအမေပါပဲ။ သားတော်ကို ငရဲရအောင်မလုပ်ပါနဲ့။ စိတ်ထဲမှာတောင် ပြစ်မှားကောင်းတာမျိုးမဟုတ်ပါဘူး။ သားတော်ကို ချစ်တော့ချစ်ပါ။ ဒါပေမယ့် အမေရင်းတစ်ယောက်က သားရင်းခေါက်ခေါက် တစ်ယောက်ကိုချစ်သလိုပဲ သားတော်ကိုချစ်ပါမယ်တော် . . . "

"လာပြန်ပြီလား ဒီမယ်တော်။ မယ်တော် . . . မယ်တော်လို့ မခေါ်ပါနဲ့၊ နားထဲ တံကျင်လျှိုသွင်းလိုက်သလို ခံရခက်ပါတယ်။ ဒီကတော့ သူ့မျက်လုံးကြီးကို ချစ်နေလိုက်ရတာ ဘယ်လောက်ကြာပြီလဲ။ ကျုပ်ကိုနည်းနည်းကလေးမှ မေတ္တာမတုံ့ပြန်နိုင်ဘူးလား ကုဏာလ"

တိဿရက္ခိတာသည် ပြောပြောဆိုဆို ကုဏာလ၏လက်ကို ဖမ်းဆွဲလိုက်သည်။ ထို့နောက် တစ်ဆင့်တက်ပြီး သားတော်ကိုဖက်လိုက်သည်။ သူ၏မျက်လုံးသည် အရောင်တောက်နေသည်။ နဂိုက ဝင်းလက်တောက်ပပြီး လှချင်တိုင်းလှနေသော သားတော်၏မျက်လုံးရွှဲရွှဲကြီးသည်ပင် တိဿရက္ခိတာ၏ အရောင်တောက်နေသော မျက်လုံးရှေ့တွင် ညှိုးမှိန်သွားသည်။

"အဲဒီလိုမလုပ်ပါနဲ့။ သားတော်မကြိုက်ဘူး"

ကုဏာလသည် တိဿရက္ခိတာကို လက်ဖြင့်တွန်းပစ်ပြီး သူ့ကိုယ်သူလည်း ရုန်းထွက်လိုက်သည်။ တိဿရက္ခိတာ နောက်လန်လဲကျသွား သည်။ ကပျာကသီထပြီး မိဖုရားငယ်သည် သားတော်ကုဏာလကို စိမ်းစိမ်းဝါးဝါးကြည့်လိုက်သည်။

ယခင်တောက်ပနေသည့် သူ၏မျက်လုံးသည် မီးတောက်မီးလျှံပမာရဲရဲနီသွားသည်။ မျက်နှာတွင်လွှမ်းနေသော ချစ်မေတ္တာရောင်သည် ရုတ်ခြည်း ဒေါသရောင်ပြောင်းသွားသည်။ စန္ဒာလဝန်းကို တိမ်ဖုံးသွားပြီ။ လှပသောမျက်နှာဝန်းသည် တစ်မုဟုတ်ချင်း ခက်ထန်မာကျောသွားပြီ။ အချစ်ကြီးတော့ အမျက်ကြီးသွားပြီ။

"တစ်နေ့ကျ သိစေမယ်"

http://www.linhtet.com



တိဿရက္ခိတာ၏ အသံသည် တုန်ခါနေသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသဖြင့် ဝတ်စားဆင်ယင်ထားသည့် ရတနာတန်ဆာများမှာလည်း တလက်လက်တောက်နေကြသည်။ မိဖုရားသည် သားတော်ကို လှည့်မကြည့်တော့ဘဲ သားတော်၏ခန်းဆောင်ထဲမှ ချာခနဲလှည့်ထွက်သွားသည်။ ခြေကိုဆောင့်နင်းသွားသဖြင့် မိဖုရား၏ခြေသံသည် ခန်းမဆောင်တွင်း၌ ပဲ့တင် ထပ်ကျန်ရစ်ခဲ့သည်။

*

တက္ကသိုလ်ပြည်သည် အသောကဘုရင်မင်းတရားကြီး၏ ပိုင်နက် နိုင်ငံတော်အတွင်းမှ ပြည်နယ်တစ်ခုဖြစ်သည်။ တက္ကသိုလ်ပြည်၌ မငြိမ်မသက် ဖြစ်နေသည့်သတင်းသည် ပါဋလိပုတ်နေပြည်တော် နန်းတော်တွင်းသို့ ရောက်လာသည်။ ဘုရင်အသောကသည် မှူးမတ်များနှင့် တိုင်ပင်ပြီး ပုန်ကုန်ထကြွသူများအား နှိမ်နင်းရန် သားတော်ကုဏာလကို စေလွှတ်လိုက်လေသည်။

သားတော်သည် ကြင်ယာတော်ကဥ္စနမာလာကိုခေါ်ခဲ့ပြီး နောက်လိုက်ဖိုလ်ပါအချို့နှင့် တက္ကသိုလ်ပြည် ထွက်လာခဲ့လေသည်။ တရားဓမ္မနှင့် ဂီတအနုပညာ၌သာ မွေ့သူဖြစ်သော်လည်း ခမည်းတော်မင်းကြီးက တာဝန်ပေးပြန်သောအခါ မနေသာတော့ဘဲ ကျရာတာဝန်ကို ထမ်းဆောင်ရပြန်လေသည်။

တက္ကသိုလ်ပြည်ရောက်လာသောအခါ သားတော်ကုဏာလသည် အထင်နှင့်အမြင်တစ်မျိုးစီဖြစ်နေသည်။ တက္ကသိုလ်ပြည်ရောက်လျှင် စစ်တပ်အင်အား လက်နက်အင်အားဖြင့် တက္ကသိုလ်ပြည်မှ သူပုန်သကန်များကို နှိမ်နင်းရလိမ့်မည်ဟု ထင်ခဲ့သည်။

သို့သော် တကယ့်လက်တွေ့၌မူ ပုန်ကန်ထကြွမှုကိုမတွေ့ရဘဲ ငြိမ်သက်အေးချမ်းနေသည်ကိုသာ တွေ့ရသည်။ သားတော်ကုဏာလသည် မြို့သူမြို့သားခေါင်းဆောင်များကို ခေါ်ယူတွေ့ဆုံသည်။ မြို့သူမြို့သား ခေါင်းဆောင်များက သားတော်ကုဏာလကို အခြေအနေ တင်ပြကြသည်။

"ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ရဲ့ ရေမြေ့သခင်အသောက အရှင်မင်းတရားကြီးကိုလဲ ဆန့်ကျင်ကြတာ မဟုတ်ပါဘူး။ သားတော်ကိုလဲ ထော်လော်ကန့်လန့်လုပ်မယ်လို့ မရည်ရွယ်ပါဘူး။ ဘုရင်မင်းတရားကြီးက ကျွန်ုပ်တို့ တိုင်းပြည်အုပ်ချုပ်ဖို့ခန့်ထားတဲ့ အဝေးရောက်ဝန်နဲ့ အရာရှိအရာခံများ

http://www.linhtet.com



ကိုသာ ကျွန်ုပ်တို့ တော်လှန်ခြားနားကြတာပါ။ သူတို့တတွေဟာ ဘုရင်မင်းတရားကြီးရဲ့ နောက်ကွယ်မှာ ဘုရင်မင်းတရားကြီးနဲ့ သားတော်တို့ရဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးနေကြသူများဖြစ်ပါတယ်။ ဘုရင်မင်းတရားကြီးက ပြည်သူပြည်သားတွေကို တရားနဲ့အညီ အုပ်ချုပ်ရမယ်လို့ အမိန့်ထုတ်ထားပေမယ့် သူတို့ဟာ ကိုယ်ကျိုးကိုယ်စီးပွားလောက်ကိုသာ အဓိကထားပြီး ပြည်သူပြည်သားများကို မတရားချုပ်ချယ်နေကြပါတယ်။ ဒါကြောင့် သူတို့ကို တော်လှန်ဆန့်ကျင်ကြရခြင်းဖြစ်ပါတယ်"

သားတော်ကုဏာလသည် ပြည်သူပြည်သားတို့၏ အရေးအခင်းကို ဖြေရှင်းပေးသည်။ ဒေသခံအရာရှိအရာခံများနှင့် ပြည်သူပြည်သားတို့ကို စေ့စပ်ပေးလိုက်သည်။ သားတော်ရောက်လာသည့်အချိန်မှစ၍ တိုင်းပြည်တွင် ဘာပြဿနာမှမပေါ်တော့ပေ။ သို့သော်လည်း ဘုရင်မင်းကြီးထံမှ နေပြည်တော်သို့ ပြန်ခဲ့ရမည်ဟူသောအမိန့် ရောက်မလာသေးသည်နှင့် ကုဏာလသည် တိုင်းပြည်ငြိမ်ဝပ်ပိပြား နေသားတကျရှိသွားစေရန် ကြိုးပမ်းရင်းနှင့် တက္ကသိုလ်ပြည်၌သာ ဆက်လက်နေလေသည်။

သို့သော် လိုသူရှိက မလိုသူရှိမည်။ ချစ်သူရှိလျှင် မုန်းသူလည်းကင်းမည်မဟုတ်။ တက္ကသိုလ်ပြည်သူ ပြည်သားများက သားတော်ကုဏာလအား ကြည်ညိုလေးစားကြသော်လည်း အဝေးရောက်ဝန်နှင့် အရာရှိအရာခံများ သည် သားတော်လာမှ စားပေါက်ပိတ်သွားသဖြင့် သူတို့လက်နှင့်ရေး သည်ကို သားတော်က ခြေနှင့်ဖျက်ရမည်လားဆိုပြီး သားတော်အား မလိုမုန်းထား အတွင်းကျိတ် ရန်ငြိုးထားကြလေသည်။ ဘုရင့်သားတော် အရင့်မကြီးဖြစ်၍ ဖြောင်ကျကျရန်မမူရဲသော်လည်း သားတော်ကိုအဆင်းတွန်း၍ ရမည့်နေ့ရက်ကိုသာ ကျိတ်၍စောင့်နေကြလေသည်။

ထိုအတွင်း နေပြည်တော်ကမိဖုရား တိဿရက္ခိတာနှင့် တက္ကသိုလ်ပြည်က အရာရှိအရာခံများ ဆက်မိသွားကြသည်။ မိဖုရားတိဿရက္ခိတာ သည် တက္ကသိုလ်ပြည်မှ လျှို့ဝှက်အစီရင်ခံချက်အရ သားတော်ကို ရန်ငြိုးထားနေကြသည့် အဝေးရောက်ဝန်နှင့် လူတစ်စုတို့၏အခြေအနေကို သိရသည်။ သူ့အတွက် အကွက်ပေါ်လာပြီဖြစ်၍ မိဖုရားသည် နေပြည်တော်မှနေ၍ စက်ပုန်းခုတ် နေလေသည်။

ထိုအချိန်အတောအတွင်း ဘုရင်မင်းကြီး မမာမကျန်းဖြစ်သောကြောင့် တိဿရက္ခိတာသည် ကိုယ်ဖိရင်ဖိပြုစုလေသည်။ မိဖုရားငယ်၏

http://www.linhtet.com



ပြုစုကုသမှုကြောင့် ဘုရင်မင်းကြီး နေကောင်းထိုင်သာ ရှိလာသည်။ ဘုရင်မင်းကြီးသည် မိဖုရားတိဿရက္ခိတာအား အထူးကျေးဇူးတင်သွားသည်ဖြစ်၍ ယခင်ကထက် အခွင့်အရေး ပေးထားလေသည်။ ဤတွင် တိဿရက္ခိတာ အတွက် မိမိ၏အကောက်ဉာဏ်ကို အကောင်အထည်ဖော်ရန် အခွင့်သာလာလေသည်။

တိဿရက္ခိတာသည် တစ်နေ့တွင် ဘုရင်မင်းကြီးမသိအောင် ဘုရင်မင်းကြီး၏အရေးနှင့် သဝဏ်လွှာတစ်စောင်ရေးသည်။ ဘုရင်မင်းကြီး၏ ဆင်စွယ်တံဆိပ်တုံးကို အမှတ်တမဲ့ရအောင်ယူပြီး သဝဏ်လွှာတွင် တံဆိပ်ခတ်နှိပ်လိုက်သည်။ ထို့နောက် မိမိသြဇာခံဘုရင့်အမှုထမ်းတစ်ဦးအား သဝဏ်လွှာကို တက္ကသိုလ်ပြည်အပို့ ခိုင်းလိုက်လေသည်။

*

သားတော်ကုဏာလသည် တက္ကသိုလ်ပြည်မှ သူပုန်သူကန်များနှင့်ပူးပေါင်း၍ ဖခမည်းတော် အရှင်မင်းတရားကြီး၏နိုင်ငံတော်ကို ခြားနားရန် ကြိုးစားနေကြောင်း သိရှိရသည်။ သားတော်သည် သေဒဏ်ခံထိုက်သည့်ပြစ်မှုကို ကျူးလွန်သော်လည်း သားတော်တစ်ယောက်ဖြစ်သည့်အတွက် သေဒဏ်ကိုမူ မပေးရ။ ပုန်ကန်ခြားနားလိုသူများသခ်န်းစာ ရရှိစေရန်အတွက် သားတော်၏မျက်လုံးကိုသာ ဖောက်ပစ်ရမည်။

**မဂဓနိုင်ငံဘုရင်မင်းတရားကြီး၏ အမိန့်တော် . . .**

တိဿရက္ခိတာ၏ ကြံရာပါများဖြစ်ကြသော အဝေးရောက်ဝန်နှင့် ဒေသခံအရာထမ်းများသည် တိဿရက္ခိတာထံမှ တစ်ဘက်လှည့်နှင့် ပို့လိုက်သည့် သဝဏ်လွှာကို သားတော်ကုဏာလအားပြကြသည်။ သူတို့၏မျက်နှာတွင် စိတ်မကောင်းဖြစ်ဟန်ပေါ်နေသော်လည်း အတွင်းစိတ်၌ကား ကျိတ်ပြီးဝမ်းသာနေကြသည်။

"သားတော်၊ သားတော်ရဲ့မျက်လုံးကို ကျွန်ုပ်တို့ မဖောက်ရက်ပါဘူး။ သို့သော် ကျွန်ုပ်တို့ဟာ ဘုရင်မင်းတရားကြီးရဲ့ အမှုထမ်းများဖြစ်ကြတဲ့အတိုင်း ဘုရင်မင်းတရားကြီးရဲ့ အမိန့်အာဏာကို မလွန်ဆန်ရဲကြပါ"

"သင်တို့ ကိုယ့်တာဝန်ကို ကိုယ်ဆောင်ရွက်နိုင်ကြတယ်"

http://www.linhtet.com



သားတော်ကုဏာလသည် အဖြစ်မှန်ကို ခမည်းတော်မင်းတရားကြီးအား ရှင်းလင်းပြောပြလျှင် ထိုကိစ္စ ပြေရှင်းသွားနိုင်သည်။ သို့သော် တိဿရက္ခိတာနှင့် အဝေးရောက်ဝန်တို့က ထိုသို့မလုပ်နိုင်ရန် အကွက်ဆင်ထားကြသည်။ အကယ်၍ ဖြေရှင်းပြလို့မှ ခမည်းတော်မင်းတရားကြီးက လက်မခံလျှင် တက္က သိုလ်ပြည်သူပြည်သားများ၏အကူအညီဖြင့် သားတော်သည် တစ်ထီးတစ်နန်းထူ ထောင်နိုင်သည့် အခြေအနေရှိသည်။

သို့သော် ကုဏာလသည် သားလိမ္မာဖြစ်သည်။ ဖခမည်းတော်အားမည်သည့်အခါမှ ကလန်ကဆန်မလုပ်ပေ။ ဖခမည်းတော်၏အမိန့်အာဏာကို မြေဝယ်မကျနားထောင်သည့်သားဖြစ်သည်။ ယခုလည်း ခမည်းတော်၏အမိန့်ကို ရဲရဲဝံ့ဝံ့နာခံရန် အဆင်သင့်ဖြစ်နေသည်။

အချိန်နှောင်းသွားပါက မိမိတို့၏အကြံအစည် တလွဲတချော်ဖြစ်သွားနိုင်သည်ဖြစ်၍ အဝေးရောက်ဝန်နှင့် အရာထမ်းများသည် လက်မရွံ့များကို ဘုရင်မင်းတရားကြီး၏အမိန့်အတိုင်း မြန်မြန်ထက်ထက်ပင် ဆောင်ရွက်ခိုင်းလိုက်ကြသည်။

ထူးထူးခြားခြားလှသော သားတော်၏မျက်လုံးရွှဲရွှဲကြီးနှစ်လုံးသည် ထိုမျက်လုံးကို ချစ်သူ၏လက်ချက်ဖြင့်ပင် ပျက်စီးသွားလေသည်။ မစားရသည့်အမဲ သဲနှင့်အပက်ခံသွားရရှာပြီ။

သားတော်သည် ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရရှာသည်။ သို့သော် ကုက္ကုဋာရုံကျောင်းမှ ယသမထေရ်သင်ကြားပြသထားသည့်အတိုင်း ဝေဒနာကို ရှုမှတ်၍သာနေလေသည်။ ကိစ္စတစ်ခုဖြင့်တစ်နေရာရောက်နေသော ကဥ္စနမာလာသည် ကုဏာလသတင်းကြားရသည်ဖြစ်၍ အပြေးအလွှားပြန်လာသည်။ ကုဏာလ၏ အခြေအနေကို တွေ့ရသည့်အခါ ဖြေမဆည်နိုင်တော့ဘဲ လူးလိမ့်ငိုရှာလေသည်။

"ငိုမနေနဲ့တော့ မာလာ။ အတိတ်ကံက ဒီလိုဖြစ်ရမယ်လို့ ပါလာတဲ့အတွက်ကြောင့်သာ ဒီဘဝမျိုးရောက်ရတာဖြစ်တယ်။ ကိုယ်စိုက်ပျိုးခဲ့တဲ့ အပင်ရဲ့အသီးကို ကိုယ်စားရတာပဲ။ ဘယ်သူ့ကိုမှလဲ အပြစ်တင်မနေနဲ့တော့။ ဘယ်သူမပြုမိမိမှုပဲ။ အတိတ်ဘဝက မောင်တော်ပြစ်မှုတစ်ခုခုကို ကျူးလွန်ခဲ့မိလို့ ယခုဘဝမှာ ဒီလိုခံရတာမာလာ"

သားတော်က မည်သို့ပင် နှစ်သိမ့်သော်လည်း ကဥ္စနမာလာသည် သားတော်အတွက် စိတ်မကောင်းဖြစ်သည်သာမက ယခုလိုဖြစ်ရသည်ကို

http://www.linhtet.com



အကြီးအကျယ် မခံမရပ်နိုင် ဖြစ်နေလေသည်။ မိမိနှင့်နီးစပ်ရာကို အမှုကိစ္စ ဇစ်ဇစ်မြစ်မြစ် သိရှိရန် စုံစမ်းကြည့်သည်။

နောက်ဆုံး၌ မိဖုရားတိဿရက္ခိတာ၏လက်ချက်ဖြစ်ကြောင်း သိရှိသွားသည်။ အကျိုးအကြောင်းကို သားတော်အားပြောပြသည်။

သို့သော် နောက်ကျသွားပြီ။ သားတော်သည် ထိုအမှုကိုမဖော်ထုတ်လိုတော့ပြီ။ အကယ်၍ ထိုအမှုပေါ်သွားပါက မိဖုရားတိဿရက္ခိတာ အသက်အန္တရာယ်ရှိလာနိုင်သည်။ ထိုအဖြစ်မျိုးကို သားတော်အဖြစ်မခံလို။ သားတော်သည် မိမိကံကြမ္မာကို မိမိဘာသာ ကျိတ်မှိတ်ခံသွားလိုသည့် အာသီသသာ ရှိသည်။

"မာလာ . . . မောင်တော်တို့ဟာ ကိုယ့်ကံကြမ္မာကို ကိုယ်ခံဖို့သာရှိတော့တယ်။ မောင်တော်တို့ နေပြည်တော်ကို ပြန်လို့လဲမဖြစ်တော့ဘူး။ ဒီတက္ကသိုလ်မှာလဲ မောင်တော်ဆက်မနေချင်တော့ဘူး။ မောင်တော်တို့ဟာ မင်းပြစ်မင်းဒဏ်ကို ခံထားရသူတွေဖြစ်တယ်။ ဒီမင်းညီမင်းသားအဆောင်အယောင်နဲ့လဲ မောင်တော်မနေချင်တော့ဘူး။ မောင်တော်လွတ်ရာကျွတ်ရာထွက်သွားမယ်။ မာလာမောင်တော်နဲ့မလိုက်ဘဲနေချင်နေခဲ့ပါ။ မောင်တော် တစ်ယောက်တည်းသွားမယ်။ မောင်တော် တတ်ထားတဲ့ဂီတအနုပညာနဲ့ ထမင်းတစ်လုတ်တော့စားနိုင်ပါတယ်"

ကဥ္စနမာလာသည် ဖြေမဆည်နိုင်တော့ပေ။ မျက်ဝန်းကန်ဘောင် ရိုးမှမျက်ရည်တွေလျှံပြီး စီးကျလာသည်။ သားတော်မျက်နှာကို ညှိုးငယ်စွာကြည့်လိုက်သည်။ ယခင် ရွှန်းလဲ့နေသည့် မျက်လုံးရွဲရွဲကြီးနှစ်လုံး ပုံသဏ္ဌာန်ပျက်စီးနေသည်ကို တွေ့ရ၍ စိတ်အကြီးအကျယ် ထိခိုက်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ မောင်တော်။ မာလာကို ထားမပစ်ခဲ့ပါနဲ့။ မောင်တော်နဲ့မာလာဟာ ကိုယ်နှစ်ကိုယ်ကွဲနေပေမယ့် စိတ်ကတစ်စိတ်တည်းပါ။ မာလာဟာ မောင်တော်ရဲ့အရိပ်ပါ။ မောင်တော်ဘယ်သွားသွား အရိပ်ဖြစ်တဲ့မာလာ ကပ်ပါနေမှာပါပဲ မောင်တော်"

သားတော်ကုဏာလနှင့် ကြင်ယာကဥ္စနမာလာတို့သည် ထီးနန်းအဆောင်အယောင်ကို စွန့်လိုက်ကြသည်။ ခပ်နွမ်းနွမ်း အဝတ်အစားကို လဲလှယ်ပြီး မြို့တွင်းမှ အမှတ်တမဲ့ ထွက်လာခဲ့ကြလေသည်။ သားတော်ကုဏာလတွင် ပါလာသော တစ်ခုတည်းသောပစ္စည်းမှာ သူတန်ဖိုးထားသော ပုလွေတစ်ချောင်းသာလျှင်ဖြစ်လေသည်။

http://www.linhtet.com



ကုဏာလနှင့်ကဥ္စနမာလာတို့သည် မင်းညီမင်းသားဘဝမှ ဆင်းရဲနွမ်းပါးသော ဘုန်းတောင်းယာစကာဘဝရောက်လာကြပြီ။ တစ်မြို့ဝင်တစ်မြို့ထွက်၊ တစ်ရွာဖြတ်တစ်ရွာကျော်နှင့် ဦးတည်ချက်မထားဘဲ ခရီးလှည့်လည်လာခဲ့ကြသည်။ သူတို့ကို မျက်မမြင်သူတောင်းစားလင်မယားအမှတ်ဖြင့် စွန့်ကြဲကြသည်။ ကုဏာလပုလွေတစ်ခါမှုတ်လျှင် ထမင်းတစ်နပ်စာ စိတ်ချသွားရသည်။ ကုဏာလ၏ပုလွေသံကြားလျှင် လူတွေမှင်သက်မိနေတတ်ကြသည်။ အလှူဒါနရက်ရောသူများ၏ ပေးစာကမ်းစာကိုစား၍လည်းကောင်း၊ ကြုံရာ ရေချမ်းစင်၊ ကြုံရာရေတွင်းရေကန်မှ ရေကိုသောက်၍လည်းကောင်း၊ တွေ့ရာဇရပ်တွင် အိပ်၍လည်းကောင်း၊ ခြေဦးတည့်ရာလျှောက်လာကြရာ သူတို့သည် တက္ကသိုလ်ပြည်နှင့် တဖြည်းဖြည်း ဝေး၍ဝေး၍ လာခဲ့လေသည်။

ကဥ္စနမာလာ၌ အကြံတစ်ခုရှိသည်။ သားတော်ကုဏာလအား အသိမပေးဘဲ တစ်ဘက်လှည့်နှင့် ပါဋလိပုတ်နေပြည်တော်သို့ ခေါ်သွားရန်ဖြစ်သည်။ ထိုကြံရွယ်ချက်နှင့် သားတော်ကို ပါဋလိပုတ်မြို့တော်သွားသည့်လမ်းအတိုင်း ခေါ်လာရာ ဇနီးမောင်နှံနှစ်ဦးတို့သည် ပါဋလိပုတ်မြို့တွင်းသို့ ရောက်လာကြသည်။ ပါဋလိပုတ်မြို့ရောက်လာသည်ဆိုသည့်အကြောင်းကို ကဥ္စနမာလာက သားတော်ကုဏာလအား အသိမပေးပေ။ တစ်နေ့တွင် သူတို့နှစ်ဦးသည် နန်းတော်အနီးမှ ဖြတ်လျှောက်သွားကြသည်။ ထုံးစံအတိုင်း ကုဏာလက ပုလွေမှုတ်သွားသည်။ သူတို့နှစ်ဦးကို မည်သူကမျှမမှတ်မိပေ။ တွေ့သူကြုံသူများက သူတောင်းစားအမှတ်ဖြင့်သာ တစ်ပြားတစ်ချပ် ပေးကမ်းစွန့်ကြဲသွားကြသည်။

ကုဏာလ၏ ပုလွေသံသည် နန်းတော်ပေါ်မှ ဘုရင်မင်းကြီး နားရောက်သွားသည်။ အလို . . . တယ်သာယာတဲ့ ပုလွေသံပါကလား။ သားတော်ကုဏာလမှုတ်တဲ့ ပုလွေသံနှင့်တူလိုက်တာ။ သီချင်းကလဲ သားတော်တီးမှုတ်လေ့ရှိတဲ့ သီချင်းပါလား။ သားတော်နှင့် ခွဲခွာနေရသည်မှာ ကြာပြီဖြစ်၍ သားတော်ကို သတိရနေသော ဘုရင်မင်းတရားကြီးသည် သလွန်ထက်မှ ငေါက်ခနဲ ထလိုက်သည်။ ထို့နောက် နန်းဆောင်ပြတင်းမှ ပုလွေသံကြားရာသို့ လှမ်း မျှော်ကြည့်လိုက်သည်။ ပုလွေသံမှာ တိုး၍တိုး၍ သွားပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ ဘုရင်မင်းကြီး မနေနိုင်တော့ပေ။ သားဇော ပြင်းထန်နေသည်။ မင်းချင်းယောကျ်ားတစ်ဦးအား လှမ်းခေါ်လိုက်သည်။

http://www.linhtet.com



"အမိန့်တော်နာခံလျက်ပါ အရှင်မင်းကြီး"

"အခုန ပုလွေသံကြားတယ် မဟုတ်လား၊ ပုလွေဆရာကို ရှေ့တော်ခေါ်လာခဲ့စမ်း"

မင်းချင်းယောကျ်ားထွက်သွားသည်။ ဘုရင်မင်းကြီး လည်တဆန့်ဆန့်နှင့် မျှော်နေသည်။ မကြာမီ မင်းချင်းယောကျ်ားပြန်လာသည်။

"ပုလွေဆရာက သူတောင်းစားတစ်ယောက်ပါ အရှင်မင်းကြီး"

"သူတောင်းစားဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ချက်ချင်းခေါ်လာခဲ့"

သူတောင်းစားအသွင်နှင့်ရှိနေသော ကုဏာလနှင့်ကဉ္စနမာလာတို့သည် မကြာမီ ဘုရင်မင်းကြီးရှေ့တော်မှောက် ရောက်လာကြသည်။ ဘုရင်မင်းကြီးသည် သူတောင်းစားလင်မယားကို လှမ်းကြည့်လိုက်သည်။ ဤမျက်မမြင်သူတောင်းစားသည် အဘယ့်ကြောင့် သားတော်ပုလွေမှုတ်သလို မှုတ်တတ်ပါလိမ့်။ ဤသီချင်းအလိုက် ပုလွေမှုတ်သူမှာ သားတော်တစ်ပါးသာရှိသည်။ ဘုရင်မင်းကြီး မတွေးတတ်အောင် ဖြစ်နေသည်။

"မင်းတို့က ဘယ်ကလဲ"

ဘုရင်မင်းကြီးက တအံ့တသြမေးလိုက်သည်။

သားတော်ကုဏာလသည် ဘုရင်မင်းကြီး၏အသံကို ကျက်မိသွားသည်။ ကဉ္စနမာလာဘက်လှည့်လျက် . . .

"မောင်တော့်ကို ဘယ်ခေါ်လာတာလဲ ကဉ္စနမာလာ"

သားတော်ကုဏာလ၏နှုတ်မှ အမှတ်တမဲ့ 'ကဉ္စနမာလာ'ဟု ထွက်သွားသည်။ ဘုရင်မင်းကြီး မျက်လုံးပြူးသွားသည်။

"ဘယ်သူ . . . ကဉ္စနမာလာ။ ဒါ ဘယ်သူလဲ . . .။ ဒါသားတော်ကုဏာလလား"

"မှန်ပါတယ် ခမည်းတော် အရှင်မင်းကြီး။ ခမည်းတော် အရှင်မင်းကြီးရဲ့ရှေ့တော်မှောက်ရောက်နေတဲ့ မျက်မမြင်သူတောင်းစားဟာ တခြားမဟုတ်ပါဘူး။ ခမည်းတော် အရှင်မင်းကြီးရဲ့သားတော် ကုဏာလ အစစ်ပါပဲ အရှင်မင်းကြီး"

ကဉ္စမာလာက ကွယ်ဝှက်မနေတော့ဘဲ ဖွင့်ပြောလိုက်လေသည်။ ဘုရင်မင်းကြီး မျက်ရည်စီးကျလာသည်။ ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရသော သူရဲကောင်းဘုရင် အရှင့်မကြီးအသောကသည် ရှိုက်၍ရှိုက်၍ ငိုလေတော့သည်။

"ခမည်းတော်ရဲ့ငယ်ထိပ်ကို မိုးကြိုးပစ်ချလိုက်တာပါလား။ ဘယ်လို ဖြစ်လာတာလဲ သားတော်၊ ခမည်းတော်ကို ပြောပြပါဦး"

သားတော်ကား ခပ်မဆိတ်။ ကဥ္စနမာလာ ငြိမ်မနေနိုင်တော့ပေ။

"ဘယ်လိုဖြစ်ရမလဲ ခမည်းတော်၊ ခမည်းတော်ရဲ့ ကြင်ယာဒေဝီ တိဿရက္ခိတာ . . ."

ကုဏာလက ဟန့်လိုက်သည်။

"တော်တော့၊ ဆက်မပြောနဲ့"

"ဘာလို့ ဆက်မပြောရမှာလဲ၊ ခမည်းတော် ဘာမှနားမလည်ဘူး။ ပြောပြစမ်း သမီးတော် . . ."

ဘုရင်မင်းကြီးက အတင်းပြောပြခိုင်းနေသဖြင့် ကဥ္စနမာလာက အကြောင်းစုံကို ရှင်းလင်းပြောပြလိုက်သည်။ တရားခမ္မပခြုပ်ဖြင့် ဖုံးအုပ်ထားသည့် ဘုရင်မင်းကြီး၏ ဒေါသမြွေဟောက်သည် ခမ္မပခြုပ်ပွင့်ပြီး ရှူးခနဲ အပြင်ထွက်လာသည်။ အပါး၌ခစားနေသည့် မင်းချင်းတစ်ယောက်အား "ဒီ . . . ဘီလူးမကို သွားခေါ်စမ်း။ သူ့မျက်လုံးကိုလဲ ဖောက်ပစ်မယ်" ဟု အမိန့်ပေးလိုက်လေသည်။

သားတော်သည် သူ့ခမည်းတော်ကို လက်အုပ်ချီလျက် . . .

"မယ်တော့်ကို ကလဲ့စားမချေပါနဲ့ ခမည်းတော်။ မယ့်တော့်အပြစ် မဟုတ်ပါဘူး။ သားတော်ဝိပါက်မကင်းလို့ ခံရတာပါ။ ဒီမျက်လုံး ကွယ်သွားတဲ့ အတွက် သားတော်အကျိုးမယုတ်တဲ့အပြင် အမြတ်တောင်ထွက်ပါသေးတယ်။ ဒီမျက်လုံးဟာ ကာမဂုဏ်အာရုံခံစားမှုရဲ့ အကြောင်းတရားဖြစ်ပါတယ်။ ဒီမျက်လုံးနဲ့ မြင်တဲ့အတွက် ကာမဂုဏ်အာရုံတွေကို ခံစားစံစားချင်တဲ့စိတ် ပေါ်လာခြင်းဖြစ်ပါတယ်။ အခု ကာမဂုဏ်အာရုံတွေကို မြင်နိုင်စွမ်းရှိတဲ့ မျက်စိအမြင် ကွယ်သွားပြီ။ ပကတိမျက်စိအလင်းကွယ်သွားပေမယ့် တရားအလင်းရောင် ဟာ သားတော်ရဲ့ကိုယ်တွင်းမှာ ယခင်ကထက် ဝင်းလက်တောက်ပြောင်လာ ပါတယ် ခမည်းတော်"

အသောကမင်းကြီးသည် သားတော်စကားကို တအံ့တသြ ငေးမောနားထောင်နေမိသည်။ တိဿရက္ခိတာကို အခေါ်ခိုင်းလိုက်သည့် မင်းချင်းယောကျာ်းပြန်လာသည်။

"ဘယ်မလဲ . . . ဟို ဘီလူးမ"

အသောကမင်းကြီးသည် ဒေါသအရှိန်မပြေသေးပေ။

http://www.linhtet.com



"မိဖုရားကြီး အသက်မရှိတော့ပါဘူး၊ သူ့ကိုယ်သူ သတ်သေသွားပါပြီ"

ဘုရင်မင်းကြီး တွေသွားသည်။

"ကောင်းတယ်။ သူ့အပြစ်နဲ့သူ ခံသွားပြီ။ သူ့ကို အပြစ်ဒဏ်ခတ်စရာ မလိုတော့ဘူး။ သူကိုယ်တိုင်ပဲ သူ့ကို အပြစ်ဒဏ် ခတ်လိုက်ပြီ"

ဘုရင်မင်းကြီးသည် သားတော် ကုဏာလ၏ဦးခေါင်းကို လက်ဖြင့် ညင်သာစွာ သပ်လိုက်သည်။

"သားတော်၊ ခမည်းတော်ဟာ ကာမဂုဏ် အာရုံဖွက်တွင်းက ရုန်းမထွက်နိုင်တာနဲ့ လှတာချောတာ ပျိုရွယ်တာကိုမက်ပြီး ကိုယ်နဲ့အရွယ်မမျှတဲ့ မိန်းမတစ်ယောက်ကို မိဖုရားမြှောက်မိခဲ့တယ်။ အဲဒါ ခမည်းတော်ရဲ့အမှားပဲ။ အဲဒီအမှားကို အခုမှ သဘောပေါက်တယ်။ အဲဒီအမှားရဲ့ဒဏ်ကို သားတော်က ခံသွားရတယ်။ သားတော်အခုလိုဖြစ်ရတဲ့အတွက် ခမည်းတော် တစ်သက်လုံး ဝမ်းနည်းလို့ဆုံးတော့မှာ မဟုတ်ဘူး။ ခမည်းတော်ရဲ့ အမှားကို ပေ့ပါးသွားအောင် ခမည်းတော် တစ်ခုစီစဉ်ချင်တယ်။ သားတော် မငြင်းပါနဲ့။ ခမည်းတော်လဲ အိုမင်းမစွမ်းရှိလာပြီ။ သားတော်ကို မဂဓထီးနန်းလွှဲအပ်မယ်။ သမီးကဥ္စနမာလာရဲ့ အကူအညီနဲ့ သားတော် ထီးနန်းစိုးစံပြီး နိုင်ငံကိုအုပ်ချုပ်ပါ"

"သားတော်လျှောက်ထားပြောပြပြီးပါပကော ခမည်းတော်။ သားတော်ဟာ လောကီအာရုံကို ခုံမင်တွယ်တာမှုမရှိတော့ပါဘူး။ သားတော်ရဲ့နေရာဟာ ထီးနန်းရိပ်ငြိမ် မဟုတ်တော့ဘူး။ ကုက္ကုဋာရုံကျောင်းက သားတော်ကို စောင့်မျှော်နေပါတယ်။ သားတော် လောကီလူ့ဘောင်မှာ မပျော်ပိုက်တော့ပါဘူး။ သားတော်ကို သာသနာ့ဘောင်တွင်း ဝင်ခွင့်ပြုပါ။ သားတော် ကျူးလွန်မိခဲ့တဲ့အပြစ်ရှိယင် သားတော်ကို ခွင့်လွှတ်ပါ ခမည်းတော်။ သားတော် ကန်တော့ခဲ့ပါရစေ"

ဘုရင်မင်းကြီးက ထီးနန်းသိမ်းပိုက်ရန် အတန်တန် နားချသော်လည်း သားတော်ကုဏာလက ခါးခါးသီးသီးပင် ငြင်းပယ်နေသည် ဖြစ်၍ ခမည်းတော် အရှင်မင်းကြီးသည် သားတော်၏အလိုဆန္ဒကို လိုက်လျောလိုက်ရလေသည်။

သားတော်ကုဏာလသည် ခမည်းတော်မင်းကြီးကို ရှိခိုးကန်တော့လိုက်သည်။ ကဥ္စနမာလာလည်း သူ့မောင်တော် နည်းတူပင် ဘုရင်မင်းကြီးကို ကန်တော့လိုက်သည်။ ထို့နောက် သူတို့နှစ်ဦးသားသည် ဘုရင်မင်းကြီး၏

http://www.linhtet.com



အပါးမှ ခွာခဲ့ပြီး ကုက္ကုဋ္ဌာရုံကျောင်းဆီသို့ ခြေဦးလှည့်လိုက်ကြသည်။ သူတို့သည် အဆောင်အယောင် မက်မောမှုလုံးဝမရှိတော့ပြီဖြစ်၍ ဝတ်ထားသည့် ခပ်နွမ်းနွမ်း အဝတ်အစားဖြင့်ပင် ကျောင်းတိုက်ရှိရာသို့ ခြေလှမ်းနေကြသည်။ ကုဏာလ ၏ သာယာငြိမ့်ညောင်းသော ပုလွေသံ ထွက်ပေါ်လာသည်။ ယခုတစ်ကြိမ် ပုလွေသံမှာ ထမင်းတောင်းသော သူတောင်းစားမှုတ်သည့် တေးသံမဟုတ် တော့ဘဲ၊ ဓမ္မအသံကိုဟစ်ကြွေးသည့် ဓမ္မခရီးသည်၏တေးသံဖြစ်နေသည်။ လမ်းမပေါ်တွင် တစ်လှမ်းချင်း လှမ်းသွားနေသည့် သားတော်ကို နန်းတော် ပြတင်းတံခါးမှ လှမ်းကြည့်နေသည့် ဘုရင်မင်းကြီး၏မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ ပြည့်လျှံလာလေသည်။ တစ်ဆင့်စကား တစ်ဆင့်ကြားသည့် မြို့သူမြို့သားများလည်း စုတ်တသပ်သပ် ရင်တမမနှင့် သားတော်တို့ကို အဝေးက လှမ်းကြည့်သူက ကြည့်နေပြီး သားတော်တို့နောက်က လိုက်ပါသွား သူများက လိုက်ပါသွားကြလေသည်။

*

"ဒီစေတီဟာ ဘိက္ခုကုဏာလရဲ့ဓာတ်တော်ကို ဌာပနာပြီး ကိုးကွယ် တည်ထားတဲ့ စေတီဖြစ်တယ်။ ပကတိမျက်လုံးအလှပိုင်ရှင်၊ သို့မဟုတ် တရား မျက်လုံး အလှပိုင်ရှင်ရဲ့ စေတီဖြစ်တဲ့အတွက် ဒီစေတီကို ဖူးမြော်ကန်တော့ရင် မျက်စိအလင်းပြန်ရတယ်လို့ လူတွေ ယုံကြည်ယူဆနေကြတာ သမီး"

ကုဏာလဇာတ်ကြောင်း ပြန်လိုက်ရသဖြင့် အဘိုးအို မောသွား သည်။ မိန်းကလေးကား ကုဏာလဝတ္ထုကြောထဲတွင် နစ်မျောနေသည်။

"သားတော်ကုဏာလ ရဟန်းဖြစ်သွားတာတော့ ဟုတ်ပါပြီ။ ကဥ္စန မာလာကော ဘာဖြစ်သွားသလဲ ဘိုးဘိုး"

"ဩော် . . အေး . . ဘိုးဘိုး မေ့သွားတယ်။ သားတော်ကုဏာလနဲ့ အတူ ကဥ္စနမာလာလဲ ဘိက္ခုနီလုပ်သွားတယ် သမီး။ ကဲ . . နေလဲညိုလောက် ပြီ။ ဘိုးဘိုးတို့လဲ ပြန်ကြစို့"

မြေးအဘိုးသည် စေတီကို တစ်ကြိမ်ဦးချလိုက်ပြန်သည်။ ထို့နောက် တောင်အောက် ပြန်ဆင်းလာကြသည်။ မြေးက ရှေ့မှ အဘိုး၏လက်ကိုဆွဲ လာသည်။ အဘိုးက ကျန်လက်တစ်ဘက်ဖြင့် တောင်ဝှေးတတောက်တောက် ထောက်ပြီး နောက်က လိုက်ပါလာသည်။

http://www.linhtet.com



သာယာသော တောင်ကုန်း။
တောင်ကုန်းပေါ်က စေတီပုထိုး။
တောင်အောက်သို့ တရွေ့ရွေ့ ဆင်းနေသည့်မြေးအဘိုး။

ယင်းရှုခင်းသည် နေရောင်ခြည်အောက်တွင် လှပသော ပန်းချီကား တစ်ချပ် ဖြစ်နေသည်။ ။

*[ ဒိဗျာဝဒါန၊ တာရာနာထ၏ အိန္ဒိယ ဗုဒ္ဓဘာသာသမိုင်း၊ ရှင်ကျန်၏ ခရီးစဉ်မှတ်တမ်းတို့ကို အခြေခံသည်။]*

❑

http://www.linhtet.com

# ညီတော်ချွတ်ခန်း

နောင်တော်အရှင်မင်းကြီး ဗုဒ္ဓတရားဓမ္မကို သက်ဝင်ယုံကြည်လျက် လက်နက်အားကိုး အကြမ်းဖက်မှုမပြုလုပ်တော့ဘဲ နိုင်ငံအဝန်း တရားဓမ္မစည်တော်ကို ရွမ်းသည့်အချိန်မှစ၍ နောက်တော်နှင့်ညီတော်သည် ဝါသနာချင်း ဆက်စပ်မရကြတော့ပေ။ နောင်တော်က လူ့အသက်မျှကိုသာမက တိရစ္ဆာန် အသက်ကိုပင် သတ်ဖြတ်မှုမပြုလုပ်တော့ပေ။ ညီတော်ကမူ မင်းညီမင်းသားတို့၏ ဝါသနာစရိုက်တစ်မျိုးဖြစ်သည့် တောကစားသည့်အလုပ်ကို မစွန့်နိုင်သေးပေ။ နောင်တော်က ဘယ်လိုပင်တားမြစ်တားမြစ် အချိန်ကျက တောကစား မထွက်ရလျှင် စားမဝင်အိပ်မပျော်ပေ။

လူတို့သည် ပျော်စရာကိုရှာမှီးလေ့ရှိကြသည်။ အချို့က ပွဲလမ်းသဘင်၌ အချိန်ဖြုန်းတတ်ကြသည်။ အချို့က အရက်သေစာသောက်စားမူးယစ်ပြီး အပျော်ကြူးကြသည်။ အချို့က မိန်းမလိုက်စားတတ်ကြသည်။ အချို့က အပြစ်မဲ့သည့် သားတိရစ္ဆာန်တို့ကို အပျော်သတ်ဖြတ်ကြသည်။

မိမိစိတ်ဖြေဖျောက်မှုအတွက် သူတစ်ပါးအသက်ကို သတ်ဖြတ်သင့်ပါသလော။

ဤတွင် နောင်တော်နှင့်ညီတော် သဘောကွဲလွဲကြသည်။ နောင် တော်အသောကဘုရင်မင်းတရားကြီးသည် သူ၏သွေးစွန်းနေသော ဓားကို လွှင့်ပစ်လိုက်လေပြီ။ ညီတော် ဝီတာသောကကမူ တရားဓမ္မဘက်သို့ အာရုံ မရောက်သေးပေ။ မင်းပျိုမင်းလွင်ပီပီ ဓားထက်တုန်းပင် ရှိသေးသည်။ နန်းတော်၌ ပျင်းရိငြီးငွေ့လာလျှင် ပါဠလိပုတ်နှင့် အလှမ်းဝေးသည့် တောအုပ်များ

http://www.linhtet.com



အတွင်း နောက်လိုက်နောက်ပါများနှင့်အတူ တောကစားထွက်လေ့ရှိသည်။

ယနေ့လည်း ညီတော်ဝီတာသောကသည် တောကစားထွက်လာလေသည်။ သမင်တစ်ကောင်ကို သဲကြီးမဲကြီး လိုက်ပစ်ယင်းနှင့် တောနက်ရာသို့ရောက်လာသည်။ နောက်လိုက်ဖိုလ်ပါများ နောက်ဘက်တွင် ပြတ်ကျန်ရစ်ခဲ့ကြပြီး သူ့သားကောင်သမင်ကမူ လိုက်ယင်း လိုက်ယင်းနှင့် တောချုံအတွင်း၌ ပျောက်ကွယ်သွားသည်။ သို့သော် အခြားသားကောင်တစ်ကောင်ကို အမှတ်မထင် တွေ့ရသဖြင့် လေးနှင့်ပစ်ခွင်းမည်လုပ်စဉ် ဝီတာသောကသည် လေးညှို့တွင် မြားတန်းလန်းနှင့် အံ့အားသင့်ပြီး ငေးကြည့်နေမိသည်။

ဝီတာသောက သားကောင်ဟု ထင်သောအရာမှာ တကယ်သားကောင်မဟုတ်ဘဲ ဘာဝနာပွားနေသည့် ရသေ့တစ်ပါးဖြစ်နေသည်။ ဝီတာသောကသည် လေးနှင့်မြားကို ပစ်ချလိုက်ပြီး ရသေ့အပါးတိုးသွားသည်။ လူသူမနီး တောကြီးမျက်မည်းထဲ၌ ဤကဲ့သို့ ရသေ့သူတော်စင်များ တစ်ကိုယ်တည်း တရားဘာဝနာပွားများ ကျင့်ကြံနေတတ်ကြသည်မှာ အဆန်းမဟုတ်ပေ။ ညီတော် ဝီတာသောကသည် ရသေ့အပါးရောက်လာသောအခါ လက်အုပ်ချီ လျက်တောင်းပန်လိုက်လေသည်။

"ရှင်ရသေ့ကို ကျွန်ုပ်တောင်းပန်ပါတယ်။ ကျွန်ုပ် အင်မတန်ကြီးမားတဲ့ပြစ်မှုကြီးတစ်ခု ကျူးလွန်မိတော့မလို့ သီသီလေး လိုပါတော့တယ်"

ရှင်ရသေ့က မျက်လွှာချထားသော မျက်လုံးကို မော့ပြီးလျှင် ဝီတာသောကကို ကြည့်လိုက်လေသည်။ သူ၏အကြည့်၌ ခွင့်လွှတ်မှုပေါ်လွင်နေသည်။ ဝီတာသောက ဆက်ပြောသည်။

"အရှင်ရသေ့ ဒီတောထဲမှာသီတင်းသုံးတာ ဘယ်လောက်ကြာပြီလဲ"

"ဆယ့်နှစ်နှစ်ရှိပြီ"

"ဘယ်လို အစာရေစာမျိုးနဲ့ မျှတပြီးနေပါသလဲ"

"သစ်သီးသစ်ဥ သစ်ဖုကိုပဲ စားပြီးနေတယ်"

"ဘယ်လို အဝတ်ကို ဝတ်ရုံနေပါသလဲ"

"သစ်ခေါက်လျှော်တေကို ဝတ်ရုံနေတယ်"

"ဘယ်လို အိပ်ရာနေရာမှာ အိပ်ပါသလဲ"

"မြက်သစ်ရွက်ပေါ်မှာ အိပ်တယ်"

ဝီတာသောကသည် အလွန်တရာ ခြိုးခြံစွာ နေထိုင်ကျင့်သုံးသည့် ရှင်ရသေ့ကို ကြည်ညိုလေးစားသွားသည်။ စိတ်ထဲတွင် မတင်မကျဖြစ်နေသည့်

http://www.linhtet.com



အရာကို ဝီတာသောကသည် မျှသိပ်မထားတတ်ပေ။ ပွင့်ပွင့်လင်းလင်း ဖွင့်ဟတတ်သည်။ ယခုလည်း ရှင်ရသေ့နှင့်ပတ်သက်၍ စိတ်ထဲတွင် တစ်စုံတစ်ရာ မရှင်းမလင်း ဖြစ်ပေါ်လာသည်ကို သူ့ဝါသနာအတိုင်း ဘွင်းဘွင်းပင် ဖွင့်ဟမေးလျှောက်လိုက်လေသည်။

"ရှင်ရသေ့ နေထိုင်ကျင့်သုံးတာမြင်ရသိရတော့ ရှင်ရသေ့ဟာ ကာမဂုဏ် အာရုံခံစားလိုမှု ကင်းငြိမ်းနေပြီလို့ထင်ပါတယ်။ ကျွန်ုပ်ထင်သလို ဟုတ်ပါသလား။ တစ်ခါတစ်ရံ ကာမဂုဏ်အာရုံခံစားလိုတဲ့စိတ်များ ပေါ်ပါသေးသလား"

ရှင်ရသေ့က ညီတော်ဝီတာသောကကို ကြည့်လိုက်ပြန်သည်။ ရှင်ရသေ့၏မျက်လုံး၌ ရိုးသားဖြောင့်မတ်သည့် အသွင်ပေါ်နေသည်။

"ကျုပ်ကို အထင်ကြီးစေလိုတဲ့အတွက် ကျုပ်သင့်ကို မလှည့်စားလိုဘူး။ ကျုပ်မှန်ရာကိုပဲ မကွယ်မထောက် ပြောတတ်တယ်။ ကျုပ်မှန်တာကို ပြောပြတဲ့အတွက် ကျုပ်ကိုဘယ်လိုပဲထင်ထင် ကျုပ်ဂရုမစိုက်ဘူး။ ကျုပ် သင်တို့ကျွေးတဲ့ထမင်းကို စားတာလဲမဟုတ်ဘူး။ သင်တို့ပေးတဲ့ အဝတ်ကို ဝတ်တာလဲ မဟုတ်ဘူး။ ဒါကြောင့် သင်တို့ကို ဂရုစိုက်စရာမလိုဘူး။ သင်တို့ အကြည်ညိုခံဖို့လဲ မလိုဘူး။ ကျုပ် အာသဝေါကုန်ခန်းသူ မဟုတ်သေးဘူး။ ကျုပ်သန္တာန်မှာ အခါခပ်သိမ်း ကိလေသာကင်းနေတာ မဟုတ်ဘူး။ အဲဒီအခါမှာ တရားအာရုံပြုပြီး မကောင်းတဲ့စိတ်ကို မနည်းနှိပ်ကွပ်ပစ်ရတယ်"

ဝီတာသောက နှာခေါင်းရှုံ့လိုက်သည်။ ရှင်ရသေ့ကို အကြည်ညိုတန်သွားသည်။ ရှင်ရသေ့ကို အကျိုးသင့်အကြောင်းသင့်ပြောပြီး နောက်ကြောင်း ပြန်လှည့်လာသည်။ သူ့နောက်လိုက် ဗိုလ်ပါများနှင့် ပေါင်းဆုံသွားသည်။ စိတ်ပြေလက်ပျောက် တောကစားထွက်လာရာတွင် စိတ်အလုပ်တစ်ခုရလာသဖြင့် ဆက်လက်တောမကစားတော့ဘဲ နန်းတော်ပြန်လှည့်လာခဲ့လေသည်။

*

ဘုရင်အသောကသည် ကလိင်္ဂစစ်ပွဲတွင် လူပေါင်းသိန်းနှင့်ချီပြီး သေကြေပျက်စီးသည်ကို တွေ့ရသဖြင့် သတိသံဝေဂရပြီး ဗုဒ္ဓတရားဘက် အာရုံညွတ်လာလေသည်။ ဇမ္ဗူဒိပ်အနှံ့ ဘုရားကျောင်းကန် စေတီပုထိုးများကို တည်

http://www.linhtet.com



ဆောက်သည်။ စစ်စည်ကို အသံမထွက်စေတော့ဘဲ တရားဓမ္မစည်တော်ကို ရွမ်းစေသည်။ ရန်သူကို လက်နက်ဖြင့် အနိုင်မယူတော့ဘဲ မေတ္တာလက်နက်ဖြင့်သာ လွှမ်းမိုးဖို့ကြိုးစားသည်။ ဓမ္မအဆုံးအမများ ရေးထိုးထားသည့် ကျောက်စာတိုင်များကို နိုင်ငံအဝန်းစိုက်ထူစေသည်။ ဘုရင်မင်းတရားကြီးက စပြီး တရားဓမ္မ သက်ဝင်ယုံကြည်မှုရှိလာသောအခါ တစ်နိုင်ငံလုံးလိုလို၌ တရားမိုးရွာသွန်းဖြိုး နေတော့သည်။

ရှင်မောဂ္ဂလိပုတ္တတိဿနှင့် ရှင်ဥပဂုတ္တမထေရ်တို့၏ အဆုံးအမကို ကြားနာပြီး မိမိကိုယ်တိုင်လည်း ဗုဒ္ဓ၏တရားအဆုံးအမကို နှစ်နှစ်ခြိုက်ခြိုက် သက်ဝင်ယုံကြည်လာသည်။ မိမိသားတော်မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာတို့ ဆိုလျှင် ဗုဒ္ဓတရားတော်ကို နာကြားရသဖြင့် အကျွတ်တရားရပြီး လောကီလူ့ဘောင်တွင် မမွေ့လျော်တော့ဘဲ သာသနာ့ဘောင်ဝင်ပြီး ရှင်ရဟန်းပြုဖို့ရန် ပင် ပိုင်းဖြတ်ထားကြပြီ။

သားတော် သမီးတော်များသာမက နန်းတော်တစ်ခုလုံးလိုလိုပင် သံဃာရာမကျောင်းတိုက်၏ အလုပ်အကျွေး တပည့်ဒကာဒကာမများ ဖြစ်နေကြပြီ။ သို့သော် ဘုရင်အသောကအတွက် ရတက်မအေးစရာတစ်ခုကျန်နေသည်။ တစ်ဦးတည်း ငေါင်းစင်းစင်းကျန်နေသည့် ညီတော်ဝီတာသောက အတွက် ဘုရင်မင်းကြီး စိတ်လက်မချမ်းမသာဖြစ်နေသည်။

မင်းကြီးကိုယ်တိုင် ညီတော်ကိုနားချသည်။ သို့သော် ဝီတာသောက သည် တရားဓမ္မဘက် အာရုံရောက်မလာ။ ရဟန်းသံဃာများနှင့် တွေ့ဆုံပေးသည်။ သို့သော်လည်း ဝီတာသောကသည် ခေါင်းမာမြဲမာနေသည်။

တစ်နေ့တွင် ဘုရင်အသောကသည် သူ့ညီတော်ကို တစ်ကြိမ်ထပ်မံပြီးနားချပြန်လေသည်။ "ညီတော်၊ နောင်တော်တို့ ဆွေတော်မျိုးတော်တွေ အားလုံး ဘုရား၊ တရား၊ သံဃာကို ရိုသေကိုင်းရှိုင်းသူများ ဖြစ်ကုန်ကြပြီ။ ဗုဒ္ဓတရားတော်ဟာ သံသရာက လွတ်မြောက်ရာလွတ်မြောက်ကြောင်း တစ်ခုတည်းသော တရားတော်ဖြစ်တယ်။ ညီတော်အနေနဲ့ သတိလက်လွတ် နမော်နမဲ့နေရမယ့် အချိန်မဟုတ်တော့ဘူး။ သံဃာရာမကျောင်းတိုက်သွားပြီး ရဟန်းသံဃာများဟောကြားတဲ့ တရားကိုနာစေချင်တယ်။ နောင်တော်ကို ကြည့်ပါ။ အလျင်က ဘယ်လောက်ရက်စက်ကြမ်းတမ်းတဲ့ စိတ်ဓာတ်ရှိခဲ့သလဲ။ ဗုဒ္ဓတရားတော်ကို နားကြားရပြီးတဲ့နောက်မှာ နောင်တော့်စိတ်ဟာ လုံးလုံးပြောင်းသွားပြီ။ ညီတော် စိတ်ကတော့ အလျင်လိုပဲရှိသေးတယ်။ ခက်ထန်ကြမ်းကြုတ်

http://www.linhtet.com



တုန်းပဲ ရှိသေးတယ်။ တဆိတ်ရှိ ဓားဆွဲချင်တယ်။ ဒေါသမာန်မာနတွေ ညီတော်မှာ အပြည့်ရှိနေတယ်။ တောကစားလဲ မကြာခဏထွက်တယ်။ မိမိစိတ်ဖြေဖျော်မှုရလိုတဲ့ အကြောင်းတစ်ခုတည်းအတွက်နဲ့ အသက်ရှိသတ္တဝါတွေကို မညှဥ်းဆဲမသတ်ဖြတ်ချင်ပါနဲ့ညီတော်။ တောကစားထွက်တာဟာ နောင်တော်တို့နိုင်ငံမှာ အစဉ်အလာက ခေတ်စားလာတဲ့ မင်းညီမင်းသားတွေရဲ့ မလိုလားအပ်တဲ့ စရိုက်တစ်ခုဖြစ်လာခဲ့တယ်။ အဲဒီစရိုက်ကို နောင်တော်တို့ လက်ထက်မှာ ဖျောက်ဖျက်ပစ်ရမယ်။ ကိုယ့်အသားထဲ စူးနဲ့အသာထိုးကြည့်စမ်းပါ။ ဘယ်လောက်ခံစားရသလဲ။ အဲဒီလိုကိုယ်ချင်းစာတတ်ရင် တောလိုက်တဲ့အလုပ်ကိုဘယ်တော့မှ လုပ်တော့မှာ မဟုတ်ဘူး။ နောင်တော် တောင်းပန်ပါရစေ။ ညီတော် ဗုဒ္ဓတရားကိုသက်ဝင်ယုံကြည်ပါ။ ရဟန်းသံဃာများကို ဆည်းကပ်ပါ"

နောင်တော်အရှင်မင်းကြီး ကရားရေလွှတ် တတွတ်တွတ် ပြောပြနေသည်ကို ဝီတာသောကသည် နားစိုက်ထောင်နေသည်။ ထို့နောက် အတန်ကြာစဉ်းစားနေပြီး ပြန်ပြောလိုက်လေသည်။

"နောင်တော်အရှင်မင်းကြီး၊ နောင်တော်တို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ရဟန်းသံဃာများကို ညီတော်အနေနဲ့ မကြည်ညိုနိုင်ဘူး နောင်တော်။ ညီတော် အကျိုးအကြောင်း ရှင်းလင်းပြောပြပါမယ်။ တစ်ခါတုန်းက ညီတော်နေပြည်တော်နဲ့ အတော်လှမ်းတဲ့ တောအုပ်တစ်ခုထဲ တောကစားထွက်သွားတယ်။ တောထဲမှာ ညီတော် ရှင်ရသေ့တစ်ပါးကို တွေ့တယ်။ အဲဒီရှင်ရသေ့ဟာ လူသူမနီး တောထဲမှာချည်းနေတာ ဆယ့်နှစ်နှစ်ရှိပြီ။ စားတော့ သစ်ဥသစ်ဖု၊ အိပ်တော့ မြက်သစ်ရွက်ပေါ်မှာ၊ ဝတ်တော့ သစ်ခေါက်လျှော်တေ။ အဲဒီလို ခြိုးခြံခြိုးခြံကျင့်ပြီး တောထဲမှာ နှစ်ရှည်လများနေပေမယ့် အဲဒီရှင်ရသေ့ဟာ ကာမဂုဏ်အာရုံကို မပယ်သတ်နိုင်ဘူးဆိုတာ ညီတော်သိခဲ့ရတယ်။ နောင်တော်တို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ရဟန်းသံဃာများဟာ မြို့ရွာထဲမှာရှိတဲ့ ကျောင်းတိုက်အရာမ်တွေထဲမှာလဲ နေကြတယ်။ အစားကောင်း အသောက်ကောင်းများကိုလဲ စားသောက်နေကြတယ်။ အဝတ်ကောင်းများကိုလဲ ဝတ်ရုံနေကြတယ်။ အိပ်ရာနေရာ ကောင်းကောင်းနဲ့ အိပ်စက်ကြတယ်။ တောထဲမှာ ခက်ခက်ခဲခဲနေတဲ့ ရှင်ရသေ့တောင် ကိလေသာကို မပယ်သတ်နိုင်သေးရင် နောင်တော် အရှင်မင်းကြီးတို့ရဲ့ ရဟန်းသံဃာတွေ ဘယ်မှာသွားပြီး ကာမဂုဏ်အာရုံနဲ့ကင်းဝေးနိုင်ပါမလဲ။ ဒါကြောင့် ညီတော်တော့ နောင်တော်တို့ ကိုး

ကွယ်နေတဲ့ ရဟန်းသံဃာတွေကို ကြည်ညိုလိုစိတ် ဆည်းကပ်ကိုးကွယ်လို စိတ် မရှိသေးဘူး နောင်တော်"

"ကောင်းပြီ။ ကျွတ်ချိန်မရောက်မချင်း ညီတော်အခုလိုပဲ ဆင်ခြေ ဆက်လက်ပေးနေမှာပဲ။ အရာရာကို အမြင်တစ်ခုတည်းနဲ့မကြည့်ပါနဲ့။ ဘက်စုံ က ကြည့်မှ အမှန်တရားကို မြင်မယ်။ အချိန်တန်တဲ့အခါကျတော့ ညီတော် သဘောပေါက်မလာပဲ မနေပါဘူး"

အသောကမင်းတရားကြီးသည် ဤမျှသာပြောပြီး ညီတော်ဝီတာ သောကကို အခိုက်အတန့်အားဖြင့် လျစ်လျူရှုထားလိုက်လေသည်။

*

အချိန်ကုန်ဆုံး ကျော်လွန်လာခဲ့သည်။ အသောကမင်းကြီးသည် အချိန်ရှိသမျှ ညီတော်ဝီတာသောကအတွက် အကြံထုတ်နေသည်။ နောက်ဆုံး ၌ အကြံတစ်ခုပေါ်လာသည်။ ညီတော်ဝီတာသောကကို ဇါကုတ်ပြီး နတ်ပြည် တင်ရတော့မည်။ တစ်စုံတစ်ခုသော အလုပ်ကိစ္စကို ရိုးရိုးစင်းစင်း ဆောင်ရွက်၍ မဖြစ်လျှင် ပရိယာယ်ကိုသုံးရမည်။ အသောကမင်းကြီးလည်း သူ့ညီတော် ဝီတာသောက တရားဓမ္မဘက် အာရုံပြောင်းလာရေးအတွက် ရိုးသားသော နည်းလမ်းဖြင့် အစွမ်းကုန်ကြိုးစားကြည့်သည်။ သို့သော် ညီတော်သည် ခေါင်း မာမြဲမာနေသည်။ မတတ်သာသည့်အဆုံး၌ ပရိယာယ်သုံးရန် ဆုံးဖြတ်လိုက် ရလေသည်။

တစ်နေ့သောနံနက်ခင်းဖြစ်သည်။ နံနက်ခင်း နေရောင်ခြည်ကြောင့် ပါဋလိပုတ် နန်းတော်ဘုံဗိမာန်၏ စုလစ်မွန်းချွန်တို့တွင် တပ်ထားသည့် ဖန် သားမှန်သားများသည် အရောင်တဖိတ်ဖိတ် တောက်ပနေကြသည်။ မဂဓ စစ်သည် တပ်သားများသည် စစ်မက်အရေး ကင်းဝေးနေသဖြင့် မိမိတို့၏ဓားကို ဓားအိမ်အပြင်ဘက် မထုတ်ကြတော့ပေ။ မှူးမတ်များနှင့်အရာရှိ အရာခံများ သည် ရိုးရိုးဆောင်ရွက်နေကျ တိုင်းရေး ပြည်ရေးမှတစ်ပါး ထူးထူးခြားခြား လုပ်ကိုင်ဆောင်ရွက်စရာ ပြဿနာတစ်စုံတစ်ရာမရှိသဖြင့် လုပ်နေကျအတိုင်း၊ ရိုးရိုးမှန်မှန်ပင် လုပ်ကိုင်ဆောင်ရွက်နေကြသည်။

ပါဋလိပုတ် နန်းတော်သူ နန်းတော်သားများမှာလည်း ပူပင် ကြောင့်ကြစရာ ပြဿနာမရှိသဖြင့် အမှုမဲ့အမှတ်မဲ့ပင် လုပ်စရာကိုင်စရာ ရှိသည်

http://www.linhtet.com



များကို ပုံမှန်အတိုင်း အေးအေးဆေးဆေး လုပ်ကိုင်ဆောင်ရွက်နေကြသည်။ ထိုအတွင်း ပါဋ္ဌလိပုတ်မြို့တော်နှင့်နန်းတော်တစ်ခုလုံး မိုးကြိုးပစ်လိုက်သလို ဖြစ်သွားသည်။ လျှပ်မလက်ဘဲ ပစ်လိုက်သော မိုးကြိုးကား တခြားမဟုတ်၊ ရှောင်တခင် ထွက်ပေါ်လာသည့် အသောကဘုရင်မင်းကြီး၏ အမိန့်တော်ဖြစ်သည်။ အသောကဘုရင်၏အမိန့်တော်သည် မြို့တော်တစ်ခုလုံးနှင့်နန်းတော်တစ်ခုလုံးကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။

"ညီတော်ဝီတာသောကသည် ထီးနန်းကို လုပ်ကြံရန်ကြံရွယ်ကြောင်း သိရှိရသည်။ သို့ဖြစ်၍ ညီတော်ဝီတာသောကအား ကွပ်မျက်သုတ်သင်ပစ်ရန် တစ်ချက်လွှတ် အမိန့်တော် ချမှတ်လိုက်သည်။ ဘုရင်အသောကမင်းတရားကြီး အမိန့်တော်"

ငြိမ်သက်နေသည့် ရေပြင်တွင် ကျောက်တောင်ကြီး ပြိုလဲကျသွားသည်။ ပါဋ္ဌလိပုတ် တစ်မြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ ညီတော်ဝီတာသောကအား သနားကရုဏာ စိတ်ရှိသူများရှိသလို ပြစ်တင်ဝေဖန်သူလည်း မရှားပေ။

"ညီတော်ဝီတာသောကဟာ ဒီလိုအစားထဲက မဟုတ်ပါဘူး။ သူ့နောင်တော် ဘုရင်မင်းကြီးအပေါ် သစ္စာရှိတဲ့ ညီတော်ပါ။ ဘုရင်မင်းကြီး သက်သက် အထင်လွဲတာဖြစ်မယ်။ ဒါမှမဟုတ်ရင်လဲ ညီတော်ဝီတာသောကကို မလိုတဲ့လူက ဘုရင်မင်းကြီးကို ကုန်းချောတာဖြစ်မယ်"

ညီတော်ဝီတာသောကကို လိုလားသူများက ထင်မြင်ချက်ပေးကြသည်။

"ဘုရင်မင်းကြီးဟာ သူ့အပေါ်မှာ ဘယ်လောက်စေတနာထား သလဲ။ ဘုရင်မင်းတရားကြီး မျက်နှာတိမ်းသွားရင် သူပဲထီးနန်းစိုးစံရမှာ။ အာဏာ ဒါလောက်မက်ရသလား။ ခုလဲ သူ့လက် သူ့ခြေပဲ မဟုတ်လား။ ဒါလောက်သစ္စာမဲ့တဲ့ ညီတော်ဟာ သေဒဏ်ပေးခံရတာတောင် နည်းသေးတယ်"

ဝီတာသောကကို မလိုသူများက အပြစ်တင်ကြသည်။

သို့ရာတွင် ထီးရေးနန်းရေးဖြစ်နေသဖြင့် မည်သူမှပါးစပ်ဟဟ မပြောဝံ့ကြ။ ကိုယ့်အချင်းချင်းသာ တီးတိုးပြောနေကြသည်။

ဘုရင်မင်းတရားကြီး ထုတ်ပြန်လိုက်သည့် အမိန့်တော်၏လျှို့ဝှက်ချက်ကို သိသူမှာ အမတ်ကြီးရာဓာဂုတ္တတစ်ဦးတည်းသာလျှင်ရှိသည်။ ဘုရင်

http://www.linhtet.com



မင်းကြီးသည် အမတ်ကြီးနှင့်တိုင်ပင်နီးနှောပြီး ထိုအမိန့်ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။ ထိုအမိန့်တော်ထုတ်ပြန်ရာ၌ ဘုရင်နှင့်အမတ်ကြီးသည် တကျိတ်တည်း တစ်ဥာဏ်တည်းဖြစ်သည်။

ညီတော်ဝီတာသောကကို ဘုရင်မင်းကြီးရှေ့တော်မှောက် ခေါ်လာကြသည်။ အနီရောင်အဝတ် ဝတ်ထားသည့် လက်မရှိ့ပါးကွက် အာဏာသားများကိုလည်း အဆင့်သင့် ဆင့်ခေါ်ထားသည်။ ဝီတာသောက၏မျက်နှာတွင် သွေးမရှိတော့။

"ရက်စက်လှချည်လား နောင်တော်။ ညီတော်ဟာ နောင်တော့် အပေါ်မှာ ဒီလိုစိတ်ထားမျိုး တစ်ခါမှမရှိခဲ့ရိုးအမှန်ပါ။ နောင်တော့်ကို ဘယ်တော့မှ ညီတော် သစ္စာမဖောက်ပါဘူး။ ညီတော့်ကို မမေးမြန်းမစုံစမ်းဘဲ အခုလို မလိုသူတို့ ကုန်းချောတာကို နားယောင်ပြီး တစ်ဘက်သတ်စီရင်ချက် ချမှတ်တာဟာ တရားသလား နောင်တော်"

ညီတော်ဝီတာသောကက ဘယ်လိုပင် ပြန်လည်ချေပဖို့ ကြိုးစားကြိုးစား နောင်တော် အရှင်မင်းကြီးက ညီတော်အား တစ်လုံးတစ်ပါဒမျှ ပြန်လည် လျှောက်တင်ခွင့်မပြုဘဲ ညီတော်ကို ကွပ်မျက်သုတ်သင်ပစ်ရန် ပါးကွက်အာဏာသားများလက် အပ်လိုက်လေသည်။

ဤတွင် အမတ်ကြီး ရာဓာဂုတ္တက ကြားဝင်လျှောက်ထားလိုက်လေသည်။

"ဘုန်းတော်ကြီးလှသော အရှင်မင်းကြီးဘုရား၊ ဝီတာသောကဟာ အရှင်မင်းကြီးရဲ့ညီတော်ဖြစ်ပါတယ်။ တစ်ကြိမ်တစ်ခါ မိုက်မဲသူဖြစ်တဲ့အတွက် ညီတော်အား အသက်ချမ်းသာပေးပါရန် လျှောက်ထားတောင်းပန်ပါတယ်"

"ကောင်းပြီ။ ဝီတာသောကဟာ ကျွန်ုပ်ညီတော်ဖြစ်တယ်။ကျွန်ုပ် လေးစားတဲ့ သင်အမတ်ကြီးကလည်း အနူးအညွတ်တိုးလျှိုး တောင်းပန်နေတယ်။ ဒါကြောင့် ညီတော်ဝီတာသောကကို ခုနစ်ရက် အသက်ချမ်းသာပေးလိုက်မယ်။ ခုနစ်ရက်ဆိုင်းငံ့ပြီး ခုနစ်ရက်လွန်မှ ကွပ်မျက်သုတ်သင်စေ . . ."

ညီတော်ဝီတာသောကအား သူ့စံနန်းဆောင်သို့ ပြန်ခေါ်သွားကြသည်။ ဘုရင်မင်းကြီးနှင့် အမတ်ကြီးတို့၏အမိန့်ဖြင့် ညီတော်၏စံနန်းဆောင်တွင် သာယာနာပျော်ဖွယ် တူရိယာဂီတများကို စီစဉ်ပေးထားသည်။ မြောက်မြားလှစွာသော ခြွေရံသင်းပင်းများကလည်း ညီတော်ဝီတာသောကကို ဘုရင်ဧကရာဇ်တစ်ပါးကဲ့သို့ လက်အုပ်ချီပြီး ဂါရဝပြုကြသည်။ လှပေ့ချောပေ့

http://www.linhtet.com



ဆိုသည့် မောင်းမမိသံများလည်း ညီတော်ဘေးပတ်လည်တွင် ရံနေကြသည်။ သာယာသောတူရိယာဂီတသံများနှင့်အတူ ကချေသည်များကလည်း ညီတော်၏ရှေ့မှောက်တွင် ကကြိုးစုံလင်စွာဖြင့် ကနေကြသည်။

သို့သော် နန်းဆောင်တံခါးဝ၌မူ အဝတ်နီဝတ်ထားသည့် ပါးကွက်အာဏာသားများ ဓားကိုင်စောင့်နေကြသည်။ အချိန်ကုန်မှန်းမသိ တစ်နေ့တာကုန်ဆုံးသွားသည်။ တစ်နေ့ လွန်မြောက်သွားသောအခါ ပါးကွက်အာဏာသားများက ဝီတာသောကအား သတိပေးသည်။

"အရှင့်သား . . . တစ်ရက်ကုန်ဆုံးသွားပါပြီ။ လူ့ပြည်မှာ အရှင့်သား ခြောက်ရက်သာ နေရပါတော့မယ်"

ဒုတိယနေ့တွင်လည်း ယင်းသို့ပင် သတိပေးသည်။ ကျန်ရက်များတွင်လည်း ဝီတာသောကသည် အဝတ်နီဝတ်ထားသည့် အမင်္ဂလာပါးကွက်အာဏာသားတို့၏ သတိပေးစကားကို ကြားရသည်။ ရက်သတ္တပတ်စေ့သွားပြီ။ ထိုနေ့ကား ညီတော်ဝီတာသောကကို ကွပ်မျက်သုတ်သင်မည့် နေ့ဖြစ်သည်။ ဝီတာသောကအား မသုတ်သင် မကွပ်မျက်မီ ဘုရင့်ရှေ့တော်မှောက် ခေါ်ဆောင်လာကြသည်။ ဘုရင်မင်းကြီးသည် ညီတော်ဝီတာသောကအား တစ်ချက် လှမ်းကြည့်လိုက်သည်။ ညီတော် ဝီတာသောကသည် ရက်သတ္တတစ်ပတ်အတွင်း သိသိသာသာကြီး ချုံးကျသွားလေသည်။

"ညီတော်၊ သေဒဏ်ခုနစ်ရက် ဆိုင်းငံ့ထားတဲ့ အတောအတွင်း ညီတော့် အဆောင်တော်မှာ တူရိယာဂီတတွေ မပြတ်တီးမှုတ်သီဆိုနေကြတယ်။ ကချေသည်တွေကလဲ ကကြိုးမျိုးစုံ ကပြနေကြတယ်။ မောင်းမမိသံများကလဲ ညီတော်ဘေးမှာ ရံပြီး တယုတယနဲ့ပြုစုနေကြတယ်။ မင်းပရိသတ်များစွာကလဲ ဘုရင်တစ်ပါးလို ညီတော်အပါးမှာ ခစားနေ ကြတယ်။ အဲဒီကာမဂုဏ်အာရုံတွေကို ညီတော်ခံစားနိုင်ရဲ့လား။ နောင်တော့်ကို ပြောပြစမ်းပါ"

ဘုရင်အသောက ထူးထူးခြားခြားမေးသည့်အတွက် ဝီတာသောကသည် သူကြုံတွေ့ခံစားရသည်ကို ရိုးရိုးသားသားပင် ပြန်လည်ဖြေကြားသည်။

"ညီတော်ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ အာရုံတွေကို ညီတော်တစ်ခုမှ သတိမပြုမိပါဘူး။ တူရိယာဂီတတွေ ဘယ်လောက် သာယာနာပျော်ဖွယ် တီးမှုတ်သီဆိုနေနေ ညီတော်ဘာသံကိုမှ မကြားရဘူး။ ကချေသည်တွေ ဘယ်လောက် ကကြိုးစုံအောင် ကပြကပြ ညီတော် ဘာကိုမှမမြင်ရဘူး။ ဘယ်လောက် ချောပေ့ လှပေ့ဆိုတဲ့ မောင်းမမိသံ အခြွေအရံတွေ ညီတော့်ဘေးမှာ

http://www.linhtet.com



ရုံနေပေမယ့် ညီတော် ဘယ်အလှကိုမှ ကြည့်မမြင်ရဘူး။ ဘယ်လောက် အရသာရှိတဲ့ အစာအာဟာရဖြစ်ဖြစ်၊ ဘယ်လောက်တောက်ပြောင် လှပတဲ့ အဆင်တန်ဆာဖြစ်ဖြစ်၊ ဘယ်လောက်မွှေးကြိုင်တဲ့ ရနံ့ဖြစ်ဖြစ်၊ ညီတော် ဘာကိုမှ အာရုံခံစားလို့မရဘူး။ ညီတော့်မျက်စိထဲမှာ တရစ်ဝဲဝဲဖြစ်နေတာက ညီတော့် အဆောင်ဝမှာ ရပ်စောင့်နေကြတဲ့ ပါးကွက်အာဏာသားများသာ ဖြစ်ကြတယ်။ ညီတော့်ကုပ်ပေါ်မှာ နောင်တော် အရှင်းမင်းကြီး ချမှတ်ထားတဲ့ သေဒဏ်အမိန့်ကြီး ဝဲနေသရွေ့ ညီတော်ဘယ်အာရုံကိုမှ ခံစားလို့မရပါဘူး နောင်တော်။ ဘယ်ရူပါရုံကိုမှ ညီတော်ကြည့်မမြင်ဘူး။ ညီတော့်မျက်စိဟာ အကန်းပကတိ ဖြစ်နေတယ်။ ဘယ်သဒ္ဒါရုံကိုမှ ညီတော် မကြားဘူး။ ညီတော့်နားဟာ အပင်း ဖြစ်နေတယ်။ ဘယ်ဖောဋ္ဌဗ္ဗာရုံကိုမှ ညီတော်တွေ့ထိခံစားလို့မရဘူး။ ညီတော့် ကိုယ်ခန္ဓာတစ်ခုလုံး ထုံထိုင်းနေတယ်"

အသောကမင်းကြီး ကျေနပ်အားရသွားသည်။ သူပစ်လွှတ်လိုက် သည့်မြားချက် ထိမှန်သွားပြီ။

"နောင်တော်ပြောပြမယ် ညီတော်။ သေသေချာချာနားထောင်။ ဘဝ တစ်ဘဝကို နိဂုံးချုပ်စေမယ့် သေခြင်းကိုကြောက်ရွံ့ထိတ်လန့်တဲ့အတွက် ညီတော်ဟာ ဘုရင့်စည်းစိမ်ချမ်းသာကို ခံစား စံစားလို့မရလောက်အောင် တုန်လှုပ်ချောက်ချားနေတယ်။ ညီတော်ထိတ်လန့် ကြောက်ရွံ့နေတာက တစ်ဘဝ တစ်သံသရာရဲ့ မရဏဘေးမျှသာရှိသေးတယ်။ ရဟန်းသံဃာများကတော့ သံသရာ အဆက်ဆက် ဘဝအဆက်ဆက်မှာကြုံတွေ့ရမယ့် မရဏဘေးကို ကြိုတွေးပြီး ထိတ်လန့်ကြောက်ရွံ့နေကြသူများ ဖြစ်ကြတယ်။ ညီတော်တောင် တစ်ဘဝ တစ်သံသရာရဲ့ မရဏဘေးတွေးပြီး ကာမဂုဏ်အာရုံကို မခံစားမစံစားနိုင်ဖြစ်နေ တဲ့နောက် ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်ရဲ့ မရဏဘေးကို မျှော်တွေးကြောက်ရွံ့နေကြတဲ့ ရဟန်းသံဃာများဟာ သူတို့ဝန်းကျင်မှာ အခြေအနေ အရရှိနေတဲ့ အာရုံတွေကို ဘယ်မှာခံစားမှုရှိနိုင်ပါမလဲ ညီတော်။ သစ်ဥသစ်ဖု စား၊ သစ်ခေါက်ဝတ်၊ မြက်သစ်ရွက်ပေါ်မှာ အိပ်တဲ့လူသူမနီး တောကြီးမျက် မည်းထဲက ရှင်ရသေ့တောင် ကာမရာဂစိတ် ပေါ်ပေါက်လာသေးတယ်ဆိုရင် အစားကောင်းစား၊ အဝတ်ကောင်းဝတ်ပြီး နေရာအိပ်ရာကောင်းမှာ အိပ်လေ့ရှိတဲ့ ရဟန်းသံဃာတွေဆိုရင် ကိလေသာစိတ်၊ ရာဂစိတ်ပေါ်မလာဘဲ ဘယ်နည်းနဲ့မှ မနေဘူးလို့ တစ်ခါက ညီတော်ပြောဖူးတယ်။ အဲဒါညီတော် အမှားကြီး မှားတယ်။ အခုညီတော်ကိုယ်တိုင် သဘောပေါက်ပြီ မဟုတ်လား၊ ဘဝ

http://www.linhtet.com



အဆက်ဆက်က မရဏဘေးကို မျှော်တွေးကြောက်ရွံ့နေတဲ့ ရဟန်းတော် အရှင်မြတ်များဟာ မိမိတို့ပတ်ဝန်းကျင်မှာ ရှိနေတဲ့ ကာမဂုဏ်အာရုံတွေကို ဘယ်တော့မှ ခံစားစံစားလိုစိတ် မရှိဘူးမှတ်ပါ ညီတော်"

"ညီတော်သဘောပေါက်ပါပြီ နောင်တော်အရှင်မင်းကြီး"

"နောင်တော် ညီတော်ကိုသေဒဏ်အမိန့်ပေးတာဟာ တမင်တကာ ဉာဏ်ဆင်ရတာပါ။ ညီတော်ဟာ နောင်တော်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာ နောင်တော်စိတ်ချယုံကြည်တယ်။ ညီတော်ကို တရားဓမ္မဘက်စိတ်ပြောင်းလာအောင် အထူးအားဖြင့် ဘုရားတရားသံဃာကို ယုံကြည်ကိုးကွယ်မှုရှိလာအောင် မတတ်သာတဲ့အဆုံး အခုလိုပရိယာယ်သုံးလိုက်ရခြင်းဖြစ်တယ်။ ရိုးဖြောင့်တဲ့နည်းလမ်းနဲ့မဟုတ်ဘဲ အခုလိုပရိယာယ်နဲ့ ညီတော်ကိုကျွတ်အောင် ချွတ်လိုက်ရတဲ့အတွက် နောင်တော့်ကို ခွင့်လွှတ်စေချင်တယ် ညီတော်"

"ညီတော်အမြင်မှန်ရပါပြီ နောင်တော်၊ နောင်တော် အရှင်မင်းကြီးကို ကျေးဇူးဥပကာရတင်လို့ မဆုံးတော့ပါ"

ဘုရင်မင်းကြီး၏ 'ဆင်လုံးထွင်လုံး' သည် နန်းတော်တစ်ခုလုံးနှင့် ပါဠလိပုတ်နေပြည်တော်လုံးတွင် တမုဟုတ်ချင်း ပျံ့နှံ့ကျော်ကြားသွားလေ သည်။ ညီတော်ဝီတာသောက ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်သွားပြီဟူသည့် သတင်းကိုကြားရသဖြင့် အားလုံးလိုလို ဝမ်းသာမဆုံး ဖြစ်နေကြလေသည်။

ညီတော်ဝီတာသောကသည် လုံးဝပြောင်းလဲသွားပြီ။ နန်းတော်တွင်း၌ မင်းစည်းစိမ်ရိပ်ငြိမ်အတွင်း နေထိုင်ရသည်မှာ ငြီးငွေ့လာသည်။ နောက်ဆုံး၌ နောင်တော် အသောကဘုရင်မင်းကြီးထံ ခွင့်ပန်လျက် ရဟန်းပြုလိုက်လေသည်။

[ *သမန္တပါသာဒိကာ အဋ္ဌကထာနှင့် မဟာဝံသတို့ကို အခြေခံသည်။*]

❑

http://www.linhtet.com

## တတိယသင်္ဂါယနာ၏ အသီးအပွင့်

ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်လအကြာတွင် ရာဇဂြိုဟ်၌ ရှင်မဟာကဿပအမှူးရှိသော သံဃာတော်ငါးရာတို့သည် အဇာတသတ်ဘုရင်၏ အကူအညီအထောက်အပံ့ဖြင့် ခုနစ်လကြာမျှ ပထမသင်္ဂါယနာ တင်ခဲ့ကြသည်။ ထို့နောက် နှစ်တစ်ရာအကြာတွင် ဝေသာလီ၌ ရှင်မဟာယသအမှူးရှိသော သံဃာတော်ခုနစ်ရာတို့သည် ကာလာသောကမင်း၏ အကူအညီအထောက်အပံ့ဖြင့် ရှစ်လကြာမျှ ဒုတိယသင်္ဂါယနာ တင်ခဲ့ကြသည်။ ထို့နောက် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးရှိသော သံဃာတော်တစ်ထောင်တို့သည် ရှင်တော်မြတ်ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ရာသုံးဆယ့်ငါးနှစ်မြောက်၌ ပါဋလိပုတ်တွင် သီရိဓမ္မာသောကမင်းကြီး၏ အကူအညီအထောက်အပံ့ဖြင့် ကိုးလကြာမျှ တတိယသင်္ဂါယနာ တင်တော်မူကြသည်။

အသောကမင်းကြီးသည် ကလိင်္ဂစစ်ပွဲ၌ အောင်ပန်းကိုမူဆွတ်ခူးရရှိခဲ့သည်။ သို့ရာတွင် တန်းဖိုးအများကြီးပေးလိုက်ရသည်။ စစ်ပွဲ၌သိန်းချီ၍ လူသားများ သွေးမြေကျခဲ့ကြရသည်။ ထိုစစ်ပွဲက အသောကမင်းကြီး၏ဘဝကို ပြောင်းလဲပစ်လိုက်သည်။ စဏ္ဍာသောကမှ ဓမ္မာသောကဖြစ်လာသော အသောကမင်းကြီးသည် တိုင်းပြည်အတွင်း ထင်ရှားရှိနေသည့် ဘာသာအယူဝါဒအားလုံးအပေါ် စိတ်ကောင်းစေတနာကောင်း ထားသည်မှန်သော်လည်း ဗုဒ္ဓတရားကိုမူ ပို၍လေးစားမြတ်နိုးမှု ရှိလာလေသည်။ မိမိပိုင်နက်အတွင်းရှိ မြို့ကြီးပြကြီးများ၌လည်းကောင်း၊ ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့်ပတ်သက်ဆက်

http://www.linhtet.com



နွယ်သည့် အချက်အချာဌာနများ၌လည်းကောင်း စေတီပုထိုးများကို ကိုးကွယ်တည်ထားသည်။ ကျောက်စာတိုင်များကို စိုက်ထူသည်။ ထိုစေတီပုထိုးများအနက် အချို့မှာ နောင်သောအခါ၌ အသောကဘုရင်မင်းကြီး၏ ဘွဲ့နာမံအတိုင်း 'ဓမ္မရာဇိက' မည်သော ဘွဲ့နာမံတော်ဖြင့် ထင်ပေါ်ကျော်ကြားနေကြသည်။ အသောကမင်းကြီးသည် ရဟန်းသံဃာများ သီတင်းသုံးနေထိုင်ရန် ကျောင်းအရာမ်များကိုလည်း တိုင်းပြည်အနှံ့ ဆောက်လုပ်လှူဒါန်းသည်။ ယင်းကျောင်းအရာမ်များအနက် နေပြည်တော်ပါဋလိပုတ်ရှိ အသောကာရုံ ကျောင်းတိုက်သည် အကြီးမားဆုံး အထင်ရှားဆုံးဖြစ်သည်။

ထိုအချိန်က သာသနာတော်တွင်း၌ ဂိုဏ်းဂဏများ အယူအဆများ ညှိ၍မရလောက်အောင်ပင် ကွဲနေပြီ။ ဂိုဏ်းများအယူအဆများ ရှုပ်ထွေးများပြားသောအခါ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူရင်းဖြစ်သည့် ဒေသနာတော်၏သန့်ရှင်းစင်ကြယ်မှုလည်း ထိခိုက်လာလေသည်။ သို့ဖြစ်၍ အသောကမင်းတရား၏ ရာဇဂုရု ဖြစ်တော်မူသော သံဃနာယက မောဂ္ဂလိပုတ္တတိဿမထေရ် သည် ဗုဒ္ဓတရားဒေသနာတော်၏ သန့်ရှင်းစင်ကြယ်မှု မှန်ကန်မှုကို အာရုံပြုလျက် ဘုရင်အသောကနှင့် တိုင်ပင်နှီးနှောပြီးလျှင် တတိယသင်္ဂါယနာတင်တော်မူလေသည်။ တတိယသင်္ဂါယနာတင်ပွဲ၌ ရဟန်းသံဃာတော်ပေါင်း တစ်ထောင်သည် ဗုဒ္ဓဟောကြားတော်မူခဲ့သည့် သုတ္တ (အဆုံးအမ ဒေသနာ) များနှင့် ဝိနယ (ရဟန်းကျင့်ဝတ်များ)ကို စုပေါင်းရွတ်ဖတ်သရဇ္ဈာယ် ကြသည်။ ထိုအချိန်၌ ဗုဒ္ဓတရားဒေသနာတော်သည် အက္ခရာရေးတင်ထားခြင်း မရှိသေးပေ။ အက္ခရာ ရေးတင်နိုင်သည့်ခတ်သို့ရောက်ရန် နှစ်တစ်ရာ့ငါးဆယ်လောက်လိုသေးသည်။

တတိယသင်္ဂါယနာတင်ပွဲမှ အသီးအပွင့်ကြီးနှစ်ခု ပေါ်ထွက်လာသည်။ တစ်ခုမှာ သင်္ဂါယနာတင်ပွဲ၏ သဘာပတိ မောဂ္ဂလိပုတ္တတိဿမထေရ် ဟောကြားသည့် 'ကထာဝတ္ထု' ကျမ်းဖြစ်သည်။ ကထာဝတ္ထုကျမ်းသည် အချိန်ကိုက်အခါသင့် ပေါ်ထွက်လာသည့် ကျမ်းဖြစ်သည်။ တတိယသင်္ဂါယနာတင်ပွဲမှာ ထေရဝါဒကို ဆန်ခါတင် သဲ့ယူသည့်ပွဲဖြစ်သည်။ ကထာဝတ္ထုကျမ်းကလည်း ထေရဝါဒဘက်မှ ကျန်ဂိုဏ်းဂဏဝါဒများကို ချေဖျက်ထားသည့် ကျမ်းစာဖြစ်သည်။ ထို့ကြောင့် ကထာဝတ္ထုသည် ထေရဝါဒအဘိဓမ္မာ ကျမ်းစာရင်းဝင် ဖြစ်နေခြင်းဖြစ်သည်။ ဒုတိယအသီးအပွင့်ကြီးကား ထိုအချိန်ကာလအထိ ပေါ်ပေါက်ခဲ့ခြင်း မရှိသေးသော၊ နောင်တွင်လည်း ပေါ်ပေါက်မလာတော့သော၊

http://www.linhtet.com



အလွန်တရာ စနစ်ကျသော၊ အလွန်တရာ ကျယ်ပြန့်သော၊ အလွန်တရာ စိတ်ဓာတ်ကြံ့ခိုင်ပြီး ကိုယ်နှင့်အသက်ကို လုံးလုံးစွန့်လွှတ်ထားသည့် ရဟန်းသံဃာတော်များ၏ စုပေါင်းသာသနာပြုလုပ်ငန်းကြီးပင်ဖြစ်လေသည်။ ယနေ့ ကမ္ဘာ၌ ဗုဒ္ဓသာသနာရောင်ဝါ ပျံ့နှံ့နေခြင်းမှာ ယင်းသာသနာပြုလုပ်ငန်းကြီး၏ အကျိုးဆက်ပင် ဖြစ်လေသည်။

*

အချိန်ကား သရဒဥတု ရတု အခါသမယ တန်ဆောင်မုန်းလပြည့်ဖြစ်သည်။ ပတ်ဝန်းကျင်မှာ သာယာလန်းဆန်းနေသည်။ မိုးသားတိမ်လိပ်တိမ်ထုများပိနေသဖြင့် လေးလံနေသည့် ကောင်းကင်ပြင်သည် မိုးသားတိမ်လိပ်များ လွင့်စင်ပျောက်ကွယ်သွားသဖြင့် ပေါ့ပါးသွားလေသည်။ ကြည်လင်သန့်ရှင်းနေသည့် အပြာရောင်ကောင်းကင်ပြင်သည် ကြည့်ရသည်မှာ စိတ်လွတ်ကိုယ်လွတ် ဖြစ်နေပုံရသည်။ ပါဋလိပုတ်နေပြည်တော်ရှိ သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများသည်လည်း တာဝန်ကြီးတစ်ခု ပေါ့သွားပြီဖြစ်၍ ရွှင်လန်းအားရ နေကြသည်။ ကိုးလတိတိ ဆင်နွှဲလာခဲ့သည့် သင်္ဂါယနာတင်ပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်၍ စိတ်လွတ်ကိုယ်လွတ် ဖြစ်နေကြသည်။

သို့ရာတွင် သင်္ဂါယနာတင်ပွဲကြီး၏ သဘာပတိ ရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်နှင့် သာသနာ့ဒါယကာ အသောကမင်းတရားကြီးတို့ကား စိတ်လွတ်ကိုယ်လွတ် မနေနိုင်ကြသေးပေ။ သူတို့တွင် ကြီးမားသော လုပ်ငန်းတာဝန်တစ်ခုလုပ်ရန်ကျန်သေးသည်။ တတိယသင်္ဂါယနာတင်ပွဲတွင် ချမှတ်သော လုပ်ငန်းကြီးတစ်ခုဖြစ်သည့် သာသနာပြုလုပ်ငန်းကြီးကို သူတို့အကောင်အထည်ဖော်ရဦးမည်။

*

"ရဟန်းတို့၊ လူများစွာတို့၏အကျိုးအတွက်၊ လူများစွာတို့၏ချမ်းသာမှုအတွက်၊ ကမ္ဘာလောကကို ကြင်နာထောက်ထားရန်အတွက်၊ နတ်လူတို့၏ အကျိုးစီးပွားနှင့်ချမ်းသာမှုအတွက် လှည့်လည်သွားလာကြလော့။ ရဟန်းတို့၊ အစ၏ကောင်းခြင်းရှိသော၊ အလယ်၏ကောင်းခြင်းရှိသော၊ အဆုံး၏

http://www.linhtet.com



ကောင်းခြင်းရှိသော၊ အနက်အဓိပ္ပာယ်နှင့်ပြည့်စုံသော၊ ပြီးပြည့်စုံသော တရားဓမ္မကို ဖြန့်ဖြူးဟောကြားလော့ . . .”

ရှင်တော်မြတ်ဘုရားသည် မိဂဒါဝုန်၌ ဘုရားဖြစ်ပြီးစ ပထမဝါကပ်တော်မူပြီး သီတင်းဝါလကျွတ်သောအခါ တပည့်ရဟန်းသံဃာ ခြောက်ကျိပ်ကို ယင်းသို့ ညွှန်ကြားဆုံးမလျက် ပြည်သူအတွင်းသို့ စေလွှတ်လိုက်လေသည်။ ယင်းအဆုံးအမသည် ရဟန်းသံဃာများ၏ မဟာတာဝန်ကို ဖော်ပြနေပေ သည်။ ယင်းညွှန်ကြားဆုံးမချက်အရ ရဟန်းသံဃာတို့သည် မိမိ၏အကျိုး၊ မိမိ၏ချမ်းသာမှုကိုသာငဲ့ပြီး တစ်နေရာတည်းတွင် ကျောက်ချမနေသင့်ပေ။ ကိုယ်ကျိုးမဖက် အများအကျိုးအတွက် တရားဓမ္မကိုလှည့်လည် ဟောကြား ဖြန့်ဖြူးနေရမည်။

*

တတိယသင်္ဂါယနာတင်ပွဲ၌ ပါဝင်ကြသည့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမှစ၍ ရဟန်းသံဃာတော်အားလုံးမှာ ရှင်တော်မြတ်ဘုရား ညွှန်ကြားဆုံးမ ထားသည့် ရဟန်းသံဃာတော်များ၏ မဟာတာဝန်ဝတ္တရားကို ကောင်းစွာ သဘောပေါက်ထားသည့်အတိုင်း ထိုမဟာတာဝန်ဝတ္တရားကို လိုက်နာဆောင် ရွက်လိုသူများဖြစ်ကြသည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မှာမူ အသက် အရွယ်ဇရာပိုင်း ရောက်ရှိနေပြီဖြစ်၍ မိမိကိုယ်တိုင် ရပ်ဝေးသို့ သာသနာပြုကြွရန် မဖြစ်နိုင်တော့။ သူ့အနေဖြင့် ကြွစရာလည်းမလိုပေ။ သူ့တပည့် ရဟန်းသံဃာ များထဲက သာသနာပြုကြွရန် ဆန္ဒပြုကြသည့်ရဟန်းသံဃာတော်များမှာ သူလိုသည့်ဦးရေထက်ပင် ပိုနေသေးသည်။

သာသနာပြုကိစ္စမှာ ရဟန်းသံဃာဘက်ကချည်း စိတ်အားထက်သန်နေ၍ မပြီးသေးပေ။ အစစအရာရာတာဝန်ယူမည့် လူဒါယကာဘက်က လည်း လိုသေးသည်။ ယင်းလိုအပ်ချက်အတွက် အသောကမင်းတရားကြီး ထီးထီးမားမားရှိနေသည်။ မင်းတရားကြီးသည် ကလိင်္ဂစစ်ပွဲတွင် သွေးရဲရဲ သံရဲရဲ စစ်အနိဋ္ဌာရုံများကို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အချိန်မှစ၍ စစ်ကို မုန်းတီးရွံရှာသွားသည်။ လက်နက်အားကိုးဖြင့် နိုင်ငံချဲ့ထွင်လိုသည့်စိတ် ကုန် ခန်းသွားသည်။ မင်းတရားကြီး၏လက်ထဲ အဖျက်လက်နက်အစား မေတ္တာ လက်နက်၊ ဓမ္မလက်နက်ရောက်လာသည်။ မင်းတရားကြီးသည် အဖျက်လက်

http://www.linhtet.com



နက်ကိုလွင့်ပစ်လိုက်ပြီး အပြုလက်နက်ကိုသာ စွဲကိုင်လေတော့သည်။ စစ်စည် အစား တရားစည်ကိုသာ ဆော်ရွမ်းလေသည်။ လက်နက်အသုံးပြုပြီး နိုင်ငံမချဲ့ ထွင်တော့ဘဲ မေတ္တာလက်နက်ဖြင့်သာလျှင် ဓမ္မနယ်ပယ်ကို ချဲ့ထွင်လေတော့ သည်။ သို့ဖြစ်၍ တတိယသင်္ဂါယနာတင်ပွဲမှ ချမှတ်လိုက်သည့် သာသနာပြု လုပ်ငန်းကြီးကို မင်းတရားကြီးသည် စိတ်ရောကိုယ်ပါ ထောက်ပံ့အားပေးတော့ သည်။

*

ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် သာသနာ့ ဒါယကာ အသောကမင်းတရားကြီးနှင့် တိုင်ပင်ဆွေးနွေးပြီး သာသနာပြုစေလွှတ်မည့် ပြည်တွင်းပြည်ပ အရပ်ဒေသတို့ကို လျာထားသတ်မှတ်လေသည်။ ယင်းအရပ် ဒေသများကား –

၁။ ကသ္မီရနှင့် ဂန္ဓာရ
၂။ မဟိံသက မဏ္ဍလ
၃။ ဝနဝါသီ
၄။ အပရန္တ
၅။ မဟာရဋ္ဌ
၆။ ယောနက
၇။ ဟိမဝန္တာ
၈။ သုဝဏ္ဏဘုမ္မိ
၉။ လင်္ကာဒီပ . . . တို့ဖြစ်ကြသည်။

သာသနာ ပြုသွားလိုသည့် ရဟန်းတော်များဦးရေသည် လိုသည် ထက်ပိုနေသော်လည်း အရပ်ဒေသတစ်ခုသို့ စုစုပေါင်းငါးပါးမျှသာ စေလွှတ် လေသည်။ မဇ္ဈန္တိကမထေရ်အမှူး ရှိသည့်မထေရ်ငါးပါးကို ကသ္မီရနှင့် ဂန္ဓာရသို့ စေလွှတ်သည်။ ကသ္မီရမှာ ယခုလည်း ကသ္မီရဖြစ်၍ ဂန္ဓာရမှာ ပေရှဝါအနီး အနားတစ်ဝိုက်က နယ်ပယ်ဒေသဖြစ်သည်။ ယခု ပါကစ္စတန်ဖြစ်သည်။ မဟာ ဒေဝမထေရ် အမှူးရှိသည့် မထေရ်ငါးပါးကို မဟိံသကမဏ္ဍလသို့ စေလွှတ်လိုက် လေသည်။ မဟိံသကမဏ္ဍလဟူသည်မှာ ဝိန္ဓယာစလတောင်နှင့် သတပုရာ တောင်ကြားရှိ မဟေဿ (အိန္ဒိယပြည်နယ်) အထက်ပိုင်းဖြစ်သည်။ ရက္ခိတမထေရ်

http://www.linhtet.com



အမှူးရှိသော မထေရ်ငါးပါးကို ဝနဝါသီသို့ စေလွှတ်လိုက်လေသည်။ ဝနဝါသီဒေသကား ဘုံဘေပြည်နယ် ကနာရမြောက်ပိုင်းဖြစ်သည်။ ယောနကဓမ္မရက္ခိတမထေရ်အမှူးရှိသည့် မထေရ်ငါးပါးကို အပရန္တသို့ စေလွှတ်လိုက်လေသည်။ အပရန္တဟူသည်မှာ နရဗဒါမြစ်ဝမှ ဘုံဘေအထိပြန့်၍နေသော အနောက်ဘက်မြစ်ဝှမ်းရှိ တောင်တန်းများ၏အနောက်ဘက် နယ်မြေဒေသဖြစ်သည်။

ထူးခြားသည်မှာ ယောနကဓမ္မရက္ခိတမထေရ်သည် ဇမ္ဗူဒိပ်သားမဟုတ်ပေ။ တတိယသင်္ဂါယနာတင်ပွဲတွင် ပါဝင်ကြသည့် ရဟန်းသံဃာများသည် ဇမ္ဗူဒိပ်သားချည်း ဟုတ်ဟန်မတူပေ။ တစ်ပြည်သား ရဟန်းသံဃာများလည်း ပါပုံရသည်။ ယောနကဓမ္မရက္ခိတသည် ဂရိဟူ၍ ယခုခေတ်ခေါ်သည့် ယောနကတိုင်းမှဖြစ်သည်။ အသောကလက်ထက်မတိုင်မီကပင် ဂရိနှင့်အိန္ဒိယသည် နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း၊ ဆက်သွယ်မှုရှိနေပြီ။ အသောကမင်းတရား၏ ဘိုးတော်စန္ဒဂုတ်ဘုရင်လက်ထက်က ဂရိဘုရင် အလက်ဇန္ဒားသည် နိုင်ငံချဲ့ထွင်လာခဲ့ရာ ပန်ဂျပ်ပြည်နယ်အထိ ရောက်လာသည်။ ဘုရင်အသောက လက်ထက်ရောက်သောအခါ၌ကား အိန္ဒိယနိုင်ငံသည် ဂရိနိုင်ငံနှင့်လည်းကောင်း၊ ဂရိဘုရင်တို့၏နိုင်ငံများနှင့်လည်းကောင်း၊ အဆက်အသွယ် များလာလေသည်။ ယင်းဆက်သွယ်မှု၌ နိုင်ငံရေးနှင့် ကူးသန်းရောင်းဝယ်ရေး မျှသာမကဘဲ ဘာသာရေးနှင့်ယဉ်ကျေးမှုဖလှယ်ရေးလည်း ကျယ်ကျယ်ပြန့်ပြန့် ပါလာသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသည် ဂရိနိုင်ငံတို့တွင် သြဇာလွှမ်းမိုးမှုစနေပြီ။ ဂရိလူမျိုးများထဲက ဗုဒ္ဓဘာသာ ရဟန်းဖြစ်လာကြသူများလည်း ရှိနေပြီ။ အပရန္တသို့ကြွသော ဓမ္မရက္ခိတမထေရ်သည် ယင်းသို့ ဂရိလူမျိုးထဲက ရဟန်းဖြစ်လာသည့် ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်လေသည်။

သာသနာပြုရဟန်းများထဲတွင် ဂရိနိုင်ငံသား ဓမ္မရက္ခိတနှင့်ဘွဲ့တူအခြားတစ်ပါးလည်းပါရှိသည်။ ထိုရဟန်း၏ဘွဲ့အမည်မှာ မဟာဓမ္မရက္ခိတဖြစ်သည်။ မဟာဓမ္မရက္ခိတ အမှူးပြုသော မထေရ်ငါးပါးကိုမူ မဟာရဋ္ဌသို့စေလွှတ်လိုက်လေသည်။ မဟာရဋ္ဌကား ဝိန္ဓယာတောင်အနီးရှိ အန္ဓရ၊ ပုလိန္ဒနှင့် တခြားနယ်ပယ်ဒေသများဖြစ်သည်။

ရှင်မဟာ မောဂ္ဂလိပုတ္တတိဿနှင့် အသောကမင်းတရားကြီးတို့သတ်မှတ်လျာထားသည့် သာသနာပြုကိုးတိုင်း ကိုးဌာနတို့အနက် ရေမြေခြားနေသည့် တိုင်းတစ်ပါးများလည်းပါသည်။ ယင်းရေခြား မြေခြားနိုင်ငံခြား

http://www.linhtet.com



တိုင်းပြည်ထဲက တစ်ပြည်ဖြစ်သော ယောနကသို့ မဟာရက္ခိတမထေရ် အမှူးရှိသော မထေရ်ငါးပါးကို စေလွှတ်လိုက်လေသည်။ ယောနကဟူသည် ဂရိဘုရင်များ စိုးမိုးအုပ်ချုပ်နေသည့် ဝါဟလိက (ဗာခတရိယား)၊ ဆီရီယား၊ အီဂျစ်၊ ဂရိစသော နိုင်ငံများဖြစ်သည်။ မဇ္ဈိမ မထေရ်အမှူးရှိသော မထေရ်ငါးပါးကိုမူ ဟိမဝန္တာနယ်မြေဒေသသို့ စေလွှတ်လိုက်လေသည်။ သုဝဏ္ဏဘုမ္မိသို့ ကြွရန် တာဝန်ကျသည့် ရဟန်းများကား သောဏနှင့်ဥတ္တရမထေရ်တို့ ခေါင်းဆောင်သည့် မထေရ်ငါးပါးဖြစ်သည်။ သုဝဏ္ဏဘုမ္မိကား မြန်မာနိုင်ငံ ယခုခေတ် သထုံတစ်ဝိုက်ဖြစ်သည်။ လင်္ကာဒီပသီဟိုဠ်ကျွန်း သာသနာပြုခေါင်းဆောင်ကား အသောကမင်းတရားကြီး၏ သားတော်မဟိန္ဒမထေရ်ဖြစ်သည်။ မဟိန္ဒမထေရ်နှင့်အတူ ဣဋ္ဋိယ၊ ဥတ္တိယ၊ သမ္ဗလ၊ ဘဒ္ဒသာလမထေရ်လေးပါးတို့လည်း ပါသွားကြသည်။

သာသနာပြု ရဟန်းသံဃာတော်များသည် တစ်ပါးတည်း မကြွကြပေ။ ပဥ္စဝဂ္ဂီ ငါးပါး ငါးပါးပေါင်း၍ကြွကြသည်။ မိဂဒါဝုန်၌ ပထမဝါကပ်ပြီးတပည့်သံဃာခြောက်ကျိပ်အား တရားဒေသနာ ဟောကြားဖြန့်ဖြူးရန် စေလွှတ်စဉ်က ရှင်တော်ဘုရားက တစ်ပါးတည်းသာကြွရန် ညွှန်ကြားတော်မူခဲ့သည်။ သို့ဖြစ်ပါလျက် ဤသာသနာပြုများသည် အဘယ့်ကြောင့် ငါးပါးစီတွဲ၍ ကြွကြသနည်း။ အကြောင်းရှိသည်။ ရဟန်းသံဃာများသည် ရောက်ရာအရပ်၌ ဝိနည်းကံပြုစရာရှိနေသည်။ ဝိနည်းကံပြုရာ၌ ယခုကြွရောက်ကြမည့်အရပ်ဒေသများတွင် သံဃာဦးရေအနည်းဆုံး ငါးပါးရှိမှ ကံအထမြောက်သည်။ မြတ်စွာဘုရားသည် မဇ္ဈိမဒေသ (မြောက်ပိုင်း အိန္ဒိယနှင့်ဗီဟာရ်) နယ်မြေဒေသတွင်း၌ ဝိနည်းကံအတွက် အနည်းဆုံးသံဃာ့ဦးရေ (ကိုရန်) ဆယ်ပါး သတ်မှတ်ထားပြီး မဇ္ဈိမဒေသ၏ အပြင်ဘက် အရပ်ဒေသများ၌မူ ငါးပါးသတ်မှတ်ထားတော်မူသည်။ ထို့ကြောင့် အဝေးသို့ သာသနာပြုကြွသည့် ဤရဟန်းတော်များသည် ငါးပါးစီ ငါးပါးစီ အုပ်စုဖွဲ့၍ ကြွတော်မူကြခြင်းဖြစ်လေသည်။

*

သာသနာပြုရဟန်းတော်များသည် သာသနာတော်၏ အကျိုးအတွက် ဗုဒ္ဓ၏တရားဒေသနာ ပြန့်ပွားထွန်းကားရန်အတွက် အသက်စွန့်လွှတ်ထားကြသူများဖြစ်သည်။ မိမိတို့အတွက် လျာထားသတ်မှတ်လားသည့် နေရာ

http://www.linhtet.com



ဌာနများသို့ရောက်ရန် တောအတန်တန် တောင်အထပ်ထပ်ကို ဖြတ်ကျော်သွားရသည်။ ရဟန်းတော်များသည် သပိတ်တစ်လုံး သင်္ကန်းသုံးထည်မှတစ်ပါး တခြားပစ္စည်း မပါပေ။ လမ်းခရီး၌ ဘယ်လိုအခက်အခဲများကိုတွေ့ရတွေ့ရ၊ ဘယ်လိုအန္တရာယ်မျိုးနှင့် ကြုံရကြုံရ စိုးစဉ်းမျှတွန့်ဆုတ်ခြင်းမရှိဘဲ မိမိတို့၏ ရည်မှန်းချက်ဖြစ်သော သာသနာပြုလုပ်ငန်းကြီး အောင်မြင်ရေးအတွက်သာလျှင် ထက်သန်စိတ်စောနေကြသည်။ ရဟန်းတော်များ၏စိတ်နှလုံးထဲတွင် တစ်ခါတုန်းက ဘုရားရှင်ကိုယ်တော်မြတ်ညွှန်ကြား ဟောပြောတော်မူဖူးသည့် သာသနာပြုရဟန်းများ လက်ကိုင်ထားသင့်ထားအပ်သည့် သံမဏိစိတ်ဓာတ်ကိန်းအောင်းနေလေသည်။

ဗုဒ္ဓလက်ထက်တော်အခါက အဖြစ်အပျက်တစ်ခုဖြစ်သည်။

သုနာပရန္တ (တောင်ပိုင်းဂူဂျရတ်) တိုင်းသား ပုဏ္ဏမထေရ်သည် ဗုဒ္ဓ၏တရားဒေသနာတော်ကို နာကြားရသဖြင့် ကျေနပ်အားရသွားပြီးလျှင် သာဝတ္ထိမှ သူ၏ဇာတိရပ်ထံ ပြန်ကြွရန်အတွက် ရှင်တော်ဗုဒ္ဓထံ ခွင့်ပန်သောအခါ ရှင်တော်မြတ်ဘုရားသည် စံပြသာသနာပြု ရဟန်းတော်တစ်ပါး၏ပုံကို ဖော်ပြလိုသည့်အတွက် ဤသို့မေးတော်မူသည်။

"ပုဏ္ဏ၊ သင်ဘယ်တိုင်း ဘယ်ဌာနကိုသွားမည် ကြံရွယ်သနည်း"

"သုနာပရန္တ အမည်ရှိသည့် ဇနပုဒ်တစ်ခုရှိပါသည်။ တပည့်တော် ထိုဇနပုဒ်သို့ သွားမည်ကြံရွယ်ပါသည်"

"ပုဏ္ဏ၊ သုနာပရန္တ တိုင်းသားများသည် ကြမ်းကြုတ်ကြသည်။ ရက်စက်ကြသည်။ အကယ်၍ သုနာပရန္တတိုင်းသားများက သင့်ကိုရုန်းရင်း ကြမ်းတမ်းသော ဒေါသပါသောစကားကိုပြောလျှင် သင်ဘယ်လိုသဘောထားမည်နည်း"

"သုနာပရန္တတိုင်းသားများသည် တော်သည်၊ အလွန်တရာတော်သည်ဟု သဘောထားပါမည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် တပည့်တော်ကို လက်ဖြင့် မရိုက်ကြသောကြောင့် ဖြစ်ပါသည်"

"ပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းသားများက သင့်ကိုလက်ဖြင့် ရိုက်ခဲ့သော် သင်ဘယ်လို သဘောထားမည်နည်း"

"သုနာပရန္တတိုင်းသားများသည် တော်သည်၊ အလွန်တော်သည်ဟုပင် သဘောထားပါမည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် တပည့်တော်ကို လက်နက်ဖြင့် ထိုးခုတ်ခြင်းမပြုကြသောကြောင့် ဖြစ်ပါသည်"

http://www.linhtet.com



"ပုဏ္ဏာ၊ အကယ်၍ သုနာပရန္တတိုင်းသားများက သင့်ကိုလက်နက်ဖြင့် ထိုးခုတ်ခြင်းပြုခဲ့သော် သင်ဘယ်လို သဘောထားမည်နည်း"

"ထိုသို့ ပြုလုပ်လျှင်လည်း သုနာပရန္တတိုင်းသားများသည် တော်သည်၊ အလွန်တော်သည်ဟုပင် သဘောထားပါမည်။ အဘယ့်ကြောင့်ဆိုသော် အရှင်ဘုရား၏ တချို့တပည့်တပန်းများသည် ဘဝကိုငြီးငွေ့ရွံ့ရှာလျက် သေကြောင်းကြံရန်အတွက် လက်နက်ကိုရှာဖွေကြသည်။ ထိုလက်နက်ကို တပည့်တော်မရှာဖွေဘဲနှင့် ရရှိသောကြောင့် ဖြစ်ပါသည်"

"သာခု . . . သာခု" ပုဏ္ဏာ၊ ထိုကဲ့သို့ မိမိကိုယ်ကိုထိန်းပြီး ခန္တီတရားနှင့်ညီစွာနေနိုင်လျှင် သင်သည် သုနာပရန္တတိုင်းမှာ နေနိုင်ပြီ . . ."

ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု ထွက်လာကြသည့် သာသနာပြုရဟန်းတော်များသည် ဗုဒ္ဓညွှန်ပြတော်မူသော ယင်းသာသနာပြု စိတ်ဓာတ်ကိန်းအောင်းနေကြသူများ ဖြစ်သည်။ ထိုရဟန်းတော်များသည် ကိုယ်စိတ်နှစ်ပါးကို သာသနာပြန့်ပွားရေးအတွက် ပေးလှူထားကြသူများဖြစ်၍ သက်ဆုံးတိုင် သာသနာပြု သွားကြလေသည်။ ယင်းတို့အနက် တစ်ရပ်တစ်ကျေး၌ သာသနာပြုရင်း ခေါင်းချသွားကြသည့် မထေရ်အချို့၏ အရိုးများကို ဇမ္ဗူဒိပ်သို့ ပြန်လည်သယ်ဆောင်လာကြသည်။ ဆန်ကျီနှင့်ဆန်ကျီပတ်ဝန်းကျင်ရှိ ဆိုနာရီယာနှင့် အန္ဓရာပုထိုးများ၌ ခရစ်မပေါ်မီ ၂-၃ ရာစုအချိန်လောက်က အရေးအသားဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံး အက္ခရာဗြဟ္မီဖြင့် ရေးထိုးထားသော အရိုးအိုး အရိုးကြုတ်များကို တွေ့ရသည်။ ယင်းအရိုးအိုး အရိုးကြုတ်များ၌ တတိယသင်္ဂါယနာတင်ပွဲ၌ ပါဝင်သည့်ရဟန်းတော်အရှင်မြတ်များနှင့် သာသနာပြုအရှင်မြတ်များ၏ ဘွဲ့အမည်များကို တွေ့ရှိရသည်။

"ဆပုရိဆဆ မောဂလိပုတ္တဆ"ဟူ၍ 'မောဂ္ဂလိပုတ္တ' ဘွဲ့အမည်ကို ပထမဦးစွာတွေ့ရသည်။ ထိုမှတစ်ပါး တွေ့ရှိရသော အရိုးအိုး အရိုးကြုတ်များအနက် "ဆပုရိဆဆ ကဆပဂေါတဆ ဆဗဟေမဝတ ကျရိယဆ"(ဟိမဝန္တာအရပ်ဒေသတစ်ခုလုံး၏ ဆရာအရှင်သူတော်မြတ်ကဿပဂေါတ္တ၏)ဟူ၍လည်းကောင်း၊ "ဆပုရိဆဆမစိုမဆ"(သူတော်မြတ်မဇ္ဈိမ၏) ဟူ၍လည်းကောင်း၊ "ဆပုရိဆဆ မစိုမဆကောဏ္ဍိနိပုတဆ"(ကောဏ္ဍိနိ၏သားသူတော်မြတ်မဇ္ဈိမ၏)ဟူ၍လည်းကောင်း၊ "ဆပုရိဆဆကောဋ္ဌိပုတဆ ကဆပဂေါတဆ ဆဗဟေမဝတ ကျရိယဆ"(ဟိမဝန္တာဒေသတစ်ခုလုံး၏ဆရာအရှင်ကောဋ္ဌိ၏သား သူတော်မြတ်ကဿပဂေါတ္တ၏) ဟူ၍လည်းကောင်း၊ "ဆပုရိဆဆ

http://www.linhtet.com



ကောဆိကီပုတဆ "(သူတော်မြတ်ကောသိကီသားတော်၏)ဟူ၍လည်းကောင်း စာကမွည်းရေးထိုးထားသည့် အရိုးအိုး အရိုးကြုတ်များလည်း ပါဝင်သည်။

ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုငါးပါး ငါးပါးကျစီ စေလွှတ်သည်။ သို့ရာတွင် မဟာဝံသစသော ကျမ်းဂန်များနှင့် သမိုင်းများ၌ လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ စေလွှတ်သော သာသနာပြုမထေရ်ငါးပါး၏ ဘွဲ့အမည်များသာ အပြည့်အစုံပါသည်။ အခြားဒေသသို့ ကြရောက်ကြသည့် သာသနာပြုမထေရ်များ၏ဘွဲ့အမည်နာမများမူ အပြည့်အစုံမပါပေ။

သမန္တပါသာဒိကာ၌မူ ဟိမဝန္တာသို့ မဇ္ဈိမ မထေရ်နှင့်အတူတကွ ကဿပဂေါတ္တ၊ အလကဒေဝ၊ မဟာဒေဝ၊ ဒုန္ဒုဘိ တိဿရမထေရ်တို့ ကြွရောက်ကြသည် ဟူ၍လည်းကောင်း၊ ယင်းမထေရ်ငါးပါးတို့သည် ထိုဒေသ ရောက်သောအခါ နေရာငါးနေရာခွဲ၍ သာသနာပြုကြသည် ဟူ၍လည်း ကောင်း ဖော်ပြထားသည်။ နောင်သောအခါ ယင်းမထေရ်များ၏အရိုးများကို ကြုတ်တစ်ခုတည်းတွင် ပူးပေါင်းထည့်ထားသည်။ ဆန်ကျီပုထိုးအမှတ် ၂- ၌ 'မဇ္ဈိမ ကောဏ္ဍိနိပုတ္တ' ဘွဲ့အမည်ရေးထိုးထားသည်ကို တွေ့ရသည်။

ထိုကြုတ်၌ပင် ဟိမဝန္တာဒေသတစ်ခွင်၏ ဆရာအရှင်ကဿပဂေါတ္တ ကောဋိပုတ္တဘွဲ့အမည်ကိုလည်း တွေ့ရသည်။ ကျမ်းဂန်များ၌ ဟိမဝန္တာကို ကြွသော မထေရ်အကြီးအကဲ၏ ဘွဲ့အမည်မှာ မဇ္ဈိမဖြစ်လေသည်။ သို့သော် ထိုအရိုးအိုး အရိုးကြုတ်များ၌ကား မဇ္ဈိမမထေရ်ကို 'ဆဗဟေမဝတ ကျရိယ' (ဟိမန္တာဒေသတစ်ခွင်၏ဆရာအရှင်) ဟူ၍ဖော်ပြမထားဘဲ အခြားမထေရ်နှစ်ပါး ကိုသာလျှင် 'ဆဗဟေမဝတကျရိယ' ဟူ၍ ဖော်ပြထားလေသည်။

ရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ ကျေးဇူးသည် လည်းကောင်း၊ အသောက မင်းတရားကြီး၏ ကျေးဇူးသည်လည်းကောင်း၊ ကိုးတိုင်း ကိုးဌာန သာသနာပြုမထေရ်များ၏ ကျေးဇူးသည်လည်းကောင်း၊ အတိုင်းမသိ ကြီးမားလှဘိ၏။ ယင်းတို့၏ကျေးဇူးကြောင့်သာလျှင် ယနေ့သာသနာရောင်ဝါ ပွင့်လင်း ထွန်းတောက်နေခြင်းဖြစ်လေသည်။ ။

[ *သမန္တပါသာဒိကာ၊ သံယုတ္တနိကာယ်၊ မဟာဝံသပါဠိ၊ ကျီးသဲဆရာတော်၏ မဟာဝင်ဝတ္ထု၊ အသောကကျောက်စာ၊ ရာဟုလာသံကိစ္စည်း၏ ဗုဒ္ဓစရိယာနှင့်ဗုဒ္ဓ ယဉ်ကျေးမှု (ဟိန္ဒီ)၊ ဘဂဝတီပရဆတ်ပန္တရီ၏အသောက (ဟိန္ဒီ) စသော ကျမ်းစာ များ၌ ရေးသားပြဆိုထားသည်များကို အခြေခံ အကိုးအကား အထောက်အထား ပြုသည်။*]

http://www.linhtet.com

## အသောကရှင်၏စိတ်ကြိုက် သုတ္တန်များ

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က အိန္ဒိယနိုင်ငံ၌ ပုဂ္ဂိုလ်တစ်ဦး ထွန်းကားပေါ်ပေါက်ခဲ့သည်။ ထိုပုဂ္ဂိုလ်သည် နောင်သောအခါ၌ အိန္ဒိယနိုင်ငံ သမိုင်း၌သာမက ကမ္ဘာ့သမိုင်း၌ပင် အထွန်းတောက် အပြောင်မြောက်ဆုံး ပုဂ္ဂိုလ် ဖြစ်လာလေသည်။ ထိုပုဂ္ဂိုလ်ကား ဘုရင်အသောက ဖြစ်သည်။ အသောကသည် သူ၏အမည်နာမအတိုင်း ကမ္ဘာလောက၏သောကကို ဖယ်ရှားဖျောက်ဖျက်ပစ်သူ ဖြစ်သည်။ သူ့ကို ဒေဝါနံပိယ ပိယဒဿီနတ်တို့ မြတ်နိုး ချစ်ခင်သော အသောကဟု ခေါ်ကြသည်။ သို့သော် သူသည်လူသားတို့ကို ချစ်သူဖြစ်သည်။ လူသားတို့၏ကောင်းကျိုးကို ဆောင်ရွက်သူဖြစ်သည်။ လူသားများထဲတွင် စံအထားထိုက်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ကလိင်္ဂစစ်ပွဲ၏ရက်စက်ပုံ၊ လူသားမဆန်ပုံများကို မျက်ဝါးထင်ထင် တွေ့မြင်ရပြီးနောက် အသောကသည် သူ့လက်ထဲကဓားကို လွှင့်ပစ်လိုက်သည်။ သူသည် ဓားအစား တရားကို ဖက်လိုက်သည်။ ဗုဒ္ဓညွှန်ကြား ဟောပြထားသည့် ကရုဏာလမ်းကြောင်းပေါ် လျှောက်သွားလေတော့သည်။ ဘုရင်အသောက၏ ယင်းဘဝအကွေ့သည် ကမ္ဘာ့သမိုင်း၏ လမ်းကွေ့တစ်ကွေ့ဖြစ်သည်။ ကမ္ဘာ့သမိုင်း၏မှတ်တိုင်တစ်တိုင်ဖြစ်သည်။ ကမ္ဘာ့သမိုင်း၌ ဖြစ်ပေါ်ခဲ့သည့် အထူးခြားဆုံး အဖြစ်အပျက်တစ်ခုဖြစ်သည်။ ဘုရင်အသောက၏ ဘဝအကွေ့တစ်ကွေ့သည် ကမ္ဘာလောကကြီးကိုလည်း တစ်မျိုးတမည် ပြုပြင်ပြောင်းလဲပစ်လိုက်လေသည်။

ကလိင်္ဂစစ်ပွဲ ပြီးဆုံးသွားပြီးနောက် ဘုရင်အသောကသည် တရား

http://www.linhtet.com



ဓမ္မဘက် အာရုံညွတ်လာပြီးလျှင် အချိန်ကာလ မကြာမီအတောအတွင်းမှာပင် ဓမ္မလမ်းကြောင်းပေါ်လျှောက်သည့် ဓမ္မခရီးသည်တစ်ဦး လုံးလုံးဖြစ်သွားသည်။ တေရသမ အသောကကျောက်စာ၌ ဤသို့ ရေးထိုးထားသည်။

"... နတ်တို့ချစ်ခင်မြတ်နိုးသည့် ပိယဒဿိ အသောကဘုရင်သည် ရာဇာဘိသိက်ခံပြီးနောက် ရှစ်နှစ်အကြာ၌ ကလိင်္ဂတိုင်းကို တိုက်ခိုက်အောင်မြင်ခဲ့သည်။ ကလိင်္ဂတိုင်းမှ လူပေါင်းတစ်သိန်းခွဲ သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။ လူပေါင်းတစ်သိန်း ဒဏ်ရာအနာတရ ဖြစ်ကြသည်။ ယင်းအရေအတွက်မက လူတွေ အသတ်ခံကြရသည်။ ထို့နောက် ကလင်္ဂတိုင်းကို အသောက၏ နိုင်ငံပိုင်နက်အတွင်း သွတ်သွင်းလိုက်သည် ...။ ထိုအချိန်မှစ၍ အသောကသည် တရားဓမ္မဘက် အာရုံညွတ်လာသည်။ တရားဓမ္မကို လေးစားမြတ်နိုး လာသည်။ တရားဓမ္မ၏ နယ်ပယ်လည်း ကျယ်ဝန်းလာသည်"

ကလိင်္ဂစစ်ပွဲအပြီး၌ အသောကဘုရင်သည် လူသစ်စိတ်သစ်ဖြစ်လာသည်။ ဘဝအသစ်တွင် လူသစ်အဖြစ်တစ်ဖန် မွေးဖွားလာသကဲ့သို့ ဖြစ်သွားသည်။ စစ်စိတ် စစ်သွေးကြွနေခဲ့သော စဏ္ဍာသောကသည် ဓမ္မာသောကဖြစ်လာသည်။ ဘုရင်မင်းကြီးသည် လူသတ်လက်နက်အစား မေတ္တာလက်နက်စွဲကိုင်လေတော့သည်။ သတ္တဝါများအပေါ် ကြင်နာမှုထားခြင်းသည်သာလျှင် သူ၏တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်လာသည်။ "နတ္ထိဟိ ကြမတရသဗ္ဗလောကဟိတေန" (လူသားအားလုံး၏ကောင်းကျိုးချမ်းသာရေးထက် ကြီးမားလွန်ကဲသည့် တခြားအလုပ်မရှိ) ဟူ၍ 'မာန်ဆေရာ' ကျောက်စာ၌ ဘုရင်အသောကသည် သူ၏ရည်မှန်းချက်ကို အတိအလင်းထုတ်ဖော် ပြောပြလိုက်လေသည်။ သူ၏ပုဂ္ဂလိကအကျိုး ရည်မှန်းချက်၊ ထီးရေး နန်းရေး နိုင်ငံချဲ့ထွင်ရေး ရည်မှန်းချက်များသည် လူသားတို့၏ကောင်းစားရေး၊ သတ္တဝါအားလုံး၏ကောင်းစားရေးရည်မှန်းချက်များအဖြစ် ပြောင်းလဲသွားသည်။ သူ၏နိုင်ငံ၌ စစ်စည်ရှုမ်းမည့်အစား ဓမ္မစည်တော်ကို ရှမ်းသည်။ လက်နက်ဖြင့် အနိုင်ရအောင် မလုပ်တော့ဘဲ တရားဓမ္မဖြင့်သာလျှင် အနိုင်ရအောင်ကြိုးစားသည်။ "နတ်တို့ချစ်မြတ်နိုးသော အသောကသည် အောင်နိုင်မှုအမျိုးမျိုးရှိသည့်အနက် တရားဓမ္မအရ အောင်နိုင်မှုဖြစ်သော ဓမ္မဝိဇယကိုသာလျှင် အမြင့်မြတ်ဆုံးဟု ထင်မှတ်ယူဆသည်" ဟူ၍ ဘုရင်အသောကက ထုတ်ဖော် ကြေငြာလိုက်လေသည်။

ဗုဒ္ဓညွှန်ကြား ဟောပြထားတော်မူသော တရားဓမ္မကိုယုံကြည် သက်

http://www.linhtet.com



ဝင်မှုရှိလာသောအခါ အသောကမင်းကြီးသည် ဗုဒ္ဓတရားတော်ကို မိမိ၏ပိုင်နက် နယ်ပယ်အတွင်း၌သာမကဘဲ ပိုင်နက်အပြင်အပ နိုင်ငံများသို့အထိ ပြန့်ပွားသွားအောင် မနေမနားကြိုးစား အားထုတ်သည်။ ဘုရင်အသောကသည် သူ၏ဓမ္မဂုရု ရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ ညွှန်ကြားချက်ဖြင့် တတိယ သင်္ဂါယနာတင်သည်။ တတိယသင်္ဂါယနာ၏ ရည်ရွယ်ချက်သည် ပထမ၊ ဒုတိယ သင်္ဂါယနာများကဲ့သို့ပင် ဗုဒ္ဓသာသနာတော် သန့်ရှင်းစင်ကြယ် ရေးဖြစ်သည်။ သာသနာတော် သန့်ရှင်းစင်ကြယ်ရေးအတွက် အသောက မင်းကြီးသည် သာသနာအတွင်း သာသနာ့အရေခြုံပြီး ခိုလှုံနေကြသော အဓမ္မဝါဒီများကို အာဏာစက်ဖြင့် သာသနာ အပြင်ဘက် ပ,ထုတ်ပစ်ခဲ့သည်။ တတိယ သင်္ဂါယနာအပြီးတွင် အသောကမင်းကြီးသည် သာသနာ့အရောင် တစ်ကမ္ဘာလုံး ထွန်းပြောင်သွားစေရန် ကိုးတိုင်း ကိုးဌာန ကိုးပြည်ထောင်သို့ လက်ရွေးစင် သာသနာပြု လုပ်ငန်းများကို စေလွှတ်ခဲ့သည်။ အသောကမင်းကြီး၏ ယင်း သာသနာပြု ဆောင်ရွက်ချက်များသည် ကမ္ဘာ့သမိုင်း၌ စည်းစနစ်လည်းကျ အောင်မြင်ထမြောက်မှုလည်းရှိသည့် အကြီးကျယ်ဆုံး သာသနာပြု လုပ်ငန်းကြီးတစ်ရပ်အဖြစ် မှတ်တမ်းတင်ထားခြင်းခံရသည်။

ဘုရင်အသောကသည် ဗုဒ္ဓဝါဒီတစ်ဦးဖြစ်လာသည်မှစပြီး သာသနာရေးနှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို တစ်ခုပြီးတစ်ခု ဆက်တိုက်ဆောင်ရွက်သည်။ ဗုဒ္ဓနှင့်ပတ်သက်ဆက်နွှယ်နေသည့် အထွက်အမြတ် နေရာဌာနများသို့ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်ပြီး ကြည်ညိုသည်။ စေတီပုထိုးများနှင့် ကျောင်းကန်ဘုရားများကို အိန္ဒိယပြည်အနှံ့ ကိုးကွယ်တည်ထားသည်။ ပါဋလိပုတ်မြို့တော်ရှိ အသောကရုံကျောင်းတိုက်သို့ မကြာခဏကြွပြီး သံဃာတော်အရှင်မြတ်များဟောကြားတော်မူသည့် တရားဒေသနာများကို နာကြားသည်။ မိမိ၏ ရင်နှစ်သည်းချာများဖြစ်သည့် သားတော် မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာတို့ကိုလည်း သာသနာ့ဘောင်သွင်းပြီး ရှင်ရဟန်းပြုစေခဲ့သည်။

ဘုရင်အသောကသည် သာသနာ့ဝန်ကို ဆောင်နေကြသည့် သာသနဓရ ရဟန်းသံဃာတော်များအား မျက်ခြည်မပြတ် အာရုံစူးစိုက်နေသည်။ ရဟန်းသံဃာများ အခြေမခိုင်လျှင် သာသနာတော် ယိုင်သွားနိုင်သည်ဟူ၍ ဘုရင်မင်းကြီးက တွက်ထားသည်။ သို့ဖြစ်၍ တစ်ဘက်မှ သာသနာ့ဒါယကာပီပီ ရဟန်းသံဃာတော်များအတွက် လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းပေးနေပြီး အခြားတစ်ဘက်မှလည်း ရဟန်းသံဃာတော်များဘက်မှ အားနည်း

http://www.linhtet.com



ချက်များ ပေါ်ပေါက်လာလေမည်လားဟူ၍ အမြဲမပြတ် မျက်စိဖွင့် နားစွင့်နေလေသည်။ အကယ်၍ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များဘက်တွင် အားနည်းချက် ချွတ်ယွင်းချက်တစ်စုံတစ်ရာကို တွေ့ရှိပါက ဘုရင်မင်းကြီး သည် သာသနာတော် တည်တံ့ခိုင်မာရေးတစ်ခုတည်းကိုသာ ရည်ရွယ်ချက်ထားရှိလျက် ထိုအားနည်းချက် ချွတ်ယွင်းချက်တို့ကို ပြုပြင်ပေးသည်။ တစ်ခါတွင် သံဃာတော်များအတွင်း စိတ်ဝမ်းကွဲပြားသည့် အရိပ်အယောင်ပေါ်လာသည်။ ဘုရင် မင်းကြီးသည် ရဟန်းသံဃာတော်များ စည်းစည်းလုံးလုံး ရှိပါမှ သာသနာတော် အရှည်တည်တံ့မည်ဆိုသည်ကို နားလည်သဘောပေါက်ထားသည်။ သို့ဖြစ်၍ သံဃာသင်းခွဲသူ ရဟန်းများအား ပိတ်ဖြူလဲ ပေးပြီး သာသနာတော်တွင်းက ထုတ်ပစ်မည်ဟူ၍ ပြတ်ပြတ်သားသား ထုတ်ပြန်ကြေငြာလိုက်သည်။ ယင်း ကြေငြာချက်ကို ကျောက်စာထွင်းထုပြီး ရဟန်းရှင်လူ မြင်သာသည့်နေရာများ၌ ကျောက်တိုင်စိုက်ထူထားသည်။

*

ယခုလည်း ဘုရင်မင်းကြီးသည် ရဟန်းသံဃာတော်များနှင့် ပတ်သက်သည့် ကြေငြာချက်တစ်ခု ထုတ်ပြန်လိုသည့်စိတ်ဆန္ဒ ဖြစ်ပေါ်လာလေသည်။ အသောကာရုံကျောင်းတိုက်အတွင်းရှိ သံဃာတော်များ ရှေ့မှောက်၌ ဘုရင်မင်းကြီးသည် တုပ်ပျပ်ဝပ်လျှိုးစွာ ထိုင်နေသည်။ ယနေ့ဘုရင်မင်းကြီး ရဟန်းသံဃာတော်များအား လျှောက်တင်စရာ အထူးရှိနေသည်ဆိုသည်ကို ရဟန်းသံဃာတော်များက ကြိုတင်သိထားနှင့်ကြသည်။ ဘုရင်မင်းကြီး ဘာကိုများ လျှောက်ထားဦးမည်နည်း။ ဘာအမိန့်၊ ဘာဥပဒေကိုများ ထုတ်ဦးမည်နည်း။ ရဟန်းသံဃာများ နားစွင့်နေကြသည်။ ဘုရင်မင်းကြီးက ရဟန်းသံဃာများအား ရှိခိုးဦးတင်လျက် လျှောက်ထားလိုက်သည်။

"လေးစားကြည်ညိုအပ်တဲ့ ရဟန်းသံဃာတော် အရှင်မြတ်များ စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိကြပါစေလို့ တပည့်တော် ဆုတောင်းမေတ္တာပို့ပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို တပည့်တော်မည်မျှ ကြည်ညိုလေးစားမှု ရှိတယ်ဆိုတာကို အရှင်ဘုရားများသိပြီး ဖြစ်တော်မူကြပါတယ်။ ရှင်တော်မြတ်ဘုရား ဟောကြားထားတော်မူတဲ့ ဒေသနာအားလုံးဟာ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံ

http://www.linhtet.com



တဲ့တရားများသာ ဖြစ်ပါတယ်။ သို့သော် ထိုတရားဒေသနာများထဲက မှန်ကန်မြင့်မြတ်တဲ့ တရားဓမ္မ အရှည်တည်တံ့ခိုင်မြဲရေးအတွက် တပည့်တော် ရွေးချယ်ထားတဲ့ သုတ္တန်ဒေသနာ အချို့ရှိပါတယ်။ ထိုသုတ္တန်ဒေသနာအချို့ကို တပည့်တော် အရှင်ဘုရားများအား လျှောက်ထား ပြောပြလိုပါတယ်။ ထိုသုတ္တန်ဒေသနာများမှာ –

၁။ ဝိနယသာမုကသေ
၂။ အလိယဝသာနိ
၃။ အနာဂတဘယာနိ
၄။ မုနိဂါထာ
၅။ မောနေယသုတေ
၆။ ဥပတိသ ပသိနေ
၇။ လာဃုလောဝါဒ

တို့ဖြစ်ကြပါတယ်။ တပည့်တော် ယခုညွှန်ကြားလျှောက်ထားတဲ့ သုတ္တန်ဒေသနာတော်များကို ဘိက္ခုနှင့် ဘိက္ခုနီများ မကြာခဏကြားနာလေ့လာပြီး မကြာခဏ နှလုံးသွင်းကြစေလိုပါတယ်။ လူဒါယကာ ဒါယိကာမများလဲ ထိုသုတ္တန်ဒေသနာတော်များကို အလားတူပင် မကြာခဏ ကြားနာလေ့လာပြီး မကြာခဏ နှလုံးသွင်းသင့်ကြတယ်။ တပည့်တော်၏ရည်ရွယ်ချက်ကို နားလည်သဘောပေါက်စေရန်အတွက် ထိုသုတ္တန်ဒေသနာများကို အများသိသာရန် တပည့်တော် ကျောက်စာထိုးပြီး စိုက်ထူထားပါမယ်”

ဘုရင်အသောကသည် ရှင်မဟာ မောဂ္ဂလိပုတ္တတိဿအမှူးရှိသည့် ရဟန်းသံဃာတော်များထံမှ ရှင်တော်မြတ်ဘုရား၏ တရားဒေသနာတော်များကို ကြားနာရဖန်များသဖြင့် ထိုတရားဒေသနာတော်များနှင့် ရင်းနှီးကျွမ်းဝင်နေသည်။ မည်သည့်သုတ္တန်၊ မည်သည့်တရားဒေသနာသည် မည်သို့အဓိပ္ပာယ်ဆောင်နေသည်ဆိုသည်ကို နားလည်သဘောပေါက်နေသည်။ ရှင်တော်မြတ်ဘုရား ဟောကြားသည့် သုတ္တန်ဒေသနာများထဲမှ အထက်ပါသုတ္တန်ဒေသနာများအတိုင်း ရဟန်းသံဃာတော်များ လိုက်နာကျင့်သုံးလျှင် သာသနာတော်အရှည်တည်တံ့မည်ဟူ၍ ဘုရင့်မင်းကြီး နားလည်သဘောပေါက်နေသည်။ သို့ဖြစ်၍ ဘုရင်မင်းကြီးသည် သူ၏စိတ်ဆန္ဒကို ရဟန်းသံဃာတော်များ၏ရှေ့မှောက်၌ ဖွင့်ဟပြလိုက်ခြင်း ဖြစ်လေသည်။

ထိုသုတ္တန်ဒေသနာတော်များ၏ အမည်နာမနှင့် ဘုရင်မင်းကြီး၏

http://www.linhtet.com



စိတ်ဆန္ဒကို မကြာမီ ကျောက်စာထွင်းထုပြီး သင့်တော်သည့် နေရာများ၌စိုက်ထူထားလိုက်လေသည်။

အချိန်သမယ နှစ်ပေါင်း နှစ်ထောင်ကျော် ရှည်ကြာလာခဲ့သည်။ အသောကကျောက်စာများကို ရှာမှီးစုဆောင်းကြသောအခါ အသောကဘုရင်မင်းတရားကြီး ရေးထိုးထားသည့် အသောကဘုရင်လက်ထက်က ကျောက်စာများကို အများအပြား တွေ့ကြရသည်။ ယင်းကျောက်စာများအနက် ဗာဗရုသို့မဟုတ် ဘေရတ်ကျောက်စာ အမှတ် ၂ မှာ အသောကမင်းကြီး၏စိတ် ကြိုက်သုတ္တန် ခုနစ်သုတ်အကြောင်း ရေးထိုးထားသည့် ကျောက်စာဖြစ်နေ သည်ကို တွေ့ရသည်။ သို့သော် ပြဿနာတစ်ခု ပေါ်လာသည်။ ယင်းသုတ် များမှာ မည်သည့်သုတ်များ ဖြစ်သနည်း။ ယင်းပြဿနာနှင့် ပတ်သက်၍ ပညာရှင်များ တစ်ဦးနှင့်တစ်ဦး အယူအဆမတူ ကြပေ။ အသောကကျောက်စာ ကို အနက်အဓိပ္ပာယ် ဖေါ်ကြသည့် အရှေ့တိုင်း အနောက်တိုင်း ပညာရှင်တို့ သည် ထိုကျောက်စာ၏ အနက်အဓိပ္ပာယ်အရကောက်နှင့် ပတ်သက်၍ တစ်ယောက်တစ်ပေါက် ဖြစ်နေကြသည်။

### ၁။ ဝိနယသမုကသေ

'ဝိနယသမုကသေ' ဟူသည်မှာ မည်သည့် သုတ္တန် ဒေသနာတော် ကို ဆိုလိုသနည်း။ ဒေါက်တာ ဘီ–အမ်–ဘရူးဝါးက ဝိနယသမုကသေကို သိင်္ဂါလောဝါဒသုတ်ဟု ဆိုသည်။ ဒီဃနိကာယ်လာ သိင်္ဂါလောဝါဒသုတ် သည် ဂိဟိဝိနယ လူ့ကျင့်ဝတ်ဖြစ်သော်လည်း ရဟန်းရှင်လူအားလုံးနှင့် ဆိုင် သည်။ သို့ဖြစ်၍ ဤ၌ ဝိနယသမုကသေဟူသည်မှာ သိင်္ဂါလောဝါဒသုတ်ကို အသောကမင်းကြီး ဆိုလိုခြင်းဖြစ်သည်ဟူ၍ အကြောင်းပြထားသည်။ အက်စ်အင်–မစ်တရာကမူ မဇ္ဈိမနိကာယ် သပ္ပုရိသသုတ်ဖြစ်သည်ဟု ဆိုသည်။ အေ–ဂျီ –အက်ဒမန် (T.R.A.S ၁၉၁၁၊ စာမျက်နှာ ၃၈၇)နှင့် ဓမ္မာနန္ဒကောသမ္ဗီ တို့၏အယူအဆကား တစ်မျိုးဖြစ်သည်။ သူတို့၏အဆိုအရ ဝိနယသမုကသေ သည် သစ္စာလေးပါးတရားကို ဟောကြားထားသည့် ဓမ္မစက္ကပဝတ္တနသုတ်ဖြစ် သည်။ ဓမ္မနန္ဒကောသမ္ဗီက 'ဘဂဝန်ဗုဒ္ဓ'အမည်ရှိ သူ၏မရာထီဘာသာ စာအုပ် ၌ ဤသို့ ရှင်းလင်းတင်ပြထားသည်။

ဝိနယသမုကသေ၌ပါသော ဝိနယသည် ဝိနယပိဋကတ၏ ဝိနယ အနက်အဓိပ္ပာယ် မဟုတ်ပေ။ "အဟံခေါ ကေသိ ပုရိသဒမ္မံ သဏှေနပိ ဝိနေမိ

http://www.linhtet.com



ဖရသေနပိ ဝိနေမိ” (အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ သုတ်အမှတ် ၁၁၁) ၌ လည်းကောင်း၊ 'တမေနံ တထာဂတော ဥတ္တရိံ ဝိနေတိ' (မဇ္ဈိမနိကာယ်၊ သုတ်အမှတ် ၁၄၇) ၌ လည်းကောင်း၊ (ယန္နူနာဟံ ရာဟုလံ ဥတ္တရိံ အာသဝါနံ ခယေ ဝိနေယျံတိ) (မဇ္ဈိမနိကာယ်၊ သုတ်အမှတ် ၁၀၇) ၌ လည်းကောင်း၊ ယင်းသို့စသည့်နေရာများ၌ ပါရှိသည့် 'ဝိ' ရှေးရှိသော 'နီ' ဓာတ်၏အနက် အဓိပ္ပာယ်မှာ 'ညွှန်ကြားသင်ပြ၏' သာ ဖြစ်သည်။ ယင်းအနက် အဓိပ္ပာယ်ကို ယူပြီး နောက်ပိုင်းကျမှ ဝိနည်းစည်းမျဉ်းဥပဒေများကို 'ဝိနယပိဋက' ဟူ၍ ခေါ်ခြင်းဖြစ်သည်။ ရှင်တော်ဗုဒ္ဓရဟန်းသံဃာ လောကကို တည်ထောင်စက ဝိနည်းကျမ်းဂန်ဟူ၍ မရှိသေးပေ။ ရှင်တော်ဗုဒ္ဓညွှန်ကြားဆုံးမခြင်း မှန်သမျှ သည် သုတ်အဖြစ်ဖြင့်သာလျှင် ရှိခဲ့သည်။ ပထမဦးစွာ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားပြီး ဗုဒ္ဓသည် ပဉ္စဝဂ္ဂီ ရဟန်းငါးပါးကို မိမိ၏တပည့်သာဝက အဖြစ် လက်ခံတော်မူခဲ့သည်။ ထို့ကြောင့် 'ဝိနယ'၏ မူလအနက်ကို 'ညွှန်ကြားသင်ပြခြင်း ဆုံးမခြင်း'ဟူ၍သာသတ်မှတ်သင့်သည်။ ညွှန်ကြားသင်ပြခြင်း ဆုံးမခြင်း၏အမြင့်ဆုံး အဆင့်သည် ဗုဒ္ဓ၏တရားဒေသနာဖြစ်သည်။

ပါဠိဝေါဟာရ၌ 'သမုက္ကံသ' သည် ဗုဒ္ဓ၏တရားအဆုံးအမဟူသော အနက်အဓိပ္ပာယ်မျိုးမထွက်ပေ။ သို့ရာတွင် 'သမုက္ကံသိကာ ဓမ္မဒေသနာ' ဟူသော စကားဝါကျကို နေရာအတော်များများ၌ တွေ့ရသည်။ ဥပမာအားဖြင့် ဒီဃနိကာယ်အမ္ဗဋ္ဌသုတ်အဆုံး၌ 'ယဒါ ဘဂဝါ အညာသိ ဗြာဟ္မဏံ ပေါက္ခရသာတိံ ကလ္လစိတ္တံ မုဒုစိတ္တံ ဝိနီဝရဏစိတ္တံ ဥဒဂ္ဂစိတ္တံ ပသန္နစိတ္တံ အထယာဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ တံပကာသေတိဒုက္ခံ သမုဒယံနိရောခံ မဂ္ဂံ' ဟူ၍ ပါ ရှိသည်။ ပေါက္ခရသာတိဗြာဟ္မဏအား စိတ်ကြည်လင်ပွင့်လင်းနေကြောင်း သိတော်မူသည့်အခါ၌ ရှင်တော်မြတ်ဘုရားသည် သာမုက္ကံသိက ဒေသနာဖြစ်သည့် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂသစ္စာလေးပါးတရားကို ပြတော်မူသည် ဟူ၍ အဓိပ္ပာယ်ရလေသည်။

အမ္ဗဋ္ဌသုတ်၌သာ မကပေ။ မဇ္ဈိမနိကာယ် ဥပါလိသုတ် စသော အခြားသုတ်များ၌လည်းကောင်း၊ ဝိနည်းပိဋကတ်နေရာ အတော်များများ၌ လည်းကောင်း၊ ယင်းစကားဝါကျကို တွေ့ရှိရသည်။ ထို့ကြောင့် 'ဝိနယသမုက သေ'၏ အဓိပ္ပာယ်မှာ 'သာမုက္ကံသိကာဓမ္မဒေသနာ' ဖြစ်လေသည်။ ထူးမြတ်သော တရားအဆုံးအမဖြစ်လေသည်။ တစ်ချိန်တစ်ခါတုန်းက သစ္စာလေးပါး တရားဒေသနာကို 'ဝိနယသမုက္ကသ' ဟူ၍ ခေါ်ဆိုသည်မှာ ယုံမှားသံသယဖြစ်

http://www.linhtet.com



စရာမလိုပေ။ ဓမ္မစက္ကပဝတ္တနသုတ်ဟူသော အမည်မှာ အသောကခေတ်နောက်ပိုင်း အချိန်များစွာကြာမှ ခေတ်စားလာသည့် အမည်ဖြစ်သည်။

### ၂။ အလိယဝသာနိ

အသောကဘုရင်မင်းတရားကြီး၏ သဒ္ဓမ္မစီရဋ္ဌိတိက သာသနာ တော်အဓွန့်တည်တံ့ရေး စိတ်ကြိုက်သုတ္တန် ဒေသနာတော်များအနက် အမှတ် ၂ 'အလိယဝသာနိ' မှာ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အရိယဝံသသုတ်ကို ဆိုလိုခြင်းဖြစ်သည် ဟူ၍ပညာရှင်များ သတ်မှတ်ကြသည်။ အရိယဝံသသုတ်၌ ရဟန်းသံဃာတော်များ ကျင့်သင့်ကျင့်အပ် လိုက်နာသင့် လိုက်နာအပ်သည့် တရားလေးမျိုးကို ညွှန်ကြားထားသည်။ ရဟန်းတော်များသည် ရသမျှ သင်္ကန်း၊ ရသမျှကျောင်းဖြင့်သာ တင်းတိမ်ရောင့်ရဲသင့်ကြောင်း၊ မသင့်တင့် မအပ်စပ်သည့် နည်းလမ်းများဖြင့် သင်္ကန်း၊ ဆွမ်း၊ ကျောင်းတို့ကို မရှာမှီးသင့် ကြောင်း၊ သင်္ကန်း၊ ဆွမ်း ကျောင်းတို့ကို မမက်သင့်ကြောင်း ညွှန်ကြားထား သည်။ ထို့ပြင် ရဟန်းသံဃာတော်များအား ကုသိုလ်စိတ်ကို ပွားများပြီး ကိလေသာတရားကို ပယ်ဖျောက်ရန် မိမိကိုယ်ကို နှိမ့်ချပြီး သူတစ်ပါးအား မကဲ့ရဲ့မ ရှုတ်ချရန်စသည်တို့ကိုလည်း ဆုံးမထားသည်။

### ၃။ အနာဂတ ဘယာနိ

အသောကမင်းကြီး၏ စိတ်ကြိုက်သုတ္တန်ဒေသနာတော်များအနက် အမှတ် ၃ 'အနာဂတဘယာနိ' မှာ အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်လာ အနာဂတဘယသုတ်များဖြစ်ကြသည့် အရညဝိဟာရီသုတ်၊ ဒဟရာဒိသုတ်၊ အဘာဝိတသုတ်၊ ကလျာဏကာယီသုတ်တို့ဖြစ်ကြသည်။ အရည ဝိဟာရီသုတ်၌ အရညဝါသီ တောနေရဟန်းသည် ဆိုက်ရောက်လာနိုင်သည့် ဘေးအန္တရာယ်ကို မျှော်တွေး၍ တရားထူးရရှိရန် ကြိုးစားအားထုတ်သင့်ကြောင်း ညွှန်ကြားထားသည်။ ဆိုက်ရောက်လာနိုင်သည့် အနာဂတ်ဘေးများကား မြွေပါး ကင်းပါးဘေး၊ ကိုယ်ခန္ဓာ မကျန်းမမာဖြစ်ပြီး အနိစ္စ ရောက်သွားနိုင်သည့်ဘေး၊ ခြင်္သေ့၊ ကျားစသော တောတိရစ္ဆာန်ဘေး၊ ခိုးသားဓားပြဘေး၊ ဘီလူး သဘက် ဘေးတို့ဖြစ်ကြသည်။ ဒဟရာဒိသုတ်၌လည်း ရဟန်းသည် အခြားအနာဂတ်ဘေးငါးမျိုးကို ဆင်ခြင်လျက် တရားထူးရရှိရန် ကြိုးစားအားထုတ်သင့်ကြောင်း ညွှန်ကြားထားသည်။ ယင်းဘေးများကား အိုဘေး၊ ရောဂါဘေး၊ အငတ်ဘေး၊

http://www.linhtet.com



အရပ်ပျက်ဘေး၊ သံဃာများအချင်းချင်း မညီမညွတ်သည့် ဘေးတို့ ဖြစ်ကြသည်။ အဘာဝိတသုတ်၌လည်း အလားတူပင် ဘေးငါးမျိုးကို ဖော်ပြပြီး ယင်းဘေးတို့ကို ဆင်ခြင်လျက် တရားထူးရရှိရန် အားထုတ်သင့်ကြောင်း နည်းပေးလမ်းပြ ပြုလုပ်ထားသည်။ ကလျာဏကာမိသုတ်၌လည်း သက်န်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဆွမ်းနှင့်ပတ်သက်၍လည်းကောင်း၊ ကျောင်းကန်နှင့်ပတ်သက်၍လည်းကောင်း၊ လောဘဇောထွက်သည့်ဘေး၊ ဘိက္ခုနီမတို့နှင့် ရောရောနှောနှောနေသည့်ဘေး၊ ကျောင်းအရာမ်စောင့် သာမဏေတို့နှင့် အရောတဝင်နေသည့် ဘေးတို့ကို ညွှန်ပြထားသည်။ ယင်းဘေးများကား ရဟန်းတစ်ဦးဦးအတွက် တွေ့ကြုံလာနိုင်သည့် ဘေးများဖြစ်သည်။ ယင်းအနာဂတ်ဘေးများကို မျှော်တွေး၍ ယင်းဘေးများကို ဆိုက်ရောက်မလာမီ တရားထူးတရားမြတ်ရရှိပြီးသူ ဖြစ်နေအောင် ကြိုးစားအားထုတ်သင့်သည်ဟု ဆိုလိုရင်းဖြစ်သည်။

## ၄။ မုနိဂါထာ

အသောကမင်းကြီး ရွေးချယ်ထားသည့် သဒ္ဓမ္မစိရဋ္ဌိတိက သာသနာအစွန့်ရှည်ကြောင်း သုတ်များအနက် အမှတ် ၄ (မုနိဂါထာ)သည် သုတ္တနိပါတ် မုနိသုတ်ကို ဆိုလိုရင်းဖြစ်သည်။ ယင်းသုတ်၌ ရဟန်းများအား ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့၌ တုန်လှုပ်ခြင်းမဖြစ်စေရန် ကွန်ရက်၌မကပ်ငြိသော လေကဲ့သို့လည်းကောင်း၊ ရေမကပ်ငြိသော ကြာကဲ့သို့လည်းကောင်း၊ မည်သည့်အရာကိုမှ သံယောဇဉ်တွယ်တာ ကပ်ငြိခြင်းမရှိစေရန်၊ သံသရာဝဲသြဃ၌ ကျောက်တိုင်ကဲ့သို့ မားမားမတ်မတ် ရပ်တည်နေစေရန် စသည်တို့ကို ညွှန်ကြားဆုံးမထားသည်။

## ၅။ မောနေယသုတေ

အသောကမင်းတရားကြီး ရဟန်းတော်များအတွက် ရွေးချယ်ထားသည့် သုတ္တန်ဒေသနာများထဲက အမှတ် ၅ (မောနေယသုတေ)သည် သုတ္တနိပါတ်နာဋကသုတ် ဖြစ်သည်။ ယင်းသုတ်၌ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို ညီတူညီမျှခံယူရန်၊ လောဘဒေါသမာန်မာန ကင်းရန်၊ သတ္တဝါများအပေါ် ကိုယ်ချင်းစာနာရန်၊ အစားအစာ၌ အတိုင်းအရှည်ရှိစေရန်၊ ဆွမ်းခံချိန်မှလွဲ၍ တော၌နေရန်၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းရန်၊ ဒါယကာ ဒါယိကာမတို့၌ မတွယ်တာ

http://www.linhtet.com



မကပ်ငြိစေရန် စသည်တို့ကို ညွှန်ကြားထားသည်။

### ၆။ ဥပတိဿပသိနေ

အမှတ် ၆ (ဥပတိဿပသိနေ) ကား သုတ္တနိပါတ် သာရိပုတ္တသုတ်ဖြစ်သည်။ ယင်းသုတ်၌လည်း အနာဂတဘယာနိသုတ်များကဲ့သို့ပင် ရဟန်းတော်များ၏ ဘေးအန္တရာယ်တို့ကို ညွှန်ပြထားလေသည်။

### ၇။ လာဃုလောဝါဒ

အမှတ် ၇ (လာဃုလောဝါဒ) သုတ်မှာ မဇ္ဈိမနိကာယ် ရာဟုလောဝါဒသုတ်ဖြစ်သည်။ ကျောက်စာ၌ပင် ယင်းသုတ်ကို မုသာဝါဒနှင့်ပတ်သက်၍ဟောထားသောသုတ်ဟု ဖေါ်ပြထားသည်။ ယင်းသုတ်သည် ရာဟုလာရှင်သာမဏေအား ဆုံးမဟောကြားသော သုတ်ဖြစ်သည်။ ယင်းသုတ်၌ မုသာဝါဒ လိမ်လည်ပြောဆိုခြင်းကို အပြင်းအထန်ရှုတ်ချထားသည့်အပြင် တစ်စုံတစ်ခု ပြုလုပ်လျှင် မိမိပြုလုပ်မည့်အလုပ် အပြစ်ကင်းမကင်း ဆင်ခြင်စဉ်းစားသင့်ကြောင်း ညွှန်ကြားပြောပြထားသည်။

အသောက ဘုရင်မင်းတရားကြီးသည် စံပြရဟန်းတစ်ပါးဖြစ်စေရေးအတွက် ဤသုတ်ခုနစ်သုတ်ကို ညွှန်ပြထားသည်။ ရှင်မဟာ ဗုဒ္ဓဃောသကလည်း ဝိသုဒ္ဓိမဂ်ကျမ်း၌ ၁၊ ရတဝိနိတသုတ် (အသောက၏ အမှတ် ၆ နှင့်တူ) ၂၊ နာဠကသုတ် (အသောက၏အမှတ် ၅ နှင့်တူ) ၃၊ မဟာအရိယဝံသသုတ် (အသောက၏အမှတ် ၂ နှင့်တူ) ၄၊ တုဝါတကသုတ် (ပဋိပဒါ၊ ပါတိမောက္ခ၊ သမာဓိတရားနှင့် စပ်၍ဟောသော သုတ်ဖြစ်၍ အသောက၏ အမှတ်၁နှင့် အလားတူ) များကို ဖေါ်ပြလျက် ယင်းသုတ်များပါအတိုင်း ကျင့်ကြံသည့်စံပြရဟန်းတစ်ပါးအကြောင်းကို သာဓက ထုတ်ပြထားသည်။ ရဟန်းတစ်ပါးသည် သူ့မယ်တော်၏အိမ်၌ သုံးလတိတိ နေ့စဉ်နေ့တိုင်းဆွမ်းဘုဉ်းပေးသည်။ မယ်တော်ဖြစ်သူက ထိုရဟန်းကို သူ့သားမှန်းမသိပေ။ ရဟန်းသည် မည်မျှ သံယောဇဉ် တွယ်တာမှုကင်းသနည်းဆိုလျှင် သူ့ဆွမ်းဒါယိကာမ၏ သားဖြစ်ကြောင်းကို ဖွင့်ဟမပြောပေ။ ရဟန်းဟူသည် ဤရွေ့ ဤမျှသံယောဇဉ်ပြတ်ရသည်ဆိုသည့် အကြောင်းကို ဖေါ်ပြထားခြင်းဖြစ်သည်။

[ *အသောက၏ ဘာဗရု သို့မဟုတ် ဗေရတ် ကျောက်စာများနှင့် ပါဠိကျမ်းဂန်များ၊ အသောက ကျောက်စာဘာသာပြန် စာအုပ်များကိုအခြေခံသည်။* ]

## ဆေးရုံဒါယကာ အသောက

ဒီဃနိကာယ်စက္ကဝတ္တိသီဟနာဒသုတ်၌ စကြဝတေးမင်းတစ်ဦးအနေနှင့် ကျင့်သုံးသင့် ကျင့်သုံးအပ်သည့် တရားများကို ရှင်တော်မြတ်ဘုရား ညွှန်ကြားဟောပြထားတော်မူသည်။ ထိုသုတ်၌ ဘုရင်မင်းတရားကြီးက သူ့သားတော်အား "စကြဝတေးမင်းတစ်ဦးသည် မိမိအုပ်ချုပ်သည့်တိုင်းနိုင်ငံ၌ တရားနှင့်ညီစွာ အုပ်ချုပ်ရမည်။ မိမိနိုင်ငံအတွင်း၌ မည်သည့်နေရာ၌မဆို မတရားမမျှတမှု မရှိစေရ။ တရားမှုကို အကာအကွယ်ပြုသည့် ဥပဒေကို ပြဋ္ဌာန်းရမည်။ သမဏဗြာဟ္မဏတို့အား အခါအားလျော်စွာ အကောင်းအဆိုး အကျိုးအပြစ်နှင့် ပတ်သက်၍ မေးမြန်းစုံစမ်းပြီးလျှင် ယင်းတို့ညွှန်ကြားပြောပြသည်တို့ကို လိုက်နာကျင့်ကြံရမည်" ဟူ၍ နည်းပေးလမ်းပြပြုလုပ်ထားသည်။

ဒီဃနိကာယ် လက္ခဏသုတ်၌လည်း စကြဝတေးမင်း မည်သည်ဤကမ္ဘာလောကကို လက်နက်အသုံးမပြုဘဲ တရားဓမ္မဖြင့်သာလျှင် အနိုင်ရအောင်ကြိုးစားအားထုတ်ရမည်ဟု ညွှန်ကြားပြောပြထားသည်။

အသောက၏ဘဝကို လေ့လာကြည့်လျှင် ယင်းသုတ္တန်ဒေသနာတော်များ၌ ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်သည်ကို တွေ့မြင်ရသည်။ ကမ္ဘာ့သမိုင်းစာမျက်နှာများသည် ဘုရင်ဧကရာဇ်များနှင့် အပြည့်ဖြစ်နေသည်။ အသောကလည်း ကမ္ဘာ့သမိုင်းစာမျက်နှာထဲက ဘုရင်တစ်ပါးဖြစ်သည်။ သို့သော် အသောကသည် ကမ္ဘာ့သမိုင်း၌ ယင်းဘုရင်ဧကရာဇ်အားလုံး၏ အထက်ကဖြစ်နေသည်။ အဘယ့်ကြောင့်နည်း။ စစ်ပွဲတစ်ပွဲပြီး တစ်ပွဲ အနိုင်

http://www.linhtet.com



တိုက်ခိုက် နိုင်သောကြောင့်လား၊ မဟုတ်ပေ။ ပိုင်နက်အင်ပိုင်ယာ ကျယ်ပြန့်ကြီးမားသောကြောင့်လား၊ မဟုတ်ပေ။ အာဏာတန်ခိုး စူးရှထက်မြက်သောကြောင့်လား၊ မဟုတ်ပေ။ မင်းစည်းစိမ်ကို အပြည့်အဝခံစားနိုင်သောကြောင့်လား၊ မဟုတ်ပေ။ မိမိ၏ဘုရင့်သက်တမ်းတစ်လျှောက်၌ ပြည်သူ့အကျိုးကို တစိုက်မတ်မတ် သယ်ပိုးဆောင်ရွက်ခဲ့သောကြောင့်သာလျှင်ဖြစ်သည်။

ကမ္ဘာ့သမိုင်း၌ အလက်ဇန္ဒား၊ ပွန်ပေ၊ ဆီးဇာ၊ နပိုလီယန်စသော ဘုရင်ဧကရာဇ်များလည်း 'မဟာ' အသိအမှတ် အပြုခံကြရသူများ ဖြစ်ကြ သည်။ သူတို့အဘယ်ကြောင့် 'မဟာ' ဖြစ်နေကြသနည်း။ နိုင်ငံချဲ့ထွင်ရာ၌ သွေးချောင်းစီးစေရာ၌ 'မဟာ' ဖြစ်ကြသောကြောင့်တည်း။ ရက်စက်ကြမ်းကြုတ်သော လူသားမဆန်သော အပြုအမူများဖြင့် 'မဟာ' ဘွဲ့ရထားသော အခြားဘုရင်ဧကရာဇ်များလည်း ရှိသေးသည်။ ယင်းတို့ကား ဂျင်ဂစ်ခန်၊ တိမူလန်စသည်တို့ ဖြစ်ကြသည်။ ယင်းဘုရင်ဧကရာဇ်တို့၏ 'မဟာ' မှာ သူတို့ကိုယ် သူတို့တပ်သည့် 'မဟာ' ဖြစ်သည်။ ပြည်သူက ပေးသည့်ဘွဲ့အမည် မဟုတ်ပေ။ ဘုရင်အသောက၏ 'မဟာ' မှာမူ ပြည်သူက နှစ်နှစ်ကာကာ အပ်နှင်းသည့် ဘွဲ့နာမဖြစ်သည်။ အကြောင်းမည်သို့နည်း။ ပြည်သူသည် မိမိကို ချစ်သူအား ပြန်ချစ်မည်သာဖြစ်သည်။ မိမိကို အကျိုးပြုသူအား အကျိုးပြန်တုံ့ပြန်မည်သာဖြစ်သည်။ အသောက၏မူဝါဒသည် 'သဗ္ဗလောကဟိတ' မူဝါဒ ဖြစ်သည်။ တစ်လောကလုံး ရွှင်ပြုံးချမ်းမြေ့ရေးသည် သူ၏ရည်မှန်းဦးတည်ချက်ဖြစ်သည်။

*သဗ္ဗဒါ သဗ္ဗ သတ္တာနံ၊*
*ဟိတာယစ သုခါယစ၊*
*ဥယျုတ္တော အကိလာသုစ၊*
*အဟော အစ္ဆရိယော ဇိနော။*

*[ သတ္တဝါအားလုံး၏ အကျိုးစီးပွားနှင့် ချမ်းသာမှုအတွက် အခါမလပ် မမောမပန်း ကြိုးပမ်းဆောင်ရွက်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည် အံ့သြဖွယ်ရှိပေစွ]*

မဟာကရုဏာရှင် ဘုရားရှင်ကိုယ်တော်မြတ်၏တပည့် ဒါယကာ တစ်ဦးပီပီ အသောကမင်းကြီးသည် မိမိဦးထိပ်ထားသည့် ကျေးဇူးတော်ရှင် ဆရာအရှင်မြတ်ဘုရား၏ ထုံးကိုနှလုံးမူလျက် သတ္တဝါအားလုံး၏ အကျိုးစီးပွားနှင့် ချမ်းသာမှုကို အစဉ်လုံ့လပြုလေသည်။ မင်းတရားကြီး၏ ကြိုးပမ်း

http://www.linhtet.com



ဆောင်ရွက်ချက်များ၌ အပိုင်းနှစ်ပိုင်း ခြားနားသတ်မှတ်၍ရသည်။ တစ်ပိုင်းမှာ သာသနာတော်နှင့် ပတ်သက်ဆက်နွယ်သည်။ မင်းကြီးသည် သာသနာကို သန့်စင်စေသည့် တတိယ သင်္ဂါယနာကို တင်ခဲ့သည်။ မိမိ၏သားတော် မဟိန္ဒ နှင့် သမီးတော် သင်္ဃမိတ္တာကို သာသနာတော်တွင်း သွတ်သွင်း၍ ရှင်ရဟန်းပြု စေခဲ့သည်။ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု ရဟန်းတော်များကို လွှတ်ပြီး ဗုဒ္ဓ၏တရားဒေသနာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။ ဇမ္ဗူဒိပ်အနှံ့ စေတီ ပုထိုးများနှင့် ကျောင်းကန်များကို ဆောက်လုပ်လှူဒါန်းသည်။ ဗုဒ္ဓ၏တရား ဒေသနာတော်ကို ဖေါ်ပြသည့် ကျောက်စာတိုင်များကို နေရာအနှံ့စိုက်ထူခဲ့ သည်။ မိမိကိုယ်တိုင်လည်း ဗုဒ္ဓနှင့် ပတ်သက်ဆက်နွယ်သည့် အထွတ်အမြတ် ဌာနများသို့ အဖူးအမြော် အကန်တော့ ကြွရောက်ခဲ့သည်။ မင်းကြီး၏သာသနာ ရေး ဆောင်ရွက်ချက်များသည် ထုတ်ဖေါ်ပြောပြ၍ ကုန်ဆုံးနိုင်ဖွယ်မရှိ။ မင်းကြီး သည် တစ်ဘက်ကလည်း လူ့လောကကျိုးကို မလစ်ဟင်းစေခဲ့ပေ။ သူ၏ ကျောက်စာများ၌ ပြည်သူကို ထောက်ထားငဲ့ညှာ ကြင်နာမှုထားသည့် အကြောင်းများ နေရာတကာတွင် ထင်ဟပ်နေသည်။ ကလိင်္ဂဒုတိယ ကျောက် စာ၌ ဤသို့ ရေးထိုးထားသည်။

"လူသားအားလုံး ငါ၏သားသမီးများဖြစ်ကြသည်။ ငါ့သားရင်း သမီးရင်းများ၏ လောကကျိုး တမလွန်ကျိုးကို ငါလိုလားသကဲ့သို့ လူအား လုံး၏ လောကကျိုး တမလွန်ကျိုးကိုလည်း ငါထပ်တူထပ်မျှလိုလားသည်။ ငါ့ပိုင်နက် နယ်မြေအပြင်ဘက် နယ်စပ်တစ်လျှောက်နေကြသည့် ငါ့လက် အောက်ခံ မဟုတ်သည့် လူများက သူတို့အပေါ် ငါဘယ်လိုသဘောထား သည်ဆိုသည်ကို သိလိုကြပေလိမ့်မည်။ ငါ့သဘောထားကား သူတို့ငါ့ကို မထိတ်လန့်စေလိုကြပေ။ ငါ့အပေါ် ယုံကြည်မှုရှိစေလိုသည်။ ဆင်းရဲဒုက္ခကို မမျှော်လင့်စေလိုပေ။ သူတို့ကို ခွင့်လွှတ်၍ ရသည့်အပြစ်များကို ငါခွင့်လွှတ် မည်ဟု သူတို့နားလည်စေချင်သည်။ သူတို့ကို ငါ့နမူနာအတိုင်း တရားဓမ္မကို လိုက်နာအောင်စည်းရုံးရမည်။ ဤလောကနှင့်တမလွန် လောကနှစ်ခုလုံးမှာ သူတို့ချမ်းသာသုခ ဖြစ်စေကြရမည်။

"သူတို့အပေါ်တင်ရှိနေသည့် ငါ၏ကြွေးမြီ ပြေပျောက်သွားစေရန် ငါ ၏လိုအင်ဆန္ဒနှင့် ဆုံးဖြတ်ချက်ကို သင်တို့(မင်းမှုထမ်းများ) အား ငါပြောကြား လျက် တာဝန်ပေးလိုက်သည်။ ဘုရင်မင်းမြတ်အပေါ် သူတို့ယုံကြည်မှုရှိလာ အောင် သင်တို့ကြိုးစားရမည်။ ဘုရင်မင်းမြတ်သည်

http://www.linhtet.com



သူတို့အတွက် ဖခင် သဖွယ် ဖြစ်သည်ဟူ၍ လည်းကောင်း၊ သူတို့သည် ဘုရင်မင်းမြတ်၏သားရင်း သမီးရင်းသဖွယ် ဖြစ်သည်ဟူ၍ လည်းကောင်း သူတို့ကို သိစေရမည် . . .”

အသောကကျောက်စာအချို့မှာ အမိန့်တော်ပြန်တမ်းများဖြစ်သည်။ အသောကမင်းကြီးသည် သူ၏အမိန့်တော်ပြန်တမ်းများကို ကျောက်စာတွင် ရေးထိုးပြီး ထုတ်ပြန်ကြေငြာသည်။ ဤကျောက်စာသည် သူ့ပိုင်နက် အပြင်ဘက်က လူများနှင့်မည်သို့ ဆက်ဆံရမည်ဆိုသည်ကို သူ့အမှုထမ်းအရာထမ်းများအား အမိန့်ပေးသည့် အမိန့်တော်ပြန်တမ်းဖြစ်သည်။ တိုင်းသူပြည်သားများကို မည်မျှအရေးထားသည်ဆိုသည်ကို ဆဋ္ဌမကျောက်စာ၌လည်း ဤသို့ ဖော်ပြထားသည်။

“ယခင်အခါများက နိုင်ငံအရေးအခင်းနှင့် ပတ်သက်သည့်အကြောင်းအရာများကို တစ်နေ့တာကာလအတွင်း မည်သည့်အချိန်၌မဆို ဘုရင်မင်းကြီးအား နားတော်လျှောက်ရိုး ထုံးစံမရှိခဲ့ပေ။ ထို့ကြောင့် ငါအစီအစဉ်တစ်ခု စီမံပြုလုပ်လိုသည်။ ငါ့ပြည်သူပြည်သားများ၏ အရေးအခင်းနှင့်စပ်လျဉ်း၍ အမှုထမ်းအရာထမ်းများသည် ငါ့ကို ဘယ်အချိန်မှာမဆို ဘယ်နေရာမှာမဆို အသိပေးနိုင်ခွင့်ရှိသည်။ ပွဲတော်တည်နေသည့်အချိန်၌ဖြစ်စေ၊ မိဖုရားများ၏အဆောင်တော်ကူးနေသည့် အချိန်၌ဖြစ်စေ၊ စက်တော်ခေါ်နေသည့် အချိန်၌ဖြစ်စေ၊ ယာဉ်ရထားစီးနေသည့်အချိန်၌ဖြစ်စေ၊ ဥယျာဉ်တော်အတွင်း အပျော်အပါး ထွက်တော်မူသည့်အချိန်၌ဖြစ်စေ၊ လမ်းလျှောက်နေသည့်အချိန်၌ဖြစ်စေ၊ သာသနာရေးကိစ္စ ဆောင်ရွက်နေသည့်အချိန်၌ဖြစ်စေ၊ မည်သည့်အချိန်၌မဆို ပြည်သူပြည်သားတို့၏ အရေးအခင်းနှင့်ပတ်သက်လျှင် ငါ့ကိုလျှောက်တင်နိုင်ခွင့်ရှိသည်။ မည်သည့်အချိန် မည်သည့်နေရာ၌မဆို ပြည်သူပြည်သားတို့၏ အရေးကိစ္စဆိုလျှင် ဆောင်ရွက်ရန် ငါအဆင်သင့်ဖြစ်သည်။

“ပြည်သူပြည်သားတို့၏အရေးကိစ္စကို လုပ်ကိုင်ဆောင်ရွက်ရာ၌ ငါသည် မည်သည့်အခါမျှ တင်းတိမ်ရောင့်ရဲခြင်း အပြည့်အဝမရှိပေ။ ပြည်သူပြည်သားအတွက် ကောင်းကျိုးဖြစ်ပေါ်စေရန် သယ်ပိုးဆောင်ရွက်ခြင်းထက် အရေးကြီးသောအလုပ် ငါ့မှာမရှိပေ။”

*

http://www.linhtet.com



ဘုရင်အသောကသည် ပြည်သူကိုချစ်သည်။ ပြည်သူကို အလေး ထားသည်။ ပြည်သူ့ကိစ္စသည် သူ့အတွက်အရေးကြီးဆုံး ကိစ္စဖြစ်သည်။ ပြည်သူအတွက် ချမ်းသာသုခဖြစ်စေမည့် အလုပ်ကိစ္စများကို လုပ်ကိုင်ဆောင် ရွက်ရန် သူ အစဉ်စိတ်စောနေသည်။ ယခုလည်း တိုင်းသူပြည်သားများ၏ အကျိုးအတွက် ယခင်က မလုပ်ဖူးသေးသည့် ထူးခြားသောလုပ်ငန်းကြီးများ ကို လုပ်ကိုင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ပြီ။ သူ့အပါး၌ သူ့အမိန့်ကိုနာခံပြီး လုပ်ငန်းကို အကောင်အထည်ဖော်မည့် မှူးမတ်ကြီးများနှင့် အမှုထမ်းအရာထမ်း များ အဆင်သင့်ခစားနေကြသည်။ ဘုရင်မင်းကြီးက သူ့စီမံကိန်းကို ထုတ် ဖော်ကြေငြာလေသည်။

"မင်းကြီးများ။ ငါ၏နိုင်ငံတော်တွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူ ပြည်သားတွေနဲ့ နိုင်ငံတော်အပြင်ဘက်က ပြည်သူပြည်သားတွေရဲ့ ဆေးဝါး ကုသမှုအတွက် ငါစီမံဖန်တီးလိုတယ်။ ပြည်တွင်းပြည်ပမှာ ဆေးဝါးကုသပေး တဲ့ ဆေးခန်းတွေ ဆေးရုံတွေ ဖွင့်လှစ်ပေးရမယ်။ လူတွေအတွက် ဆေးခန်းတွေ ဆေးရုံတွေ ဖွင့်လှစ်ပေးရမယ်။ လူနှင့်တိရစ္ဆာန်တွေအတွက် ဆေးဝါးမရှိတဲ့နေရာ တွေကို ဆေးဝါးများပို့ပေးရမယ်။ အဲဒီဒေသတွေမှာ ဆေးပင် ဝါးပင်များ စိုက်ပျိုး နိုင်အောင်လဲ စီမံဖန်တီးပေးရမယ်"

ဘုရင်မင်းကြီးက အမိန့်ချမှတ်ရုံသာချမှတ်သည်။ အမိန့်ကိုအကောင် အထည်ဖော်ရန်မှာ မှူးမတ်များ၊ မင်းမှုထမ်းများ၏ တာဝန်ဖြစ်သည်။ ဘုရင့် ဘဏ္ဍာတိုက်ထဲတွင်လည်း ငွေအသပြာ အလုံအလောက်ရှိသည်။ အချိန် ကာလ သိပ်မကြာလိုက်ပါ။ ပြည်တွင်းပြည်ပဒေသနှစ်ခုလုံး၌ပင် ဆေးရုံများ ဆေး ခန်းများ ပေါ်ပေါက်လာလေသည်။ နိုင်ငံတော်အတွင်း၌လည်းကောင်း၊ စောလ၊ ပဏ္ဍယ၊ သတျပုတြ၊ ကေရလပုတ္တတို့၌လည်းကောင်း၊ တာမရပဏ္ဏိ သီဟိုဠ်ကျွန်း၌လည်းကောင်း၊ ခရီးအလှမ်းဝေးလှသည့် ယောနက–ဂရိတိုင်း ပြည်တို့၌ လည်းကောင်း၊ အသောကဘုရင်မင်းကြီး၏ ကောင်းမှုဆေးရုံနှင့် ဆေးခန်းများ ပေါ်ပေါက်လာကြသည်။ ထိုဆေးရုံဆေးခန်းတို့၌ လူမမာများကို ဆေးဝါးကုသပေးမည့် သမားတော်များလည်း မရှားပေ။ ဗုဒ္ဓလက်ထက်တော် အခါကပင် တက္ကသီလာနှင့် ဗာရာဏသီတို့၌ ဆေးပညာတက္ကသိုလ်များရှိ ခဲ့သည်။ ဗုဒ္ဓ လက်ထက်တော်အခါက နာမည်ကျော်သမားတော် ဇီဝကသည် တက္ကသီလာ ဆေးပညာတက္ကသိုလ်ထွက်ဖြစ်သည်။ နာမည်ကျော်သမားတော် ဆေး ပညာပါမောက္ခအာဠ္ရေယျသည် ဇီဝက၏ဆရာဖြစ်သည်။ ဂရိသမား

http://www.linhtet.com



တော်ကြီးကဘောဆိယတ်သည် သူ၏ 'အင်ဒီကာ' မည်သောစာအုပ်၌ ထိုခေတ် အိန္ဒိယနိုင်ငံ၏ ဆေးပညာအကြောင်းကို ချီးကျူးရေးသားထားသည်။ အလက်ဇန္ဒားသည် အိန္ဒိယသို့ရောက်သောအခါ အိန္ဒိယသမားတော်များကို ဘုရင့်သမားတော်အဖြစ် ခန့်ထားသည်။ ယင်းသို့ အသောကလက်ထက်မတိုင်မီက ပြန့်ပွားလာခဲ့သော ဆေးပညာသည် အသောကလက်ထက်ရောက်သောအခါ အတော်ပင် တိုးတက်နေပြီ။ သို့ဖြစ်၍ အသောကမင်းကြီး ပြည်တွင်းပြည်ပ နေရာ အနှံ့အပြားဆေးရုံ ဆေးခန်းများ ဖွင့်လှစ်သောအခါ ယင်းဆေးရုံများ ဆေးခန်းများ၌ ဆေးဝါးကုသပေးမည့် သမားတော်များ ရရှိရေးအတွက် အခက်အခဲ မရှိတော့ပေ။

အသောကမင်းကြီး ဆေးရုံနှင့်ဆေးခန်း လှူဒါန်းလိုသည့် ဆန္ဒဖြစ်ပေါ်လာခြင်းမှာ ဗုဒ္ဓ၏တရားဒေသနာတော်ကို အခြေခံသည့် သူ၏ကရုဏာကြောင့်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က အဖြစ်အပျက်တစ်ခုဖြစ်ခဲ့ဖူးသည်။ အခါတစ်ပါး၌ ရဟန်းတစ်ပါးသည် ဝမ်းရောဂါဖြစ်နေသည်။ ထိုရဟန်းသည် သူ၏ကျင်ကြီး ကျင်ငယ်ထဲတွင် လဲလျောင်းနေရရှာသည်။ သူ့အနီး၌ သူ့ကိုပြုစုမည့်ရဟန်းတစ်ပါးတစ်လေမှ မရှိပေ။ ထိုဂိလာနရဟန်းကို ဘုရားရှင်တွေ့မြင်သွားသောအခါ ရှင်အာနန္ဒာအား ရေအယူခိုင်းပြီး ဘုရားရှင်ကိုယ်တော်တိုင် ဆေးကြောသုတ်သင်ပေးတော်မူသည်။ ထို့နောက် ရဟန်းများကို စုဝေးစေပြီးလျှင် "ရဟန်းတို့၊ သင်တို့ကို ပြုစုမည့်အမိလည်းမရှိ၊ အဖလည်းမရှိ၊ အကယ်၍ သင်တို့ တစ်ပါးနှင့်တစ်ပါး မပြုစုလျှင် မည်သူလာပြုစုမည်နည်း။ လူမမာကို ပြုစုသူသည် ငါ့ကိုပြုစုသူမည်၏" ဟူ၍ ဟောကြားတော်မူသည်။ ယင်းအဖြစ်အပျက်သည် ဗုဒ္ဓကို ကြည်ညိုကိုးကွယ်သူမှန်သမျှအား လူမမာပြုစုရန် အားပေးလှုံ့ဆော်နေပေသည်။

ဗုဒ္ဓ၏တရားဒေသနာကို လက်ကိုင်ထားသော အသောကမင်းကြီး၏ အပေါ်၌လည်း ဗုဒ္ဓ၏အဆုံးအမသည် ဩဇာစူးရှနေဟန်တူသည်။ သို့ဖြစ်သောကြောင့် ပြည်တွင်းပြည်ပ ဒေသအနှံ့အပြား၌ ဆေးရုံများ၊ ဆေးခန်းများ ဖွင့်လှစ်လှူဒါန်းလိုသည့် စိတ်ဆန္ဒဖြစ်ပေါ်လာခြင်း ဖြစ်ပေလိမ့်မည်။ အသောကမင်းကြီးသည် ဒေသအနှံ့အပြား၌ ရေတွင်းရေကန်များ ဆောက်လုပ်လှူဒါန်းသကဲ့သို့ လည်းကောင်း၊ ကျောင်းကန်ဘုရားနှင့်စေတီပုထိုးများ ဆောက်လုပ်လှူဒါန်းသကဲ့သို့လည်းကောင်း၊ ပြည်တွင်းပြည်ပနှစ်ဌာနတို့၌ ဆေးရုံနှင့်ဆေးခန်းများကိုလည်း ဆောက်လုပ်လှူဒါန်းလေသည်။ သို့ဖြစ်၍ အသောကမင်းကြီး

http://www.linhtet.com



သည် သာသနာ့ဒါယကာဖြစ်သကဲ့သို့ ဆေးရုံဒါယကာလည်း ဖြစ်ပေသည်။

အာရှတိုက်၌သာမက အာဖရိကနှင့် ဥရောပတိုက်၌ပင် ဆေးရုံဆေးခန်းတို့ကို ပထမဦးဆုံး စတင်တည်ထောင်သူများမှာ ဗုဒ္ဓဘာသာဝင်များသာလျှင်ဖြစ်သည်။ ခုနစ်ရာစုကျမှ ဥရောပတိုက်သားများသည် ပထမဦးဆုံး ဆေးရုံကို တည်ထောင်ကြသည်။ ခုနစ်ရာစု၌ တည်ထောင်သော ပဲရစ်မြို့ မြေဆန်ဒျူသည် ဥရောပတိုက်သားများကိုယ်တိုင် တည်ထောင်သော ပထမဦးဆုံး ဆေးရုံ ဖြစ်သည်။ အသောကမင်းကြီး ဆောက်လုပ်လှူဒါန်းသော ဆေးရုံများကား ထိုဆေးရုံထက် နှစ်ပေါင်း တစ်ထောင်လောက် စောနေသည်။ ။

*[ အသောကကျောက်စာများကို အခြေခံသည်။]*

❑

http://www.linhtet.com

## အသောက၏အတ္တကထာ

ငါ၏နိုင်ငံတွင် ရှေးရှုးပဝေသဏီ လက်ထက်ကစပြီး ဆင်းသက်ပြန့်ပွားလာခဲ့သည့် အစဉ်အလာဆိုးတစ်ခု ရှိနေသည်။ ယင်းအစဉ်အလာမှာ မိမိ ပျော်ရွှင်မှုရစေရန် အပြစ်မဲ့သည့် တောတိရစ္ဆာန်များကို လိုက်လံသတ်ဖြတ်ခြင်း ဖြစ်သည်။ 'ယင်းကို အမဲလိုက်သည်ဟူ၍လည်းကောင်း၊ တောကစားထွက်သည်ဟူ၍လည်းကောင်း နာမည်အမျိုးမျိုး တပ်ခေါ်ကြသည်။ အသတ်ခံရ သည့် တောတိရစ္ဆာန်များကို သားကောင်ဟု ခေါ်ကြသည်။ သားကောင်ဟူ သည်မှာ အပျော်အပါးအတွက်ဖြစ်စေ၊ သို့မဟုတ် ဟင်းလျာအတွက်ဖြစ်စေ၊ သို့မဟုတ် ရောင်းချပြီး စီးပွားရှာလိုသည့်အတွက်ဖြစ်စေ လက်နက်ကိုင်လူသား တို့၏ သတ်ဖြတ်ခြင်းခံရသည့် တောတိရစ္ဆာန်ကို ခေါ်ခြင်းဖြစ်သည်။ ယင်း သားကောင်ကို ဥပမာ ဥပမေယျထား၍ တစ်စုံတစ်ခုသော သက်ရှိသက်မဲ့ အရာဝတ္ထု၏ နှိပ်စက်ခြင်းခံရသော သက်ရှိသတ္တဝါတစ်ဦးကိုလည်း သား ကောင်ဟူသော ဝေါဟာရစကားလုံးဖြင့် တင်စားသုံးစွဲလေ့ရှိကြသည်။

အပြစ်မဲ့သည့်တောတိရစ္ဆာန်များကို လိုက်လံသတ်ဖြတ်ရာ၌ ရည်ရွယ်ချက် အမျိုးမျိုးရှိသည့်အနက် ဆင်းရဲသားပြည်သူတစ်ဦးအနေဖြင့် သူ့ အသက်မွေးဝမ်းကျောင်းအတွက် တောလိုက်မုဆိုး အလုပ်လုပ်သည်ကို ပြော မပြလိုသော်လည်း ဘုရင်ဧကရာဇ်များ၊ မင်းညီမင်းသားများ၊ မှူးမတ်၊ ကလန်၊ သံပျင်များနှင့် အရာရှိအရာခံများ၊ သူဌေး သူကြွယ်များ အပျော်သက်သက် တောကစားထွက်သည့်အလေ့ကိုမူ ငါအကြီးအကျယ်အပြစ်မြင်လာသည်။ ငါ၏ဘေးလောင်းတော် ဘိုးလောင်းတော်များသည် အားလုံးလိုလိုပင် အပျင်း

http://www.linhtet.com



ပြေအပျော်သက်သက် တောကစားထွက်ကြသည်။ တောကစား ထွက်သည့်အခါ နန်းတော်သူ နန်းတော်သားများလည်း အအားမနေရပေ။ မင်းမှုထမ်းများနှင့်စစ်သည်တော်များလည်း အလုပ်ပိုလုပ်ကြရသည်။ တောကစားထွက်သည့် ပဒေသရာဇ်ဘုရင်နှင့် မင်းညီမင်းသားများနောက် အသက်ဘေးပဓာနမထားဘဲ တောကြီးမျက်မည်းထဲတစ်ကောက်ကောက် လိုက်ကြရသည်။ ယင်းသို့ ကျွန်ဝယ်ရာ အဆစ်ပါယင်း တောတိရစ္ဆာန်နှင့် ရင်ဆိုင်တိုးပြီး အသက်ဆုံးသွားကြရရှာသည့် နောက်လိုက်နောက်ပါများ၏ ဦးရေလည်း မနည်းတော့ပေ။

ငါ၏ဘိုးတော် စန္ဒဂုတ္တဘုရင်မင်းကြီးလည်း တောကစား အလွန်ဝါသနာပါသည်။ စစ်သွေးကြွနေသည့် ဘိုးတော်၏ရဲစိတ်ရဲမာန်သည် လူသားချင်း စစ်တိုက်ခွင့်မရသည့်အခါ၌ တောတိရစ္ဆာန်များ ဘက်သို့ လှည့်သွားတတ်သည်။ ဘိုးတော်သည် မကြာခဏ တောကစားထွက်လေ့ရှိသည်။ ဘိုးတော် စန္ဒဂုတ္တကို ဘုရင်ဧကရာဇ်အဖြစ် ထိုးတင်ပေးသည့် အမတ်ကြီးကောဋိလျစာဏကျကလည်း သူ၏နာမည်ကျော် 'အတ္ထသျှတ္တရ' ၌ တောကစားသည့် အလေ့ကို အားပေးအားမြှောက် ပြုလုပ်ထားသည်။ အမတ်ကြီးသည် သူ၏ 'အတ္ထသျှတ္တရ' ၌ တောကစား ထွက်ခြင်းသည် အကောင်းဆုံးသော ကျန်းမာရေး လေ့ကျင့်ခန်း ဖြစ်သည်။ တောကစားထွက်ခြင်းအားဖြင့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းလာသည့်အပြင် လှုပ်ရှားနေသည့်အရာနှင့် ရပ်တည်နေသည့်အရာကိုချိန်ပြီး လက်နက်အသုံးပြုရာ၌ ထူးထူးခြားခြား လက်ဖြောင့်လာနိုင်သည် စသည်ဖြင့် ရေးသားထားသည်။ မိမိ၏ ကျန်းမာရေးနှင့် လက်တည့်ရေး၊ လက်ဖြောင့်ရေးအတွက် အပြစ်မဲ့သည့် တောတိရစ္ဆာန်များ၏အသက်ကို အသုံးချသည်မှာ တရားပါသလော။ အခြားနည်းလမ်းများဖြင့် ကျန်းမာရေး လေ့ကျင့်၍ မရဘူးလော။

ဖခမည်းတော် ဗိန္ဒုသာရမင်းကြီးလည်း သူ့ခမည်းတော် ခြေရာကိုပင်နင်းခဲ့သည်။ ခမည်းတော်လည်း အားအားရှိ တောကစားထွက်လေ့ရှိသည်။ ဘိုးတော်နှင့် ခမည်းတော်တို့၏ တောကစား ဓလေ့အထသည် ငါ့ကိုပါ ကူးစက်လာသည်။ ငါလည်း ဘုရင်နှင့်မင်းညီမင်းသားတို့၏ အလေ့ဆိုးဖြစ်သည့် တောကစားအလေ့အထကို အကောင်းမှတ်ခဲ့သည်။ အထင်ကြီးခဲ့သည်။ နန်းရပြီးသည့်နောက် ငါလည်း အချိန်ရလျှင် တောကစားထွက်ခဲ့သည်။ တောကစားထွက်လျှင် အပျင်းပြေမည်။ ကျန်းမာသန်စွမ်းမည်။ လက်နက် အထိုးအခုတ်ကျင့်သားရနေမည်။ နောင်တစ်ပြည်နှင့်တစ်ပြည် စစ်ခင်းရသည့်အခါ လက်နက်

http://www.linhtet.com



အတတ်ပညာ ကျွမ်းကျင်ပြီးသားဖြစ်နေမည်။ ယင်းရည်ရွယ်ချက်များဖြင့် ငါလည်း တောကစားထွက်လေ့ရှိသည်။ တစ်ကြိမ်က ငါသည် လှပသောမျက်လုံးကလေးဖြင့် ငါ့ကိုစိုက်ကြည့်နေသည့် ယုန်ကလေးကို မြားနှင့်ပစ်ခဲ့သည်။ တစ်ခါတုန်းကလည်း မိမိရင်သွေး သားငယ်ကလေးကို ကျောပေါ်ပိုးပြီး သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးနေသည့် မျောက်မတစ်ကောင်ကို မြားနှင့်လက်တည့်စမ်းခဲ့သည်။ တစ်ချိန်တွင်လည်း ကျားပေါက်ကလေးများကို နို့တိုက်ရာက ထ,လာသည့် ကျားမကြီးကို လှံဖြင့် ထိုးစိုက်လိုက်သည်။

သို့သော် တလိင်္ဂစစ်ပွဲပြီးဆုံးသွားပြီးသည်နှင့် တစ်ပြိုင်နက် ငါသတိသံဝေဂ ရလာသည်။ ကလိင်္ဂစစ်ပွဲအတွင်း လူပေါင်းအသိန်းအသောင်းအသတ်ခံရခြင်းနှင့် သွေးထွက်သံယိုဖြစ်ရခြင်းများကို တွေ့ရသည့်အတွက် ငါထိတ်လန့်တုန်လှုပ်သွားသည်။ ထိုအချိန်မှစ၍ ငါ၏မေတ္တာကရုဏာသည် မနုဿလူသားများအပေါ်သာမကဘဲ အပြစ်မဲ့သည့် သားတိရစ္ဆာန်များပေါ်လည်း ရောက်သွားသည်။ နန်းစံသက် ဆယ်နှစ်ပြည့်သောအခါ တောကစားထွက်သည့် အလေ့အထကို ငါလုံးဝစွန့်လွှတ်လိုက်သည်။

ရှင်တော်မြတ်ဘုရား ဟောကြားထားသည့် 'အဟိံသာပရမောဓမ္မော'ဆိုသည့် တရားတော်ကိုလည်း ငါလုံးဝ ယုံကြည်သွားသည်။မနုဿလူသားများကိုသာမက သက်ရှိသတ္တဝါအားလုံးအပေါ် ကရုဏာ မေတ္တာထားသင့်သည်ဟူ၍ ငါသဘောပေါက်သွားသည်။ ထိုအချိန်အခါ၌ ငါ၏အပေါ်တွင် ရှင်တော်ဗုဒ္ဓ၏တရားဒေသနာများသည် ဩဇာအရှိန်အဝါ စူးရှနေပြီ။ အချိန်ရလျှင် တောကစားထွက်သည့်အစား ရှင်တော်မြတ်ဘုရားနှင့် ပတ်သက်ဆက်နွယ်နေသည့် အထွတ်အမြတ် နေရာဌာနများသို့ အဖူးအမြော် သွားရောက်ခဲ့သည်။ ယင်းသို့အားဖြင့် ငါသည် ဗုဒ္ဓဂယာ၊ လုမ္ဗိနီစသော ဌာနများသို့ ရောက်ခဲ့သည်။ ယင်းသို့ တောကစားခြင်းအစား ဓမ္မစရီးထွက် လိုက်သည့်အတွက် ငါအကျိုးတရားများစွာရရှိခဲ့သည်။ ဗုဒ္ဓနှင့်ပတ်သက် ဆက်နွယ်နေသည့် အထွတ်အမြတ်ဌာနများကိုလည်း ဖူးမြော်ရသည်။ အရပ်ထက်ဝန်းကျင်ရှိ သမဏဗြာဟ္မဏများကို ဖူးတွေ့ရပြီး အလှူဒါန ပေးကမ်း လှူဒါန်းခွင့်လည်း ရရှိသည်။ ပြည်သူကြားထဲ ရောက်သွားပြီး ပြည်သူအများအား ပြည်သူ့ကျင့်ဝတ်နှင့် ပတ်သက်၍လည်းကောင်း၊ တရားဓမ္မနှင့်ပတ်သက် ၍လည်းကောင်း၊ နည်းပေးလမ်းပြ ညွှန်ကြားပြောပြခွင့်လည်းရရှိသည်။ ငါသည် ငါ၏အမိန့်ပြန်တမ်းများနှင့် အယူအဆများကို ကျောက်စာတွင် ထွင်းထုပြီး ပြည်သူအများ

http://www.linhtet.com



သိသာရန် ထုတ်ပြန်ကြေငြာလေ့ရှိသည်။ တောကစား ထွက်သည့် အလုပ်ကို မလုပ်တော့ဘဲ ယင်း၏အစား ဓမ္မခရီးထွက်သည့် အကြောင်းအရာကိုလည်း ငါကျောက်စာထွင်းထုပြီး ထုတ်ပြန်ကြေငြာလိုက်လေသည်။

အပြစ်မဲ့သည့် သားတိရစ္ဆာန်များနှင့်ပတ်သက်၍ ငါ၏ဆောင်ရွက်ချက်တစ်ခုရှိသေးသည်။ မောရိယဘုရင် ဧကရာဇ်များ ပွဲတော်တည်သည့် အစားအစာများထဲတွင် သားငါးသည် အဓိကဖြစ်သည်။ ငါကိုယ်တိုင်လည်း ပွဲတော်တည်လျှင် သားငါးမပါလျှင် တို့ရုံမျှပင် တို့လိုသည့် စိတ်ဆန္ဒမရှိပေ။ ထို့ကြောင့် ငါ၏နန်းတော်က စားဖိုဆောင်၌ တစ်နေ့စာအတွက် သားငါးတိရစ္ဆာန် ထောင်နှင့်သောင်းနှင့်ချီပြီး သတ်သည်။ သားငါးများကို နန်းတော်သူနန်းတော်သားအားလုံးလည်း အဝအပြစားကြသည်။ သမဏဗြာဟ္မဏများနှင့် အခြားပြည်သူများကိုလည်း လှူဒါန်းခွဲဝေပေးသည်။ ယင်းသို့အားဖြင့် ငါ၏နန်းတော်တစ်ခုတည်း စားသုံးရန်အတွက် တစ်နေ့တစ်နေ့တွင် သားတိရစ္ဆာန်များ သောက်သောက်လဲ သေကျေပျက်စီးကြရသည်။ ယခုလို လူသားများ ဝမ်းဗိုက်ဖြည့်တင်းရန်အတွက် အပြစ်မဲ့သည့် သက်ရှိသားတိရစ္ဆာန်များ နေ့စဉ်နေ့တိုင်း ထောင်နှင့် သောင်းနှင့်ချီပြီး အသက်စတေးသွားကြရသည်ကို ငါယခင်က သတိမရခဲ့။ သို့သော် ယခုတရားသံဝေဂရရှိလာသည့်အခါတွင်မူ ငါသည် လူသားတို့၏ကရုဏာမဖက်သည့် ယင်းရက်စက်မှုကြီးကို အော့နှလုံးနာလာသည်။ ထို့ကြောင့် ငါသည် ပထမအဆင့်အနေဖြင့် စားဖိုဆောင်အတွက် တစ်နေ့လျှင် ဥဒေါင်းနှစ်ကောင်နှင့် သမင်တစ်ကောင်သာ သတ်ရမည်ဟု အမိန့်ထုတ်လိုက်သည်။ ငါကိုယ်တိုင်လည်း သတ်သတ်လွတ် လုံးလုံးမစားနိုင်သည့် အခြေအနေရှိနေ၍ ထိုကဲ့သို့တစ်နေ့ သုံးကောင်သတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ သို့သော် ငါသည် ရှင်တော်ဘုရား ဟောကြားသည့် တရားဒေသနာတော်အတိုင်း လိုက်နာကျင့်ကြံနေသူဖြစ်သည့်အတိုင်း ငါ၏ရသတဏှာကိုလည်း လုံးဝထိန်းချုပ်ထားနိုင်သည့်အဆင့်သို့ ရောက်ရှိလာသည်။ သို့ဖြစ်၍ စားဖိုဆောင်အတွက် သားငါးတိရစ္ဆာန်လုံးဝ မသတ်ရဆိုသည့်အမိန့်ကို အပြီးအပြတ်ထုတ်လိုက်လေသည်။ ယင်းအမိန့်အကြောင်းကိုလည်း ငါသည် ကျောက်စာရေးထိုးပြီး တိုင်းပြည်သိအောင် ကြေငြာခိုင်းလိုက်လေသည်။

နန်းစံနှစ် နှစ်ဆယ့်ခြောက်နှစ်မြောက်၌ ကျေးငှက်တိရစ္ဆာန်အမျိုးအစား အမြောက်အများကိုလည်းကောင်း၊ ကိုယ်ဝန် သို့မဟုတ် နို့စို့ကလေးရှိသည့် ဆိတ်မ၊ သိုးမ၊ ဝက်မတို့ကိုလည်းကောင်း၊ သတ်ဖြတ်ခြင်းမပြုရန် တား

http://www.linhtet.com



မြစ်ပိတ်ပင်ထားသည်။ တောတိရစ္ဆာန်များ ဘေးဖြစ်စေမည့် တောမီးရှို့ခြင်းများ မပြုလုပ်ပါရန်လည်း တားမြစ်ထားလိုက်သည်။ သက်ရှိသတ္တဝါတစ်ဦး၏ အသားကို အခြားသက်ရှိသတ္တဝါတစ်ဦးအား မကျွေးမွေးရန်လည်းကောင်း၊ နေ့ကြီးရက်ကြီးအခါကြီးများ၌ သားငါးမသတ်ဖြတ်ရန်နှင့် နွား ဆိတ် သိုး တို့ကို မသင်းကွပ်ရန် လည်းကောင်း ပညတ်ထားလိုက်သည်။

ငါ၏နိုင်ငံ၌ အစဉ်အလာ ဖြစ်လာခဲ့သော မနှစ်မြို့အပ်သည့် ဓလေ့ထုံးစံတစ်ခုရှိသေးသည်။ ယင်းဓလေ့ထုံးစံမှာ မိမိတို့၏ယုံကြည်ကိုးကွယ်မှုအတွက် တိရစ္ဆာန်များကို သတ်ဖြတ်၍ တိရစ္ဆာန်တို့၏ အသွေးအသားဖြင့် ယဇ်နတ်ပူဇော်ခြင်းဖြစ်သည်။ ယင်းအလေ့အထကို ငါအလွန်တရာစက်ဆုပ်သည်။ ထို့ကြောင့် နေပြည်တော် ပါဋလိပုတ်နှင့် ငါ၏ပိုင်နက်နယ်မြေဒေသတို့၌ တိရစ္ဆာန်များကိုသတ်၍ ယဇ်နတ် မပူဇော်ရဟူ၍လည်း ငါအမိန့်တော် ထုတ်ပြန်ကြေငြာထားလိုက်လေသည်။

ငါ၏နိုင်ငံ၌ ပွဲလမ်းသဘင်ကျင်းပသည့် အလေ့အထ အလွန်တရာများသည်။ လူတို့သည် အပျော်အပါးအလွန်ဝါသနာပါသည်။ မိမိတို့အပျော်အပါးအတွက် ပွဲလမ်းသဘင်ကျင်းပခြင်းမှာ မထောင်းတာလှသော်လည်း ထိုပွဲလမ်းသဘင်များ၌ အပြစ်မဲ့သည့်တိရစ္ဆာန်များသည် တစ်နည်းတစ်လမ်းအားဖြင့် ပါဝင်လာကြရသည်။ လူတို့သည် လူ့အသိဉာဏ်ဖြင့်လည်းကောင်း လက်နက်ဖြင့်လည်းကောင်း တိရစ္ဆာန်များအား အနိုင်ကျင့်ကြသည်။ မိမိတို့အစာအာဟာရအတွက်လည်း တိရစ္ဆာန်များကို သတ်စားကြသည်။ မိမိတို့အသက်မွေးဝမ်းကျောင်းမှုအတွက်လည်း ခိုင်းစေကြသည်။ ယင်းသို့အားဖြင့် နည်းလမ်းအမျိုးမျိုးဖြင့် မိမိတို့အားအဘက်ဘက်မှ အကျိုးပြုနေသည့် တိရစ္ဆာန်များအား လူတို့သည် မိမိတို့အပျော်အပါးအတွက် အသုံးချလိုက်ကြသေးသည်။ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပသည့်နေ့များ၌ တိရစ္ဆာန်များအား တစ်ကောင်နှင့်တစ်ကောင် အတွေ့ခိုင်းသည်။ အကိုက်ခိုင်းသည်။ အသတ်ခိုင်းသည်။ တိရစ္ဆာန်များ တစ်ကောင်နှင့်တစ်ကောင်အလဲအကွဲ သတ်ကြပုတ်ကြသောအခါ လူများက သြဘာပေးကြသည်။ အော်ကြဟစ်ကြပျော်ကြသည်။ ပျော်ပွဲသဘင်များ၌ မြင်းအပြေးပြိုင်ပွဲ၊ နွားအပြေးပြိုင်ပွဲ၊ နွားတွေ့ပွဲ၊ ကျွဲခတ်ပွဲ စသော တိရစ္ဆာန်ပွဲများ မပါလျှင် ပွဲမစည်ပေ။ ထိုမျှသာမက ထိုပျော်ပွဲရွှင်ပွဲများ၌ သားတိရစ္ဆာန်များကို သတ်ဖြတ်ချက်ပြုတ်ပြီး သေရည်သေရက်ဖြင့် မြည်းကြသေးသည်။

တိရစ္ဆာန်များအပေါ် ကရုဏာသက်ရောက်မှုရှိလာသောအခါ စည်းမဲ့

http://www.linhtet.com



ကမ်းမဲ့ ပရမ်းပတာဖြစ်နေသည့် ယင်းပွဲလမ်းသဘင်များကို ငါရွံမုန်းလာသည်။ ထို့ကြောင့် ငါသည် ငါ၏နိုင်ငံတော်၌ ယင်းပွဲလမ်းသဘင်မျိုးကို လုံးဝမကျင်းပ မပြုလုပ်ရဟု ပိတ်ပင်ပစ်လိုက်သည်။ ငါယခုလိုအမိန့်ထုတ်ပြန်ကြေငြာလိုက်သည့်အတွက် အပျော်ကြူးလိုကြသည့် မင်းမှုထမ်းအချို့နှင့် ပြည်သူအချို့က ငါ့ကိုအပြစ်တင်ကြသည်ဆိုသည်ကို ငါသိုးသိုးသန့်သန့်ကြားသိရသည်။ သို့သော် ငါသည်တစ်သောင်း၏ ကောင်းကျိုးလုပ်ရာ၌ တစ်ယောက်၏မကျေနပ်ချက်ကို လုံးဝထည့်မတွက်ပေ။ ငါ၏အလုပ်သည် အပြစ်မဲ့သည့် တိရစ္ဆာန်များအား ထောက်ထားညှာတာရာ ရောက်သည့်အပြင် ပြည်သူတို့၏ ထိန်းမနိုင်သိမ်းမရဖြစ်နေသည့် စိတ်ဓာတ်ကိုလည်း အဖတ်ဆယ်ရာရောက်သည်။ ငါ၏အလုပ်ကို ငါလုံးဝကျေနပ်သည်။ လူ့ကျင့်ဝတ်နှင့် မလျော်မအပ်စပ်သည့် ပွဲလမ်းသဘင်များကိုပိတ်ပြီး ပြည်သူအကျိုးရှိစေမည့် ပွဲလမ်းသဘင်များကို ခွင့်ပြုသည့် အမိန့်ပြန်တမ်းကိုလည်း ကျောက်စာထွင်းထုပြီး တိုင်းသိပြည်သိ ထုတ်ပြန်ကြေငြာလိုက်လေသည်။

ငါသည် လူနှင့်တိရစ္ဆာန်မခွဲခြားဘဲ သက်ရှိသတ္တဝါအားလုံးအပေါ် ကရုဏာမေတ္တာထားသည်ဆိုသည့် အကြောင်းကို လူ့ကျင့်ဝတ်နှင့် ပတ်သက်၍လည်းကောင်း၊ တရားဓမ္မနှင့်ပတ်သက်၍လည်းကောင်း ရေးထိုးထားသည့် ငါ၏ကျောက်စာများ၌ ထည့်သွင်းကြေငြာထားသည်။ ငါ၏ကရုဏာသည် မနုဿလူသားအတွက် သက်သက်သာ ကွက်မနေပေ။ တိရစ္ဆာန်များကိုလည်း ငါကြင်နာထောက်ထားသည်။ သူတို့လည်း လူလိုပင် အသက်နှင့်ကိုယ်နှင့်ဖြစ်ကြသည်။ ငါသည် ပြည်သူပြည်သား အကျိုးရှိစေမည့် လုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရန်အတွက် ဓမ္မမဟာမတ္တ၊ ရဇ္ဇုက စသောရာထူးဌာနန္တရများကို ဖန်တီးပေးထားသည်။ ယင်းရာထူးတွင် ခန့်အပ်ထားခြင်းခံရသူအမှုထမ်းသည် တိရစ္ဆာန်တို့၏အကျိုးကို ရှေးရှုရသည်။

ငါသည် ငါ၏ပိုင်နက်နယ်မြေအတွင်းမှာသာမက နယ်ခြားမြေခြားများ၌ပင် ပြည်သူပြည်သားများအတွက် ဆေးရုံများ၊ ဆေးပေးခန်းများကို ဖွင့်ပေးထားသည်။ ထိုနေရာများသို့ ဆေးဝါးများကိုလည်း မပြတ်ပို့ပေးသည်။ မနုဿလူသားအတွက် သက်သက်မျှသာမဟုတ်ဘဲ တိရစ္ဆာန်များအတွက်ပါ ငါစေတနာထားသည့်အလျောက် ယင်းဆေးရုံများ၊ ဆေးပေးခန်းများရှိသည့် နေရာမှန်သမျှ၌ တိရစ္ဆာန်များအတွက် ဆေးဝါးကုသပေးရေးကိုလည်း စီမံဖန်တီးထားသည်။ ငါခန့်ထားသည့် ဗြဇဘူမိကအရာထမ်းများသည် ယင်း

http://www.linhtet.com



တိရစ္ဆာန် ဆေးဝါးကုသရေးစသော တိရစ္ဆာန်များ၏ အရေးကိုကြပ်မတ်ကြည့်ရှုရသည်။

ငါသည် မနုဿလူသားကိုမျှသာမက တိရစ္ဆာန်များကိုပါ စေတနာထားသည်။ မနုဿလူသားများ၏အကျိုး သည်ပိုးဆောင်ရွက်သကဲ့သို့ တိရစ္ဆာန်တို့၏အရေးကိုလည်း အလေးထားသည်။ တိရစ္ဆာန်များအပေါ် ငါ ကရုဏာမေတ္တာထားသကဲ့သို့ အခြားပုဂ္ဂိုလ်များလည်း ထားနိုင်ကြပါစေ။

[ *အသောက ကျောက်စာများကို အခြေခံသည်။*]

❑

http://www.linhtet.com

## နေနှင့်လ မကွယ်သရွေ့

ဘုရင်အသောကသည် နန်းတက်ပြီးရှစ်နှစ်အကြာ၌ ကလိင်္ဂတိုင်းကို တိုက်သည်။ စစ်ပွဲတွင် အနိုင်ရပြီး ကလိင်္ဂတိုင်းကို မိမိလက်အောက်ခံနိုင်ငံအဖြစ် သွတ်သွင်းနိုင်ခဲ့သည်။ သို့ရာတွင် စစ်ပွဲ၏အနိဋ္ဌာရုံများကို တွေ့မြင်သိရှိသွားသော ဘုရင်အသောကသည် စစ်ကိုငြီးငွေ့မုန်းတီးသွားလေသည်။ ကလိင်္ဂစစ်ပွဲသည် ဘုရင်အသောက၏ဘဝကို အပိုင်းနှစ်ပိုင်း ပိုင်းခြားပေးလိုက်လေသည်။ ဘုရင်အသောက၏ ရှေ့ပိုင်းဘဝသည် ကလိင်္ဂစစ်ပွဲတွင် နိဂုံးချုပ်သွားသည်။ ကလိင်္ဂစစ်ပွဲအပြီး၌ ဘုရင်အသောက၏ နောက်ပိုင်းဘဝ အစပြုလေသည်။ ထိုအချိန်မှအစပြု၍ အသောကသည် လက်နက်ကို ပစ်ပယ်လိုက်ပြီး လက်နက်အစား တရားဓမ္မကို ဦးထိပ်ထားလိုက်လေသည်။ သူတစ်ပါးကို သိမ်းသွင်းရာ၌ ပကတိလက်နက်အစား မေတ္တာလက်နက် ဓမ္မလက်နက်ကိုသာ အသုံးပြုလေတော့သည်။ "စစ်စည်တော် ရွှမ်းမည့်အစား တရားစည်တော်ကိုသာ ရွှမ်းတော့မည်" ဟူ၍ ကြွေးကြော်လိုက်လေသည်။

သူ၏နောက်ပိုင်းဘဝ၌ ဘုရင်အသောကသည် ပြည်သူ့အကျိုးနှင့် တရားဓမ္မအကျိုးကိုသာ သယ်ပိုးဆောင်ရွက်လေတော့သည်။ မင်းကြီးသည် ဘုရားရှင်၏တရားဒေသနာတော်ကို အလွန်တရာ လေးစားမြတ်နိုးသည်။ ဘုရားရှင်၏ တရားဒေသနာတော်၌ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရှိသည်။ တိုင်းနိုင်ငံအဝန်း၌ ဘုရင်မင်းကြီး လှူဒါန်းထားသော ရေတွင်းရေကန် ကျောင်းကန် စေတီပုထိုးစသည်များ၏ အရေအတွက်သည် ဓမ္မက္ခန္ဓာ၏ သင်္ချာကိန်းဂဏန်းအတိုင်း တစ်မျိုးလျှင် ရှစ်သောင်းလေးထောင်ရှိသည်။ မင်းကြီးသည်

http://www.linhtet.com



ယင်းကဲ့သို့ ပစ္စည်းပစ္စယ လှူဒါန်းသည့် အာမိသဒါနနှင့်သာ တင်းတိမ်အားရခြင်း ရှိမနေပေ။ မိမိ၏ရင်နှစ်သည်းချာများဖြစ်ကြသည့် သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာကို သာသနာတော်တွင်း သွတ်သွင်းပြီး ဓမ္မဒါနကိုပါပြုခဲ့လေသည်။ မိမိကိုယ်တိုင်လည်း ဇမ္ဗူဒိပ်ကျွန်းရှိ ဗုဒ္ဓနှင့်ပတ်သက်သော အထွတ်အမြတ်ဌာနများသို့ အဖူးမြော် အကန်တော့ လှည့်လည်လေသည်။ ကိုးတိုင်းကိုးဌာနသို့လည်း ဗုဒ္ဓတရားတော် ပြန့်ပွားထွန်းကားစေရန် သာသနာပြုများကို စေလွှတ်ခဲ့လေသည်။

ယင်းသို့အားဖြင့် တရားဓမ္မနှင့်စပ်လျဉ်းသည့် ကုသိုလ်ကောင်းမှုများကို လှူဒါန်းပြုလုပ်သော်လည်း အသောကမင်းကြီး ဘဝင်မကျဖြစ်နေသည့် အချက်ကြီးတစ်ချက် ရှိနေသည်။ ယင်းအချက်ကား ရဟန်းသံဃာများ၏ စည်းလုံးညီညွတ်ရေးဖြစ်သည်။ တရားဓမ္မ ထာဝရ တည်တံ့ရေးသည် ရဟန်းသံဃာတော်များစည်းလုံးညီညွတ်မှုပေါ်၌ အခြေတည်နေသည်ဟူ၍ သဘောပေါက်ထားသည့် အသောကမင်းကြီးသည် သူ့မျက်မှောက်တွင် မြင်တွေ့နေရသော စည်းလုံးညီညွတ်မှုကင်းသည့် သံဃာတော်များ၏ အခြေအနေကို မကျေမနပ်ဖြစ်နေသည်။ သူ့လက်ထက်မတိုင်မီက စလာခဲ့သော သံဃာ့စည်းလုံးညီညွတ်မှုအတွင်းရှိ အက်ကြောင်းသည် သူ့လက်ထက်အထိ ရင်ကြားစေ့မလာခဲ့ပေ။

ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံ၍ လပိုင်းလောက်အတောအတွင်းမှာပင် သံဃာ့စည်းလုံးညီညွတ်မှုအတွင်း သပ်လျှိုသွင်းသူများ ပေါ်ပေါက်လာသဖြင့် ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့သည် သံဃာစည်းလုံးညီညွတ်ရေးနှင့် ဗုဒ္ဓ၏တရားဒေသနာ သန့်စင်ရေးအတွက် ပထမသင်္ဂါယနာတင်တော်မူကြရသည်။ ထို့နောက် နှစ်ပေါင်းတစ်ရာ မကျော်မီမှာပင် သံဃာ့စည်းလုံးညီညွတ်ရေးကို အနှောင့်အယှက် ပေးသူများပေါ်ပေါက်လာပြန်၍ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာများသည် ဒုတိယသင်္ဂါယနာ တင်တော်မူကြရပြန်သည်။ အသောကမင်းကြီး လက်ထက်ရောက်လာသောအခါ သံဃာ့ဗိမာန်ကြီးအတွင်းက အက်ကြောင်းသည် အတော်ပင် ကျယ်ဟလာသည်ကိုတွေ့ရသည်။ သံဃာတော်များအတွင်း၌ ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း သိသိသာသာကြီး ကွဲပြားခြားနားလာလေသည်။

ဘုရင်အသောကသည် သံဃာ့စည်းလုံးညီညွတ်မှု၌ သိသိသာသာ ကျယ်ဟနေသည့် အက်ကြောင်းကြီးကို တွေ့ရသောအခါ ယင်းအက်ကြောင်းကြီး

http://www.linhtet.com



ကို ရင်ကြားစေ့ရန် ကြိုးပမ်းအားထုတ်လေတော့သည်။ သူ၏ဆရာဂုရုဖြစ်သည့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် တိုင်ပင်နှီးနှောပြီး တတိယသင်္ဂါယနာ တင်လေသည်။ သင်္ဂါယနာတင်ပွဲ၌ ရှေးရှေး သင်္ဂါယနာတင်ပွဲများကဲ့သို့ပင် ဗုဒ္ဓ၏တရားဒေသနာတော်များကို သန့်စင်အောင်ပြုလုပ်ကြသည်။ ဗုဒ္ဓ၏တရားဒေသနာတော်နှင့် ဖီလာဖြစ်နေကြသည့် အဓမ္မဝါဒီများကို သာသနာတော်တွင်းက ပ, ထုတ်ပစ်လိုက်ကြသည်။

သင်္ဂါယနာတင်ပွဲ၏ အကြီးအမှူးဖြစ်သည့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က 'ကထာဝတ္ထု' ကျမ်းဖြင့် ပြိုင်ဖက်ဂိုဏ်းဂဏများ၏ အယူဝါဒများကို ချေဖျက်ပစ်လေသည်။ အသောကမင်းကြီး၏ သံဃာစည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်သည် အောင်မြင်သင့်သလောက် အောင်မြင်သွားသည်။ အချို့ပြိုင်ဖက်များက မိမိတို့အယူဝါဒများကို အပြိုင်တင်လာကြပြီး သံဃာ့စည်းလုံးမှုကြီး ပြိုကွဲပျက်စီးအောင် ကြိုးစားကြသော်လည်း ယင်းဆန့်ကျင်ဘက်များ၏ ကြိုးပမ်းချက် မအောင်မြင်သောကြောင့် သံဃာစည်းလုံးညီညွတ်မှုကြီးသည် အားသစ်အင်သစ် ပြန်ပြည့်လာလေသည်။ သံဃာ့စည်းလုံးညီညွတ်မှုကြီး ပြိုကွဲပျက်စီးမသွားအောင် အချိန်မီတားဆီး နိုင်ခဲ့လေသည်။ သို့ရာတွင် ဘုရင်အသောကသည် သံဃာတော်များအချင်းချင်း စိတ်ဝမ်းကွဲပြားသွားမည်ကို ကြောင့်ကြမအေး ဖြစ်နေတုန်းပင် ရှိလေသည်။ သံဃာတော်များနှင့်ပတ်သက်သည့် တင်းကျပ်သော စည်းမျဉ်းဥပဒေတစ်ခု ပေါ်ပေါက်လာသည်မှာ ထိုအချိန် ထိုကာလက ဖြစ်လေသည်။

*

ဘုရင်အသောကသည် သာသနာတော်အတွက် အလွန်တရာအရေးကြီးသည့် အမိန့်တော်ပြန်တမ်းတစ်ခု ထုတ်ရန်အတွက် မှူးမတ်များ၊ အရာရှိအရာခံများ၊ တရားအမတ်ကြီးများကို သူ့အပါးတွင်ဆင့်ခေါ်ထားသည်။ မင်းညီမင်းသားများ၊ အရာရှိအရာခံများ၊ မှူးမတ်များသည် မင်းကြီး၏အပါး၌ ခစားနေကြသည်။ ယင်း မင်းပရိသတ်ထဲ၌ အရေးကြီးဆုံးသော ပုဂ္ဂိုလ်များမှာ သာသနာရေးကိစ္စများအတွက် ခန့်ထားသောတရားအမတ်ကြီးများ ဖြစ်ကြသည်။ သူတို့သည် ဘုရင်မင်းတရားကြီး၏ သာသနာ့အရေး၊ ဓမ္မအရေးများနှင့် ပတ်သက်သော အမိန့်များကို အကောင်အထည်ဖော်ကြရသည့် ပုဂ္ဂိုလ်များ

http://www.linhtet.com



ဖြစ်ပေသည်။ သို့ဖြစ်၍ သူတို့သည် ဘုရင်မင်းတရားကြီး၏ နှုတ်မှထွက်ပေါ်လာမည့်အမိန့်ကိုပိုမိုအာရုံစူးစိုက်နေကြသည်။ ဘယ်လိုအမိန့်တော်ပြန်တမ်းများ ထွက်ပေါ်လာမည်နည်း။ မိမိတို့အနေဖြင့် အကောင်အထည်ဖော်ရန်အတွက် အခက်အခဲတွေ့မည့် အမိန့်တော်ပြန်တမ်းများဖြစ်နေမည်လား။ ရပ်ဝေးရပ်နီးမှ စုဝေးရောက်ရှိနေကြသည့် တရားအမှုထမ်း တရားအမတ်ကြီးများသည် ဘုရင်မင်းတရားကြီးထံမှ ထွက်ပေါ်လာမည့်အသံကို နားစွင့်နေကြသည်။ ဘုရင်မင်းတရားကြီး၏ နှုတ်မှထုတ်ဖော်ဖွင့်ဟလိုက်သည့် အမိန့်တော်ပြန်တမ်းကို ကြားကြရပါပြီ။

"မင်းကြီးများ၊ သံဃာ့စည်းလုံးညီညွတ်မှုကို ပြိုကွဲပျက်စီးအောင် လုပ်သည့် မည်သည့်ဘိက္ခု မည်သည့်ဘိက္ခုနီမဆို အဝတ်ဖြူလဲပေးပြီး ကျောင်းအရာမ်မှ နှင်ထုတ်ပစ်ရမည်။ ဤအမိန့်တော် ပြန်တမ်းကို ဘိက္ခုများနှင့် ဘိက္ခုနီများအား ကြားလျှောက်ရမည်။ ဤအမိန့်ပြန်တမ်းမိတ္တူတစ်ခုကို ကျောင်းတိုက်များ၌ထားရမည်။ ဒါယကာ ဒါယိကာမများ မြင်သာသည့်နေရာ၌လည်း ဤအမိန့်တော် ပြန်တမ်းမိတ္တူတစ်ခုကို ထားရမည်။ ဒါယကာ၊ ဒါယိကာမများသည် ဥပုသ်နေ့များ၌ စုဝေးပြီး ဤအမိန့်တော်ပြန်တမ်းကို လေ့လာဖတ်ရှုကြရမည်။ တရားအမတ်များလည်း ဥပုသ်နေ့တိုင်း စုဝေးပြီးလျှင် မိမိတို့၏ တာဝန်ဝတ္တရားအရ ဤအမိန့်တော်ပြန်တမ်းကို ဖတ်ရှုလေ့လာပြီး အပြည့်အဝ နားလည်သဘောပေါက်အောင် ကြိုးစားကြရမည်။

"သင် တရားအမတ်များသည် မိမိတို့၏အုပ်ချုပ်မှုအောက်တွင် ရှိနေကြသည့် နယ်ပယ်အသီးသီးသို့ ဤအမိန့်ပြန်တမ်းကို သိသာရန် ပေးပို့ဖြန့်ဖြူးကြရမည်။

"ကျွန်ုပ်၏သားတော်များ၊ မြေးမြစ်တော်များ စိုးမိုးအုပ်ချုပ်သည့် အချိန်ကာလအထိ နေနှင့်လ ကွယ်ပမသွားသည့် အချိန်ကာလအထိ သံဃာအဖွဲ့အစည်းကြီးသည် စည်းလုံးညီညွတ်မှုရှိနေရမည်။ သံဃာ့အဖွဲ့အစည်းကြီး မပြိုမပျက် မကွဲမအက်ဘဲ စည်းလုံးညီညွတ် တောင့်တင်းခိုင်မာရေးသည် ကျွန်ုပ်၏လိုလားတောင့်တချက်ဖြစ်သည်"

တရားအမတ်ကြီးများသည် ဘုရင်မင်းကြီး၏ အမိန့်တော်ပြန်တမ်းကို မှတ်သားနာယူပြီး တစ်တိုင်းတစ်ပြည်လုံးရှိ ရဟန်းသံဃာများထံ ပို့ဆောင်ကြသည်။ တစ်တိုင်းတစ်ပြည်လုံးသိသာရန် ထုတ်ပြန်ကြေငြာကြသည်။ အသောကမင်းကြီး၏ လက်ထက်၌ အမိန့်ပြန်တမ်းများကို ကျောက်တိုင်တွင်

http://www.linhtet.com



ရေးထိုးထွင်းထုပြီး ယင်းကျောက်တိုင်များကို သင့်တော်သည့်နေရာများ၌ စိုက်ထူထားကြသည်။ သံဃာ့စည်းလုံးညီညွတ်မှုနှင့် ပတ်သက်သည့် အမိန့်ပြန်တမ်းများကို ရေးထိုးထားသည့် ကျောက်တိုင်များကိုလည်း သင့်တော်ရာနေရာများ၌ စိုက်ထူထားလိုက်ကြသည်။

အသောကမင်းကြီး၏ ယင်းအမိန့်ပြန်တမ်းများသည် ရတနာသုံးပါးအား မင်းတရားကြီး မည်မျှကြည်ညိုမြတ်နိုးသည် ဆိုသည်ကို ဖေါ်ပြနေသည်။ ဘုရင်မင်းတရားကြီးသည် သံဃာကိုမြတ်နိုးသည်။ သံဃာအချင်းချင်း စည်းစည်းလုံးလုံး ရှိစေလိုသည်။ တစ်ပါးနှင့်တစ်ပါး စိတ်ဝမ်းကွဲပြားမှုမျိုး၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း အယူဝါဒ ကွဲပြားမှုမျိုး သာသနာတော်တွင်း၌ ပေါ်ပေါက်မလာစေလိုပေ။ သံဃာ့အဖွဲ့အစည်းကြီးအတွင်း ကြားဝင်မရအောင် တစ်ခဲနက် စည်းလုံးညီညွတ်နေသည်ကိုသာ အစဉ်ထာဝရ လိုလားသည်။ သို့ဖြစ်၍ သံဃာအသင်းခွဲသူ ဘိက္ခု သို့မဟုတ် ဘိက္ခုနီများအား အဝတ်ဖြူလဲပေးပြီး ကျောင်းအရာမ်က နှင်ထုတ်ရမည်ဟူသော တင်းကျပ်သည့် စည်းမျဉ်းဥပဒေကို ထုတ်ပြန်ကြေငြာလိုက်ခြင်းဖြစ်သည်။ သာသနာ၏အရေမှာ သင်္ကန်းဖြစ်သည်။ သင်္ကန်းကို အတင်းချွတ်၍ အဝတ်ဖြူလဲပေးခြင်းခံရသူသည် သံဃာကို သင်းခွဲသူ သံဃာ့ရန်သူဖြစ်သွားသည်။ သို့သော် အသောကဘုရင်မင်းကြီး စိုးရိမ်မကင်းဖြစ်နေသည့် အချက်တစ်ချက်ရှိသေးသည်။ အကယ်၍ လူဝတ်လဲပြီး သံဃာ့ဘောင်က နှင်ထုတ်ခြင်းခံရသူသည် သူ၏အယူဝါဒကို လူဒါယကာဒါကာမတို့အတွင်း၌ ဖြန့်ဖြူးနေသော် မခက်ပေဘူးလား။ ယင်းအချက်ကို လည်း ဘုရင်မင်းတရားကြီးက ထည့်တွက်ဟန်တူသည်။ သို့ဖြစ်၍ သူ၏အမိန့်ပြန်တမ်းများကို သာမန် ပြည်သူလူထုအတွင်းသို့ ရောက်သွားစေရန် အစီအမံများကိုလည်း စီမံဖန် တီးစေခဲ့သည်။

*

တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးလာခဲ့သည်။

သမိုင်းစာမျက်နှာများလည်း တစ်ရွက်ပြီးတစ်ရွက် ကျော်လွန်လာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ဘုရင်အသောက စိုးမိုးအုပ်ချုပ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒနှစ်ထောင်ကျော်လာခဲ့လေပြီ။ သို့သော် အသောက၏ ဂုဏ်ပုဒ်များသည် သူ

http://www.linhtet.com



ရေးထိုးစိုက်ထူခဲ့သည့် ကျောက်စာများ၌ ထင်ဟပ်နေတုန်းပင် ရှိသေးသည်။ သံဃာ့စည်းလုံးညီညွတ်မှုကို လိုလားသော သူ၏ဆန္ဒကိုလည်း သူ၏ကျောက်စာအချို့က ယနေ့အထိပင် သက်သေသာဓကပြနေကြသည်။ ယင်းကျောက်စာများကား ယခုအထိ တွေ့ရှိကြသည့် အသောက ကျောက်စာများထဲမှ –

၁။ ဆာရနတ်(မိဂဒါဝုန်)အသောကကျောက်စာတိုင်

၂။ ဆန်ကျီကျောက်စာတိုင်

၃။ ကောသမ္ဗီ ကျောက်စာတိုင် တို့ဖြစ်ကြသည်။ ။

[ *အသောက ကျောက်စာများကို အခြေခံသည်။* ]

❑

## အသောက၏ ဓမ္မ

ဓမ္မဟူသော စကားလုံးသည် အနက်အဓိပ္ပာယ်အမျိုးမျိုးထွက်သည်။ ဘာသာတရား၊ သဘောတရား၊ သဘာဝ၊ အမှန်တရား၊ အကျင့်စာရိတ္တဟူ သော အနက်အဓိပ္ပာယ်များကို ဓမ္မစကားလုံးဖြင့် သုံးစွဲ၍ရသည်။ ရတနာသုံး ပါးထဲက အလယ်ရတနာဖြစ်သော ဗုဒ္ဓဟောကြားတော်မူထားသည့် ဓမ္မက္ခန္ဓာ ကိုလည်း ဓမ္မဟုခေါ်သည်။ ဤ၌ ဓမ္မ၏အဓိပ္ပာယ်သည် လူတို့ယုံကြည်ကိုး ကွယ်သော ဘာသာတရားကို ဆိုလိုသည်။ လူ့သမိုင်း၌ လူသားတို့သည် ဘာသာတရားအမျိုးမျိုး၊ ဓမ္မအမျိုးမျိုးကို ကိုးကွယ်ဆည်းကပ် လာခဲ့ကြသည်။ လူအမျိုးမျိုး၊ နတ်အထွေထွေတို့၏ နာနာဆန္ဒ၊ နာနာအဇ္ဈာသယအား လျော်စွာ ယုံကြည်ကိုးကွယ်မှုတည်းဟူသော ဘာသာတရား သို့မဟုတ် ဓမ္မသည်လည်း ထွေပြားများပြားလှသည်။

လူ့သမိုင်း၊ ဓမ္မသမိုင်း၌ ဓမ္မကို ဖြန့်ဖြူးသူများထဲတွင် ဘုရင် အသောကသည် အထူးခြားဆုံး အကြီးကျယ်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ယင်းအချက်ကို သူ၏လုပ်ဆောင်ချက်များက သက်သေခံနေသည်။ သို့သော် ဤ၌ ဆန်းစစ်စရာလိုလာသည်။ အသောက၏ဓမ္မသည် မည်သည့်ဓမ္မ ဖြစ် သနည်း။ အသောက၏ဓမ္မသည် မည်သည့်အရာများ ဖြစ်သနည်း။ အသောက ၏ ကျောက်စာများ၌ပါသည့် ဓမ္မသည် မည်သည့်အရာများကို ရည်ညွှန်းထား သနည်း။

ယင်းပြဿနာနှင့် စပ်လျဉ်း၍ ပထမဦးစွာ သူ၏ဒုတိယကျောက်စာ တိုင်၌ ရေးထိုးပါရှိသည့်အချက်များကို လေ့လာရမည်။ ဒုတိယကျောက်စာတိုင်

၌ “ဓမ္မသည် ကောင်းမွန်သည်။ သို့သော် ဓမ္မဟူသည်မှာ မည်သည့်အရာဖြစ်သနည်း။ မကောင်းမှုကို ရှောင်ခြင်း၊ ကောင်းမှုကို ပြုခြင်း၊ ကြင်နာသနားခြင်း၊ အလှူဒါနပြုခြင်း၊ မှန်ကန်ခြင်း၊ စင်ကြယ်ခြင်းတို့သည် ဓမ္မဖြစ်သည်” ဟူ၍လည်းကောင်း၊ “ငါသည် လူတို့အား နည်းအမျိုးမျိုးဖြင့် စက္ခုအလှူဒါနပေးလှူခဲ့သည်။ ငါသည် ခြေနှစ်ချောင်းသတ္တဝါ၊ ခြေလေးချောင်းသတ္တဝါ၊ ကျေးငှက်၊ ရေသတ္တဝါတို့အား ကရုဏာထားကြရန် အမိန့်ထုတ်ထားသည်။ ဘေးမဲ့ပင်ပေးထားသည်။ တခြားကောင်းမှုများကိုလည်း ပြုသည်”ဟူ၍လည်းကောင်း ရေးထိုးထားသည်။ ဤ၌ စက္ခုအလှူဆိုသည်မှာ ပကတိမျက်စိကို လှူခြင်းမဟုတ်။ ‘စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ’ ၌ကဲ့သို့ အသိအမြင်မျက်လုံး၊ ဉာဏ်မျက်ကို ဆိုလိုခြင်းဖြစ်သည်။

ဤကျောက်စာ၌ ဆိုထားသည့် အသောက၏ဓမ္မမှာ “သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ၊ သစိတ္တပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ” ဟူသော ဓမ္မပဒပါထာအတိုင်း မည်သည့်နတ်ဒေဝတာနှင့်မှ မပတ်သက်ပေ။ လူ့ကျင့်ဝတ် လူ့စာရိတ္တသက်သက်သာဖြစ်သည်။ အသောက ဓမ္မသည် ‘သာဓု’ ဖြစ်၏ဟူ၍ ‘သာဓု’ ဟူသောစကားလုံးကို အသုံးပြုထားသည်။ သာဓု ဟူသည် ကောင်းခြင်း၊ မှန်ခြင်းဖြစ်သည်။ သို့ဖြစ်၍ အမှန်တရားသည်သာလျှင် အသောက၏ဓမ္မဖြစ်သည်။ အသောက၏အမြင်၌ အမှန်တရားကို ပြောသော၊ အမှန်တရားကိုချစ်သော၊ လမ်းမှန်ကိုသွားသော သူသည်သာလျှင် ဓမ္မနှင့် ပြည့်စုံသူဖြစ်သည်။ ‘သာဓု’ ဖြစ်သည်။ သူတော်ကောင်းဖြစ်သည်။အသောက လက်ခံထားသော ဓမ္မ၏ပထမအသွင်မှာ မှန်ကန်ခြင်း ကောင်းမွန်ခြင်း ဖြစ်သည်။ ဒုတိယအသွင်ကား မိမိ၏စိတ်ကိုထိန်းခြင်းဖြစ်သည်။ မကောင်းမှုကို မပြုလုပ်ခြင်း ရှောင်ကြဉ်ခြင်းဖြစ်သည်။

မိမိ၏စိတ်ရိုင်းကိုထိန်းချုပ်ကွပ်ကဲခြင်းကိုသာလျှင် အသောကက အကြီးမားဆုံးသော ဓမ္မ၏အသွင်လက္ခဏာ ဟူ၍ထင်မှတ်ယူဆသည်။ အသောက၏အယူအဆအရ လူသည် မိမိ၏စိတ်နှလုံးကို ထိန်းချုပ်၍ မရမချင်း ဓမ္မနှင့်ပြည့်စုံသူဖြစ်၏ ဟူ၍မပြောနိုင်ပေ။ စိတ်နှလုံးကို ထိန်းချုပ်ထားနိုင်မှသာမကောင်းမှုကို မပြုလုပ်ခြင်း၊ ကောင်းမှုကိုပြုလုပ်ခြင်းစသည်တို့ ဖြစ်ပေါ်လာနိုင်သည်။

ဘုရင်အသောကသည် ဓမ္မနှင့်ပတ်သက်၍ သူ၏အယူအဆကို ဗြဟ္မဂိရိ ဒုတိယကျောက်စာ၌ “မိမိတို့၏မိဘကို ထိုက်ထိုက်တန်တန် ပြုစုလုပ်

http://www.linhtet.com



ကျွေးရမည်။ သတ္တဝါအားလုံးအပေါ် လေးစားမှုရှိရမည်။ အမှန်ကိုပြောရမည်။ ယင်းဓမ္မသဘောတရားများကို လိုက်နာကျင့်သုံးရမည်။ ထို့အတူ တပည့်က ဆရာကို ရိုသေလေးစားရမည်။ ဆွေမျိုးမိတ်သင်္ဂဟများအားလည်း ကောင်းမွန်စွာဆက်ဆံရမည်။ ယင်းအချက်များသည် အစဉ်အလာဆင်းသက်လာသည့် ကိုယ်ကျင့်တရားများဖြစ်သည်။ ယင်းကိုယ်ကျင့်တရားများကို ကျင့်သုံးလိုက်နာပါက အသက်ရှည်ရှည်နေရသည်" ဟူ၍လည်းကောင်း၊ ဧကာဒသမကျောက်စာ၌ "ကျေးကျွန်များနှင့် အခစားများအား ကောင်းမွန်စွာဆက်ဆံခြင်း၊ မိဘတို့ကို လုပ်ကျွေးပြုစုခြင်း၊ မိတ်ဆွေအပေါင်းအသင်းဆွေမျိုးမိတ်သင်္ဂဟ၊ သမဏဗြာဟ္မဏ ရသေ့ရဟန်းတို့ကို ရိုသေလေးစားခြင်း၊ ယဇ်ပူဇော်မှုအတွက် တိရစ္ဆာန်များကို မသတ်ခြင်းတို့သည် ဓမ္မမည်၏။ ဖခင်၊ သား၊ ညီအစ်ကိုမောင်နှမ၊ သခင်၊ မိတ်ဆွေ အဖော်အပေါင်း အိမ်နီးချင်းတို့သည် တစ်ဦးနှင့်တစ်ဦး ယင်းအချက်များသည် ကောင်းမှုဖြစ်၏။ ဓမ္မဖြစ်၏ဟု ပြောကြားသင့်၏" ဟူ၍လည်းကောင်း ရေးထိုးဖော်ပြထားသည်။

ယင်းကျောက်စာပါ ဖေါ်ပြချက်များအရ အသောက၏ဓမ္မသည် သတ္တဝါအားလုံး၏ ကောင်းကျိုးကိုလိုလားခြင်း၊ မိမိကိုယ်ကိုထိန်းထိန်းသိမ်းသိမ်းလုပ်ခြင်း၊ အားလုံးကိုကောင်းကောင်းမွန်မွန် ဆက်ဆံခြင်းတို့ဖြစ်လေသည်။ အသောက၏ဓမ္မသည် ဂိုဏ်းဂဏတစ်ခုခုနှင့် လည်းကောင်း၊ ဘာသာတရားတစ်ခုခုနှင့် လည်းကောင်း ချုပ်နှောင်ထားသည့်ဓမ္မ မဟုတ်ပေ။ ဘာသာတရားအားလုံး၏ အနှစ်သာရဖြစ်သည်။ အသောကသည် သတ္တဝါအားလုံးအတွက် အကျိုးရှိစေမည့် ဓမ္မအနှစ်သာရကိုသာ ဖြန့်ဖြူးဖို့ ကြိုးစား အားထုတ်သည်။

အသောက၏ဓမ္မ၌ ကျင့်ကြံပြုလုပ်ရန်အပိုင်းနှင့် ရှောင်ကြဉ်ရန်အပိုင်းနှစ်ပိုင်းရှိသည်။ ကျင့်ကြံပြုလုပ်ရန်အပိုင်း၌ အားလုံး၏အကျိုးသည်ပိုးခြင်း၊ မိဘဆရာသမား လူကြီးသူမ ရဟန်းသာမဏေများအား ရိုသေသမှုပြုခြင်း၊ ဆင်းရဲသားများ မျက်နှာမရှိသူများ ကျေးကျွန်များအား ရည်ရည်မွန်မွန်ဆက်ဆံခြင်း၊ အလှူဒါနပြုခြင်း၊ သက်ရှိသတ္တဝါများအား မညှဉ်းဆဲမသတ်ဖြတ်ခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ စက္ခုစသော ဣန္ဒြေတို့ကို ထိန်းချုပ်နှိပ်ကွပ်ခြင်း၊ စိတ်နှလုံး ဖြူစင်စွာထားခြင်း၊ သူ့ကျေးဇူးသိခြင်း စသည်တို့ပါဝင်သည်။ ယင်းကောင်းမှုများ ပြုလုပ်ခြင်းကို အသောကက ဓမ္မမင်္ဂလာဟူ၍ ခေါ်ဆိုထားသည်။

http://www.linhtet.com



လောက၌ မင်္ဂလာအမျိုးမျိုးရှိသည့်အနက် ယင်းမင်္ဂလာသည် အကျိုးအရှိဆုံးဖြစ်သည်။ အသောကဘုရင် လက်ထက်၌လည်း လူတို့သည် မင်္ဂလာအတုအယောင်များကို ပြုလုပ်ကြသည်။ ဓမ္မအမှတ်ဖြင့် ဘီလူးတစ္ဆေသရဲ၊ နာနာဘာဝ စသည်တို့ကို ပူဇော်ပသကြသည်။ ယင်းမှားသော အတုအယောင်ဖြစ်သော မင်္ဂလာ သို့မဟုတ် ဓမ္မတို့ကြောင့် လူတို့သည် တစ်ကိုယ်ကောင်းဆန်နေကြသည်။ မိမိမှတစ်ပါး အခြားလူကို ထည့်သွင်းစဉ်းစားလိုသည့် စိတ်မရှိကြပေ။ အားလုံးအပေါ် မိသားစုစိတ် မထားနိုင်ကြပေ။ ထို့ကြောင့် အသောကသည် ဓမ္မမင်္ဂလာများကို ညွှန်ကြားပြောပြရခြင်းဖြစ်သည်။ လူတို့တွင် တစ်ကိုယ်ကောင်းဆန်ခြင်း၊ ကိုယ်ကျိုးကြည့်လွန်းခြင်း သဘောများ လျော့နည်း ပျောက်ကွယ်သွားပြီး သူတစ်ပါး၏အကျိုး လိုလားသော ပရဟိတ စိတ်ဓာတ်မျိုး ကိန်းအောင်းစေလိုသည့်ဆန္ဒ အသောကတွင်ရှိသည်။

ယင်းသဘောလက္ခဏာများကိုသာလျှင် အသောကက ဓမ္မဟုခေါ်သည်။ ပင်ကိုစရိုက် နဂိုအကျင့်စာရိတ္တသန့်စင်ကောင်းမွန်ခြင်းသာလျှင် အမြတ်ဆုံးအထွတ်ဆုံးဖြစ်သည်။ ခနမာန်ဖြင့် ပကာသနကို ရှေ့တန်းတင်လျက် နှစ်ပဲတစ်ပြားလှူပြီး တစ်ကျပ်ဖိုး တစ်ရာဖိုး ပုံကြီးချဲ့ခြင်းကို ကုသိုလ်ပြုခြင်း၊ အလှူဒါနပြုခြင်းဟူ၍ အသောကက မမြင်ပေ။ အချို့ပုဂ္ဂိုလ်များသည် ဥစ္စာမာန် အာဏာမာန်ဖြင့် အားမဲ့သူ၊ ဆင်းရဲသူ၊ မှီခိုနေရသူများအပေါ်၌ ရိုင်း ရိုင်းစိုင်းစိုင်း မောက်မောက်မာမာ ရက်ရက်စက်စက်ဆက်ဆံကြသည်။ သို့ရာ တွင် တစ်ဘက်ကမူ ကိုယ်ကျိုးကိုယ်စီးပွားကိုမျှော်ကိုးလျက် အလှူဒါနပြုကြ သည်။ ယင်းအလှူဒါနများကို အသောကကဓမ္မနှင့်ညီသော အလှူဒါနဟု မယူဆ ပေ။

အသောက၏ဒုတိယဓမ္မအမျိုးအစားမှာ ရှောင်ကြဉ်ရေး၊ မကျူးလွန်ရေးအပိုင်းဖြစ်သည်။ ဓမ္မနှင့်ပြည့်စုံသူဖြစ်ရန်မှာ စိတ်သဘောထား ဖြူစင်ဖြောင့်မတ်ဖို့နှင့် သူတော်ကောင်းစိတ် မွေးမြူနိုင်ဖို့ လိုအပ်သည်။ စိတ်ကို မကောင်းမှုဆီသို့ မရောက်စေဘဲ ကောင်းမှုကိုသာ အာရုံပြုရမည်။ အသောက၏စကားလုံး ဖြင့်ပြောရလျှင် 'အာသိနဝ' တို့ကို ရှောင်ရှားရန်ဖြစ်သည်။ 'အာသိနဝ' ဟူသည်မှာ မကောင်းမှုကိုဆိုလိုသည်။ တတိယကျောက်စာ၌ 'လူသည် ငါ ကောင်းမှုပြုသည်ဟူ၍တွေးလျက် ကောင်းမှုကိုသာမြင်သည်။ မိမိကျူးလွန်သည့် မကောင်းမှုကိုမူ ငါမကောင်းမှုကို ကျူးလွန်သည်ဟူ၍ လည်းကောင်း၊ ဤကားမကောင်းမှု (အာသိနဝ) ဖြစ်သည်ဟူ၍ လည်းကောင်း မမြင်ပေ။ ယင်းသို့သိမြင်ဖို့ရန်မှာ မလွယ်ပေ။ . . . ရန့်ရင်းကြမ်းတမ်းခြင်း၊ ရက်စက်

http://www.linhtet.com



ကြမ်းကြုတ်ခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ မာန်မာနထောင်လွှားခြင်း၊ မနာလို ဝန်တိုဖြစ်ခြင်းတို့သည် 'အာသိနဝဂါမိနီ' များဖြစ်ကြသည်။ မကောင်းမှု ဖြစ်ပွားရာဖြစ်ပွားကြောင်းများ ဖြစ်ကြသည်။ ထို့ကြောင့် ယင်းမကောင်းမှုဖြစ်ပွားရာ ဖြစ်ပွားကြောင်းများဖြင့် မိမိကိုယ်ကို ဆုံးရှုံးနစ်နာသွားအောင် မပြုလုပ်သင့်ပေ။ မိမိလုပ်သည့်အလုပ်သည် ဤလောကအတွက်လည်းကောင်း၊ သို့မဟုတ် တမလွန်လောကအတွက်လည်းကောင်း၊ ကောင်းကျိုးဖြစ်ပေါ်စေနိုင်သလား၊ မဖြစ်ပေါ်စေနိုင်ဘူးလားဆိုသည်ကို ခွဲခြားသိသင့်သည်" ဟူ၍ရေးထိုးထားလေ သည်။ ယင်းအချက်များမှာ ဓမ္မနှင့်ပြည့်စုံသူတစ်ဦးဖြစ်ရန်အတွက် ရှောင်ကြဉ်ရသည့်အချက်များ ဖြစ်ပေသည်။ အာဒိနဝ သို့မဟုတ် အာသိနဝ ခေါ် မကောင်းမှုကို ဖြစ်ပေါ်စေတတ်သည့် ယင်းဒုစရိုက်တို့မှ ဝေးစွာရှောင်ကြဉ်သင့်လေသည်။

ပထမကျောက်စာတိုင်၌လည်း "ဓမ္မကိုမြတ်နိုးခြင်း၊ မိမိကိုယ်ကိုဆန်းစစ်လေ့လာခြင်း၊ သူတစ်ပါးအကျိုးဆောင်ရွက်ခြင်း၊ မကောင်းမှုကို ကြောက်ရွံ့ထိတ်လန့်ခြင်း၊ လုံ့လဉဿာဟရှိခြင်းတို့နှင့်ကင်း၍ ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာသုခရရှိဖို့ရန် မလွယ်ကူ" ဟူ၍ ရေးထိုးထားသည်။ လူ၏အတွင်းစိတ်ဓာတ်၌ ဒေါသမာန်မာန စသောတရားများ ကိန်းအောင်းနေမနေစီစစ်၍ အကယ်၍ ကိန်းအောင်းနေပါက ဖယ်ရှားဖျောက်ဖျက်ပစ်သင့်သည်။ သို့မှသာ လူပီသမည်ဖြစ်လေသည်။ သတ္တမကျောက်စာ၌လည်း "ဘုရင်အသောကသည် သူ၏တိုင်းနိုင်ငံနေရာအနှံ့အပြား၌ ဘာသာတရား သို့မဟုတ် ဓမ္မအားလုံးကို လိုက်နာယုံကြည်သူများ နေထိုင်ကြရန်လိုလားသည်။ ထိုပုဂ္ဂိုလ်အားလုံးသည် မိမိတို့၏စိတ်ကို ထိန်းချုပ်မှုနှင့် စိတ်နှလုံးဖြူစင်မှုကို လိုလားသူများ တန်ဖိုးထားသူများဖြစ်ကြသည်။လူတို့ သည် စိတ်သဘောထားအမျိုးမျိုးရှိကြသည်ဖြစ်၍ ဓမ္မကို အပြည့်အဝ လိုက်နာကျင့်သုံးသူလည်းရှိကြသည်။ တစ်ဝက်တစ်ပျက် လိုက်နာကျင့်သုံး သူလည်းရှိကြသည်။ မိမိကိုယ်ကိုထိန်းချုပ်မှု၊ စိတ်နှလုံးဖြူစင်မှုမရှိသူတို့သည်ကား အနိမ့်ကျဆုံးဖြစ်သည်" . . . ဟူ၍ရေးထိုးထားသည်။

ယင်းမိန့်ဆိုချက်ကိုထောက်၍ ဘုရင်အသောက၏ ဓမ္မအယူအဆကို ကောင်းစွာသိရှိနိုင်သည်။ ဣန္ဒြေခြောက်ပါးကို ထိန်းချုပ်ခြင်းနှင့် စိတ်နှလုံးဖြူစင်စွာ ထားခြင်းကိုသာလျှင် ဘုရင်အသောကက အဓိကဓမ္မဟု ယူဆသည်။ ယင်းနှစ်မျိုးမရှိသူအား အသောကက လူယုတ်လူညံ့ ဟု သမုတ်ထား

သည်။ စိတ်နှလုံးထဲတွင် မည်ကဲ့သို့သော ဖောက်ပြန်မှုမျိုးမှ ဖြစ်ပေါ်မလာစေသင့်ပေ။ စိတ်နှလုံးထဲတွင် ဒေါသမာန်မာနစသော ဖောက်ပြန်မှုများ ပေါ်လာပါက အခြားပုဂ္ဂိုလ်များ၏အကျိုးမဲ့လုပ်ရန် ဝန်မလေးတော့ပေ။ ထို့ကြောင့် အားလုံး၏ ကောင်းကျိုးချမ်းသာကို လိုလားသော၊ ဘာသာတရားအားလုံး ဓမ္မအားလုံးကို မဆန့်ကျင်သော၊ ဓမ္မ၏အနှစ်သာရအပိုင်းကိုသာ တန်ဖိုးထားသော ဘုရင်အသောကသည် မိမိကိုယ်ကိုထိန်းချုပ်မှုနှင့် စိတ်နှလုံးဖြူစင်မှုကို အလေးထားခြင်းဖြစ်လေသည်။ ဒွါဒသမကျောက်စာ၌ မိမိတို့၏ "ဓမ္မကိုရိုသေမြတ်နိုးပါ။ အခြားဓမ္မများကို ကဲ့ရဲ့ခြင်း၊ မထေမဲ့မြင်ပြုခြင်းမလုပ်ပါနှင့်" ဟူ၍ အမိန့်ပြန်တမ်းထုတ်ထားလေသည်။ ယင်းအချက်မှာလည်း ဘာသာတရားတစ်ခုခုကို ဘက်လိုက်ခြင်းမရှိကြောင်း ဖော်ပြနေသည်။

အသောကဘုရင်သည် ဗုဒ္ဓဘာသာဝင် ဖြစ်သော်လည်း အခြားဘာသာအယူဝါဒ၊ အခြားဓမ္မအယူအဆများကို မဆန့်ကျင်ပေ။ ပန်းတိုင်းပွင့်စေလိုသည့်ဆန္ဒ အသောကတွင်ရှိသည်။ သူ၏ဓမ္မ အယူအဆမှာလည်း ဘာသာတရားတစ်ခုခု၏အပိုင် ပစ္စည်းမဟုတ်ပေ။ သူ၏ဓမ္မသည် လက်တွေ့ကျသည်။ ဂိုဏ်းဂဏ၏ အထက်ကဖြစ်သည်။ ဂိုဏ်းဂဏ၏ အပြင်ဘက်ကဖြစ်သည်။ ဂိုဏ်းဂဏနှင့်သီးခြားဖြစ်သည်။ ဂိုဏ်းဂဏအားလုံး အယူဝါဒအားလုံးက လက်ခံနိုင်သည်။ မည်သည့် ဂိုဏ်းဂဏ ဖြစ်ဖြစ်၊ မည်သည့် ဘာသာအယူဝါဒက ဖြစ်ဖြစ် လိုက်နာကျင့်သုံး၍ရသည်။

ထို့ကြောင့် အသောက၏ဓမ္မသည် ဗုဒ္ဓဓမ္မမဟုတ်ဟူ၍ အချို့က အမှတ်မှားကြသည်။ ကိန်းဘရိတ်သမိုင်းစာအုပ် စာမျက်နှာ ၅၀၅၌ "ဗုဒ္ဓဘာသာ၏လေးနက်သော သဘောတရားများကို အသောကထံမှ မကြားရပေ။ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ နိဗ္ဗာန်တို့နှင့်စပ်လျဉ်း၍ အသောကသည် တစ်စုံတစ်ရာကို ပြောပြထားခြင်း မရှိပေ" ဟူ၍ထောက်ပြထားသည်။ ဗုဒ္ဓဘာသာ၏ဦးတည်ချက်ဖြစ်သည့် နိဗ္ဗာန်သည် အသောကကျောက်စာများ၌ ဘယ်နေရာမှာမှ မပါသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် ယင်းအချက်ကို အခြေခံလျက် အသောကအား ဗုဒ္ဓဘာသာဝင်တစ်ဦး မဟုတ်ဟူ၍လည်းကောင်း၊ ဗုဒ္ဓဓမ္မဝါဒီတစ်ဦး မဟုတ်ဟူ၍လည်းကောင်း ပြော၍ဖြစ်မည်လော။ အသောကကျောက်စာ၌ပါသော ဓမ္မသည်၊ အသောကဖြန့်ဖြူးသော ဓမ္မသည် ဗုဒ္ဓဓမ္မ မဟုတ်ဟူ၍ဆိုမည်လော။

အသောကသည် ဗုဒ္ဓဓမ္မထဲက ခက်ခဲနက်နဲသည့် အဘိဓမ္မာသဘော

http://www.linhtet.com



တရားများကိုသာမန်လူများအနေနှင့် သိရှိနားလည်ဖို့မလွယ်ဟု ထင်မှတ်ယူဆပုံရသည်။ သို့ဖြစ်၍ သာမန်ပြည်သူလူထုအဆင့်ကို ကြည့်လျက် ထိုအဆင့်နှင့်လျော်ညီမည့်လူအားလုံး လိုက်နာနိုင်သည့် ဓမ္မသဘောတရားများကို ဖြန့်ဖြူးပြီး ဓမ္မထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ဟန်တူသည်။ အမှန်မှာ ဗုဒ္ဓဓမ္မအမည်နာမမတပ်ဘဲ၊ ဗုဒ္ဓဓမ္မတံဆိပ်မတပ်ဘဲ၊ ဗုဒ္ဓဓမ္မထဲက အားလုံးအတွက် အကျိုးရှိစေနိုင်သော အားလုံးကလက်ခံနိုင်သော အားလုံးနှင့်ဆိုင်သော တရားအနှစ်သာရ၊ ဓမ္မအနှစ်သာရများကို ဖြန့်ဖြူးခြင်းသာဖြစ်သည်။

အသောကသည် 'အတ္တ' ထက် 'ပရ' ကို ဦးစားပေးသူဖြစ်သည်။ အတ္တဟိတထက် ပရဟိတကို ပဓာနထားသည်။ ထို့ကြောင့် သူ၏ဓမ္မသည် 'မာနဝဓမ္မ' သို့မဟုတ် လူသားတို့လိုက်နာကျင့်သုံးရမည့် ဓမ္မဖြစ်သည်ဟူ၍ ဆိုနိုင်သည်။ သို့ရာတွင် ဗုဒ္ဓဓမ္မ မဟုတ်ဟူ၍ကားမဆိုနိုင်ပေ။ မကောင်းမှုကိုရှောင်ခြင်း၊ ကောင်းမှုကိုပြုခြင်း၊ ကြင်နာသနားခြင်း၊ အလှူဒါနပြုခြင်း၊ အမှန်တရားကို လိုလားခြင်း၊ စိတ်နှလုံးဖြူစင်စွာထားခြင်းတို့သည် ဗုဒ္ဓဓမ္မ မဟုတ်ဘူးလော။ "လူအားလုံး၏အကျိုးစီးပွားကို ပြုလုပ်ဆောင်ရွက်ခြင်းထက် လွန်ကဲမြင့်မြတ်သောအခြားအလုပ်မရှိ (နာဆတိဟိ ကမ္မတရံ ဆရာဗလောက ဟိတပါ) ဟူသော ဂိရနာဆဋ္ဌမ ကျောက်စာပါ အဆိုအမိန့်သည် အသောက၏အဓိကဓမ္မဖြစ်သကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်တို့၏ အဓိကဓမ္မလည်းဖြစ်သည်။

အသောက နဝမကျောက်စာ၌ "ကျေးကျွန်နှင့် အခစားတို့အား ကောင်းမွန်စွာ ဆက်ဆံခြင်း၊ ဆရာသမားကိုရိုသေခြင်း၊ သတ္တဝါတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သမဏဗြာဟ္မဏတို့အား အလှူဒါနပြုခြင်းစသည်တို့သည် ဓမ္မမင်္ဂလာမည်၏" ဟူ၍ ရေးထိုးထားသော အသောက၏ဓမ္မအယူအဆသည် သိင်္ဂါလောဝါဒသုတ်၌ ပါသည့်အတိုင်းပင် ဖြစ်သည်။ အသောကသည် ပြည်သူတို့၏ကျင့်ဝတ် မြင့်မြတ်ကောင်းမွန်လာစေရန် သိင်္ဂါလောဝါဒသုတ်ပါအတိုင်း ကျင့်ကြံအားထုတ်ရန် ညွှန်ကြားထားသည်။ အသောက၏ ယင်းဓမ္မအယူအဆများသည် မဟာမင်္ဂလဇာတ်တော်နှင့် မင်္ဂလသုတ်တို့၌ လည်းပါသည်။ ဧကာဒသမကျောက်စာ၌ ဓမ္မကိုပေးခြင်း၊ ဓမ္မအရဆက်ဆံခြင်း၊ ဓမ္မကိုဖြန့်ဖြူးခြင်းတို့ထက် လွန်ကဲမြင့်မြတ်သောဒါနဟူ၍ မရှိပေ။ ယင်းဓမ္မဒါန ကား ကျေးကျွန်နှင့်အခစားတို့အား ကောင်းမွန်စွာဆက်ဆံခြင်း၊ မိဘကို ပြုစု လုပ်ကျွေးခြင်း၊ မိတ်ဆွေသင်္ဂဟ၊ အသိအကျွမ်း ဆွေမျိုးသားချင်း သမဏ ဗြာဟ္မဏတို့အား ပေးကမ်းလှူဒါန်းခြင်း၊ တိရစ္ဆာန်များအား မညှဉ်းဆဲ

http://www.linhtet.com



မသတ်ဖြတ်ခြင်း တို့ဖြစ်၏ ” ဟူ၍ ဖော်ပြထားခြင်းများမှာလည်း ဓမ္မပဒအတိုင်းပင် ဖြစ်လေသည်။ သို့ဖြစ်၍ အသောကကျောက်စာ၌ ဖော်ပြ ပါရှိသော ဓမ္မအယူအဆများသည် ဗုဒ္ဓဓမ္မထဲမှာပါသည့် ဓမ္မအယူအဆများသာ ဖြစ်၏ဟူ၍ ဆိုနိုင်ပေသည်။ ။

[ *အသောက ကျောက်စာများကို အခြေခံသည်။*]

❑

http://www.linhtet.com

# ဓမ္မဝိဇယ

*အနိုင်ရခြင်းအမျိုးမျိုးရှိသည့်အနက် ဓမ္မဝိဇယခေါ်တရား ဓမ္မဖြင့်အနိုင်ရခြင်းသည်သာလျှင် အကြီးမား အမြင့်မြတ်ဆုံး အနိုင်ရခြင်းဖြစ်သည်။*

**တေရသမအသောကကျောက်စာ**

လူတို့သည် တစ်ဦးအပေါ်တစ်ဦးအနိုင်ယူတတ်ကြသည်။ တစ်ဦးအပေါ်တစ်ဦး အနိုင်ယူရာ၌ အင်အားကို အသုံးပြုကြသည်။ အင်အားသာသူက အင်အားမဲ့သူကို လက်အောက်ခံပြုကြသည်။ အနိုင်ကျင့်ချင်သည့် လူ့သဘောသည် လူဖြစ်ပေါ်လာကတည်းက စတင်ပါလာသည်။ ကျောက်ခေတ်လူသားသည် လက်နက်အားကိုးဖြင့် တစ်ဦးအပေါ်တစ်ဦး လွှမ်းမိုးဖို့ ကြိုးစားသည်။ လက်နက်နှင့်အင်အားသာသူက လက်နက်မဲ့သူ အင်အားမဲ့သူအပေါ် အနိုင်ရသည်။ ကမ္ဘာ့သမိုင်းတစ်လျှောက်လုံး လူတို့သည် တစ်ဦးအပေါ်တစ်ဦး အနိုင်ရဖို့ ကြိုးစားလာခဲ့ကြသည်။ ဘုရင်တို့သည် တစ်ဦးအပေါ်တစ်ဦး အနိုင်ရဖို့ စစ်တိုက်ကြသည်။ တိုင်းပြည်နိုင်ငံတို့သည် တစ်နိုင်ငံကတစ်နိုင်ငံအပေါ် အပေါ်စီးရရန် ရန်သတ္တရုပြုကြသည်။ သာမန်လူတို့လည်း တစ်ဦးအပေါ်တစ်ဦး အသာရရန် ဓားတစ်ပြက်တုတ်တစ်ပြက်လုပ်ကြသည်။ လက်နက်နှင့် အင်အားကိုအသုံးပြု၍ တစ်ဦးအပေါ်တစ်ဦး အနိုင်ရဖို့ကြိုးပမ်းအားထုတ်ခြင်းများသည် သာလျှင် လူ့သမိုင်း ကမ္ဘာ့သမိုင်းဖြစ်လာခဲ့လေသည်။

ဘီ–စီ–သုံးရာစုနှစ်လောက်က အိန္ဒိယပြည်တွင် ဘုရင်တစ်ပါးပေါ်

ပေါက်လာခဲ့သည်။ ထိုဘုရင်ကား နောင်သောအခါ ကမ္ဘာ့သမိုင်း၌ အကြီးကျယ် အထင်ရှားဆုံး ဘုရင်တစ်ပါးဖြစ်လာသည့် အသောကဖြစ်သည်။ အသောကသည် စောစောပိုင်းက လက်နက်အားကိုးဖြင့် အနိုင်ရဖို့ကြိုးစားခဲ့သည်။ နန်းစံနှစ်ရှစ်နှစ်ကြာသောအခါ အသောကသည် ကလိင်္ဂတိုင်းကို တိုက်ခိုက်ခဲ့လေသည်။

ကလိင်္ဂတိုင်းသည် မည်သည့်အရပ်ဒေသဖြစ်သနည်း။ ဂေါဒါဝရီမြစ်မှ မဟာနဒီမြစ်အထိ နယ်မြေဒေသကို ဗုဒ္ဓခေတ်က ကလိင်္ဂဟုခေါ်သည်။ ယင်းနယ်မြေဒေသ၏ တောင်ဘက်၌ အန္ဓရ(အန္ဓက်) တိုင်းပြည်ရှိပြီး မြောက်ဘက်၌ ဥက္ကလ(ဥတ်ကလ်) ရှိသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဗုဒ္ဓခေတ်တွင် ဥရီဆာ(ဩရိဿ) ၏မြောက်ပိုင်းကို ဥက္ကလ(ဥက္ကလ်)ဟုခေါ်ပြီး တောင်ပိုင်းကို ကလိင်္ဂဟုခေါ်သည်။ ဒီဃနိကာယ်မဟာဂေါဝိန္ဒသုတ်နှင့် မဟာပရိနိဗ္ဗာနသုတ်၌လည်းကောင်း၊ သံယုတ္တနိကာယ် ဩကီလိနီသုတ်၌လည်းကောင်း၊ ဇာတ်နိပါတ်များ၌လည်းကောင်း၊ ကလိင်္ဂတိုင်းနှင့် ကလိင်္ဂတိုင်းနေပြည်တော် ဒန္တပူရအကြောင်းပါသည်။ ယင်းတို့ကို ထောက်လျက် ဒန္တပူရသည် ရှေးအလွန်ကျသည့် မြို့တစ်မြို့ဖြစ်ကြောင်းသိရသည်။

မဟာပရိနိဗ္ဗာနသုတ်၌ ဘုရားရှင်၏ဆံတော်ကို ကလိင်္ဂတိုင်း၌ ပူဇော်ထားသည်ဟု ဆိုသည်။ သီဟိုဠ်ဝံသကျမ်းဂန်များအရ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ဘုရားရှင်၏သွားတော်ကို ကလိင်္ဂတိုင်းသို့ ပင့်ဆောင်သွားပြီး ကလိင်္ဂဘုရင်ဗြဟ္မဒတ္တက စေတီတစ်ဆူတည်ထား ကိုးကွယ်ကြောင်းသိရသည်။ 'ဒါဌာဓာတုဝံသ' ၌ "သီဟိုဠ် ဘုရင်ကီရတိ ရှရီ(ကိတ္တိသိရီ)လက်ထက်လေးရာစုနှစ်၌ ယင်းသွားတော်ကို ဒန္တပူရမှသီဟိုဠ်ကျွန်း အနုရာဓမြို့သို့ ပင့်ဆောင်သွားသည်" ဟုဆိုထားသည်။ယနေ့သီရိ လင်္ကာကန္ဒီမြို့စွယ်တော်တိုက်ထဲတွင် ရှိနေသောစွယ်တော်မှာ ထိုဒန္တပူရမှ ဆောင်ကြဉ်းသွားသည့် သွားတော်ပင်ဖြစ်သည်ဟုအဆိုရှိသည်။ ကလိင်္ဂတိုင်း ဒန္တပူရမြို့သည် ယခုခေတ် ဂေါဒါဝရီမြစ်ကမ်း၌ရှိသော ရာဂျာမဟေန္ဒရီ အမည်ရှိ နေရာဖြစ်သည်ဟု ကနင်ဂန်းကပြောသည်။ မေဒိနီပူခရိုင်ရှိ ယခုဒန်တန် အမည်ရှိနေရာသည် ဒန္တပူရ တည်ရာဖြစ်သည်ဟူ၍လည်း ဆိုကြသည်။ သို့သော် ရှေးဟောင်းကလိင်္ဂတိုင်း ဒန္တပူရမြို့သည် ယခုခေတ် ဂျဂနတ်ပူရီ ဖြစ်သည်ဟူ၍ ပညာရှင်အချို့ အတိအကျသတ်မှတ်ထားကြသည်။

ဘုရင်အသောကသည် သူ့လက်အောက်ခံရန် ငြင်းဆန်နေသည့်

http://www.linhtet.com



ဤကလိင်္ဂတိုင်းနိုင်ငံကို စစ်သည်အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ကလိင်္ဂစစ်ပွဲ၌ လူငါးသောင်းသုံ့ပန်းအဖြစ်အဖမ်းခံရသည်။ လူပေါင်းတစ်သိန်း အသတ်ခံရသည်။ ထိုထက်မက အရေအတွက်များစွာ လူတွေသေကျေပျက်စီး ကြသည်။ ကလိင်္ဂစစ်ပွဲ၌ သွေးရဲရဲသံရဲရဲ လူတွေသောက်သောက်လဲ သေကျေ ပျက်စီးကြရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ ဘုရင်အသောက သည် ထိတ်လန့်သွားသည်။ သံဝေဂရသွားသည်။ ကလိင်္ဂစစ်ပွဲ ပြီးသွားသော အခါ အသောက လုံးဝစိတ်ပြောင်းသွားသည်။

စစ်နှင့်အကြမ်းဖက်မှု လက်နက်အားကိုးပြုမှုများကို ကျောခိုင်းလိုက် သည့် လူသစ်စိတ်သစ် အသောကဖြစ်လာသည်။ အသောက၏ စစ်စည်သံ နေရာ၌ ဓမ္မစည်သံရောက်လာသည်။

ဘုရင်အသောကသည် တရားဓမ္မဖြင့် သို့မဟုတ် မေတ္တာဖြင့် အနိုင်ရ ခြင်းသည်သာလျှင် အမြင့်မြတ်အကြီးအကျယ်ဆုံး အနိုင်ရခြင်းဖြစ်ကြောင်း သိရှိရိပ်မိသွားသည်။ ထိုအချိန်မှအစပြု၍ တရားဓမ္မဖြင့် အနိုင်ရယူခြင်းတည်း ဟူသော ဓမ္မဝိဇယအတွက် ကြိုးပမ်းအားထုတ်လေတော့သည်။ တရားဓမ္မဖြင့် အနိုင်ယူခြင်းသည် တရားဓမ္မကိုဖြန့်ဖြူးခြင်းပင် ဖြစ်သည်။ ဘုရင်မင်းကြီးသည် နည်းအမျိုးမျိုးဖြင့် ပြည်တွင်းပြည်ပတရားဓမ္မ ပြန့်ပွားအောင် ကြိုးစား အားထုတ်လေသည်။ တရားဓမ္မကို ရေးသားဖေါ်ပြထားသည့် ကျောက်စာတိုင် များကို တိုင်းပြည်အနှံ့စိုက်ထူသည်။ တရားဓမ္မရေးရာ အမှုထမ်းအရာထမ်း များကို ခန့်သည်။

အသောကမင်းကြီးသည် ပြည်တွင်းမှာသာမက ပြည်ပတွင်လည်း တရားဓမ္မပြန့်ပွားအောင် ကြိုးစားသည်။ ပြည်ပတရားဓမ္မထွန်းကား ပြန့်ပွားရေး အတွက် အသောကဘုရင်သည် လုပ်ငန်းနှစ်မျိုးဖြင့် ကြိုးပမ်း ဆောင်ရွက်သည် ကို တွေ့ရသည်။ ပထမအမျိုးအစားမှာ ပြည်ပတိုင်းပြည်များသို့ သာသနာပြု ရဟန်းတော်များကို စေလွှတ်ခြင်းဖြစ်သည်။ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု ရဟန်းတော်များကို စေလွှတ်ပြီးတရားဓမ္မ ပြန့်ပွားအောင်ကြိုးစားအားထုတ် သည့် အသောကမင်းကြီး၏ ပြည်ပသာသနာပြုလုပ်ငန်းသည် အောင်မြင်မှု များစွာရရှိခဲ့သည်။ ယနေ့ကမ္ဘာတွင် သာသနာထွန်းကားနေခြင်းမှာ အသောက မင်းကြီး၏ ကျေးဇူးကြောင့်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။ သို့သော် ပြည်ပသို့ သာသနာပြုရဟန်းတော်များ စေလွှတ်သည့် သာသနာပြုလုပ်ငန်းအကြောင်း ကို အသောကကျောက်စာများ၌ မတွေ့ရပေ။ ယင်းသို့ အသောက၏အထိကရ

http://www.linhtet.com



ဆောင်ရွက်ချက်ဖြစ်သည့် ပြည်ပသာသနာပြုလုပ်ငန်းအကြောင်း ကျောက်စာများ၌ မတွေ့ရခြင်းမှာ ယင်းအကြောင်းအရာပါသည့် ကျောက်စာကို ရှာမတွေ့သောကြောင့်လည်းဖြစ်ရာသည်။ သို့တည်းမဟုတ် ကျောက်စာများက ထိုချိန်ကထက် စောနေပြီး ပြည်ပသာသနာပြုဆောင်ရွက်ခြင်းက နောက်ကျနေသောကြောင့်လည်း ဖြစ်တန်ရာသည်။ သို့သော် ပါဠိကျမ်းဂန်များတွင်ကား သာသနာပြု ရဟန်းများ ပြည်ပကြွသည့်အကြောင်း တခမ်းတနားပါရှိသည်။

ပြည်ပ၌ ဓမ္မဝိဇယလုပ်ငန်း ကြိုးပမ်းဆောင်ရွက်သည့် အသောကမင်းကြီး၏ ဒုတိယနည်းလမ်းမှာ သံတမန်များ၊ အရာထမ်း အမှုထမ်းများခန့်ပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့် တရားဓမ္မ ဖြန့်ဖြူးသည့်လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။ ဒုတိယ ဆောင်ရွက်ခြင်းအကြောင်းကိုမူ အသောကကျောက်စာများ၌တွေ့ရသည်။ တေရသမကျောက်စာ၌ . . . "အသောကသည် တရားဓမ္မဖြင့် အနိုင်ရခြင်းဖြစ်သည့် ဓမ္မဝိဇယကိုသာလျှင် အကြီးကျယ်ဆုံး အပြဋ္ဌာန်းဆုံး အောင်နိုင်ခြင်းဖြစ်သည်ဟု ယူဆသည်။ မင်းကြီးသည် မိမိ၏လက်အောက်ခံပြည်နယ်များ၌ လည်းကောင်း၊ မိမိတိုင်းနိုင်ငံ၏ နယ်စပ်တိုင်းပြည်ဒေသများ၌ လည်းကောင်း၊ ယူဇနာခြောက်ရာ(မိုင်သုံးထောင်ခန့်)ဝေးသည့် ယောန(ဂရိ) ဘုရင်အန္တိယောကဆ် အုပ်စိုးသည့် တိုင်းပြည်၌ လည်းကောင်း၊ ထို့ထက်ပင် အလှမ်းဝေးသည့် တုရမယ(ပတိုလင်မီ)၊ အန္တိဂေါနဆ်၊ မဂ၊ အလိကဆုန္ဒရ(အလက်ဇန္ဒား) ဘုရင်လေးပါးအုပ်ချုပ်သော တိုင်းနိုင်ငံများ၌လည်းကောင်း၊ မြောက်ပိုင်းတွင် စောလ၊ ပဏ္ဍယနှင့် လင်္ကာဒီပအထိ တိုင်းပြည်များ၌လည်းကောင်း ထပ်ကာတလဲလဲ ဓမ္မဝိဇယ တရားဓမ္မ အောင်မြင်မှုရရှိခဲ့လေသည်" ဟူ၍ ရေးထိုးထားသည်။

ဤကျောက်စာ၌ ဘုရင်ငါးဦးစကားစပ်ထားသည်။ အန္တိယောကဆ်သီယိုစ်သည် နာမည်ကျော် ဆေလျူကပ်၏မြေးဖြစ်သည်။ ဆေလျူကပ်၏မိဘမျိုးရိုးအမည်မှာ နစ်ကတာဖြစ်သည်။ ဆေလျူကပ်သည် ဆီရီယားမင်းဆက် စတင်တည်ထောင်သူဖြစ်သည်။ အလက်ဇန္ဒား အာရှတိုက်ကို တိုက်သောအခါ ဆေလျူကပ်သည် အလက်ဇန္ဒားနှင့် အတူပါလာသည်။ အိန္ဒိယတိုက်ပွဲ၌ ဆေလျူကပ် အထူးနာမည်ရသွားသည်။ အလက်ဇန္ဒား ကွယ်လွန်သောအခါ ဆေလျူကပ်သည် သိန္ဓုမြစ်ကိုဖြတ်လျက် အသောက၏ဘိုးတော်စန္ဒဂုတ်ဘုရင်ကို တိုက်သည်။ သို့သော်လည်း ဆေလျူကပ် နောက်ပြန်ဆုတ်ရပြီး စန္ဒဂုတ်ဘုရင်သည် စေ့စပ်ရေးစာချုပ်အရ ဆေလျူကပ်ထံမှ သမီးတော်ကို

http://www.linhtet.com



လည်းကောင်း၊ အာရှပြည်နယ်များနှင့် အရာကိုရှာ၊ ပါရိုပင်နီဆာခေက်၊ ဂျယ်ဒရိုရှာဒေသများကို လည်းကောင်း ရရှိသည်။ ယင်းပြည်နယ် ဒေသများသည် မြေးတော် အသောက လက်ထက်အထိ မောရိယနိုင်ငံ၏ ပိုင်နက်ဒေသများ ဖြစ်လာခဲ့သည်။

သို့ဖြစ်လင့်ကစား ဆေလျူကပ်၏ပိုင်နက် အင်ပိုင်ယာသည် ကျယ်ပြန့်ကြီးမားတုန်းပင်ဖြစ်သည်။ အလက်ဇန္ဒား၏ အင်ပိုင်ယာ နယ်မြေအတော်များများမှာ သူ့လက်အောက်မှာ ရှိနေသည်။ မြို့ခုနစ်ဆယ့်ငါးမြို့ကို သူပင် တည်ထောင်သည်ဟု အဆိုရှိသည်။ သူ့ အရိုက်အရာကို သူ့သားအန္တိယောကဆ်ဆိုတာက ဆက်ခံသည်။ အန္တိယောကဆ်ဆိုတာ၏ အင်ပိုင်ယာသည် ဘိုစဖိုရပ်နှင့် အာရှမိုင်းနား အနောက်ဘက် ကမ်းခြေမှ သိန္ဓုမြစ်အထိလည်းကောင်း၊ ဆီရီးယားမှ ဂျာဇာတက်နှင့် ပါမိရ်အထိလည်းကောင်း ပြန့်ကျယ်သည်။ ၂၆၁–ဘီစီတွင် အန္တိယောကဆ်ဆိုတာ ကွယ်လွန်သွားသောအခါ သူ့သားက အန္တိယောကဆ် ဒုတိယအမည်ဖြင့် ထီးနန်းဆက်ခံသည်။ မိုင်လေ့ရှိယန်လူမျိုးတို့က သူ့ကိုမျိုးရိုးအမည်နာမအရ သိယိုစ်ဟုခေါ်ကြသည်။ ယင်းတို့ကို သူက တိမာကပ်၏လက်အောက်မှ လွတ်မြောက်အောင် လုပ်ပေးသည်။

အသောက၏ကျောက်စာ၌ ဖော်ပြထားသော အန္တိယောကဆ်မှာ မျိုးရိုးအနွယ်အမည် သီယိုစ်ခေါ်သည့် ယင်းအန္တိယောကဆ် ဒုတိယဖြစ်သည်။ ထိုဘုရင်သည် အေးအေးဆေးဆေး မနေရရှာပေ။ ဂရိတို့နှင့်ပင် သူစစ်တိုက်ရသည်။ ပြည်နယ်အမြောက်အမြား လက်လွတ်ဆုံးရှုံးခဲ့ရသည်။ သို့ရာတွင် ဘုရင်အသောကကမူ သူ့ကို စေတနာရှေ့ထားပြီး သူပိုင်နိုင်ငံနယ်မြေများ၌ လူနှင့် တိရစ္ဆာန်တို့အတွက် ဆေးရုံဆေးခန်းများကို တည်ထောင်ပေးလေသည်။

အသောကကျောက်စာ၌ပါသည့် ပတိုလင်မီဖိလ ဒေဖို့စ်သည် ပတိုလင်မီဆိုတာ၏ သားဖြစ်သည်။ ပတိုလင်မီဖိလဒေဖို့စ်သည် ၈၅ဘီစီတွင် ဖခင်နန်းအမွေကို ဆက်ခံသည်။ ထိုဘုရင်သည် အန္တိယောကဆ်သိယိုစ်နှင့် မကြာခဏ စစ်တိုက်ရသည်။ သူ့ထီးနန်းသက် ကုန်ဆုံးခါနီးကျမှ စေ့စပ်ရေး ပြုလုပ်ပြီး စစ်တိုက်ရပ်လေသည်။ ပတိုလင်မီသည် သမီးဘာရင်နိုက်ကို အန္တိယောကဆ်သိယိုစ်အား ဆက်သလိုက်ရလေသည်။ သချာဆရာယူကလစ်၏ ခေတ်သည် ယင်းပတိုလင်မီခေတ်ဖြစ်သည်။ ပတိုလင်မီ၏လက်အောက်ခံများ ထဲတွင် အီဂျစ်အပြင် အက်သိယောပိယ၊ အရေဗျ၊ လစ်ဗျာ၊ ဖိုနစ်စိယာနှင့် ကိုလေဆီရိယားတို့၏ အရေးပါသော ပြည်နယ်များ၊ ဆိုက်ပရပ်၊ လိစိယာ၊

http://www.linhtet.com



ကာရိယာ၊ ဆိုက်ကကလိတ်တို့ ပါဝင်ကြသည်။ ယင်း တိုင်းနိုင်ငံများ၌ အသောကသည် ဆေးရုံ ဆေးခန်းများ ဖွင့်ပေးသည်။ တရားဓမ္မ ဖြန့်ဖြူးသည်။

အသောကမင်းကြီး၏သံတမန်များသည် အီဂျစ်ကိုဖြတ်ကျော်လျက် ပတိုလင်မီဖိလာဒေလ်ဖို့စ်နှင့် အဖေတူ မအေကွဲ ညီအစ်ကိုတော်သူ မဂ အုပ်ချုပ်သည့် ဆိုက်ရင်နေကာ၌ ဓမ္မဝိဇယအလုပ်ကို လုပ်ကြသည်။ အသောက ကျောက်စာက ညွှန်ပြထားသည့် ကျန်ဂရိဘုရင် နှစ်ဦးအနက် အန္တိဂေါနဆ်ဂိုနာ တာစ်သည် အလက်ဇန္ဒားမဟာ၏ သေနာပတိများထဲက သေနာပတိတစ်ဦး ၏ မြေးဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အလက်ဇန္ဒား၏ဖခင် ဖိလစ်မြေတောင် မြောက်သွားခဲ့သည့် မကာဒူနိယာတွင် ထီးနန်းစိုးစံသည်။ အလွန်တရာ ခရီး အလှမ်းဝေးသည့် အလက်ဇန္ဒား၏နယ်မြေ ထိုမကာဒူနိယာသည်လည်း အသောကမင်းကြီး၏ ဓမ္မဝိဇယအတွက် အခြေချရာ နယ်မြေဖြစ်ခဲ့သည်။ အသောကကျောက်စာ၌ပါသည့် ပဉ္စမဘုရင်မှာ အက်ပီရပ်ဘုရင် အလက်ဇန္ဒား ဒုတိယဖြစ်သည်။ ထိုဘုရင်သည် ၂၇၂ ဘီစီ၌နန်းတက်ပြီး အန္တိဂေါနဆ်ဂိုနာ တာစ်အား မကာဒူနိကာမှ တိုက်ထုတ်ပစ်လိုက်သည်။ ရှေးဟောင်း အပ်ပိရပ် သည် ယခု အယ်လဘေးနီယား၏ မြောက်ပိုင်းဖြစ်သည်။ အရစ္စတိုတယ်၏ အလိုအရ အက်ပိရပ်သည် ဂရိလူမျိုးတို့၏ မူလနယ်မြေဖြစ်သည်။ မဟာကဗျာ ဆရာကြီး ဟိုမားသည် အေကာနာနိယာ အပါအဝင် ဂရိအနောက်ကမ်းခြေ တစ်လျှောက်လုံးကို အပ်ပိရပ်ဟု အမည်ပေးထားသည်။ ယင်းဘုရင့်နိုင်ငံများ ကား ဘုရင်အသောက၏နိုင်ငံနှင့် အလှမ်းဝေးသော နိုင်ငံများဖြစ်ကြသည်။ သို့သော်လည်း ဘုရင်အသောကသည် ထိုခရီးအလှမ်းဝေးသည့် နိုင်ငံများ၌ပင် ဓမ္မဝိဇယအတွက် ကြိုးပမ်းခဲ့သည်။

အသောကမင်းကြီးသည် သူ၏လက်အောက်ခံ ဒေသများနှင့်သူ လက်လှမ်းမီသည့် နေရာဒေသများ၌လည်း ဓမ္မဝိဇယအလုပ်ကို ဖြန့်ထားလေသည်။ တေရသမကျောက်စာ၌ပင် "ဘုရင်မင်းကြီး၏လက်အောက်ခံများဖြစ်သည့် ယောန(အနောက်မြောက်နယ်စပ်၌ အခြေစိုက်နေကြသည့် ဂရိလူမျိုးများ)၊ ကမ္ဗောဇ(ယောနတို့၏ အိမ်နီးချင်း)၊ နာဘာကာ၊ နာဘာပန္တိ(ဟိမဝန္တာနယ်စပ်၌ နေထိုင်အခြေစိုက်သူများ)၊ ဘောဇ၊ ပေဌာနိက၊ အန္ဓရ၊ ပုလိန္ဒတို့မှစ၍ နေရာအနှံ့အပြား၌ ဘုရင်မင်းကြီး၏တရားဓမ္မအဆုံးအမကို ဂရုပြုကြသည်" ဟူ၍ ဆက်ဆိုထားသည်။

ဘုရင်မင်းကြီး၏ ဓမ္မသံတမန်များမရောက်သည့် တိုင်းပြည်နိုင်ငံများ

http://www.linhtet.com



လည်း အများအပြား ရှိသေးသည်။ မြန်မာနိုင်ငံစသော တိုင်းနိုင်ငံများသို့ အသောကမင်းကြီး၏ ဓမ္မသံတမန်များ မရောက်ပေ။ သို့သော် ထိုနိုင်ငံများ၌လည်း သာသနာရောင် ထွန်းပြောင်နေပြီ။ ယင်းအချက်ကို အသောကမင်းကြီးက နားလည်သဘောပေါက်သည်။ တေရသမကျောက်စာ၌ပင် "ဘုရင်မင်းကြီး၏ သံတမန်များမရောက်သည့် တိုင်းပြည်များ၌ပင် ပြည်သူတို့သည် တရားဓမ္မကိုလည်းကောင်း၊ ဘုရင်မင်းကြီး၏ ညွှန်ကြားချက်ကိုလည်းကောင်း ကြားသိကြပြီး တရားဓမ္မကို လိုက်နာကျင့်သုံးကြသည်" ဟူ၍ ရေးထိုးထားသည်။

ထို့ပြင် ယင်းကျောက်စာ၌ပင် "နေရာအနှံ့အပြား၌ အောင်မြင်မှုရရှိနေသည့် ဓမ္မဝိဇယသည် ပီတိကိုဖြစ်ပေါ်စေသည်။ တကယ့်ပီတိ အစစ်အမှန်ကို ဓမ္မဝိဇယကသာလျှင် ဖြစ်ပေါ်စေသည်။ သို့သော် ဓမ္မဝိဇယကြောင့် ဤဘဝ ဤလောက၌ ရရှိသည့်ပီတိသည် မပြောပလောက်သေးပေ။ ဓမ္မဝိဇယကြောင့် နောင်ဘဝတွင် ရရှိမည့်အကျိုးကား အတိုင်းထက်အလွန်ဖြစ်သည်" ဟူ၍ ရေးထိုးထားသည့်အပြင် "ငါ၏အရိုက်အရာဆက်ခံမည့် ငါ၏သားများမြေးများလည်း လက်နက်ဖြင့် အနိုင်ယူခြင်းကို မစဉ်းစားကြစေရန် ဤကျောက်စာကို ရေးထိုးထားခြင်းဖြစ်သည်။ အကယ်၍ သူတို့အနေနှင့် အနိုင်ရယူလိုပါက တရားဓမ္မဖြင့် အနိုင်ယူခြင်းကိုသာ ပြုသင့်သည်။ ဓမ္မဝိဇယကိုသာလျှင် တစ်ခုတည်းသော မှန်ကန်သည့် အနိုင်ယူခြင်းအဖြစ် ထင်မှတ်သင့်သည်" ဟူ၍လည်း ရေးထိုးထားသည်။

ဘုရင်အသောကသည် ပကတိလက်နက်အစား မေတ္တာလက်နက် အဟိံသာလက်နက်ဖြင့် အနိုင်ရအောင် ကြိုးစားပြီးလျှင် ကမ္ဘာ့လူသားများအား လူသားမဆန်သည့် အကြမ်းဖက်မှုမျိုး လက်နက်အားကိုး ပြုမှုမျိုးများဖြင့် အနိုင်ရအောင် ကြိုးစားမည့်အစား မေတ္တာဖြင့်၊ ဓမ္မဖြင့်အနိုင်ရအောင် ကြိုးစားကြရန် လမ်းညွှန်ခဲ့သည်။ သူ၏အရိုက်အရာခံများအားလည်း သူလိုပင်ကျင့်သုံးရန် နည်းပေးလမ်းပြ ပြုလုပ်သွားခဲ့သည်။ သို့ရာတွင် သူ၏အရိုက်အရာခံများသည် သူညွှန်ကြားသည်ကို သတိမမူကြပေ။ ဓမ္မဝိဇယကို အလေးမထားကြပေ။ သို့ဖြစ်၍ ဘုရင်အသောကမျက်နှာလွှဲသွားပြီး မကြာခင်မှာပင် မောရိယနိုင်ငံတော် နေဝန်းကွယ်သွားခဲ့ခြင်းဖြစ်လေသည်။

[ *အသောက ကျောက်စာကို အခြေခံသည်။* ]

❑

## ဓမ္မ အမတ်

ဘုရင်အသောက၏ နိုင်ငံတော်၌ နိုင်ငံတော် အုပ်ချုပ်ရေးအတွက် ပြည်နယ်များခွဲခြားသတ်မှတ်ထားသည်။ နေပြည်တော်နှင့် အလှမ်းဝေးသည့် ပြည်နယ်တို့၌ ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဘုရင်ခံချုပ်က အုပ်ချုပ်သည်။ ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဘုရင်ခံချုပ်များမှာ များသောအားဖြင့် ကုမာရ သို့မဟုတ် အာရယပုတ္တခေါ် မင်းညီမင်းသားများသာ ဖြစ်ကြသည်။ ပြည်နယ် ဘုရင်ခံချုပ် သို့မဟုတ် ဝန်ကြီးချုပ်တို့သည် ကိုယ့်ပြည်နယ်၌ လွတ်လပ်စွာ အုပ်ချုပ်နိုင်ခွင့်ရှိသည်။ ဘုရင်၏ချုပ်ကိုင်မှုမခံရပေ။ ဥဇ္ဇေနီနှင့် တက္ကသီလာပြည်နယ်များရှိ ကုမာရတို့သည် မိမိတို့ကိုယ်တိုင် မဟာမတ္တခေါ် အမတ် သို့မဟုတ် ဝန်ကြီးများကို ခန့်နိုင်ခွင့်ရှိသည်။ သို့သော် ဝေသာလီပြည်နယ်က အမတ်ကြီးများကိုမူ ဘုရင်ကိုယ်တိုင်ခန့်သည်။

နိုင်ငံတော်၌ အခြားဝန်ထမ်းများလည်း ရှိသည်။ တတိယကျောက်စာအရ (၁)ယုတ္တ၊ (၂)ရဇ္ဇုက၊ (၃)ပဒေသိက မင်းမှုထမ်းများ ခန့်ထားကြောင်း သိရသည်။ ယုတ္တသည် အခွန်စည်းကြပ်ရသည်။ မြို့နှင့် ခရိုင်လုံခြုံရေးကို တာဝန်ယူရသည်။ ရဇ္ဇုကကား ပြည်နယ်မင်းကြီးဖြစ်သည်။ ပြည်နယ်အုပ်ချုပ်ရေးကို တာဝန်ယူရသည်။ စတုတ္ထကျောက်စာတိုင်၌ “ငါသည် ရဇ္ဇုကတို့ကို ရာပေါင်းထောင်ပေါင်းများစွာသော လူတို့အား အုပ်ချုပ်ရန် ခန့်အပ်ထားသည်။ သူတို့ကို အုပ်ချုပ်ရေးနှင့် အပြစ်ဒဏ်ချမှတ်ရေးအခွင့် အာဏာအပြည့်အဝ ပေးထားသည်” ဟူ၍ ဖော်ပြထားသည်။ ထို့ပြင် ရဇ္ဇုကသည် ပြည်သူ့အကျိုးကို သယ်ပိုးရသည်။ ပြည်သူကိုကြည့်ရှုစောင့်ရှောက်ရသည်။

စတုတ္ထကျောက်စာ၌ပင် “တစ်စုံတစ်ယောက်သောသူသည် မိမိကလေးကို ကျွမ်းကျင်သူ အထိန်းအယ လက်ထဲအပ်လျက် ကျွမ်းကျင်သူ

http://www.linhtet.com



အထိန်းအယသည် ငါ၏ကလေးကို ကောင်းစွာစောင့်ရှောက်လိမ့်မည်ဟုတွေး၍ စိတ်ချနေသကဲ့သို့ ငါသည် ရဇ္ဇုကတို့အား ပြည်သူ၏ချမ်းသာမှုနှင့် အကျိုးရှိမှုအတွက် တာဝန်ပေးအပ်ထားသည်" ဟူ၍ ဖော်ပြထားသည်။ ယင်းကျောက်စာအရ ရဇ္ဇုက၏တာဝန်နှင့် လုပ်ပိုင်ခွင့်မှာ မသေးငယ်ကြောင်းသိရှိရသည်။ မိမိ၏ကလေး အထိန်းအယလက်ထဲအပ်ပြီး စိတ်ချနေသည့် ဖခင်ကဲ့သို့ အသောကသည် ပြည်သူကို သူ့အမှုထမ်း အရာထမ်းများလက်ထဲ အပ်ထားသည်။ သူ၏အမှုထမ်း အရာထမ်းများကလည်း စိတ်ချရပုံရသည်။ အသောကမင်းကြီး၏ ရည်မှန်းချက်နှင့် ဆန့်ကျင်ပြီး လုပ်ကြပုံမပေါ်ပေ။

စတုတ္ထကျောက်စာ၌ပင် "ငါသည် ရဇ္ဇုကတို့ကို အဘယ့်ကြောင့် လွတ်လပ်ခွင့်ပေးထားသနည်း။ အုပ်ချုပ်ရေးနှင့်တရားရေးတို့၌ အစိုးရိမ်ကင်းစွာ သံသယကင်းစွာ အမှားအယွင်းကင်းစွာ ကိုယ့်တာဝန်ဝတ္တရားဆောင်ရွက်နိုင်စေရန် ရဇ္ဇုကတို့ကို လွတ်လပ်ခွင့်ပေးထားခြင်းဖြစ်သည်" ဟူ၍ ဖော်ပြထားသည်။

ပဒေသိက၏တာဝန်ကား အုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည် ဖော်ရသည်။ ခရိုင်နှင့်မြို့နယ် အရာရှိများ၏အလုပ်များကို ကြီးကြပ်ရသည်။ စစ်ဆေးရသည်။ အကျင့်ပျက် အမှုထမ်း အရာထမ်းများအား အပြစ်ဒဏ်ပေးနိုင်ခွင့်လည်းရှိသည်။

ဒွါဒသမကျောက်စာ၌လည်း မင်းမှုထမ်း သုံးမျိုးပါရှိသည်။ (၁) ဓမ္မမဟာမာတာ၊ (၂) ဣတ္ထိဓျက္ခမဟာ မာတာ၊ (၃)ဝဇဘူမိကတို့ဖြစ်ကြသည်။ ယင်းသုံးမျိုး၌ အမှတ်(၂) ဣတ္ထိဓျက္ခမဟာမာတာမှာ နန်းတွင်းမိန်းမဆောင်၊ အနောက်ဆောင်များ၏ ကိစ္စအဝဝကို ကြည့်ရှုဆောင်ရွက်ရသော အမတ်ဖြစ်သည်။ ထို့ပြင် နန်းတွင်းဆောင်မှ တစ်ပါးတိုင်းပြည်အတွင်းရှိ မိန်းမများနှင့် ဘိက္ခုနီကျောင်းတိုက်ရှိ ဘိက္ခုနီများအတွက် တရားဓမ္မကိစ္စများကိုလည်း ဆောင်ရွက်ပေးရသည်။ ယင်းအမတ်မှာ မိန်းမများ၏အရေးအခင်းနှင့် ပတ်သက်၍ ခန့်ထားသည့်အရာထမ်းဖြစ်သည်။ အမှတ်(၃)ဝဇဘူမိကကား တိရစ္ဆာန်များ၏ အရေးအခင်းကို ကြည့်ရှုစောင့်ရှောက်သည့် အရာထမ်းဖြစ်သည်။ အသောကဘုရင်သည် လူတို့၏ အကျိုးစီးပွားသက်သက်ကိုသာကွက်ပြီး လိုလားသူမဟုတ်ပေ။ သတ္တဝါအားလုံး၏ ကောင်းကျိုးချမ်းသာကို ငဲ့ညှာထောက်ထားသူ ဖြစ်သည်။ ထို့ကြောင့် လူတို့၏အကျိုးစီးပွားအတွက် အမှုထမ်း အရာထမ်းများ ခန့်ထားသကဲ့သို့ပင် တိရစ္ဆာန်များအကျိုးအတွက်လည်း အရာထမ်း အမှုထမ်းများ ခန့်ထားသည်။ ဝဇဘူမိကခေါ် ထိုမင်းမှုထမ်းများ၏

http://www.linhtet.com



အလုပ်တာဝန်များကား များသောအားဖြင့် ဆေးရုံဆေးခန်းများ ဖွင့်လှစ်ပေးခြင်း၊ ဆေးဝါးများ၊ အဆင်သင့်ရအောင် ဖန်တီးပေးခြင်း၊ သစ်ပင်ပန်းပင်စိုက်ပျိုးခြင်း၊ ရေတွင်းရေကန်တူးခြင်း စသည်များကိုပြုလုပ်ဆောင်ရွက်ရခြင်းဖြစ်သည်။

အမှတ်(၁) မင်းမှုထမ်းမှာ ဓမ္မမဟာမာတာ သို့မဟုတ် ဓမ္မမဟာမတ္တခေါ် ဓမ္မအမတ်ဖြစ်သည်။ အသောကဏ် မင်းမှုထမ်းများအနက် ဓမ္မအမတ်မှာ တာဝန်လည်းများ ထူးလည်းထူးခြားသော မင်းမှုထမ်းဖြစ်သည်။

ယင်းအမှုထမ်းမျိုး အသောကလက်ထက်မတိုင်မီက မရှိခဲ့ပေ။ နန်းသက် ဆယ့်သုံးနှစ်ကြာမှ ဘုရင်မင်းကြီးသည် ဓမ္မအမတ်များကို ခန့်ထားခြင်းဖြစ်သည်။ ပဉ္စမကျောက်စာ၌ အသောကမင်းကြီးကိုယ်တိုင် ယခင်က ဓမ္မအမတ်များ မရှိခဲ့ဟုဆိုထားသည်။ အသောကမင်းကြီးသည် ဗုဒ္ဓ၏တရားဒေသနာတော်ကို သက်ဝင်ယုံကြည်သည့် အချိန်မှစ၍ လူသတ္တဝါတို့၏ ချမ်းသာမှုနှင့် ငြိမ်းချမ်းမှုတို့ကို ဖြစ်ပေါ်စေသည့် အကြောင်းတရားများကို ရှာဖွေစုံစမ်းခဲ့သည်။ ထိုအခါ သုခနှင့်ဒုက္ခ၏အမြစ်အရင်းမှာ ဓမ္မနှင့်အဓမ္မဖြစ်သည် ဆိုသည့်အကြောင်း သိရှိနားလည်သွားခဲ့သည်။ အဓမ္မကြောင့် ဒုက္ခဖြစ်ပေါ်လာပြီး ဓမ္မကြောင့် စိတ်ချမ်းသာမှုနှင့် ငြိမ်းချမ်းမှု ဖြစ်ပေါ်လာသည်။ ထို့ကြောင့် အသောကသည် ပြည်သူအတွင်း၌ ဓမ္မပြန့်ပွားအောင် ကြိုးစားအားထုတ်လေသည်။ "ရာဇဘိသိက်ခံပြီးနောက် ဆယ့်နှစ်နှစ်အကြာတွင် ငါ၏နိုင်ငံတော်အတွင်း၌ ယုတ္တ၊ ရဇ္ဇုက၊ ပဒေသိက မင်းမှုထမ်းများအား ငါးနှစ်တစ်ကြိမ် အုပ်ချုပ်ရေးတာဝန်နှင့် လှည့်လည်သွားလာကြရန် အမိန့်ပေးထားသကဲ့သို့ပင် သူ့အလှည့်နှင့်သူ ဓမ္မဖြန့်ဖြူးရေး ကိစ္စအတွက် လှည့်လည်သွားကြရန်လည်း ငါအမိန့်ပေးထားသည်"ဟူ၍ အသောကက ဆိုထားသည်။

သို့သော် အသောကသည် ထိုမျှနှင့် အားမရသေးပေ။ ထို့နောက် အတန်ကြာသောအခါ ဓမ္မရေးရာကို ကိုင်တွယ်ရသည့် သီးသန့်အမှုထမ်းများကို ခန့်ထားလေသည်။ ယင်းအမှုထမ်းများကား ဓမ္မအမတ်များ ဖြစ်သည်။

သတ္တမကျောက်စာ၌ ဤသို့ဖော်ပြထားသည်

"ယခင်အခါက ဘုရင်များသည် ပြည်သူပြည်သားများ တရားဓမ္မကို အာရုံညွတ်လာစေရန် နည်းလမ်းများရှာကြံခဲ့ကြသော်လည်း ပြည်သူပြည်သားများသည် ကျေနပ်ဖွယ်ကောင်းအောင် တရားဓမ္မဘက်တွင်တိုးတက်မှုမရှိခဲ့ပေ။ ပြည်သူပြည်သားများ ဓမ္မကိုလိုက်နာကျင့်သုံးအောင် မည်သို့ပြုမည်နည်း။ ဓမ္မနှင့်ပတ်သက်၍ ပြည်သူပြည်သားများ အပြည့်အဝတိုးတက်မှုရှိအောင် မည်သို့

http://www.linhtet.com



ပြမည်နည်း။ ပြည်သူပြည်သားများ တရားဘက်အောင် ငါ မည်သို့ပြုမည်နည်း။

"ငါအကြံရသည်။ ငါ ဓမ္မနှင့်ပတ်သက်သော ကြေငြာချက်များကို ထုတ်ပြန်ကြေငြာမည်။ တရားဓမ္မဆိုင်ရာဆိုဆုံးမချက်များကို ပြည်သူပြည်သားတွေသိအောင် ဆောင်ရွက်ရမည်။ ယင်းကြေငြာချက်များ အဆုံးအမများကို ကြားသိလျှင် ပြည်သူတွေ တရားဓမ္မကို လိုက်နာကျင့်သုံးကြလိမ့်မည်။ ယင်းရည်ရွယ်ချက်ဖြင့် ငါသည် ဓမ္မနှင့်ပတ်သက်သော ကြေငြာချက်များကို ထုတ်ပြန်ကြေငြာခဲ့သည်။ စာရိတ္တရေးရာ၊ ဓမ္မရေးရာ အဆုံးအမအမျိုးမျိုးကို ဖြန့်ဖြူးခဲ့သည်။

"ပြည်သူပြည်သားအပေါ် သြဇာအာဏာရှိသည့် ငါ၏ပုရသခေါ် အဆင့်မြင့် ဝန်ထမ်းများသည် ဓမ္မအဆုံးအမကို ပြည်သူပြည်သားများအား ညွှန်ကြားကြပေလိမ့်မည်။ ဖြန့်ဖြူးကြပေလိမ့်မည်။ ပြည်သူပြည်သားများအတွက် တာဝန်ပေးထားသည့် ရဇ္ဇုကခေါ် ပြည်နယ်မင်းကြီးများအားလည်း ပြည်သူပြည်သားများအား တရားဓမ္မနှင့်ပတ်သက်၍ မည်ကဲ့သို့နှိုးဆော်မှုပေးရန် ငါညွှန်ကြားထားသည်။

"ငါသည် တရားဓမ္မ အဆုံးအမများ ရေးထိုးထားသည့် ကျောက်စာတိုင်များကို စိုက်ထူထားသည်။ တရားဓမ္မနှင့်ပတ်သက်၍ တာဝန်အပ်နှင်းထားသည့် ဓမ္မမဟာမတ္တခေါ် ဓမ္မအမတ်ကြီးများကို ခန့်ထားသည်။ တရားဓမ္မ ဆိုင်ရာ ကြေငြာချက်များကို ထုတ်ပြန်ကြေငြာသည်"

ဓမ္မအမတ်၏တာဝန်ဝတ္တရားများကို သတ္တမကျောက်စာနှင့် ပဉ္စမကျောက်စာများ၌ ဖော်ပြထားသည်။ ဓမ္မအမတ်များသည် သာသနာ့ဝန်ထမ်းနှင့် လူဒါယကာအားလုံး၏အကျိုးကို သယ်ပိုးဆောင်ရွက်ရသည်။ သူတို့၏လုပ်ငန်းမှာ ဘာသာရေးဂိုဏ်းဂဏအားလုံးနှင့် သက်ဆိုင်သည်။ တရားအမတ်အချို့ကို ဗုဒ္ဓဘာသာရဟန်းသံဃာများအတွက် လည်းကောင်း၊ အချို့ကို ဗြာဟ္မဏနှင့် အာဇီဝက ဂိုဏ်းဂဏအတွက် လည်းကောင်း၊ အချို့ကို နိဂဏ္ဌခေါ် ဂျိန်း ဘုန်းကြီးများအတွက် လည်းကောင်း၊ အချို့ကို တခြားဘာသာရေးဂိုဏ်းဂဏများအတွက် လည်းကောင်း အသီးသီး တာဝန်ပေးထားသည်။ ဓမ္မအမတ်များနှင့်တခြား မင်းမှုထမ်းများသည် ဘုရင်မင်းကြီးနှင့် မိဖုရားများ၏ အလှူဒါန ပေးကမ်းလှူဒါန်းမှုများကိုလည်း ကြီးကြပ်ရသည်။ မင်းညီမင်းသားများ၏ အလှူဒါနများကိုလည်း အလားတူပင်ကြီးမှူးကြပ်မတ်ရသည်။

http://www.linhtet.com



ဓမ္မအမတ်များသည် ယောန၊ ကမ္ဘောဇ၊ ဂန္ဓာရ၊ ရဋ္ဌိက၊ ပေဋ္ဌာနိကဒေသများနှင့် အသောကမင်းကြီး၏ နိုင်ငံတော်အနောက်နယ်စပ်ရှိ တရားဓမ္မလိုက်နာကျင့်သုံးသူများ၏ အကျိုးစီးပွားကို ကြည့်ရှုစောင့်ရှောက်ကြရသည်။ စစ်သားများ၊ စစ်ဗိုလ်များ၊ ရဟန်းရှင်လူများ၊ ဆင်းရဲသူ ဆင်းရဲသားများ၊ အသက်ကြီးသူများ၏လိုအပ်ချက်များကိုလည်း အစဉ်သတိပြုကြရသည်။ တရားဓမ္မနှင့်မကင်းသူများ အကျဉ်းစခန်းက လွတ်မြောက်ရေးကိုလည်း အားထုတ်ကြရသည်။ အကျဉ်းခံနေသူများထဲက သားသမီးများအား ငွေကြေးဝေငှပေးရသည့် အလုပ်ကိုလည်း လုပ်ကြရသည်။ အကျဉ်းသားများထဲက တခြားပုဂ္ဂိုလ်များက ပြစ်မှုကျူးလွန်ခိုင်း၍ ကျူးလွန်ရသည့် အကျဉ်းသမားများနှင့် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် အကျဉ်းသမားများအကျဉ်းက လွတ်မြောက်ရေးကိုလည်း အားထုတ်ကြရသည်။

ဓမ္မအမတ်များကို ပါဋ္ဌလိပုတ်မြို့တော်၌လည်းကောင်း၊ တခြားပြည်နယ်၊ တခြားမြို့များ၌လည်းကောင်း၊ ဘုရင်မင်းကြီး၏နန်းတော်ဆောင်နှင့် ညီတော်နှမတော်တို့၏ နန်းဆောင်များ၌လည်းကောင်း၊ တခြားဆွေတော် မျိုးတော်တို့၏နန်းဆောင်များ၌ လည်းကောင်း ခန့်ထားလေသည်။ နိုင်ငံအဝန်းရှိ တရားဓမ္မ၌ မွေ့လျော်သော၊ တရားဓမ္မကို ကျင့်ကြံအားထုတ်သော အလှူဒါနပေးကမ်းစွန့်ကြဲသော လူအားလုံး၏ အကျိုးစီးပွားကို လုပ်ဆောင်ရန်မှာ ဓမ္မအမတ်များ၏တာဝန်ဝတ္တရားဖြစ်သည်။ ဓမ္မအမတ်ရာထူးသည် ပြည်တွင်းပြည်ပ ဓမ္မပြန့်ပွားရေးအတွက် အသောကမင်းကြီး လက်ထက်ကျမှ ပေါ်ပေါက်လာသော၊ အသောကမင်းကြီးအသစ် တီထွင်ဖန်တီးသော ရာထူးဌာနန္တရအသစ်ဖြစ်သည်။ ဓမ္မအမတ်၏ လုပ်ငန်းနယ်ပယ်မှာ ကျယ်ပြန့်လှသည်။ တာဝန်ဝတ္တရား ကြီးမားသလောက် အခွင့်အာဏာလည်း အပြည့်အဝရှိသည်။

ဘုရင်အသောကသည် တရားဓမ္မ ထွန်းကားပြန့်ပွားရေးအတွက် နည်းအမျိုးမျိုးဖြင့် ကြိုးစားအားထုတ်သည်။ ပြည်တွင်းပြည်ပ သာသနာပြုရဟန်းတော်များကို စေလွှတ်သည်။ တရားဓမ္မ အဆုံးအမများ ရေးထိုးသည့် ကျောက်စာတိုင်များကို စိုက်ထူသည်။ တရားဓမ္မ ကာကွယ်ရေးနှင့် ထွန်းကားပြန့်ပွားရေး ဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းသည်။ ဓမ္မအမတ်များကို ခန့်ထားသည်။ ယင်းနည်းလမ်းများအနက် ဓမ္မအမတ်များ ခန့်ထားခြင်းသည် အရေးပါအရာရောက်သော နည်းလမ်းတစ်လမ်း ဖြစ်လေသည်။ ။

[ *အသောကကျောက်စာများကို အခြေခံသည်။* ]

http://www.linhtet.com

## ရှင်မဟာနန္ဒနှင့် လင်္ကာဒီပ

အချိန်မှာ ခရစ်မပေါ်မီ နှစ်ရာ့လေးဆယ့်ရှစ်နှစ်ဖြစ်သည်။

အသောကဘုရင် မင်းတရားကြီး ရာဇာဘိသိက်ခံပြီးသည်မှာ ဆယ့်ခုနစ်နှစ်ရှိသွားပြီ။

ထိုနှစ်ထဲတွင် ဗုဒ္ဓဘာသာ သာသနာ့သမိုင်း၌ မှတ်တိုင်ကြီးတစ်တိုင် စိုက်လိုက်လေသည်။ ထိုမှတ်တိုင်ကား တတိယသင်္ဂါယနာဖြစ်လေသည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော ရဟန်းသံဃာတော်တစ်ထောင်တို့သည် ပါဋ္ဌလိပုတ်နေပြည်တော် အသောကာရုံကျောင်းတိုက်၌ တတိယသင်္ဂါယနာ တင်တော်မူကြသည်။

တတိယသင်္ဂါယနာအပြီးတွင် ဗုဒ္ဓသာသနာတော်အတွက် အလွန်တရာ ကျေးဇူးများသော အကျိုးထူးတရားများ ပေါ်ပေါက်ခဲ့လေသည်။ ဆွမ်းဆန်ထဲ ရောက်နေသည့်ကြွက်ချေးကို ဖယ်ထုတ်ပစ်နိုင်ခဲ့သည်။ နို့သာဆီထဲ ကျနေသည့် အညစ်အကြေးကို ထုတ်ပစ်နိုင်ခဲ့သည်။ ရေကြည်နှင့်ရေနောက်ကို ခွဲခြားပစ်နိုင်ခဲ့သည်။ သာသနာတော်အတွင်း၌ ဝင်ရောက်အမြစ်တွယ်နေသည့် အတုအယောင်များကို တကယ့်အစစ် အနှစ်သာရနှင့် ဘီလူးစည်း လူစည်း ခြားပစ်နိုင်ခဲ့သည်။ ထေရဝါဒပိဋကတ်စာပေ၏ အထင်ရှား အကျော်ကြားဆုံး ကျမ်းဂန်တစ်ခုဖြစ်သည့် 'ကထာဝတ္ထု' ကျမ်းစာ ပေါ်ပေါက်လာသည်မှာလည်း ထိုအချိန်အခါကပင် ဖြစ်သည်။

တတိယသင်္ဂါယနာ၏ အသီးအပွင့်တစ်ခုမှာ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်းဖြစ်သည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည်

http://www.linhtet.com



တတိယ သင်္ဂါယနာ အပြီးသတ်သွားသောအခါ၌ သင်္ဂါယနာတင် ရဟန်း သံဃာတော်များထဲက သင့်တော်ရာ မထေရ်များကိုရွေးလျက် ပြည်တွင်းပြည်ပ ဒေသအသီးသီး ဌာနအသီးသီးသို့ ဗုဒ္ဓတရားဖြန့်ဖြူးဟောကြားရန် စေလွှတ်လိုက်လေသည်။ ရဟန်းသံဃာအတော်များများမှာ အသက်ကို ပမာဏမထားဘဲ ဗုဒ္ဓသာသနာတော်ပြန့်ပွားအောင် ကြိုးပမ်းမည်ဟု အဓိဋ္ဌာန်ပြုထားသူများ ဖြစ်ပေရာ တစ်ရပ်တစ်ကျေး အဝေးသို့ကြွ၍ သာသနာပြုရန် တာဝန်ပေးအပ်ခြင်း ခံရသောအခါ စိတ်ဓာတ်တက်ကြွနေကြသည်။

တစ်ရပ်တစ်ကျေး ခရီးဝေးရာသို့ ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ ကြွရောက်၍ သာသနာပြုလိုသော၊ မိမိ၏ကိုယ်နှင့်အသက်ကို သာသနာတော်အတွက် အပ်နှင်းထားသော ရဟန်းတော်များထဲတွင် သင်္ဂါယနာတင် ရဟန်းတော်တစ်ပါးဖြစ်သည့် ရှင်မဟာမဟိန္ဒလည်း တစ်ပါးအပါအဝင်ဖြစ်သည်။ ရှင်မဟိန္ဒသည် အသောကမင်းတရားကြီး၏ သားတော်ဖြစ်သည်။

ပင်လယ်သမုဒ္ဒရာထက်ပင် ပြန့်ကျယ်သော မြင်းမိုရ်တောင်ထက်ပင် ထုထည်ကြီးမားသော မိမိ၏ကုသိုလ်ကောင်းမှုအစုစုကို ရည်ညွှန်းလျက် အသောကမင်းတရားကြီးက ရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်အား "မိမိသည် သာသနာ့အမွေခံ ဖြစ်ပါပြီလား" ဟူ၍ မေးမြန်းလျှောက်ထားသည့်အခါ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်က "ပစ္စည်းဝတ္ထုများကို ဘယ်လောက်ပင် လှူဒါန်းလှူဒါန်း သာသနာ့အမွေခံမဖြစ်။ မိမိ၏ရင်နှစ်သည်းချာကို သာသနာတော်တွင် သွတ်သွင်းလျက် ရှင်ရဟန်းပြုစေမှသာ သာသနာ့အမွေခံဖြစ်သည်" ဟူ၍ မိန့်တော်မူလေသည်။ ဤတွင် အသောကမင်းတရားကြီးသည် မိမိ၏ သားတော် သမီးတော်များထဲက သာသနာတော်တွင်း ဝင်ရောက်လျက် ရှင်ရဟန်းပြုလိုသူများအား ရှင်ရဟန်းပြုပေးဖို့ရန် ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်က ပါဋလိပုတ်နေပြည်တော်၌ သာသနာရောင်ဝါထွန်းလင်း တောက်ပနေသည်။ ဘုရင်မင်းကြီးကလည်း ဘုရားတရားကို ကြည်ညိုမြတ်နိုးသည်။ တိုင်းသူပြည်သားများကလည်း ဘုရင်မင်းတရားကြီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် တရားဓမ္မကိုအာရုံစူးစိုက်နေကြသည်။ ဘုရင်မင်းကြီးက ဘုရား တရားကို ရှိသေမြတ်နိုးမှုပြုသောအခါ နန်းတော်တစ်ခုလုံး တရားဓမ္မသံ လွှမ်းနေသည်။ ယင်းပတ်ဝန်းကျင်တွင် ကြီးပြင်းလာခဲ့ကြရသော သားတော် မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာတို့သည် လောကီလူ့ဘောင်ကို ငြီးငွေ့လာပြီး လောကီလူ့ဘောင်၏စိတ်ချမ်းမြေ့စရာများနှင့် ကင်းဝေးသည့် သာသနာတော်

http://www.linhtet.com



တွင်း ဝင်ရောက်လျက် ငြိမ်းချမ်းမှုကို ရှာမှီးလိုသည့် စိတ်ဆန္ဒဖြစ်ပေါ်နေကြသည်။ ထိုအချိန်အတွင်း ခမည်းတော်ဘုရင်မင်းကြီးက သာသနာ့ဒါယကာ သာသနာ့အမွေခံယူလိုသည့် စိတ်ဆန္ဒဖြစ်ပေါ်လာသောအခါ သားတော်မဟိန္ဒနှင့်သမီးတော်တို့အတွက် အခါကောင်းအခွင့်ကောင်း ကြုံလာကြလေသည်။ ငံ့နေသည့် ကြာဖူးကြာငုံတို့သည် နေအရုဏ်သင့်လာပြီဖြစ်၍ ပွင့်ချိန်ရောက်လာကြသည်။

အသောကမင်းကြီးသည် လက်တွေ့ကို ဦးစားပေးသူ ဖြစ်သည်။ တရားဓမ္မအရာ၌လည်း လက်တွေ့သမားဖြစ်သည်။ မိမိသားသမီးကို သာသနာတော်တွင်း ဝင်ရောက်ခွင့်ပြုရခြင်းသည် အသောကဘုရင် မင်းတရားကြီးကဲ့သို့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို စိုးမိုးပိုင်သသည့် ဘုရင်ဧကရာဇ်ကို မပြောနှင့်၊ သာမန်မိဘတစ်ဦးတစ်ယောက်အတွက်ပင် အလွန်ခဲယဉ်းသည့် အလုပ်ဖြစ်သည်။ ယခုကား မိဘဖြစ်သူမှာ ဘုရင်ဧကရာဇ်ဖြစ်သည်။ သားသမီးများက နန်းညွန့်နန်းလျာများဖြစ်ကြသည်။ တစ်ဘက်တွင် ရွှေနန်းရွှေအိမ်နှင့် မင်းစည်းစိမ်အပြည့်ရှိနေသည်။ အခြားတစ်ဘက်၌ကား သစ်ခေါက်လျှော်တေနှင့် ဖန်ရည်သင်္ကန်းဝတ်ရုံပြီး ရသမျှနှင့်ရောင့်ရဲတင်းတိမ်နေရသည့် ရဟန်းသမဏဘဝဖြစ်သည်။ မိဘနှင့်သားသမီးမှာ လိုက်ဖက်လှသည်။ ဘုရင်မင်းကြီးကလည်း သာသနာ့ အမွေခံယူလိုသည့် စိတ်ဆန္ဒ ပြင်းပြနေသဖြင့် ရွှေဘုံရွှေနန်းတွင် တစ်သက်လုံး စံနေကြသည့် နုနုထွတ်ထွတ် သားတော်နှင့် သမီးတော်ကို သင်္ကန်းတစ်ထည်နှင့် သပိတ်တစ်လုံးသာ အပိုင်ပစ္စည်းထားရသည့် ရဟန်းသမဏေဘဝကို ကူးပြောင်းခွင့် ပေးလိုက်သည်။ သားတော်နှင့် သမီးတော်တို့ကလည်း လောကီစည်းစိမ်၏ အမြင့်ဆုံးအဆင့်ဖြစ်သည့် မင်းစည်းစိမ်ကို ကျောခိုင်းလျက် သာသနာတော်တွင်း ခြေစုံ ပစ်ဝင်လိုက်ကြလေသည်။ ပါဋလိပုတ် နေပြည်တော်တစ်ဝိုက်၌ လွှမ်းနေသော သာသနာရောင်ဝါသည် ဘုရင်မင်းကြီး၏ မိသားစုအတွင်း၌လည်း ဝင်းလက်သွားလေသည်။ သားတော်မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာတို့ သာသနာတော်တွင်း မဝင်ရောက်မီကပင် ဘုရင်မင်းကြီး၏ညီတော် တိဿနှင့် သင်္ဃမိတ္တာ၏ခင်ပွန်း အဂ္ဂိဗြဟ္မတို့သည် ရဟန်းပြုသွားကြပြီ။ သင်္ဃမိတ္တာ၏ သားတော်လေး သုမနလည်း ရှင်သာမဏေဖြစ်သွားသည်။

ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုများကိုစေလွှတ်ချိန်၌ ရှင်မဟိန္ဒသည် အလွန်တရာရင့်ကျက်သည့် မထေရ်တစ်ပါးဖြစ်နေပေပြီ။ ဥပဇ္ဈာယ်ဆရာ

http://www.linhtet.com



ဖြစ်သူ ရှင်မဟာမောဂ္ဂလိပုတ္တတိဿက သူ့ကို သာသနာပြုတာဝန်ပေးနိုး ပေး နိုးနှင့်ရှင်မဟိန္ဒသည် စောင့်စားနေသည်။ တာဝန်အသီးသီး ပေးအပ်ခြင်းခံရ သည့် ရဟန်းတော်အချို့သည် ပါဋလိပုတ်နေပြည်တော်မှ ထွက်ခွာသွားကြ လေပြီ။

"ငါ့ရှင်မဟိန္ဒ၊ သင်က လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ သွားရမည်။ လင်္ကာဒီပ၌ ဗုဒ္ဓ၏တရားဓမ္မ ထွန်းကားပြန့်ပွားအောင် ပြုလုပ်ဆောင်ရွက်ရန် မှာ သင်၏တာဝန်ဝတ္တရားဖြစ်သည်"

ရှင်မဟာမောဂ္ဂလိပုတ္တ၏ အမိန့်ထွက်ပေါ်လာလေပြီ။ ရှင်မဟိန္ဒသည် ဥပဇ္ဈာယ်ဆရာ၏တာဝန်ပေးချက်ကို ဦးလည်မသုန် ခံယူပြီးလျှင် ဥပဇ္ဈာယ် ဆရာအားရှိခိုးလျက် ခမည်းတော် ဘုရင်မင်းကြီးအား နှုတ်ဆက်လျက် ပါဋလိ ပုတ်နေပြည်တော်မှ ထွက်လာခဲ့လေသည်။ သူနှင့်အတူ မထေရ်လေးပါးနှင့် သင်္ဃမိတ္တာ၏သားတော် သုမနသာမဏေလည်း ပါသွားသည်။

*

"သောဠသမဟာရဋ္ဌ" တိုင်းကြီး ဆယ့်ခြောက်တိုင်းထဲတွင် တစ် တိုင်းတစ်ပြည် အဖြစ်ပါဝင်သော အဝန္တိသည် မြောက်ပိုင်းနှင့်တောင်ပိုင်းဟူ၍ အပိုင်းနှစ်ပိုင်း ကွဲပြားခြားနားနေသည်။ အလယ်၌ ဝေတ္တဝတီ(ဝေတြဝတီ) မြစ် စီးဆင်းနေသည်။ တောင်ပိုင်းကို ပါဠိစာပေ၌ 'အဝန္တိဒက္ခိဏာပထ' ဟူ၍ ခေါ်ပြီး မြောက်ပိုင်းကို 'ဥတ္တရအဝန္တိ' ဟူ၍ခေါ်သည်။ တောင်ပိုင်း အဝန္တိ၏မြို့ တော်မှာ မဟိဿတိဖြစ်ပြီး မြောက်ပိုင်းအဝန္တိ မြို့တော်မှာ ဥဇ္ဇေနီဖြစ်သည်။

ဗုဒ္ဓလက်ထက်တော်အခါက အဝန္တိဘုရင်မှာ စဏ္ဍပဇ္ဇောတ မဟာ သေနဖြစ်သည်။ စဏ္ဍပဇ္ဇောတသည် သူ၏သမီးတော် ဝါသုလဒတ္တာ(ဝါသ ဝဒတ္တာ)ကို ဝံသတိုင်းဘုရင် ဥဒေန(ဥဒယန)နှင့် လက်ထပ်ပေးသည်။ ဘုရင် ဗိမ္ဗိသာရသည် စဏ္ဍပဇ္ဇောတဘုရင်နှင့် မဟာမိတ်အဖြစ် ဆက်သွယ်ထားသည်။ စဏ္ဍပဇ္ဇောတဘုရင် မမာမကျန်းဖြစ်သောအခါ ဘုရင်ဗိမ္ဗိသာရသည် သူ၏ သမားတော် ဇီဝကကို စေလွှတ်ပြီး ဆေးကုပေးသည်။ အဝန္တိသည် ဗုဒ္ဓလက် ထက်တော်၌ လည်းကောင်း၊ ဗုဒ္ဓ၏နောက်ပိုင်း၌လည်းကောင်း၊ ဗုဒ္ဓတရားဓမ္မ အတွက် အရေးပါအရာရောက်သော ဒေသတစ်ခုဖြစ်သည်။ ဗုဒ္ဓလက်ထက် တော်အခါကာလက အဝန္တိဒက္ခိဏာပထ၌ ရဟန်းသံဃာ ပြောလောက် ဆို

http://www.linhtet.com



လောက် မရှိသော်လည်း အဝန္တီသည် ရှင်မဟာကစ္စာယနမထေရ် ကဲ့သို့သော သာသနာတော်တွင် အလွန်ကျေးဇူးများသည့် မထေရ်တစ်ပါးကို မွေးဖွားပေးခဲ့သည်။ ရှင်မဟာကစ္စာယနသည် စဏ္ဍပဇ္ဇောတဘုရင်ထံတွင် အမှုထမ်းနေသည့် ရာဇပုရောဟိတ်၏သားဖြစ်သည်။ သူ့ဖခင် ကွယ်လွန်သွားသောအခါ သူကိုယ်တိုင် ဘုရင့်ပုရောဟိတ်ဖြစ်လာသည်။ သို့ရာတွင် နောက်ပိုင်း၌ ရှင်မဟာကစ္စာယနသည် ဗုဒ္ဓသီတင်းသုံးတော်မူရာ သာဝတ္ထိသို့သွားပြီး ရဟန်းပြုလိုက်လေသည်။ ရှင်မဟာကစ္စာယနသည် အဝန္တီ၌ အထူးကြိုးစား၍ ဗုဒ္ဓတရားတော်ကို ဖြန့်ဖြူးလေသည်။ ရှင်မဟာကစ္စာယနမှလွဲ၍ အဘယကုမာရ၊ ဣသိဒတ္တ၊ ဓမ္မပါလ၊ သောဏကုဋိကဏ္ဏအမည်ရှိ မထေရ်တို့သည်လည်း အဝန္တီသားများ ဖြစ်ကြသည်။

ဥဇ္ဇေနီသည် မြောက်ပိုင်း အဝန္တီ၏မြို့တော်ဖြစ်သည်။ ထိုမြို့တော်၌ အဝန္တီဘုရင် နန်းစံသည်။ ဗုဒ္ဓလက်ထက်တော်အခါက သာဝတ္ထိမှ ပတိဋ္ဌာနသို့ သွားသော ဒက္ခိဏာပထလမ်း၌ ဥဇ္ဇေနီသည် ပတိဋ္ဌာနနှင့် ဂေါနဒ္ဓအကြားရှိ အချက်အချာစခန်းမြို့ကြီးတစ်မြို့ ဖြစ်သည်။ ထိုနည်းအတိုင်းပင် ဥဇ္ဇေနီသည် မြောက်ပိုင်း၌ ဝိဒိသာ၊ ကောသမ္ဗီ၊ သာကေတ၊ သာဝတ္ထိကဲ့သို့သော မြို့များနှင့်လည်းကောင်း၊ တောင်ပိုင်း မဟိဿတိ၊ ပတိဋ္ဌာနတို့နှင့်လည်းကောင်း လမ်းပန်း ဆက်သွယ်မှုရှိနေသည်။ ဘရုကစ္ဆ၊ သုပ္ပါရကတို့မှလည်း လမ်းတစ်လမ်းသည် ဥဇ္ဇေနီအထိရောက်သည်။ ယင်းသို့အားဖြင့် ဥဇ္ဇေနီသည် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ထင်ရှားသောမြို့ကြီးများနှင့်လည်းကောင်း၊ အနောက်ဘက် ပင်လယ်ကမ်းခြေရှိ ထိုအချိန်က သင်္ဘောဆိပ်ကြီးများနှင့်လည်းကောင်း၊ အဆက်အစပ်ရှိနေသည်။ ရှင်မဟာကစ္စာယန၏ ဇာတိမှာ ဥဇ္ဇေနီပင်ဖြစ်သည်။

အဝန္တီတိုင်းနှင့် မြို့တော်ဥဇ္ဇေနီတို့သည် ဗုဒ္ဓလက်ထက်တော်အခါက တစ်ထီးတစ်နန်း တစ်ဆောင်တစ်ယောင်ဖြစ်ခဲ့သော်လည်း ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နောက် နှစ်ပေါင်းတစ်ရာ့ ငါးဆယ်လောက် ရောက်သောအခါ မဂဓနိုင်ငံလက်အောက်ခံ ပြည်နယ်တစ်ခုဖြစ်နေပြီ။ အသောကလက်ထက်နှင့် အသောကမတိုင်မီက မဂဓနိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ်အရ မဂဓနိုင်ငံတော်၏လက်အောက်ခံ ပြည်နယ်များ၌ ဘုရင့်သားတော်များက ပြည်နယ် ဘုရင်မင်းကြီးအဖြစ် အုပ်ချုပ်ကြလေသည်။ ဘုရင့်သားတော်အဖြစ်နှင့် ရှိစဉ်အခါက သားတော်အသောကသည် ဥဇ္ဇေနီပြည်နယ်ဘုရင်မင်းကြီးအဖြစ် ခန့်အပ်ခြင်းခံရလေသည်။ သားတော်အသောကသည် ဥဇ္ဇေနီသို့အသွား ပါဋလိပုတ်နှင့် ဥဇ္ဇေနီအကြားရှိ ဝိဒိသာ

http://www.linhtet.com



သို့မဟုတ် ဝေဒိဿကမြို့တွင် ခရီးတစ်ထောက်နားလေသည်။ ဝိဒိသာ သို့မဟုတ် ဝေဒိဿဂီရိ သို့မဟုတ် ဝေဒိဿက၌ သားတော်သည် ရုပ်ရည်ရူပကာယ အလွန်လှပသည့် သူကြွယ်သမီးဒေဝီကို မြင်ရသဖြင့် နှစ်သက်မြတ်နိုးသွားပြီး ထိမ်းမြားလက်ထပ်လိုက်လေသည်။ ဥဇ္ဇေနီ၌ မိဖုရားဒေဝီမှ သားတော်မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာကို ဖွားမြင်လေသည်။ ခမည်းတော် ဗိန္ဒုသာရလွန်သောအခါ သားတော် အသောကသည် မဂဓထီးနန်း ဆက်ခံစိုးစံလေသည်။ အသောကမင်းကြီး ရာဇဘိသိက်ခံယူချိန်၌ သားတော် မဟိန္ဒ၏အသက်မှာ ဆယ့်လေးနှစ်ရှိပြီ။ မိဖုရားဒေဝီသည် ပါဋ္ဌလိပုတ် နေပြည်တော်သို့ လိုက်မလာပေ။ သူ့ဇာတိမှာပင် နေသည်။

ရှင်မဟာမဟိန္ဒသည် လင်္ကာဒီပကျွန်း၌ သာသနာပြုရန်တာဝန်ပေးအပ်ခြင်းခံရသောအခါ ပထမဦးစွာ သူ၏မယ်တော်ကို သတိရလာသည်။ သူ၏သာသနာပြုခရီးသည် ဇမ္ဗူဒီပကျွန်းသို့ နောင်ခြေဦးပြန်လှည့်ရတော့မည် မဟုတ်သည့် ခရီးဖြစ်ကြောင်းကို ရှင်မဟိန္ဒသိထားဟန်တူသည်။ သို့ဖြစ်၍ သူ၏မယ်တော်ကို နောက်ဆုံးတွေ့ခြင်းမျိုးဖြင့် တွေ့သွားလိုသည့် ဆန္ဒရှိနေသည်။ လင်္ကာဒီပကျွန်းသို့ ကြွရန်မှာလည်း အခြေအနေမပေးသေး၍ မကြွမီကာလအတွင်း အချိန်ရနေသည်။ သို့ဖြစ်၍ ရှင်မဟိန္ဒသည် လင်္ကာဒီပသို့ တန်းမကြွသေးဘဲ သူ့မယ်တော်ရှိရာ ဝေဒိသာသို့ကြွသွားသည်။ မယ်တော်ဒေဝီ မိဖုရားက သားတော်ကြွလာသည်ကို တွေ့ရသောအခါ အတိုင်းထက်အလွန် အားရဝမ်းသာဖြစ်သွားပြီးလျှင် သူဆောက်လုပ်ထားသည့် ဝေဒိသဂီရိကျောင်း တိုက်၌ သီတင်းသုံးစေလျက် ဆွမ်းလုပ်ကျွေး ပြုစုနေလေသည်။

ရှင်မဟိန္ဒပါဋ္ဌလိပုတ်နေပြည်တော်မှ ထွက်လာခဲ့သည်မှာ ခြောက်လကြာသွားပြီ။ ခြောက်လမျှသောအချိန်ကာလသည် အရေးအတွက်အားဖြင့် ဘာမျှမပြောပလောက်သော်လည်း လူတစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း တိုင်းပြည်တစ်ပြည်အတွက်သော်လည်းကောင်း ပြောင်းလဲစရာရှိပါက ကျွမ်းထိုးမှောက်ခုံ ပြောင်းလဲသွားနိုင်သည့် အချိန်ကာလ အတိုင်းအတာဖြစ်သည်။ ထိုခြောက်လအတွင်း၌ ဇမ္ဗူဒိပ်ကျွန်း၌ ပြောလောက်ဆိုလောက် ပြောင်းလဲမှုမရှိသော်လည်း ရှင်မဟိန္ဒသွားရောက်ရမည့် လင်္ကာဒီပ၌ကား တိုင်းပြည် အခြေအနေပြောင်းလဲသွားသည်။ မင်းပြောင်းမင်းလွှဲ ဖြစ်လာသည်။ မဂဓနိုင်ငံ၌ စန္ဒဂုတ္တဘုရင် ထီးနန်းစိုးစံပြီး ဆယ့်လေးနှစ်အကြာ ဘီ–စီ ၃၀၇နှစ်၌ လင်္ကာဒီပတွင် ပုဏ္ဍကအဘယ(ပဏ္ဍုကာဘယ) ဘုရင်လွန်ပြီး မုဋသိဝ(မုဒ္ဒ

http://www.linhtet.com



သီဝ) နန်းတက်သည်။ အသောကဘုရင်နန်းစံနှစ်မှာ ဘီ–စီ ၂၆၉ဖြစ်သည်။ နန်းတက်ပြီး လေးနှစ်အကြာ ဘီ စီ ၂၆၅ ကျမှ ရာဇဘိသိက်ခံသည်။ ဘုရင်အသောက အဘိသိက်ခံပြီးနောက် ဆယ့်ခုနစ်နှစ်အကြာ ဘီ–စီ ၂၄၈ ၌ မုဋ္ဌသီဝ(မုဒ္ဓသီဝ) ဘုရင်ကံကုန်ပြီး ဒေဝါနံပိယတိဿ နန်းတက်သည်။

ဒေဝါနံပိယတိဿ နန်းတက်ချိန်သည် ရှင်မဟိန္ဒလင်္ကာဒီပသို့ သာသနာပြုကြွရန် စီမံစိုင်းပြင်းနေသည့်အချိန်ကာလအတောအတွင်း ဖြစ်သည်။ ဒေဝါနံပိယတိဿဘုရင် နန်းတက်သောအခါ လင်္ကာဒီပနှင့်ဇမ္ဗူဒိပ်ကျွန်းသည် ရွှေလမ်း ငွေလမ်းပေါက်သွားသည်။ ဒေဝါနံပိယတိဿဘုရင်မင်းကြီးက စတင်၍ အသောကဘုရင်ထံ လက်ဆောင်ပဏ္ဏာများကို ဆက်သလေသည်။ မင်းကြီး သည် တူတော် အရိဋ္ဌအမတ်အမှူးပြုသည့် တမန်တော်လေးဦးကို အသောကဘုရင် ထံစေလွှတ်လျက် အဖိုးနဂ္ဃထိုက်တန်သည့် ရတနာများကို ပို့စေလေသည်။ အသောကဘုရင်ကလည်း အတုံ့အလှည့် သဘောဖြင့် ဒေဝါနံပိယတိဿမင်းကြီး၏ တမန်တော်များကို ထိုက်ထိုက်တန်တန် ချီးမြှောက် လျက် ဒေဝါနံပိယ တိဿမင်းကြီးထံ ဘိသိက်သွန်းရန် ဂင်္ဂါရေနှင့်တကွ အဖိုးတန်ရတနာများကို လက်ဆောင်ပဏ္ဏာအဖြစ် ပို့လိုက်လေသည်။ ဒေဝါနံပိယတိဿမင်းကြီးထံ အသောကဘုရင် ပို့လိုက်သည့်ရတနာများထဲတွင် ပြည်တန် ပတ္တမြားရတနာထက်ပင် အဖိုးထိုက်တန်သည့် ရတနာပါသွားသည်။ ထိုရတနာကား 'ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ' ဖြစ်သည်။ "*ငါသည် ယခုအခါ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နေသည်။ သင်အကြည်တော်မင်းကြီးလည်း ငါကဲ့သို့ပင် ရတနာသုံးပါးကို ဦးထိပ်ထားပါလေ*"ဟူ၍ သဝဏ်လွှာရေး၍ အသောက အမှာတော် ပေးပို့လိုက်လေသည်။ ယင်းသို့အားဖြင့် ဒေဝါနံပိယတိဿနှင့် အသောကတို့သည် တစ်ဦးနှင့်တစ်ဦး မတွေ့ဖူး မမြင်ဖူး ငြားသော်လည်း 'အဒိဋ္ဌသဟာယ' မမြင်ဖူးဘဲ ချစ်ကြည်ရင်းနှီးနေကြသည့် အကြည်တော်များ ဖြစ်သွားကြလေသည်။

ထိုအချိန်သမယ ထိုအခါအခွင့်ကို ရှင်မဟာမဟိန္ဒ စောင့်ဆိုင်းနေခြင်းဖြစ်လေသည်။ ခမည်းတော်ဘုရင်မင်းကြီးနှင့် ချစ်ကြည်ရင်းနှီးသည့် ဘုရင်လည်း လင်္ကာဒီပ၌ စိုးစံနေပြီ။ ထို့မျှသာမက ခမည်းတော်ဘုရင်မင်းကြီး၏ ကျေးဇူးကြောင့် လင်္ကာဒီပဘုရင်သည် 'ဘုရား၊ တရား၊ သံဃာ'ဟူသော အသံကိုလည်း ကြားပြီးနေပြီ။ အခြေအနေပေးနေပြီဖြစ်၍ ရှင်မဟိန္ဒသည် နောက်ပါရဟန်းလေးပါးနှင့်အတူတကွ လင်္ကာဒီပသို့ ကြွသည့် သာသနာပြုအဖွဲ့နှင့်

http://www.linhtet.com



ဒေဝီမိဖုရား၏မြေး ဝမ်းကွဲတော်သူ ပဏ္ဍုကအမည်ရှိ သူငယ်တစ်ဦးလည်း ပါသွားသည်။

*

တာမရပဏ္ဏိခေါ် လင်္ကာဒီပ သီဟိုဠ်ကျွန်း၌ နယုန်လ နက္ခတ်ပွဲသဘင် ကျင်းပပြုလုပ်နေကြသည်။ ဒေဝါနံပိယတိဿမင်းကြီးသည် နက္ခတ်ပွဲသဘင် အထိမ်းအမှတ်ဖြင့် နောက်လိုက်နောက်ပါများစွာဖြင့် တောကစားထွက်လာရာ မိဿက(ယခုခေတ်အခေါ် မိဟိန္တလေ)တောင်သို့ ရောက်လာလေသည်။ မိဿ က တောင်စောင်း၌ ဆတ်တစ်ကောင်သည် မြက်သစ်ရွက်များကို စားနေလေ သည်။ သားကောင်ကို ဘုရင်မင်းကြီး တွေ့သွားပြီ။ သို့ရာတွင် "ယခုကဲ့သို့ နမော်နမဲ့ နေစဉ်အတွင်း သားကောင်ကိုပစ်ရန်မတော်။ ထွက်ပြေးသွားသော အခါကျမှ ပစ်သင့်သည်"ဟု တွေးပြီးလျှင် ဘုရင်မင်းကြီးသည် အသံပြုလိုက် လေသည်။ လူသံကြားရသောအခါ ဆတ်ကထွက်ပြေးသည်။ သားကောင် ထွက်ပြေးသောအခါ ဘုရင်မင်းကြီးသည် သားကောင်နောက် ပြေးလိုက်သည်။ သားကောင်က ရှေ့ကပြေးသည်။ ဘုရင်မင်းကြီးက နောက်ကလိုက်သည်။ သို့သော် နောက်က လိုက်ရင်းလိုက်ရင်းနှင့် သားကောင်ကို မျက်ခြည်ပြတ် သွားသည်။ သားကောင်အစား တစ်စုံတစ်ရာကို တွေ့လိုက်ရသဖြင့် ဘုရင် မင်းကြီးထိတ်လန့်သွားသည်။ ထိုတစ်စုံတစ်ခုကား တောတိရစ္ဆာန်လည်း မဟုတ်ပေ။ နတ်ဒေဝတာလည်း မဟုတ်ပေ။ ယက္ခဘီလူးလည်း မဟုတ်ပေ။ လူသားတစ်ဦးဖြစ်သည့် ရှင်မဟိန္ဒမထေရ်ဖြစ်နေသည်။ ရှင်မဟိန္ဒသည် လင်္ကာဒီပတွင် ခြေချပြီးနောက် ထိုနေရာသို့ ရောက်နေသည်။ မိမိအနီးသို့ ဘုရင်မင်းကြီး ရောက်လာသည်ကို တွေ့ရသောအခါ ရှင်မဟိန္ဒက လှမ်းပြော လိုက်သည်။

"တိဿ ဒီလာခဲ့"

ဘုရင်မင်းကြီးက စဉ်းစားကြည့်သည်။ ဤတိုင်းပြည်၌ ငါ့ကို တိဿ ဟု ခေါ်ဝံ့သူမည်သူမျှမရှိ။ ဤဖန်ရည်ဆိုး အဝတ်ဝတ်ထားသူသည် ငါ့ကို တိဿဟုခေါ်သည်။ ဤပုဂ္ဂိုလ်သည် လူလော သို့မဟုတ် လူမဟုတ်ဘူးလော။

ဘုရင်မင်းကြီး၏ စိတ်အကြံကို ရိပ်မိသည်ဖြစ်၍ ရှင်မဟိန္ဒမိန့်တော်မူ လိုက်ပြန်သည်။

"အရှင်မင်းကြီး၊ ကျုပ်တို့ဟာ တရားမင်းဖြစ်တော်မူတဲ့ ရှင်တော်ဗုဒ္ဓရဲ့

http://www.linhtet.com



တပည့်သာဝက ရဟန်းသမဏများ ဖြစ်ကြတယ်။ သင်မင်းကြီး၏ အကျိုးစီးပွားအလို့ငှာ ဇမ္ဗူဒီပကျွန်းမှ လင်္ကာဒီပသို့ ရောက်လာရခြင်းဖြစ်တယ်"

ဒေဝါနံ ပိယတိဿမင်းကြီးသည် အကြည်တော် အသောကမင်းကြီးထံမှ ဆက်သလိုက်သည့် အဘိသိက်ရေဖြင့် အဘိသိက်သွန်းသည်မှာ တစ်လသာရှိသေးသည်။ ပြီးခဲ့သည့် ကဆုန်လပြည့်နေ့က အဘိသိက်သွန်း၍ပြီးသည်။ ဇမ္ဗူဒိပ်ကကြွလာသည့် ရဟန်းသမဏဆိုသဖြင့် အကြည်တော် အသောကမင်းကြီးပါးလိုက်သည့် သဝဏ်လွှာကို ချက်ချင်း သွားသတိရသည်။ အသောက၏သဝဏ်လွှာထဲ၌ ပါသည့် ရဟန်းသံဃာဟူသည်မှာ ဤပုဂ္ဂိုလ်ပင် ဖြစ်ရမည်ဟု တွေးမိပြီးလျှင် ဒေဝါနံပိယတိဿမင်းကြီးသည် လက်ထဲက လေးနှင့်မြားကိုချထားလိုက်ပြီး မထေရ်၏အနီးသို့ ချဉ်းကပ်သွားလေသည်။ နောက်လိုက်နောက်ပါဗိုလ်ပါ ပရိသတ်များလည်း ဘုရင်မင်းကြီးကို ရံနေကြလေသည်။ ရှင်မဟိန္ဒသည် သူနှင့် ပါလာသည့် ရဟန်းများကို ဘုရင်မင်းကြီးအား ပြလိုက်လေသည်။

"ဒီရဟန်းပုဂ္ဂိုလ်တွေက ဘယ်တုန်းက ကြွလာကြပါသလဲ" ဘုရင်မင်းကြီးက မေးလျှောက်လိုက်လေသည်။

"ကျုပ်နဲ့အတူ ကြွလာကြတဲ့ ရဟန်းပုဂ္ဂိုလ်တွေဖြစ်တယ် မင်းကြီး"

"ဇမ္ဗူဒိပ်ကျွန်းမှာ တခြားရဟန်းတွေ ရှိပါသေးသလား"

"အရှင်မင်းကြီး ၊ ယခုအချိန်အခါမှာ ဇမ္ဗူဒိပ်ကျွန်းဟာ သင်္ကန်း ရောင်တောက်ပြောင်နေပါတယ်"

ရှင်မဟိန္ဒမထေရ်သည် ဒေဝါနံပိယတိဿမင်းကြီးအား တရားဓမ္မဟောကြားရတော့မည်။ တရားမဟောကြားခင် ဘုရင်မင်းကြီး၏အသိဉာဏ်အတိမ်အနက်ကို အကဲခတ်လိုသည်ဖြစ်၍ အနီး၌ မြင်နေရသည့် သရက်ပင်တစ်ပင်ကို ညွှန်ပြလျက် ကောက်ခါငင်ခါ မေးလိုက်လေသည်။

"အရှင်မင်းကြီး၊ ဒီသစ်ပင် ဘာပင်ခေါ်သလဲ"

"သရက်ပင်ပါဘုရား"

"အရှင်မင်းကြီး ၊ ဒီသရက်ပင်မှတစ်ပါး အခြားသရက်ပင် ရှိသေးသလား"

"တခြားသရက်ပင်တွေ အမြောက်အမြားရှိပါတယ်"

"ဒီသရက်ပင်နဲ့ အဲဒီသရက်ပင်တွေမှတစ်ပါး အခြားသစ်ပင်များကော ရှိပါသေးသလား"

http://www.linhtet.com



"ရှိပါတယ်။ ဒါပေမယ့် သရက်ပင် မဟုတ်ပါဘူး"

"တခြားသရက်ပင်တွေနဲ့ သရက်ပင် မဟုတ်တဲ့ သစ်ပင်တွေကိုထား ပြီး အခြားသစ်ပင် ရှိပါသေးသလား"

"ရှိပါတယ်။ ဟောဒီသရက်ပင်ဖြစ်ပါတယ်"

"သာဓု . . . သာဓု အရှင်မင်းကြီး၊ သင်မင်းကြီး ပညာဉာဏ်ပြည့်စုံပါ ပေတယ်"

ရှင်မဟိန္ဒမထေရ်သည် ထိုမျှနှင့် မကျေနပ်သေးပေ။ ဘုရင်မင်းကြီး အား ဆက်လက်မေးပြန်လေသည်။

"သင်မင်းကြီးမှာ ဆွေမျိုးတော်များရှိပါသလား"

"အမြောက်အမြားရှိပါတယ်"

"ဆွေမျိုးမတော်သူကောရှိပါသလား"

"ဆွေမျိုးတော်သူထက်ပင် များပါသေးတယ်"

"ဆွေမျိုးတော်သူနဲ့ မတော်သူကိုထားပြီး တခြားလူကော ရှိပါသေး သလား"

"ရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ တပည့်တော်ကိုယ်တိုင်ပင် ဖြစ်ပါတယ်"

"သာဓု . . .သာဓု . . .အရှင်မင်းကြီး။ သင် မင်းကြီးဟာ ပညာဉာဏ် နှင့်ပြည့်စုံသူတစ်ယောက်ဖြစ်ပါပေတယ်"

ရှင်မဟိန္ဒသည် ဒေဝါနံပိယတိဿမင်းကြီး၏ အသိဉာဏ်အတိမ် အနက်ကို အကဲခတ်ပြီးသောအခါ ဘုရင်မင်းကြီးနှင့်တကွ နောက်လိုက်နောက် ပါများအား စူဠဟတ္ထိပဒေါပမသုတ်ကို ဟောကြားတော်မူလေသည်။ ဒေသနာ အဆုံး၌ ဘုရင်မင်းကြီးနှင့်တကွ နောက်လိုက်နောက်ပါ များစွာတို့သည် သရဏဂုံ တည်သွားကြလေသည်။ ထိုအချိန်မှစ၍ မဟိန္ဒမထေရ်သည် လင်္ကာ ဒီပသီဟိုဠ်ကျွန်း၌ သက်ဆုံးတိုင် သာသနာပြုသွားခဲ့လေသည်။ ။

[ *သမန္တပါသာဒိကာ ကင္ခကထာ၊ မဟာဝံသတို့ကို အခြေခံသည်။*]

❑

http://www.linhtet.com

# ထေရ်နှင့် ဒက္ခိဏသာခါ

(၁)

တတိယသင်္ဂါယနာတင်အပြီး၌ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အသောကဘုရင် မင်းတရားကြီးတို့သည် ကမ္ဘာအနှံ့ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားစေရန် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရဟန်းတော်များကို စေလွှတ်လိုက်ကြလေသည်။ ယင်းသာသနာပြု ရဟန်းတော်များထဲတွင် ဘုရင်မင်းတရားကြီး၏ သားတော်ရှင်မဟာမဟိန္ဒကိုယ်တိုင် ပါဝင်သည်။ ရှင်မဟာမဟိန္ဒ အမှူးပြုသော ရဟန်းတော်ငါးပါးသည် လင်္ကာဒီပသီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွကြသည်။ ဘုရင်မင်းတရားကြီးသည် သာသနာပြု ရဟန်းတော်များ၏ သတင်းကို အထူးသဖြင့် မိမိသားတော် ရှင်မဟာမဟိန္ဒ၏ သတင်းကို ကြားနာလိုလှသည့်စိတ်ဆန္ဒ ဖြစ်ပေါ်နေလေသည်။ ထိုအချိန်အတောအတွင်း၌ လင်္ကာဒီပ သီဟိုဠ်ကျွန်းရှိသူ၏အကြည်တော် ဒေဝါနံပိယတိဿမင်းကြီး၏ သံတမန် အဖွဲ့တစ်ဖွဲ့ ပါဋလိပုတ် နေပြည်တော်သို့ ရောက်လာလေသည်။ သံတမန်အဖွဲ့ ကို ဒေဝါနံပိယတိဿမင်းကြီး၏တူတော် အရိဋ္ဌအမတ်က ဦးဆောင်လာလေသည်။

အရိဋ္ဌအမတ် အမှူးရှိသော သီဟိုဠ်သံတမန်အဖွဲ့သည် အသောကဘုရင်မင်းကြီး၏ရှေ့တော်မှောက်တွင် ခစားနေကြသည်။ အသောကဘုရင်မင်းကြီးက လင်္ကာဒီပသီဟိုဠ်ကျွန်းသို့ သာသနာပြုကြွတော်မူသည့် သားတော်ရှင်မဟာမဟိန္ဒအကြောင်းကိုမေးမြန်းသည်ဖြစ်၍ အရိဋ္ဌအမတ်သည် ရှင်မဟာမဟိန္ဒသီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်လာသည့်အချိန်မှစ၍ သီဟိုဠ်ကျွန်း၌ မည်

http://www.linhtet.com



သို့ မည်ပုံသာသနာပြုပုံ၊ သီဟိုဠ်ကျွန်း၌ ရှင်မဟာမဟိန္ဒ၏ကြိုးပမ်းချက်ကြောင့် မည်သို့မည်ပုံ သာသနာရောင်ဝါထွန်းလင်းတောက်ပနေပုံတို့ကို စုံစုံစေ့စေ့ လျှောက်တင်ပြောပြလေသည်။ အသောကဘုရင်ကြီးသည် သားတော်ရှင်မဟာမဟိန္ဒ၏သတင်းကို ကြားသိရသည့်အတွက် ရွှင်လန်းအားရဖြစ်နေသည်။ သို့သော် ရွှင်ရွှင်ပျပျ ဖြစ်နေသည့် ဘုရင်မင်းကြီး၏မျက်နှာသည် အရိဋ္ဌအမတ်၏ နောက်ထပ်လျှောက်တင်သည့်စကားကြောင့် ရုတ်တရက် ညှိုးသွားလေသည်။

“အရှင်မင်းကြီး၊ ယခုကျွန်ုပ်တို့ အရှင်မင်းကြီး ခြေတော်ရင်းရောက်လာရခြင်းမှာ အရှင်မင်းကြီးရဲ့ အကြည်တော် ဒေဝါနံပိယတိဿ ဘုရင်မင်းကြီးနဲ့ အရှင်မင်းကြီးရဲ့သားတော် ရှင်မဟာမဟိန္ဒတို့ စေလွှတ်လိုက်တဲ့အတွက် ဖြစ်ပါတယ်။ သီဟိုဠ်ကျွန်းမှာ ရှင်မဟာမဟိန္ဒရဲ့တရားဒေသနာတော်ကို ကြားနာရတဲ့အတွက် ရှင်ရဟန်းပြုကြတဲ့ ယောကျ်ားတွေရဲ့ဦးရေဟာ မနည်းတော့ပါဘူး။ ရှင်ရဟန်းပြုလိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ယောကျ်ားမျှသာမက မိန်းမသားများလဲ ပါကြပါတယ်။ ဒေဝါနံပိယတိဿမင်းကြီးရဲ့ ခယ်မတော်ဖြစ်တဲ့ အနုဠာဒေဝီက ရှင်မဟာမဟိန္ဒကို ရဟန်းပြုပေးဖို့ တောင်းပန်လျှောက်ထားတဲ့အခါ ရှင်မဟာ မဟိန္ဒက ‘သူ့အနေနဲ့ မာတုဂါမကို ရဟန်းပြုပေးလို့ မဖြစ်ဘူး။ မာတုဂါမကို ဘိက္ခုနီကသာ ရဟန်းပြုပေးရတယ်။ ပါဋလိပုတ်နေပြည်တော်မှာ သူ့နှမတော် သင်္ဃမိတ္တာထေရီရှိတယ်။ ခမည်းတော်ဘုရင်အသောကထံ တမန်တော်စေလွှတ်ပြီး သင်္ဃမိတ္တာထေရီကိုပင့်ချေ။ သင်္ဃမိတ္တာထေရီကြွလာတဲ့အခါ မဟာဗောဓိပင်က ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းတစ်ကိုင်း ဆောင်ကြဉ်းလာဖို့လဲ သင်္ဃမိတ္တာထေရီနဲ့ ခမည်းတော် အသောကမင်းကြီးကို လျှောက်ထားအကြောင်းကြားချေ’ လို့မိန့်တော်မူတယ်။ ရှင်မဟာမဟိန္ဒရဲ့မိန့်ဆိုချက်အရ လင်္ကာဒီပပြည့်ရှင် ဒေဝါနံပိယတိဿမင်းကြီးက ကျွန်ုပ်တို့ကို အရှင်မင်းကြီးထံ စေလွှတ်လိုက်ခြင်းဖြစ်ပါတယ်”

သားတော်ရှင်မဟာမဟိန္ဒနှင့် လင်္ကာဒီပပြည့်ရှင်ဘုရင်တို့၏အစီအစဉ်သည် သာသနာတော်ပြန့်ပွားထွန်းကားရေးဖြစ်၍ ခွင့်မပြုနိုင်စရာအကြောင်းမရှိသော်လည်း ထိုအကြောင်းကို ကြားသိရသည့်အခါ ဘုရင်အသောကသည် စိတ်ခပ်လေးလေးဖြစ်သွားသည်။ သားတော်ရှင်မဟာမဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာတို့သည် မိမိ၏ရင်နှစ်သည်းချာများ ဖြစ်ကြသော်လည်း မိမိတို့ကိုယ်တိုင်လည်း တရားသံဝေရ၊ မိမိတို့၏ဖခမည်းတော်အားလည်း သာသနာ့ဒါယကာ သာသနာ့အမွေခံ ဖြစ်စေလိုသည့်အတွက် သာသနာ့

ဘောင် ဝင်ရောက်ပြီး ရှင်ရဟန်း ပြုလုပ်လိုက်ကြလေသည်။ သာသနာ့ဘောင် ဝင်ရောက်ပြီး လူ့ဘောင် လူ့လောကနှင့် စည်းခြားထားလိုက်ကြသော်လည်း ပါဋလိပုတ် နေပြည်တော်မှာပင် ရှိနေကြ၍ ဘုရင်မင်းကြီးသည် မိမိ၏ သားတော်နှင့် သမီးတော်တို့ကို ဖူးတွေ့လိုပါလျှင် အသောကရုံကျောင်း တိုက်သို့သွားပြီး ဖူးတွေ့နိုင်သည့် အခွင့်အရေးရှိနေပေသည်။ သို့သော် တတိယ သင်္ဂါယနာတင်အပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရဟန်းတော်များ ကြွ ရောက်ကြသည့်အချိန်မှစ၍ မိမိ၏မျက်စိရှေ့မှောက်မှ သားတော်တစ်ယောက် ပျောက်ကွယ်သွားလေသည်။ ဘုရင်မင်းကြီးသည် သားတော်ရှင်မဟာမဟိန္ဒကို အလွမ်းပြေဖူးတွေ့လိုသော်လည်း မဖူးတွေ့ရတော့ပေ။ သားတော်ရှင်မဟာမဟိန္ဒ သည် သူတစ်ပါးတည်း မကြွပေ။ သူ၏တူတော် သင်္ဃမိတ္တာ၏သားတော် သုမနသာမဏေလေးကိုပါ ခေါ်ဆောင်သွားသည်။ ဘုရင်မင်းကြီးသည် တစ်ပူ ပေါ်နှစ်ပူဆင့်ရပြန်သည်။ ယခုမိမိ၏သွေးသားထဲမှ ကြည်ညိုစရာ အားထား စရာ တစ်ဦးတည်းသာ ကျန်နေသည့် သမီးတော်သင်္ဃမိတ္တာကို သူ၏ မောင်တော် မိမိ၏သားတော် ရှင်မဟာမဟိန္ဒ၏ အမိန့်အရ လာပင့်နေကြပြန်ပြီ။

ဘုရင်မင်းကြီး အင်တင်တင်ဖြစ်နေသည်။ အင်းမလှုပ် အဲမလှုပ်လုပ် နေသည်။

တမန်တော်များက သင်္ဃမိတ္တာထေရီကို စစ်ကူတောင်းကြသည်။ သင်္ဃမိတ္တာထေရီက သူ့ခမည်းတော် အရှင်မင်းကြီးကို အကျိုးသင့်အကြောင်း သင့် ရှင်းလင်းပြောပြသည်။

"ခမည်းတော်အရှင်မင်းကြီး၊ မောင်တော်အရှင်မြတ် မိန့်မှာလိုက်တာ ကို သမီးတော်ငြင်းဆန်လို့မဖြစ်ပါ။ သမီးတော်တို့ဟာ ခမည်းတော် အရှင်မင်း ကြီးတို့နှင့် ဘဝခြားနေပါပြီ။ သမီးတော်တို့ဟာ ဖန်ရည်သင်္ကန်းကိုဝတ်ရုံထား တဲ့ ဘုရားသားတော် သမီးတော်များ ဖြစ်တဲ့အတွက် ရှင်တော်ဘုရားရဲ့ သာသနာတော်ပြန့်ပွားအောင် လုပ်ဖို့ရန်မှာ သမီးတော်တို့ရဲ့ တာဝန်ဝတ္တရား ဖြစ်ပါတယ်၊ ခမည်းတော်လဲပဲ သာသနာပြန့်ပွားရေးကို လိုလားတောင့်တနေတဲ့ သာသနာ့ဒါယကာဖြစ်တဲ့အတွက် သမီးတော် လင်္ကာဒီပသွားဖို့အရေးကို အား မပေးဘဲ မနေသင့်ပါဘူး။ သမီးတော်မသွားလို့ မဖြစ်ဘူး၊ သမီးတော်မသွားရင် လင်္ကာဒီပမှာ ဘိက္ခုနီသာသနာထွန်းကားတော့မှာ မဟုတ်ဘူး။ သမီးတော် လင်္ကာဒီပကို သွားလိုတဲ့ဆန္ဒ အလွန်ပြင်းပြနေပါတယ်။ လင်္ကာဒီပမှာ မောင်နှမ နှစ်ယောက် သာသနာ့ဝန်ကို အစွမ်းကုန် ထမ်းရွက်လိုပါတယ်"

http://www.linhtet.com



ဘုရင်အသောက ဘေးကျပ်နံကျပ်ဖြစ်နေသည်။

"မဟုတ်ဘူး သမီးတော်၊ သားတော်မဟိန္ဒထေရ်နဲ့ မြေးတော်သုမန သာမဏေတို့ ရပ်ဝေးထွက်ခွာသွား ကြတဲ့အတွက် ခမည်းတော်ရဲ့ လက်နှစ်ဘက်ပြုတ်သွားပြီး အားကိုးရာမဲ့ဖြစ်ခဲ့ရတယ်။ သားတော်နဲ့မြေးတော်တို့ရဲ့ မျက်နှာတော်များကို မဖူးတွေ့ရတော့တဲ့အတွက် ဝမ်းနည်းမဆုံးဖြစ်နေရသော်လဲ စိတ်ဖြေစရာ သမီးတော်တစ်ယောက် ကျန်သေးပါကလားလို့ဆိုပြီး အားတင်းနေခဲ့တယ်။ ယခုသမီးတော်ကပါ ခမည်းတော်ကို စွန့်ခွာသွားမယ်ဆိုတော့ ခမည်းတော် ဘယ်လိုဖြေရမလဲ သမီးတော်"

"မောင်တော်မထေရ်မြတ်ရဲ့ အမိန့်အာဏာဟာ သမီးတော်အပေါ်မှာ အလွန်တရာစူးရှထက်မြက်လှပါတယ်။ ခမည်းတော်ဟာ သမီးတော်တို့ကို လောကီအနွယ်ထဲကလို သဘောထားပြီး သံယောဇဉ်အမျှင်မပြတ် ဖြစ်နေတယ်။ သမီးတော်တို့ဟာ လောကီအနွယ်ထဲက မဟုတ်တော့ဘူး။ လောကီအပြင်ဘက် လောကုတ္တရာနယ်ထဲရောက်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ သမီးတော်တို့ဟာ သံယောဇဉ်နှောင်ကြိုးနဲ့ တွယ်ထားလို့မရတဲ့ ပုဂ္ဂိုလ်မျိုးတွေဖြစ်နေပြီ။ သမီးတော်တို့ကို သံယောဇဉ် မတွယ်ချင်ပါနဲ့တော့။ သမီးတော်တို့ကို လွတ်လွတ်ကျွတ်ကျွတ် သာသနာပြုခွင့်ပေးစေချင်ပါတယ် ခမည်းတော်"

လောကီနှင့် လောကကုတ္တရာတိုက်ပွဲ၌ လောကုတ္တရာကအပေါ်စီးရသွားလေသည်။ ဖခင်နှင့်သမီး၏ သံယောဇဉ်လွန်ဆွဲပွဲ၌ သံယောဇဉ်ကြိုးသည် တောက်ခနဲ ပြတ်သွားလေသည်။ ဘုရင်မင်းတရားကြီးသည် ဘယ်လိုမှတားဍ်မရသည့်အဆုံး၌ သမီးတော် သင်္ဃမိတ္တာ၏ အလိုဆန္ဒကို လိုက်လျောရလေတော့သည်။

"ဒီလိုဆိုရင် ခမည်းတော် ကိုယ့်စိတ်ကိုယ် ဖြေပါတော့မယ်။ သမီးတော်ကို သမီးတော်ရဲ့မောင်တော်ဆီ လိုက်ခွင့်ပြုပါတော့မယ်။ သားတော်နဲ့ အကြည်တော် လင်္ကာဒီပဘုရင်မင်းကြီးတို့ရဲ့ တောင်းပန်တိုက်တွန်းချက်အရ မဟာဗောဓိ အကိုင်းတစ်ကိုင်းကိုလဲ လင်္ကာဒီပမှာ စိုက်ပျိုးဖို့ သမီးတော်နဲ့အတူ ပေးလိုက်မယ်"

*

http://www.linhtet.com



(၂)

ပါဋ္ဌလိပုတ်နေပြည်တော် ဂင်္ဂါဆိပ်ကမ်း၌ ရဟန်းရှင်လူ ပြည်သူအများ ပျားပန်းခတ်မျှ စည်ကားနေလေသည်။ ယနေ့ မဂခပြည့်ရှင် ဘုရင်အသောက သူ၏အကြည်တော် လင်္ကာဒီပဘုရင်မင်းကြီးထံ ဓမ္မလက်ဆောင် ဗောဓိပင်ကိုင်း ပို့မည့်နေ့ဖြစ်သည်။ ဗောဓိပင်ကို သယ်ဆောင်သွားမည့်သူမှာ လင်္ကာဒီပ၌ ဘိက္ခုနီသာသနာဖြန့်ဖြူးရန် သွားမည့် သဃ်မိတ္တာထေရီ ဖြစ်လေသည်။ မဟာဗောဓိပင်မှ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းတစ်ကိုင်းကို ရတနာရွှေဖျဉ်း ရွှေဖလားတွင် စိုက်ထူထားသည်။ ဘုရင်အသောကသည် နောက်လိုက်နောက်ပါ ဗိုလ်ပါများစွာရံပြီး မဟာဗောဓိကိုင်းကို ပင်ရင်းဌာန ဗုဒ္ဓဂယာမှ ပါဋ္ဌလိပုတ်နေပြည်တော်သို့ ပင့်ဆောင်လာလေသည်း ပါဋ္ဌလိပုတ်နေပြည်တော် ရောက်သောအခါ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် မဟာဗောဓိအကိုင်းအခက်ကို အလုအယက် ရှိခိုးပူဇော်ကြသည်။ ယနေ့ကား ယင်းမဟာဗောဓိအကိုင်းကို လင်္ကာဒီပသို့ အပြီးအပိုင် ပို့တော့မည့်နေ့ဖြစ်သဖြင့် မဟာဗောဓိကိုင်းကို ပင့်ဆောင်လာသည့် လမ်းတစ်လျှောက်၌လည်းကောင်း၊ ဂင်္ဂါမြစ်ဆိပ်၌လည်းကောင်း လူထုအစုအဝေးကြီးသည် တိုးမပေါက်အောင် ဖြစ်နေသည်။ ပရိသတ်များ လက်ယှက်ရှိခိုးနေသည့်ကြားမှပင် ဗောဓိပင်မြတ်ကို လှေနာဝါပေါ် တင်လိုက်ကြလေသည်။ သဃ်မိတ္တာထေရီက ဗောဓိပင်ကို လှေနာဝါပေါ်သို့ ပင့်ဆောင်သွားသည်။

ထေရီ၏နောက်မှ အရိဋ္ဌအမတ်အမှူးရှိသော သီဟိုဠ်သံတမန်အဖွဲ့က လိုက်ပါသွားသည်။ ဗောဓိပင်ကို ကိုင်ဆောင်လာသည့် ထေရီနှင့်သီဟိုဠ်သတမန်အဖွဲ့ လှေပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် လှေနာဝါသည် ဂင်္ဂါဆိပ်ကမ်းမှ ထွက်ခွာလေတော့သည်။ ဗောဓိပင်နှင့် သဃ်မိတ္တာထေရီကို လိုက်ပို့ကြသည့် လူထုပရိသတ်ကြီးသည် ကမ်းလုံးညွတ်မျှ ရှိနေကြပြီး မျက်စိအောက်က လှေနာဝါ ပျောက်ကွယ်မသွားမချင်း ဂင်္ဂါဆိပ်ကမ်းမှ မထွက်ခွာကြပေ။

ထေရီနှင့်ဗောဓိပင်၏ ခရီးစဉ်မှာ ပါဋ္ဌလိပုတ် ဂင်္ဂါမြစ်ဆိပ်မှ ဂင်္ဂါမြစ်ကြောင်းအတိုင်း ပင်လယ်ဆိပ်ကမ်းဖြစ်သည့် တာမလိတ္တိသို့ သွားမည်။ တာမလိတ္တိဆိပ်ကမ်းမှ တစ်ဖန် ပင်လယ်သမုဒ္ဒရာကိုဖြတ်၍ လင်္ကာဒီပသီဟိုဠ်ကျွန်း၊ ယခုခေတ်အခေါ် သီရိလင်္ကာမြောက်ပိုင်း ဆမ္ဗလတုရိအမည်ရှိ ဇမ္ဗုကောလပတ္တနဆိပ်ကမ်းသို့ သင်္ဘောဖြင့်သွားမည်။ ဇမ္ဗုကောလပတ္တနဆိပ်ကမ်း ရောက်သောအခါကျမှ သင်္ဘောပေါ်မှ ဆင်းသက်မည်။

http://www.linhtet.com



ပါဋလိပုတ်မှ ပင်လယ်ဆိပ်ကမ်း တာမလိတ္တိသို့ ရေလမ်း၊ ကုန်းလမ်း နှစ်လမ်းလုံးမှပင် သွား၍ရသည်။ တာမလိတ္တိဆိပ်ကမ်းသို့ ပါဋလိပုတ်မှ ဂင်္ဂါမြစ်ကြောင်းအတိုင်း ရေလမ်းမှလည်း ခရီးသွားကြသည်။ ပါဋလိပုတ်နှင့် တာမလိတ္တိအကြား၌ ကုန်လမ်းလည်းရှိသည်။ တာမလိတ္တိမှလာသော ကုန်းလမ်းတစ်လမ်းသည် ဂယာကိုဖြတ်လျက် ဗာရာဏသီအထိ ပေါက်သည်။ ယင်းကုန်းလမ်းမှာ ရာဇဂြိုဟ်မှ ဂန္ဓာရတိုင်း တက္ကသီလသို့အထိ လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်ဘက် တိုင်းနိုင်ငံများနှင့် အာရှအလယ်ပိုင်းအထိ လည်းကောင်း ပေါက်သည့်လမ်းမကြီးနှင့် ဆက်စပ်နေသည်။ ဇမ္ဗူဒိပ်ကျွန်းမှ ကုန်သည်များသည် ယင်းလမ်းမကြီးအတိုင်း သွားလာကြပြီးလျှင် ယခုခေတ်အခါ ဗင်္ဂါပြည်နယ် မေဒိနီပူခရိုင် တမလုတ်အမည်ရှိ တာမလိတ္တိပင်လယ်ဆိပ်ကမ်းမှ ပင်လယ်သမုဒ္ဒရာကိုဖြတ်လျက် မြန်မာနိုင်ငံ သုဝဏ္ဏဘုမ္မိသို့ လည်းကောင်း၊ တရုတ်ပြည်သို့ လည်းကောင်း၊ လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ လည်းကောင်း အရောက်သွားကြပြီးလျှင် ကူးသန်းရောင်းဝယ်မှု ပြုလုပ်ကြလေသည်။

သင်္ဃမိတ္တာထေရီ စီးနင်းလိုက်ပါလာသည့် လှေနာဝါသည် ခုနစ်ရက်အကြာတွင် ဂင်္ဂါမြစ်ဝ ပင်လယ်ဆိပ်ကမ်း တာမလိတ္တိသို့ ဆိုက်ရောက်လာသည်။ ဘုရင်အသောကသည် ဗောဓိပင်မြတ်နှင့်သမီးတော် သင်္ဃမိတ္တာထေရီကို ဂင်္ဂါဖြစ်ဆိပ်အထိ လိုက်ပို့ရုံနှင့်အားမရပေ။ တာမလိတ္တိပင်လယ်ဆိပ်ကမ်းအထိ လိုက်လာသည်။ သို့သော် မင်းကြီးသည် တာမလိတ္တိသို့ ရေလမ်းကမသွားဘဲ ကုန်းလမ်းမှသွားလေသည်။ ဘုရင်မင်းကြီးလည်း ခုနစ်ရက်အကြာ၌ပင် တာမလိတ္တိသို့ ဆိုက်ရောက်လာသည်။

ဗောဓိပင်တင်ဆောင်သွားသည့် သင်္ဘော ကမ်းမှမခွာမီ ဘုရင်မင်းကြီးသည် ဗောဓိပင်ကို နောက်ဆုံးရှိခိုးပူဇော်သည်။ သမီးတော်သင်္ဃမိတ္တာထေရီကို မိဘ၏ချစ်ခြင်းမေတ္တာဖြင့်လည်းကောင်း၊ သာသနာ့ဒါယကာ၏ ကြည်ညိုသဒ္ဓါဖြင့်လည်းကောင်း၊ နောက်ဆုံးကြည့်ရှုဖူးမြော်သည်။ ဘုရင်မင်းကြီး ရှိခိုးပူဇော်ဖူးမြော်ကန်တော့နေစဉ်မှာပင် သင်္ဘောနံပါးကို ကိုင်ထားသည့် သူ၏လက်ကို မလွှတ်သေးဘဲ လည်ပင်းရေမြုပ်သည့်အထိ ရေထဲဆင်းလိုက်သွားသည်။ သို့သော် ဘုရင်မင်းကြီးသည် သင်္ဘောကြီးကို ဖမ်းကိုင်ထား၍ မရတော့ပေ။ သင်္ဘောကြီးသည် ဆိပ်ကမ်းမှ တဖြည်းဖြည်း ဝေးကွာသွားလေပြီ။ ဘုရင်မင်းကြီးသည် သင်္ဘောရှိရာသို့လက်အုပ်ချီပြီး ငေးမျှော်ကြည့်ရှုနေလေသည်။ သင်္ဘောကြီးသည် ကောင်းကင်နှင့် ရေပြင်စပ်နေသည့် မိုးကုပ်စက်ဝိုင်းထဲ၌

http://www.linhtet.com



ကြီးရာမှငယ်၊ ငယ်ရာမှတဖြည်းဖြည်း သေးသွားလေရာ နောက်ဆုံး မျက်စိအောက်မှပင် ပျောက်ကွယ်သွားလေသည်။ အသောကမင်းကြီး၏ ပါးပြင်မှ မျက်ရည်တစ်ပေါက် လိမ့်ဆင်းလာသည်။ မျက်ရည်ပေါက်သည် ပင်လယ်ရေပြင်ပေါ်ကျသွားပြီး ပင်လယ်ရေနှင့် ရောနှောသွားလေသည်။ ။

[ *သမန္တပါသာဒိကာ ပါရာဇိကကဏ် အဋ္ဌကထာ၊ မဟာဝံသ စသောကျမ်းဂန်များကို အခြေခံသည်။*]

❑

http://www.linhtet.com

## ဒေဝီ

ဗုဒ္ဓလက်ထက်တော် အခါကာလနှင့် ဗုဒ္ဓခေတ်နောက်ပိုင်း အခါကာလ၌ ဇမ္ဗူဒိပ်ခေါ် အိန္ဒိယနိုင်ငံတွင် ကုန်သည်များနှင့် ခရီးသည်များကူးသန်းသွားလာလေ့ရှိသည့် အဓိကလမ်းမကြီးသုံးခုရှိသည်။ ကုန်သည်များနှင့် ခရီးသည်များ အသွားအလာအများဆုံးနှင့် အဓိကအကျဆုံး လမ်းမကြီးမှာ အရှေ့မှအနောက်သို့သွားသည့် လမ်းမကြီးဖြစ်သည်။ ယင်းလမ်းမကြီးကို ဥတ္တရာပထဟု ခေါ်သည်။ ရာဇဂြိုဟ်မှစလာသော လမ်းမကြီးသည် အနောက်မြောက်ဘက်၌ ဂန္ဓာရတိုင်း နေပြည်တော် တက္ကသီလာအထိပေါက်သည်။ ရာဇဂြိုဟ်ကထွက်လာသော လမ်းမကြီးသည် ဦးစွာပထမ နာလန္ဒာသို့ရောက်သည်။ ထိုမှတစ်ဖန် ပါဋလိပုတ်၊ ဗာရာဏသီ၊ ဂယာ၊ ပတိဋ္ဌာန၊ ကဏ္ဏကုဇ္ဇ၊ သင်္ကဿ၊ သောရေယျ၊ ဝေရဉ္ဇာတို့ကို ဖြတ်လျက် မထုရာသို့ရောက်သည်။ မထုရာမှတစ်ဖန် ရှေ့ဆက်သွားပြီးလျှင် ဣန္ဒပတ္ထ၊ သာဂလတို့ကို ဖြတ်လျက် တက္ကသီလာအထိ ရောက်သွားသည်။

ဒုတိယလမ်းမကြီးမှာ ရာဇဂြိုဟ်မှ သာဝတ္ထိသို့ သွားသောလမ်းဖြစ်သည်။ ယင်းလမ်းမကြီးမှာလည်း ထင်ရှားကျော်ကြားသော လမ်းတစ်လမ်းဖြစ်သည်။ သာဝတ္ထိမှစ၍ရေတွက်လျှင် ယင်းလမ်းမကြီး၌ ရှိနေသည့်မြို့များမှာ သာဝတ္ထိ၊ သေတဗျာ၊ ကပိလဝတ်၊ ကုသိနာရုံ၊ ပါဝါ၊ ဘောဂနဂရ၊ ဇမ္ဗူဂါမ၊ အတ္ထိဂါမ၊ ဘဏ္ဍဂါမ၊ ဝေသာလီ၊ နာဒိကာ၊ ကောဋိဂါမ၊ ပါဋလိပုတ်၊ နာလန္ဒာ၊ ရာဇဂြိုဟ်တို့ဖြစ်သည်။

ဒက္ခိဏာပထခေါ် တတိယ ထင်ရှားကျော်ကြားသော လမ်းကြီးမှာ

http://www.linhtet.com



အိန္ဒိယမြောက်ပိုင်းကို အိန္ဒိယတောင်ပိုင်းနှင့် ဆက်ထားသည့်လမ်းမကြီးဖြစ်သည်။ ယင်းလမ်းမကြီးသည် မြောက်ပိုင်း၌ သာဝတ္ထိမှစလာပြီးလျှင် တောင်ပိုင်း၌ ပတိဋ္ဌာနသို့ ပေါက်သွားသည်။ လမ်းမကြီးတွင် ရှိနေသောမြို့များမှာ သာဝတ္ထိ၊ သာကေတ၊ ကောသမ္ဗီ၊ ဝိဒီသာ(ဝေဒိသ)ဂေါနဒ္ဓ၊ ဥဇ္ဇေနီ၊ မဟိဿတိ၊ ပတိဋ္ဌာန တို့ဖြစ်ကြသည်။

ဒက္ခိဏာပထလမ်းမကြီး၌ ရှိနေသော ဝိဒီသာမြို့ပေါ်၌ ယခင်နေ့များကနှင့်မတူဘဲ ယနေ့ တစ်မူထူးခြားနေသည်။ အရာရှိ အရာခံများနှင့် သူဌေးသူကြွယ်များသည် ယောက်ယက်ခတ်နေကြည်။ ယနေ့သူတို့မြို့သို့ ဘုရင့်သားတော် အသောက ရောက်လာမည်။

ဝိဒီသာမြို့အပါအဝင် အဝန္တိတိုင်းသည် ယခင်က ကိုယ့်ထီးကိုယ့်နန်းနှင့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းတစ်ရာ့ငါးဆယ်လောက် ကြာသွားသောအခါ မဂဓနိုင်ငံ၏လက်အောက်ခံ ဖြစ်သွားလေသည်။ မဂဓဘုရင် ဗိန္ဒုသာရသည် သူ၏သားတော်အသောကအား အဝန္တိတိုင်း၏ မြို့တော်ဖြစ်သော ဥဇ္ဇေနီပြည်၌ ဥပရာဇာ ပြည်နယ်ဘုရင်အဖြစ် အုပ်ချုပ်ရန် စေလွှတ်လိုက်လေသည်။ ယင်းသို့ မင်းညီမင်းသားများအား ခရီးအလှမ်းဝေးသည့် ပြည်နယ်များသို့ ပြည်နယ်ဘုရင်တာဝန်ဖြင့် စေလွှတ်အုပ်ချုပ်ခြင်းသည် မဂဓနိုင်ငံ၏ အုပ်ချုပ်ရေး စနစ်တစ်ခုဖြစ်လေသည်။

သားတော်အသောကသည် နေပြည်တော်ပါဋလိပုတ်မှ ထွက်လာခဲ့ရာ တစ်မြို့ပြီးတစ်မြို့ ဖြတ်ကျော်လျက် ဝိဒီသာမြို့သို့ ရောက်လာသည်။ လမ်းခရီးတစ်လျှောက်၌ နားနားနေနေ လာခဲ့သော်လည်း ပါဋလိပုတ်မှ ဝိဒီသာအထိ ခရီးမှာ ယူဇနာငါးဆယ်မျှ ဝေးသည်ဖြစ်၍ ဝိဒီသာသို့ရောက်သောအခါ သားတော်သည် ခရီးပန်းလာသည်။ မိမိသွားရောက်မည့် ဥဇ္ဇေနီမြို့တော်မှာလည်း ဂေါနဒ္ဓမြို့လွန်လျှင် ရောက်တော့မည်။ ဝိဒီသာမှာလည်း မိမိ၏ပိုင်နက်ဖြစ်၍ ဤမြို့၏ အခြေအနေကို လေ့လာစုံစမ်းလိုသည်။ သားတော်သည် ဝိဒီသာသို့ရောက်လျှင် ခရီးတစ်ထောက်နားမည်ဟု အကြံပြုထားလေသည်။

သားတော်အသောကမြို့တွင်း ဝင်လာသောအခါ မြို့မိမြို့ဖများ၊ အရာရှိအရာခံများ၊ သဌေးသူကြွယ်များ၊ မြို့သူမြို့သားများက သောင်းသောင်းဖြဖြ ကြိုဆိုကြလေသည်။ ပါဋလိပုတ် နေပြည်တော်က ဘုရင်ဗိန္ဒုသာရမှာ သူတို့နှင့်အလှမ်းဝေးလှသည်။ သူတို့နှင့် တိုက်ရိုက်ဆက်ဆံရမည့်သူမှာ သူတို့အပေါ် စိုးမိုးအုပ်ချုပ်မည့်သူမှာ သားတော်အသောကဖြစ်သည်။ သို့ဖြစ်၍

http://www.linhtet.com



သားတော်အား ကြိုဆိုဧည့်ခံကြသည်မှာ တစ်မြို့လုံး အုံးအုံးကျွက်ကျွက် ဖြစ်နေသည်။

ဝိဒီသာမြို့၏အလှဆုံး အချောဆုံး ကွမ်းတောင်ကိုင်မှာ သူကြွယ်သမီး ဒေဝီဖြစ်သည်။ ဒေဝီသည် ရုပ်ရည်ရူပကာယ အလွန်တရာ လှပသည်။ ရုပ်လှသလောက် သဘောလည်းကောင်းသည်။ သားတော်အသောက ရောက်လာပါက ပန်းစည်းဆက်သရန် သူ့ကိုတာဝန်ပေးသောအခါ အစပထမတွင် ငြင်းဆန်နေသည်။ သို့ရာတွင် ဩဇာတိက္ကမရှိသည့် မြို့မိမြို့ဖများနှင့် သူ့ဖခင်ကြီးက အတင်းအကြပ် ဝိုင်းတိုက်တွန်းသဖြင့် သူ့ခမျာမနေသာတော့ပေ။ မိန်းမများလွတ်လပ်မှုမရှိသည့် ဇမ္ဗူဒိပ်၏အစဉ်အလာ အနှောင်အဖွဲ့ထဲက သူရုန်းထွက်၍ မရတော့ပေ။ သားတော်အသောကသည် ယာဉ်ရထားစီးလျက်နောက်လိုက်နောက်ပါများနှင့် ဝိဒီသာမြို့ထဲ ဝင်လာသည်။ ကြိုဆိုနေသူများထဲက သူကြွယ်သမီးဒေဝီသည် သားတော်အသောကအား ပန်းစည်းဆက်လိုက်လေသည်။

သားတော် အသောကသည် မင်းပျိုမင်းလွင်ဖြစ်သည်။ ဒေဝီ၏အချောအလှကိုတွေ့ရသောအခါ တပ်မက်သည့်စိတ်ပေါ်လာလေသည်။ ပါဋလိပုတ် နေပြည်တော်၌ နန်းတွင်းသူ အများအပြားရှိသည်။ သူဌေးသူကြွယ်မှူးမတ်တို့၏ သမီးများရှိသည်။ နေပြည်တော်ရှိ လှပချောမောဆိုသည့် မိန်းမပျိုများကို သားတော်အသောက စိတ်မဝင်စားပေ။ မဂဓဘုရင် ဗိန္ဒုသာရမင်းကြီး၏ သားတော်ဖြစ်သည့်အပြင် မဂဓထီးနန်း၏အလားအလာရှိသော ထီးညွန့်နန်းလျာ ဖြစ်သည့်အတွက် မှူးမတ်ကြီးမတ်ရာ သေနာပတိ သမီးပျိုများနှင့် သူဌေး သူကြွယ် သမီးပျိုများသာမက ရပ်ဝေးရပ်နီးမှ ဘုရင့်သမီးတော်များပင် သားတော်အား စိတ်ဝင်စားကြသည်။ သို့သော် သားတော်သည် တုံ့ပြန်မှုမရှိခဲ့ပေ။ ယခုတောမှာပွင့်နေသည့် ပန်းတစ်ပွင့်ကို တွေ့ရသောအခါ မြို့ပေါ်က ပန်းမျိုးစုံကို မနမ်းခဲ့သော လုလင်အသောကသည် တောပန်းပွင့်ကို ဆွတ်ချင်သည့် အာသာပေါ်လာလေသည်။ အသောက၏ နဖူးစာသည် ရှာလည်လာရင်း ဝိဒီသာ၌ အကြိုက်ကို တွေ့လေပြီ။ အသောကသည် သူကြွယ်သမီးဒေဝီနှင့် လက်ထပ်ရန် ဆုံးဖြတ်လိုက်လေသည်။

ဝိဒီသာမြို့ရှိ မြို့မိမြို့ဖများနှင့် ဘုရင့်အမှုထမ်း အရာထမ်းများသည် အတိုင်းထက်အလွန် ပီတိသောမနဿ ဖြစ်သွားကြသည်။ ဥဇ္ဇေနီနေပြည်တော်၌ နန်းစံပြီး အဝန္တီတစ်တိုင်းလုံးကို စိုးမိုးအုပ်ချုပ်မည့် မဂဓနိုင်ငံတော် ဘုရင့်

http://www.linhtet.com



သားတော်က သူတို့ရပ်ရွာမှ မိန်းမပျိုကိုတော်ကောက်ပြီး မိဖုရားမြှောက်မည်ဆိုသောအခါ သူတို့အနေနှင့် ဘယ်မှာဝမ်းမသာဘဲ ရှိမည်နည်း။ ဝမ်းအသာဆုံးမှာ ဒေဝီ၏ဖခင် သူကြွယ်ကြီးဖြစ်သည်။ ဘုရင့်ယောက္ခမ တော်ရမည့် အခွင့်ထူးကြီးကို ဘယ်မိဘ မမက်မောဘဲရှိမည်နည်း။ သို့သော် ထူးထူးခြားခြား ဝမ်းသာအားရ ဖြစ်မသွားသူမှာ ကာယကံရှင် ဒေဝီဖြစ်သည်။ ဒေဝီသည် ရိုးရိုးအေးအေး ဖြစ်သည်။ ဂုဏ်ပကာသန မမက်မောပေ။ စံအိမ်တော်တွင်း၌ မိဖုရားအဖြစ်နှင့် နေရခြင်းထက် မိမိရပ်ရွာ မိမိအိမ်၌ ရိုးရိုးကုပ်ကုပ် နေရခြင်းကို လိုလားသည်။ သို့သော် မတတ်သာပြီ။ မိန်းမများအား ကိုယ်ပိုင်လွတ်လပ်ခွင့် မပေးသည့် ဇမ္ဗူဒိပ်ကျွန်း၏ အစဉ်အလာသည် လည်းကောင်း၊ ဂုဏ်ပကာသနနှင့် အဆောင်အယောင်ကိုသာ ဦးစားပေးသည့် ပတ်ဝန်းကျင်သည် လည်းကောင်း၊ တစ်မိန့်တစ်အာဏာသာ ဖြစ်သည့် သက်ဦးဆံပိုင်စနစ်သည် လည်းကောင်း ဒေဝီအား သားတော် အသောက၏ကြင်ယာတော်ဒေဝီ မဟေသီမိဖုရားအဖြစ် တင်မြှောက်လိုက်လေသည်။

သားတော်အသောကသည် ဥဇ္ဇေနီ၌ အဝန္တီပြည်နယ် ဘုရင်အဖြစ်ဖြင့် အုပ်ချုပ်မင်းလုပ်လာခဲ့သည်မှာ ဆယ်နှစ်ဆယ်မိုး ကျော်လာခဲ့ပြီ။ ထိုအတွင်း ဒေဝီမိဖုရားတွင် သားတော်တစ်ပါးနှင့် သမီးတော်တစ်ပါး ထွန်းကားလာသည်။ သားတော်၏အမည်မှာ မဟိန္ဒဖြစ်ပြီး သမီးတော်၏အမည်မှာ သင်္ဃမိတ္တာဖြစ်သည်။ အဝန္တီတိုင်း ဘုရင်မင်းကြီး သားတော်အသောကနှင့် မိဖုရားဒေဝီတို့သည် ဥဇ္ဇေနီရှိ စံအိမ်တော်၌ သားတော်တစ်ဦး သမီးတော်တစ်ဦးနှင့် ချမ်းမြေ့စွာ နေလာခဲ့ကြသည်။ သို့ရာတွင် တစ်နေ့သောအခါ၌ မမျှော်လင့်သည့် အဖြစ်အပျက်တစ်ခု ကြုံလာလေသည်။

အချိန်ကား ဘီ–စီ ၂၆၉ နှစ်ဖြစ်သည်။ ထိုနှစ်ထဲတွင် ပါဋလိပုတ်နေပြည်တော်၌ ထူးခြားသော အပြောင်းအလဲကြီးတစ်ရပ် ဖြစ်ပေါ်လာလေသည်။ ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် နန်းစံနှစ် ၁၆ နှစ်တွင် ကံတော်ကုန်သွားသည်။ သာမန်အားဖြင့် ကြည့်လျှင် ဘုရင်တစ်ပါးပါး ကွယ်လွန်သွားခြင်းသည် ရာဇဝင်သမိုင်း၌ ထူးခြားသည့် အဖြစ်အပျက်တစ်ခု မဟုတ်ပေ။ တစ်ပင်လဲမှ တစ်ပင်ထူရုံသာရှိသည်။ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်ရုံသာရှိသည်။ ဘုရင်တစ်ပါး နတ်ရွာလားသော် အရိုက်အရာခံ ဘုရင်တစ်ပါးပါးက ထီးနန်းကို ဆက်ခံရုံသာရှိသည်။ သို့သော် ဗိန္ဒုသာရဘုရင် ကံကုန်ခြင်းမှာမူ ရာဇဝင်သမိုင်း၌ အထူးခြားဆုံး ကဏ္ဍတစ်ခုကို ဖွင့်ပေးလိုက်သကဲ့သို့ ဖြစ်သွားလေ

http://www.linhtet.com



သည်။ အကြောင်းမူကား ဘုရင်ဗိန္ဒုသာရနောက် ဆက်ခံသူမှာ ကမ္ဘာ့ရာဇဝင် သမိုင်း၌ အကျော်ကြားဆုံး ဘုရင်တစ်ပါးဖြစ်နေသောကြောင့်တည်း။

ပါဋ္ဌလိပုတ်ထီးနန်း၌ ဘုရင်သုဉ်းသွားသည်။ ဘုရင်သုဉ်းနေသည့် ထီးနန်းသည် ကြာရှည်စခန်းသွား၍မရပေ။ ဘုရင်မဲ့နေသည့် ထီးနန်းသည် ဘုရင်ကို ငံ့လင့်နေသည်။ ထိုအချိန်၌ သားတော်သည် သူ့ကိုစောင့်မျှော်နေသော ပါဋ္ဌလိပုတ်နေပြည်တော်သို့ မပြန်မဖြစ်သည့် အခြေအနေရောက်လာလေ သည်။ ဤတွင် မျှော်လင့်မထားသည့် ပြဿနာတစ်ခုနှင့်၊ ကြံစည်တွေးတော မထားသည့် အခက်အခဲတစ်ခုနှင့်၊ သားတော်အသောက ထိပ်တိုက်တိုးလေ တော့သည်။ သားမယား စုံလင်စွာဖြင့် ပြည်တော်ပြန်မည် လုပ်သောအခါ ကြင်ယာမယားဖြစ်သူ ဒေဝီက ပါဋ္ဌလိပုတ်နေပြည်တော်သို့ သူ မလိုက်လို ကြောင်း ငြင်းဆန်နေလေတော့သည်။ ဂုဏ်ပကာသန အဆောင်အယောင်ကို မက်မောခြင်းမရှိသည့် ရိုးရိုးသားသား ဒေဝီအား မျှော်ရမ်းမှန်းဆကြည့်၍ရသည့် ပါဋ္ဌလိပုတ်နန်းတော်ရှုခင်းက ခြောက်လှန့်နေလေသည်။ မိမိမှာ တောသူဖြစ် သည့်အလျောက် တောမှာမွေးပြီး တောမှာသာပျော်သည်။ ပါဋ္ဌလိပုတ် နန်း တော်၌ မိမိ၏ကြင်ယာသက်ထား အသောကမင်းသား ဘုရင်ဧကရာဇ်အဖြစ် နှင့် စိုးစံနေပါက ဘုရင့်ပတ်ဝန်းကျင်၌ မိဖုရားများ၊ ကိုယ်လုပ်တော်များ၊ မောင်းမများ၊ လက်ယှက်ထိုး ဖြစ်နေပေလိမ့်မည်။

ဥဇ္ဇေနီတွင် တစ်လင်တစ်မယားအဖြစ်နေရသည်။ ပါဋ္ဌလိပုတ်နန်း တော်၌ကား မိဖုရားများ ဝိုင်းဝိုင်းလည်နေမည်ဖြစ်၍ မောင်တော်အသောက သည် မိမိကို အရေးပေးချင်မှပေးမည်။ ထိုအခါ မိမိမှာ တောကပါလာသူဖြစ် သဖြင့် မျက်နှာငယ်ရမည်။ ဒေဝီသည် အကြောင်းကြောင်းကို မျှော်တွေးလျက် မိမိအား မိမိ၏ဇာတိရပ်ရွာ ဝိဒီသာ၌ ထားခဲ့ပါရန် မောင်တော်အသောကအား အကြောက်အကန် တောင်းပန်ရှာလေသည်။ အသောကကလည်း ဒေဝီအား သူ နှင့် အတူ ပါဋ္ဌလိပုတ်နေပြည်တော်သို့လိုက်ခဲ့ရန် နည်းအမျိုးမျိုးဖြင့် ဖျောင်းဖျ ပြောဆိုသည်။ သို့သော် ဒေဝီက ဇွတ်တင်းခံနေလေသည်။

အဝန္တီပြည်နယ်၏ဘုရင်မင်းကြီးဖြစ်သော မဂဓနန်းညွှန့်နန်းလျာ အသောက၏ ဩဇာအာဏာသည် ရိုးသားအပြစ်ကင်းသည့် မိန်းမသားတစ်ဦး ၏နှလုံးသားပေါ် စူးရှသက်ရောက်မှုမရှိတော့ပေ။ ဘုရင့်အာဏာနှင့် မိန်းမသား ၏ရိုးသားမှုတိုက်ပွဲ၌ ဘုရင့်အာဏာက အရှုံးပေးလိုက်ရသည်။ ဘယ်လိုချော့၍ မှ မပျော့သည့်အခါ၌ အသောကသည် လက်လျော့လိုက်ရတော့သည်။ လင်

http://www.linhtet.com



ယောက်ျားနှင့် ဇနီးမယားသည်လည်းကောင်း၊ သားသမီးနှင့် မိခင်တို့သည်လည်းကောင်း၊ စိတ်မကောင်းခြင်းကြီးစွာဖြင့် ညောင်ညိုပင်စခန်းက လမ်းခွဲလိုက်ကြလေသည်။ ဖခင်နှင့်သားသမီးနှစ်ယောက်က ပါဋလိပုတ်နေပြည်တော်သို့ ရှေ့ရှုသွားကြပြီး မိခင်ဖြစ်သူက အဖော်ကွဲသည့် ငှက်ငယ်ပမာ မိမိဇာတိရပ်ရွာ ဝိဒီသာသို့ ပြန်လာလေသည်။

*

အချိန်ကာလ စက်ရဟတ်သည် မပြတ်လည်ပတ်နေသည်။ တစ်ရက်ပြီးတစ်ရက် တစ်လပြီးတစ်လ တစ်နှစ်ပြီးတစ်နှစ် ကျော်လွန်နေသည်။ ဒေဝီသည် မိမိ၏ဇာတိရပ်ရွာ ဝိဒီသာ၌သာ ရိုးရိုးကုပ်ကုပ်ကလေး နေရှာလေသည်။ သို့သော် သူသည် အာသဝေါကုန်ခန်းသည့် ရဟန္တာမဟုတ်ပေ။ မိမိလင်ယောကျာ်း နှင့်သားသမီးနှစ်ဦးကို မပြတ်လွမ်းဆွတ်တသနေသည်။ သို့သော်ကိုယ့်အတတ် နှင့်ကိုယ်စူးနေသဖြင့် မည်သူ့ကိုမှ အပြစ်မပြောသာဘဲ မိမိ၏အပူမီးကိုသာ ကျိတ်မှိတ်မျိုသိပ် ထားလေသည်။ သူ၏အလုပ်မှာ ပါဋလိပုတ်နေပြည်တော်ဆီမှ ရောက်လာသည့် သတင်းများကိုသာလျှင် နေ့ညဉ့်မပြတ်နားစွင့်နေခြင်းဖြစ်သည်။

ပါဋလိပုတ်နေပြည်တော်ဆီမှ သတင်းများသည် ဒေဝီထံတစ်ခုပြီးတစ်ခု ရောက်နေသည်။ ကောင်းသတင်းကြားရသည့်အခါ ပီတိဖြစ်ရပြီး ဆိုးသတင်းကြားရသည့်အခါ စိတ်မကောင်းဖြစ်ရသည်။ သူ၏မောင်တော်အသောက ဘုရင်ဧကရာဇ်ဖြစ်သွားပြီဟူသည့် သတင်းရရှိသောအခါ သူအဝေးက နေ၍ ပီတိဖြစ်နေသည်။ သို့သော် အသောကမင်းကြီး ကလိင်္ဂကိုစစ်တိုက်ပြီး စစ်ပွဲ၌လူတွေ သိန်းနှင့်သောင်းနှင့်ချီ သေဆုံးကြသည်ဆိုသည့်သတင်းကိုကြားရသည့်အခါ သူစိတ်မကောင်း ဖြစ်ရပြန်သည်။ သူ့မောင်တော် အသောကမင်းကြီး တရားသံဝေရပြီး ဇမ္ဗူဒိပ်ကျွန်းအနှံ့ ကုသိုလ်ကောင်းမှု အမျိုးမျိုးပြုနေပြီဖြစ်ကြောင်း ကြားသိရသောအခါ သူသာဓုခေါ်မိသည်။ သူ့အနေနှင့်လည်း ခြေနိုင်လက်နိုင် ဝိဒီသာ၌ ဝေဒိသဂီရိကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းလိုက်သည်။ ထို့နောက်တစ်ဖန် သူ၏သမီးတော်သည် အဂ္ဂိဗြဟ္မာနှင့် လက်ထပ်လိုက် ပြီဆိုသည့်သတင်းနှင့် သမီးတော်တွင် သားတော်လေးတစ်ပါးမွေးဖွားလာပြီဆိုသည့် သတင်းကို ကြားရပြန်သည်။ သူ၏သားသမီး

http://www.linhtet.com



နှစ်ယောက်နှင့် မြေးပါ သာသနာတော်တွင်း၌ ရှင်ရဟန်းပြုသွားကြပြီဆိုသည့် သတင်းကို ကြားရပြန်သောအခါ သူဝမ်းသာ ဝမ်းနည်းဖြစ်သွားသည်။ မိမိ သားသမီးနှင့်မြေးများ သာသနာ့ဘောင်တွင် ဝင်ရောက်သွားပြီဆိုသဖြင့် ဝမ်း သာခြင်း ဖြစ်မိသော်လည်း မိမိနှင့် ပို၍ဝေးသည်ထက် ဝေးသွားပြီဟု တွေးမိ ပြန်သောအခါ ဝမ်းနည်းခြင်း ဖြစ်ရပြန်သည်။

အချိန်သမယစက်ရဟတ်ကို မည်သူမှ တားဆီးထား၍မရပေ။ တစ်နှစ်ပြီး တစ်နှစ် ကုန်ဆုံးကျော်လွန်လာခဲ့ရာ မိမိလင်ယောကျ်ားနှင့်လည်း ကောင်း မိမိသားသမီးနှင့်လည်းကောင်း ခွဲခွာနေရသည်မှာ နှစ်ဆယ့်နှစ်နှစ်ပင် ရှိသွားပြီ။ ထိုအတွင်း တစ်နေ့တွင် သူနေသည့်အိမ်အတွင်းသို့ ရဟန်းတော်ငါး ပါးနှင့် ရှင်သာမဏေတစ်ပါး ကြွလာသည်။ ရဟန်းငါးပါးထဲက ရှင်မဟိန္ဒမှာ သူ၏သားဖြစ်နေပြီး ရှင်သာမဏေ သုမနမှာ သူ၏မြေးဖြစ်နေသည်။ အနှစ်နှစ် ဆယ်ကျော်မှ မိမိ၏သားကို ပြန်တွေ့ရသည့် မိခင်သည်လည်းကောင်း၊ သတင်း သာ ကြားဖူးပြီး လုံးဝမတွေ့ဖူးသေးသည့် မြေးကိုတွေ့ရသည့် ဘွားအေသည် လည်းကောင်း၊ အဘယ်မှာလျှင် ပီတိမျက်ရည်မကျဘဲ နေမည်နည်း။ သို့သော် သူ၏ပီတိမှာ တာရှည်မခံပေ။ သူ၏သားနှင့်မြေးသည် သူတို့၏ မဟာတာဝန် ကြီးနှင့် ရှေ့ခရီးဆက်သွားကြလေသည်။ ဒေဝီ၏ဘဝ၌ မျက်လှည့်ပြလိုက် သလိုသာဖြစ်သွားသည်။ အိပ်မက်မက်လိုက်သလိုသာဖြစ်သွားသည်။ လျှပ် အပြက်လိုက်တွင် ရတနာကို ကောက်ယူမည်လုပ်လိုက်ကာမှ တစ်ဖန် အမှောင် လွှမ်းသွားပြန်လေသည်။ အချိန်သိပ်မကြာလိုက်ပါ။ သမီးဖြစ်သူမှာလည်း သား ၏နောက်သို့ လိုက်သွားပြီဆိုသည်ကို သတင်းသန့်သန့်ကြားရပြန်လေသည်။ သားနှင့်သမီးမှာ မပြန်လမ်းသို့မြန်းကြွကြပြီဆိုသည့်အကြောင်းကို သူသိလေ သည်။ သူတို့သည် လင်္ကာဒီပမှ ပြန်လာကြတော့မည်မဟုတ်ပေ။

ဒေဝီသည် ဆီမီးနှင့်တူသည်။ ဆီမီးသည် ကိုယ်တိုင်က လောင် ကျွမ်းမှုခံနေရသော်လည်း ပတ်ဝန်းကျင်ကိုမူ အလင်းရောင်ပေးနေသည်။ ဒေဝီ သည် လင်သားကိုလည်း လက်လွှတ်လိုက်ရသည်။ သားနှင့်သမီးကိုလည်း စွန့်လိုက်ရသည်။ သူကိုယ်တိုင်မှာမူ လင်သားနှင့်ရင်သွေးများ လက်လွှတ်လိုက် ရသဖြင့် သောကမီးလောင်မြိုက်ခြင်းခံနေရသည်။ သို့ရာတွင် သူလက်လွှတ် လိုက်ရသည့် လင်သားနှင့်သားသမီးများသည်ကား ကမ္ဘာလောကကြီးကို အလင်းရောင်ပေးနေကြသည်။ ။

[ *မဟာဝံသနှင့် ရှေးဟောင်းကျမ်းဂန်များကို အခြေခံသည်။* ]

http://www.linhtet.com

## ဆီးဖြူတစ်ခြမ်း

ဗုဒ္ဓ၏တရားအဆုံးအမကို သက်ဝင်ယုံကြည်စ တစ်နေ့သောကာလ၌ ဘုရင်အသောကသည် သူကိုးကွယ်ဆည်းကပ်သော မထေရ်မြတ်တစ်ပါးအား သူသိလိုသည့် အကြောင်းအရာတစ်ခုကို မေးမြန်းစုံစမ်းကြည့်လေသည်။

"အရှင်ဘုရား၊ ဘုရားရှင်ကိုယ်တော်မြတ်၏တပည့် ဒါယကာတွေထဲက မည်သည့်ပုဂ္ဂိုလ်သည် အလှူဒါနအပေးကမ်းအလှူဒါန်းဆုံးဖြစ်ပါသနည်း ဘုရား"

"အနာထပိဏ်သူဌေးသည် အလှူဒါနအပြုဆုံးဖြစ်ပါသည် အရှင်မင်းကြီး"

"အနာထပိဏ်သူဌေးသည် အရေအတွက် မည်ရွေ့မည်မျှ အလှူဒါနပြုပါသနည်း ဘုရား"

"ကုဋေတစ်ရာလှူဒါန်းပါသည် အရှင်မင်းကြီး"

မထေရ်မြတ်၏အဖြေစကားကို ကြားသိရသောအခါ အသောကဘုရင်သည် မိမိလည်း ရွှေဒင်္ဂါး ကုဋေတစ်ရာပြည့်အောင် လှူဒါန်းမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။ ထိုအချိန်မှစ၍ ဘုရင်မင်းကြီးသည် အလှူရေစက်လက်နှင့်မကွာ ရှိလာခဲ့လေသည်။ ရှစ်သောင်းလေးထောင်သော စေတီပုထိုးနှင့် ဓမ္မကျောက်စာတိုင်တို့ကို တည်ထားခြင်း၊ စိုက်ထူခြင်းပြုခဲ့လေသည်။ စေတီပုထိုးတစ်ဆူနှင့် ဓမ္မကျောက်စာတိုင်တစ်တိုင်အတွက် ရွှေဒင်္ဂါးနှစ်ထောင်ကျစီ အကုန်အကျခံ လှူဒါန်းသည်။ ထို့အတူ ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီ၌လည်းကောင်း၊ ဘုရားရှင်သမ္မာသမ္ဗုဒ္ဓအဖြစ် အရောက်တော်မူရာ ဗုဒ္ဓဂယာ၌

http://www.linhtet.com



လည်းကောင်း၊ ဓမ္မစကြာတရားဦး ဒေသနာ ဟောကြားတော်မူရာ မိဂဒါဝုန်၌ လည်းကောင်း၊ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ၌လည်းကောင်း ရွှေဒင်္ဂါးနှစ်ထောင်ကျစီ လှူဒါန်းသည်။ ဝါတွင်းကာလများ၌ ဘုရင်မင်းကြီးသည် ရဟန်းသံဃာတော် သုံးသိန်းကိုပင့်ဖိတ်၍ အလှူဒါနပြုသည်။ ယင်းအလှူဒါနအတွက် ရွှေဒင်္ဂါးလေးသိန်း အသုံးပြုသည်။ ယင်းသို့အားဖြင့် အလှူဒါနပြုခဲ့ရာ ဘဝခရီး နိဂုံးချုပ်ချိန် ရောက်လာသောအခါ ဘုရင်မင်းကြီးသည် သူ၏အလှူဒါနစာရင်းကို စစ်ကြည့်လေသည်။ ထိုအခါ ကုဋေတစ်ရာပြည့်ရန် လေးကုဋေလောက်ကျန်နေသေးသည်ကို တွေ့ရလေသည်။ နေဝင်ချိန်ရောက်လာပြီဖြစ်၍ အမိုက်မှောင်လွှမ်းတော့မည်။ လုပ်စရာအလုပ်ကလည်း လက်စမသတ်သေးပေ။ ဘုရင်မင်းကြီးပျာယာခတ်နေသည်။ စိတ်မသက်မသာဖြစ်နေသည်။ မျက်လုံးတွင် မျက်ရည်ပင် ဥလာလေသည်။

ဘုရင်မင်းကြီး မျက်ရည်စက်လက်ဖြစ်နေသည်ကို တွေ့ရသောအခါ အမတ်ကြီး ရာဓာဂုတ္တက ဘုရင်မင်းကြီးအား လျှောက်ထားလိုက်လေသည်။

"အရှင်မင်းကြီး၊ မင်းတစ်ရာ့တစ်ပါး မော်မကြည့်ရဲတဲ့၊ မိန်းမပေါင်းအရာအထောင်တို့ကို ညို့ယူဖမ်းစားထားနိုင်စွမ်းရှိတဲ့ ပဒုမ္မာကြာမျက်လုံးပိုင်ရှင် အရှင်မင်းကြီးရဲ့ မျက်နှာတော်ဝန်းမှာ အဘယ့်ကြောင့် မျက်ရည်တန်ဆာ ဆင်သ ထားပါသနည်း"

ဘုရင်အသောကက မျက်နှာမသာမယာဖြင့် ပြန်ပြောလေသည်။

"အမတ်ကြီး ရာဓာဂုတ္တ၊ ငါ၏ရတနာတွေ ဆုံးပါးသွားသည့် အတွက် ငါငိုခြင်းလည်းမဟုတ်၊ ငါ၏ဘုရင့်အာဏာ လက်လွှတ်ဆုံးရှုံးသွားသည့်အတွက် ငါငိုခြင်းလည်းမဟုတ်၊ ဤကမ္ဘာလောကကြီးက ခွဲခွာသွားရတော့မှာ ဖြစ်သည့်အတွက် ငါငိုခြင်းမဟုတ်၊ ငါကြည်ညိုမြတ်နိုးသည့် ရဟန်းသံဃာတော်တွေနဲ့ ခွဲခွာသွားရတော့မှာ ဖြစ်သည့်အတွက် ငါမျက်ရည်မဆည်နိုင်ဖြစ်နေရခြင်း ဖြစ်သည်။ ရဟန်းသံဃာတော်မြတ်များကို ငါနောက်ဖူးရတော့မည် မဟုတ်ပေ။ ရဟန်းသံဃာတော်များကို ငါနောက်အလှူဒါနပြုရတော့မည် မဟုတ်ပေ။ ထိုအကြောင်းကြောင့် ငါငိုနေမိခြင်းဖြစ်သည်။ နောက်အကြောင်းတစ်ခုက ဘုရားရှင်သာသနာတော်၌ ငါကုဋေတစ်ရာ အလှူဒါနပြုမည်ဟု ဆုံးဖြတ်ထားခဲ့သည်။ ထိုဆုံးဖြတ်ချက် ပြည့်မြောက်ရန် လေးကုဋေလိုနေသေးသည့်အတွက် ငါစိတ်အလိုမကျ ဖြစ်နေရပေသည်"

မရဏနယ်မြေတွင် ခြေချရန်အချိန် တစ်စထက်တစ်စ နီးကပ်လာ

http://www.linhtet.com



လေပြီ၊ အသောကမင်းကြီးသည် ဘဝနိဂုံးမချုပ်မီ သူ့အဓိဋ္ဌာန် ပြည့်ရန်တက်သုတ်နှင်နေသည်။ သူ၏အဓိဋ္ဌာန်အတိုင်း ကုဋေတစ်ရာပြည့်ရန် လေးကုဋေကျန်နေသေးသည်။ အသောကမင်းကြီးကဲ့သို့ ဇွဲလုံ့လနှင့် စေတနာ သဒ္ဓါတရားထက်သန်ကြီးမားသူသည် မိမိ၏ရည်ရွယ်ချက် မပြည့်မဝမချင်း အသေဖြောင့်မည်မဟုတ်ပေ။ မင်းကြီးသည် သူ၏အလှူဒါနၡ် လေးကုဋေထပ်ဖြည့်ရန်အတွက် နန်းတော်တွင်းရှိ လက်လှမ်းမီသမျှ ရွှေငွေရတနာများကို ရဟန်းသံဃာတော်များ၏ နဝကမ္မအလို့ငှာ သံဃာရာမကျောင်းတိုက်သို့ ပေးပို့လှူဒါန်းနေလေသည်။

ထိုအချိန်၌ဘုရင်မင်းကြီး နာမကျန်းဖြစ်နေသည်ဖြစ်၍ မဂဓနိုင်ငံတော် ၏ အုပ်ချုပ်ရေးသည် မင်းကြီး၏အရိုက်အရာခံဖြစ်သော မင်းကြီး၏မြေးတော်၊ ကုဏာလ၏သားတော် သမ္ပတိမင်းသား၏လက်ထဲရောက်နေသည်။ နန်း တော်တွင် ရှိသမျှ ရွှေငွေဘဏ္ဍာများကို အသောကမင်းကြီးတစ်ခုပြီးတစ်ခု လှူဒါန်းနေသည်ကို တွေ့ရသည့်အခါ အချို့အမတ်ကြီးများကကြာသော် မဂဓ နန်းတော် ပြောင်ရချည်ရဲ့ဟု တွေးမိကြပြီး နန်းညွှန့်နန်းလျာသမ္ပတိမင်းသား အား အကျိုးအကြောင်း လျှောက်ထားတိုင်တန်းကြလေသည်။ ဤတွင် နန်း ညွှန့်နန်းလျာ သမ္ပတိမင်းသားက ဘုရင်မင်းကြီးအား ရွှေငွေရတနာနောက်ထပ် မပေးရန် ဘဏ္ဍာတိုက်ဝန်ကို အမိန့်ပေးလိုက်လေသည်။

အသောကမင်းကြီးသည် သူ၏ရည်မှန်းချက်ပြည့်ဝအောင်မြင်ရေးအတွက် အကျပ်တွေ့သွားလေသည်။ သို့သော် မင်းကြီးသည် အလျှော့မပေးပေ။ သူ့ရည်မှန်းချက် ပြည့်ဝအောင်မြင်ရေးအတွက် ဖြစ်သည့်နည်းနှင့် ဆက်လက်ကြိုးစားနေသည်။ ဘုရင်မင်းကြီး ပွဲတော်တည်သည့်အခါ ရွှေခွက်များနှင့်ပွဲတော်တည်ရိုးထုံးစံရှိသည်။ မင်းကြီးသည် ပွဲတော်တည်ပြီးသောအခါ ပွဲတော်အတွက် အသုံးပြုသည့် ရွှေခွက်များကို ကျောင်းသို့ ပေးပို့လှူဒါန်းလိုက်လေသည်။ ဘုရင်မင်းကြီးက ပွဲတော်ရွှေခွက်များကို လှူဒါန်းပစ်သောအခါဘုရင်မင်းကြီးအား ရွှေခွက်ဖြင့် ပွဲတော်မဆက်တော့ဘဲ ငွေခွက်ဖြင့်သာ ပွဲတော်ဆက်လေသည်။ ဘုရင်မင်းကြီးသည် ငွေခွက်များကိုလည်း လှူပစ်လေသည်။ ထိုအခါ ငွေခွက်အစား သံခွက်ဖြင့် ပွဲတော်ဆက်သည်။ ဘုရင်မင်းကြီးသည် သံခွက်ကိုလည်း မထားပေ။ လှူပစ်လေသည်။ ထိုအခါ သံခွက်အစား မြေခွက်ဖြင့် ပွဲတော်ဆက်သည်။ ဘုရင်မင်းကြီးသည် ဖြေမဆည်နိုင်ဖြစ်သွားပြီးလျှင် အမတ်များအားခေါ်လျက် မေးလိုက်လေသည်။

http://www.linhtet.com



"ဤတိုင်းနိုင်ငံ၏ ဘုရင်သည် မည်သူဖြစ်သနည်း အမတ်ကြီးများ"

အမတ်ကြီးများက လက်အုပ်ချီ၍ လျှောက်တင်ကြလေသည်။

"ဤတိုင်းနိုင်ငံ၏ဘုရင်ဧကရာဇ်မှာ အရှင်မင်းကြီးသာ ဖြစ်ပါသည် ဘုရား"

ဘုရင်အသောကသည် မျက်ရည်တွေတွေစီးကျလာသည်။

"ငါ့ကိုင်ငဲ့ညှာထောက်ထားပြီး မမှန်သည့်စကားကို ဘာကြောင့် လျှောက်တင်ကြသနည်း။ ငါ့မှာ ဘာအာဏာ ဘာလုပ်ပိုင်ခွင့်မှမရှိတော့။ ငါ ထီးနန်းလက်လွတ်သွားပြီ။ ဘုရင်ဧကရာဇ်တစ်ဦးအနေနှင့် ငါ့မှာ ဘာပိုင်ဆိုင်ခွင့်မှ မရှိတော့။ ငါပိုင်ပစ္စည်းဥစ္စာဟူ၍ သည်ပစ္စည်းတစ်ခုသာ ငါ့လက်ထဲမှာ ရှိတော့သည်"

ယင်းသို့ ပြောလျက် ဘုရင်မင်းကြီးသည် ဆေးအဖြစ်မှီဝဲရန် သူ့လက်ထဲတွင် ရှိနေသည့် ဆီးဖြူသီးတစ်ခြမ်းကို အမတ်ကြီးများအား ပြလိုက်လေသည်။ ထို့နောက် ဆက်ပြောသည်။

"မင်းအာဏာ မင်းစည်းစိမ်သည် ရေပွက်ပမာ တစ်ခဏမျှသာခံသည်။ ဇမ္ဗူဒိပ်ကျွန်းအလုံးကို စိုးမိုးပိုင်သသူဖြစ်သော်လည်း ငါသည် မိမိကိုယ်ကို ဒုက္ခညွှန့်တွင်းက လွတ်ကင်းအောင် မပြုလုပ်နိုင်ခဲ့။ သုခဟူသမျှသည် ဒုက္ခတွင် အဆုံးသတ်ရပေသည်"

ဇမ္ဗူဒိပ်ကျွန်းအလုံးကို မိမိ၏လက်အောက် သိမ်းသွင်းစည်းရုံးနိုင်ခဲ့သော၊ ရန်သူအားလုံးကို ချေမှုန်းနှိမ်နင်းခဲ့သော၊ မာန်မာနထောင်လွှားနေသည့် မင်းတကာ မင်းတို့အား ပြားပြားဝပ်စေနိုင်ခဲ့သော၊ ပြည်သူပြည်သားများအား ထောက်ထားညှာတာမှုပြုခဲ့သော ဘုရင်အသောကသည် ဘဝနေဝင်ချိန်၌ စည်းစိမ်အာဏာဟူ၍ ဘာတစ်ခုမျှပြစရာမရှိတော့ပေ။ သစ်ပင်ကို ခုတ်လှဲလိုက်သည့်အခါ ထိုသစ်ပင်မှ အပွင့်နှင့်အရွက်တို့ ညှိုးခြောက်သွားသကဲ့သို့ အသောကဘုရင်သည်လည်း ညှိုးခြောက်နွမ်းလျှသွားလေပြီ။ စည်စည်ပင်ပင်မရှိတော့ပေ။

ဘုရင်အသောကသည် အနီး၌ရှိနေသော မင်းချင်းတစ်ဦးအား သူ့လက်ထဲက ဆီးဖြူသီးခြမ်းကိုပေးလျက် အမိန့်ရှိလိုက်လေသည်။

"ယနေ့ဇမ္ဗူဒိပ်ကျွန်း၏အရှင်သခင် ဘုရင်အဖြစ်နှင့် ငါပိုင်သော ပစ္စည်းမှာ ဤဆီးဖြူသီး တစ်ခြမ်းသာဖြစ်သည်။ ဤဆီးဖြူသီးခြမ်းကို ကျောင်းယူသွားပြီး သံဃာတော်များကို ဆက်ကပ်လှူဒါန်းချေ။

"ဤအလှူဒါနသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၏ ဘုရင်ဧကရာဇ်ဖြစ်

http://www.linhtet.com



သော ငါ၏နောက်ဆုံး အလျှုဒါနဖြစ်သည်။ ငါ၏စည်းစိမ်နှင့် အာဏာသည် ငါ့ထံမှ ဖဲခွာသွားလေပြီ။ ငါ၏ကျုန်းမာရေး၊ ငါ၏သမားတော်၊ ငါ၏ဆေးဝါးများလည်း ငါ့ကိုလက်လွှတ်ကြပြီ။ သံဃာတော်အရှင်မြတ်များမှတစ်ပါး ငါ့မှာ အားကိုးစရာမရှိတော့ပြီ။ ထို့ကြောင့် ငါ၏နောက်ဆုံးအလှူဒါနကို သံဃာတော် အရှင်မြတ်များအားလုံး ခွဲဝေသုံးစွဲတော်မူကြစေချင်သည်ဆိုသည့် အကြောင်းကိုလည်း သံဃာတော် အရှင်မြတ်များအား ငါ့ကိုယ်စား လျှောက်ထားပြောပြပါလေ"

တရားသံဝေဂရဖွယ်ကောင်းလေစွ။ ပို့မျှစ်ခြင်းသည် အိုမင်းခြင်းဖြင့် အဆုံးသတ်လေသည်။ ထုထည်အစိုင်အခဲ ကြီးမားများပြားသော ပစ္စည်းဥစ္စာသည် ပျက်စီးပျောက်ကွယ်သွားခြင်းဖြင့် အပြီးသတ်သည်။ တွေ့ဆုံခြင်းသည် ကွေကွင်းခြင်းဖြင့် စခန်းသိမ်းသည်။ မွေးဖွားခြင်းသည် ကွယ်လွန်ခြင်းဖြင့် နိဂုံးချုပ်သည်။ ချစ်ခြင်းသည် ပူဆွေးတမ်းတခြင်းဖြင့် အနားသတ်သည်။ ချီးမွမ်းခြင်းသည် ပြစ်တင်ရှုတ်ချခြင်းဖြင့် အဆုံးသတ်သည်။ လောကီစည်းစိမ်ဟူသမျှ ဒုက္ခနှင့်စာရင်းပိတ်သည်။

တကယ့်ကေရာဇ်ဘုရင်ကြီးပင် ဖြစ်လင့်ကစား နောက်ဆုံး၌ကား ဆီးဖြူသီးတစ်ခြမ်းသာ အပိုင်ပစ္စည်းအဖြစ်ကျန်တော့သည်။

*သကလံမေဒိနံ ဘုတွာ၊ ဒတွာ ကောဋိသတံသုခံ*
*အဒ္ဓါမလကမတ္တဿ၊ အန္တေ ဣဿရဂတံ ဂတော။*
*တေနေဝ ဒေဟဗန္ဓေန၊ ပုညံဟိ ခယ မာဂတေ*
*မရဏာဘိမုခေါ သောပိ၊ အသောကော သောက*
*မာဂတော။ (ဝိသုဒ္ဓိမဂ်)*

*[ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို စိုးမိုးအုပ်ချုပ်မင်းလုပ်သော၊ရွှေကုဋေ တစ်ရာ အလှူဒါနပြုသော၊ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည့်ဘုရင်မင်းကြီးသည် နောက်ဆုံးပိတ်၌ ဆီးဖြူသီးတစ်ခြမ်းသာ ကိုယ်ပိုင်ပစ္စည်းအဖြစ် ကျန်ရှိလေတော့သည်။ကြောင့်ကြကင်းသော၊ သောကကင်းသော အသောကသည် ကံကုသိုလ်ကုန်ဆုံးချိန်၌ ဤခန္ဓာကိုယ်ဖြင့်ပင် မရဏကို ရှေ့ရှုလျက် သောက ရောက်ရှာသည်။]*

မင်းချင်းယောကျ်ားသည် သံဃာတော်များအတွက် ဘုရင် အသောက ပေးလှူလိုက်သည့် ဆီးဖြူသီးတစ်ခြမ်းကို ဆောင်ကြဉ်းပြီးလျှင် ကျောင်းတိုက်ရှိရာသို့ သွားလေသည်။ ကျောင်းတိုက်သို့ရောက်သောအခါ

http://www.linhtet.com



သံဃာတော် အရှင်မြတ်များအား ဆီးဖြူသီးတစ်ခြမ်းကို ဆက်ကပ်လှူဒါန်းပြီး လျှင် ဘုရင်မင်းကြီး မှာလိုက်သည့်အတိုင်း လျှောက်ထားပြောပြလေသည်။ ကျောင်းတိုက်ရှိ သက်တော်ဝါတော်အကြီးဆုံး မထေရ်မြတ်သည် အသောက မင်းကြီး လှူဒါန်းလိုက်သော ဆီးဖြူသီးတစ်ခြမ်းကို စူးစိုက်ကြည့်ရှုနေသည်။ ထိုဆီးဖြူသီးခြမ်း သည် သာမန် ဆီးဖြူသီးခြမ်းမဟုတ်ပေ။ ကမ္ဘာလောက၏ မတည်မြဲသော အနိစ္စသဘောတရား၏ အသွင်လက္ခဏာကိုဆောင်နေသည့် ဆီးဖြူသီးခြမ်း ဖြစ်လေသည်။ မထေရ်မြတ်က သံဃာတော်များအား အမိန့်ရှိ လိုက်လေသည်။

"အရှင်ကောင်းအရှင်မြတ်များတို့။ ကမ္ဘာလောကကို အလင်းရောင် ပေးသည့် နေမင်းကြီးသည် တောင်စွယ်တွင် ကွယ်ခါနီးနေပြီ။ ဇမ္ဗူဒိပ်ကျွန်းလုံး ကို အစိုးရသော ဧကရာဇ်ဘုရင်မင်းကြီးသည် ယနေ့ ဤဆီးဖြူသီးတစ်ခြမ်းမှ တစ်ပါး ကိုယ်ပိုင်ပစ္စည်းမရှိရှာတော့။ ပြိုင်ဖက်မရှိ အာဏာတန်ခိုးကြီးမားသော ဘုရင်မင်းကြီးသည် ယနေ့အာဏာတန်ခိုး လက်လွတ်ဆုံးရှုံး သွားရလေပြီ။ ဘုရင်မင်းကြီး၏ နောက်ဆုံးအလှူဒါနဖြစ်သည့် ဤဆီးဖြူသီးတစ်ခြမ်းသည် စည်းစိမ်ဥစ္စာအာဏာတန်ခိုးတို့ဖြင့် မိုးမမြင်လေမမြင် ဖြစ်နေကြသူများအား တရားသံဝေ ယူကြရန် ညွှန်ပြနေပေသည်"

ထို့နောက်တွင် အလှူရှင်ဘုရင်မင်းကြီး၏ အလိုဆန္ဒအတိုင်း ဆီးဖြူ သီးတစ်ခြမ်းကို ထောင်းထုအမှုန့်ပြုပြီးလျှင် သံဃာတော်များအား ဝေငှပေး လိုက်လေသည်။

အသောကမင်းကြီးသည် မရဏစခန်းသို့ တဖြည်းဖြည်းချဉ်းကပ် လာလေပြီ။ မရဏညောင်စောင်း၌ လဲလျောင်းနေရရှာသည်။ မင်းကြီး၏ တောင့် တင်းသန်မာသော ကိုယ်ခန္ဓာသည် အရိုးနှင့် အရေသာကျန်တော့သည်။ စူးရှ ထက်မြက်သည့် မျက်စိအမြင်အားလည်း မှုန်ဝါးဝါးသာ မြင်ရတော့သည်။ ထက်သန်အားကောင်းသော စိတ်ဓာတ်လည်း လျော့ကျသွားလေပြီ။ သို့သော် မင်းကြီးတွင် ပြောင်းလဲမသွားသည့် အရာတစ်ခုကျန်နေသေးသည်။ ထိုအရာ ကား ရဟန်းသံဃာတော်များအား ကြည်ညိုလေးစားသည့် စေတနာသဒ္ဓါ တရား ဖြစ်သည်။ အမတ်ကြီးရာဓာဂုတ္တသည် ဘုရင်မင်းကြီး၏ သလွန်ညောင် စောင်းအနီး၌ရှိနေသည်။ အသောကမင်းကြီး ပါးစပ်လှုပ်လာလေသည်။ တစ်စုံ တစ်ခု ပြောလိုသည့်အထင်ရှိသဖြင့် ရာဓာဂုတ္တအမတ်ကြီးသည် မျက်စိက ဘုရင် မင်းကြီး၏ မျက်နှာဆီရောက်နေပြီး နားက အသောကမင်းကြီး၏နှုတ်မှ ထွက်

http://www.linhtet.com



ပေါ်လာမည့် စကားသံကို အာရုံစူးစိုက်နေလေသည်။

"အမတ်ကြီး"

"နားဆင်လျက်ပါ အရှင်မင်းကြီး"

"ဤဇမ္ဗူဒိပ်မြေအပြင်ကို မည်သူပိုင်သနည်း"

"ဤဇမ္ဗူဒိပ်ကို အစိုးရသူမှာ အရှင်မင်းကြီးပင် ဖြစ်ပါသည် ဘုရား"

"ကောင်းပြီ အမတ်ကြီး"

ဘုရင်အသောကသည် အရိုးပေါ်အရေတင်နေသည့် လက်နှစ်ဘက်ကို အားယူမြှောက်လိုက်ပြီးလျှင် လက်နှစ်ဘက်ယှက်လျက် သံဃာတော်အရှင်မြတ်များ သီတင်းသုံးရာကျောင်းတိုက်ဘက် လှည့်လိုက်လေသည်။

"တပည့်တော်သည် မိမိအစိုးရသည့် ဇမ္ဗူဒိပ်မြေပြင်အလုံးကို သံဃာတော်အရှင်မြတ်များအား လှူဒါန်းပါသည်ဘုရား။ ဤသို့လှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်သည် နတ်ပြည်သို့လည်း မရောက်လိုပါ။ ဗြဟ္မာ့ပြည်ကိုလည်း မရောက်လိုပါ။ မင်းစည်းစိမ်ကိုလည်း မခံစားမစံစားလိုပါ။ မင်းစည်းစိမ်ဟူသည်မှာ ရေပွက်ပမာတစ်ခဏမျှသာခံပါသည်။ ဤကုသိုလ်ကောင်းမှုကြောင့် တပည့်တော် ရယူလိုသည့်ဆုမှာ အရိယာ သံဃာတော်များ တန်ဖိုးထားကြသည့် မိမိစိတ် မိမိထိန်းချုပ်နိုင်ရေးပင် ဖြစ်ပါသည် ဘုရား။ ယင်း ဥစ္စာရတနာမှာ မည်သည့်အခါမှ ပြောင်းလဲဖောက်ပြန်မှုမရှိသည့် ဥစ္စာ ရတနာဖြစ်ပါသည်"

ဘုရင်မင်းကြီးသည် သူ၏အလှူဒါနကို အမတ်ကြီးအား ရေးသားမှတ်တမ်းတင်စေပြီးလျှင် ဘုရင့်တံဆိပ် ခတ်နှိပ်စေသည်။ ယင်းအလှူ ဒါန လှူဒါန်းပြီးသည့်နှင့်တစ်ပြိုင်နက် အသောကမင်းကြီးသည် ဇီဝိန်ချုပ်ငြိမ်းသွားရှာလေသည်။

*

သံဃာတော်များအား အသောကမင်းကြီး ဆီးဖြူတစ်ခြမ်းလှူဒါန်းသည့် အဖြစ်အပျက်မှာ စိတ်ထိခိုက်ဖွယ် အဖြစ်အပျက်တစ်ခုဖြစ်ပေသည်။ ထိုဆီးဖြူသီး၏ အစေ့ကို ဌာပနာလျက် အမှတ်တရစေတီတစ်ဆူတည်ထားလေသည်။ တရုတ်ခရီးသည် ရဟန်းတော်ရွှင်ကျန် အိန္ဒိယတွင် ခရီးလှည့်လည်စဉ်က ထိုစေတီကို ဖူးမြော်တွေ့ရှိရသည်။ သူ၏ခရီးစဉ်မှတ်တမ်း၌ ရဟန်း

http://www.linhtet.com



တော် ရှင်ကျန်က "သံဃာရာမ ကျောင်းတိုက်ဘေး၌ 'အာမလက' (ဆီးဖြူ) အမည်ရှိ စေတီကြီးတစ်ဆူရှိလေသည်။ ထိုအမည်မှာ အိန္ဒိယနိုင်ငံ၌ ဆေးဝါး အဖြစ် အသုံးပြုသော အသီးတစ်သီး၏ အမည်ဖြစ်သည်" ဟူ၍ ရေးသားမှတ် တမ်းတင်ထားလေသည်။

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို သံဃာတော်များအား လှူဒါန်းသည့် အကြောင်းကိုလည်း ကျောက်တိုင်တွင် ရေးထိုးမှတ်တမ်းတင်ထားသည် ဟူ၍ ရှင်ကျန်မတိုင်မီ အိန္ဒိယ ရောက်လာသော တရုတ်ရဟန်းတော် ဖါဟီယန်က ဆိုလေသည်။ "ဘုရင်အသောကသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အရပ်လေး မျက်နှာ၌ရှိသော ရဟန်းသံဃာများအား လှူဒါန်းသည် ဟူ၍ရေးထိုးမှတ်တမ်း တင်ထားသော ကျောက်စာကို မိမိဖတ်ခဲ့ရသည်" ဟူ၍ ဖာဟီယန်က သူ၏ခရီး စဉ်မှတ်တမ်း၌ ဆိုထားလေသည်။ ။

[ *ဒိဗျာဝဒါန၊ ဝိသုဒ္ဓိမဂ်၊ တရုတ်ခရီးသည် ရဟန်းတော်နှစ်ပါး၏မှတ် တမ်းကို အခြေခံသည်။* ]

**ပါရဂူ**

http://www.linhtet.com

